www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ...ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ...ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ...ဒို့အရေး

15 DEC 2013

# နဂါးမွှေကျောင်ခြည်

နဂါးမွှေကျောင်ခြည်
နဂါးမွှေကျောင်ခြည်




လောကီပညာရသစုံမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်



ကောလင်းနယ်၊ အောင်နိမိတ်ဆောင်သည့်
ခမောက်တောင်ပေါ်မှ
ပြည်တော်ဝင်စေတီတော်ကို...
☘ ဓာ-ဌ၃


စာတည်းချုပ်
ဦးကျော်မိုးသိန်း

တာဝန်ခံစာတည်း
ဓမ္မဒေဝ

နယ်လှည့်အယ်ဒီတာ
အောင်ဇ(LL.B)၊ ကိုစိုးဆန်း။
သန်းထွန်း(ဘားအံ)

ပါဠိ အယ်ဒီတာ
✱ ဦးစံတင့်
(စတုနိကာယကောဝိဒ၊ ဝိနယရေ၊ ဓမ္မာစရိယ)
✱ ဦးသန်းအောင်ဌေး
[ဓမ္မာစရိယ (မဟာဝဂ္ဂါဒိ မြန်မာဂုဏ်ထူး)
ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ
(နိကာယဝိပုလ)]

ဥပဒေအကြံပေး
ဦးထွန်းဇိန်
B.A(Myanmar), H.G.P, R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်
ကိုတင်ဦး၊
တင်တင်နွယ်

မျက်နှာဖုံးပန်းချီ
မြတ်မင်းဟန်

ဖြန့်ချိရေးမှူး
ကွန်ပျူတာစာစီ
အတွင်းဖလင်

နာယကကြီး
ဒေါက်တာ အောင်မိုး
M.B.B.S (Ygn)
ဒ-ဘ-ဓ(တိုင်းရင်းဆေး)
M.Med.Sc (Pharmacology)
Advanced Pharmacokinetics
Training (London)
M.C.P.A., A.T.C.M
(Wuhan), D.M.A
Senior Fellowship of Aryuvedic
Medicine(India)

သာသနာ့အကျိုးဆောင်
ကောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ
အကြံပေး
ဒေါ်ဝတ်ရည်ဆွေ
B.Sc(Bot),Dip.T.Med.
ဦးဝင်းထိန်ကျော်
B.A(Philos),Dip.T.Med.,
T.L.R.M (INDIA)

အနောက်တိုင်း ဆေးကဏ္ဍ
အယ်ဒီတာ

ထုတ်ဝေသူ
ဦးခင်မောင်ဝင်း(၀၃၄၇၂)၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်၊
၂၃၃၊ ၃၉ လမ်း၊ ရန်ကုန်မြို့။
အတွင်းနှင့် မျက်နှာဖုံးရိုက်
ဦးခင်မောင်ဝင်း(၀၅၃၃၄)၊ ပါရမီအော့ဖ်ဆက်၊
အမှတ် ၅၈၉၊ ရန်ကြီးအောင်လမ်း၊
၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။
မန္တလေးဖြန့်ချိရေး
နဂါးစာပေ
ရှမ်းတောင်ကသား ဖြန့်ချိရေး
မိတ်ဖွဲ့စာပေ (တောင်ကြီး)
ဂင်္ဂါနဒီစာပေဖြန့်ချိရေး(တောင်ကြီး)
မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး
တော့်ကော့်စာပေ(မော်လမြိုင်)
ဖြန့်ချိရေး
ကျော်မိုးသိန်းစာပေ၊ ၂၃၃၊ ၃၉ လမ်း၊ ရန်ကုန်မြို့။
☎- ၀၁ ၂၄၂၂၈၄

ကြော်ငြာဌာနမှူး -
မင်္ဂလာ ဒီးမွန်းရေး ကြော်ငြာလုပ်ငန်း

အမှတ် ၃၃၁

၁၀၀၀

☎-၀၁ ၂၄၂၂၈၄

www.burmeseclassic.com





ဒီနေ့ထိတိုင် သမ္မာတရားရောင်ဝါ ထွန်းလင်းနေသော ရှေးကျောင်းတော်
ပုဂံရှေးဟောင်းမြို့တော်ဝင်းထဲမှာ သွားရောက်ကြည့်ရှုခဲ့ရသော
ရုပ်ပွားတော်တဆူ ရှိနေပုံ...

စာ-၁၄၆

ကျောက်စာနှင့်ဘုံကျောင်းရပ်ဝန်း
ကျောက်ကို[illegible]
[illegible]

စာ-၅၇



[illegible]ရောင်ခြည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊
သဘာဝဓမ္မတိုင်းရင်းဆေးခန်း ဆရာဦးသန်းဆွေထွန်း
(တဆ-ဝ၂၀၆၂)၏ မီးယပ်သွေးသွန်ရောဂါ
မီးယပ်ထိမ်,ငုပ်,ချုပ်ရောဂါ ကာကွယ်စောင့်ရှောက်မှုများ
[မြောင်းမြ မောင်ယဉ်တင့်] ၁၅၆

[illegible]ရောင်ခြည်

တရုတ်ကြိုးထုံးပညာ (၈၇) [ဟွာဂျင်းဇီ] ၁၃၃
သင်္ကေတများ၏ ဘာသာစကား (၃၀) ၁၅၀
လူတိုင်းအတွက် တရုတ်မှီရာ
အိပ်မက်ရှင်းတမ်း (၇၇) [ထက်မင်းကျော်စွာ] ၂၁၁

[illegible]ရောင်ခြည်

နိုင်ငံခြားမှာ လုပ်ကိုင်အလုပ်ပေးနိုင်သူ
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၃၇
လက္ခဏာပဒေသ အမြဲညီကြစို့
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၃၂
အိမ်မဲမြို့ ထိန်ငွေကျေးရွာအုပ်စု ကျောင်းစုကျေးရွာ
ဓမ္မသုခကျောင်းဆရာတော် အရှင်[illegible]
လက္ခဏာတော် [ဦးသော်ခင်-ကသဲ[illegible]] ၁၇၇
ငြိမ်းချမ်းရေးနိုင်ဘယ်ဆုရှင် ဖော်စခွန်ကျုးကျူး၏လက္ခဏာ ၁၇၉
သူ ဘယ်လိုလူစားလဲ [သန်းပညာ] ၂၂၃

[illegible]ရောင်ခြည်

ကဘောဒီးယား တမူထူး တန်ခိုးကြီး နတ်ရှင်ပယ်ရှင်
ဘိုးဘိုးလာခရှင် [မောင်နယ်သန့်] ၂၆
ကြံခင်းမြို့မှ ဓမ္မိကာရုံ မဟာသိမ်တော်ကြီးနှင့် ထူးခြား
ဆန်းကြယ်သော သံပုတ်ကြီးများ [အောင်စ-L.L.B] ၄၁
ဝေဘာဆရာတော်ကြီး၏ ဓမ္မရာသီ သီတင်းသုံးရာ
အင်ကြင်းပင်လာတနာမြေသို့ (၃) [ထက်မင်းကျော်စွာ] ၄၉
[illegible]
[illegible] (၃) [[illegible]] ၁၀၆
[illegible]
[illegible] [မြမဥ္စွေ-ကျုံမဒေး] ၁၁၃
[illegible]
[illegible] [မင်းကောင် ဦးအောင်ခင်] ၁၃၇

[illegible]ရောင်ခြည်

[illegible]
စေတီတော်(၁) [[illegible]] ၉
[illegible]
ဝမောက်တောင်(၃) [ထက်မင်းကျော်စွာ] ၃၃
ရွှေရစ်ထွား ပေပယ်အမှောက်မှုအမှ ကျောက်ပန်းဖိုးတောင်
ပြတ်စိမ့်ရွှေ ထံတော်ပါးသို့(၅) [ဖင်ဦးနိုင်ငံ] ၅၇
တန့်ဆည်မြို့ ဝမ်းတွင်းမှ အမေယာင်းစုညီသူတော်စင်မှ
စံတားရှယ်ပွားသုံးဆူ ပုံတော်မှု(၂) [ထက်မင်းကျော်စွာ] ၆၅



www.burmeseclassic.com

www.burmeseclassic.com

## ✻ ကိုယ်တွေ့ရောင်ခြည် ✻


မိုးလေကာင်းရှင်းဖို့ ရှင်ဥပဂုတ္တပွဲနှင့် ပတ်သတ်၍
မယုံမရှိနဲ့ ကိုယ်တွေ့ [အောင်နုတင်-မုံရွာ] ၂၀၉
လှိုင်လင်မြို့မှ စိန်တောင်အလွမ်းပြေ
[မဟာစက်ရှင်-လှိုင်လင်] ၂၂၅
အမေသူရဿတီမယ်တော်နှင့် ကျွန်ုပ်တို့မိသားစု
[ညီလေးငယ်-လယ်တော်] ၂၃၃
အမြန်ရထားနှင့် ဗျာန်ပုံရုပ်ဟန်းတော် [ဇရာမြေ ကျော်ဝေ] ၂၅၃
မြွေကိုက်၍ မသေသူ [ထီလာကျော်] ၂၅၉
နဂါး ဆိုပါလား [မောင်နိုး-ကျောက်မဲ] ၃၀၃


## ✻ ကျွင့်ဆည်ရောင်ခြည် ✻


အဘွားပြောပြသော ပဌာန်းနဂါးစမကျင့်စဉ်တော်
[ကောင်းမြင့်မြတ်စိန်] ၁၀၂
ဂုဏ်တော်တောရဲ့ အမောပြေများ [သီလ-ရေတံခွန်တောင်] ၁၄၈
သိဒ္ဓိဝင် သတ္တဌာနကျင့်စဉ် (၁)
[ဘုန်းပြည့်တေဇာဟိန်း-ကျွဲရှနယ်မြေ] ၁၆၁
ကျွန်ုပ်နှင့် ထူးခြားသော ဆန်း-ပြည့်-ကွယ်
အရုပ်ဂုဏ်တော် [Cyril စိုင်းဇော်ဦး] ၁၉၆
လေးလုံးစမပုတီးစိပ်မှာ အသုံးချ [မြေမိုးချစ်-နတ်မောက်] ၂၀၆
ဂုဏ်တော်အလင်းတိုင်မြင့် ကံဖွင့်နည်း [ကဝိသိရောမဏိ] ၂၁၇
ရုက္ခစိုးနဲ့ စကားပြောကြရအောင် [ကံကြီးမောင်-ပုလဲ] ၂၄၄


## ● အစီအရင်ရောင်ခြည် ●


ညက်ဖွင့်ကြည်ကာ လိုအင်ဆန္ဒ ပြည့်ဝပါစေ
[အောင်နန္ဒစံ-ကျိုက်လတ်] ၂၂
ဆုံးမစကား မှတ်သားလိမ္မာရှိစေဖို့ အစီအရင် [အံ့ကြွယ်] ၅၄
ကျန်းမာရေးညံ့သူအတွက် ပုညါ၊ ဇီဝ၊ ကမ္မအသုဒ်း
တွက်နည်းနှင့် ယတြာ [ကောင်းခန့်-သခွတ်မြေဝက်လက်] ၁၄၃
ကျောက်လိပ်အဆောင် အစွမ်းထက်အောင်
[မျိုးတင့်-ညောင်လေးပင်] ၁၆၉
ဝါးအမြုတေ အသုံးပြုပုံ တစ်နည်း [ဟွာကျင်းဇီ] ၂၀၀
မဟာဘုတ်ချိန်ခွင်နှင့် လွယ်ကောင်းယတြာ [သန်းပညာ] ၂၁၆


## ✻ ဂါထာမန္တန်ရောင်ခြည် ✻


အစွမ်းထက်သည့် သဗ္ဗစည်းချဂါထာ
[ဦးအုန်းမြင့်-ဟသ်ာတ] ၁၅
သစ်ပင်ခုတ်လျှင် သတိယှဉ် ခုတ်လျှင်ရွတ်ပါ ဤဂါထာ
[နေမဝင်-နတ်မောက်] ၁၄၂
ရှေးဆရာတွေ သုံးခဲ့တဲ့ အမိန့်တော်ပြန်တမ်း
[ဆလိုင်းငွန်သိန်း-ရမည်းသင်း] ၁၅၉
နံနက် (၉)ခေါက် လာဘ်တွေရောက်
[နတ်မောက် လှမြင့်သစ်] ၁၆၀





ထူးခြားသောပုံဟန်ရှိသည့်
မြတ်ဗုဒ္ဓခြေတော်ရာ
ကျောက်ဆစ်ရုပ်တုကို... ◆ စာ-၄၉



လက်ကိုင်တွင် အရုပ်ပါသော
ဓားမြှောင်ငယ်ကို
ထူးခြားစွာ တွေ့ရသည် ◆ စာ-၁၀၆






www.burmeseclassic.com

www.burmeseclassic.com



ငွေသံကြားစေတီတော် အောက်ခြေမှ
ဆိုက်နန်းရှင်များသိုက်ဂူအား ပိတ်ဆို့တည်ထားသော
သကျမုနိစေတီတော်ကို ➡ စာ-၉၂

ဒီတောစီညောင်ပင်ကို
ဝေဘူအရာတော်ကြီးကိုယ်တိုင် ရေထမ်းပြီး
ကဆုန်လပြည့် ညောင်ရေသွန်းပွဲတော်ပါတယ် ➡ စာ-၅၁



BURMESE CLASSIC .com

## ❒ အပြုံးရယ်ရောင်ခြည် ❒

အဘိုး၏မှတ်စုများ [အောင်ကိတ်ခေတ်လုံးထိုးနည်း]
[မောင်လှယဉ်-မော်လမြိုင်] ၁၁၈
ပွင့်လန်းအောင်မြင်လိုလျှင် သွပ်လုံးဆောင်
[အောင်မိုးမြင့်-နေပြည်တော်] ၁၃၈
ကြေးမုံကြီးသွား မင်းလေးပါး(၁)
[ရွှေတောင် ခင်မောင်ကြည်] ၁၈၅
ဘော်တျင်းလမ်း
[ဝိဇ္ဇာမဟိဒ္ဓိ ဆရာဦးသန်းမြင့်-တိုင်းရင်းဆေး] ၂၉၆

## ✳ ဆေးနည်းသိရောင်ခြည် ✳

ဇနီးလတ်ရာ ခာတ်စာဟင်းတစ်ခွက်
[အောင်စည်ပိုး-ဓေယျဝတီ] ၆၃
ကျောက်ကပ်အတွက် ယုန်သားနှင့် ကျောက်ဖရုံ
[မောင်အေးကြွ-စီးပွားရေး] ၇၈
ခူနာရောဂါနှင့် သံပရာသီး [စလင်း ဦးကျော်] ၁၈၃
သရက်နှင့် ဓာင်းဆိပ် [မောင်နေသွေး-ဝက်လက်] ၂၁၈
အမျိုးသမီးများအတွက် မီးယပ်ချမ်းအတွက်
ဆေးနည်းတစ်လက်မှ ဝါးအသုံးပြုပုံ မြေကြားချက်
[ရသဂန္ဓီရ ကျော်ဝင်းအောင်-ပြည်၊ ဆည်မြောင်း] ၂၄၀

## ◆ ဆေးဗေဒရောင်ခြည် ◆

ဝမ်းကိုက်ရောဂါ ဖြစ်ခဲ့သော် [ခွန်းရီ-မြန်မာစာ] ၂၇
ဒူနာရောဂါ ပျောက်စေလိုလျှင်
[ကိုကိုအောင်-မြကန်သာ၊ ဝက်လက်] ၄၆
ဆီးသွားရခက်နေလျှင် ဤဆေးကို သတိရပါ
[မဟာရာ ရောဝတီ-ကသာ] ၁၀၄
ကျောက်ကပ် ကျောက်တည် သက်သာပျောက်ကင်းဆေး
[ကျွန်းကုန်း ရဲကျော်ဦး] ၂၃၅
ဆီးရောဂါ ပျောက်ကင်းသည့် ဆေးတစ်နည်း
[လွှမ်းသစ္စာ-ကေတု] ၂၅၃

## ✳ ဂမ္ဘီရဂုဏ်ရောင်ခြည် ✳

ငွေပြန်တစ်ဆယ် ကျပ်တန်တစ်ရွက်
[ဦးကျော်-လှိုင်သာယာ] ၂၇၅
မရဏာသစ်ပင် [မျိုးမောင်မောင်-က.ပ.စ] ၂၉၇

## ◆ စိတ်ရွှင်အင်ရောင်ခြည် ◆

တွန့်တော် ကြုံတွေ့ခဲ့ရသည့် ကာလီမယ်တော်နှင့်
ဖြစ်ရပ်ဆန်း [မိုး-သရက်] ၂၈၉

## ✛ ထူးခြားသစ်ပင်ရောင်ခြည် ✛

ထူးခြားသည့် ဂမ္ဘီရထန်းပင် [ဦးမင်းကျော်ဝင်း] ၁၂၅
အိမ်ထောင် သာယာစေသည့်
ကြက်တူရွေးဂမုန်း ခေါ် ကျေးဂမုန်း[ထက်မင်းကျော်စွာ] ၁၈၁

## ✳ စာပေသုတရောင်ခြည် ✳

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများကို လေ့လာခြင်းနှင့်
နောက်ဆက်တွဲ [နေဝင်း-စစ်ကိုင်း] ၁၉၈
မှို အဆိပ်ရှိမရှိ စမ်းသပ်နည်းတစ်နည်း
[သောင်းဟန်-ပုလဲကုန်း] ၃၀၄



www.burmeseclassic.com

www.burmeseclassic.com


✦ ထူးခြား [illegible] ရောင်ခြည် ✦

မြင်းမထိလိုဏ်ဂူတွင်းမှ စေတီရုပ်ပွားများနှင့် ထူးခြား ကျောက်ရုပ်များ(၂) [ဘုန်းကျော်စွာ-မြင့်တက္ကသိုလ်] ၈၁
ဒေါ်မေအုတ်ကျောင်း၌ မြင်တွေ့ခဲ့ရသည့် ထူးခြားပစ္စည်းများ [ဇင်ညိုငယ်] ၁၂၉
ကျွန်ုပ်နှင့် ညာတင်ကုတ် [နိုင်မင်း-သထုံ] ၁၉၃

● [illegible] ရောင်ခြည် ●

သိုင်းပညာရှင် ဆရာကြီး မင်းယကျွ၏ ဘဝအတွေ့ အကြုံများ (၂၄) [ဆရာကြီး မင်းယကျွ-တိုက်ပွဲဝင်] ၁၉၀

✦ အမျိုးသမီး [illegible] ရောင်ခြည် ✦

သံပရာသီးသနပ် လုပ်နည်း [အင်ကြင်းပန်း] ၁၁၀

◯ [illegible] ရောင်ခြည် ◯

မဟာဘုတ်ချိန်ခွင်နှင့် ကျေးဇူးရှင်ဆရာတော်ကြီးများ
[ရန်ကုန်မြို့ အင်းစိန်မြို့နယ် နိုးကုသ်ဝိပဿနာအဖွဲ့ခွဲ အမှတ်(၇၇) တောရတပ်ဦးကျောင်းတိုက် အောင်ဆန်းဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကိတ္တိသာရထေရ်အား ဂါရဝပြု ပူဇော်ခြင်း] [သန်းပညာ] ၁၄
စိတ်ဝင်စားဖွယ်ကောင်းသော ထိုးမြဲလက်မှတ်များအကြောင်း [ဆရာကြီး ဦးအောင်မြင့်-ဥပဒေဘွဲ့] ၁၃၁
ထုတ္တန့်သိမ် ပုထိုးတော်မှ ရွှေခေတ်ရှိနိုင်မှုရာ ဝတ်ဆင်ထိုးဖွဲ့မှု ဒီမိုင်းလက်ရာများ(၃) [ဂန်းရှိုးထူးလှ-ရွှေပေါင်းသုတေသန] ၁၃၄

◯ [illegible] ရောင်ခြည် ◯

လတ်ပတောင်းတောင်ခြေမှ အစွမ်းထက်ဆေးပင်နှင့် အစွမ်းသတ္တိများ [မောင်မောင်ထွန်း-မုံရွာ] ၁၂

✻ [illegible] ရောင်ခြည် ✻

နွားအတွက် ရျက်စဉ်းမေး [ကြူသင်း-ဘကျောက်ပန်းတောင်း] ၃၁
ခြေကျိုးဘဲကို ပွဲစားရာဆေး [မောင်မောင်-ဓောင်တော်လည်] ၂၀၅

▫ [illegible] ရောင်ခြည် ▫

ကြော်ပန်းကျောင်း(ရန်ကုန်တိုက်ခွဲ)မှ ထူးခြားသော သံသေရုပ်ပွားတော် [နယ်လှည့် သုတေသီတစ်ဦး] ၁၄၅
ထူးဆန်းသော ရွှေပေါင်း မဟာတစ်တောင်စေတီ [မကျွေး လှမြင့်] ၁၅၃

✻ [illegible] ရောင်ခြည် ✻

စပါးတောင်ခြေ ထူးခြားအောင်မြေ ပထမ်သိုဘိုးအောင် တောင်တော်အောင်မြေ(၅) [ပေါင်မောင်ဝိုး-ထားဝယ်] ၇၃
စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့် မိုးပူဇော် ဂါထာတော်များ(၁၂) [အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၈၉





ဆရာတော်ကြီးက...
'ဟဲ့ ... ဒီနေရာက ငါနေရာတွယ်
နင်တို့ ဖယ်ကြစမ်း' ဟု ငေါက်လိုက်ရာ... ➤ စာ-၁၇

သုံးဟက္ကန္ဒ အကြီး ဟျင် ...
ညာတင်ကုတ်မှ ...
... ➤ စာ-၁၉၃







www.burmeseclassic.com

www.burmeseclassic.com



ရွှေအင်္ဂါ
ကလေးမှုပေါ်များ
နေထိုင်
မင်းကောင်းဖျော်
အဘိုးကြီးတစ်ယောက်
အပ်နှံ၍
နေ့တိုင်းရှင်း
အမျိုး
သူတောင်းကြားရသည်...

၈၁-၂၆



ပြင်းထန်
ဂူအတွင်း၌
အောင်မြေ
ဓါတ်ရှင်
ရမ်ကျ
ယိုးဂုဏ်
အလင်း



ကောင်းပါက်
ဆရာတော်ကြီး
အမြွစိပ်သော
ပြွန်း
ပုတီး
ဖြစ်သည်...

၈၁-၉၈

✧ ကိုးဆေးရောင်ခြည် ✧


ထိကံပွင့် ဆုတောင်းပြည့်အစီဌာန် [သန်းခေါင်-ပညာရေး] ၅၅

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဓာတ်ကြီးငါးပါး

စိုးမိုးမှုနှင့် အောင်ဘာရလထိဆုငွေ [ထက်မင်းကျော်စွာ] ၈၆


✣ ဗိုက်ချိုးဆေးရောင်ခြည် ✣


ခရမ်းချဉ်ပင်စိုက်လျှင် သတိပြုစရာ

[ကိုမောင်ကျော်လှိုင်-မအူပင်] ၁၅၈


✳ အင်းဓာတ်ရောင်ခြည် ✳


သူငယ်နာရောဂါအတွက် စမ(၄)ရပ် တု(၄)ချပ်အင်း

[ဗိုလ်မင်း-မင်းလှ] ၅၁

မြန်မာ့အင်းပညာ(၂) [ဆရာစော-အင်းတစ်ထောင်] ၁၆၄


✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎


ဘုတလင်မြို့၊ ကြောင်ပန်းတောရွာနှင့် ပထမကြောင်ပန်း

ဆရာတော်ကြီး အရှင်ကုဏ္ဍကာ၏ဘဝကောက်ကြောင်း(၁)

[ဇင်ညိုငယ်] ၁၅

ပေလီတမ်းခြေ လင်းသာရွာသို့ ရောက်သွားခဲ့သည့်

ရဟန်းဖျို့ ပုဂ္ဂိုလ်ထူးတစ်ပါး [မောင်လင်းနိုင်] ၂၅

သက်တော် (၁၀၈)နှစ်၊ ဝါတော် (၈၈)ဝါ အဂ္ဂမဟာ

သဒ္ဓမ္မဇောတိကဓဇ တော့ပေါက်−

ဘဒ္ဒန္တ ဒီ−


✤ ထူးခြားဆန်းကြယ်ရောင်ခြည် ✤

◯ အဆေးအဆောင်ရောင်ခြည် ◯

www.burmeseclassic.com


[illegible]

[illegible]
[illegible] [illegible] ၃၂
[illegible]
ခုနှစ်ရက်သားသမီး ဟောစာတမ်း [ဆရာ ရောင်ခြည်] ၂၄
၂၀၁၄ ခုနှစ်၊ ဖော်ဖော်ဝါရီလအတွင်း
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟူကျင်းစီ] ၂၃၂

★ ပြန်ကျော်ဗိုးရှားပညာမျှဝေရောင်ခြည် ★

အိမ်ထောင်ရေး ကံခေသည့်သူများ
[အေးချမ်းအောင်–ရမည်းသင်း] ၂၂၁

◆ ကျန်းမာရေး ဗဟုသုတရောင်ခြည် ◆

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း
ကျန်းမာရေးအတွက် အကြံပေးချက်များ [ဟူကျင်းစီ] ၂၂၄

✤ အနာဂတ်ဖိုးရှားရောင်ခြည် ✤

၂၀၁၄ ခုနှစ်၊ မြင်းနှစ်ကာလ
ငွေကြေးအခက်အခဲ ပြေလည်စေမည့်
အဆောင်ငွေပွား အစီအရင် [ဟူကျင်းစီ] ၁၈၄


✤ ဝိဇ္ဇာဓမ္မရောင်ခြည် ✤

သံဖိုတောင်က အမေညို(၄)
[ရွှေတောင် ကြည်မောင်အေး] ၂၀၁
ကျွန်ုပ် တွေ့ဖူးသော ပုဂ္ဂိုလ်ထူး ဘိုးလောတေ
[အောင်(သိဒ္ဓိရာဇာ)–နဝင်းမြို့တော်] ၂၄၉
အဘ ဘိုးဘိုးအောင်နှင့် အမဲသားကြိုက်သူ
[သမ္ဗုဒ္ဓ] ၂၈၁

● ဖြစ်ရပ်မှန်များရောင်ခြည် ●


မြေလှန်သူနှင့် ကတိမတည်သူတို့၏ နိဂုံး
[ကသော သင်းမွေး] ၂၃၆
မိုးကောင်းစေတီနှင့် ရတနာသိုက်
[အေးချမ်းအောင်–ရမည်းသင်း] ၂၄၁
ပရလောကသားတွေရဲ့ ကူညီမစခြင်း ခံရသူ
[ကြံတောင်သူတော်–စဉ့်ကူးမြို့နယ်] ၂၁၄
မီးရထားသံလမ်းပေါ်မှ ပရလောကသားများ၏ဆန္ဒ
[မောင်ကိုကို–ကြေး/မြေ] ၂၆၂
နတ်တို့၏ နှိပ်စက်ခြင်းမှ ကင်းဝေးပါစေ
[တက္ကသိုလ် အပန်ငယ်] ၂၆၅
ဟင်းစားရမည်၊ စီးပွားဖြစ်မရပါ
[နတ်မောက် လှမြင့်သစ်] ၂၆၉
နတ်လှည့်စားတာလား၊ တောမှောက်တာလား
[ဝင့်ဝင့်အောင်–ခေတ္တ၊ ဟားခါး] ၂၈၇




သိမ်တော်ကြီးအတွင်းရှိ နောက်ခံတံကဲထိပ်မှ
ကော်ကြိုရုပ်နှင့် ကိန္နရာရုပ်တို့မှာ
မည်သည့်အဓိပ္ပာယ်ဆောင်ဆိုတာ ● စာ-၄၂

ဒီသံငုတ်ကြီးက
သိမ်ကိုသမုတ်စဉ်မှာ မြေကြီးထဲက
သူ့အလိုလိုထွက်ပေါ်လာခဲ့တာ ● စာ-၄၄

www.burmeseclassic.com

www.burmeseclassic.com



▲ ရှေးက တလုံးစေတီနှင့် သိမ်တော်

ဘုန်းကျော်စွာ
(မြင်တကွာသိုလ်)

မုံရွာမြို့ ဘုန်းစိုးရပ်မှ

# အိုးတလုံးတောရသိမ်

## နှင့် စေတီတော် (၁)

မုံရွာမြို့ မဟာလယ်တီတိုက်၏ အရှေ့မြောက်ထောင့်အရပ် လေးဖာလုံခန့်အကွာရှိ **ဘုန်းစိုးကျောင်းဝင်းအတွင်း၌** ဝိဇ္ဇာဓိုရဆရာတော်ကြီး အရှင်ဝါယမိန္ဒ သီတင်းသုံးကျင့်ကြံတော်မူခဲ့သည့် ရှစ်မျက်နှာသိမ်စေတီတော်တစ်ဆူရှိကြောင်း ကြားသိရသဖြင့် ဒေါ်မေအုတ်ကျောင်းမှ အရှင်သီလာစာရအား လျှောက်ထားအကူအညီတောင်းကာ သွားရောက်ကြည့်ညိုဖူးမြော်ဖြစ်ခဲ့သည်။

### ဘုန်းစိုးကျောင်းတိုက်

မုံရွာ–သာစည်လမ်းရှိ သာစည်ဈေးအနီး တည်ရှိသော ဘုန်းစိုးရပ်ကွက်သည် ရှေးက ကုန်း၊ လျှို၊ ကမ်းပါးတို့ဖြစ်တည်သော တောရကျောင်းမြေဖြစ်သည်။

ဆရာတော် ဦးသီရိန္ဒ လက်ထက်တွင် တောရကျောင်းမြေကို ဘုန်းကြီးဦးစီး၍ လူနေရပ်ကွက်အဖြစ် ခွဲဝေပေးသဖြင့် ဘုန်းစိုးရပ်ကွက်ဟု တွင်ကြောင်းသိရသည်။

ဘုန်းစိုးရပ်ကွက်တွင်ရှိသော ဘုန်းကြီးကျောင်းကိုလည်း ဘုန်းစိုးကျောင်းဟု ခေါ်တွင်ကြသည်။ **(ကျောင်းထိုင်ဆရာတော်ကို ဘုန်းကြီးဟု ခေါ်ခြင်းဖြစ်ပေသည်။)**

ဘုန်းစိုး ကျောင်းတိုက်သည်ကားဆရာတော် ဦးဉာဏ လယ်တီတိုက်မတည်ထောင်မီ ရှေးနှစ်ပေါင်းများစွာကပင် တည်ရှိခဲ့၍ "**အိုးတလုံးတောရ**" ဟု အမည်ရှိခဲ့သည်။ ဘုရား၊ သိမ်၊ ကျောင်း၊ ကန်နှင့် ပြည့်စုံသော တောရကျောင်းတစ်ကျောင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

**တောရကျောင်းအနီးတွင် ရေထယ် ငါးထမ်း ဝင်ဆုံသော ရာဇဝင်ဝင်အိုးကြီး တစ်လုံး ရှိသဖြင့် အိုးတလုံးတောရ တွင်သည်ဆို၏။**

လယ်တီဆရာတော်လောင်းလျာ ဦးဉာဏ မုံရွာသို့ ရောက်ရှိသီတင်းသုံးသော ၁၂၄၄ ခုနှစ်တွင် အိုးတလုံးတောရ၌ ဆရာတော် ဦးဝါယမိန္ဒကျောင်းထိုင်သီတင်းသုံးလျက်ရှိသည်။


သမထကမ္မဋ္ဌာန်းကို နှစ်ပေါင်းများစွာ အားထုတ်ခဲ့ရာ အတန်ပင်ပေါက်မြောက်အောင်မြင်တော်မူသည့် ဝိဇ္ဇာဓရဆရာတော်ကြီးဖြစ်သည်။ **ဆရာတော်ကြီး ပျံလွန်တော်မူသောအခါ၌ မုဒ့် ဂျုံးဂျုံးကျဆရာတော်ကဲ့သို့ ရုပ်ကလာပ် ထူးဆန်းစွာ ပျောက်ဆုံးသွား၏။ အရှင်ထွက်သည် ဆိုကြ၏။**

ဦးဝါယမိန္ဒ မတိုင်မီက ဘုန်းတော်ကြီး ဦးလင်း သီတင်းသုံးခဲ့ရာ မုံရွာနယ်တစ်ဝိုက်တွင် **''ဆား ဆားလင်း။ ဓား ဒီပဲယင်း။ တရား ဦးလင်း''**ဟူ၍ ဆိုရိုးရှိခဲ့သည်။

ဆားလင်းကြီးနယ်မှ ဆား အမြောက်အမြား ထွက်ရှိသည်။ ဒီပဲယင်းနယ်မှ ဓားကောင်းထွက်သည်။ အိုးတလုံးဆရာတော် ဘုန်းကြီး ဦးလင်းကား တရားဟော အလွန်ကောင်းသည်ဟု ကျော်ကြားခြင်းဖြစ်သည်။

ဦးဝါယမိန္ဒ မရှိသည့်နောက် အိုးတလုံးတောရတွင် ကျောင်းထိုင်ပြတ်သွားသည်။ ၁၃၁၉ ခုနှစ် ရောက်သောအခါ မုံရွာမြို့မ ရွှေဂူတိုက်မှ ဦးသီရိန္ဒ ကြွရောက်သီတင်းသုံးခဲ့သည်။ ဦးသီရိန္ဒနှင့်အတူ ဦးသံဝရ၊ ဦးသုဇာတ၊ ဦးသုဇနတို့ လိုက်ပါလာခဲ့ကြသည်။

၁၃၄၈ ခုနှစ်တွင် ဦးသီရိန္ဒ ပျံလွန်တော်မူသဖြင့် ဦးသံဝရ ဆက်ခံကာ လအနည်းငယ်တွင် ပျံလွန်တော်မူသဖြင့် ဦးသုဇာတ ကျောင်းထိုင်ဖြစ်



▲ ပြုပြင်လက်စ တလုံးစေတီ

▼ ရှေးကျောင်းဆောင်



သည်။

၁၃၅၅ ခုနှစ်တွင် ဦးသုဇာတ ပျံလွန်သောအခါ ဦးသုဇနက ဆက်ခံခြင်းမပြုဘဲ အိုးတလုံးတောရ၌ ရှင်ပဉ္စင်း ၁၀ ဆက်တိုက် သီတင်းသုံးခဲ့သည့် ဦးဇနကအား လွှဲအပ်ကာ ခန်းနေဦးပဉ္စင်းအဖြစ် တရားဘာဝနာကိုသာ စူးစိုက် အားထုတ်လျက်ရှိကြောင်း သိရသည်။

## ကျောင်းတိုက်တွင်းဝယ်

ဘုန်းစိုးကျောင်းဝင်းအတွင်း ဝင်ရောက်သွားသောအခါ ထည့်ဝါလှသော ''အရိယာဝါသ''ဗိမာန်တော်ကြီးကို ဦးစွာတွေ့မြင်ရသည်။ ဤဗိမာန်အတွင်းမှ ဝါတွင်းကာလများတွင် နေ့တရားပွဲ(၁၃)ပွဲ၊ ညတရားပွဲ(၁၃)ပွဲနှင့် ဗုဒ္ဓပူဇနိယတရားပွဲ(၁၁)ပွဲ၊ စုစုပေါင်းတရားပွဲ (၃၇)ပွဲ ကျင်းပလေ့ရှိသည်။

မုံရွာ၊ မန္တလေး၊ စစ်ကိုင်း၊ ကျောက်ပန်းတောင်း၊ ချောက် စသည့် ဒေသများမှ ဓမ္မကထိကဆရာတော်ကြီးများကြွ ရောက်၍ တရားဒေသနာတော်များ ဟောကြားချီးမြှင့်ပေးကြသည်ဟု သိရသည်။

ထို့အပြင် လယ်တီဝိပဿနာ



www.burmeseclassic.com

www.burmeseclassic.com



အရိယာဝံသဗိမာန်

(၉)ရက်တရားစခန်းကိုလည်း နှစ်စဉ် အတာသင်္ကြန်ကာလ၊ ဝါဆိုလ၊ တန်ဆောင်မုန်းလနှင့် ပြာသိုလများတွင် တစ်နှစ် လေးကြိမ် ဖွင့်လှစ်လျက်ရှိကြောင်း သိရှိရပေသည်။

ဗိမာန်အနီး မန်ကျည်းပင်ရိပ်အောက်၌ ရှေးကျောင်းတစ်ဆောင်ကို တွေ့ရသည်။ ဦးသီရိန္ဒ ကြွရောက်စဉ်က သီတင်းသုံးခဲ့ရာ ကျောင်းဆောင်ဖြစ်၍ တစ်ခုတည်းကျန်ရစ်သော ရှေးအဆောက်အအုံဖြစ်သည်။ သီတင်းသုံး ရဟန်းသံဃာများ မရှိချေ။

ယင်း၏အနီးတွင် ရေကန်တစ်ကန်ရှိသည်။ ဇီဝိတဒါန ငါးလွှတ်ခြင်း၊ ငါးစာကျွေးခြင်း စသည်ဖြင့် ကောင်းမှုပြုသူ မပြတ်သော ရေကန်ဖြစ်သည်။ ထိုမှ တောင်ဘက်၊ အုတ်တံတိုင်းအပြင်ဘက်တွင် အိုးတလုံးရေကန်ရှိသည်။

ရှေးနှစ်ပေါင်းများစွာက တည်ရှိခဲ့သော ရေကန်ဖြစ်သည်။ **လယ်တီဆရာတော်ကြီးသည် ကျောင်းတွင်းရဟန်းသာမဏေတို့ အပြစ်ရှိ၍ ရေဒဏ်ပေးသောအခါ ဤအိုးတလုံးကန်မှ ရေများကို လာရောက်ခပ်ယူကြရလေသည်။**

## လယ်တီဆရာတော်၏ ရေဒဏ်

ထိုစဉ်က အိုးတလုံးတောရဆရာတော်ဦးဝါယမိန္ဒသည် သဘောသဘာ္ကယဖြူစင်၍ စေတနာလောကွတ် ကြီးမားတော်မူသည်။ မိမိအောက် ဝါငယ်သည့် လယ်တီဘုန်းတော်ကြီး ဦးဉာဏအပေါ် ညီငယ်ပမာ ရင်းနှီးချစ်ခင်သည်။

ဦးဉာဏ၏ ပရိယတ်၊ ပဋိပတ်ဂုဏ်တို့ကိုလည်း လေးစား၏။ သို့ဖြစ်၍ လယ်တီတောရသို့ ဆရာတော်အရှင်ဝါယမိန္ဒ မကြာမကြာ ကြွရောက်ကာ သံဃာတို့၏ လိုအပ်ရာရာတို့ကို ဖြည့်ဆည်း စောင့်ရှောက်တော်မူလေ့ရှိသည်။

လယ်တီ သံဃာများကလည်း အိုးတလုံးတောရခေါ် တလုံးတောရဆရာတော်ကို လေးစားကြောက်ရွံ့ကြသည်။ ဆရာတော်၏ ဩဝါဒကို ရိုသေစွာ နာယူကြသည်။

ထိုစဉ်က လယ်တီတောရတွင် သိမ်မရှိသေးသဖြင့် လယ်တီသံဃာများသည် သံဃာကံကြီးကံငယ်ဆောင်ရန်ရှိပါက တလုံးတောရသိမ်သို့ သွားရောက်၍ ပြုဖွယ်ကိစ္စတို့ကို ဆောင်ရွက်ကြရသည်။ သောက်သုံးရေကိုလည်း အိုးတလုံးကန်မှ လာရောက်ခပ်ယူကြရသည်။

တစ်ခါသော် လယ်တီဆရာတော်ကြီး၏ သက်န်း၌ သန်းမကြီး အိမ်ဖွဲ့နေထိုင်ကာ ဆရာတော်အား ကိုက်ခဲနှိပ်စက်နေသည်။

ဆရာတော်က ခပ်မဆိတ်နေတော်မူသော်လည်း ထိုအကြောင်းကို သိသွားသည့် သံဃာအချို့က ဆရာတော်၏ သင်္ကန်းကို ရှင်းလင်းလျှော်ဖွပ်ပေးရန် ရှင်အာဒိစ္စလောင်းလျာ ကျောင်းသားနှင့် အဖော်များကို တာဝန်ပေးကြသည်။ ကျောင်းသားများကလည်း သင်္ကန်းကို လျှော်ဖွပ်သန့်စင်ပေးကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ဤသည်ကို ဆရာတော်ကြီး သိသောအခါ သက်နှီးလျှော်သည့် ကျောင်းသားများနှင့် စေခိုင်းသည့် သံဃာများအားခေါ်၍ ဆိုမြည်တော်မူကာ ရေဒဏ်ထမ်းရန် အမိန့်ချမှတ်လေသည်။

ဒဏ်ထမ်းခံရသူသည် တလုံးတောရရှိ ရေကန်သို့ ရေဒဏ်ထမ်းရန် သွားကြရသည်။ လယ်တီတောရမှ ကိုယ်တော်လေးများ ချိန်ခါမဟုတ် ရေခပ်လာကြသည်ကို တလုံးတောရ ဆရာတော် ဦးဝါယမိန္ဒ တွေ့ရသဖြင့် ခေါ်ယူစုံစမ်းသည်။

အကြောင်းစုံ သိရသောအခါ ဆရာတော်က **"မောင်ပဥ္စင်းတို့၊ ကိုရင်တို့၊ ကျောင်းသားတို့ မင်းတို့ကျောင်းကို ပြန်ကြ။ ငါ လိုက်လာခဲ့မယ်"**ဟု ဆိုကာ လယ်တီတောရသို့ ကြွတော်မူသည်။


လယ်တီတောရသို့ ရောက်သောအခါ ဦးဉာဏအား...

'ဘယ့်နှယ်ဗျာ သက်နှီးကိုက်ကိုက် လောက်ကိုက်ကိုက် ကြည့်နေနိုင်ကြရင် လုပ်ပေးကြပါ့မလား။ မကြည့်ရက်လို့ လုပ်ပေးတာကို ဒဏ်ထမ်းခိုင်းရတယ်လို့'

အစချီကာ ခပ်ကြာကြာ ခပ်နာနာ မိန့်ဆိုတော်မူသည်။

ဦးဉာဏသည် တလုံးတောရဆရာတော်ကြီး မိန့်ဆိုတော်မူသမျှ ထေရ်ကြီးဝါကြီး မိန့်ကြားရတော်မူသည်ကို နာယူသော ရှင်သာမဏေငယ်ပမာ အလွန်ရှိသေလေးမြတ်စွာ ငြိမ်သက်၍ နာယူတော်မူသည်။

တစ်ခွန်းမှ တုံ့ပြန်လျှောက်ထားခြင်း မပြုချေ။ တလုံးဆရာတော်ကြီး ပြန်ကြွသွားတော်မူသောအခါမှ တပည့်များအား...



ယခု မြင်ရသော တလုံးစေတီသိမ်

'သန့်ရှိတာ ငါ အသိသားပေါ့ကွယ်၊ ဒီသန်းတွေရှိမှ ငါ မအိပ်နိုင်မှာ၊ မအိပ်နိုင်မှ တရားဘာဝနာ အားထုတ်နိုင်မှာပေါ့'

ဟု မိန့်တော်မူလေသည်။

## တလုံးစေတီနှင့်သိမ်တော်

ကျောင်းဝင်းအလယ်တွင် ရှစ်မျက်နှာစေတီတစ်ဆူ ကိန်းဝပ်တော်မူရာ **"တလုံးစေတီ"**ဟု ဘွဲ့မည်တွင်၍ ယခုအခါ **"ဆုတောင်းပြည့် တလုံးကမ္ဘာအေး ရှစ်မျက်နှာကိုးဆူစေတီ"**ဟု ဘွဲ့မည်ပေးထားကြသည်။ စေတီ၏ အနောက်ဘက်ရင်ပြင်တွင် သိမ်နိမိတ်တိုင်များကို တွေ့ရသည်။ ရှေးသိမ်ဖြစ်သည်။

မူလက သိမ်နှင့် စေတီ ယှဉ်တွဲတည်ဆောက်ခဲ့ဟန် ရှိသော်လည်း စေတီတော်ကို တိုးချဲ့မွမ်းမံမှုကြောင့် စေတီရင်ပြင်မှ သိမ်အဖြစ် မြင်တွေ့ရသည်။

**ရှေးခေတ် ရဟန္တာများ သမုတ်ခဲ့သော သိမ်ဖြစ်ကာ ကျွမ်းကျင် ငြိမ်းငြိုင်ထက်မြက်သည်။ မှန်ရာကို သမ္မာဆို ကာ အငြင်းအခုံ ပြဿနာများ၌ ထီမီ၊ အငြိုင်ငွမ်းခြင်း၊ ကျွမ်းကျင်ရိုးခြင်း ပြုပါလျှင် ဒိဋ္ဌမျှ သက်သေပြသည်ဟု သိရသည်။**

ပါရမီကျင့်စဉ်လမ်းမှ ဆရာတော်၊ သူတော်စင် ရသေ့တို့ လာရောက်ကျင့်ကြံအားထုတ်ကာ ကျင့်စဉ်စခန်း တက်လှမ်းနိုင်ခဲ့ကြသော **သာသနာ့အောင်မြေ**ဖြစ်သည်ဟု သိမှတ်ခဲ့ရပေသည်။

## ကူညီစောင့်ရှောက်ကြသူများ

ထိုသိမ်အနီး ကုန်းတော်မြေ၌ ဘုမ္မိရတ် မောင်နှမနှစ်ဦး မိုတင်းနေထိုင်လျက်ရှိသည်။ ကုန်းတော်သို့ ရောက်လာသည့် သီလ၊ သမာဓိ ပြည့်စုံသူများ၊ သာသနာပြုပုဂ္ဂိုလ်များကို ဘေးအန္တရာယ် ကင်းဝေးစေရန် စောင့်ရှောက်ပေးသည်။ ဆွမ်းရိက္ခာ၊ အထောက်အပံ့များ မျှတစေရန် ကူညီပေးကြသည်ဟု သိရသည်။

ဘုန်းစိုးကျောင်းတိုက် ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့မှ အကျိုးဆောင် ဦးမျိုးတင့်အောင်က ဤသို့ ပြောပြသည်။

'တစ်ညမှာ ည(၈)နာရီခွဲလောက် ရှိမယ်။ ပုတီးစိပ်ပြီးလို့ မေတ္တာပို့ အမျှဝေပြီး ခဏထိုင်နားနေတုန်း ကြွေပြားကြမ်းခင်းကနေ ပုရွက်ဆိတ်ကိုက်သလို တရှရှဖြစ်နေတာ ခံစားရတယ်။ ရှာကြည့်တော့လဲ ကြွေပြားအခင်း အလုံပိတ်မှာ ဘာပိုးမွှားမှ မတွေ့ရဘူး။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန် လပ်းလျှောက်တဲ့အသံ တရုပ်ရုပ် ကြားရပြန်တယ်။ ဘုရားထဲမှာ ကျွန်တော် ရယ်၊ ခပ်လှမ်းလှမ်းမှာ ထိုင်နေတဲ့ အလျှခံ အဘိုးရယ် နှစ်ယောက်တည်း ရှိတာပါ။

နောက်တော့မှ သတိရပြီး ဘုမ္မိရတ် မောင်နှမကိုလဲ ရည်စူးမေတ္တာပို့ အမျှပေး ဝေလိုက်တော့မှ ပုံမှန် ဖြစ်သွားတော့ တယ်'

## သာမဏေရုပ်အစီအရင်

ဤတွင် သိမ်တော်တည်နေပုံအရ ရင်ဝယ်သားကဲ့သို့ ချစ်ခင်စေသည့် သာမဏေရုပ် စီရင်ပုံနှင့် သင့်လျော်လှသည်ကို သတိပြုမိသည်။

၂၀၀၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် စာတည်းချုပ် အကြံပေးလမ်းညွှန်သဖြင့် ကျော်အောင်စံထားဆရာတော်အား သွားရောက်ဖူးမြော်ဖြစ်ခဲ့သည်။ မုံရွာလယ်တီတိုက်မှ အရှင်သီလာစာရလည်း လိုက်ပါခဲ့သည်။

ဆရာတော်က လိုအပ်သမျှ လမ်းညွှန် မိန့်ကြားပေးတော်မူကာ စာအုပ်အချို့ကို ချီးမြှင့်တော်မူသည်။ စာအုပ်များအနက် မဟာပထမံ ထွက်ရပ်ကျမ်းနှင့် သိဒ္ဓိဇေယျကျမ်း စာမျက်နှာ(၅၆)တွင် သာမဏေရုပ် စီရင်နည်းကို ဤသို့ ဖော်ပြထားသည်။

''နံ့သာဖြူကို သက်နီးရုံ သပိတ် ပိုက်၍ ဆွမ်းခံကြွဟန် ထုပြီးလျှင် ဘုရားစေတီ၊ သိမ်၊ တောစိုးသစ်ပင်၊ ရေကန်ရေဆိပ်၊' ရွာလယ်နှင့် နတ်စင် (၆)ဌာန၌ မန္တန်(၁၀၀၀)စီစုတ်။

**စုတ်ရန် မန္တန်ကား...**

ဥုံ ဂိလာနံ ပုရိသာစ မမ မေတ္တာစ ဒိဟက်ရော ကိုရင် ထ...ထ...။ ။

စုတ်ပြီးပါက နံ့သာရည် ရေမွှေးဖြင့် စိမ်၍ထား။



◆ သိမ်အဝင်မုခ်

ကုန်ရောင်းသွားခြင်း၊ မင်းစိုးရာဇာ ထံသွားခြင်း၊ ကြွေးတောင်းသွားခြင်း စသည် ပြုမူလုပ်ဆောင်ဖွယ်များ အတွက် မသွားမီ သာမဏေရုပ်ကို လက်ယာလက်ဖြင့်ဆုပ် လက်ညှိုးညွှန်ကာ "**ကုန်စည်အရောင်း မြတ်စွန်းပါစေ။ မင်းစိုးရာဇာအား ပြောဆိုခြင်း အောင်မြင်ပါစေ။ အကြွေးတောင်း၍ ရပါစေ။ ခရီးလမ်း အဆင်ပြေ၍ ကူညီသူတွေ့ပါစေ**" စသည်ဖြင့် မိမိ အလိုရှိရာ တိုင်တည်၍ သွားပါလေ။ မိမိမျက်နှာမြင်က ရင်ဝယ်သားကဲ့သို့ ချစ်ခင်၏''

ဟူ၍ ဖြစ်သည်။

တလုံးစေတီရင်ပြင်ရှိ သိမ်တော်ကား ဘုရားစေတီ၊ သိမ်ဟူသော အင်္ဂါ နှစ်ရပ် ပြည့်စုံ၏။ နှစ်ပေါင်း မခန့်မှန်းနိုင်သော မန်ကျည်းပင်ကြီးများ ပေါက်ရောက်နေကြသည်။**(ဘုရားရှင် ထင်ရှားရှိတော်မူစဉ်ကပင် မန်ကျည်းကိုးပင်တောဟု တွင်ခဲ့ကြောင်း ဒဏ္ဍာရီရှိ၏။)**

အိုးတလုံးရေကန်ကြီး အထင်ကရ ရှိ၏။ တလုံးတောရသည် ယခင်က မုံရွာနှင့် ရှောက်ခါးရွာကြားရှိ တောရ ဖြစ်ခဲ့သော်လည်း ယခုအခါ ရှောက်ခါးရွာသည် မြဝတီရပ်ကွက် ဖြစ်လာ၍ ဘုန်းစိုးရပ်ကွက်သို့ ကူးသန်းရာ၌ ဘုန်းစိုးကျောင်းဝင်းအလယ်မှ ကားဆိုင်ကယ်များ အပါအဝင် ဖြတ်သန်းသွားကြရသည်။ ရွာလယ်အရပ် ဖြစ်နေလေပြီ။

ထို့ကြောင့် **တောစိုးသစ်ပင်၊ ရေကန်ရေဆိပ်၊ ရွာလယ်ဟူသော အင်္ဂါများနှင့်လည်း ပြည့်စုံ၏။ ဘုမ္မိရတ်တို့ မှီတင်းနေထိုင်ကြသဖြင့် နတ်စင်အနီးဟူသော အင်္ဂါလည်း ပြည့်စုံသဖြင့် (၆)ဌာန ပြည့်စုံနေသည်။**

ဤသိမ်တော်တွင် သာမဏေ နံ့သာဖြူရုပ်ကို မန္တန်(၆၀၀၀)စုတ်က အသုံးပြုနိုင်ပေသည်။

ရှေ့လ ဆက်ဖတ်ပါရန်

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်

နှင့် ကျေးဇူးရှင် ဆရာတော်ကြီးများ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်

မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ်(၇၇)

တောရတာပဦးကျောင်းတိုက်

အောင်ဆန်းဆရာတော်

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

ဘဒ္ဒန္တကိတ္တိသာရထေရ်အား

ဂါရဝပြု ပူဇော်ခြင်း

ဆရာတော်သည် ၁၃၀၈ ခုနှစ်၊ တပို့တွဲလဆန်း(၃)ရက် သောကြာနေ့တွင် ဖွားမြင်တော်မူရာ မဟာဘုတ်အရ ၆–ကြွင်း မဟာဘုတ်ပိုင်ရှင် ဖြစ်ပါတယ်။

* * *

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| ၂ | ၆ | ၀ |

**<u>၆–ကြွင်း မဟာဘုတ်</u>**

မဟာဘုတ်အရ...

**ကြာသပတေးဂြိုဟ် (၅–တေး) သည် အထွန်းအိမ်တွင် ရပ်တည်နေတဲ့အတွက် ကောင်းကျိုးအပြုဆုံးဂြိုဟ်လဲ ဖြစ်ပါတယ်။** ဒါကြောင့်...

★ ဉာဏ်ပညာ အလေးပြုရသော လုပ်ငန်းများ အကျိုးပြုနိုင်ခြင်း။
★ ဉာဏ်ပညာ ထက်မြက်ခြင်း။
★ အတွေးအခေါ် မြင့်မားစေခြင်း။
★ ပရဟိတ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရခြင်း။
★ ဆရာကောင်းများနဲ့ ကြုံဆုံရခြင်း။
★ ဦးစီးခေါင်းဆောင် ဖြစ်စေခြင်း။

တို့ပါပဲ။

**ဗုဒ္ဓဟူး(၄–ဟူး)သည် ရာဇအိမ်၌ ရပ်တည်နေတဲ့အတွက်...**

❋ လူပရိသတ် များစွာ၏ ကြည်ညိုမှုကို ခံရခြင်း။
❋ မင်းစိုးရာဇာ ပရိသတ်များရဲ့ ကူညီထောက်ပံ့မှုကို ရရှိနိုင်ခြင်း။
❋ မိမိအား အကျိုးပြုမယ့် အပေါင်းအသင်း တပည့်တပန်းများ ရှိတတ်ခြင်း

တို့ပါပဲ။ သို့သော်...

**ဗုဒ္ဓဟူး (၄–ဟူး)နှင့် တနင်္ဂနွေဂြိုဟ်(၁–နွေ) တို့သည် ရာဇနှင့်သိုက် ဖြစ်သဖြင့် ပက္ခမိသောကြောင့်...**

✪ လုပ်ငန်းတွင်း ပဋိပက္ခများ
✪ စိတ်ဝမ်းကွဲရမှုများ
✪ လုပ်ငန်းတွင်း ပြဿနာများ

တော့ ရှိနေပါမယ်။

**တနင်္ဂနွေဂြိုဟ် (၁–နွေ)သည် သိုက်အိမ်၌ ရပ်တည်နေတဲ့အတွက်...**

✣ လုပ်ငန်း တိုးတက်အောင်မြင်ခြင်း။
✣ နာမည်ဂုဏ်သတင်း ကျော်ကြားစေခြင်း။
✣ အဆောက်အအုံကောင်းများ နေရ ပိုင်ဆိုင်ရခြင်း။
✣ အကြီးအကဲ ဖြစ်ရခြင်း။
✣ ဘွဲ့ထူးဂုဏ်ထူး ရရှိခြင်း။

တို့ကို ဖြစ်စေပါမယ်။

**စနေဂြိုဟ်သည် ပုတိအိမ်၌ ရပ်တည်နေတဲ့အတွက်...**

☆ ခရီးဝေးခရီး ခရီးသွားရခြင်း။
☆ လူမျိုးခြားများနဲ့ အကျိုးပေးခြင်း။
☆ နိုင်ငံခြားခရီး သွားရခြင်း။
☆ မွေးရပ်မြေနဲ့ အကျိုးမပေးခြင်း

တို့ပါပဲ။ ထို့ပြင်...

ကြာသပတေးဂြိုဟ်(အထွန်း)နဲ့ စနေဂြိုဟ်(ပုတိ)တို့သည် ပက္ခမိသောကြောင့် အတွင်းမိတ် ပျက်သဖြင့် အနီးနေပုဂ္ဂိုလ်ထက် အဝေးနေပုဂ္ဂိုလ် ပို၍ အကျိုးပြုပါလိမ့်မယ်။

***အေးပါစေ၊ အောင်ပါစေ။***

**သန်းပညာ**




◆ အောင်ဆန်းဆရာတော်

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကိတ္တိသာရထေရ်



www.burmeseclassic.com

www.burmeseclassic.com



အစွမ်းထက်သည့်

# သဗ္ဗစည်းချဂါထာ

မိမိတို့၏ ပိုင်ဆိုင်သော ရတနာ ရွှေငွေ၊ ဥစ္စာပစ္စည်း အသုံးအဆောင်တို့အား သူခိုးဓားပြ စသော ဘေးအန္တရာယ်မှ ကင်းဝေးစေရန် အမျိုးမျိုးသောနည်းများဖြင့် ပြုလုပ်ကြပါသည်။

တချို့လည်း ဂါထာမန္တန်များ ရွတ်ဆို၍ လည်းကောင်း၊ အဆောင်အယောင်များဖြင့် လည်းကောင်း စီရင် ပြုလုပ်ကြပါသည်။ စည်းချဂါထာများ၊ ပရိတ်တော်များ ရွတ်ဖတ်၍လည်း ဆောင်ရွက်ကြပါသည်။

ထိုအကြောင်းအရာနှင့် ပတ်သက်၍ မိတ်ဆွေဖြစ်သူ ဦးသန်း၏ စည်းချဂါထာတစ်ပုဒ်ကို သတိရမိပါသည်။ တစ်နေ့...

'ဘာတွေ ရွတ်နေတာလဲဗျ'

ဟု ကျွန်ုပ်မှ မိတ်ဆွေအား မေးမြန်းသောအခါ ၎င်းမှ...

'ဪ...ဒါလား သဗ္ဗစည်းချဂါထာနဲ့ မိမိရဲ့ အိမ်ခြံကို စည်းချနေတာပါ'

ဟု ပြန်ဖြေပါသည်။

'ပြောစမ်းပါဦးဗျာ ခင်ဗျားဂါထာကို'

'မေးတော့ ပြောရတာပေါ့ဗျာ။ ဒီဂါထာကို ကျွန်တော်ရတာ (၃)နှစ်လောက် ရှိပြီဗျ။ ကျွန်တော့်သူငယ်ချင်းရဲ့ ဆရာကြီးတစ်ဦးဆီက ရခဲ့တယ် ဆိုပါတော့ဗျာ။ သိပ်စွမ်းတာဗျ။ မိမိနေအိမ်ကို သူခိုးဓားပြတင်မကဘူး ဘေးအန္တရာယ်ပြုမယ့် သတ္တဝါတွေတောင် မလာနိုင်ဘူး။

အိမ်ပြီးရွတ်မယ်ဆိုရင် မိမိကိုယ်ကို လုံခြုံစေတယ်။ ထိုင်ပြီးရွတ်ရင် တစ်အိမ်လုံး ချမ်းသာသုခ ရတယ်။ ထပြီးရွတ်ရင် တစ်ရွာလုံး ချမ်းသာတယ်။ ပြီးတော့ ကာလရောဂါ ပလိပ်ရောဂါ စတဲ့ ရောဂါအန္တရာယ် ကပ်ငြိ ရင်လဲ ကျောင်းဆိုရင် ကျောင်းလေးထောင့်၊ အိမ်ဆိုရင် အိမ်လေးထောင့်၊ ခြံလေးထောင့် မှာ ဂါထာကို ရေးဆွဲထားရင် အန္တရာယ်ကင်းတယ်။

လယ်ယာမြေတို့မှာ ပိုးမွှားများကျရင်လဲ လယ်ယာမြေ လေးထောင့်မှာ ရေးဆွဲပြီးထားရင် ပိုးမွှားတိရစ္ဆာန်တို့ရဲ့ ဘေးမှလဲ ကင်းဝေးနိုင်တယ်လို့ ဆိုတယ်ဗျ။ ကျွန်တော်တော့ လက်တွေ့ပဲဗျာ'

'အေးဗျာ ကြားရတာ သိပ်ပြီး ဝမ်းသာတယ်ဗျာ။ ခင်ဗျားရဲ့ ဂါထာလေးလဲ ပြောစမ်းပါဦး'

'ဂါထာက ဒီလိုဗျ'

ဟု ဆိုကာ ပြောပြပါတော့သည်။

---

သဗ္ဗစည်းချဂါထာ

---

အသမံ သဗ္ဗသတ္တာနံ၊

တာဏံ လေဏံ ပရာယနံ၊

သံသာရ ဘယဘီတာနံ၊

လေဏာနဂ္ဂံ နမာ မဟံ။

**ခက်ခဲသော ပါဠိအသံထွက်**

| | | |
|---|---|---|
| သဗ္ဗ | = | သတ်ဗ |
| သတ္တာနံ | = | သတ်တာနံ |
| နဂ္ဂံ | = | နက်ဂံ |

အနက်

**သံသာရဘယဘီတာနံ၊** သံသရာဘေးမှ ကြောက်တတ်ကုန်သော၊ **သဗ္ဗသတ္တာနံ၊** အားလုံးသော သတ္တဝါတို့၏၊ **အသမံ တာဏံ၊** အတုမရှိ ကိုးကွယ်ရာ ဖြစ်တော်မူသော၊ **အသမံ လေဏံ၊** အတုမရှိ ပုန်းအောင်းရာ ဖြစ်တော်မူသော၊ **အသမံ ပရာယနံ၊** အတုမရှိ မှီရာ လဲလျောင်းရာ ဖြစ်တော်မူသော၊ **လေဏာနံ၊** ပုန်းအောင်းရာဖြစ်သော ပုဂ္ဂိုလ်တို့တွင်၊ **အဂ္ဂံ၊** အမြတ်ဆုံး ဖြစ်တော်မူသော မြတ်စွာဘုရားကို၊ **အဟံ၊** အကျွန်ုပ်သည်၊ **နမာမိ၊** ရှိခိုးပါ၏။

(**မှတ်ချက်။** ။ လေဏာနဂ္ဂံကို လေဏာနံ အဂ္ဂံဟု ပုဒ်ဖြတ်ပါ။)

မှတ်ချက်

**၎င်းဂါထာကို အနည်းဆုံး(၇) ကြိမ် ရွတ်ဖတ်ပြီး စည်းချရပါမည်။**

***သင်ဆရာ၊ မြင်ဆရာတို့အား ဦးညွှတ်လျက်...***

**ဦးအုန်းမြင့်**
*(ဟသ်ာတ)*



www.burmeseclassic.com

www.burmeseclassic.com

► ကြော်ငြာ ◄

● မှတ်ပုံတင် - ၀၁၁၄၄ ၀၁၀၇၃၆ လိုင်စင် ၇၊၂၀၁၁၊ တဆထလတိုး (၁၃၁၂) ●

## နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

# အမောလုံ့ နှလုံးအားဆေးကိုဆောင်




'' ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး ''

'' ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွှမ်းကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ ''

'' နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး ''

'' နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္ဓိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ ''

'' ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ ''

'' ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ ''

'' ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် ''

'' ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် ''

'' သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး ''

'' သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ့နှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် ''

'' ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ့ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ ''

'' ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွှန့်၌ စူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ ''

'' ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ့ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ ''

'' အဆိကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ့ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် ''

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊**

အမှတ်-(ရ/၃၅၆)ပေတာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၈၈၆၃၂

**ဖြောင်းမြ ဟောင်ယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com

ဘုတလင်မြို့ ကြောင်ပန်းတောရနှင့် ပထမ ကြောင်ပန်းဆရာတော်ကြီး

စင်ဒိုင်ယ်

# အရှင်ကုဿလ

၏ ဘဝတောက်ကြောင်းများ (၁)

## ကြောင်ပန်းတောရ

ကြောင်ပန်းတောရသည် မုံရွာမြို့မှ (၂၁)မိုင် ကွာဝေးသော ဘုတလင်မြို့ တောင်ဘက်အဝင်ဝမြို့၏ အနောက်တောင်ထောင့်တွင် တည်ရှိသည်။ ကွင်းပိုးများ ထွက်သည့် တွင်းတောင်သည် ကြောင်ပန်းတောရမုခ်ဦးအနီးမှ တောင်ဘက်သို့ ခွဲထွက်သွားရလေသည်။

တောရအဝင်မုခ်ဦးတွင် "**ကြောင်ပန်းတောရ**"ကမ္ပည်းနှင့် "**၁၂၇၄-၁၃၇၄**"ဟူသော ခုနှစ်များ တွေ့ရသည်။ **ကြောင်ပန်းတောရ ထူထောင်ခဲ့သည်မှာ ၁၃၇၄ ခုနှစ်တွင် နှစ်တစ်ရာပြည့်ခဲ့ပြီ ဖြစ်သည်။**

## ကြောင်ပန်းအောင်မြေ

တောရအတွင်းဝင်ရောက်၍ လက်ရှိကြောင်ပန်း (အဋ္ဌမနာယက)ဆရာတော် ဦးအာလောကအား ဖူးတွေ့လျှောက်ထားရာ အားရဝမ်းသာကြိုဆိုကာ အမင်းဟင်း ချိုချဉ်သစ်သီးများ ကည်ခင်း စွန့်လှူတော်မူသည်။ ထို့နောက် ကျောင်းဝင်းအတွင်း မန်ကျည်းပင်ရှိရာသို့ ကိုယ်တိုင် လိုက်ပါပြသပေးသည်။

**ဆရာတော်ဦးကုဿလ (ပထမ ကြောင်ပန်းဆရာတော် လောင်းလျာ)**သည် "ဂျင်မယ်" တောင်၌ သုံးနှစ်သုံးဝါ သီတင်းသုံး နေထိုင်တော်မူပြီးနောက် မြောက်ဘက် တစ်မိုင်ခန့်အကွာ ဘုတလင်မြို့၏ အနောက်တောင်




● ဆရာတော်ကြီး ဦးကုဿလ မန်ကျည်းပင်ရင်း တောင်သီတင်းသုံးစဉ်

ယွန်းယွန်းရှိ တောရသို့ ပြောင်းရွှေ့တော်မူရာ ဤမန်ကျည်းပင်ရင်း၌ သပိတ်တစ်လုံး သင်္ကန်းသုံးထည်ဖြင့် သီတင်းသုံးတော်မူသည်။

ရက်အနည်းငယ်ကြာသော် ဒကာ၊ ဒကာမများက ကွပ်ပျစ်တစ်လုံး လှူဒါန်းကာ အပေါ်မှ နေပူမိုးရွာ ဒဏ်ခံနိုင်အောင် လှည်းပေါင်းမိုးကလေး လုပ်ပေးကြသည်။ ထိုကွပ်ပျစ် ပေါင်းမိုးကျောင်းကလေးတွင်ပင် ၁၂၇၄ ခုနှစ် ဝါကို ကပ်ဆိုတော်မူခဲ့သည်။

ယခုအခါ မန်ကျည်းပင်ရင်း၌ ကျောက်တိုင်တွင်...

'ပထမ ကြောင်ပန်းဆရာတော်ဘုရားကြီး ရှေးဦးစွာ သီတင်းသုံးဌာန ရုက္ခမူလကျောင်း' ဟူ၍ ကမ္ပည်းထိုး ထားရှိသည်ကို



www.burmeseclassic.com

www.burmeseclassic.com



● ကျောင်းပန်းတောရအဝင်

တွေ့ရသည်။ ကျောင်းပန်းတောရ သာသနာ့အောင်မြေဌာနကြီး ဖြစ်လေသည်။

အနီးတွင် အုတ်တိုက်ဗိမာန်အတွင်း ဆရာတော်ကြီး၏ ရုပ်တုကို ပူဇော်ထားကာ မန်ကျည်းပင်အခြေကို ဝန်းရံလျက် အုတ်တံတိုင်း ခတ်ထားသည်။ အဝင်မုခ်နဖူးစည်း၌...

'ပထမကျောင်းပန်းဆရာတော်ကြီး သီတင်းသုံးရာဌာန ရာပြည့်မှတ်ဦး'

ဟု ကမ္ပည်းထိုးထားသည်။ ဆရာတော်ကြီး ပြုစုခဲ့သည့် **ကျမ်း(၆)စောင်ကိုလည်း ကျောက်စာ ရေးထွင်း စိုက်ထူထားသည်**ကို တွေ့ခဲ့ရလေသည်။

## ကျုတ်တို့ ဌာနေ

ထိုစဉ်က ဤတောသည် ဆင်နေ၊ ကျားအောင်း တောနက်ကြီး မဟုတ်သော်လည်း သမင်၊ ဒရယ်၊ ယုန်ငယ် တိရစ္ဆာန်လေးများ ခိုအောင်းနေထိုင်ကြသည်။

ကျုတ်ဟု ခေါ်သည့် မြေ၌ ကျက်စားသော မြေဖုတ်ဘီလူးများလည်း ပေါများသဖြင့် နေ့ခင်းကာလတွင်ပင် အခြောက်အလှန့် ပေါ်များကာ တစ်ဦးတစ်ယောက်တည်း ဖြတ်သန်းသွားခြင်း မပြုဝံ့ကြချေ။

တစ်နေ့တွင် ဆရာတော်ကြီး ဆွမ်းခံပြန်လာရာ ကွပ်ပျစ်ကျောင်း ပေါင်းမိုးတွင်း ဝင်မည်ပြုစဉ် မိန်းမတစ်ယောက် ကွပ်ပျစ်ပေါ်ထိုင်လျက် ကလေးနို့တိုက်နေသည်ကို တွေ့ရ၏။


ထိုအခါ ဆရာတော်က **"ဟဲ့ ဒီနေရာက ငါ့နေရာကွယ့်၊ နင်တို့ဖယ်ကြစမ်း"** ငေါက်လိုက်ရာ ထိုမိန်းမသည် စူးစူးဝါးဝါး အော်ဟစ်ကာ ချာလည်ချာလည်ဖြင့်လှည့်၍ မြေကြီးတွင်း ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

ထိုညတွင် လှည်းသံ၊ လူသံ၊ ကလေးသံ ဆူဆူညံညံဖြင့် ပြောင်းရွှေ့သွားသည့် အသံကို ဘုတလင်မြို့သူမြို့သားများ ကြားကြရသည်။ **"ဘုန်းကြီးကြောင့် တို့ပြောင်းရတာ"** ဟုလည်း ပြောဆိုသွားကြသည်ဆို၏။

၁၃၃၅ ခုနှစ် ရောက်သောအခါ ကျောင်းပန်းတောရတွင် တတိယဆရာတော် ဦးဝီရိယ အုပ်ချုပ်သီတင်းသုံးစဉ် တောရနှင့် (နှစ်မိုင်)တစ်တိုင် ကျော်ဝေးသော **"ကျောက်အိုး"** ရွာသို့ ဆွမ်းခံရန် ဦးတေဇနှင့် ရှင်ပညာဝံသတို့ နံနက်စောစောထ၍ သွားကြရာ ရထားလမ်းဆီက လှည်းများစွာ မောင်းနှင်လာသည့်အသံကို ကြားကြသည်။ အနီးသို့ရောက်သော် မည်သည်ကိုမှ


www.burmeseclassic.com

www.burmeseclassic.com



● ရာပြည့်ဦး

မတွေ့ရပေ။

ထိုအကြောင်းကို **ဦးယုဝိန္ဒ(နောင် ဆဋ္ဌမကြောင်းပန်း ဆရာတော် ဖြစ်လာသည်။)**က ကြားရသဖြင့် တတိယ ဆရာတော်အား...

'ကျုတ်တွေ ဒီကျောင်းနားမှာ ရှိသေးသလား ဘုရား'

ဟု လျှောက်ထားရာ...

'သံလမ်းအရှေ့ဘက်မှာတော့ မရှိတော့ပါဘူး အနောက်ဘက်မှာတော့ ရှိသေးတယ်'

ဟု ပြန်လည် မိန့်ကြားတော်မူ၏။ တောရ၏ အနောက်ဘက်၌ ရထားသံလမ်း ရှိလေသည်။

*(ကြောင်းပန်းသာသနာပြု ပုဂ္ဂိုလ်ထူးများစာအုပ်၊ စာမျက်နှာ-၁၃၉၊ ၁၄၀)*

ကက္ကုန္ဓက စေတီတော်ကြီး

မြန်ကျည်းပင်ကြီး၏ ရှေ့ဘက်တွင် ကက္ကုန္ဓကစေတီတော်ကြီး ကိန်းဝပ်တော်မူသည်။ **"ကက္ကုန္ဓက မဟာစေတီတော်ကြီး ၁၃၅၂ ခုနှစ်"**ဟု ကမ္ပည်းထိုးထားသည်။

ပထမ ကြောင်းပန်းဆရာတော်ကြီး အရှင်ကက္ကုန္ဓက၏ အရိုးတော်ဓာတ်များကို ရုပ်ပွားဆင်းတုတော်၊ ဘုရားရှင် သရီရဓာတ်တော် ရဟန္တာဓာတ်တော်များနှင့်အတူ ဌာပနာပြုတည်ထားသော စေတီဖြစ်ကြောင်း သိရသည်။

ခရစ်နှစ် ၂၀၀၀ ပြည့်လွန်နှစ်များတွင် မောင်းထောင်ရွာအထက် ကူတော်ရွာအနီးရှိ ရွာမွန်သုသာန် ဆရာတော် ဦးဝိစာရအား ဖူးမြော်ပြီး အပြန် ဘုတလင်မြို့ အရောက်တွင် ကြောင်းပန်းတောရသို့ ဝင်ရောက်ကြည်ညိုလေ့လာဖြစ်ခဲ့သည်။

ထိုစဉ်က ဓမ္မာရုံအုတ်တိုက်ဆောင် အတွင်း ကိုးပေါက် ဖန်ပြားကလပ်ဖြင့် ပူဇော်ထားသော နီဝါပြာရွှေရောင်စုံ သပ္ပာယ်လှသည့် ဘုရားရှင်ဓာတ်တော်များ၊ ဖန်ကြုတ်, ဖန်ဘူး, ဖန်အိုးကြီး, ငယ်ဖြင့် ပူဇော်ထားသည့် ရဟန္တာဓာတ်တော်များ စုံလင်များပြားစွာ ဖူးတွေ့ခွင့်ရခဲ့သည်။

ထိုဓာတ်တော်များ အားလုံးကို ဤစေတီတွင် ဌာပနာပြု ပူဇော်ခဲ့သည်ဟု လက်ရှိဆရာတော်က မိန့်ကြားတော်မူသည်။

၁၂၈၈ ခုနှစ်၊ တန်ခူးလဆန်း(၁၁) ရက်နေ့တွင် ပထမကြောင်းပန်း ဆရာတော် ဦးကက္ကုန္ဓက၏ ရုပ်ကလာပ်တော်ကို တေဇောဓာတ်နသဘင် ကျင်းပ ပူဇော်ရာ၌ ဖန်လုံး၊ပုလဲလုံးများကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



အထိမ်းအမှတ်ကျောက်ပြား

ထူးခြားဝင်းပြောင်သော ဓာတ်များ ကျတော်မူခဲ့သည်ဟု သိရသည်။

ဤစေတီတွင် ပထမဆရာတော်ကြီး၏ အရိုးတော်ဓာတ်များကို သာမက တတိယဆရာတော် ဦးဝိရိယနှင့် စတုတ္ထဆရာတော် ဦးတိဿတို့၏ အရိုးတော်ဓာတ်များကိုလည်း ဌာပနာပြု ပူဇော်ထားသည်ဟု သိရသည်။

၁၃၂၆ ခုနှစ်တွင် ပျံလွန်သော စတုတ္ထဆရာတော် ဦးတိဿ၏ ဓာတ်တော်များကို ဣန္ဒကစေတီဝင်း အနောက်မြောက်ထောင့်တွင် ဂူသွင်းထားရှိခဲ့သည်။

၁၃၄၀ ပြည့်နှစ်တွင် တတိယဆရာတော် ပျံလွန်တော်မူသောအခါ နာယကဆရာတော်များ၏ ခွင့်ပြုချက်အရ ဆရာတော်နှစ်ပါး၏ အရိုးတော်ဓာတ်များကို စေတီတွင် ဌာပနာပြု ပူဇော်ခဲ့သည်။

တတိယဆရာတော်၏ အရိုးတော်ဓာတ်ကို စေတီ၏ တောင်ဘက်မှန်တွင် ဌာပနာ၍ စတုတ္ထဆရာတော်၏ အရိုးတော်ဓာတ်များကို မြောက်ဘက်မှန်၌ ဌာပနာပြုထားသည်။

**[ကျောင်းပန်းတောရ၏ ထူးခြားချက်တစ်ခုမှာ နာယကဆရာတော်တစ်ပါး ပျံလွန်တော်မူသောအခါမှ နောက်တစ်ပါး ဆက်ခံခြင်း မဟုတ်ဘဲ ပျံတော်မမူမီကာလကပင် ကြိုတင်လွှဲအပ်ကာ အခြားသော အရပ်ဒေသ ကျောင်းပန်းတိုက်ခွဲများ၌ လှည့်လည်သီတင်းသုံးခြင်း။ တစ်ပါးတည်း ကေစာရီကျင့်ကာ ဝိပဿနာ ရှုရကိုသာ အားထုတ်ခြင်း ပြုလေ့ရှိကြသည်။**

**ဒုတိယဆရာတော် ဦးသုဓာတ ပျံလွန်သောအခါ တတိယဆရာတော် ဦးဝိရိယက ပြည်မြို့မှ ကြွရောက်လာကာ ဈာပနကိစ္စအဝဝ ဆောင်ရွက်ပြီးနောက် လပိုင်းမျှသာ သီတင်းသုံး၍ စတုတ္ထဆရာတော် ဦးတိဿအား လွှဲအပ်ပေးခဲ့သည်။**

**စတုတ္ထဆရာတော် ပျံလွန်တော်မူချိန်၌ တတိယဆရာတော်သည် နတ္တလင်းမှ ပြန်လည် ရောက်ရှိနေသဖြင့် ဈာပနပွဲကျင်းပ ဆောင်ရွက်ပေးကာ တိုက်အုပ်ဆရာတော် ဦးနန္ဒိယကို ပဥ္စမနာယက ဆရာတော်အဖြစ် လွှဲအပ်ပေးသည်။**

**ပြီးသော် ဇာတိမြေ ပန်းသာရွာသို့ ကြွရောက် သီတင်းသုံးတော်မူသည်။ တတိယဆရာတော်သည် စတုတ္ထဆရာတော်ထက် (၁၄)နှစ် နောက်ကျမှ ပျံတော်မူခြင်း ဖြစ်သည်။]**

## သေမင်းကို ပြက်ရယ်ပြုသူ

ပထမ ကျောင်းပန်းဆရာတော်ကြီးသည် ၁၂၈၈ ခုနှစ်၊ တန်ဆောင်မုန်းလ မှစ၍ ကျန်းမာရေး ချို့ယွင်းခဲ့ရာ

www.burmeseclassic.com






◄ စေတင် သီတင်းသုံးရာ မန်ကျည်းပင်

ရုပ်တုပူဇော်ရာအဆောင် ►

ထိုင်ခြင်း၊ လျှောင်းခြင်းကိုပင် တပည့်များက ကူညီပေးရသည်။

ပြာသိုလဆန်း (၃)ရက်နေ့ညတွင် တပည့်တို့အား မန်ကျည်းသီး ရှာခိုင်း၍ သျှာကို ပွတ်ကြည့်သည်။ **"အင်း မရှိတော့ဘူးဟေ့ ကနေ့ည သွားတော့မှာ"**ဟု မိန့်တော်မူသည်။ အိပ်ခါနီးတွင် (တတိယဆရာတော် လောင်းလျာ) ဦးဝီရိယအား ဖယောင်းတိုင်မီး ယူလာစေ၍...

'ဝါလက်မောင်းမှာ သေသေချာချာ ကြည့်စမ်း ဘာတွေ့သလဲ'

'ဆေးနီထိုးထားတဲ့ ဝ,ကိုးလုံး တွေ့ပါတယ် ဘုရား'

'အေး ဒီဆေးဟာ အမြောက်နဲ့ပစ်တောင် မသေဘူးကွယ့်'

ဟု မိန့်တော်မူသည်။ တပည့်များသည် ဆရာတော်၏ခြေရင်း၌ တရားဘာဝနာ ကိုယ်စီပွားကာ အခြေအနေကို စောင့်ကြည့်ကြသည်။

နံနက်(၃)နာရီခန့်တွင် ဆရာတော်ထံမှ မည်သည့်အသံမျှ မကြားရသဖြင့် ခြင်ထောင် လှပ်ကြည့်ရာ ဆရာတော်ကြီးသည် လက်ယာဘက်သို့ စောင်းငဲ့ကာ စုတိပရိနိဗ္ဗာန် စံတော်မူသည်ကို တွေ့ကြရသည်။

မန်ကျည်းသီးပွတ်ပြီး **"မရှိတော့ဘူးဟေ့"**ဟု မိန့်သည်မှာ အချို့အချဉ် မသိ၊ လျှာအကြည် မရှိတော့ဟု ဆိုလိုခြင်းဖြစ်ကာ **"ဒီည သွားတော့မှာ"** ဟု မိန့်ကြားသည်။

**"ဒီဆေးဟာ အမြောက်နဲ့ ပစ်တောင်မသေဘူး"**ဟူသော စကားမှာ ကျိစယ်နောက်ပြောင်သော စကားဖြစ်ရာ **"အသင်သေမင်း၊ ဒီတစ်ခါ နောက်ဆုံး နိုပ်စက်ခြင်း ဖြစ်သည်။ နောင်တွင် နှိပ်စက်ခွင့်မရတော့"**ဟု သေမင်းကို ပြက်ရယ်ပြုသည့်ပမာ မိန့်ကြားခဲ့သည်။

တပည့်များအား မိမိကဲ့သို့ သေခြင်းကို ရဲဝံ့စွာ ရင်ဆိုင်ကြရန် စံနမူနာ ပြသွားခြင်း ဖြစ်လေသည်။ ***(ကြောင်ပန်းသာသနာပြုပုဂ္ဂိုလ်ထူးများ စာမျက်နှာ-၁၉၅)***

ပီဇွာဆေး

ပထမ ကြောင်ပန်းဆရာတော် ဦးကုဏ္ဍကသည် မောင်းထောင်ရွာမြောက်ဘက် ဝက်ရဲတော၌ သီတင်းသုံးနေစဉ် တစ်နေ့တွင် ဒကာတစ်ဦး ရောက်လာသည်။

'အရှင်ဘုရားတို့ တောနေပုဂ္ဂိုလ်များမှာ ကျန်းမာရေး အလွန်အရေးကြီးပါတယ်။ တပည့်တော်ရဲ့ဆေးကို ပျားရည်တစ်ပိဿာနဲ့ရောပြီး တစ်နေ့ တစ်ငွေနီး တစ်ငွေနီးသာ ဘုဉ်းပေးပါဘုရား'

ဟု လျှောက်ထားကာ စက္ကူထုပ်ကလေးတစ်ထုပ် ကပ်လှူသည်။ **"ဖျာအောက်ထားခဲ့"**ဟု မိန့်သဖြင့် ထိုလူလည်း ဖျာအောက်တွင်ထား၍ ပြန်သွား၏။

တစ်နေ့တွင် လေနာသဖြင့် ကပ္ပိယအား ပျားရည် ရှာခိုင်းသည်။ ပျားရည် တစ်ပန်းကန်မျှရ၍ ဆေးထုပ်ကို ယူခိုင်းရာ ဆေးမှာ ပိုးဟပ်ချေး ပမာဏမျှသာ တွေ့ရသည်။

ရွှေလ ဆက်ဖတ်ပါရန်

ဖင်ညိုငယ်



www.burmeseclassic.com

www.burmeseclassic.com

ဉာဏ်ပွင့်ကြည်ကာ

# လိုအင်ဆန္ဒ ပြည့်ဝပါစေ

အောင်နန္ဒ (ကျိုက်လတ်)



လွန်ခဲ့သော (၁၆)နှစ်ခန့်က ကျွန်ုပ်သည် သင်ဖော်သင်ဖက်(၂)ဦးနှင့်အတူ ဆရာဦးစိန်လှိုင်(ကျိုက်လတ်)ထံတွင် ဗေဒင်ပညာရပ်များကို (၂)လကျော်ကျော် သင်တန်းတက်ကာ သင်ကြားခဲ့ပါသည်။

စိတ်ဓာတ် အလွန် ကောင်းလွန်းသော ဆရာသည် ဗေဒင်ပညာရပ်မျိုးစုံကိုသာမက ဂါထာ,မန္တန်များ၊ အင်း,စမပညာရပ်များ၊ ဂမ္ဘီရပညာရပ်များကိုပါ စေတနာ ဗရပွဖြင့် သင်ကြားပေးခဲ့ပါသည်။

နံနက်(၁၁)နာရီတွင် သင်တန်းစပါသည်။ သင်တန်းချိန် စစချင်း ဆရာသည် ကျွန်ုပ်တို့အား ဗေဒင်ပညာရပ်များကို ရှေးဦးစွာ စတင် သင်ကြားခြင်းမပြုဘဲ ဂါထာ,မန္တန်တို့ကို အရင်ဆုံး သင်ကြားပေးပါသည်။

ထိုဂါထာ,မန္တန်တို့ကို သင်ကြားပေးပြီးမှသာ ဗေဒင်ပညာရပ်များကို စတင် သင်ကြားပေးပါသည်။ ယနေ့ သင်သော ဂါထာ,မန္တန်တို့ကို နောက်တစ်နေ့တွင် အလွတ်ပြန်ပြရပါသည်။

နေ့စဉ် အလွတ်ပြန်ရပါသည်။ နောက်တစ်နေ့မှ အလွတ် မပြန်နိုင်လျှင် ဗေဒင်ပညာများ ဆက်မသင်ပေးဟု ဆိုသောကြောင့် ကျွန်ုပ်တို့သည် ဆရာ သင်ကြားပေးသော ဂါထာ,မန္တန်များကို နေ့စဉ် အလွတ်ရအောင် ကျက်မှတ်ရပါသည်။

ဤသို့ဖြင့် ကျွန်ုပ်သည် (ဆရာ၏ ကျေးဇူးကြောင့်) ဂါထာ တော်တော်များများကို ရင်းနှီးနေကာ အလွတ် အာရုံ ရရှိခဲ့ပါတော့သည်။

ဆရာ သင်ကြားပေးခဲ့သော ဂါထာ, မန္တန်များမှ **ဉာဏ်ပညာကို အသုံးပြုနေရသူများ၊ ဉာဏ်ပညာကို အထူးအားစိုက်ကာ အလုပ် လုပ်ကိုင်နေကြရသူများ၊ မှတ်ဉာဏ်ကောင်းလိုသူများ၊ ဉာဏ်ပွင့်လင်းလိုသူများ၊ ဉာဏ်ထိုင်းသူများ**အတွက် အထူးသင့်တော်သော **"ဉာဏ်တော်(၉)ပါး"** ပုတီးစိပ်ကျင့်စဉ်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ပရိသတ်ကြီးအတွက် အသုံးတည့်၊ အကျိုးများစေရန် ရေးသား တင်ပြပေးလိုက်ပါသည်။

တရားဘာဝနာ ကျင့်ကြံအားထုတ်နေကြသူများ၊ ပညာရပ်အသီးသီးကို လေ့လာ လိုက်စားနေကြသူများနှင့် ကျောင်းသား ကျောင်းသူများအတွက် အထူးသင့်တော်ကာ အလွန် အကျိုးထူးမည်ဖြစ်ပါသည်။ ယုံယုံကြည်ကြည်ဖြင့် ကျင့်ကြံပွားများ အားထုတ်ကြပါလော။

**[သရဏဂုံ(၃)ပါး ပါဝင်နေသော ဤကျင့်စဉ်သည် ဉာဏ်ပညာကောင်းဖို့ တစ်ခုတည်းအတွက်သာ မဟုတ်ဘဲ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေး၊ ဘုန်းတန်ခိုးကြီးရေး၊ ဘေးကင်းရေး အစရှိသော အရေးမျိုးစုံတို့ကိုလည်း အကျိုးပြု၊ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကာ လိုအင်ဆန္ဒ ဟူသမျှတို့ကိုလည်း ပြည့်စုံပြည့်ဝနိုင်မည်ဖြစ်ပါသည်။ ယုံလျှင် ကြည်ပါလိမ့်မည်။]**

* * *

ဉာဏ်တော်ကိုးပါး ပုတီးစိပ်

| | | |
|---|---|---|
| ၁။ သဗ္ဗညုတ ဉာဏံ | – | ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ |
| ။ ။ | | ဓမ္မံ သရဏံ ဂစ္ဆာမိ။ |
| ။ ။ | | သံဃံ သရဏံ ဂစ္ဆာမိ။ |
| ၂။ ပုဗ္ဗေ နိဝါသ ဉာဏံ | – | ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ |
| ။ ။ | | ဓမ္မံ သရဏံ ဂစ္ဆာမိ။ |
| ။ ။ | | သံဃံ သရဏံ ဂစ္ဆာမိ။ |
| ၃။ ဒိဗ္ဗ စက္ခု ဉာဏံ | – | ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ |
| ။ ။ | | ဓမ္မံ သရဏံ ဂစ္ဆာမိ။ |
| ။ ။ | | သံဃံ သရဏံ ဂစ္ဆာမိ။ |
| ၄။ အာသဝက္ခယ ဉာဏံ | – | ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ |
| ။ ။ | | ဓမ္မံ သရဏံ ဂစ္ဆာမိ။ |
| ။ ။ | | သံဃံ သရဏံ ဂစ္ဆာမိ။ |
| ၅။ ဝိပဿနာ ဉာဏံ | – | ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ |
| ။ ။ | | ဓမ္မံ သရဏံ ဂစ္ဆာမိ။ |
| ။ ။ | | သံဃံ သရဏံ ဂစ္ဆာမိ။ |
| ၆။ မနောမယိဒ္ဓိ ဉာဏံ | – | ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ |
| ။ ။ | | ဓမ္မံ သရဏံ ဂစ္ဆာမိ။ |
| ။ ။ | | သံဃံ သရဏံ ဂစ္ဆာမိ။ |
| ၇။ စေတောပရိယ ဉာဏံ | – | ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ |
| ။ ။ | | ဓမ္မံ သရဏံ ဂစ္ဆာမိ။ |
| ။ ။ | | သံဃံ သရဏံ ဂစ္ဆာမိ။ |
| ၈။ ဒိဗ္ဗသောတ ဉာဏံ | – | ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ |
| ။ ။ | | ဓမ္မံ သရဏံ ဂစ္ဆာမိ။ |
| ။ ။ | | သံဃံ သရဏံ ဂစ္ဆာမိ။ |
| ၉။ ဣဒ္ဓိဝိဓ ဉာဏံ | – | ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ |
| ။ ။ | | ဓမ္မံ သရဏံ ဂစ္ဆာမိ။ |
| ။ ။ | | သံဃံ သရဏံ ဂစ္ဆာမိ။ |

(၉)လုံးစိပ်ပုတီးဖြင့် တစ်နေ့ (၁)ပတ် (၉)ရက်စိပ်ပါ။ [အမှတ်(၁)မှ အမှတ်(၉)အထိ ဆုံးအောင် ရွတ်ပြီးမှ ပုတီးတစ်လုံးချပါ။] **အဓိဋ္ဌာန်ပြု၍** စိပ်ပါ။ နေ့စဉ် စိပ်သွားနိုင်လျှင် အကောင်းဆုံး ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ခက်ခဲသော ပါဠိအသံထွက်

**သဗ္ဗညုတ ဉာဏ်** =သပ်ဗင်ညုတ ညာန်

**ပုဗ္ဗေနိဝါသ ဉာဏ်** =ပုပ်ပေနိဝါသ ညာန်

**ဒိဗ္ဗစက္ခု ဉာဏ်** =ဒိပ်ဗစက်ခု ညာန်

**အာသဝက္ခယဉာဏ်** =အာသဝက် ခယညာန်

**ဝိပဿနာ ဉာဏ်** =ဝိပတ်သနာ ညာန်

**မနောမယိဒ္ဓိ ဉာဏ်** =မနောမယိတ်ဓိ ညာန်

**ဒိဗ္ဗသောတ ဉာဏ်** =ဒိပ်ဗသောတ ညာန်

**ဣဒ္ဓိဝိဓ ဉာဏ်** =အိတ်ဓိဝိဓ ညာန်

ဉာဏ်တော်ကိုးပါး အနက်အဓိပ္ပာယ်

၁။ **သဗ္ဗညုတ ဉာဏ်** ။ ။ သိစရာဟူသမျှ မကြွင်းကျန်ရအောင် အစမှ အဆုံးတိုင် အကြွင်းမရှိ အားလုံးကို သိတော်မူသောဉာဏ်။

၂။ **ပုဗ္ဗေနိဝါသ ဉာဏ်** ။ ။ ရှေးရှေးဘဝ၌ တွေ့ကြုံခဲ့သမျှကို ပြန်၍ အောက်မေ့နိုင်သောဉာဏ်။

၃။ **ဒိဗ္ဗစက္ခု ဉာဏ်** ။ ။ ဝေးကွာသော အဆင်း၊ ဖုံးကွယ်သော အဆင်း၊ သေးငယ်သော အဆင်းတို့ကို နတ်မျက်စိအသွင်ဖြင့် ပျက်မှောက်ထင်ထင် သိမြင်နိုင်သောဉာဏ်။

၄။ **အာသဝက္ခယ ဉာဏ်** ။ ။ ကိလေသာ အာသဝေါတရားဆိုးတို့ကို အကြွင်းမဲ့ ကုန်စေနိုင်သော အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဉာဏ်။

၅။ **ဝိပဿနာ ဉာဏ်** ။ ။ ရုပ်နာမ်တရားအားလုံးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု သိမြင်နိုင်သောဉာဏ်။

၆။ **မနောမယိဒ္ဓိ ဉာဏ်** ။ ။ မိမိခန္ဓာကိုယ်နှင့် အလားတူ အခြား ခန္ဓာကိုယ်တစ်မျိုးကို စိတ်ဖြင့် ဖန်ဆင်းနိုင်သောဉာဏ်။

၇။ **စေတောပရိယ ဉာဏ်**။ ။သူတစ်ပါး၏စိတ်ကို သိသောဉာဏ်။

၈။ **ဒိဗ္ဗသောတ ဉာဏ်** ။ ။ ဝေးကွာသော အသံ၊ ဖုံးကွယ်သောအသံ၊ သေးငယ်သောအသံတို့ကို နတ်နားအသွင်ဖြင့် ပကတိနားဖြင့် ကြားသကဲ့သို့ပင် ကြားသိနိုင်သောဉာဏ်။

၉။ **ဣဒ္ဓိဝိဓ ဉာဏ်**။ ။ မြေလျှိုးမိုးပျံစသည်ဖြင့် တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သော ဉာဏ်။

ဤကျင့်စဉ်ဖြင့် မြတ်စွာဘုရား၏ ဉာဏ်တော်များကို ပူဇော်၍ လိုအင်ဆန္ဒများ ပြည့်စုံရရှိနိုင်ကြပါစေ။

*ဘဝအစစ လှကြပါစေ။*

**အောင်နန္ဒစံ**
*(ကျိုက်လတ်)*

# ဝမ်းကိုက်ရောဂါ ဖြစ်ခဲ့သော

မြန်မာ့တိုင်းရင်း ဆေးမြီးတိုအကြောင်းနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော ဆေးစွမ်းတစ်လက်ကို အများသိစေလိုခြင်း အလို့ငှာ ရေးသားဖော်ပြလိုက်ပါသည်။

လွန်ခဲ့သော ၂၀၀၃ ခုနှစ်က ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်မှာ ဝမ်းကိုက်ခြင်းပင်ဖြစ်သည်။ ဝမ်းကိုက်ရောဂါကို (၂)ပတ်တိတိ ခံစားရသည်။

အစိုးရဆေးရုံတစ်ရုံတွင် ပြသပါသော်လည်း ရောဂါမှာ မသက်သာဘဲရှိရာ ထိုဆေးရုံမှတစ်ဆင့် ကုစက်ဆေးရုံသို့ ပို့ပေးမည်ဟူသော သတင်းကို ကြားရုံမျှနှင့် ကျွန်မ၏ ဦးခေါင်းမှာ နှိုထက် နှစ်ဆ ပို၍ကြီးသွားပါတော့သည်။ လူမှာလည်း အစားမဝင်တော့ဘဲ ထမင်းရည်ကိုသာ အဖော်ပြုနေခဲ့သည်။

ထိုအချိန်တွင် အကြံကုန် ဂဠုန်ဆားချက်ဆိုသကဲ့သို့ ကျွန်မ၏ အိမ်နီးချင်းအဒေါ်တစ်ယောက်ပြောသော တိုင်းရင်းဆေးကို သောက်ရန် ကြံရွယ်ပါတော့သည်။ အမှန်အတိုင်း ဝန်ခံရလျှင် ထိုဆေးနည်းကို ကျွန်မအား အစောကြီးကတည်းက ပြောပါသော်လည်း တိုင်းရင်းဆေးကို အထင်မကြီးတတ်သောစိတ်ကြောင့် မသောက်ခဲ့ခြင်း ဖြစ်သည်။

နောက်ဆုံး ကောက်ရိုးတစ်မျှင်ကို



ဆွဲကိုင်ရန် အကြံဖြင့် သောက်ခဲ့ရာ ဆေးတစ်ခွက်တည်းနှင့်ပင် သိသိသာသာ သက်သာခဲ့ပါသည်။ ဆေးသုံးခွက်လောက် သောက်ပြီးသောအခါ သက်သာ ပျောက်ကင်းခဲ့ပါတော့သည်။ ဆေးနည်းမှာ ဤသို့တည်း...

မြင်းခွာရွက်ကိုထောင်း၍ အရည်ညှစ်ပြီး ပျားရည်နှင့် ဆတူရောပြီး သောက်ရန်ပင် ဖြစ်သည်။

**ခွန်းရီ(*မြန်မာစာ*)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




# ကျားမှန်လျှင် အားသန်ရအောင် ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"ကိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့ကုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေးထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညိုးပန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ဧည့်သည်လဲပါလာတာကိုး၊ ကဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ကဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ ကိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောဟတ္ထမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုက်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်။ ပန်းညိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုက်လွှတ်ခြင်း၊ သုက်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

**ဆေးထုတ်လုပ်ပင်ရင်း**
အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊
(၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)

**ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန**
အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်ခြမ်း၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com

ကဘော်ချိုင့်ဝှမ်း တမူးမြို့က တန်ခိုးကြီး နယ်ရှင်ပယ်ရှင်

# ဘိုးသီလအရှင်

မောင်နွယ်ဟိန်း



ကဘော်ချိုင့်ဝှမ်းဒေသ၊ တမူးမြို့နယ်တစ်နယ်လုံး ကိုးကွယ်နေသော နယ်ရှင်ပယ်ရှင် သူတော်စင်ဘိုးသီလအရှင်နန်းတော်သည် မြို့မ သာသနာ့နယ်မြေ၏ အနောက်မြောက်ဘက်တွင် တည်ရှိပါသည်။

တမူးမြို့နယ်သားတို့ ဘိုးစဉ်ဘောင်ဆက် ကိုးကွယ်ခဲ့သော သူတော်စင်ပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။ သာကီဝင်မျိုးနွယ်တို့ ဝိဋူဋ္ဋဘရန်စွယ်ကြောင့်မောရုဂ်ခေါ် ယခု ကဘော်ချိုင့်ဝှမ်းဒေသသို့ ပြောင်းရွှေ့လာကြရာတွင် တော်မြူစင်ကြယ်နှင့် သူတော်စင်တစ်ဦးပါလာသည်။

အဆိုပါ သူတော်စင်အဘိုး ကွယ်လွန်ပြီးနောက် စဉ်ဆက်မပြတ် ကိုးကွယ်လာခြင်း ဖြစ်ပါသည်။ မြို့ရွာနယ်ပယ် အန္တရာယ်မကျရောက်အောင် စောင့်ရှောက်သော နယ်ရှင်ပယ်ရှင် သူတော်စင်တစ်ပါး ဖြစ်ပါသည်။

**အဘိုးဘိုးသီလရုပ်တော်မှာ မတ်တတ်ရပ်လျက်ညာဘက်တွင် တောင်ဝှေးတစ်ချောင်း ထောက်ထားပြီး၊ ဘယ်ဘက်လက်တွင် ဦးပတီး ကိုင်ဆောင်ထားပါသည်။ အဖြူရောင် တောင်ရှည်ပုဆိုးနှင့် အဖြူရောင် တိုက်ပုံအင်္ကျီကို ဝတ်ဆင်ထားသည်။ ဦးထိပ်အလယ်တည့်တည့်၌ ဆံထုံးထုံးပြီး ခေါင်းရစ်ကို ဆောင်းထားသည်။ ဆံတော်မင်းစားများ ဖြစ်ကြပါသည်။**

အဘိုးဘိုးသီလရုပ်တုတော်၏ လက်ဝဲဘက်တွင် မြင်းဖြူတစ်စီးရှိပါသည်။ အဘိုးဘိုးသီလသည် ဝိဋူဋ္ဋဘရန်ကြောင့် တိမ်းရှောင်ရာသော သာကီဝင် မင်းမျိုးမင်းနွယ်တို့နှင့်အတူ ပါလာသည့် သူတော်စင်ပုဂ္ဂိုလ်ကြီးဖြစ်ပြီး သူ့ကို မင်းသားကြီး မဟာနမ်ဖြစ်ကြောင်း ယုံကြည်ကြသည်။

အရှင်အနုရုဒ္ဓါမထေရ်၏ နောင်တော်ကြီး ဖြစ်သည်။ ဗုဒ္ဓရှင်တော်၏ အဆွေတော် သုဒ္ဓေါဒနမင်းကြီးသည် ဗုဒ္ဓဘုရားရှင်၏ တရားတော်နှင့်အညီ ကျင့်ကြံအားထုတ်ရာ ရာဇပလ္လင်ပေါ် ထီးဖြူအောက်တွင် ပရိနိဗ္ဗာန် စံတော်မူသည်။

ကပိလဝတ်ပြည်ကို မဟာနမ်မင်းကြီးက ဆက်လက်အုပ်ချုပ်သည်။ ဤသို့ အုပ်ချုပ်နေစဉ် ဝိဋူဋ္ဋဘရန်ကြောင့် သာကီဝင်များသည် မောရုဂ်

www.burmeseclassic.com

သို့ ပြောင်းရွှေ့လာကြရာ မဟာနမ်မင်းသားကြီး ပါလာခြင်း ဖြစ်သည်ဟု ဆိုပါသည်။

မဟာနမ်မင်းကြီးမှာ သောတာပန် အရိယာကြီးဖြစ်ကြောင်း သိရှိရပါသည်။ သီလနှင့် ပြည့်စုံသဖြင့် မြို့သူမြို့သားများက ဘိုးသီလဟု ခေါ်တွင်ခဲ့ရာမှ ယနေ့တိုင် စွဲမြဲလျက်ရှိပါသည်။ အဘိုးဘိုးသီလအရှင်ကြီးသည် တမူးမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်အဆုံး ဩဇာ သက်ရောက်ပါသည်။

အဘိုးဘိုးသီလတွင် လက်ယာတော်ရဲ့ စစ်သူကြီးသုံးပါးမှာ...

၁။ ဝဲဇလွှန်စစ်သူကြီး၊
၂။ ဝဲဇလောင်စစ်သူကြီးနှင့်
၃။ ဇလုံမော်စစ်သူကြီး

တို့ ဖြစ်ကြသည်။

လက်ဝဲတော်ရဲ့ စစ်သူကြီးသုံးပါးမှာ...

၁။ နွှမ်းခေါမ စစ်သူကြီး၊
၂။ မုသီပါ စစ်သူကြီးနှင့်
၃။ နန်းသညစ် စစ်သူကြီး

တို့ ဖြစ်ကြလေသည်။

**ပူဇော်ခြင်း**

နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့ နှင့် နှစ်ဆန်း(၁)ရက်နေ့များတွင်သက်သတ်လွတ် ထမင်းဟင်းများ၊ မုန့်ဖြူမုန့်နီ၊ သစ်သီးနှင့် ဆန်ပန်းပေါက် ပေါက်များ၊ ဆင်စာမြင်းစာများ၊ ညအချိန် ထွန်းညှိရန် ဖယောင်းတိုင်များ၊ အမွှေးတိုင်များဖြင့် ပူဇော်လေ့ရှိကြပါသည်။ နံနက်လေးနာရီမှစ၍ စည်ကားစွာလာရောက်ပူဇော်ကြသည်။

**ယုံကြည်မှု**

ရှေးအခါက ကလေးသူငယ်များ နေထိုင်မကောင်းဖြစ်လျှင် အဘိုး



ဘိုးသီလထံ အပ်နှံ၍ ရောဂါကင်းရှင်းစေကြောင်း မစ,ကြည့်ရှုပေးရန် တောင်းဆိုကြသည်။ သိသိသာသာ ပျောက်ကင်းကြောင်း သိရှိရပါသည်။

နယ်သူနယ်သားများသည် မိမိ၏ ရင်သွေးများ သာသနာ့ဘောင်သို့ သွတ်သွင်းရေးအတွက် ရှင်ပြုအလှူပွဲ မတိုင်မီ (၁)ရက်အလိုတွင် အဘိုးဘိုးသီလအား အပ်နှံပြသရသည့် အစဉ်အလာရှိခဲ့သည်။

လယ်ယာများ ပိုးကျလျှင် သက်သတ်လွတ်ထမင်း၊ ဟင်း၊ သစ်သီးများ တင်သ၍ တိုင်တည်ကြသည်။ ဤသို့ တိုင်တည်ပြီးနောက် လယ်ယာများသို့ ဆက်ရက်အုပ်များ လာရောက်ကာ လယ်ယာဖျက်ပိုးမွှားများကို ရှင်းလင်းပေးကြသည်ဟု ပြောပါသည်။

မော်တော်ကား၊ မော်တော်ဆိုင်ကယ်များ အသစ်ဝယ်လာလျှင် အဘိုးဘိုးသီလ နန်းတော်ရှေ့တွင် ပြသပြီး ဖယောင်းတိုင်များ၊ အမွှေးတိုင်များ၊ ငှက်ပျောအုန်းစွဲများနှင့် ပူဇော်ပသကာ စောင့်ရှောက်ပေးပါရန် တောင်းပန် တိုင်တည်ကြသည်။

ခရီးဝေးသို့ ထွက်ခွာမည့် မော်တော်ယဉ်များကိုလည်း နန်းတော်ရှေ့တွင် အဘိုးဘိုးသီလအား သုံးကြိမ်ဦးတိုက်ပြီး ပူဇော်ကြသည်။ ခရီးလမ်းပန်းချောမွေ့ပြီး အန္တရာယ်ကင်းသည်ဟု ယုံကြည်ကြပါသည်။

ဤဒေသ၊ ဤမြို့နယ်တွင် သဘာဝဘေးအန္တရာယ် ကြီးကြီးမားမား မဖြစ်ဘူး၊ မကြုံဘူးခြင်းသည်လည်း အဘိုးဘိုးသီလအရှင် စောင့်ရှောက်မှုကြောင့်ဟု ယုံကြည်ကြပါသည်။ ဒုတိယကမ္ဘာစစ်အတွင်းကလည်း ဤဒေသသည် စစ်မြေပြင်၊ စစ်လမ်းကြောင်းဖြစ်ခဲ့သော်လည်း ဒေသခံများသည် စစ်ဘေးစစ်ဒဏ်ကြောင့် အသေအပျောက် နည်းပါးခဲ့ခြင်းမှာလည်း အဘိုးဘိုးသီလအရှင်၏ စောင့်ရှောက်မှုကြောင့်ဟု ဆိုပါသည်။

အလွန်ဆိုးရွား ရက်စက်သော ဖက်ဆစ်ဂျပန်များ၏ ရက်စက်ယုတ်မာမှုဒဏ်ကို မခံရအောင် အဘိုးဘိုးသီလက စောင့်ရှောက်ခဲ့သည်။ ထို့ကြောင့်လည်း ကဘော်ချိုင့်ဝှမ်းဒေသ တစ်ခုလုံးက အားထားရာ ဖြစ်ခဲ့သည်။

အခြား ဘာသာခြားအချို့ကလည်း အန္တရာယ်ကင်းရေး၊ စီးပွား လာဘ်လာဘ တိုးပွားရေးအတွက် အဘိုးဘိုးသီလအား လာရောက် ဆည်းကပ်လှူဒါန်းခြင်း၊ တိုင်တည်ခြင်းများ ပြုကြပါသည်။ ညနေပိုင်းတွင် ဖယောင်းဆီမီး၊ အမွှေးတိုင်များဖြင့် လာရောက်ပူဇော်ကြသည်မှာ နေ့စဉ် စည်ကားလျက် ရှိပါသည်။

ဤသို့ဖြင့် အဘိုးဘိုးသီလသည် ကဘော်ချိုင့်ဝှမ်း တမူးမြို့နယ်၏ အစဉ်အဆက် ကိုးကွယ်အားထားရာ ကျေးဇူးရှင် သူတော်စင်ကြီး ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**မောင်နွယ်သန့်**

F.4B. February, 2014.



www.burmeseclassic.com

www.burmeseclassic.com



မောင်လင်းနိုင်

ပေလီကမ်းခြေ လင်းသာရွာသို့ ရောက်သွားခဲ့သည့်

# ရဟန်းတို့ ဝဋ္ဋိုလ်ရေးတော်စိုး

ကျွန်တော် ရန်ကုန်တွင် ရှိနေစဉ်က သံတွဲမြို့ ပေလီကမ်းခြေ လင်းသာရွာ (ယခု ကျွန်တော် နေထိုင်သောရွာ)တွင် အဖြစ်အပျက်တစ်ခု ဖြစ်ပျက်သွားခဲ့သည်။

အဖြစ်အပျက်မှာ ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ်တော့ မဟုတ်ပါ။ လင်းသာရွာကို ရဟန်းပျိုတစ်ပါး ရောက်ရှိလာခဲ့ပါသည်။ အဖြစ်အပျက်မှာ ထိုရဟန်း



www.burmeseclassic.com

www.burmeseclassic.com

ပျိုကလေး၏ အဖြစ်အပျက် ဖြစ်ပါသည်။

ရဟန်းငယ် ရဟန်းပျို ဆိုသော်လည်း အသက်(၂၀)ကျော်၊ (၃၀)တော့ မကတော့ပါ။ လေးဆယ်ကျော်၊ ငါးဆယ်ဝန်းကျင်လောက်တော့ ရှိပါပြီ။

ကျွန်တော် ရွာပြန်ရောက်တော့ ထိုအကြောင်းတွေ မသိရသေးပါ။ ရွာမှာ တစ်နှစ်ကျော်ကျော် နေလာပြီးမှ ကျွန်တော် စာပေဝါသနာပါကြောင်း၊ မဂ္ဂဇင်းများတွင် စာရေးနေကြောင်း ပြောကြဆိုကြရင်းမှ ထိုရဟန်းပျိုကလေးအကြောင်း ရောက်ရှိသွားပြီး ပြောကြဆိုကြတော့သည်။

ကျွန်တော်ကလည်း ရနိုင်သမျှ မေးရ စမ်းရတော့သည်။

'ပြောစမ်းပါဦးဗျာ ဒီရဟန်းပျိုကလေးရဲ့အကြောင်း၊ ဘွဲ့ကရော ဘယ်လို ခေါ်သတဲ့လဲ'

'ရဟန်းပျို ဆိုပေမယ့် ငယ်တော့လဲ သိပ် မငယ်လှဘူးကွယ့်။ လေးဆယ်ကျော်လောက်တော့ ရှိရောပေါ့။ သူ့ဘွဲ့ကိုတော့ ဘယ်သူမှ သိကြပုံ မပေါ်ဘူး။ ဒါပေမယ့် ဒီရွာက ခေါ်ကြတာကတော့ **"ဦးသိဒ္ဓိ"**လို့ ခေါ်ကြတယ်။ သူက တို့ရွာဦးထိပ်က ဘုရားတောင်မှာ နေတာလေ'

'ဘယ်က ကြွလာတာတဲ့လဲဗျ။ မသိကြဘူးလား'

'ဘယ်က ကြွလာတာလဲ ဆိုတာလဲ သိကြပုံတော့ မရှိဘူး။ ရန်ကုန်ကလိုလို၊ ပဲခူးဘက်ကလိုလို ပြောကြတာပဲ။ တစ်ခါတစ်ခါ သူ စကားပြောရင်း ရန်ကုန်တို့၊ ပဲခူးတို့ ပါ,ပါလာတတ်လို့ ခန့်မှန်းပြီး ပြောရတာလေ'

* * *

လင်းသာရွာ၏ ရွာဦးတွင် တောင်ကလေးတစ်တောင် ရှိသည်။ သိပ်အမြင့်ကြီးတော့မဟုတ်ပါ။ တောင်ကမူ တောင်ပူစာဟု ခေါ်နိုင်သည့် တောင်ကုန်းကလေးတစ်ခုသာ ဖြစ်သည်။

ထိုတောင်ကုန်းကလေးတွင် ရှေးရွာလူကြီးများက စေတီတစ်ဆူ တည်ထားခဲ့သည်။ စေတီ၏ဘေးတွင် ဘုရားဖူးများ နားနေရန် ဇရပ်ကလေးတစ်ဆောင် ဆောက်လုပ်ထားခဲ့သည်။

ဘယ်ဘုန်းကြီး၊ ဘယ်ရဟန်းမှ ညအိပ်ညနေ နေထိုင်ခြင်း မရှိခဲ့ချေ။ အခါကြီးရက်ကြီးဖြစ်သော သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ သင်္ကြန်ရက်များတွင် ပျော်ပွဲရွှင်ပွဲအဖြစ် လည်းကောင်း၊ မီးထွန်းပွဲတော်များအဖြစ် လည်းကောင်း အရပ်ဇာတ်ကလေး ခင်းကျင်းပြသကြသည်။

ယခု ဘုရားတောင်၏ ဇရပ်တွင် ရန်ကုန်ဘက်မှ ရောက်ရှိလာသော ရဟန်းပျိုတစ်ပါး နေထိုင်နေတော့သည်။ သူသည် သူတစ်ပါးတည်းသာ နေထိုင်သည်။

ရွာမှ ကြည်ညိုသူ ဒကာ,ဒကာမများ လာရောက်လျှင် မလာနှင့်ဟု မပြောမဆို။ သို့သော် နောက်တစ်ကြိမ် မလာအောင် နှင်တတ်သည်။ သူ နှင်ပုံနှင်နည်းများမှာ ယဉ်ယဉ်ကလေး ဖြစ်သည်။

ဒကာဖြစ်စေ၊ ဒကာမဖြစ်စေ ရောက်လာလျှင် လှူဖွယ်ပစ္စည်း လှူဒါန်းပြီး မပြန်သေးပါက ဘုရားဝန်းကျင်နှင့် သူနေထိုင်ရာကို သန့်ရှင်းရေး လုပ်ခိုင်းတော့သည်။

သန့်ရှင်းပြီး ပြောင်သွားသည့်တိုင် နောက်တစ်ကြိမ် ထပ်ခိုင်းပြန်တော့သည်။ ထိုင်နေ၍ မရအောင် ခိုင်းသည်။ နောက်နေ့တွင် ထိုဒကာ မလာတော့ပေ။

ရွာထဲမှ "တက်လူ"ဆိုသော ဒကာတစ်ယောက် ဘုရားတောင်ပေါ် တက်သွားသည်။ ဦးပဥ္စင်းနှင့် စကားပြောသည်။ ခဏအကြာတွင် တက်လူအား ရေခပ်ခိုင်းတော့သည်။

ရေမှာ ဘုရားတောင်ပေါ်တွင် မရှိပါ။ တောင်ခြေရင်းတွင် ရေတွင်းရှိသည်။ တစ်ရွာလုံးက ထိုရေတွင်းတွင် သောက်ရေအဖြစ် ခပ်ယူသောက်သုံးကြသည်။ ထိုတောင်ခြေရင်းမှ ရေကို တက်လူကို ခပ်ခိုင်းသည်။

'ဒကာကြီး ဒီရေပုံးကလေးတွေနဲ့ စဉ့်အိုးတွေ ရေဖြည့်ပေးခဲ့စမ်းပါ'

ဒကာတက်လူမှာ မနေသာတော့ဘဲ တောင်ခြေရင်းဆင်း၍ ရေခပ်ရတော့သည်။ တက်လိုက်ဆင်းလိုက်နှင့် (၄,၅)ခေါက်မျှ ရှိသွားသည်။ လူကလည်း တောင်တက်လိုက် ဆင်းလိုက်နှင့် မောလှပြီ။ ရေပုံးတွေ ရေပြည့်ပြီး နောက်တစ်ခေါက် တက်လာတော့ ပုံးတွေမှာ ရေက ဟလပ်နေပြန်ပြီ။

တက်လူ တစ်ခေါက် ပြန်ဆင်းရပြန်သည်။ တစ်နာရီကျော်လာတော့ တက်လူ ကျောင်းပေါ် ပြန်မတက်တော့။ အိမ်ပြန်ပြေးလာခဲ့တော့သည်။ နောက်လည်း ဘုရားတောင်ပေါ် ခြေဦး မလှည့်တော့ပေ။

ဦးပဥ္စင်းဦးသိဒ္ဓိ (ရွာအခေါ်အမည်)သည် သူတစ်ပါးတည်းနေလျှင် တရားထိုင်သည်။ တရားကျင့်သည်။ ဘယ်ဒကာ,ဒကာမမှ လာတာမကြိုက်။

ဘုရားတောင်ခြေတွင် သင်္ချိုင်းရှိသည်။ သင်္ချိုင်းမှ လူ၏အရိုးများ၊ ခေါင်းခွံများ သူ နေထိုင်ရာ ဇရပ်ပေါ်သို့ သယ်ထားသည်။ လူတွေ ကြောက်လန့်အောင် လုပ်ထားပုံရသည်။

နံနက်(၉)နာရီကျော်ဆိုလျှင် ရွာထဲသို့ ဆွမ်းခံကြွသည်။ ရွာမှ ကြည်ညိုသူ

www.burmeseclassic.com

ဒကာ,ဒကာမများမှ ဆွမ်းလောင်းသည်။ သစ်သီးဆွမ်းများ လောင်းသည်။ ဆွမ်း သူတစ်ပါးစာရလျှင် လက်မခံ သပိတ် ပိတ်ထားသည်။

ငှက်ပျောသီး၊ လိမ္မော်၊ ရှောက်ချိုသစ်သီးများ လောင်းလှူကြသည်။ ရွာဦးရောက်လျှင် အကုန်လုံး စွန့်ပစ်ခဲ့တော့သည်။ ဆွမ်းကိုလည်း ကျောင်းရှိရာ တောင်ပေါ်သို့ အရောက် ယူချင်မှ ယူသည်။



ရွာနှင့် ဘုရားတောင်ကြားတွင် အရိပ်ကောင်းသော မန်ကျည်းပင်တွေရှိသည်။ မန်ကျည်းပင်၏ သက်တမ်းမှာ ရာကျော်လောက်ပြီ။ ဒုတိယကမ္ဘာစစ်မှ ကျန်နေခဲ့သော မန်ကျည်းပင်များ ဖြစ်သည်။

လင်းသာရွာတွင် စကားပုံတစ်ခု ရှိသည်။ ထိုစကားပုံကို ကိုကေတင်ဆိုသူ ငယ်ငယ်ကပြောသည့် စကားပုံ ဖြစ်သည်။

'လက်ကို ကြယ်ဖောက်၊ ဂျပန်ရောက် တို့
မန်ကျည်းကုန်းက သွားကြိုမယ်'

ဟူသော စကားဖြစ်သည်။ ထိုမန်ကျည်းပင်၏ သက်တမ်းသည့် တော်တော်ရှည်လှပြီ။

ထိုအရိပ်ကောင်းသည့် မန်ကျည်းပင်အောက်တွင် ထိုင်၍ သူ့မှာ ပါလာသည့် ရေသန့်ဘူးနှင့် ဆေးကြောပြီး ဆွမ်းစားတော့သည်။

သူ့ကိစ္စပြီးလျှင် ကျောင်းပေါ် ပြန်တက်သည်။ သူ့မှာ သင်္ကန်းကလည်း နှစ်စုံလောက်သာ ရှိသည်။ အပိုမထား။ ထိုရဟန်းပျို၏ ကျင့်ကြံနေထိုင်ပုံကို နားလိုသူ မလိုသူတချို့ ရှိသည်။

သူ သွားချင်သည့်နေရာ သွားသည်၊ ပြန်ချင်သည့်အချိန် ပြန်သည်။ မသမာသူတချို့က ဘုရားတောင်ပေါ် တက်လာလျှင် ဆီး၍ ရိုက်မည်၊ သူ့ဆီက ပါလာသည့်ပစ္စည်း လုမည်ဟု တောင်တက်လမ်းက ပုန်း၍ စောင့်နေသည်။

မိုးသာလင်းသည် သူတို့စောင့်နေသည့် ဦးပဥ္ဇင်း မကြွလာပါ။ သို့သော် ဆွမ်းခံချိန်ရောက်တော့ တောင်ပေါ်က ဆင်းလာတော့သည်။ ပုန်းစောင့်နေသူတို့ တော်တော် အံ့သြသွားသည်။ ဇရပ်ထဲမှာလည်းမရှိ၊ ပြန်လာနိုး စောင့်တော့လည်း လာတာ မတွေ့ရဘဲ မနက်ကျတော့မှ တောင်ပေါ်ကျောင်းမှ ဆင်းလာတာ တွေ့ရသည်။

'ဒီကိုယ်တော်ဟာ ထူးခြားတဲ့
ရဟန်းတော်များလား မသိဘူး'

ဟု ပြောကြတော့သည်။ **"ငါတို့စောင့်နေတာ၊ ရှာတာ မတွေ့ရဘူး။ ထူးတော့ ထူးတယ်"**ဟု ဆိုကြပြောကြတော့သည်။

ဒီမှစ၍ ရွာမှ လည်းကောင်း၊ တစ်ယောက်စကား တစ်ယောက်နားနှင့် လည်းကောင်း ကြားသူများ လာရောက်လှူကြသည်။ သို့သော် သူတို့ဘာလှူလှူ သူ့တစ်ဝမ်းစာမှလွဲ၍ ဘာမှ လက်မခံ။ လှူသူတွေ ပြန်လျှင် အားလုံး စွန့်ပစ်လိုက်သည်။

မည်သည့် ဒကာ,ဒကာမမှလည်း ကြာရှည်လက်မခံ။ ယဉ်ယဉ်ကလေးနှင့် နှင်ပစ်တတ်သည်။ သူတစ်ပါးတည်း သူ သွားလိုရာသို့ ခြေကျင်လျှောက်သွားတတ်သည်။

သံတွဲမြို့နှင့် လင်းသာရွာမှာ (၆)မိုင်မျှ ကွာဝေးသည်။ ကားနှင့် သွားလျှင် နာရီဝက်လောက်သွားရသည်။ ခြေကျင်ဆိုလျှင်တော့ တစ်နာရီကျော်ကျော်လောက် သွားရသည်။

တစ်နေ့တွင် ဦးပဥ္ဇင်း ဦးသိဒ္ဓိသည် မြို့သို့ ခြေကျင်လျှောက်သွားနေသည်။ ထိုစဉ် ရွာမှ ထွန်းညို မောင်းသည့် ခရီးသည်တင် ကားကြီးတစ်စီး နောက်က လိုက်လာသည်။ ဦးပဥ္ဇင်းအနားမှ ဖြတ်မောင်းသွားသည်။ ဦးပဥ္ဇင်းက လှည့်ကြည့်သည်။ လက်ကာပြီး လိုက်မည်ဟုတော့ မတားပါ။

ထွန်းညိုကလည်း ဦးပဥ္ဇင်းကို မြင်လျက် ရပ်ပြီး မတင်ခဲ့ပါ။ "ငါရပ်ပြီး တင်ခဲ့ရ ကောင်းမလား"ဟုတော့ စဉ်းစားသည်။ သို့သော် စဉ်းစားရုံသာ စဉ်းစားပြီး မတင်ခဲ့ပေ။ သူလမ်းသူ့သာ မောင်းသွားတော့သည်။

ထွန်းညို မြို့ဈေးကို ရောက်၍ ကားရပ်လိုက်သောအခါ သူ့ကားရှေ့တွင် သူ မတင်ခဲ့သော ဦးပဥ္ဇင်းဦးသိဒ္ဓိ ရောက်နေတော့သည်။ ထွန်းညို မျက်လုံးပြူး၍ ပင့်သက်ရှိုက်လိုက်သည်။

'ဟာ ဒီဦးပဥ္ဇင်း မြို့ကို ဘယ်လို ရောက်နေ
လဲ၊ ငါ့ရှေ့ကလဲ ကားတစ်စီးမှ ကျော်တက်
မသွားဘူး။ ငါ မတင်ခဲ့တာ မှားပြီ'

ဟု နောင်တရမဆုံး ရှိနေတော့သည်။

'ဒီ ပုဂ္ဂိုလ်ဟာ သာမညပုဂ္ဂိုလ် မဟုတ်ဘူး။ ပုဂ္ဂိုလ်ထူးပဲ၊ ငါ မတင်မိခဲ့တာ ငါ့အမှားပဲ'

ဟု တသသ ပြောဆိုနေခဲ့သည်။ **[ထွန်းညိုသည် ရန်ကုန်မြို့၊ အရှေ့ အုတ်ကျင်း၊ မာလာမြိုင်(၄)လမ်းတွင် ကွယ်လွန်သွားခဲ့ပါပြီ။ သူ**

www.burmeseclassic.com

မကွယ်လွန်မီထိ တသသ ပြောသွားခဲ့သည်။]

ထွန်းညိုမှ တစ်ဆင့်စကားများအရ အနီးပတ်ဝန်းကျင်မှ လူအများပင် လာရောက် ကြည်ညိုကြတော့သည်။ သို့သော် သူ၏ ကျင့်စဉ်အတိုင်း လှူဖွယ်ပစ္စည်း အပိုအလျှံ ဘာမှမထား။ အကုန် စွန့်ပစ်သည်။

နောင်တွင် သူ၏ စွန့်ပစ်တတ်မှုကြောင့် လှူသူ သိပ်မရှိကြတော့ပေ။ ဦးပဋ္ဌင်းဦးသိဒ္ဓိကမူ ဘယ်သူ့ကိုမှ ဂရုမစိုက်။ လှူချင်လှူ မလှူချင်နေ သူတစ်ပါးတည်း သူ့ကျင့်စဉ်ကို သူ ကျင့်ကြံနေထိုင်သည်။ သချိုင်း ဇရပ်တွင် သွားရောက် တရားကျင့်ချင်လည်း ကျင့်နေတတ်သည်။

သို့သော် မသမာသူတို့ကမူ ဦးသိဒ္ဓိတွင် ပစ္စည်းဥစ္စာ လှူဖွယ်ပစ္စည်းများ ရှိနိုင်သည်ဟု အယူရှိကြပြီး သူမရှိခိုက် ဇရပ်သို့ သွားရောက် မွှေနှောက်ရှာကြပြန်သည်။

သူ့တွင် လှူဖွယ်ပစ္စည်းများ လက်ခံထားလေ့မရှိဘဲ အကုန်လုံး စွန့်ပစ်တတ်စမြဲမို့ ဘာမှ မတွေ့ကြရပေ။ လူမိုက်တို့ လမ်းစဉ်အတိုင်း ပစ္စည်းမရတော့ သူနေထိုင်ရာ နေရာကို ဖျက်ဆီးပစ်ခဲ့တော့သည်။

ထို ဖျက်ဆီးပစ်ခဲ့ကြသူတို့သည် မည်သူမည်ဝါဟု တပ်အပ် မသိသော်လည်း တခြားတစ်နေရာတွင် ခိုးဆိုးလုယက်မှုကြောင့် အရိုက်အထောင်းခံပြီး သေသွားကြရသည်။ ဒီတော့မှ သူတို့ကိုယ်မှ ဦးပဋ္ဌင်းဦးသိဒ္ဓိဆီမှ ပစ္စည်းအစအနများ တွေ့ကြရသည်။

ဦးပဋ္ဌင်း ဦးသိဒ္ဓိသည် ရွာကို စိတ်နာသွားသလား၊ မနေလိုတော့လို့လား မသိပေ။ သူ၏ သပိတ်နှင့် သင်္ကန်းတို့ကို ယူပြီး ပြောင်းရွှေ့သွားလေတော့



သည်။

လင်းသာရွာ၏ တောင်ဘက် ဂျီတွော (လုံးသာဟုလည်း ခေါ်သည်) သို့ ပြောင်းရွှေ့သွားလေသည်။ ထိုမှာမှ ကြည်ညိုသူတစ်ဦးက ပင်လယ်ကမ်းခြေ၏ တောင်ကမူ သူနေခဲ့သည့် ဘုရားတောင်အရွယ် တောင်ကုန်းကလေးပေါ်တွင် နေသာရုံကျောင်းကလေး ဆောက်ပြီး ကိုးကွယ်ထားသည်။

သို့သော်လည်း ဘဝက ဝိပါက်ကြမ္မာ ပါလာခဲ့သည် ထင်ပါသည်။ ရှင်မောဂ္ဂလာန်ကို သူခိုးဓားပြတွေ ရိုက်နှက်ခံရ၍ ပရိနိဗ္ဗာန်ပြုတော်မူရသကဲ့သို့ ဦးပဋ္ဌင်းဦးသိဒ္ဓိမှာလည်း လူဆိုးလူမိုက်တို့၏ လုယက်ရိုက်နှက်ခံမှုကြောင့် ထိုဒဏ်ရာဒဏ်ချက်များနှင့်ပင် ပျံလွန်တော်မူခဲ့ရရှာသည်။

* * *

'အဲဒါတွေက တို့သိသမျှပဲကွယ်၊ သူ လာခဲ့တာကတော့ ရန်ကုန်ကလိုလို ပဲခူးကလိုလို ရုပ်ရှင်မင်းသားကြီးတစ်ဦးနဲ့ပဲ အမျိုးတော်သလိုလို ဆရာဝန်ဘွဲ့ရတစ်ဦးလိုလို ပြောကြတာပဲ ဘယ်သူမှ သူ့ရဲ့ ဇာတိအမှန်ကို သိကြသူ မရှိဘူး'

'ဩော်...ဘယ်တုန်းက၊ ဘယ်အချိန်က၊ ဘယ်နေရာကနေ ရောက်လာသလဲတော့ မသိကြဘူးနော်'

'ဟုတ်တယ် ဘယ်သူမှ အတိအကျ မသိကြဘူးကွယ့်၊ ဒါပေမယ့် သူက တော့ ပုဂ္ဂိုလ်ထူးတစ်ယောက် ဆိုတာတော့ ဘယ်သူမှ မငြင်းရဲဘူး။ ဟိုထောက်လှမ်းတဲ့ အဖွဲ့ဆိုလား သူ့ကို လာပြီး ထောက်လှမ်းကြသေးတယ်လေ။ ကင်းပုန်းဝပ်ပြီးတော့ စောင့်ကြတယ်၊ ဘယ်လိုမှ ရှာမတွေ့ဘူး။ မနက်မှ သူတို့ရှေ့က ဇရပ်ပေါ်က ဆင်းသွားတာတွေ့ရလို့ သူတို့လဲ လက်လျှော့သွားကြတယ်လေ'

'ဩော်... ဒါဆို သူ့ကို ရဟန္တာ ဒါမှမဟုတ် ဝိဇ္ဇာပုဂ္ဂိုလ်လို့ ပြောရင် ရလားဟင်'

'အင်း ဒါလဲ မဆိုတတ်ပါဘူးကွယ်၊ သူ ကျင့်ကြံနေထိုင်တာ၊ သူ့ကို ရှာမတွေ့တာတွေ ပြောရမယ်ဆိုရင်တော့ ခုနက ကိုရင်ပြောသလို ရဟန္တာ၊ ဒါမှ မဟုတ် ဝိဇ္ဇာပုဂ္ဂိုလ်လို့တော့ ပြောနိုင်တာပေါ့။ ဒါပေမယ့် တိတိပပတော့ ဘယ်သူမှ မပြောနိုင်ကြဘူး။

ဒီလို ပုဂ္ဂိုလ်ထူးတွေက သူတို့ကျင့်ကြံတာတွေ လူတွေသိမှာ ကြောက်လို့ အထူးလျှို့ဝှက်ကြတယ်။ သူတို့ ကျင့်ကြံပြုမူကြတာတွေထဲကပဲ တစ်စိတ်တစ်ဒေသကြည့်ပြီး ဒီပုဂ္ဂိုလ်ကဖြင့် ဘာလို့ သတ်မှတ်ကြရတာပဲ မဟုတ်လား'

'ဟုတ်ပ့ါ ဦးရယ်...ဒီလိုပဲ သတ်မှတ်ကြရတာပါပဲ'

'အေး ဒီပုဂ္ဂိုလ်ထူး ပြောသွားတာ တစ်ခုတော့ မှတ်မိတယ်ကွယ့်။ ဘာလဲဆိုတော့ မိုးကုတ်ဆရာတော်ကြီးရဲ့ အဆိုအမိန့်ဆိုပြီး ပြောသွားတာ တစ်ခုရှိတယ်၊ အလွန် မှတ်သားစရာကောင်းလို့ မှတ်မိနေတာ။

"အကျိုးဖြစ်တဲ့ တဏှာကို သတ်မရနေနဲ့ အကြောင်း ဝေဒနာကိုသာသတ်။ အမြဲ ဖြစ်ပျက်ရှု၊ နေ့တိုင်းရှု၊ အမြဲရှု [illegible]ဟာကို ခန္ဓာကိုယ်ကြီးဟာ တရွေ့ရွေ့ သုသာန်ကို



www.burmeseclassic.com

www.burmeseclassic.com

သွားနေတယ်။ သုသာန်သွားရင်းရှု မြင်အောင် ရှုရင်း ဒီတစ်ခါပဲ သုသာန်ကို သွားရမယ်။ မရှုဘူးဆိုရင် ဒီသုသာန်ကို ပြန်ရောက်ဦး မှာပဲ။

သူများ အသုဘသွားပို့ပြီး စကားတပြော ပြောနဲ့ ပြန်လာတာတွေက များလှတယ်။ တရားနှလုံးမသွင်းကြဘူး။ ဒကာကြီးတို့လဲ နီးနေပြီ။ အိုခြင်းဆိုး။ နာခြင်းဆိုး။ သေခြင်း ဆိုးက လွတ်ချင်ရင် ဝေဒနာကို အမြဲ ဖြစ် ပျက်ရှု"

မှတ်သားစရာကောင်းလို့ မှတ်သားထားလိုက်တာ မောင်ရင်လေးတို့လဲ မှတ်ထားကြပေါ့ကွယ်'

'ဟုတ်ကဲ့ပါ ဦးရယ် ခုလို ပြောပြတာ ကျေးဇူးကြီးလှပါတယ်။ နောင်ကို ဒီလို ပုဂ္ဂိုလ်ထူးတွေ ငပလီကမ်းခြေမှာ ပေါ် လာပါစေဦးလို့ ဆုတောင်းပါတယ်'

သံတွဲမြို့ တောင်ဘက်အရပ်မှ ရဟန္တာပုဂ္ဂိုလ်ကြီးမျိုးကိုတော့ ထည့် တွက်စရာ မလိုပါ။ ထိုဆရာတော်ကြီး ကတော့ သံတွဲမြို့နယ်မှာ ယခုတိုင် မပုပ်မသိုး တည်ရှိနေဆဲ ဖြစ်ပါသည်။

သို့သော် ငပလီကမ်းခြေရွာကလေး တစ်ရွာသို့ ဘယ်အရပ်က ရောက်လာ မှန်းမသိ၊ အမည်မသိသည့် ပုဂ္ဂိုလ်ထူး တစ်ဦးကတော့ အလွန် ထူးခြားလှပါ သည်။

အမှတ်မထင် ရောက်လာခဲ့ပြီး အမှတ်မထင် ကွယ်ပျောက်သွားခဲ့ရ သည့် ပုဂ္ဂိုလ်ထူး ရဟန်းပျိုကလေးကိုမူ တသသဖြင့် ယခုတိုင် ပြောဆိုနေကြ ဆဲ ဖြစ်ပါသည်။

**မောင်လင်းနိုင်**

## စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့. . .

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ် သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

*လေးစားစွာဖြင့်. . .*

**ဦးကျော်မိုးသိန်း**

**စာတည်းချုပ်**

**နက္ခရောင်ခြည်မဂ္ဂဇင်း။ ပါရမီမဂ္ဂဇင်း။**

## နွားအတွက် မျက်စဉ်းဆေး



ကျွန်ုပ်(စာရေးသူ)ဆိုသည်က ဇာတိချက် ကြွေ မွေးရပ်မြေဖြစ်သည့် ကျောက်ပန်း တောင်းမြို့နယ်၊ သစ်တိန်းကျေးရွာကြီးတွင် ဦးသုဒင်+ဒေါ်မင်းကလေးတို့မှ သားသမီး (၉)ယောက်တို့တွင် ဒုတိယသား ဖြစ်စေခဲ့ သော်ငြား ဇာတိမြေတွင် (၁၃)နှစ်သာသာ နေထိုင်ခဲ့ရစဉ် ဖခင်ကြီး ကျောင်းနိုင်းသည့် နွားနှစ်ကောင်တို့နှင့်အတူ နွားကျောင်း သဖြင့် သစ်တိန်းရွာကြီး၏ မြောက်ဘက် ...မိုင်ခွဲခန့်အကွာ ရောင်လံတောင်နှင့် ...အောင်မောက်ကြီး တောင်ပေါ်တို့၌ နွား ကျောင်းခဲ့ရ၏။

...အထူးသဖြင့် အဖေ(ဦးလုဒင်)၏ ခိုင်းနွား ...နှစ်ကောင်တို့မှာ မျက်စိနာ၍ မျက်ရည် ...လျက် သန္တာရောင်(အနီရောင်) ဖြစ် ...ဖြင့် တိုင်းရင်းမြန်မာဆေးဆရာမကြီး ...တင်တင်လှ(ဖြူး)၏ နွားမျက်စဉ်းခတ်ခဲ့ ...ကောင်းပျောက်သွားသဖြင့် ရေးသား ...ပါသည်။

...နိုင်ငံ နေရာဒေသအသီးသီးတို့၌ တွေ့ရှိနိုင်ပါသော ဆေးအမည်(ပစ္စည်း) တစ်ခုပါ။ **ယောက်သွားခွံ (တစ်ခု)ကို သန့်ရှင်းသောသံပြား (သို့မဟုတ်) ဒယ် အိုးသန့်သန့်တွင် ပြာချပါ။ ပြာချပြီးပါက စက္ကူကိုကတော့ ပုံသဏ္ဌာန်ပြုလုပ်၍ ယောက်သွားပြာ မန်ကျည်းစေ့(၅)ခန့် ထည့်ပြီး နွားမျက်စိထဲ ရောက်အောင် အသက်ပြင်းပြင်းရှူ၍ မှုတ်ထုတ်လိုက် ပါ။ လူနှစ်ဦး လိုအပ်ပါမည်။**

နွားမျက်စဉ်းခတ် (မှုတ်ထုတ်သောနေ့) တွင် ထိုနွားကို အလုပ်မှ အနားပေးလိုက်ပါ။ နောက်တစ်နေ့တွင် မူလအတိုင်း မျက်စိနှစ် ကွင်း ကြည်လင်နေပါလိမ့်မည်။

တောင်သူလယ်သမားဦးကြီးတို့ အား ထားရာ နွားသတ္တဝါတို့အတွက် မျက်စဉ်း ဆေးနည်းတစ်လက်ကို ကျေးလက်နေ တောင်သူလယ်သမား ဦးကြီးတို့အတွက် စေတနာထား၍ ရေးသားရပါသည်။

**[တိုင်းရင်းမြန်မာ ဆေးဆရာမကြီး ဒေါ်တင်တင်လှ(ဖြူး)သို့ အထူးကျေးဇူး တင်ပါသည်၊ စာရေးသူ]**

***စိတ်လက်ကြည်သာ အိပ်စက်ပျော် နိုင်ကြပါစေ။***

**ကြူသင်း**

***(ကျောက်ပန်းတောင်း)***



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေး

''မမမျိုးရေ မမမျိုး''

''ဟဲ့ ဘယ်သူတုံး''

''ညီမလေး ခင်ခင်ပါ''

''ဩော် ညီမလေး လာ အထဲကို ဝင်ခဲ့ဟယ်''

''မမမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ''

''အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်း နာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မချိမဆံ့ ခံစားရပြီး အမယ်လေး တ,နေရတယ်''

''ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား''

''ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်''

''မမမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ''

''ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူးဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါ ဖြစ်တုန်းက သောက်သုံးပြီး သက်သာပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ''




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-ဝ၇၁၁ YR ၀၀၆၀ ၂၇)




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-ဝ၆၁၃ Y ၀၀၀၅၀၇)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃

''ဩော် ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့''

''ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား''

''စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျိုးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။

ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ''

''အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး''

''စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါးများ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထနဲ့ ကြာကြာထိုင်ပြီး ပြန်အထများတွင် လက်ဖဝါး၊ ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျင်မှု ပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်ရှားရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြောနှင့် ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကောက်ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အောက်ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြင်း၊ လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြောနဲ့ အကြောများ အားနည်းခြင်း၊ လေအားနည်းခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒဖြစ်ခြင်း၊ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြင်းနဲ့ အရိုးအဆစ်အကြောနဲ့ လေးဖက်နာရောဂါများကို သက်သာပျောက်ကင်းစေတဲ့ဆေးဖြစ်ပါတယ်''

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင်ခင် အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျွန်မ ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျောက်ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက်ကို သတင်းကောင်းလေး ပါးရတာလေ။

''မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့နော်''

**ဆရာမြင့်**

**စကြာမင်းတိုင်းရင်းဆေးတိုက်**

**အမှတ်-၈/၆၆၆၊ သုဓမ္မာလမ်းမကြီး၊**

**သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။**

**ဖုန်း-၇၂၂၉၄၁**

www.burmeseclassic.com

ရန်မာန် ကင်းစေသည့် ကောလင်းနယ်မှ

# အောင်နိုင်ဖိတ်ဆောင် ခမောက်တောင် (၁)

ထက်မြင့်ကျော်စွာ

## ယခင်လမှ အဆက်

သစ်ထွင်း ကနုတ်များ တန်ဆာဆင်ထားကာ ရသေ့ဦးစီ ရှိစဉ်က ရုပ်ပွားဆင်းတုများ၊ စေတီထီးတော်များ ပင့်ဆောင်ရာ၌ အသုံးပြုခဲ့သည်ဟု သိရသည်။


## တောင်တော်ထက်သို့

ဘုန်းကြီးကျောင်းမှ ထွက်ကာ သွပ်မိုးစောင်းတန်း လှေကားအတိုင်း တောင်ပေါ်သို့ စတင် တက်ရောက်ကြသည်။ စောင်းတန်းလှေကား၌ အသခံ ဘုရားဖူးအချို့ကို မြင်တွေ့ရသည်။ ဘုရားဖူးပရိသတ် မပြတ်ရှိကြောင်း သိရှိရသည်။

အတက်လမ်း၏ လက်ယာဘက်၌ ဦးစွာ ဖူးတွေ့ရသည်ကား ရွှေတိဂုံပုံစံတူ စေတီဖြစ်သည်။ **''အထက်ရန်ကုန် ရွှေတိဂုံစေတီ''**ဟူသော ကမ္ပည်းမှတ်တမ်း ရှိ၏။

၁၃၀၀ ပြည့်နှစ် အရေးတော်ပုံ စတင်ကာ မြို့ရွာအနှံ့ လွတ်မြောက်ရေး လှုပ်ရှားမှုများ စည်းရုံးစတင်ခဲ့ရာ ညောင်းစင်တောင်ဆရာတော်၊ အဘအောင်မင်းခေါင် စသည့် ပါရမီကျင့်စဉ် ထမ်းမှ ပုဂ္ဂိုလ်များကလည်း အတွင်းထမ်းမှ ဝိုင်းဝန်းခဲ့ကြသည်။

သာသနာတော် ထွန်းလင်း ပျံ့ပွားအောင် ကြိုးပမ်း၍ သူ့ကျွန်ဘဝ လွတ်မြောက်စေရန် ရည်မှန်းခဲ့ကြခြင်း ဖြစ်သည်။



▲ ပြည်တော်ဝင်စေတီ

ထိုအခါ ရန်ကုန်–ကောလင်း ကက်ကင်းဆောင်ကာ မြန်မာနိုင်ငံ အထက်ပိုင်း ရန်များကုန်၍ အေးချမ်းစေရန် အဘအောင်မင်းခေါင် ဘိုးတော်ဘုရား၏ မေတ္တာခံယူ၍ ရသေ့ကြီးဦးစီက ကောလင်းနယ်၊ ခမောက်တောင် သာသနာပြုလုပ်ငန်း စတင်ခဲ့ခြင်း ဖြစ်

www.burmeseclassic.com




▲ ရဋ္ဌာမုနိစေတီ

▼ ဆောင်းတန်းလှေကားအစ



▼ ပြတိုက်



သည်။

ခမောက်တောင်ကို ရွေးချယ်ရခြင်းမှာ ကောလင်းနယ်တွင် အထင်ကရတောင်၊ သီးခြားတည်ရှိနေသောတောင်ဖြစ်ကာ ခမောက်အမည်ပညတ်အရ တောင်သူလယ်သမားသာမန်လူတန်းစားအများစုကို ကိုယ်စားပြုလျက်ရှိရာ သာနာတော်ကြီးပျံ့သွားရန်အတွက် ကောင်းသောနိမိတ် ဆောင်ခြင်းကြောင့် ဖြစ်သည်ဆိုပေ၏။

ထို့ကြောင့် ဤနေရာကို "**အထက်ရန်ကုန်**"ဟု သမုတ်၍ ရန်ကုန်မြို့တော်ကြီး အဓိကရစေတီတော် ဖြစ်သော ရွှေတိဂုံစေတီပုံစံတူစေတီတော်တည်ထားပူဇော်ခြင်းဖြစ်ကြောင်း သိမှတ်ရသည်။

ဤစေတီတော်အား တောင်ခြေအဝေး နေရာမှပင် လှမ်း၍ ဖူးမြော်နိုင်၏။ ပင်မစေတီကြီးအား ဝန်းရံ၍ အရပ်ရှစ်မျက်နှာ၊ အရံစေတီရှစ်ဆူကို ပူဇော်ထားသည်။

အရံစေတီများကို ကုလားကျောင်းတိုက်မခံကာ အတွင်း၌ တင်ပျဉ်ခွေရုပ်ပွားတော်တစ်ဆူစီ ပူဇော်ထားသည်။ အထက်ရန်ကုန်ဟု ဆိုသည့်အတိုင်း အရပ်ရှစ်မျက်နှာမှ ရန်ဘယာများ ကင်းကွာအေးချမ်းစေရန် ရည်ညွှန်းသည် ဆိုလေသည်။

ထိုမှ ဆက်၍ တက်ခဲ့ကြရာ တောင်ခြေ လယ်ကွင်းစပ်ဆီမှ ခြသေ့်နှစ်ကောင်ကို လှမ်း၍ မြင်တွေ့ရသည်။

ဘုရားပွဲတော် ကျင်းပလေ့ရှိသည့် တပေါင်း၊ တန်ခူး၊ ကဆုန် ကာလများတွင် ကောက်ပဲသီးနှံများ ရိတ်သိမ်းပြီးဖြစ်လေရာ လယ်ကွင်းပြင် လှည်းလမ်းအတိုင်း ဤခြသေ့်နှစ်ကောင်မုခ်ဦးမှ တောင်ပေါ်သို့ လာရောက်နိုင်ကြသည်။

F.5B. February, 2014.

www.burmeseclassic.com



ခမောက်တောင်လမ်းညွှန်ပန်းချီကား

## ပူဇနိယပွဲတော်

ခမောက်တောင်ထက်ရှိ အောင်ကြော ပြည်လုံးကျော်ကျော်ထီးစေတီတော် ပူဇနိယပွဲတော်ကို နှစ်စဉ် ကျင်းပမြဲဖြစ်ရာ ရသေ့ကြီး ဦးစီက **"ပေါင်းကူးဆုံ"**ဟူ၍ ပညတ်နိမိတ် ကောင်းသော တပေါင်း၊ တန်ခူးလ၊ ကဆုန်လ တစ်လလတွင် ကျင်းပစေသည်။

ယမန်နှစ် ပွဲတော်အပြီးတွင် နောက်တစ်နှစ်အတွက် ပွဲတော်ကျင်းပမည့် ရက်ကို မဲနှိုက်၍ ရွေးချယ်ရသည်။ ကျင်းပမည့် လ၊ ရက်နှင့် လဆန်း၊ လဆုတ် စသည်တို့ကို မဲနှိုက်ရာ၌ လဆုတ်ရက်ဖြစ်ပါက **"လပြည့်ကျော်"**ဟူ၍ သုံးနှုန်းရသည်။ မကောင်းသော နိမိတ်ဖြစ်သည့် **"ဆုတ်"**ကို မသုံးရပေ။

အလားတူပင် မရွှေးမုန့်ကို ပေါက်ပေါက်၊ ပန်းထိမ်ငိုပန်းကို ပန်းထိမ်မနိုင်ပန်း စသည်ဖြင့် သုံးနှုန်းစေကာ ပန်းကန်အိုးခွက်များကို မှောက်ထားခြင်းမပြုရ။ **(ကုန်ခန်းခြင်းသဘော ဆောင်သောကြောင့် ဖြစ်သည်။)**

မကောင်းသော စကား၊ ယုတ်ကြမ်းသောစကား မပြောရ။ မပေါ်ရှုံဝတ်၊ မငတ်ရှုံစား (ဂုဏ်ပကာသနနှင့် ရသတဏှာ ထိန်းချုပ်စေခြင်း) စသည်ဖြင့် အမြဲဆုံးမလေ့ရှိကြောင်း ရသေ့ကြီး၏ တပည့်ရင်းတစ်ဦးဖြစ်သူ ဒေါ်ကုမ္မာရီ ကပြောပြသည်။

ဒေါ်ကုမ္မာရီသည် ရသေ့ကြီးဦးစီက ခမောက်တောင် သာသနာမြေတွင် ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ပေးထားရှိသည့် သီလရှင်(၄)ဦးအနက် တစ်ဦးတည်း ကျန်ရှိသူဖြစ်သည်။

၁၃၁၇ ခုနှစ်ကပင် စတင်ရောက်ရှိကာ ယခုအခါ အသက်(၈၃)နှစ်ရှိပြီ ဖြစ်ကြောင်း သိရသည်။ ဇန်းမောက်မြို့နယ်၊ နန့်အော့ရွာဇာတိ ရှမ်းတိုင်းရင်းသူ ဖြစ်လေသည်။

## စေတီသုံးဆူ

ထိုမှ အထက်၌ ပြည်တော်ဝင်စေတီတော်ကို ဖူးမြင်ရသည်။ လေးထောင့်ပစ္စယံသုံးဆင့် အထက် ခေါင်းလောင်းမှောက်စေတီ ပေါက်ထားကာ ဘီလူးလက်ယှက်ရုပ်များ တန်ဆာဆင်ထားသည်။

**တစ်ထောင်သော ဘီလူးမှာ ဘီလူးခေါင်းတစ်ခု ထပ်မံ ဆောင်ထားသည်ကို ထူးခြားစွာ မြင်တွေ့ရသည်။**



www.burmeseclassic.com

www.burmeseclassic.com





▲ ညီတော် အာနန္ဒာရုပ်တု

◀ ဗျာဒိတ်ပေးရုပ်ပွားတော်

တိုင်းပြည်အေးချမ်း၍ အမျိုးဘာသာ သာသနာ ထွန်းကားကာ လူတိုင်း မြတ်ဗုဒ္ဓ၏ အဆုံးအမကို လိုက်နာကျင့်သုံးခွင့် ရရှိလျက် နိဗ္ဗာန်ရွှေပြည်မြတ်သို့ ဝင်ရောက်နိုင်ရန် ရည်မှန်းတည်ဆောက်သော စေတီဖြစ်ကြောင်း မှတ်သားရသည်။

ပြည်တော်ဝင်စေတီ အထက်တွင် **စူဠာမုနိ မင်းတက်ကျောက်ဖျာနှင့်** စေတီတော် ကိန်းဝပ်တော်မူသည်။ စေတီမှာ ငါးကြီးတစ်ကောင် ပတ်ရံထားသော အာလိန်ငါးဆင့်အထက် ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်။

ပုံဟန်ထူးခြားသော စေတီဖြစ်၏။ အာလိန်ငါးဆင့်၏ လေးဖက်လေးတန်တွင် အောက်ခြေမှစ၍ နဂါး၊ ဂဠုန်၊ ယက္ခ၊ ကုမ္ဘဏ်၊ နတ်ရုပ် ငါးရုပ်စီတန်ဆာဆင်ထားသည်။

အနီးတွင် နဂါးလေးကောင်၊ ခြသေ့နှစ်ကောင်ရံသော အုတ်ခုံထက် ကျောက်ဖျာတစ်ချပ် တင်ထားသည်။ မင်းတက်ကျောက်ဖျာဟု ဆို၏။

ရသေ့ကြီး ပျံလွန်ပြီးနောက် သုံးနှစ်အကြာ ၁၃၂၄ ခုနှစ်တွင် တည်ထားခြင်းဖြစ်ကာ ဖြစ်စဉ်တော်၊ ရည်မှန်းချက်တို့ကို မသိရှိရပေ။

ထိုမှအထက် လက်ဝဲဘက်ကုန်းမြေစောင်းတွင် ရှင်ပစ္စေကဗုဒ္ဓါစေတီ စံပယ်တော်မူသည်။ ကုလားကျောင်းလိုဏ်တစ်ထပ်ခံ၍ ခေါင်းလောင်းမှောက်စေတီပေါက်ကာ အရံစေတီလေးဆူပါဝင်သည်။

အဆိုပါ စေတီသုံးဆူ ကျော်လွန်သောအခါ မြေညီကွက်လပ်တစ်ခုသို့ ရောက်ရှိသည်။ မြစိမ်းတောင်နံဘေးမှ ပတ်၍ တက်ရသော တောင်တက်လမ်း အဆုံးသတ်နေရာဖြစ်ကာ ပွဲတော်ကာလတွင် မော်တော်ယာဉ်များ တက်ရောက်လေ့ရှိကြသည်ဟု သိရ

www.burmeseclassic.com






◆ ဓာတ်ပေါင်းစုစေတီ

ဥမင်တွင်းရုပ်ပွားတော်ဆူ ◆

◆ ဥမင်အဝင်ဝတစ်ခု



သည်။

## အထက်စောင်းတန်းစေတီများ

ခမောက်တောင်လမ်းညွှန် ပန်းချီကားတွင် ဤနေရာအထိသာ စောင်းတန်းလှေကား ပါရှိ၍ ကျန်အတက်ခရီးမှာ မြေလမ်းဖြစ်သည်။ ရသေ့ကြီး အသက်ထင်ရှား ရှိစဉ်က အခြေအနေကို ဖော်ပြသည့် ပန်းချီကားဖြစ်၏။

ယခုအခါ လမ်းညွှန်ပါ ကျောင်း၊ ဇရပ်အချို့ ပျောက်ပျက်သွားသော်လည်း စေတီပုထိုးများ တိုးတက်ဖွင့်ထွန်းလာသည်ကို တွေ့ရ၏။

ဤမှအထက် အတက်ခရီးတွင်လည်း စေတီအခြေ နဂါးလေးကောင် လမ်းထိပ်အရောက် သွပ်မိုးစောင်းတန်း အုတ်လှေကား အခိုင်အမာ တည်ဆောက်ထားသည်ကို တွေ့ရ၏။

အောက်စောင်းတန်းအဆုံး အပေါ်ထိပ်တွင် ဓာတ်ပေါင်းစုစေတီကို ဖူးတွေ့ရသည်။ အုတ်ခုံအမြင့်ထက် ပစ္စယံ သုံးဆင့်နှင့် ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်။

ဘုရားရှင်၏ သရီရဓာတ်တော်များနှင့် သာဝကရဟန္တာများ၏ ဓာတ်တော်များ စုပေါင်းပူဇော်ထား၏။ လူ နတ် ဗြဟ္မာ သတ္တဝါအားလုံး ကြည်ညိုဖူးမြော်ကုသိုလ်ပြုကာ ကပ်သုံးပါး ကျော်လွှားနိုင်ရေးကို ရည်ညွှန်း တည်ထားသောစေတီ ဖြစ်သည်ဆို၏။

ထိုမှအထက်တွင် ဗျာဒိတ်ပေးဘုရား ဂန္ဓကုဋိတန်ဆောင်းရှိသည်။ အတွင်း၌ ဉာဏ်တော်အမြင့် (၁၈)တောင်ရှိသော မတ်ရပ်တော်တစ်ဆူ ပူဇော်ထားသည်။ လက်ယာလက်တော်အား ရှေ့သို့ ဆန့်တန်းထားကာ ဆင်နှာမောင်း သဏ္ဌာန်လက်ဟန်ရှိသည့် ဂဇဟတ္ထမုဒြာရုပ်ပွားတော် ဖြစ်သည်။

ဗျာဒိတ်တော် ညွှန်ကြားနေဟန်ဖြစ်သောကြောင့် ဗျာဒိတ်ပေးဘုရားဟုလည်း ခေါ်ဝေါ်လေ့ ရှိကြသည်။

အဓိဋ္ဌာနပါရမီ၊ ဝီရိယပါရမီတို့ကို ညွှန်ပြတော်မူသည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**ထက်မင်းကျော်ဂျ**

www.burmeseclassic.com

# နိုင်ငံခြားမှာ

လုပ်ကိုင်အကျိုးပေးနိုင်သူ

ဆရာကြီးဦးအောင်မြိုင် (ဥပဒေဘွဲ့) လက္ခဏာဗေဒင်ပညာသုတေသီ

"**အလုပ်အကိုင်အတွက် ဆိုရင် ပြည်တွင်းနဲ့ပြည်ပ ဘယ်မှာ ပိုပြီး အကျိုးပေးနိုင်လဲ**"ဆိုတဲ့ မေးခွန်းမျိုးကို ယခုခေတ် လူငယ်(၈၀)ရာခိုင်နှုန်းလောက်က မေးမြန်းလေ့ ရှိကြပါတယ်။


အထူးသဖြင့် အမျိုးသားတွေက ပိုပြီး မေးမြန်းတတ်တယ်။


ယခု ဖော်ပြပေးလိုက်တဲ့ ညာလက်ဖဝါးပုံစံပိုင်ရှင်ဟာ အသက်(၅၀) ဝန်းကျင် အမျိုးသားတစ်ဦး ဖြစ်ပါတယ်။ သူ့လက်ဖဝါးပြင်ကို သေချာကြည့်ပါ။

"**က**" **အက္ခရာနဲ့** ညွှန်ပြထားတာဟာ ဦးခေါင်းလမ်းကြောင်းအဖျားနဲ့ အသက်လမ်းကြောင်းအဖျား(၂)စင်တီခန့် ရှည်လျားစွာပူးပြီး လမ်းကြောင်းအဆုံးပိုင်း တနလ်ာဂြိုဟ်ခုံဘက် နည်းနည်းကွေးတယ်။

ခက်ရင်းခွသဏ္ဍာန်လို သင်္ကေတမျိုး လမ်းကြောင်းအဆုံးပိုင်းမှာ ရှိတယ်။

* * *




ဒီသင်္ကေတမျိုးရှိသူဟာ သဘောမနော ကောင်းခြင်း၊ ဘာလုပ်လုပ် စေ့စပ်သေချာ တည်ငြိမ်အေးဆေးခြင်း၊ အထက်လူကြီး လက်အောက်ငယ်သားတို့နဲ့ အဆင်ပြေအောင် နေထိုင်ပြောဆို ဆက်ဆံတတ်ခြင်း၊



www.burmeseclassic.com


www.burmeseclassic.com

သည်းခံနိုင်ခြင်းဆိုတဲ့ ပင်ကိုဗီဇတွေရှိတယ်။

ဒါကြောင့် ဝန်ထမ်းလုပ်ငန်းတွေမှာ ပြီး လုပ်ကိုင် အကျိုးပေးနိုင်တယ်။

**"ခ"အက္ခရာနဲ့** ညွှန်ပြထားတာ ဟာ လက်သူကြွယ်အောက် နှလုံးလမ်း အထက်၊ တနင်္ဂနွေဂြိုဟ်ခုံမှာ အောင် မြင်ရေးလမ်း၊ အကူလမ်း၊ အထောက် လမ်းတွေ ရှိခြင်းဖြစ်တယ်။


* * *




အဲဒီသင်္ကေတတွေဟာ ဘယ်မှာပဲ အလုပ် လုပ်သည်ဖြစ်စေ၊ အကူအညီကောင်း၊ အထောက်အပံ့ကောင်း၊ မိတ်ဆွေကောင်း တွေ ရှိနိုင်ပြီး အောင်မြင်တိုးတက်နိုင်တယ်။

**"ဂ"အက္ခရာနဲ့** ညွှန်ပြထားတာ ဟာ လက်သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခုံ မှာ **ဗုဒ္ဓဟူးတောင်ဝှေးခေါ်တဲ့ ထောင်လိုက်လမ်း ထင်ရှားရှိခြင်း ဖြစ်တယ်။**


* * *




ပေါင်းသင်းဆက်ဆံရေးကောင်းခြင်း၊ စကား ပြောကောင်းခြင်း၊ တက်ကြွလှုပ်ရှား သွက်လက်ထက်မြက်ခြင်းဆိုတဲ့ ပင်ကိုဗီဇမျိုး ရှိတယ်။

**"ဃ"အက္ခရာနဲ့** ညွှန်ပြထားတာ ဟာ သံတမန်လမ်း အပြတ်ပြတ်ရှိခြင်း ဖြစ်တယ်။ ကံလမ်းကြောင်းမှ လက် သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခုံထိ ဆက် သွယ်ထားတဲ့လမ်း ဖြစ်ပါတယ်။

* * *





နိုင်ငံခြား လူမျိုးခြားတို့နဲ့ ဆက်ဆံလုပ်ကိုင် ခြင်း အကျိုးပေးနိုင်တဲ့ သင်္ကေတဖြစ်တယ်။

**"င"အက္ခရာနဲ့** ညွှန်ပြထားတာ ဟာ ကံလမ်းထိးရိုး တနင်္လာဂြိုဟ်ခုံက ထွက်ခြင်း ဖြစ်ပါတယ်။

ပြည်ပနိုင်ငံခြားနဲ့ အကျိုးပေးနိုင်တဲ့ သင်္ကေတ မျိုး ဖြစ်ပါတယ်။

**"စ"အက္ခရာနဲ့** ညွှန်ပြထားတာ ဟာ အသက်လမ်းကြောင်းအောက် ပိုင်းက တနင်္လာဂြိုဟ်ခုံဘက် ခွဲထွက်တဲ့ နိုင်ငံခြားသွားလမ်းရှိခြင်း ဖြစ်တယ်။

* * *




ဒီလမ်းကြောင်းက နိုင်ငံခြားသွားရခြင်းကို ဖြစ်စေပါတယ်။

စာဖတ်သူများအနေနဲ့ မိမိတို့ရဲ့ လက်ဖဝါးပြင်မှာ အထက်ဖော်ပြပါ သင်္ကေတများနဲ့ အနီးစပ်ဆုံး တူညီနေ ရင် ပြည်ပနိုင်ငံခြားမှာ သွားရောက်လုပ် ကိုင်အကျိုးပေးနိုင်သူလို့ သတ်မှတ်ရ ပါမယ်။

***လက္ခဏာပညာသုတ တိုးပွားရရှိကြ ပါစေ။***

***အောင်မြင်ကျော်ကြား ချမ်းသာကြီး ပွားအောင်...***

ဆရာကြီး ဦးအောင်မြိုင် (*ဥပဒေဘွဲ့*)
လက္ခဏာဗေဒင်ပညာသုတေသီ

**နယ်မှ စာဖတ်ပရိသတ်များသို့...**

မိမိတို့ဒေသတွင်
အစိုးရစာပို့တိုက်များနှင့်
ဆက်သွယ်၍ ရပါက
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းအား
မှာယူနိုင်ပါသည်။
တန်ဖိုးပေးချေးယူစနစ်ဖြင့်
မှာကြားနိုင်ပါသည်။
နက္ခတ္တရောင်ခြည် မဂ္ဂဇင်း
တစ်အုပ်လျှင် ၂၃၀၀/ကျပ်
(နှစ်ထောင့်သုံးရာကျပ်နှုန်းဖြင့်)
မိမိတို့
လက်ဝယ်အရောက်
ပို့ဆောင်ပေးပါမည်။
(၃)လ၊ (၆)လ၊ (၉)လ
(၁၂)လ စသည့်
မိမိလိုသောလကို
ရေးသား၍
မှာကြားနိုင် ပါသည်။

*မှာကြားရန် လိပ်စာ. . .*

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်**
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၅၂၂၈၄



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တာဆထလ (တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (တနယ်ဖင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ခေတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိပေးနေပါပြီ။

**ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း**

အမှတ်-ရ/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၃

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)




www.burmeseclassic.com

www.burmeseclassic.com




◆ သိမ်တော်ကြီးအတွင်းရှိ ရုပ်ပွားတော်(၃)ဆူ

ဗြဲကေင်စ (LL.B)

ကြံခင်းမြို့မှ

# အဓိကရုဏမဟာသိမ်တော်ကြီး

## နှင့် ထူးခြားဆန်းကြယ်သော သံဝှတ်ကြီးများ

မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်ကျော် (၁)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကြံ့ခင်းမြို့နယ် တလိုင်းကွင်းရပ်၊ ပန်းရုံစုရွာရှိ မြင့်လုံးချမ်းသာ လေးထပ်ကြီးစေတီမြတ်ကြီး၏ ပရိဝုဏ်အတွင်း တောင်ဘက်ရှိ ရှေးဟောင်းသိမ်ဝင် အဓိကရဏသိမ်တော်ကြီးသို့ ရောက်ရှိခဲ့ပါသည်။

သိမ်တော်ကြီးမှာ အနောက်အရပ်သို့ မျက်နှာလှည့် ဆောက်လုပ်ထားခြင်းဖြစ်သည်။ သိမ်တော်ကြီးနှင့် လေးထပ်ကြီးစေတီတော်မြတ်ကြား သိမ်



◆ သိမ်တော်ကြီး ညာဘက်ခြမ်းမှ ရတနာမာန်အောင် စေတီတော်






www.burmeseclassic.com

www.burmeseclassic.com



▲ သိမ်တော်ကြီးအတွင်းရှိ ရုပ်ပွားတော်(၃)ဆူအနက် ညာဘက်ရုပ်ပွားတော် နောက်ခံ တံခါးထိပ်မှ ဇော်ဂျီရုပ်

▼ သိမ်တော်ကြီးအတွင်းရှိ ရုပ်ပွားတော်(၃)ဆူအနက် ဘယ်ဘက်ရုပ်ပွားတော် နောက်ခံ တံခါးထိပ်မှ ဇီးကွက်ရုပ်





www.burmeseclassic.com

www.burmeseclassic.com

တော်ကြီး၏ ညာဘက်တွင် ရတနာမာရ်အောင် ဘွဲ့မည်တပ်ထားသော စေတီတော်တစ်ဆူကို ဖူးတွေ့ရသည်။

သိမ်တော်ကြီး၏ ဝဲဘက်တွင် ပြန်လည်ပြုပြင်ထားသော ရှေးဟောင်းစေတီတော်(၄)ဆူနှင့် နဂါးရုံဘုရားတစ်ဆူကို ဖူးတွေ့ရသည်။

သိမ်တော်ကြီး၏ အရှေ့မျက်နှာစာရင်ပြင်တံတိုင်း အတွင်းဘက်တွင်လည်းကောင်း၊ အနောက်မျက်နှာရင်ပြင်တံတိုင်း အတွင်းဘက်တွင် လည်းကောင်း ထူးဆန်းသော သံငုတ်ကြီး(၂)ခုစီကို တွေ့ရှိရသည်။ ထိုသံငုတ်ကြီးများ၏ ထိပ်မှာ အပွဲအရွဲ့များတွေ့ရသည်။

'အဲဒီသံငုတ်ကြီးတွေက ဒီသိမ်ကို သမုတ်စဥ်မှာ မြေကြီးထဲက သူ့အလိုအလျောက် ထွက်ပေါ်လာခဲ့ကြောင်း ရှေးဟောင်းသမိုင်းကျောက်စာရှိတယ်။

ရှေးတုန်းက ဒီသိမ်မှာ အဓိဋ္ဌာန် လာဝင်ကြတဲ့ ဝိဇ္ဇာလမ်းစဥ် လိုက်စားတဲ့ ပုဂ္ဂိုလ်အချို့အဂ္ဂိရတ်ထိုးဖို့ ဒီသံငုတ်က သံအပိုင်းအစတွေ ဖဲ့ယူသွားကြကြောင်း ရှေးလူကြီးမိဘတွေ ပြောပြခဲ့ဖူးတယ်'

ကျွန်ုပ်အား လိုက်လံပြသသော လေးထပ်ကြီးစေတီတော် ဂေါပကဥက္ကဌ ဦးလှိုင်ဝင်းက ရှင်းပြခြင်း ဖြစ်ပါသည်။

သိမ်တော်ကြီး၏ နောက်ဘက်တွင် ကျောက်စာရုံရှိသည်။ ထိုကျောက်စာရုံထဲတွင် စကျင်ကျောက်နှင့် ထွင်းထုထားသော ကျောက်စာချပ်ကို တွေ့ရသည်။

ကျောက်စာမူရင်းအရ မဟာသိမ်တော်ကြီး သမုတ်စဥ်တွင် ထူးခြားဆန်းကြယ် အံ့ဩဖွယ်သော နိမိတ်ကြီးများ ဖြစ်ပေါ်လာကြောင်း သိရသည်။ ယင်းတို့မှာ...

၁။ ဆက်ကောင်းကင် အာကာပြင်၌ ဘုရားရှင်




◆ သိမ်တော်ကြီး ဘယ်ဘက်ခြမ်းရှိ စေတီတော်(၄)ဆူ

▼ သိမ်တော်ကြီး နောက်ဘက်ရှိ ကျောက်စာရုံ



▼ ကျောက်စာရုံအတွင်းရှိ ကျောက်စာ






www.burmeseclassic.com

www.burmeseclassic.com



▲ သိမ်တော်ကြီး နောက်ဘက်ရှိ သံဒုတ်ကို ဖုံ့ထားပုံ

▼ သိမ်တော်ကြီး ရှေ့မျက်နှာစာရှိ သံဒုတ်ပုံ





www.burmeseclassic.com

www.burmeseclassic.com



◆ မြင်လည်းမြင်ဖူးကြတာသော ရှေးဟောင်းသိမ်တော်ကြီး ရှေ့မျက်နှာစာပုံ

ကြနှိုတော်မူဟန် ရုပ်သဏ္ဌာန်တော်ကို ပူည်သူများ ထင်ရှားစွာ ဖူးမြင်ကြရသည်။ ယောက်ဥ( ၄ )ယောက် ချီမမှ ကြနိုင်မည့် အားပေါက်များပါသော သံတိုင်ကြီး ( ၄ )ခု သည့် မြေမှ တစ်မုဟုတ်ချင်း ရုန်းကန်ထွက် ပေါ်လာခြင်းကိုလည်း တွေ့ရှိရသည်။ သိမ်သမုတ်သော ကုန်းပလ္လင် မြေအပြင် သမ်းကျင်း၌ ငါးအရှင်များ ဖျပ်ဖျပ်လူးလွန့် ပေါ်ပေါက်လာသည်။ ထာထဝီမြေကြီး သုံးကြိမ်သုံးခါ တုန်လှုပ် သည်။ လှုပ်လှုပ်သည်။)

ထိုလပြည့်ကျော် (၁၄)ရက် ဆောင်းနှောင်း ဖြစ်ပါလျက် ချိန်ခါမဟုတ်တဲ့ မိုးသည်း ရွာသွန်းချသည်။

မဟာသိမ်တော်ကြီး အတွင်းသို့ ရောက်လေ့လာသောအခါ ရုပ်ပွား တော်(၃)ဆူ ပူဇော်ခံထားသည်ကို ကြည်ညိုဖွယ် ဖူးတွေ့ရသည်။

**ထူးခြားချက်အနေဖြင့်** အလယ် ရုပ်ပွားတော်ကြီးမှ နားရွက်တော် ပခုံး ထိမည်း ဘယ်ညာဘေးနှစ်ဖက်ရှိ ရုပ်ပွားတော်တို့မှာ ဘယ်ညာ ဘေးနှစ်ဖက် ရှိ ရုပ်ပွားတော်တို့မှာ ပခုံး မထိခြင်း ဖြစ်ပါသည်။

'နောက်က တံကဲကို သေချာကြည့်ဦး ညာဘက်ဘုရားနောက်ခံ တံကဲထိပ်မှာ ဇော်ဂျီရုပ်တု မုတ်ဆိတ်ဖွားဖွားနဲ့ တွေ့ရမယ်။ ဘယ်ဘက်ဘုရား နောက်ခံတံကဲထိပ်မှာ တော့ ဇီးကွက်ရုပ်တု တွေ့ရမယ်။ ဘာ အဓိပ္ပါယ်လဲဆိုတာ စဉ်းစားစရာပဲနော်'

ကျွန်ုပ်အား လိုက်လံပို့ဆောင်ပေး သော ဂေါပကဥက္ကဋ္ဌ ဦးလှိုင်ဝင်းက ပြောပြသဖြင့် ထိုနေရာကို ကင်မရာနှင့် အနီးကပ် ဆွဲယူရိုက်ကူးကြည့်ရှုလိုက် ပါသည်။

"ဇော်ဂျီဇီးကွက် စီးပွားတက်"

"ဇီးကွက်ဇော်ဂျီ ဈေးခေါ်ကောင်းမည်"

ဆိုသော ဂမ္ဘီရအယူအဆ ရှိပါ သည်။

**ဇီးကွက်** = အင်္ဂါ + တနင်္လာ

**ဇော်ဂျီ** = အင်္ဂါ + တနင်္လာ

**ဈေးခေါ်** = အင်္ဂါ + တနင်္လာ

ဓာတ်တူနာမ်တူ နှစ်ဆင့် အစီအမံ ဖြစ်ပေသည်။

ဤသိမ်တော်တွင် လာရောက်၍ ဘုရားဖူးသူများ၊ အဓိဋ္ဌာန် ဝင်သူများ ကို ဈေးရောင်းကောင်းအောင်၊ ရောင်း လိုကုန်ပစ္စည်းများ အမြန်ဆုံး ရောင်း ထွက်အောင်၊ စီးပွားဥစ္စာ တိုးတက် ကောင်းမွန်အောင် ရှေးပညာရှိကြီးများ က စီမံပေးခဲ့ကြခြင်း ဖြစ်ပေလိမ့်မည်။ သိသူဖော်စား၊ မသိသူကျော်သွား ဆို သော စကားလို သိသူများက လာ ရောက်ဖူးမြော် အဓိဋ္ဌာန်ဝင်ခဲ့ကြပေ သည်။

စာဖတ်သူများ အနေဖြင့် ကြံခင်းမြို့ သို့ သွားရောက် ဘုရားဖူးရင်း အဓိကရ မဟာသိမ်တော်ကြီးသို့လည်း အဓိဋ္ဌာန် ဝင်နိုင်ကြပါစေ။


***စေတနာမှန်လျှင် ကံကောင်းမည်***

**အောင်ဇေ***(LL.B)*



www.burmeseclassic.com

www.burmeseclassic.com



# ဒူးနာရောဂါ

## ပျောက်စေလိုလျှင်



တစ်နေ့ စာရေးသူနဲ့ စာပေမိတ်ဆွေများ ဖြစ်ကြတဲ့ ကောင်းခန့်(သခွတ်မြေ)၊ မင်းဝဿန်ဦး (ဝက်လက်)၊ သဏ်းဝင်း (ကြေး/မြေ)တို့ ဝက်လက်မြို့ နာရီစင်အနီး ''ခိုင်ပန်းဖြူ တီးဟောက်''မှာ လက်ဖက်ရည်သောက်ရင်း ဝတ္ထုတစ်ပုဒ်နဲ့ ပတ်သက်၍ ဆွေးနွေးခဲ့ကြတယ်။

အတန်ကြာတော့ ကောင်းခန့် (သခွတ်မြေ)က သူရဲ့ ဒူးနှစ်ဖက်ကို လက်နှစ်ဖက်နဲ့ အားယူထောက်ကာ မတ်တတ်ရပ်ရင်း...

'အား... ကျွတ်... ကျွတ်... ကျွတ်... ကဲ... သူငယ်ချင်းတို့ ငါပြန်ဦးမယ်ကွာ'

ညည်းညည်းညူညူနဲ့ နှုတ်ဆက်တယ်။ ဒီမှာပဲ မင်းဝဿန်ဦး (ဝက်လက်)က...

'ဟ... ကိုယ့်ဆရာရ ပြန်တော့မှာလား။ ပါးစပ်ကလဲ တကျွတ်ကျွတ်နဲ့ ''အိမ်မြှောင်''ကျနေတာပဲ'

ဟု နောက်လိုက်တယ်။ ကောင်းခန့် (သခွတ်မြေ)က ပြုံးရင်း...

'ဒူးနာနေလို့ပါကွာ မင်းကလဲ ဆေးတွေ ဝယ်သောက်နေတာ သက်သာရုံသက်သာတာ ပြန်နာတာပါပဲကွာ။ ဆရာဝန်ဆီ ဆေးသွားထိုးရ ကောင်းမလားလို့ပါ'

ကောင်းခန့် (သခွတ်မြေ)ရဲ့ စကားအဆုံး တစ်ဖက် လက်ဖက်ရည်ဝိုင်းမှ လက်ဖက်ရည်သောက်ရင်း ကားစောင့်နေဟန်ရှိသော ခရီးသွား ဦးကြီးတစ်ဦးက...

'မောင်ရင် ဒူးနာနေတာ ကြာပြီလား'

ဆိုပြီး ကောင်းခန့်ကို လှမ်းမေးလိုက်တယ်။ ကောင်းခန့် (သခွတ်မြေ)က...

'ဟုတ်ကဲ့ဗျ တစ်လလောက်ရှိပြီ'

ဆိုပြီး သူထိုင်နေတဲ့ခုံမှာ ပြန်ထိုင်လိုက်တယ်။ ဒီမှာပဲ ဦးကြီးက...

'ဒူးနာပျောက်တဲ့ဆေးနည်းက လွယ်ပါတယ်ကွာ။ အင်း... ဒူးနာတဲ့ ဝေဒနာက အခံရအခက်ဆုံး ရောဂါကွ။ အထိုင်အထ ပြုလုပ်တာတို့၊ အိပ်ရာမှာ လျောင်းတာတို့၊ ဒူး အကွေးအဆန့် ပြုလုပ်တာတို့မှာ တအား ခံရတာ။ အေး... ငါ့မှာလဲ တစ်ချိန်က ဒူးနာတဲ့ ဝေဒနာ ခံခဲ့ရဖူးတယ်။ အခုတော့ ပျောက်ကင်းသွားပြီ'

ခရီးသွား ဦးကြီးရဲ့ စကားအဆုံး ကျွန်တော်တို့အဖွဲ့ထဲမှ သဏ်းဝင်း (ကြေး/မြေ)က...

'ဦးကြီးရယ် ဦးကြီးရဲ့ ဆေးနည်းပြောပြမှ ကျွန်တော်တို့ သူငယ်ချင်း ကုလို့ရမှာပေါ့'

ဆိုပြီး စကားဖြတ်ကာ မေးလိုက်တယ်။ ဒီတော့မှ ခရီးသွားဦးကြီးက...

'ပြောပြပါ့မယ် မောင်ရင်ရာ ဒူးနာရောဂါဟာ အသက် (၄၀)ကျော်လာရင် အများအားဖြင့် ဖြစ်တတ်တယ်ကွ။ ကုသနည်းက လွယ်ပါတယ် မောင်ရာ။ မောင်ရင်တို့ဆီမှာလဲ ရှိမှာပါ။ **အကြောတစ်ထောင်ရွက်နဲ့ ဂျင်း(ချင်း) အနည်းငယ်ကို ထောင်း၊ နောက် မီးတောက်အရက်ကို ပန်းကန်တစ်လုံးမှာထည့်ပြီး ရောစိမ်ရမယ်။ စိမ်ရာမှာလဲ အရည်ကျဲကျဲ စိမ်စရာမလိုဘူးကွ။ အိပ်ရာဝင်ခါနီး စိမ်ထားတဲ့ အဖတ်တွေကို ဒူး ပတ်ပတ်လည်ကပ်ပြီး ပတ်တီးစည်း** အိပ်ကွာ။

အစကတော့ ယားသလိုလို ဖြစ်လိမ့်မယ်။ ပတ်တီးကို မဖြေနဲ့ကွ။ အဲဒီလို (၅) ရက်လောက်သာ ည အိပ်ရာဝင်တိုင်း စည်းအိပ်စမ်းပါမောင်ရာ မကြာခင် မောင်ရင် ခံစားနေရတဲ့ ဒူးနာရောဂါ သက်သာ ပျောက်ကင်းသွားပါလိမ့်မယ်။

ကဲ... ကဲ... စကားကောင်းနေလိုက်တာ ဟိုမှာ ရွှေဘိုမြို့ ထွက်မယ့်ကားထွက်တော့မယ်ထင်တယ်။ ကိုင်း... မောင်ရင်တို့ သွားမယ်ဟေ့'

ပြောပြောဆိုဆို ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက်အား နှုတ်ဆက်ရင်း ခရီးသွား ဦးကြီးတစ်ယောက် ကားရှိရာသို့ ထွက်သွားလေတော့သည်။

***ဆေးမြီးတို ပြောပြသွားသော ခရီးသွား ဦးကြီးအား ကျေးဇူးတင်စွာဖြင့်...***

ကိုကိုအောင်(မြကန်သာ)
ဝက်လက်မြို့



www.burmeseclassic.com

www.burmeseclassic.com

(ကြော်ငြာဆောင်းပါး)

# အသိကျ အလှပို ဆီး,ဝမ်း မှန်စေလိုလျှင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ခေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား ကိုပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု မဟုတ်တစ်ခု ဖြစ်ပေါ်ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း မာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး များ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် သကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း မပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညို ပြာရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာ ကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ ဟာလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ တော့တာပေါ့ရှင်။

ကြာတော့ လှုလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစိပူခါးလို ပုံကပျက်၊ ရောဂါက ဘက်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ ကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု သော အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဗျာ" တဲ့လေ. . ။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ၊ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေ ရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီး တော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အ ကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါ တွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပံ့စွန်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာ ကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေ တားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအ ထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေ တာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အ နေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ခတ် တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါ မယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေ



www.burmeseclassic.com

www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေစိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့ဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေးခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."



ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(တနယ်ဝင်း)(၁၁၂/၁၂၀၂)

"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့,ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေလေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေးမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသောအဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေညီညွတ်မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင်ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၇၃၁၉၇၅၂၄။

---



www.burmeseclassic.com

www.burmeseclassic.com

ဝေဘူဆရာတော်ကြီး၏ ဋ္ဌေရာသီ သီတင်းသုံးရာ

# အင်ကြင်းပင် သာသနာမြေသို့ (၃)

ထက်မင်းကျော်စွာ



◆ စေတီတွင်းမှ ပိဋကတ်

( ယခင်လမှ အဆက် )

## သိမ်နှင့်ဓမ္မာရုံ

ထိုမှ အရှေ့ဘက်ကပ်လျက်ကား စေတီဝင်းဖြစ်သည်။ စေတီတော်အချို့ ပယ်တော်မူ၍ သိမ်နှင့် ဓမ္မာရုံတို့ကို မြင်ရသည်။ ဓမ္မာရုံကြီးမှာ ဝေဘူဆရာ တော်ရှိစဉ်က ပရိသတ် ယောဂီတို့အား တရားစစ် တရားပြရာ နေရာဖြစ် ကြောင်း သိရသည်။

ကမ္ဘဋ္ဌာန်းကျောင်းတိုက် ဆောက် လုပ်သော ၁၂၉၁ ခုနှစ် မတိုင်မီက ဖြစ်ဟန်ရှိသည်။ အတွင်း၌ တင်ပျဉ် ခွေရုပ်ပွားတော်ကြီးတစ်ဆူ ပူဇော် ထားသည်။

ဓမ္မာရုံနံဘေးတွင် အလှူမှတ်တမ်း ကျောက်စာတစ်ချပ် တွေ့ရသည်။ အင် ကြင်းပင်ရွာနေ ဦးချစ်ညိမ်း၊ ဒေါ်မိလှ တင်တို့က နန်းဦးကျောင်းတိုက်နှင့် ကပ်လျက်ရှိသော ဘိုးဘွားပိုင် လယ် ကွက်များကို သာသနာ့မြေအဖြစ် လှူဒါန်းကြောင်း မှတ်တမ်းပြုထား သည်။

၁၃၃၂ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ရေစက်ချ လှူဒါန်းကာ လယ်မြေ အကျယ်အဝန်းမှာ မျိုးစပါး(၁၂)တင်း ကြဲ လယ်မြေဖြစ်ကြောင်း ပါရှိ၏။ လေးပြည်ကြဲ (၂)ကွက်၊ ဆယ်ပြည်ကြဲ (၁)ကွက် စသည်ဖြင့် လယ်ကွက် တစ်ခုချင်း အကျယ်အဝန်းများ အသေး စိတ် ဖော်ပြပြီးနောက် စုစုပေါင်း အကျယ်အဝန်း (၁၂)တင်းကြဲဖြစ် ကြောင်း မှတ်သားထား၏။

ဝေဘူဆရာတော်ကြီး ထင်ရှားရှိစဉ် လှူဒါန်းခြင်း ဖြစ်လေသည်။

ဓမ္မာရုံ၏ မြောက်ဘက်ကပ်လျက် သိမ်အဆောက်အအုံမှာ ပြန်လည်မွမ်းမံ



www.burmeseclassic.com


www.burmeseclassic.com

သောသိမ်ဖြစ်သည်။ ဝေဘူဆရာတော် ရဟန်းဘောင် ဝင်ရောက်ခဲ့သော သိမ်တော်ဖြစ်၍ မူလအဆောက်အအုံမှာ ကာလကြာရှည်သဖြင့် ပြိုပျက်သွားကြောင်း သိရသည်။



◆ စေတီအချို့

◆ ဝေဘူဆရာတော် စာသင်သားဘဝ ပန်းတော့လက်ရာ



◆ မေတ္တာဝိဟာရီကမ္မဋ္ဌာန်းကျောင်း



သိမ်အနီးရှိ စေတီလိုဏ်အတွင်း၌ ခြေတော်ရာပါဒစေတီတစ်ဆူ ဖူးတွေ့ရသည်။ ပါဒစေတီပလ္လင်စွန်းတွင် **'၁၂၈၁ ခုနှစ်၊ ကဆုန်လ ဦးကလျာဏ'** ဟူသော ကမ္ပည်းပါရှိသည်။

ထိုစေတီ၏ တောင်ဘက်မုခ်ဦးတွင် ညီတော်မင်းနန် ခေါ်ဆောင်ခန်းအင်္ဂတေရုပ်လုံးရှိသည်။ အတန်ပင်ပျက်ယွင်းနေပါပြီ။ ဝေဘူဆရာတော် စာသင်သားဘဝ ၁၂၈၁ ခုနှစ်ဝန်းကျင်တွင် ဆရာတော် ဦးသုမန၏ စေခိုင်းချက်အရ စေတီတည်ရာတွင် ပါဝင်ကူညီရလေရာ **ဦးကုမာရ(ဝေဘူဆရာတော်)**၏ ပန်းတော့လက်ရာဖြစ်ကြောင်း သိရသည်။

ဦးကုမာရသည် ဗိသုကာပညာကိုကောင်းစွာ နားလည်တတ်ကျွမ်း၍ ဂူ, ကျောင်း, ဘုရားများကို ကိုယ်တိုင်ပုံစံထုတ် တည်ဆောက်နိုင်သည်ဆို၏။

မြောက်ဘက်အစွန်တွင်မူ စပါးကျီတစ်လုံး တွေ့ရသည်။ ဝတ္တကာလယ်မြေများပေါ်၌ စိုက်ပျိုးကြသူများက သီးစားခအဖြစ် ကျောင်းသို့ လှူဒါန်းသော စပါးများ သိုလှောင်ရန် ဖြစ်သည်ဆို၏။

သိမ်နှင့် စေတီများ၏ အရှေ့ဘက်မြေကွက်တွင် ဗောဓိညောင်ပင်ကြီးရှိသည်။ ဝေဘူဆရာတော်ကိုယ်တိုင် စိုက်ပျိုးပူဇော်ခဲ့သော ပရိဘောဂစေတီဖြစ်သည်။


"ဒီဗောဓိညောင်ပင်ကို ဆရာတော်ကြီးကိုယ်တိုင် ရေထမ်းပြီး ကဆုန်လပြည့်ညောင်ရေသွန်းပူဇော်ပါတယ်။ ကျွန်တော်တို့က ကိုရင်





www.burmeseclassic.com

www.burmeseclassic.com



◆ ကန်ဦးစေတီ

ဘဝပေါ့။

တစ်နေ့မှာ ဆရာတော်ကြီးက ကန်ရေသမ်းပြီးအလာ ခွေးမတစ်ကောင် လှမ်းကိုက်လိုက်တာ ခြေသလုံးမှာ သွေးပေါက်တောက်ယိုကျလာတယ်။ ဆရာတော်က "ဟယ် ဒီခွေးမခမျာ"လို့သာ စုတ်တသပ်သပ်နဲ့ ညည်းတွားပါတယ်'

လိုက်ပါညွှန်ပြပေးသော အင်ကြင်းရွာသား ကိုမင်းလွင်က ပြောပြခြင်းဖြစ်သည်။ တိုက်ကြပ်ဆရာတော် ဦးမင်္ဂလနှင့် ငယ်သူငယ်ချင်းဖြစ်ရာ ဝေဘူဆရာတော်ကြီးအား သာမဏေကြီးဘဝဖြင့် သိမ်မီးဖိုးတွေ့ရသူဖြစ်သည်။


'ဆရာတော်က အကိုက်ခံရတာဘာဖြစ်လို့ ခွေးကို သနားရတာလဲ'

'မကြာခင်မှာပဲ အဲဒီခွေးမ သွေးအန်ပြီး သေရှာတယ်။ ရဟန္တာကို သွေးစိမ်းတည်အောင် ပြုသူဟာ ချက်ချင်း ဝဋ်ခံရတယ်လေ။ ဒါကို ရည်ရွယ်ပြီး စုတ်သပ်တယ် ထင်ပါတယ်'


## မေတ္တာဝိဟာရီနှင့် ကန်ဦးစေတီ

ဗောဓိညောင်ပင်မှ တောင်ဘက်လွင်ပြင်တွင် အုတ်တိုက်ဆောင် တစ်ဆောင်ရှိကာ **'မေတ္တာဝိဟာရီ ကမ္မဋ္ဌာန်းဆောင်'** ဟု ကမ္ပည်းထိုးထားသည်။ လက်ရှိဆရာတော် ဦးပညာဝံသ သီတင်းသုံးရန် ဆောက်လုပ်လှူဒါန်းထားခြင်း ဖြစ်သော်လည်း ဆရာတော်က မူလ နန်းဦးကျောင်း၌ သီတင်းသုံးသဖြင့် နိုင်ငံခြားသား လေ့လာသူများ

◆ ဆရာတော်ကိုယ်တိုင် စိုက်ပျိုး ရာသွန်ရာ ဗောဓိညောင်



www.burmeseclassic.com



◆ အမေရိကန် သီလရှင် ဒေါ်မေဓာဝီ

◆ ဒေါ်မေဓာဝီ အင်းကြင်းပင် ကမ္မဋ္ဌာန်းကျောင်းဝင်း၌ တရားအားထုတ်စဉ်





www.burmeseclassic.com

www.burmeseclassic.com






◆ ဝေဘူကျောင်းမှ ဒေါ်မေခေါ်ဗီ

အီတလီဘုန်းတော်ကြီး

ဦးလောကနာထ ◆

လာရောက်သည့်အခါ တသီးတခြား အေးချမ်းစွာ နေထိုင်တည်းခိုရန် ထား ပေးရှိကြောင်း သိရသည်။

ထိုလွှင်ပြင်၏ အနောက်ဘက်တွင် ရေကန်ကြီးတစ်ကန်နှင့် ကန်ဦးစေတီ ကို ကြည်နူးဖွယ် ဖူးတွေ့ရသည်။ ကျောင်းတွင်းရှိ သာသနိကအဆောက် အအုံအချို့မှာ **အင်ကြင်းပင်ရွာသား များ၏ တစ်ဖွန်းဆန်ကောင်းမှုဖြစ် သည်၊ ထမင်းချက်တိုင်း ဆန်တစ် ဇွန်းမျှ ဖယ်ထားရာက တစ်နှစ်ကြာ သော် တစ်အိမ်လျှင် လေးပြည်ခန့် ရသည်ဆို၏။ ထိုဆန်များကို စုပေါင်းကာ ကုသိုလ်ပြုကြခြင်းဖြစ် သည်၊**

နိုင်ငံခြားသားပရိသတ်များ

ဝေဘူဆရာတော် သက်တော် ထင်ရှား ရှိစဉ်ကပင်လျှင် နိုင်ငံရပ်ခြားမှ ယောဂီပရိသတ်များ လာရောက် ဖူးမြော်ကာ ကမ္မဋ္ဌာန်း နည်းနာခံယူ ကျင့်ကြံခဲ့ကြသည်။ အရှင်မဏ္ဍလ၏ စာအုပ်မှ ကောက်နုတ်ဖော်ပြပါမည်။

ဦးလောကနာထ

အီတလီနိုင်ငံ မီလန်မြို့တွင် ၁၈၉၇ ခုနှစ်၌ မွေးဖွားသူဖြစ်၏။ အမည်ရင်း မှာ ဆာဗာတိုရေဖြစ်သည်။ မိဘများ နှင့်အတူ အမေရိကန်နိုင်ငံသို့ ပြောင်း ရွှေ့ကာ ကိုလံဘီယာတက္ကသိုလ်မှ ဘီအက်စ်ဘွဲ့ ရခဲ့သည်။

စက်ရုံတစ်ရုံတွင် ဓာတ်ခွဲခန်းမှူး အဖြစ် တာဝန်ထမ်းဆောင်စဉ် အင်္ဂလိပ်ဘာသာပြန် ဓမ္မပဒစာအုပ်ကို ဖတ်မိရာမှ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူခဲ့ သည်။

ရွှေ့လ ဆက်ဖတ်ပါရန်

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com



အုံကြွယ်

# ဆုံးမစကား မှတ်သားလိုမှာရှိသေးမို့

အစီအရင်

သူငယ်ချင်းဖြစ်သူ ကိုဝင်းဖေ လာခေါ်၍ နှင်းဆီပန်းမျိုးများယူရန် ကွက်သစ်ဘက်သို့ လာခဲ့ကြသည်။ စီးလာသည့် စက်ဘီးများကို ရပ်ပြီး နှင်းဆီပန်းခြံအတွင်း ဝင်မိသည်နှင့် ပေါင်းသင်၊ မြေသြဇာကျွေး၊ ရေလောင်းဖြင့် အလုပ်ရှုပ်နေသော ဦးလေးဦးနန္ဒကို တွေ့ရသည်။

'ဦးလေး လောဘဇောတွေ တိုက်ပြီး အလုပ်ရှုပ်နေသလား၊ အသက်ကြီးပြီလေ ငြိမ်ငြိမ်လေး ဇိမ်နဲ့နေရောပေါ့ဗျာ'

ဟု ကိုဝင်းဖေက လှမ်းနောက်လိုက်သည်။

'အေး အဲဒီ မင်းတို့ အယူအဆက မှားတယ်ကွ။ အသက်ကြီးလာရင် ကိုယ်ခံအားနည်းလာပြီး ရောဂါမျိုးစုံ ဝင်လာတတ်လို့ လှုပ်လှုပ်ရှားရှား နေရတယ်ကွ။ စာဆိုတောင် ရှိသေးတယ်လေ။

အသက်(၅၀)ကျော်လာရင် "မျောက်လိုလှုပ်ရှား။ ကြောင်လိုစား။ နွားလိုရေသောက်၊ လိပ်လိုလျှောက်၊ ကုတ်ထောက် မပျင်းနဲ့" တဲ့ကွ'

ကိုဝင်းဖေက...

'တယ်ဆိုတဲ့စာပါလား အကျယ်လင်းစမ်းပါဦးဗျ'

ဆိုတော့...

'အသက်လေးရလာရင် မျောက်လို အငြိမ်မနေဘဲ လှုပ်ရှား လုပ်ကိုင်နေတော့ သွေးလေညီညွတ်ပြီး ကျန်းမာရေးကောင်းမယ်။ ကြောင်လိုစား ဆိုတာက ကြောင်များဟာ ဘယ်တော့မှ တစ်ခါတည်း အဝမစားဘူး။ နည်းနည်းနဲ့ ခဏခဏ စားတယ်။

အေး...တို့လို လူကြီးတွေကလဲ အစားအသောက်ကို အဝ မစားဘဲ နည်းနည်းချင်း ခဏခဏ စားရတယ်။ များများမစားတော့ အစာကြေတာပေါ့ကွာ။

နွားတွေဆိုရင်လဲ လုပ်ငန်းခွင် မဝင်ခင် မနက်ကတည်းက ရေကို အဝသောက်ကြတယ်၊ တို့လဲ ရေကို အိပ်ရာထတာနဲ့ အဝသောက်၊ မကြာမကြာ သောက်တော့ ရေခဓာတ် မခန်းတော့ဘူးပေါ့။

အသက်ကြီးလာပြီဆိုရင် ခြေတွေလက်တွေကလဲ မမြဲချင်တော့ဘူးလေ။ ဒါကြောင့် လိပ်တွေလိုပဲ ရှေ့ခြေ မြဲကာမှ နောက်ခြေလှမ်းသလို တို့လဲ ညာခြေမြဲမှ ဘယ်ခြေ လှမ်းရတယ်။

အဲဒီလိုပဲ တချို့လူကြီးတွေက တုတ်ကောက်ကိုင်ရင် ရှိုးပွဲတယ်ထင်ပြီး မကိုင်ချင်ကြဘူး။ အဲဒါ အမှားတစ်ခုပဲ။ တုတ်ကောက်လေး ကိုင်ထား အားပြုနိုင်တော့ ရုတ်တရက် ယိုင်တာ၊ လဲတာ မဖြစ်တော့ဘူးပေါ့'

ဟု ဦးလေးက ရှင်းပြပါသည်။

ဦးနန္ဒမှာ ရှမ်းတိုင်းရင်းသားဖြစ်ပြီး တစ်ကိုယ်ရေတစ်ကာယ ပန်းခြံစိုက်၊ တောင်ယာလုပ်ဖြင့် အသက်(၇၀) ကျော်သည့်တိုင် ကျန်းမာသန်စွမ်းသူဖြစ်သည်။

အတွေ့အကြုံ ဗဟုသုတ စုံသဖြင့် ရှေးဟောင်းနှောင်းဖြစ်များ ကြားသိရသလို ဆောင်ရန်၊ ရှောင်ရန် လောကီသိပ္ပ လူ့ကိစ္စများကိုလည်း မှတ်သားရပါသည်။

ယခုလည်း ဆုံးမ,မနိုင် ဆိုရန်ခက်ခဲနေသည့် တစ်ဦးတည်းသောသားဖြစ်သူနှင့် ပတ်သက်၍ ကိုဝင်းဖေမှာ စိတ်ဆင်းရဲနေရသူဖြစ်ရာ ဦးလေးနန္ဒအား ...

'ဦးလေး ကြုံတုန်းမေးပါရစေ၊ ကျွန်တော့်သား ငပေငတေကောင် ပြောမရဆိုမရနဲ့မို့ ကျွန်တော်နိုင်တော့

www.burmeseclassic.com

ဘူး။ နည်းကောင်းလေးများရှိရင် ထမ်းညွှန်ပါဦး'

ဟု ညည်းညူရင်း အကြံတောင်းခံမှု အပေါ် ဦးလေးက...

'ဒါများ ဘာခက်လို့လဲကွာ နည်း တွေကတော့ အများကြီးပဲ။ အေး... အဲဒီနည်းတွေထဲမှာ ငါ မကြိုက်တဲ့ နည်းကတော့ ကလေးရဲ့ ဓာတ်ပုံကို ဓာတ်ဘူးထဲ၊ ပုလင်းထဲ ထည့်ပြီး၊ ဘုရားစင်ပေါ်တင်ထားတဲ့ နည်းပဲကွ။ မလုပ်သင့် မလုပ်အပ်တဲ့ နည်းပဲလေ။

ဘုရားစင်ပေါ်မှာထားတော့ မိဘ ဘိုးဘွား သက်ကြီးဝါကြီးတွေက ဘုရားရှိခိုးတိုင်း ဒီကလေးကို ကန်တော့ နေသလို ဖြစ်မနေဘူးလား။ ကလေး အတွက် အလိုလိုနေရင်း ငရဲပေးတဲ့ နည်းမို့ ငါ့တော့ မကြိုက်ဘူးကွ'

ဟု ပြောပြပါသည်။

'ဟုတ်တယ် ဦးလေး၊ ဒီနည်းက ဓာတ်ပုံရှင်ကလေးကို နာမ်နှိမ်ထား သလို ငရဲကျစေမယ့် အပြစ်ပေးနည်းမို့ ကျွန်တော်လဲ မကြိုက်ဘူး'

ဟု စာရေးသူမှ ထောက်ခံလိုက်ပါ သည်။

'ဒါတို့ ရှမ်းတိုင်းရင်းသားတွေ မျိုးရိုး စဉ်ဆက် သုံးစွဲလာတဲ့နည်းကို ပြောပြ မယ်။ ဆောင်ပုဒ်လေးကတော့ "**ပဥ္စ ကိုဆောင်၊ ဆကိုစား၊ ပြောလေ ဆုံးမစကား**"တဲ့ကွ။

အဓိပ္ပာယ်က ဆိုဆုံးမစကားကို နားယူဘဲရှိတဲ့ ကလေးကို လိမ္မာရေး ခြား ရှိလာအောင် ဆုံးမစကား ပြောတဲ့ အခါမှာ **ကလေးရဲ့ မွေးနေ့ကနေ ငါးခု(ပဥ္စမြောက်)ကျတဲ့နေ့ နံသင့် အပွင့်၊ အညွန့်၊ အခက်တစ်မျိုးမျိုး ကို ဆောင်ရင်ဆောင်၊ ပန်ရင် ပန်၊ ကိုင်ရင်ကိုင်ပြီး ဆဋ္ဌမနေ့ (ဆမြောက်) ကျတဲ့နေ့ နံသင့် အစားအစာတစ်မျိုး**



**မျိုးကို စားရင်း ပြောဆို ဆုံးမရင်** အောင်မြင်မယ်လို့ ဆိုထားတာပဲ။

**ဥပမာကွာ...** မင်းရဲ့သားက တနင်္ဂနွေနေ့ဖွားဆိုရင် တနင်္ဂနွေကနေ ပဥ္စမဖြစ်တဲ့ ကြာသပတေးနေ့နံသင့် ပိတောက်ပန်း ဒါမှမဟုတ် ပိတောက် ခက်ကိုဆောင် ဆဋ္ဌမနေ့နံဖြစ်တဲ့ သရက်သီးကို စားရင်း ဆုံးမစကား ပြောရမယ်လို့ ဆိုတာကွ။

ဒီနေရာမှာ ကပ်ပြီး ပြောစရာရှိ တယ်။ ပိတောက်ပင်လဲ မရှိဘူး။ သူ့အခါ လရာသီမဟုတ်လို့ သရက်သီး လဲ မရှိဘူးဆိုရင် ဘယ်လိုလုပ်မလဲလို့ မေးနိုင်တယ်။

ဒါတွေမရှိလဲ နေ့နံသင့်တဲ့ မြတ် လေးပန်း၊ မေမြို့ပန်း ကိုင်ဆောင်ပြီး သီးသီး ဒါမှမဟုတ် သကြားစားလဲ ရတာပဲလေကွာ။

အဲဒီလိုပဲ နေ့သားအလိုက် တွက် ချက် လုပ်ကိုင်ဆောင်ရွက်ကြရင် (၇) ရက်သားသမီးတွေအတွက် အဆင်ပြေ သွားမှာပါ'

ဟု ဦးလေးနန္ဒက ရှင်းပြခဲ့ပါသည်။

'ဦးလေးရာ မထူးပါဘူး။ ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပို့ပါ။ နေ့သား အလိုက် လုပ်ဆောင်ရမယ့်၊ စားရမယ့် အပင်တွေ အသီးတွေကို တစ်ခါတည်း ရှင်းပြလိုက်ပါ။ ကျွန်တော်တို့လဲ နားလည်နိုင်ပြီး မှတ်သားလို့ ရတာ ပေါ့'

ဟု စာရေးသူက အတွန့်တက်လိုက် ရာ...

'အေးပေါ့ကွာ မင်းတို့က ပျော်တွေ ဆိုတော့ ကူးတို့ရောက်အောင် ပို့မယ့် အပြင် ကူးတို့ခ တစ်မတ်ပါ ထည့်ပေး လိုက်ရမှာပေါ့'

ဟု ဦးလေးက နောက်ရင်း အောက် ပါ နေ့သားအလိုက် ဆောင်ရန် စားရန် ဇယားလေးကို ပြုစုပေးလိုက်ပါတော့ သည်။

* * *

| စဉ် | ကလေးမွေးနေ့ | ဆောင်/ပန်း/ကိုင်ရန် အပွင့်/အညွန့်/အခက် | စားရန် နံသင့် အစားအစာ |
|---|---|---|---|
| ၁ | တနင်္ဂနွေ | ပိတောက်၊ မြတ်လေး၊ မေမြို့ | သရက်၊ သကြား၊ သီးသီး |
| ၂ | တနင်္လာ | သစ်ခွ၊ သစ္စာ၊ သပြေ၊ သဇင် | ထပ်တစ်ရာ၊ နွားနို့ |
| ၃ | အင်္ဂါ | ဒေါ်နု၊ နေကြာ၊ နှင်းဆီ၊ ဒေဝီ | ဩဇာ၊ အိုကြာကွေး၊ အာလူး |
| ၄ | ဗုဒ္ဓဟူး | အုန်းပန်း၊ ဩဇာ | ကြံ၊ ကြံသကာ၊ ကိုကိုး |
| ၅ | ကြာသပတေး | ခတ္တာ၊ ငု၊ ချယ်ရီ၊ ကံ့ကော် | ဆီးသီး၊ ဆီးယို၊ စားတော်ပဲ |
| ၆ | သောကြာ | ငွန်း၊ စံပယ်၊ စိန်ပန်း၊ ဇီဇဝါ | လိမ္မော်၊ လက်ဖက်၊ လမုန့် |
| ၇ | စနေ - | ရွက်လှ၊ ရုံယို၊ ဝါးညွန့် | ဖရဲသီး၊ ပေါင်မုန့်၊ ဘိန်းမုန့် |

*ကယားပြည်နယ်၊ ဖားဆောင်းမြို့မှ ဦးလေးဦးနန္ဒအား ဂါရဝထားလျက်...*

**အုံကြွယ်**

www.burmeseclassic.com


## ကျန်းမာပါစေဆေးတိုက်မှမြန်မာ့ဆေးစွမ်းကောင်းများ ထုတ်လုပ်ဖြန့်ချိလျက်ရှိပါသည်။

ဆရာကြီး ဦးဝင်းလေး ၊ ဆရာမကြီး ဒေါ်လှသိန်းနှင့် သားဆရာ ဦးသီဟတို့က နှစ်(၃၀)ကျော် ကာလ အောင်မြင်ခဲ့သောဆေးများကို ရောဂါဝေဒနာရှင်များ တောင်းဆိုချက်အရ ထုတ်လုပ် ဖြန့်ချိလိုက်ခြင်းဖြစ်ပါကြောင်း။

ဆီး ၊ ဝမ်း ၊ လေ မှန်ပြီး အကြောများပြေစေဖို့အတွက်

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ အကြောဖြေဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011801(1215)



အကြောတက်ခြင်း၊သွေးကြောလေကြောပိတ်ခြင်း၊မျက်စိရောဂါ၊အတွင်းတိမ်၊ အပြင်တိမ်၊စအိုနာ၊ဆီးဝမ်းလေချုပ်ရောဂါများအတွက်၊ဝမ်းတွင်းရှိအပူအပုပ် အညစ်ကို ယူထုတ်ပစ်သလိုကင်းစေပြီး၊သွက်လက်ပေါ့ပါးကျန်းမာစေပါသည်။



နေပူ ၊ မီးပူ ၊ ရင်တွင်းသောကအပူ မှန်သမျှ ငြိမ်းစေမည့်

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ အပူငြိမ်းသွေးဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011800(1215)

နှလုံးတုန်၊ရင်ခုန်မောပန်းခြင်း၊မူးဝေခြင်း၊အိပ်မပျော်ခြင်း၊မီးယပ်သွေးမမှန်ခြင်း၊ သွေးသားမကြည်လင်ခြင်း၊အသားအရေခြောက်သွေ့ခြင်းတို့ကို သက်သာပျောက် ကင်းစေပါသည်။

ကိုယ်ခန္ဓာအတွင်း ငုပ်လျှောင်နေသည့် အဆိပ်အတောက်များကို ဖြေဖျောက်ပေးမည့်

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ အဆိပ်ဖြေဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011825(1215)



ကိုယ်၊လက်၊ခြေကိုက်ခဲခြင်း၊ချွေးငုပ်ခြင်း၊ခေါင်းကိုက်ခြင်း၊ခေါင်းအုံခြင်း၊ အနာရောဂါအမျိုးမျိုးတို့အတွက် ငန်းမန်းတို့ကို သက်သာပျောက်ကင်းစေခြင်းနှင့် အဖျားရောဂါများကို သက်သာပျောက်ကင်းစေပါသည်။



ထုံကျဉ်ကိုက်ခဲလေးဖက်နာ နှင့် လေငန်းလေဖြတ်ရောဂါရှင်များအားထားရတဲ့

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ အကြောလိမ်းဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011826(1215)

အကြောတင်ခြင်း၊အကြောကပ်ခြင်း၊အကြောထုံခြင်း၊အကြောရောင်ခြင်း၊ အဆစ်အမျက်ရောင်ခြင်း၊ထုံကျဉ်ကိုက်ခဲ၍လေးဖက်နာဖြစ်ခြင်း၊မေးရွဲ့ပါးရွဲ့ခြင်း၊ ခြေကပ်လက်ကပ်ခြင်းနှင့် လေငန်းရောဂါ တို့ကို သက်သာပျောက်ကင်းစေပါသည်။

**ကျန်းမာပါစေ**

**တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းနှင့်ဆေးကုဌာန**

အမှတ်(၈၂)ဇေယျာလမ်း၊(၁၀)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၀၈၅၄၄၀၊ ၀၉ ၇၃၀၂၉၉၃၀၊ ၀၉ ၄၂၀၀၆၆၃၉၈




www.burmeseclassic.com

www.burmeseclassic.com



● တောင်ထိပ်ကျောက်ဂူမှ ( 木 )မှ တရုတ်စာလုံး

စင်ဒိုင်ယ်

ခွေးရုပ်ရွာ ဝေဟင်အနောက်ဖျားမှ

# ကျောက်ပန်းဆိုးတောင်

မြတ်စွာနွေထံတော်ပါးသို့ ( ၅ )

ယခင်လမှ အဆက်

အဲဒီအချိန်မှာ ဘုရားတောင်ပေါ်က ချုံလှုပ်ရှားရှား ဖြစ်နေတာ သတိပြုမိ လို့ သေသေချာချာ စိုက်ကြည့်တဲ့အခါ အဘက်ပဝါသိုင်းထားတဲ့ လူကြီးတစ် ယောက် ပစ္စည်းတွေ သယ်နေတာ တွေ့ရတယ်။

တစ်ယောက်က ကမ်းပေးတာကို သူက လက်နှစ်ဖက်နဲ့ လှမ်းယူပြီး တစ်နေရာမှာ သွားချတယ်။ (၈) ခေါက် (၉)ခေါက်လောက် သယ်ပြီး [illegible] နှစ်ယောက်စလုံး ပစ္စည်းထုပ် ကြီး တစ်ထုပ်ကို ပြိုင်တူ မ,သွားကြ တယ်။ မလှမ်းမကမ်းက တောင်စောင်း မှာတော့ သူတို့အရင် သွားနှင့်ကြသူ တွေ အထုပ်ကိုယ်စီနဲ့'

'အဘက ရှင်းရှင်းလင်းလင်း မြင်ရ တာလား'

'နည်းနည်းဝေးပေမယ့် ယောက်ျား၊ မိန်းမ လူလုံးကွဲပါတယ်။ ဖောင်းပင်တွေ ကြား လူးလာခေါက်တုံ့ သယ်နေတာ အထုပ်ထဲမှာတော့ ဘာတွေရှိမှန်း မသိ ရပါဘူး။

**(ဖောင်းပင်မှာ မီးခိုးရောင်သန်း သော အဖြူရောင်အပွင့် ပွင့်သည့် ကိုင်းပင်တစ်မျိုး ဖြစ်သည်။)**

ဆရာတော်ဦးသုမနကို မေးလျှောက် ကြည့်တော့ စေတီတော် ပွင့်ထွန်းလာ တော့ မနေအပ်၊ မနေထိုက်တဲ့ နာနာဘာဝ တွေ ရွှေ့ပြောင်းတာ ဖြစ်နိုင်တယ်လို့ မိန့်ပါတယ်။

နောက်တစ်ခု ရှိသေးတယ်။ ဘုရား တောင်ခြေလျှိုထဲမှာ ဟိုအရင်က သပြေပင်ကြီးတစ်ပင်ရှိတယ်၊ အစောင့် နတ်ကြီးတယ်၊ အပင်ရင်းအောက်ဖြတ် သွားရင် လူယောင်ပြုပြီး ဆေးလိပ်မီး တောင်း၊ ကွမ်းယာတောင်းနဲ့ ခြောက် လှန့်လေ့ ရှိတယ်။ ဆင်တောင်ရွာက ဂေါ်ရခါးလေးဆိုတဲ့ လူက ဈေးကြို





www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းမှာတော ကြုံရဖူးတယ်'

'သူက ကြောက်စရာရုပ်တွေ ပြတာလား'

'မဟုတ်ဘူး နပန်းလုံးခိုင်းတာ သူနိုင်ရင် လိုချင်တာ ပေးရတယ်။ စေတီတည်ပြီးလို့ မကြာမတင်မှာပဲ ချောင်ဖြူရွာက ဒေါ်စိန် ဘုရားလာဖူးတော့ ကွမ်းယာတောင်းတယ်။ ကြားဖူးနားဝရှိထားတဲ့ ဒေါ်စိန်က သတ္တိလဲကောင်းတော့ ကွမ်းယာမပေးဘဲ နပန်းပြိုင်လုံးတယ်။ ဒေါ်စိန်က နိုင်သွားသတဲ့။ အဲဒီနောက်ပိုင်း သပြေပင်ကြီးလဲ အကိုင်းတွေ တစ်ကိုင်းပြီး တစ်ကိုင်း ညှိုးခြောက်ပြီး အပင်ပါ လဲကျသွားတော့တယ်'

ဦးမင်းသိမ်းနှင့် ဦးမောင်လေးတို့ကလည်း ထောက်ခံပြောဆိုသည်။

'ဟုတ်တယ် ဘုရားတောင်ခြေလျှိုနဲ့ သပြေပင်ဝန်းကျင်က အခြောက်အလှန့် ထူပြောလို့ အနီးအနားက ရွာသားတွေ မကြာခဏ လန့်ပြေးရတယ်။ စေတီတည်ပြီးနောက်ပိုင်း သပြေပင်လဲသော၊ အခြောက်အလှန့်တွေလဲကင်းပြီး အေးချမ်းလာတယ်။

ခွေးရုပ်အထက်ရွာကနေ လှမ်းမြင်နေရတဲ့ ဘုရားတောင်ခါးပန်းက ကျောက်ဆောင်ကြီး သဘာဝ အလျောက် ပဲ့ကျလာတာ သစ်ပင်တချို့တော့ ပြိုလဲသွားပေမယ့် လူတွေ၊ အိမ်တွေ တစ်ခုမှ အထိအခိုက်မရှိဘူး။ ကိုလှမင်းရဲ့အိမ်နဲ့ လှမ်းလှမ်း ကုန်းစောင်းမှာ ရပ်သွားတာ အခုထိ ရှိပါသေးတယ်'

ထိုကျောက်ဆောင်ကို သွားရောက်ကြည့်ရှုရာ အမြင့် လူတစ်ရပ်ခန့် အလျား(၁၀)တောင်ခန့် ရှိသည်ကို တွေ့ရသည်ကို တွေ့ရသည်။ ဤကျောက်တုံးကြီး တောင်ထိပ်မှ လိမ့်ကျလာစဉ် နေအိမ်နှင့် သက်ရှိများ ထိခိုက်ပျက်စီးမှု မရှိသည်မှာ စေတီတော်နှင့်



◆ တောင်ထိပ်မှ ကျွံးခြောက်

◆ ဖက်ခြော



သမ္မာဒေဝနတ်မြတ်များ စောင့်ရှောက်မှုကြောင့် ဖြစ်သည်ဟု ယုံကြည်ကြလေသည်။

### လွန်းထိုးတောင်မှ ထူးဆန်းသော တံခါး

ကျောက်ပန်းအိုးတောင်ရှိ အဆင့်နိမ့်သော ပရလောကသားအချို့သည် ဘုရားရှင်ကိုယ်စား စေတီတော် ပွင့်ထွန်းလာသဖြင့် အနောက်မြောက်ထောင့်ယွန်းယွန်း လွန်းထိုးတောင်ဘက်ဆီသို့ ပြောင်းရွှေ့သွားကြသည်ကို ဦးချစ်ခင်တို့ မြင်တွေ့ခဲ့ရကြောင်း ပြောပြခဲ့၏။

ယင်းအဖြစ်နှင့် မရှေးမနှောင်း ကာလတွင်ပင် လွန်းထိုးတောင်မှ ထူးဆန်းသော လိုဏ်ဂူတံခါးဝတစ်ခုနှင့် ပတ်သက်၍ လူများ လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့ရသည်။

အဖွဲ့တစ်ဖွဲ့ လွန်းထိုးတောင်သို့ ရောက်ရှိ အခြေစိုက်ကာ "ဟံဖား"မြို့မှ လမ်းပြနှစ်ဦးဖြင့် လိုဏ်ဂူတံခါးတစ်ခုကို တောနင်း ရှာဖွေကြသည်။ ထိုသူနှစ်ဦးသည် လွန်းထိုးတောင်တွင် မှုန်ဝါး လည်လမ်းများကာ သောင်တင်ထား သည့် ကြီးမားသော တံခါးတစ်ချပ်ကို






www.burmeseclassic.com

www.burmeseclassic.com



◄ မိန်းမပျို(ကိုယ်အထက်ပိုင်းပုံ)

◄ သင်းဝေ့ချုပ်ပုံ



တွေ့ခဲ့ရသည်ဆို၏။

ဂျပန် စစ်ပြေးစဉ် ထားရစ်ခဲ့သော အိုးတန်ပစ္စည်းများ ရှိနိုင်သည်ဟု ယူဆကြသည်။ ထို့ကြောင့် စားရေမိကျွာ ပစ္စည်းကိရိယာ စုံလင်စွာဖြင့် ဤသို့ ရှာဖွေကြခြင်းဖြစ်သည်ဆို၏။

တစ်လနီးပါးမျှ ရှာဖွေသော်လည်း အရိပ်အယောင်မျှ မမြင်ကြရပေ။ ထို့ကြောင့် ယင်းတို့နှစ်ဦးကို လိမ်လည်မှုဖြင့် တရားစွဲရန် ပြင်ဆင်ကြလေသည်။ ဤတွင် သာစည်မြို့နေ အငြိမ်းစား စက်ခေါင်းမိုလ် (ရထားစက်ခေါင်း မောင်းနှင်သူ)ဦးတင်ဖေက လာရောက်ရှင်းပြသည်။

သူ၏ စက်ခေါင်းမောင်း သက်တမ်း နှစ်(၃၀)အတွင်း လွန်းထိုးတောင်တစ်ဝိုက် အကြိမ်ကြိမ်ရောက်ခဲ့ရာ ထိုသော့ခတ်ထားသည့် တံခါးမကြီးကို တစ်ကြိမ်မြင်တွေ့ခဲ့ဖူးသည်။ လမ်းပြ အမှတ်အသားထားရစ်ကာ တစ်ဖန်ပြန်ရှာသောအခါ မတွေ့ရပေ။

အခြား လူအချို့လည်း ဤသို့ပင် တွေ့ကြုံကြောင်း၊ ထူးဆန်းသော ဤတံခါးသည် လွန်းထိုးတောင်၌ အမှန်ပင် ရှိခဲ့ကြောင်းဟု ပြောပြခဲ့သည်။ ထိုအခါမှသာ ထိုသူတို့လည်း လက်လျှော့၍ ပြန်သွားကြသည် ဆို၏။

'ဒီအဖြစ်အပျက်က ဒဏ္ဍာရီဆန်ပေမယ့် ဒီဒေသမှာ လူတိုင်း ကြားသိကြတယ်။ အခုအချိန်အထိလဲ ရှာလို့မတွေ့ကြသေးပါဘူး။

ကျောက်ပန်းအိုးတောင်ကနေ ပြောင်းရွှေ့သွားတဲ့ ပရလောကသားတွေနဲ့ ပတ်သက်မှုရှိ မရှိ မသိရပေမယ့် ပန်မွန်၊ ခွေးရုပ်၊ ဆင်တောင်နယ် ဝန်းကျင်မှာ ဒီတံခါးဝ တွေ့ခဲ့သူ အတော်များများ ရှိပါတယ်။ အခွင့်ကြုံရင် သူတို့နဲ့ တွေ့ပေးပါမယ်'

ဦးမောင်လေး၊ ဦးမင်းသိမ်း၊ ဦးလှမောင် စသည့် ခွေးရုပ်ရွာသားများက ပြောပြခြင်းဖြစ်ပါသည်။

**[လွန်းထိုးတောင်သည် ခွေးရုပ်ရွာတည်ထားသော ညောင်ကုန်းတောင်၏ အနောက်မြောက်ထောင့် ကဝ်လျက်ရှိ တောင်ဖြစ်သည်။ သာစည်–ရွှေညောင် ရထားသည် အနည်းငယ်ပြေသည့် တောင်တက်လမ်းအတိုင်း ခုတ်မောင်းလာရာမှ ဤတောင်သို့ အရောက်တွင် မတ်စောက်လာသဖြင့် အင်္ဂလိပ်စာလုံး Z ပုံသဏ္ဌာန်၊ ရှေ့တိုးနောက်ငင်ဖြင့် လွန်းထိုးတက်ရသည်။**

**ဤတောင်တွင် လွန်းထိုးနှစ်ဆင့်၊ ခွေးရုပ်ရွာ ညောင်ကုန်းတောင်တွင် လွန်းထိုးနှစ်ဆင့် တက်ရောက်ပြီးနောက် တောင်ခါးပန်းတွင် ကွေ့ဝိုက်၍ လည်းကောင်း၊ ဥမင်လိုဏ်ခေါင်းများမှ ဖြတ်သန်း၍ လည်းကောင်း ခုတ်မောင်းကာ ရွှေညောင်သို့ ရောက်ပါသည်။]**

အစီရင်ခံသောင်စေတီ

ကျောက်ပန်းအိုး တောင်ကပ်တွင် ကိန်းဝပ်တော်မူသည့် ပါဠိတော်မော



www.burmeseclassic.com

www.burmeseclassic.com

စေတီတော်ထံမှောက်တွင် ဒါန၊ သီလ ဘာဝနာကုသိုလ်ပြုကာ အဓိဋ္ဌာန်ဆုပန်မှုများ အောင်မြင်ပြည့်ဝလေ့ရှိကြောင်း ရွာခံများက ပြောပြကြသည်။


ထိုသို့ အောင်မြင် ဆန္ဒပြည့်ဝကြသည်များအနက်မှ ဦးမောင်လေးက ဆက်၍ ဤသို့ ဆို၏။

'အရင်အစိုးရလက်ထက်က ဌာနဆိုင်ရာ အရာရှိတစ်ယောက် တာဝန်နဲ့ ရောက်လာရင်း စေတီကိန်းဝပ်တော်မူပုံ ထူးခြားလို့ ရက်တိုအဓိဋ္ဌာန်ဝင်ပြီး တရားအားထုတ်တယ်။

အင်မတန် ထူးခြားပြီး ငြိမ်းအေးမှု ခံစားရပါသတဲ့။ စေတီတော်မှာ သူ ဆုပန်အဓိဋ္ဌာန်ပြုခဲ့တာ အောင်မြင်ရင် ပူဇနီယပွဲတော်ကာလမှာ ပွဲလမ်းသဘင်နဲ့ ခြိမ့်ခြိမ့်သဲသဲ လှူဒါန်းပါမယ်လို့ ပြောသွားတယ်။

နောက်တစ်နှစ်မှာ သူပြန်လာတယ်။ ရာထူးတိုးသွားပြီတဲ့။ အဓိဋ္ဌာန်အောင်မြင်တာမို့ နာမည်ကျော် ဇာတ်အဖွဲ့ကို စရန်ပေးငှားခဲ့တယ်။ အဲဒီတုန်းက အုပ်ချုပ်ရေးတာဝန်ယူရသူက ခွင့်မပြုဘူး။ အခုခေတ်လို ပွင့်လင်းမြင်သာမှု မရှိသေးတော့ ပြဿနာဖြစ်မှာ ကြောက်ပြီး ပွဲသွင်းခွင့်မပေးဘူး။ စရန်အရှုံးခံပြီး စိတ်ပျက်လက်ပျက်နဲ့ ပြန်သွားရတယ်။

ဒီစေတီတော်က ကုသိုလ်မြဲရင် အကျိုးပေးသန်တယ်။ အကုသိုလ်စွဲမိရင်လဲ မကောင်းမှုဲ့ဒဏ် ဆက်ဆက်ခံရတတ်ပါတယ်'။



ဂူညောမကြီးသင်္ချိုင်းတောများ

မျောက်ရုပ်တော



ပြီဖြစ်သည်။

## ထိန်းသိမ်းကြသူများ

စေတီတော်ကို မူလ ဦးဆောင်တည်ဆောက်ခဲ့သော ဆရာတော်ဦးသုမနသည် ၁၃၅၉ ခုနှစ်၊ တပေါင်းလဆန်း (၁၀)ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်ခဲ့ပြီဖြစ်သည်။

ယခုအခါတွင် ခွေးရုပ်အထက်ရွာ ခေါ် လေသာရွာကျောင်း ဆရာတော် ဦးသောဘိတနှင့် အောင်မင်္ဂလာကျောင်း ဆရာတော် ဦးဇဋိလတို့၏ လမ်းညွှန်မှုကို ခံယူကာ ပန်မွန်း၊ ခွေးရုပ်၊ ချောင်ဖြူ၊ ဆင်တောင်လေးရွာမှ ဂေါပက အဖွဲ့ဝင်များက စေတီတော်အား ဆက်လက် ထိန်းသိမ်း စောင့်ရှောက်လျက်ရှိကြောင်း သိရှိရသည်။

## ကိုယ်တွေ့ကြုံရသည့် ထူးခြားမှု

တောင်ပေါ် စေတီရင်ပြင်တွင် လေ့လာကြည့်ရှုစဉ် အိတ်ဆောင် သုံးချောင်းထောက် ကိရိယာ(Tri pod) ဖြင့် ကင်မရာကို ပုံသေထားကာ သုံးမိနစ်တစ်ကြိမ်နှုန်းဖြင့် စေတီ(တည်ကျောက်တုံးအပါအဝင်)တော်ကို ဓာတ်ပုံ မှတ်တမ်းပြုခဲ့သည်။

ထို့ကြောင့် ခွေးရုပ်ရွာ ဦးမောင်လေး၏ အိမ်သို့ ပြန်ရောက်၍ အနားယူစဉ် ပုံရိပ်များကို ပြန်လည်ကြည့်ရှုရာ သုံးကြိမ်မြောက်(၉ မိနစ်အကြာ)တွင် ရိုက်ကူးရရှိသော စေတီတော်ပုံရိပ်မှာ ထောင်လိုက် မျက်မှန်းမျဉ်း(Vertical



www.burmeseclassic.com

www.burmeseclassic.com





● ပုရပိုက်စာသားများကို အနီးကပ်မြင်ခဲ့ရသူ ဦးချစ်ခင

● ဓာတ်တိုင်ကျင်းစောင့်ဆရာ ဦးမင်းသိမ်း

Line)မှ တစ်ဒီဂရီ(၁–ဒီဂရီ)မျှ တိမ်းစောင်းကာ ကျန်ပုံရိပ်များမှာ ပုံမှန်အတိုင်း ရှိသည်ကို တွေ့ရသည်။

ပေါင်မြို့နယ်၊ ကျုံကရွာ နွားလပို့ကျောင်းဆံတော်ရှင် မွမ်းမံစဉ်က ပန်းရန်ဆရာကိုကျော်ဦး ပြောပြသည်ကို သတိရမိသည်။

'စေတီကျောက်က အမြဲလှုပ်နေတာ မဟုတ်ဘူး။ ပြမ်းပေါ်မှာ တစ်နေကုန်နေရတာ မသိသာပါဘူး။ ဒါပေမယ့် မထင်မှတ်ချိန်မှာ ရုတ်တရက် လှုပ်ယမ်းလိုက်တော့ အင်တေသရွတ်ကိုင်နေတဲ့ ကျွန်တော့်လက်ကို ကျောက်စွန်းပွတ်မိလို့ သွေးတောင်ထွက်ဘယ်။ အဲဒီအချိန်မှာ လေလဲ မကြမ်းပါဘူး'

ကျောက်ပန်းအိုးတောင် စေတီတည်ကျောက်တုံးသည် နွားလပို့ကျောင်းတွင်ကဲ့သို့ နေ့လကြမ်းတိုင်း လှုပ်ခါသည်မဟုတ် သူ့သဘော သူဆောင်ကာ လှုပ်ခါတတ်သည်ကို ကြုံကြိုက်သောမှ ဖူးတွေ့ခွင့်ရနိုင်သည်ဟု ယူဆရလေသည်။

ယခုဖြစ်စဉ်တွင် သာမန်မျက်စိဖြင့် ထင်ထားမိဖွယ်ရာ မရှိချေ။ လေးထောင့်ပေါင် သတ်ထားသော ကင်မရာမြင်ကွင်း၌သာလျှင် နေရာ အနည်းငယ်ယွင်းနေသည်ကို သတိပြုနိုင်လေသည်။ ကိန်းဝပ်တော်မူပုံ ဌာနဗလ ထူးခြားလှသော ကျောက်ပန်းအိုးတောင် စေတီမြတ်ဖြစ်ပေသည်။

## ဘာဝနာကုသိုလ်ပြုစဉ်

စေတီရင်ပြင်တော်သို့ ရောက်ရှိဖူးမြော်စဉ်က ဒါနကုသိုလ်အဖြစ် ဘုရားဖူး လမ်းညွှန်ဆောင်းပါး ရေးသားရန်လာရောက်သည့် ဤခရီးတွင် ဘာဝနာကုသိုလ်လည်း အထမြောက်စေရန် တရားအသိပေးသူ ဆရာ ညွှန်ပြခဲ့သည့် ပဋ္ဌာန်းဂုဏ်တော်စက်လှည့်ပူဇော်နည်းဖြင့် ဘာဝနာကုသိုလ် ပြုဖြစ်ခဲ့သည်။

ကမ္ဘဋ္ဌာန်းသိမ်း၍ ကုသိုလ်အဖို့ကို အမျှဝေပြီးသောအခါ လက်ဝဲဘက်ပါးပြင်၌ ကျိန်းစပ်နေသည်ကို သတိပြုမိသည်။ ညနေခင်း (၃)နာရီ ကျနေ တိုက်ရိုက်ကျရောက်ခဲ့သဖြင့် ကိုယ်တစ်ခြမ်းပူခဲ့သည်။ အဝတ်မဲ့သော ပါးပြင်က ပို၍ သိသာနေခြင်းဖြစ်သည်။

ဤကုန်းတော်တွင် သမထဝိပဿနာကမ္မဋ္ဌာန်း တည်ဆောက်ပွားများသူတို့တွင် ငြိမ်အေးမှုရရှိ၍ သဒ္ဒါပွားခဲ့ကြသည်ဟု ကြားသိရဖူးပါသည်။ ယခုသော်ကား အတွေးရခက်လှပါသည်။

သို့သော် ပင်းယ ရွှေစည်းခုံကုန်းတော်မှ မယ်တော်ကြီး ဒေါ်သုမင်္ဂလ မိန့်ကြားခဲ့သည်တို့ကို ပြန်လည် အမှတ်ရမိသည်။

'လောကဓံအဆိုး ကြုံရတိုင်း အားမလျှော့နဲ့ စိတ်မပျက်နဲ့။ လောကဓံအရိုက်အပုတ်မခံရဘဲ သက်သောင့်သက်သာ ကျော်ဖြတ်ခဲ့ရင် မင်း ဒီလိုအခြေအနေ ရောက်မလာဘူး။

ငါ ဘာမှလဲ မဟုတ်သေးပါလားလို့ မတွေးနဲ့ အလှုဂုဏ်၊ ငွေဂုဏ်ဆိုတာတွေက လူသိနိုင်ပေမယ့် မင်းလုပ်ခဲ့တဲ့ ကုသိုလ်နဲ့ လုပ်အားအချင်းကိုတော့ လူတိုင်း မသိနိုင်ကြဘူး။ လူတိုင်းလဲ မလုပ်နိုင်ဘူး။

လောကဓံအဆိုးနဲ့ ကြုံရတိုင်း ဘဝအဆင့်တိုးဖို့ ကောင်းလာဖို့ပဲလို့ မှတ်ပါ လူလေး'

မယ်တော်ကြီး မိန့်ကြားချက်အရ ဤပူလောင်ခြင်းက အေးမြခြင်းအတွက် နိမိတ်လေသည်လော။ ဤအဖြေကို



www.burmeseclassic.com

www.burmeseclassic.com

မကြာမတင် ကာလတွင်ပင် သိလာရသည်။

ခွေးရုပ်ကျေးရွာတွင် ရက်အနည်းငယ်မျှ နေထိုင် လေ့လာခဲ့သော အချိန်ကာလသည် မဟာစင်မုန်တိုင်း သတိပေး နိုးဆော်ချက်များနှင့်အတူ ကလောဝန်းကျင် မိုးသည်းထန်စွာ ရွာသွန်း၏။

လယ်ပြင်ရွာအနီးမှ ရွှေတွင်းတူးလုပ်ငန်းများ ပျက်စီး၍ လူသူ အပျက်အစီး ရှိခဲ့သည်။ ခွေးရုပ်ကျေးရွာဝန်းကျင်၌လည်း မိုး ရက်ဆက် ရွာသွန်း၏။

သို့သော် ကျွန်ုပ်တို့ စေတီကုန်းတော်သို့ စတင် တက်ရောက်သည့်အချိန်မှစကာ ခွေးရုပ်ကျေးရွာသို့ ပြန်ရောက်သည်အထိ မိုး လုံးဝမရွာပါ။ ကုန်းတော်တွင်ရှိစဉ် နေပူခြင်းက အမှန်ပင် အေးမြစေခြင်းဖြစ်သည်။

နေပူခြင်းမရှိဘဲ မိုးရွာခဲ့ပါက တောင်အဆင်း မြေနီစေးလမ်းတွင် ဒုက္ခနှင့်ရင်ဆိုင်ရပမည်။ တောင်တက်ခရီးနှင့် ရင်းနှီးမှု နည်းပါးသူတို့အတွက် ဒုက္ခက ပိုမိုကြီးမားပေလိမ့်မည်။

နေပူခဲ့၍သာ စိတ်အေးချမ်းစွာ ဆင်းသက် လေ့လာနိုင်ကာ ခွေးရုပ်ရွာသို့ ချောမောအဆင်ပြေစွာ ပြန်လည်ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

ကျွန်ုပ်ပြုသော ကုသိုလ်အဟုန်ကြောင့် ဘုရားပူဇော်မှုခရီးတွင် နေသာရသည်ဟု မဆိုလိုပါ။ ဘုရားတောင်တက်စဉ် နေသာသဖြင့် အဆင်ပြေစွာ လေ့လာ ကြည်ညိုခွင့်ရခဲ့ခြင်း ဖြစ်သည်။

ကျောက်ပန်းအိုးတောင် ပါရတောမောစေတီတော်အား ဖူးမြော်ကြည်ညိုမှုခရီးတွင်(စိတ္တသုခ) အေးချမ်းမှုကို ခံစားခဲ့ရသည်ဟု ဆိုနိုင်ပါသည်။

### လမ်းညွှန် တိုက်တွန်းပါသည်

ဤသို့လျှင် ထူးခြားသော နောက်ခံဖြစ်စဉ်တော်နှင့် အန္တကူကျောက်မြတ်အထက် ကိန်းဝပ်စံပယ်တော်မူသော ပါရတောမောစေတီ ထံတော်ပါးတွင် ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ပြုကာ အလိုရှိရာ လောကီ လောကုတ္တရာ ကောင်းကျိုးအဖြာဖြာကို အဓိဋ္ဌာန်ပြုဆုပန်လိုပါက မီးရထား၊ မော်တော်ယာဉ် အဆင်သင့်ရာလမ်းဖြင့် လာရောက်နိုင်ပါသည်။

**မီးရထားဖြင့်လာပါက** ရွှေညောင်-လွိုင်ကော် အတက်ရထားကို စီးနင်း၍ လယ်ပြင်၊ ပန်မွန်း၊ ပထမလွန်းထိုးဘူတာများ ကျော်လွန်လျှင် ခွေးရုပ်ဘူတာသို့ ရောက်ရှိပါမည်။

**မော်တော်ယာဉ်ဖြင့် လာပါက** ကလော၊ အောင်ပန်းတွင် ဆင်းသက်ကာ ရွှေညောင်၊ လွိုင်ကော် အဆင်းရထားဖြင့် မြင်းဒိုက်၊ ဆင်တောင်ဘူတာများ အလွန်၌ ခွေးရုပ်ဘူတာရှိ၏။ ကလော-ခွေးရုပ် မော်တော်ကားလမ်း မကြာမီ ပေါ်ပေါက်တော့မည်ဖြစ်ရာ မော်တော်ယာဉ်ဖြင့်လည်း အရောက်လာနိုင်ပါတော့မည်။

ခွေးရုပ်ကျေးရွာမှ တောင်တက်လမ်းအတိုင်း ခြေလှမ်းမှန်မှန်ဖြင့် နာရီဝက်ခန့် တက်ရောက်ပါက စေတီမြတ်ဆီသို့ ရောက်ရှိနိုင်ကြောင်း လမ်းညွှန် တိုက်တွန်းအပ်ပါသည်။

**(လိုက်ပျူငှာစွာ ကြိုဆို၍ ကူညီပေးကြသော ခွေးရုပ်ကျေးရွာသူရွာသားများအား ကျေးဇူး အထူးတင်ရှိပါသည်။)**

ဖင်ညိုငယ်

**စာမူရှင်များသို့ . . .**

**ပေးပို့သော**

**စာမူများကို**

**မူပွား**

**ထားကြပါရန်နှင့်**

**မရွေးချယ်ပါက**

**ပြန်လည်ပေးပို့မည်**

**မဟုတ်ပါကြောင်း**

**အသိ**

**ပေးအပ်ပါသည်။**

*လေးစားစွာဖြင့်...*

**နဂ္ဂတ္တာရောင်ခြည်မဂ္ဂဇင်း**




www.burmeseclassic.com

www.burmeseclassic.com

ဇနီးလက်ရာ

# ဓာတ်စာ ဟင်းတစ်ခွက်



ကျွန်တော်သည် ရေနွေးကြမ်းကို အမြဲမပြတ် ကြိုက်သည်။ ကျွန်တော်တို့ အသမှာ ဦးတင်ထွန်း(တောင်ငူ) လက်ဖက်ခြောက်ဆိုတာ နာမည်ကြီး ပါ။ ကျွန်တော် ရေနွေးကြမ်းသောက် တဲ့အခါ လက်ဖက်ခြောက်များများ ထည့်၊ ဖန်ခါးခါးသောက်နေတဲ့ အကျင့် မှာ ယခု အသက်(၅၀)ကျော်တဲ့ အထိ ပါပဲ။

တစ်နေ့တော့ လက်ဖက်ခြောက် ဖန်ခါးခါးသောက်တဲ့အကျိုးက ဝမ်းကို ထိခိုက်ပါလေရော။ ဝမ်းချုပ်လို့ စမြင်းခံ ကြာတော့ အိမ်သာတက်ရမှာ တောင် ကြောက်လာမိတယ်။

ဝမ်းချုပ်သလား မမေးနဲ့၊ နှစ်ရက်မှာ တစ်ခါသွားတယ်။ သွားပြန်တော့လဲ စမြင်းက ခံနေတာမို့ ညှစ်နေရတာနဲ့ ချွေးတဒီဒီးတောင် ကျတယ်။ လိပ် ခေါင်းရောဂါတောင် ရနိုင်တယ်။ ကျွန်တော့်ဝေဒနာကို ဇနီးသည်မှ မမြင် ရက်နိုင်ဘူး။

'ဒီပုံစံနဲ့သာ သွားရင် ရှင်တော့ မလွယ်ဘူး။ လက်ဖက်ခြောက် ဖန်ဖန် သောက်တဲ့အကျင့်ကို ဖျောက်တော့'

လို့ ဇနီးသည်က ကရုဏာသံစွက်၍ ပြောရှာတယ်။

သူ့ခမျာ ကျွန်တော်ရဲ့ ဖြစ်အင်ကို မရှုဆိတ်နိုင်လို့ ဈေးထဲပြေး၊ ဝက်သားသုံးထပ်သား ပြေးဝယ်။ အစာလဲဆေး၊ ဆေးလဲအစာအနေနဲ့ ဓာတ်စာကျွေးတော့တာပဲ။

ဓာတ်ချက် စမြင်းခံတဲ့ ကျွန်တော်ဟာ ဇနီးသည်ရဲ့ကျေးဇူးကြောင့် နောက်တစ်နေ့မှာ စမြင်းတွေ ပျော်ဆင်းပြီး ဝမ်း ရှောရှောရှုရှု သွားပါတော့တယ်။

**ဇနီးသည် ချက်ကျွေးလိုက်တဲ့ ဓာတ်စာက...**

ဝက်သား သုံးထပ်သား (၂၀)ကျပ်သား၊ ထန်းလျက်(၅)ကျပ်သားကို ရေနှင့် ရောပြီး ပြုတ်သည်။ ရေနှစ်ရေ၊ သုံးရေလောက် ခန်းပြီဆိုလျှင် ချက်နည်းပြုတ်နည်းအတိုင်း ရေတ်၊ ကြက်သွန်ဖြူ၊နီ၊ ချင်းတို့နှင့် "ဆီပြန်ဟင်း" ချက်ကျွေးလိုက်တာပါ။ ဟင်းတစ်ဝက်ကို မနက်၊ည နှစ်နပ်နှင့် ကုန်အောင် စားရပါသည်။

ထိုနေ့အဖို့ ရေနွေးကြမ်း မသောက်ရပါ။ ရေအေးကိုသာ သောက်ရပါသည်။ မိုးလင်းတော့ စမြင်းတွေ ပျော်ဆင်းပြီး ဝမ်း ရှောရှောရှုရှု သွားပါတော့သည်။

ကျွန်တော်ကဲ့သို့ ဝမ်းချုပ်၍ စမြင်းခံနေသူများ သက်သာပျောက်ကင်းစေရန် စေတနာမွန်ဖြင့် တင်ပြလိုက်ရပါသည်။

**[၆-၈-၂၀၁၁နေ့တွင် ကွယ်လွန်သွားသော ချစ်ဇနီး ဒေါ်သောင်းစိန်အား ဤစာစုဖြင့် လွမ်းရပါသည်။]**

**အောင်စည်တိုး (ဖျာပုံ)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# သားမင်း နှလုံးသည်းခြေဆေး

အမှတ်တံဆိပ်

၀၂၁၁ Y ၀၀၈၉၅၄ လိုင်စင် ၇/၂၀၀၈/တဆထလ (၁၆၂၅)
ကြော်ငြာခွင့်ပြုချက် တဆ၀က (စာနယ်ဇင်း) ၁၆၉/၀၂၀၁၀



**အမောပြေ၊ လန်းဆန်း၊ ကျန်းမာဖို့**

**သားမင်း** (အမှတ်တံဆိပ်)

**နှလုံးသည်းခြေဆေးကို သုံးစွဲကြစို့**

ကလင်...ကလင်ဆိုတဲ့ ခေါင်းလောင်းသံကြောင့် တံခါးဖွင့်လိုက်ရာ ဂု-လ္ဘာ တက်လာသော ဘရဏီကို တွေ့လိုက်ရသည်။

"တံခါးဖွင့်ပါဦး သရဖီရယ်... မောလိုက်တာ... နောင်ဆို ဂု-လ္ဘာမှာမနေဘဲ တာဝတိံသာတက်နေ" ငေါ်ငေါ်တူးတူး ပြောလိုက်သော ဘရဏီစကားကြောင့် သရဖီက ရယ်ကျဲကျဲလုပ်ရင်း...

"နောက်မှပဲစိတ်ဆိုး... ခုတော့ အမောပြေ ဒီဆေးလေးသောက်လိုက်... အမောတွေ ပြေသွားစေရမယ်"

ဆေးလက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေအေးနှင့်သောက်ပြီး ခဏ ဘရဏီ မျက်နှာ ရွှင်ပျလာသည်။

"ဟယ်...ဆေးကလဲချိုချဉ်အရသာလေးနဲ့ ကောင်းလိုက်တာ... အမောကို ပြေသွားတာပဲ... အခု ငါ့ကို တိုက်တာ ဘာဆေးလဲဟင်"

"ငါတို့မိသားစု အမြဲ သုံးစွဲနေတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေးပါ**"

ထိုစဉ် ဘရဏီ၏ မိခင် ဒေါ်မာလာရောက်လာကာ "ဟုတ်တယ်... ဘရဏီရေ... ဒေါ်ဒေါ်တို့က ဂု-လ္ဘာမှာနေကြတဲ့သူတွေဆိုတော့ မိတ်ဆွေတစ်ယောက်ရဲ့ ဆေးလမ်းညွှန်မှုကြောင့် **သမားတော် ဦးကိုကိုကြီး ဖော်စပ်ထားတဲ့ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို အမြဲသုံးစွဲနေတာ သရဖီ ရုံးသွားရုံးပြန်သောက်တဲ့ ဆေးဖြစ်သလို ဒေါ်ဒေါ်လည်း ဈေးသွားဈေးပြန် သောက်ရတဲ့ ဂု-လ္ဘာအတွက် အမောပြေဆေးပါပဲကွယ်"

"ခုနက သရဖီပြောလိုက်တာ နှလုံးသည်းခြေဆေး ဟုတ်လား"

"ဟုတ်တယ် ဘရဏီ... နှလုံးသည်းခြေဆေးပါ... နှလုံးကောင်းမှ သည်းခြေနဲ့သွေးဟာ တစ်ကိုယ်လုံးပျံ့နှံ့သလို သွေးနဲ့ အဗ္ဗသည်းခြေရောစပ်ကာ တစ်ကိုယ်လုံးပျံ့နှံ့ပြီး နှလုံးကို ပြန်စောင့်ရှောက်တာလို့ မြန်မာ့တိုင်းရင်းဆေးပညာကို လေ့လာထားလို့ ငါသိရတာ"

"နှလုံးသည်းခြေဆေးဟာ နှလုံးအတွက်ရော သည်းခြေအတွက်ပါ အကျိုးပြုတယ်ဆိုရင် လူတိုင်း သုံးစွဲသင့်တဲ့ ဆေးတစ်လက်ပဲပေါ့... ဒါဆိုရင် အသက်ကြီးပြီဖြစ်တဲ့ ငါ့ရဲ့ဖေဖေနဲ့ မေမေကို သုံးစွဲဖို့ အသိပေးရဦးမယ်... အဲဒီ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေးဟာ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြပေးပါဦး သရဖီ"

"ပြောပြမယ်... သေသေချာချာ နား ထောင်... နှလုံးသည်းခြေ အားနည်းခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း နှလုံးသွေးကြောကျယ်ခြင်း၊ နှလုံးသွေးကြော အဆီပိတ်ခြင်း၊ နှလုံးကြွက်သားများ အားနည်းခြင်း၊ ရောင်ခြင်း၊ နှလုံးတုန် ရင်ခုန်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ နှလုံးခုန်မမှန် မူးဝေ မောပန်းခြင်းများကို ရေအေး(သို့မဟုတ်) ဆီးဖျော်ရည် ရရာနှင့် သုံးစွဲနိုင်တယ်တဲ့"

"ဒါဆိုရင် လူတိုင်းနဲ့ သင့်လျော်တဲ့ ဆေးကောင်းတစ်လက်ပဲ ဆက်ပြောပါဦး သရဖီ"

"ရင်ညွန့်၌ စူးအောင့်ခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးစူး၍အောင့်ခြင်း၊ ရင်ဝပူ၍ မအီမသာဖြစ်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ အနည်းငယ်လှုပ်ရှားရုံနှင့် မောပန်းနွမ်းချိနေခြင်း၊ ဒေါသကြောင့်ဖြစ်စေ၊ စိုးရိမ်ကြောင့်ကြ ထိတ်လန့်ခြင်းကြောင့်ဖြစ်စေ၊ နှလုံးတုန် ရင်ခုန် မောပန်းခြင်းများကို ရေအေး (သို့မဟုတ်) ကြံရည်ရရာနှင့် သုံးစွဲနိုင်ပါတယ်...

ဆက်နားထောင် ဘရဏီ...နှစ်ခြိုက်စွာ အိပ်မပျော်သူများ၊ စိတ်ဖိစီးမှုများ၍ စိတ်မကြည်လင်သူ၊ စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်သူများ၊ အားအင်ကုန်ခန်းသူ၊ သတိမှတ်ဉာဏ်နည်းသူများ အထူးသဖြင့် အိပ်ပျက်ခံ ကျက်မှတ်ရသော စာသင်သား၊ ရဟန်းသံဃာများ၊ ကျောင်းသူကျောင်းသားများ၊ စိတ်ရောကိုယ်ပါ မောပန်းနွမ်းနယ်သာ ကာယ၊ ဉာဏ လုပ်သားများ၊ နာလန်ထစ လူနာများ၊ သက်ကြီးရွယ်အိုများ၊ ရေအေး (သို့မဟုတ်) ပျားရည်နဲ့ နေ့စဉ် သုံးစွဲပါက ပင်ပန်းမှုပြေပျောက်လျက် စိတ်ကြည်လင် လန်းဆန်းစေပါတယ်။

အပူအပုပ်များသူ၊ ဆီးနီ၊ ဆီးနည်းသူများ ရေအေး (သို့မဟုတ်) မန်ကျည်းဖျော်ရည်နဲ့ သုံးစွဲနိုင်ပါတယ်။ အထူးသဖြင့် နှလုံးအားသွေးအား၊ သည်းခြေအားနည်းသူများ၊ နှလုံးရောဂါရှင်များ ပုံမှန်သောက်သုံးသင့်ပြီး အရွယ်တင်နုပျိုလိုသူ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ လေငန်းရောဂါ ကာကွယ်လိုသူများအတွက် နေ့စဉ် သောက်သုံးသင့်တဲ့ ဆေးတစ်လက်ဖြစ်ပါတယ်တဲ့ ဘရဏီ"

"အဲဒီလောက်ကောင်းတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို ငါတို့မိသားစုလဲ သုံးစွဲမယ် လိုအပ်တဲ့သူတွေလဲ သုံးစွဲနိုင်အောင် ပြည်ပေါ်မှာ ရွှေကြော်ငြာထုတ်လုပ်ချင်ပါရဲ့ ဘရဏီရယ်..."

**ပင်ရင်း-သားမင်းဆေးတိုက်** အမှတ် (၁၀၁၃)၊ ဣန္ဒာ(၁၀)လမ်း၊ ၄/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၇၀၅၃၆၄ ၊ ၅၀ ၉၇၉၀၃



www.burmeseclassic.com

တန့်ဆည်မြို့ဝန်းကျင်မှ အလောင်းစည်သူကောင်းမှု

# စံကားရုပ်ပွားသုံးဆူ

ပူဇော်မှု (၂)

ထက်မြင့်ကျော်စွာ

ယခင်လမှ အဆက်

ဤဖွံ့စည်းပူဇော်ပုံက ဘဝအခြေအနေ တိုးတက်မြင့်မားရေးအတွက် ညွှန်းအဓိဋ္ဌာန်ပြုသည့် အင်္ဂါရပ်များ ပြည့်စုံသည်ကို တွေ့မြင်ရပေသည်။

အာရုံခံတန်ဆောင်းတွင်း မုခ်ဝစံပယ်နှစ်ချက်တွင် နှောင်းခေတ်သက်ရာ ရုပ်ပွားနှစ်ဆူစီ ပူဇော်ထားသည်။ တန်ဆောင်းကြမ်းပြင်တွင် ယောင်ကိုယ်စီဖြင့် အာနာပါနကမ္မဋ္ဌာန်း ရှုမှတ်နေကြသည့် ယောဂီ(၁၅)ဦးမျှ တွေ့ရသည်။

စေတီတည်ဆောက်ပုံမှာ ရွှေသိန်းပြုစေတီနှင့် တူညီသည်။ လေးထောင့်အုတ်ခုံထက် ပစ္စယံသုံးဆင့် တင်ကာ ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်။ မြင့်မားထည်ဝါလှသော စေတီတော် ဖြစ်သည်။

စံပယ်တော်မူသည့် ရုပ်ပွားတော်သည် တန့်ဆည်မြို့အနီး ကိန်းဝပ်တော်မူကြသည့် အလောင်းစည်သူမင်း၏ စံကားရုပ်ပွားတော် သုံးဆူအနက် မူလပုံဟန်တော်ဟု ယူဆနိုင်သော ရှေးအကျဆုံးသော **ရွှေသိန်းကြည့် (ယခုအခေါ် စစ်သူကြီး)** ရုပ်ပွားတော်ဖြစ်ကြောင်း နဝမမြောက် "ပြုပါဦး" စံကားရုပ်ပွားတော် ဖူးမြော်ပြီးနောက်တွင် သိရှိရသည်။ တန့်ဆည်မြို့ဝန်းကျင်၌ သက်တော်အရင့်ဆုံး ရုပ်ပွားတော်ဟုလည်း ဆိုနိုင်ပေသည်။

အခြားနှစ်ဆူတွင် ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီး ဆက်ကပ်ကာ ဥပုသ်သီတင်း ဆောက်တည် ကုသိုလ်ပြုကြသူများ တွေ့ရသကဲ့သို့ ရွှေသိန်းကြည့်စေတီတော်၌လည်း ဘာဝနာကုသိုလ်ပြုကြသူများကို မြင်တွေ့ရပါသည်။ သို့သော် လက်တွေ့ကျသော အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းသူများ ဖြစ်နေသည်ကို ထူးခြားစွာ မြင်ရသည်။



● ရွှေသိန်းကြည့်ရုပ်ပွားတော်



www.burmeseclassic.com

www.burmeseclassic.com

စေတီသုံးဆူရှိ ရုပ်ပွားတော်များအနက် ရွှေသိန်းပြု ရုပ်ပွားတော်နှင့် ပြုပါဦးရုပ်ပွားတော်တို့မှာ မူလရုပ်ပွားတော် ပျက်ယွင်းသဖြင့် ကိုယ်စားသွန်းလုပ်ပူဇော်သည့် နှောင်းခေတ်လက်ရာ အုတ်အင်္ဂတေ ရုပ်ပွားတော်များ ဖြစ်ကြသည်။

ရွှေသိန်းကြည့် ရုပ်ပွားတော်ကား အရင်းအမြစ်ကျသော ယန်း(Yang)ဓာတ်ဆောင် အခြေအနေကို ပြသည်။ ယန်းဓာတ် ဦးစီးသော ဤစေတီတွင် ယန်းဓာတ်သဘောဖြစ်သော လက်တွေ့ကျသည့် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်နေကြခြင်းက ဌာနဗလ တည်မှီရာအင်အား ကောင်းမွန်ထက်မြက်ခြင်းကို ညွှန်ပြလေသည်။

လောကီမျက်နှာစာတွင် ခံစားမှုဆိုင်ရာ စည်းစိမ်၊ ဂုဏ်ဒြပ်ထက် လက်တွေ့ကျသော ဓနဥစ္စာ၊ အမည်သတင်းကောင်းတို့ကို အလေးထားအားပြုရန် သတိပေးတော်မူသကဲ့သို့ ရှိလေသည်။ စိတ်ရင်းစေတနာနှင့် စကားကတိ မှန်ကန်စွာဖြင့် လောကအလယ် တင့်တယ်နိုင်ခြင်း ညွှန်းဆိုခြင်းဖြစ်သည်။


**(ပုခန်းဆရာတော်ကြီးက ရွှေတန်ဆာသမိုင်း စာမျက်နှာ (၂၂၆)တွင် ရွှေကြည့်သိန်းဘုရားနှင့် ရွှေကြောင်းစုံဘုရားဟူသော ခေါင်းစီးမှစ၍ ရေးသားပြဆိုချက်များကား ၁၃၄၆ ခုနှစ်၊ နတ်တော်လတွင် သက်တော်(၈၇)နှစ်ရှိ အက်တောကျောင်းဆရာတော် ဦးမဏ္ဍလထံမှ ရရှိသည့် မှတ်ချက်များဖြစ်သည်ဟု ဖော်ပြထား၏။)**

---

ပြုပါဦးစံကားဘုရား


---

ရွှေသိန်းကြည့်ဘုရားမှ အနောက်



▲ အာရုံခံတွင်း ဝဲဘက်ရုပ်ပွားအချို့

▼ မုခ်ဝ လက်ယာဘက် ရုပ်ပွားများ



ဘက်ဆီသို့ ဆက်၍ လာခဲ့ရာ တန့်ဆည်မြို့ဦးအဝင်ဝတွင် ပြုပါဦးဘုရားမှန်ကို တွေ့ရသည်။

ပြုပါဦးစေတီတော်ဟု သံပန်းကမ္ပည်းတင်ထားပါသည်။ ပတ်ဝန်းကျင်မြေအနေအထားထက် ခါးစောင်းခန့်မြင့်သော စောင်းတန်းအုတ်လမ်းကလေးအတိုင်း မြောက်ဘက်ယွန်းယွန်းသို့ အနည်းငယ် လျှောက်ဝင်ရသည်။

'ဟိုလွန်ခဲ့တဲ့ နှစ်(၂၀)ကျော် အစိတ်လောက်တုန်းက ပြုပါဦးဘုရား ဖူးချင်ရင် ဖိနပ်ခါးထိုး ခါးတောင်းမြှောင်အောင်ကျိုက်ပြီး လာဖူးရတယ်။ ရွှံ့ဗွက်တောထဲမှာ လယ်တွန်သွားရသလို ရုန်းကြရတာ။ ဒါကြောင့် နာယကဆရာတော်တွေနဲ့ ဂေါပကလူကြီးတွေက ဒီအုတ်လမ်း လုပ်ဖြစ်ကြပါတယ်'

ဦးဝက်သိုးက ရှင်းပြသည်။

စေတီအနီးရောက်သော် ပရိဝုဏ်အရှေ့ဘက်ဆီ၌ နှစ်ရှည်ဗောဓိညောင်ပင်ကြီးတစ်ပင်ကို တွေ့ရသည်။ ယခင်ဝန်ကြီးချုပ် ဦးနု ဦးဆောင်စိုက်ပျိုးခဲ့သော ဗောဓိညောင်ပင်ဖြစ်ကြောင်း သိရသည်။ စောင်းတန်းအလယ်ခန့်မှ လှမ်းမြင်ရသော ပြုပါဦးစေတီကား

www.burmeseclassic.com



သစ်ပင်များအကြား အေးချမ်းဆိတ်ငြိမ် ရှာ စံပယ်တော်မူဟန် ကြည်နူးဖွယ် ူးမြော်ရသည်။

စေတီ တည်ဆောက်ပုံမှာ အုတ် ဘိုက်ကုလားကျောင်းခံ၍ ပစ္စယံသုံးဆင့် တင် ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည့် ထူးခြားကွဲလွဲသော ပုံဟန်ဖြစ်သည်။ အရှေ့လှည့်မုခ်နှင့် အာရုံခံတန်ဆောင်း ပါရှိသည်။ ခံလိုဏ်အတွင်း၌ကား ခေတ်လက် ရာ အင်္ဂတေရုပ်ပွားတော်ကို ဖူးမြင်ရ သည်။


ပုခန်းဆရာတော်မှ မှတ်တမ်းပြု သည့် လွန်ခဲ့သော နှစ်(၃၀)ခန့် ကာလ ကပင် စံကားသားရုပ်ပွားတော်အစား အုတ်ရုပ်ပွားတော်ကိုသာ အသစ်ပြု ၍ ကော်ရော်ပူဇော်ထားကြောင်း မှတ်တမ်းပြုထားသည်။


## နောက်ခံဖြစ်စဉ်တော်

အလောင်းစည်သူမင်းသည် မြေထူး မြို့မှ စံကားသားရုပ်ပွားတော်သုံးဆူတို့ ကို ပင့်ဆောင်လာရာ ရွှေသိန်းပြုနှင့် ရွှေသိန်းကြည့် စေတီနှစ်ဆူတွင် ရုပ်ပွား နှစ်ဆူ သီတင်းသုံးခဲ့ပြီဖြစ်၍ ကျန်ရှိ သော ရုပ်ပွားတော် သီတင်းသုံးလိုရာ ဌာနကိုလည်း ပြုပါဦးဟု စိတ်တွင်မကာ နတ်မြွက်စကားပါ ထုတ်ဖော် ဆောင်းပန်ရာ တန့်ဆည်မြို့တည်ရာ အရောက်တွင် စီးတော်ဖောင်စကြာ ရှတ်တရက် တန့်နေလသဖြင့် ကျန်ရှိ သော စံကားသားရုပ်ပွားတော် ကိန်းဝပ် တော်မူမည့် နိမိတ်ဖြစ်ကြောင်း ဟူးရား များက လျှောက်တင်ကြ၏။

သို့ဖြင့် ဝမ်းမြောက်စွာ လိုဏ်မုခ်နှင့်








နဂ္ဂဟ္မာရောင်ခြည်ပဂ္ဂရင်းငြ

www.burmeseclassic.com

www.burmeseclassic.com



◆ ပြပါဦးစေတီ အဝေးမှ မြင်ရပုံ

စေတီ တည်ကာ နောက်ဆုံး စံကား သားရုပ်ပွားတော်ကို ပူဇော်လျက် **'ပြပါဦး'**စေတီဟု ဘွဲ့တော်သမုတ်ခဲ့သည်။

ယခုအချိန်တွင် အလောင်းစည်သူမင်း တည်ထားခဲ့သောစေတီ ဟောင်းနွမ်းပြိုပျက်လေသောကြောင့် မူလစေတီအား အသစ်ဆောက်လုပ် ပူဇော်ထားသည်။

လိုဏ်တွင်း သီတင်းသုံးသော စံကားသား ရုပ်ပွားတော်သည်လည်း ရွေ့လျား ကွယ်ပျောက်လေပြီဖြစ်၍ အသစ်လုပ်သော အုတ်ရုပ်ပွားကိုသာ လေးစားကော်ရော် ပူဇော်ကြလသည်။


***(ပုခန်းဆရာတော်၏ ရွှေတန်ဆာ သမိုင်း စာမျက်နှာ–၂၂၆၊ ၂၂၇)***

အထူးပြု ပူဇော်ဆုပန်ခြင်း

ပြပါဦးစေတီတော် မူလဘွဲ့ပညတ်နှင့် ယခုအခါ ခေါ်တွင်သော ဘွဲ့မည်တို့ မကွဲမပြား တည်တံ့နိုင်မြဲသော ဘွဲ့မည်တော်ဖြစ်သည့်အပြင် ဂြိုဟ်သင်္ချာပေါင်း **ပြပါဦး = ၁၉ + ၁၉ + ၆ = ၄၄**တွင် တန်ဆည်မြို့နံ အင်္ဂါဂြိုဟ်သင်္ချာ (၈)ပေါင်းပါက **၄၄ + ၈ = ၅၂** ÷ ၇ = လဒ် (၇)၊ ကြွင်း (၃) = အင်္ဂါ တန်ဆည်မြို့နံပင် ရ၏။

နံပေါ်ဓာတ်ရကိန်းဆိုက်ရာ သူဖုန်းစားဖြစ်သော်မှ ကြွယ်ဝကိန်းဖြစ်သည်။ ထို့အပြင် အလောင်းစည်သူမင်း၏ စံကားသားရုပ်ပွားတော် (၉)ဆူအနက်

◆ ပြပါဦးစေတီအနီးမှ ဗောဓိညောင်





www.burmeseclassic.com

www.burmeseclassic.com



အညွှန့်အဖျား နောက်ဆုံးရုပ်ပွားတော် ဖြစ်သောကြောင့်...


အနာဂတ်ရေးရာ သာယာလှပခြင်း၊ အဆုံးသတ်သေချာခြင်း၊ ရေရှည်စောင့်ဆိုင်းမျှပ်နံ့ကာ နောက်ဆုံးအကျိုးရလဒ် ကောင်းမွန်ခြင်းတို့အတွက် အထူးပြု ဆုပန်နိုင်သော စေတီတော် ဖြစ်လေသည်။


ယင်း၌ အားဖြည့်ပံ့ပိုးပေးလျက်ရှိသည်ကား အာရုံခံတန်ဆောင်းအတွင်း ပူဇော်ထားသည့် ခြေတော်ရာ ပါဒစေတီတစ်ဆူ ဖူးမြော်ရခြင်းဖြစ်သည်။ ကောင်းမှုရှင်နှင့် ပူဇော်သည့် ကာလကို သိရသော်လည်း စေတီတော် မွမ်းမံဆိုကပင် ပူဇော်ထားခြင်း ဖြစ်သည်ဆို၏။

ပါဒစေတီ၏ စက်လက္ခဏာများမှာ မန္တလေးမဟာမုနိဘုရားကြီးဝင်း ခြေတော်ရာတန်ဆောင်း၌ ပူဇော်ထားသော တောင်တော်သာသနာပိုင်(လက်ဆက်တော်) အသိအမှတ်ပြု စက်လက္ခဏာ ဖွဲ့စည်းပုံကဲ့သို့ ဖဝါးတော်အပြည့် ဝန်းရံထားခြင်းမရှိဘဲ ဖဝါးအလယ်တွင် ပုံတောင်းပုံသဏ္ဌာန်ပိုင်းပတ်ဖွဲ့တည် ပူဇော်ထားသည့် ပုံတောင်းပုံပါဒစေတီ ဖြစ်လေသည်။

**[ တောင်တော်သာသနာပိုင် ဆရာတော်ကား မြန်မာမင်းများလက်ထက် နောက်ဆုံး သာသနာပိုင်ဖြစ်သည်။ သီပေါမင်းလက်ထက် ၁၂၄၄ ခုနှစ်၊ တပေါင်းလဆန်း (၁)ရက် အင်္ဂါနေ့၌ သာသနာပိုင်အဖ်နှင်းခြင်းခံရသည်။**

**သီပေါမင်း ပါတော်မူပြီးနောက် နယ်ချဲ့အင်္ဂလိပ်အစိုးရ လက်ထက်တွင်လည်း သာသနာပိုင်အဖြစ်**











www.burmeseclassic.com

www.burmeseclassic.com



◆ ပုံတောင်းပုံစက်လက္ခဏာ



ပါဒစေတီ ◆

ဆက်၍ ဆောင်ရွက်တော်မူရကာ ၁၂၅၇ ခုနှစ်တွင် ပျံလွန်တော်မူရာ သာသနာပိုင် ထပ်မံအပ်နှင်းခြင်း မရှိတော့သဖြင့် မြန်မာ့သမိုင်းတွင် နောက်ဆုံး သာသနာပိုင်လည်း ဖြစ်သည်။

မန္တလေးတောင်၏ မြောက်ဘက် သခင်မတောင်တော် အနီးရှိ တောင်တော်ရွာ၌ ဖွားမြင်သဖြင့် တောင်တော်ဆရာတော်ဟု တွင်ခြင်း ဖြစ်သည်။(*ဆရာ ဦးအုံးကျော်၏ တောင်လေးလုံးသမိုင်း၊ စာ-၂၀မှ ထုတ်နုတ်ပါသည်။*)]

ဤပုံတောင်းပုံ ပါဒစေတီတော်က နံတူထပ်၍ ဝဂ္ဂုတ္တမ မြတ်သောအစု ဖြစ်နေလေရာ ပြုပါဦးစေတီ၏ ဌာနပလ တည်မိမှုစွမ်းအင်ကို ထောက်ပံ့ပေးခြင်း မည်လေသည်။

နိဂုံး

တန့်ဆည်မြို့ဝန်းကျင်ရှိ အလောင်းစည်သူမင်းကောင်းမှု စကားသားရုပ်ပွားတော်သုံးဆူ ပူဇော်မှုခရီး အသုံးသတ်ပါပြီ။

ဤစေတီများ၏ ကောင်းမှုရှင် အလောင်းစည်သူမင်းကား နံတော် ကြာသပတေးသား ဖြစ်သည်ဟု မှန်နန်းရာဇဝင်၌ ဖော်ပြထား၏။ ရုပ်ပွားတော်များ ပူဇော်ရန် စေတီများ တည်ရာ ဌာနကား **တန့်ဆည်** ဟူသော အင်္ဂါနံဒေသ ဖြစ်သည်။

မင်းကြီးနံတော်နှင့် **စိန်ပန်း**အတွင်းမိတ်ကျသည်။ **"ဦးသာ၊ စိန်ပန်း၊ ဒန်းလှ၊ ကိုရွှာ"** ဂြိုဟ်အတွဲများတွင် ဂြိုဟ်သက်ချင်းပေါင်းက **၆+၂၁=၂၇၊ ၈+၁၉=၂၇၊ ၁၀+၁၇=၂၇၊ ၁၅+၁၂ =၂၇** နဝင်းကိန်း ရသောကြောင့် အတွင်းမိတ်ဆို၏။

အိမ်ထောင်ရေးရာတွင် အတွင်းမိတ်အားကို ဆောင်ရသဖြင့် ဤအတွင်းမိတ်ဂြိုဟ်တွဲကိုပင် အိမ်ထောင်မိတ်ဟုလည်း ဆိုကြ၏။

ရေရှည်တည်တံ့ခိုင်မြဲခြင်း၊ နှစ်ခုနှစ်ပါး အခြားမထင် တစ်သားတည်း မြဲမြဲစည်းလုံးခြင်း အကျိုးပေး၏။ ပုန်းညက်ကို အောင်နိမိတ်ဆောင်၍ ဆက်ကပ်သင့်၏။

ထို့ကြောင့် တန့်ဆည်မြို့မှ စကားသားရုပ်ပွားတော်သုံးဆူ ပူဇော်ရခြင်းအားဖြင့် အထက်ပါအကျိုးကို မျှော်လင့်ကုသိုလ်ပြုနိုင်၏။

ဂဏိတဗေဒအရလည်း (၃)ဂဏန်းသည် လွယ်ကူလျင်မြန်စေသော သဘောဆောင်၏။ ထို့ကြောင့် အခက်အခဲများ လွယ်ကူစေခြင်း၊ နှောင့်နှေးကြန့်ကြာမှုများ ပျောက်ကွယ်ခြင်းတို့ကိုလည်း အဓိဋ္ဌာန်ပြု ပူဇော်နိုင်ကြလေသည်။

***(တန့်ဆည်မြို့မှ သာသနာ့အကျိုးဆောင် အဘ ဦးဝက်သိုး၏ လှူအားစိတ်အားဖြင့် ကူညီမှုကို အထူးကျေးဇူးတင်ရှိပါသည်။)***

ထက်မင်းကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com

# သူငယ်နာရောဂါ အပျောက်

စမ(၄)ရပ် တု(၄)ချက်အင်း





## စမဂါထာတော်

စက္ခုမာ စရ မာဝိဇ္ဇော
ဓမ္မညူ ဓမ္မ သာမိကော
ဗလူပေတော ဗလဓရော
ဝရဒေါ ဒေတု မေ ဝရံ။

အနက်

**စက္ခုမာ၊** ဗုဒ္ဓ.ဓမ္မ.သမန္တနှင့် ဉာဏ, မံသ ငါးဝသော မျက်စိနှင့် ပြည့်စုံတော်မူသော။ **စရဏဝိဇ္ဇော၊** သီလ, သမာဓိ.ပညာစသား ကျင့်တရားတို့ကို မနားမနေ ကြိုးစားအား ထုတ်တော်မူပေထသော။ **ဓမ္မညူ၊** လောကုတ် လောကီ နှစ်လီသော တရားဓမ္မကို ကုန်စင်အောင် သိမြင်တော်မူထသော။ **ဓမ္မသာမိကော၊** မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ် အမြတ်ဆယ်ဖော် တရားတော်၏ အရှင် ဖြစ်တော်မူပေထသော။ **ဗလူပေတော၊** အားတော်ဆယ်ပါးနှင့် ပြည့်စုံတော်မူပေထသော။ **ဗလဓရော၊** အားတော်ဆယ်ပါးကို ဆောင်တော်မူသော။ **ဝရဒေါ၊** နိဗ္ဗာန်တည်းဟူသော ဆုထူးဆုမြတ်ကြီးကို ပေးတော်မူနိုင်ထသော၊ (**ဗုဒ္ဓေါ၊** မြတ်စွာဘုရားသည်၊) **မေ၊** တပည့်တော်အား။ **ဝရံ၊** မြတ်သောဆုကို။ **ဒေတု၊** ပေးသနားတော်မူပါစေသတည်း။

## တု(၄)ချက် မေတ္တာပို့

အဝေရာဟောန္တု၊
အဗျာပဇ္ဇာဟောန္တု၊
အနီဃာဟောန္တု၊
သုခီအတ္တာနံ ပရိဟရန္တု။

အနက်

**အဝေရာဟောန္တု၊** ကိုယ်ပကိုယ် တွင်း ရန်ကင်းကြပါစေ။

**အဗျာပဇ္ဇာဟောန္တု၊** စိတ်ဆင်းရဲခြင်း ကင်းကြပါစေ။

**အနီဃာဟောန္တု၊** ကိုယ်ဆင်းရဲခြင်း ကင်းကြပါစေ။

**သုခီအတ္တာနံ ပရိဟရန္တု၊** မိမိခန္ဓာကိုယ် အတ္တဘောကို ချမ်းသာစွာ ဆောင်နိုင်ပါစေ။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

စာရှုသူဝါသနာရှင်များနှင့် အင်းအတတ်ပညာကို လေ့လာကြသူများ အများအကျိုး ရှက်သယ်ပိုးပြီး ချမ်းသာသုခအဝဝ ပြည့်စုံနိုင်ကြပါစေခြင်းငှာ ကျောက်ထရံဆရာတော်ကြီး စီမံဆောင်ရွက်ခဲ့သော စမ(၄)ချက် တု(၄) ချက်အင်းတော်ကို ရေးသားဖော်ပြအပ်ပေသည်။

***ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ။***

**ဗိုလ်မင်း(မင်းလှ)**

...နိုင်ပြည်နယ်၊ ရသေ့တောင်...နယ်၊ မေယုကမ်း ကျောက်ထရံကျောင်းတိုက်၌ ပထမဦးစွာ သာသနာပြုတော်မူခဲ့သော ဆရာတော်ကြီး...မှာ အရှင်မြတ်သည် သက္ကရာဇ်...ခုနှစ်၊ သာသနာနှစ် ၂၅၀၀ ...နှစ်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့၌ ကျောက်ထရံကျောင်းဝင်းအတွင်း ကပ်...(၃)ပါးမှ လွတ်မြောက်စေရန် (ကပ်ကျော်ဘုရား)ကြီးကို တည်ထား ပူဇော်...မူခဲ့ပါသည်။

ဆရာတော်သည် ကပ်ကျော်ဘုရားကြီးကို ပူဇော်မှု မပြုမီနှစ်များတွင် ...ရွာအသီးသီးက ဒကာ.ဒကာမ ...သူငယ်များ အနာရောဂါ ကင်း...စေရန် **စမ(၄)ရပ် တု(၄)ချက် အင်း**ကို အဆောင်ယတြာအဖြစ် ငွေ... ကြေးပြား၊ ထန်းရွက်၊ ပေရွက်များ... အင်းချ စီမံပေးခဲ့သည်။

...မဂါထာတော်ကို (၉)ခေါက်ရွတ်... ပူဇော်စေပြီး တု(၄)ချက်နှင့် ...(၈)မျက်နှာကို မေတ္တာပို့စေ... ဆောင်သူ၏နံကို အလယ်ကွက်... သည့်ရပါသည်။

ဆရာတော်ကြီးသည် အထူးသဖြင့် ...သူငယ်များတွင် ဖြစ်တတ်... သူငယ်နာရောဂါကို ပျောက်...စေရန် စီမံပေးသည်ဟု ဆရာ...ကြီး၏ တပည့်ရင်းဖြစ်သူ ဦးလှမိုး...အောင် ကျောက်ထရံရွာကျောင်း...ကြီးက ပြောပြပါသည်။

## ...(၄)ရပ် တု(၄)ချက်အင်းပုံစံ

| | | |
|---|---|---|
| တု | စ | တု |
| ဝ | နံ | မ |
| တု | ဗ | တု |



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မှထုတ်လုပ်သော အစာအိမ်ရောဂါသောက်ဆေး၊ ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးပြား၊ ငှက်ဖျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး၊ အဖြေကျော်လေဆေးလျက်ဆား

မြန်မာနန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာမျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဆရာစံ(သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်း သမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို သမားတော်ကြီး ဦးနွယ်၏မြေး၊ သမားတော် ဦးတင့်လွင်(ငြိမ်း/ ဗိုလ်ကြီး)၊ ဖနီးဒေါ်ကျင်သိန်းမိသားစု (သမားအိုဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျက် သမားအိုအမှတ်တံဆိပ် မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။



### ဦးစိန်ကောင်း၏

**သမားအို** အမှတ်တံဆိပ် **ငှက်ဖျားရောဂါသောက်ဆေး** ဝရ၁၁ Y၀၀၉၀ရ၅

ဤဆေးသည် ငှက်ဖျားနှင့် အဖျားရောဂါ အမျိုးမျိုးကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

ချွေးထွက်လျှင် အအေးပြန်မပတ်စေရန် အဝတ်နှင့် သုတ်ပေးရပါမည်။ မည်သည့် အဖျားမဆို ဆေးသောက်ပြီးပါက အအေးခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။ ငှက်ဖျားနှင့် အအေးမိနာစေးခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

### ဒေါ်စင်စင်ထွေး၏

**သမားအို အမှတ်တံဆိပ် အစာအိမ်ရောဂါသောက်ဆေး ဝရ၁၁ Y၀၀၉၀ရ၄**

လူမှာအကျင့် ဝမ်းမှာအချင့် ဆိုသလို မသင့်သော အစားအစာများကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အပူ၊အစပ်၊ အချဉ်၊အငန် စသည့် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြေညက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အိပ်ရေးပျက်ခံသော်လည်း အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ တာရှည်ရာမှ ပါစကဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် အစာမကြေ၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အစာအိမ် အချဉ်ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

### ဒေါ်အေးအေးမူ၏

**သမားအို အမှတ်တံဆိပ် ပါရမီရှင် ချောင်းဆိုးပျောက်ငုံဆေး ဝ၅၁၂ Y၀၀၉၆၉၆**

ဤဆေးသည် ရာသီအကူးပြောင်း၌ ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်းယား၊ အသံဝင်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရှုရှုတက်ဖြစ်နေခြင်း၊ တရှုံးရှုံးမြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာလျင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ်ငုံနေစဉ်မှာပင် ချွဲသလိပ်များ ထွက်လာပြီး ရောဂါများ သက်သာလာကြောင်းကို လက်တွေ့သုံးဆောင်ခြင်းက သက်သေပြပါလိမ့်မည်။ ဤဆေးသည် အသံကို အထူးကြည်လင်စေသဖြင့် အဆိုတော်များ၊ စာပေသင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေးဝမ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထားရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

### ဒေါ်နှင်းနှင်းကြည်၏

**သမားအို အမှတ်တံဆိပ် ယားနာသောက်ဆေး ဝရ၁၁ Y၀၀၉၀ရ၂**

ပိုးမွှားတိရစ္ဆာန်အချို့မှဖြစ်သော အဆိပ်သဖွယ် ယားယံမှုကြောင့် လည်းကောင်း၊ အပူ၊အစပ်၊အချို၊အဆိမ့် အရသာများ လွန်ကဲစွာ စားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကောင်း၊ ယခင်က ဝမ်းကိုက်၊သွေးဖျက်၊ဝမ်းလျှော၊အသည်းရောင်နှင့် သည်းခြေနာ အမျိုးမျိုးဖြစ်ခဲ့ဖူးရာမှ သွေး၊သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကောင်း၊ တစ်ကိုယ်လုံး အနှံ့အပြားမှာ ဝဲကဲ့သို့ ရေကြည်ဖုကလေးများဖြစ်ခြင်း၊ ပူစပ်ပူလောင်ယားယံပြီး အဖုအပိမ့်နှင့် အင်ပျဉ်များ ဖြစ်လာရပါသည်။ ဤဆေးသည် အထက်ပါ ယားယံခြင်း အမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညီညွတ်စေပါသည်။

### ဦးသန်းဇော်၏

**သမားအို အမှတ်တံဆိပ် အဖြေကျော်လေဆေးလျက်ဆား ဝရ၁၁ Y၀၀၉၀ရ၃**

လူမှာအကျင့် ဝမ်းမှာအချင့်ဆိုသလို မသင့်သောအခါ မသင့်သော အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း မူးဝေအော့အန်ဝမ်းကျခြင်း၊ ဝမ်းချုပ်ခြင်း၊ အထက်လှန် အောက်လျှောဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ဝမ်းမီးနုံ့ရာမှ ဓာတ်လေးပါးပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေတတ်ပါသည်။ အထက်ပါ အစားမှား၊ အစာအဆိပ်ဖြစ်ခြင်း၊ အစာတောက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ် ဝမ်းရင်ထိုးအောင့်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစားမှား၍ သလိပ်ထခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ရက်ခြားဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါးပူခြင်း စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။ ဖုန်း- ၂၉၀၆၁၀ အနှံ့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com

စဝါးတောင်ခြေ ထူးခြားအောင်မြေ

# ပထမ ဘိုးဘိုးအောင် တောင်တော် အောင်မြေ (၅)

မောင်မြောင်ဇို
(ထားဝယ်)

ယခင်လမှ အဆက်



◆ အောင်သိဒ္ဓိစေတီတော်မြတ်ကို ဖူးမြော်ကြည်ညိုစဉ်

မြေနီလမ်း၏ မြောက်ဘက်၌ ဗုဒ္ဓ ဘုရားရှင်သည် ဗောဓိပင်အောက် ရွှေ ပလ္လင်မှ ထတော်မူသော ဗောဓိပင်၏ အရှေ့မြောက်ဘက် (၄၈)တောင် ဝေး ကွာသောအရပ်၌ ရပ်တော်မူလျက် ကြီးလေသော အောင်ပွဲခံခဲ့ရာ ဗောဓိပင် နှင့် ရွှေပလ္လင်ကို ကြည့်ရှုတော်မူခဲ့ သော "**အနိမိသ သတ္တာဟ**"ရပ် တော်မူ ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ရ လေသည်။

ထိုဘုရားသိမ်၏ တောင်ဘက်တွင် မြတ်စွာသည် ဗောဓိပင်၏ အရှေ့ ဘက် (၁၂၈)တောင် ဝေးကွာသော အဇပါလခေါ်သော ဆိတ်ကျောင်းသား တို့ နားနေရာ ညောင်ပင်သို့ ကြွတော် မူလျက် (၇)ရက်ကြာ ဖလသမာပတ် ဝင်စားကာ နိဗ္ဗာန်ချမ်းသာကို ခံစား တော်မူသည်။

ထိုအတွင်း စစ်ရှုံး၍ လက်မှိုင်ချနေ သော မာရ်နတ်မင်း၏ သမီးသုံးယောက် တို့သည် ဖခင်အား သနားလှ၍ ဘုရား ရှင်အား ဆက်လက်ဖြားယောင်းရန် ကြိုးစားကြသည်ကို ဆုံးမတော်မူသည်။

ထို(၇)ရက်ကို "**အဇပါလ သတ္တာဟ**"ဟု ခေါ်ဆိုကာ ဤသည်ကို ရည်မှန်း၍ ဗုဒ္ဓ ထိုင်တော်မူရုပ်ပွားတော် တို့ ကိုးကွယ်ထားသည်ကို ကြည်ညို ရလေသည်။

မဟာဗောဓိစေတီတော်၏ မြောက် ဘက်၌ ဗုဒ္ဓဘုရားရှင် ရပ်တော်မူရာ ရွှေပလ္လင်နှင့် ဗောဓိပင်အကြား အရှေ့ အနောက် အတောင်(၆၀) ရှည်လျား သော ရတနာစင်္ကြံလမ်းဝယ် (၇)ရက် လုံးလုံး စင်္ကြံကြွလျက် နေတော်မူသည့် "**စင်္ကမသတ္တာဟ**"ဟု ခေါ်ဆိုလျက် ရည်မှန်းကာ ရပ်တော်မူ ဗုဒ္ဓရုပ်ပွား တော်အား လက်စုံမိုး၍ ဦးခိုက်ဝင် ဖြည့် ကန်တော့ကြရသည်။

ဤသတ္တာဟ၏ အရှေ့ဘက်မှ



www.burmeseclassic.com

www.burmeseclassic.com

အနောက်ဘက်သို့ သွားသည့် တောင်စောင်း မြေနီဆင်းလမ်း၏ လက်ဝဲဘက်၌ စံကားဝါပင်ကို စိုစိုပြည်ပြည် စိမ်းစိုစွာ လန်းဆန်းဖြာဝေလျက် တွေ့ရသည်။

တောင်စောင်း ချိုင့်ဝှမ်းမြေပြန့်၌ ဗုဒ္ဓမြတ်ဘုရားသည် ဇောဓိပင်၏ အနောက်မြောက် အတောင် (၄၀)ကွာ အရပ်သို့ ကြွရောက်တော်မူကာ နတ်တို့ ဖန်ဆင်းထားသော ရတနာဃရ ရတနာစံကျောင်းတော်၌ (၇)ရက်တိုင် စံတော်မူသည်။

အဘိဓမ္မာတွင် ပါဝင်သော မဟာပဋ္ဌာန်းတရားတော်ကြီးကို ဆင်ခြင်တော်မူသောအခါ စိတ်တော် အထူး ကြည်လင်သဖြင့် အသွေးအသားတော်တို့လည်း ကြည်လင်ကာ ကိုယ်တော် အစိတ်စိတ်မှ တဖိတ်ဖိတ် တလက်လက် ထွက်လာသော ရောင်ခြည်တော်ခြောက်ဖြာတို့သည် စကြဝဠာအဆုံးတိုင် တဖြိုင်ဖြိုင် ကွန့်မြူးတော်မူကြလေသည်။

ထို(၇)ရက်ကို **"ရတနာဃရသတ္တာဟ"**ဟု ခေါ်ဆိုပြီး ဤသည်ကို ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကို တည်ထား ကိုးကွယ်ထားသည်ကို ကြည်ညိုဖူးမြော်ကြရသည်။

ထို ထိုင်တော်မူရုပ်ပွားတော် ကိန်းဝပ်ရာ ကျောဘက်သိမ်နံရံသည် အက်ကွဲပျက်စီးလျက်ရှိသည်။ ထိုဘုရားသိမ်အား ထပ်မံပြုပြင်ရာတွင် ပါရမီရှင် သူတော်စင်အပေါင်းတို့က စေတနာ သဒ္ဓါ ထက်သန်စွာဖြင့် ပါဝင်လှူဒါန်းကြရန် နိဗ္ဗာန်ဆော် နှိုးဆော်ပေးခြင်းဖြင့် ကောင်းမှုပြုကြရလေသည်။

ထိုသတ္တာဟ ဗုဒ္ဓထိုင်တော်မူ ကိန်းဝပ်ရာ ဘုရားသိမ်နှင့် မျက်နှာချင်းဆိုင် မြေနီလမ်း၏ တောင်ကုန်းအဆင်း



ဦးအောင်ရသေ့ဝိဇ္ဇာရုပ်တု

အနောက်ဘက် လမ်းကြောင်း၏ တောင်ဘက်တွင် မြောက်အရပ်သို့ မျက်နှာမူသော အဆောက်အအုံအတွင်း **အဘဦးအောင် ရသေ့ဝိဇ္ဇာ မိုရ်ရုပ်တု**ကို ပူဇော်ထားသည်။

ပါရမီရှင် သူတော်စင်အပေါင်းတို့သည် ဤပထမ ဘိုးဘိုးအောင်တောင်တော်၌ တရားအားထုတ်ပြီးလျှင် အဘဦးအောင် ရသေ့ဝိဇ္ဇာမိုရ်ထံပါးတွင် သပြေအိုး၊ သပြေပန်း ဆက်ကပ်လှူဒါန်းပြီး သာဓုပဟူ၍ သုံးကြိမ်ခေါ်ဆိုကာ ဆုတောင်းကြခြင်းဖြင့် လိုရာဆန္ဒ ပြည့်ဝစေပါကြောင်း လေ့လာသိရှိရသည်။

အဘဦးအောင် ရသေ့ဝိဇ္ဇာမိုရ်ရုပ်တုရှိရာ အရှေ့ရှိ မြေနီလမ်း၏ မြောက်ဘက်တွင် တောင်ပွားဘုန်းတော်ကြီးကျောင်းနှင့် စပါးတောင်,တောင်ပေါ်သို့ သွားရောက်နိုင်သော တောင်ပေါ် လမ်းကြောင်းကို တွေ့မြင်နိုင်သည်။





www.burmeseclassic.com

www.burmeseclassic.com


တောင်ကုန်းချိုင့်ဝှမ်း မြေပြန့်နေရာ၌ ဘိုးဘိုးကျောင်းတည်ရှိပြီး အရှေ့ဘက် ချွင် အာသောကသစ်ပင် တစ်ပင် ရှင်သန်ကြီးထွားလျက် ရှိသည်ကို မြင်ရ သည်။ ပထမံဘိုးဘိုးအောင်တောင် သည် ဘုရားရိပ်၊ တရားရိပ်ဝယ် မှီခိုသော တောရိပ်တို့က အရိပ်မိုး နေသည်။

ဗုဒ္ဓဝါဒလမ်းစဉ်အရ သမထ ဘာဝနာ၊ ဝိပဿနာဘာဝနာတို့ကို ဗုဒ္ဓ ဘာသာဝင်တို့သည် တတ်စွမ်းသမျှ ကြိုးပမ်း အားထုတ်နေကြပေသည်။ သမထကို အခြေခံသော ထွက်ရပ် လမ်းဟုသည့် လောကီကျင့်စဉ် တစ်ရပ် သည်လည်း ရှေးအစဉ်ကပင် ပေါ်ထွန်း ခဲ့လေသည်။

ထွက်ရပ်လမ်းစဉ် ဆိုရာ၌ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ အင်းဝိဇ္ဇာ အစရှိသည်တို့သည် စိတ်ဓာတ်တည်ငြိမ်မှုကို ရရှိရန် သမထ ကျင့်စဉ်ကို ဦးစွာ လိုက်နာကျင့်ဆောင် တွေ့ရှိသည်။

ထို့ကြောင့် ဤဘိုးဘိုးအောင်တောင် ပေါ်၌ ပထမံဘိုးဘိုးအောင်သည် လည်းကောင်း၊ ရွှေတောင်ကျောင်း ပထမ ဆရာတော်ကြီး၊ ဂဏာဝိမုတ် ဘုရားတို့ဂိုဏ်းကြီး၏ ဒုတိယဂိုဏ်းချုပ် အရှင်ဉာဏ လင်္ကာရသည် လည်း ကောင်း။ ရဟန်းရှင် သူတော်စင် သူတော်မြတ်များနှင့် လူပုဂ္ဂိုလ် အသီးသီးတို့သည် လည်းကောင်း သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာ တရားတော်တို့ကို အားထုတ်တော် မူခဲ့ကြလေသည်။

သို့နှင့် ထွက်ရပ်လမ်း လိုက်သူတို့ သည် ရှေးက စပါးတောင်ခြေ အောင် မြေကိုးနေရာကိုးဌာနတို့တွင် မိမိတို့၏ ထွက်ရပ်လမ်းကို ကြိုးပမ်းအားထုတ် တော်မူခဲ့ကြ၏။



အပေါ်လသည္ဘာဟာ ထိုင်တော်မူ

ရုပ်ပွားတော်အားကြည်ညိုရစဉ်

ယခုမူ စပါးတောင်စခန်း အောင်မြေ သာ ထွက်ရပ်လမ်းကို ကြိုးပမ်းတော်မူ ကြသော ရဟန်းရှင်၊ ရသေ့၊ ဆရာ လေး (သီလရှင်)၊ လူပုဂ္ဂိုလ်ဟူသမျှ တို့၏ ဘူမိနက်သန် အောင်လံစိုက်ရာ အောင်မြေများအနက် ပထမံဘိုးဘိုး အောင်တောင် အောင်မြေသည်လည်း တရားအားထုတ်ရာ **ထူးခြားသော ဌာနအောင်မြေတစ်ခု** ဖြစ်ရလေ သည်။


ကုသိုလ်ကောင်းမှုဟူသည် အခွင့် အခါ သာမှ ပြုခွင့်ရပါသည်။ ဘုရားရှင် ၏ သာသနာနှင့်ကြုံ၊ စေတနာ သဒ္ဓါ တရားလည်းရှိ၊ ခေတ်ကာလကောင်း၊ အချိန်ကောင်း၊ အခါကောင်းမှ ပြုလုပ် နိုင်သည့် အမှုကိစ္စ ဖြစ်ပါသည်။

သို့ဖြစ်၍ ယခုကဲ့သို့ ရန်ကုန်မြို့မှ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့



www.burmeseclassic.com

www.burmeseclassic.com



◆ ဘိုးဘိုးအောင်
ဘုန်းတော်ကြီးကျောင်း



◆ စံကားဝါပင်ကို တွေ့ရစဉ်

◆ အာသောကပင်




တော်သို့ လေကြောင်းလမ်း၊ ရေကြောင်းလမ်း၊ ကုန်းလမ်း စသည့် ခရီးလမ်းပန်းဆက်သွယ်ရေး အခြေအနေ ကောင်းမွန်မှုရှိနေချိန်တွင် အခါအခွင့်သည့်အခါ **"စပါးတောင်ခြေ ထူးခြားအောင်မြေ ပထမံဘိုးဘိုးအောင်တောင် အောင်မြေ"** စခန်းသာသို့ လာရောက်၍ တရားဘာဝနာ အားထုတ်ကြရန် ဖိတ်ခေါ်လိုက်ရပါကြောင်း...။

**[ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် ကူညီပေးကြသော ကိုကျော်သက် ကညုံရပ်၊ ထားဝယ်မြို့အား လည်းကောင်း၊ ကိုသန်းထွေး ဝဲကျွန်းထိန်သစ်ရပ်၊ ထားဝယ်မြို့ တို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း...]**

*သတ္တဝါ ဝေနေယျအပေါင်း ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။*

မောင်မောင်စိုး(*ထားဝယ်*)

ကိုးကားချက်

၁။ ရှင်ကိုးရှင်နှင့် သမိုင်းဝင် ထားဝယ်ဘုရားများ [မောင်သန်းဆွေ-ထားဝယ်]၊

၂။ သာသနာ့တံခွန် ထားဝယ်ထေ... မွန်များ [မောင်သန်းဆွေ-ထားဝယ်]

၃။ ဘိုးဘိုးအောင်တောင်ပေါ်ရှိ စေတီ ဘုရား သိမ်များနှင့် ဗုဒ္ဓသာသနာရေးဆိုင်ရာ အဆောက်အအုံများ အတွင်းရှိ မှတ်တမ်းများ၊

၄။ ကိုယ်တိုင် ဘုရားဖူး သွားရောက်လေ့လာခြင်းနှင့် မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခြင်း(၁၈-၁၉-၂၀၁...)



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပါ။

* * *

| |
|---|
| ၄ |
| ၁ |
| ၅ |
| ၀ |
| ၃ |
| ၆ |
| ၂ |

ထီးကံပွင့်ဖို့အတွက် စနေတိုင် (ထီးတိုင်)အရပြောရရင်တော့ **စနေ ဂြိုဟ်** လှူပ်ရှားသက်ဝင်လာစေရန် **ဗေဒပွတ်(ဗုဒ္ဓဟူး)**နဲ့ ဆက်သွယ်ပေး ရပါမယ်။

ဒါကို ရုပ်ကို နာမ်ကူတယ်လို့ ဆိုပါ တယ်။

ဒါကြောင့်...

ထီးကံပွင့်ဖို့အတွက် စနေနံ အစပြု ထားပြီး ဗုဒ္ဓဟူးနံ အဆုံးသတ်ပြုထားတဲ့ ပြဿတ်ကောင်းကို ရှာဖွေရာ...

"**နဂါးရုံဘုရား**"လို့ ရပါမယ်။

စနေတိုင်(ထီးတိုင်) ဒါကြောင့် "**နဂါးရုံ**"ဘုရားတစ်ဆူဆူမှာ အား ထုတ်ရပါမယ်။ စနေနေ့တွင် အားထုတ် ဆောင်ရွက်ရပါမယ်။

**နဂါးရုံ** = ၇ .၄

↓ ↓ (နံတူ)

ထီး လာဘ်= ၇ .၄

**အာစရိယဝါဒအရ...**

ပဉ္စပွတ်ဖြစ်တဲ့ ဗုဒ္ဓဟူး ပြဿတ် ကောင်းများဖြင့် ပူဇော်ရပါမယ်။

ထို့ကြောင့်...

နဂါးရုံဘုရားရုပ်ပွားတော် ရှေ့ မှောက်တွင်...

**အတာရေအိုးငယ်တွင် ရွှက်လှ ပန်းများနဲ့ ထီး(၁)လက်ကို ယှဉ်တွဲပြီး** ထားပါ။ **ရွှက်လှပန်းက အဝါရောင်**



◆ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ် မယ်လမုစေတီတော်၌ တည်ရှိသော နဂါးရုံဘုရား

# ထီးကံပွင့်

ဆုတောင်းပြည့် အစီအရင်

သန်းဝေါ (ပညာရေး)

ဖြစ်ပါစေ။

ပြီးရင်...

သက်တော်ထင်ရှား ဘုရားရှင်ကို ရည်မှန်းပြီး...

"ဝိ,ရှစ်ချက်ဂါထာ"ဖြင့် ပူဇော် ကန်တော့ပါ။

ပြီးရင်...

လောကဝိဒူဂုဏ်တော်ဖြင့် ပုတီး(၄) ပတ်စိပ်ပါ။

ပြီးရင်...

လာဘ်ရဂါထာကို ရွတ်ပါ။ ဆု တောင်းပါ။

ဝိရှစ်ချက်ဂါထာ

ဝိဝိဓေဟိ အလင်္ကာရော။
ဓဇောသုပညာတော ဝိဝိ။
ဝိဝိဓဂုဏာ သမ္ပန္နော။
ဗုဒ္ဓေါ် သုပိလ ကောဝိဝိ။

*(၃-ခေါက်)*

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **အလင်္ကာရော** | =အလင်ကာရော |
| **ပညာတော** | =ပင်ညာတော |
| **သမ္ပန္နော** | =သမ်ပန်နော |
| **ဗုဒ္ဓေါ** | =ဗုတ်ဓော |

အနက်

**ဗုဒ္ဓေါ**၊ မြတ်စွာဘုရားသည်။ **ဝိဝိ ဓေဟိ**၊ အထူးထူးသော လောကုတ္တရာ တန်ဆာတို့ဖြင့်။ **အလင်္ကာရော**၊ တန်ဆာဆင်တော်မူ၏။ **ဝိဝိဓဇော**၊ အထူးထူးသော အောင်လံတံခွန် ရှိ တော်မူသည်ဖြစ်၍။ **ပညာတော**၊ လောကတစ်လွှား ထင်ရှားတော်မူ၏။ **ဝိဝိဓဂုဏာသမ္ပန္နော**၊ အထူးထူး အပြားပြားသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူ၏။ **ဝိဝိဓော**၊ အထူးထူး



www.burmeseclassic.com

www.burmeseclassic.com

၂၁။ **သုပါလကော၊** ကောင်းစွာ ရှောက်တော်မူပါပေ၏။

---

လာဘ်ပွင့်ဂါထာ

---

အတ္ထဝမ္မ သမ္ဘိဒါစ၊
နိရုတ္တိ ပဋိဘာဏကာ။
စတုသမ္ဘိဒါ ပတ္တာနံ
အဂ္ဂပတ္တံ ဝိနံ နမေ။

*(၁၇–ခေါက်)*

ခက်ခဲသော ပါဠိအသံထွက်

**အတ္ထ** =အတ်ထ
**ဓမ္မသမ္ဘိဒါစ** =ဓမ်မသမ်ဘိဒါစ
**နိရုတ္တိ** =နိရုတ်တိ
**ပဋိဘာဏကာ** =ပတိဘာဏကာ
**စတုသမ္ဘိဒါပတ္တာနံ**=စတုသမ်ဘိဒါပတ်တာနံ
**အဂ္ဂပတ္တံ** =အဂ်ဂပတ်တံ

အနက်

**ယောဇိနော၊** အကြင်မြတ်စွာဘုရားသည်။ **အတ္ထဓမ္မသမ္ဘိဒါစ၊** အတ္ထပဋိသမ္ဘိဒါ, ဓမ္မပဋိသမ္ဘိဒါတို့နှင့်လည်း ပြည့်စုံတော်မူ၏။ **နိရုတ္တိပဋိဘာဏကာ၊** နိရုတ္တိပဋိသမ္ဘိဒါ၊ ပဋိဘာဏ ပဋိသမ္ဘိဒါတို့နှင့်လည်း ပြည့်စုံတော်မူပါပေ၏။ **စတုသမ္ဘိဒါပတ္တာနံ၊** ပဋိသမ္ဘိဒါလေးပါးတို့နှင့် ပြည့်စုံကြသဖြင့်။ **အဂ္ဂပတ္တံ၊** အထွတ်အထိပ်သို့ ရောက်တော်မူသော။ **တံဇိနံ၊** ထိုမြတ်စွာဘုရားကို။ **နမေ–နမာမိ၊** ရှိသေစွာ ညွတ်လျိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒီမြန်မာ ဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

ပြီးရင် ခိုစာကျွေးလိုက်ပါ။

***အေးမြ ရင်မှာ ရှိပါစေ။***

**သန်းခေါင်(ပညာရေး)**

---

မှတ်မှတ်ရရပင် ဖြစ်သည်။ ၁၃၅၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၈)ရက် ဥပုသ်နေ့ **ရေကျော်ရှိ စံရာအောင်မြေ ပဲခွယ်ကုန်း မဟာစည်ရိပ်သာသို့** နံနက်(၉း၀၀)နာရီအမီ ရောက်အောင် သွားခဲ့ပါသည်။ နံနက် (၉း၀၀)နာရီတွင် ဥပုသ်သီလပေး တရားဟောကာ နံနက် (၁၀း၃၀)နာရီတွင် နံနက်စာကျွေးသည်။

နေ့လယ် (၂း၀၀)နာရီတွင် ကျောင်းထိုင်ဆရာတော် အရှင်စန္ဒာဝရ ကိုယ်တိုင်သော် လည်းကောင်း၊ မဟာစည်ရိပ်သာကြီးမှ နာယကအဖွဲ့ဝင် ဆရာတော်တစ်ပါးပါးသော် လည်းကောင်း တရားဟောကြားလေ့ ရှိသည်။

နံနက်ပိုင်း အဌင်္ဂသီလဥပုသ်ယူ နံနက်ခင်း တရားနာပြီးနောက် ဝေယျာဝစ္စအဖွဲ့၏ ဥက္ကဋ္ဌနှင့် နာယက လူကြီးအချို့ စကားဝိုင်းဖွဲ့ဖြစ်ကြသည်။

နာယက တစ်ဦးဖြစ်သူ ဦးသိန်းနိုင်က သူ ကျောက်ကပ် မကောင်းသဖြင့် နှစ်လုံးစလုံးထုတ်ပြီး ကျောက်ကပ်တစ်လုံးကို အိန္ဒိယတွင် သွားရောက်အစားထိုးထားရသည်မှာ ကိုးနှစ်ရှိပြီဖြစ်ကြောင်း၊ မြန်မာရဟန်းတော်တစ်ပါးက လှူဒါန်းခြင်းဖြစ်ကြောင်း၊ ယခုလည်း

## ကျောက်ကပ်အတွက်

**ယုန်သားနှင့် ကျောက်ဖရုံ**

အသက်ကလည်း (၅၅)နှစ် ကျော်နေပြီ။ ဒါနဲ့ တစ်ယောက်က **ယုန်သားနဲ့ ကျောက်ဖရုံသီး ချက်ကျွေးပါ** ဆိုလို့ ချက်ကျွေးကြတယ်။


သိပ်နေမကောင်းလှကြောင်း ပြောပြသည်။

မှန်ပါသည်။ သူ့မျက်နှာမှာလည်း ဖောရောင်၊ ခြေထောက်တွေ၊ လက်ဖမိုးတွေလည်း ဖောရောင်နေသည်ကို မြင်တွေ့ရပါသည်။

ဥက္ကဋ္ဌဖြစ်သူ ဦးစိုးသူရက သူ့ အတွေ့အကြုံတစ်ခုကို ပြောပြပါသည်။

'ကျွန်တော့်ဇာတိ ကန့်ဘလူမြို့မှာပေါ့ ဘကြီးတော်သူတစ်ဦး ကျောက်ကပ်ရောဂါဖြစ်ပြီး ဆေးရုံတက်ရတယ်။ တစ်ကိုယ်လုံးလဲ ဖောရောင်နေတာ နောက်ဆုံး ဆေးရုံက လက်လွှတ်လိုက်ရတယ်။ အိမ်ပြန်ခေါ်လာတော့ ပက်လက်ပဲ ဖြစ်နေတာ၊ ထမင်းကျွေးရင်တောင် တစ်လုပ်တစ်ဆုပ်ပဲ၊ တစ်ခါတလေ မေ့မြောသွားတဲ့ အထိပဲ။

အခြေအနေက အတော့်ကို ဆိုးနေတာ လက်လွှတ်လိုက်ရပြီ ထင်ကြတာ။



ဟိုတုန်းကတော့ ကန့်ဘလူနယ်က ရွာတွေမှာ တောကထူ ယုန်က ပေါ်ဆိုတော့ လွယ်လွယ်ကူကူပါပဲ။ အဲဒါဗျာ ယုန်သုံးကောင်ပဲ ကုန်တယ်။ အဖောတွေကျ၊ ဆီးတွေလဲ ပြန်ကောင်းပြီး ထထိုင်တော့တာပဲ။ အဲဒါ လက်တွေ့ပဲဗျ'

'ကျောက်ဖရုံသီးကတော့ လွယ်ပါရဲ့၊ ယုန်သား ရဖို့ကတော့ မလွယ်ဘူး ထင်တယ်ဗျ။ အထူးသဖြင့် ရန်ကုန်လို နေရာမှာလေ'

တစ်ဦးက မှတ်ချက်ပြုပါသတည်း။ သို့သော် နောက်တစ်ဦး ပြောစကားကမူ...

'လိုချင်ရင် ရှာရမှာပေါ့ဗျာ'

**မောင်အေးကြူ** *(စီးပွားရေး)*

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အပူအပုပ် ကင်းစေတဲ့

# စကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည် အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၅/၀၅၁၃




ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာ ကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံနည်းစာမူ ရေးသားနေစဉ် ''ဟာ စာရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား'' ဟူသော အသံရှင်ကြောင့် ရေးလက်စ စာမူကို အသာချထားပြီး ပြန်လည် ခရီးဦးကြို နှုတ်ဆက်လိုက်သည်။

'ဪ ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ဘယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်း စာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ...ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီး အခု စာရေးဆရာကြီးကို အကူအညီ တောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ။ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိတာတို့ အလုပ်ထဲကို အာရုံစူးစိုက်တာတို့၊ ထိုင်နည်းနည်းလေးကြာကြာ ထိုင်မိတာဆိုရင် မျက်ခုံး မျက်လုံးတွေ လေးလံလာတယ်၊ ခေါင်းမကြည်ဘူး။ နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲတမ်းလိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရောကိုယ်ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ သုံးရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာတောင်းတာ'

'ဪသည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကိုး။ လက်ဖက်ရည်လေး သုံးဆောင်ပါဦး'

'ဟုတ်ရုံးပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီးမောင်နှံကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေသူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံ့ခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့တခြား ဝဝလာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အသွားလေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နှင်းနှိပ်ပေးရတယ်။ သူကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ မကျန်းမာဘူး ဖြစ်နေခဲ့တာပါဗျာ'

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နှံ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ၊ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြောထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ၊ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်၊ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဇနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများနဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိ အာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့၊ ခေါင်းကိုက်ခြင်း၊ မျက်ခုံး၊ မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြော တက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်၊ သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ် ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူခိုး အပုပ်ခိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး၊ ဝမ်း၊ လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်းစေ တဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေး ဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်း ဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်းတွေ မှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ၊ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့်တဲ့ ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော် ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြည့်စုံ ကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် ''စကြာမင်း မျက်စိကြည် အကြောပြေဆေး''ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'

မင်ရင်း–မြန့်ချိုရေး

**စကြာမင်း**

**တိုင်းရင်းဆေးတိုက်**

အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊
သုဓမ္မာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၆၉၀၀၉၀၊ ၇၂၂၅၄၇



www.burmeseclassic.com

www.burmeseclassic.com



◆ ကျောက်ဆင်

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

# ပြင်းမထိ လိုဏ်ဂူတွင်းမှ

## စေတီရုပ်ပွားများနှင့် ထူးခြားကျောက်ရုပ်များ (၂)

ယခင်လမှ အဆက်

ကျောက်စက်ပန်းဆွဲများ လှပစွာ ဆန်းဆာဆင်လှေ့ရှိသည့် သဘာဝ လိုဏ်ဂူများတွင် ကျောက်စက်ရေများ စီးရေများ စိုစွတ်နေတတ်သော်လည်း ဤနေရာတွင် ခြောက်သွေ့ နွေးထွေး ပါသည်။

ရသေ့ဖော်ဂျီဆိုင်ရာ တစ်စုံတစ်ရာ တွေ့ရသော်လည်း ဝင်လေထွက်လေ [illegible]သော ခန္ဓာဖိုဖြင့် သန္တိသုခကို ခံစားရယူနိုင်သည့် ဂူခန်းမလေး ဖြစ်သည်။





◆ ကျောက်ဆင်မိသားစု



www.burmeseclassic.com

www.burmeseclassic.com






◆ ဆင်မြူတော်

ရွှေဟင်္သာ ◆

◆ ဆင်မိသားစု



## နတ်သမီးကျောက်ပျဉ်

ထိုမှ ပြန်ဆင်းကာ ဥမင်လမ်းအတိုင်း လျှောက်ဝင်ခဲ့ရာ မနီးမဝေး တစ်နေရာတွင် နတ်သမီး ကျောက်ပျဉ်ကို တွေ့ရသည်။

သနပ်ခါးကျောက်ပျဉ်ကဲ့သို့ ရေဆင်းမြောင်းပတ်လည် ဝန်းရံကာ အလယ်ကျွန်းကလေး ဖြစ်ပေါ်နေသည်။

**ထိုကျောက်ပျဉ်တွင် လက်ချောင်းများဖြင့် သနပ်ခါးသွေးဟန်ပြုကာ မျက်နှာပြင်ကို ပွတ်သပ်ပေးခြင်းဖြင့် အသားအရေ လှပချောမွေ့စေသည်ဟု ယုံကြည်ကြကြောင်း သိရသည်။**

နတ်သမီးကျောက်ပျဉ်မှာ ပွတ်ဖန်များသဖြင့် ချောမွတ်ပြောင်လက်နေသည်ကို တွေ့ရပေသည်။

## ကျောက်နဂါး

လမ်းကလေးအတိုင်း ဆက်လျှောက်လာခဲ့ရာ အကွေ့တစ်ခု ကျော်လွန်သောအခါ လက်ဝဲဘက်နံရံ၌ ကျောက်နဂါးကို တွေ့ရသည်။

နဂါးပါးပျဉ်းထောင်နေဟန် အချွန်အတက်များလည်း ပါဝင်သည်။ ဘေးတိုက်ကြည့်က ပို၍ ပီပြင်သော်လည်း ဓာတ်ပုံရိုက်ရာတွင် အခက်အခဲရှိသဖြင့် ရသမျှ အကောင်းဆုံးအနေအထားကို ရိုက်ကူး တင်ပြလိုက်ပါသည်။

**ဒေသခံတို့၏ ပါးစပ်ရာဇဝင်အရ ကျွန်စစ်မင်းသားကို ဤဥမင်အတွင်း ခိုအောင်းနေထိုင်နိုင်ရန် လမ်းပြကူညီပေးသော နဂါးမင်းဖြစ်သည် ဆိုကြသည်။**

## ဉဏ္ဏာလုံမွေ့ရှင်တော်စေတီ

ထိုမှ ဥမင်လမ်း လက်ဝဲဘက် ကုန်းမြင့်ထက် စံပယ်တော်မူသော စေတီတော်သို့ တက်ရောက် ဖူးမြော်သည်။ ဉဏ္ဏာလုံမွေ့ရှင်တော်စေတီ ဖြစ်သည်။

ကျန်စစ်မင်းသားသည် နဂါးမင်း လမ်းညွှန်သဖြင့် လိုဏ်ဂူအတွင်း ခိုအောင်းနေထိုင်ရာ သီရိဓမ္မာသောကမင်း တည်ထားခဲ့သည့် ဉဏ္ဏာလုံမွေ့ရှင်




www.burmeseclassic.com

www.burmeseclassic.com



▲ ကျောက်ဆရ

▼ ရွှီးကြွက်





www.burmeseclassic.com

www.burmeseclassic.com

တော်ကို ဖူးမြော်ရသည်။ အဓိဋ္ဌာန်ပြု ဆုတောင်း၍ မင်းအဖြစ်ကို ရသော အခါ မွမ်းမံကုသိုလ်ပြုသည်ဟု ဆိုကြ သည်။

ဤစေတီတွင် ရွှေသက်နှီးကပ်လှူ ကာ လောကုတ်လောကီ လိုရာတောင်း ဆုများ ပြည့်ဝကြသည်ဟု သိရသည်။ သားဖြစ်သူက သူ၏ မုန့်ဖိုးငွေဖြင့် ရွှေဆိုင်း(၂)ဆိုင်း ဝယ်ယူ ကပ်လှူကာ အရှုံးအမှုံးဆန္ဒ ရှိနေသည့် ခေတ်ပေါ် လျှပ်စစ်အသုံးအဆောင်တစ်ခု ရလို ကြောင်း ဆုတောင်း၏။

ရန်ကုန် ပြန်ရောက်သောအခါ ဦးလေးက လက်ဆောင်ပေးသဖြင့် ဆုတောင်းပြည့်ခဲ့လေသည်။

## နဂါးမှုခ်ဦးနှင့် ကျောက်ဆင်များ

စေတီရင်ပြင်မှ ပြန်ဆင်းကာ ရှေ့ဆက်လာခဲ့ရာ ဥမင်လမ်းမှာ အတန် ပင်နိမ့်၍ ငုံ့လျှိုးဝင်ရောက်ရသည်။ နဂါး တစ်ကောင် အုပ်မိုးထားသကဲ့သို့ ဖြစ် တည်နေသော နဂါးမုခ်ဦးဖြစ်သည်။

ထိုမှအထွက် လမ်းကွေ့တစ်နေရာ ရောက်သောအခါ ကျောက်ဆင် ဟူသော ကမ္ပည်းဖြင့် ဆင်တစ်ကောင် ၏ ရှေ့တည့်မြင်ကွင်း ထိုမှ တစ်ဖက် တွင် စီထပ်နေသည့် ကျောက်စက်ပန်း ဆွဲများရှိရာ ကျောက်ဆင်မိသားစုတို့ကို တွေ့ရသည်။

မလှမ်းမကမ်း တစ်နေရာရှိ ကျောက် စက်ပန်းဆွဲများမှာ ဆင်ဦးကင်း၊ ဆင် ကျောကုန်းများနှင့် သဏ္ဌာန်တူကာ ချိတ်ဆွဲထားသော **"ဆင်မိသားစု"** ကမ္ပည်းနှင့် လိုက်ဖက်လှပါသည်။

ထိုမှလွန်သော် ဥမင်လမ်းမ၏ လက်ဝဲဘက်၌ သွယ်ဆက်နေသော ဥမင်ကလေးတွင် ဘုရားရှင်နှင့် သာဝက ရဟန္တာများ စီတန်းကြွချီတော်



◆ ဆင်ချည်တိုင်

မူပုံ သွန်းလုပ်ထားသည်ကို ဖူးတွေ့ရ သည်။ ဥမင်အနေအထားနှင့် လိုက် လျောညီထွေရှိကာ ကြည်ညိုဖွယ် ဖြစ် ပေသည်။

## နတ်သားရေကန်

ဥမင်ထက်ဝက်ခန့်တွင် ရှိသည်။ တစက်စက် ကျဆင်းနေသော ကျောက်စက်ရေများကို အုတ်ကန်ဖြင့် ခံယူ စုဆောင်းထားခြင်းဖြစ်သည်။

ဖန်ပြာခွက် မရှိသဖြင့် လက်ခုပ်ဖြင့် ခပ်ယူ သောက်သုံးကြည့်ရာ ကြည်လင် အေးမြလှပေသည်။

## ရသေ့ပလ္လင်

ဥမင်လမ်းကွေ့ လက်ဝဲဘက်တွင် ခါးစောင်းခန့်မြင့်၍ (၅)တောင်မျှ ကျယ်ဝန်းသော ကျောက်ပလ္လင်ကြီး ဖြစ်သည်။

ရုပ်ပွားစေတီ ပူဇော်ထားခြင်း မပြု



www.burmeseclassic.com

www.burmeseclassic.com



◆ ကျောက်မိန့်ကလပ်



◆ မြင်းမထိအောင်မြေ

...သီးသန့် ချန်လှပ်ထားဟန်ရှိသည်။ ...ကံခံ ဒဏ္ဍာရီများ မကြားသိခဲ့ရပါ။

## ရွှေဟင်္သာ

ကျောက်စွယ်အစွန်းတွင် ဟင်္သာပုံစံ ... နှုတ်သီး၊ ကိုယ်လုံးပုံသဏ္ဍာန် ...ညီစုံစွာ ဖြစ်ပေါ်နေသည်။ နီညိုရောင် ...ကျောက်သားနှင့် စွတ်စိုသော ရေများ ...ကြောင့် ရွှေဟင်္သာပမာ မြင်တွေ့ရ ...သည်။

## ဆင်ဖြူတော်

ဆင်တစ်ကောင် နှာမောင်းထောင် ... ရပ်နေသော ပုံဟန် ကျောက်တုံး ...သည်။ နဂါးရုံဘုရားငယ်တစ်ဆူ ရှေ့မှ ဆီး၍ ပူဇော်ထားသဖြင့် မြင်ကွင်း အနည်းငယ် ကွယ်နေသည်။ ဖြူညို ရောင်အဆင်း ရှိလေသည်။

## ကျောက်နွား

နွားတစ်ကောင်၏ ဦးခေါင်းနှင့် ကိုယ်ထည် အထက်ပိုင်းပေါ်လွင်သည်။ ခြေလက်မပီပြင်ပါ။ ဘို့ကား နှစ်လုံး ဖြစ်နေပေသည်။

## ရွှေဇီးကွက်

ရေများစိုစွတ်၍ စဉ့်ရောင် တောက်ပ နေသည်။ မြန်မာ့ဓလေ့အရ ရွှေဇီးကွက် ကို ပွတ်သပ်ကာ လာဘ်လာဘ ရွှင်လန်းစေရေးအတွက် မိမိတို့ပြုခဲ့သမျှ ကုသိုလ်ကောင်းမှုအစုစုကို တိုင်တည် ဆုတောင်းတတ်ကြလေသည်။

## ဆင်ချည်တိုင်

ဥမင်လမ်းအလယ်တွင် ကျောက် စက်ပန်းဆွဲနှင့် ကျောက်စက်မိုးမျှော်တို့ ထိစပ်ကာ ကျောက်စက်တိုင်ကြီး ဖြစ် တည်နေသည်။ ကြီးမားသော ကျောက် တိုင်ကြီးဖြစ်လေရာ ဆင်ချည်သော ဆင်ချည်တိုင် သို့မဟုတ် တုတ်နိုင် သော ဆင်ချီတိုင်(ဆင်ခြေတိုင်) ပမာ လည်း ဖြစ်သည်။

ရွှေလ ဆက်ဖတ်ပါရန်

ဘုန်းကျော်စွာ(မြိုင်တက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်
ဓာတ်ကြီးငါးပါး စိုးမိုးမှုနှင့် အောင်ဘာလေ

# ထီ ဆုငွေ



ဖေဖော်ဝါရီလ နှေ့ဦးပွဲတော်သမယ တွင် ပျော်ရွှင်စရာ မင်္ဂလာအပေါင်း ထပ်ဆင့်ပြည့်စုံစေမည့် ထီဆုကြီးများ နှင့် နီးစပ်စေရန် ၄၊ ၁၊ ၈၊ ၅ ဂဏန်း ခြေများကို ရွေးချယ်၍ ဃ၊ စ၊ ထ၊ ရ အက္ခရာများနှင့် တွဲဖက် ကံစမ်းနိုင်ကြ သည်။

ဂဏန်းတူ၊ ဂဏန်းထပ်များ ရွေး ချယ်လိုပါကလည်း ၄၊ ၁၊ ၈၊ ၅ ဂဏန်းများ (၂)ခုအထက် ပါဝင်သည့် ထီလက်မှတ်ကို ရွေးနိုင်သည်။

မိမိမွေးနှစ်အရ ကံလာဘ်ပွင့်စေ မည့် ဂဏန်း၊ အရောင်၊ အရပ်မျက်နှာ၊ နေ့ကောင်းနေ့မြတ် တွဲဖက် စပ်တူထိုး လိုလျှင် ရွေးသင့်သူတို့ကို အောက်တွင် ကြည့်ပါ။

* * *

သမီးနှင့် ကံစပ်ပါ။ အင်္ဂါနေ့ နေ့ကောင်း နေ့မြတ်ဖြစ်၏။

**နေရာဌာနအကူအညီဖြင့် ကံစမ်း လိုပါက** ထီလက်မှတ် အရောင်းဌာနသည် ပန်းခြံ၊ အပန်းဖြေစခန်း၊



| မွေးနှစ် | ကံပွင့် ဂဏန်း | လာဘ်ပွင့် အရောင် | ကံပွင့်အရပ် | တွဲဖက်ကံစမ်းသင့်သူ | ကံပွင့်နေ့ |
|---|---|---|---|---|---|
| ကြွက် | ၄ | အစိမ်းနု | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| နွား ကျား | ၂ | ခရမ်း | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |
| ယုန် | ၇ | ရွှေဝါ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| နဂါး မြွေ | ၈ | အညို | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| မြင်း | ၃ | အစိမ်းနု | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |
| ဆိတ်၊ မျောက် | ၆ | အဖြူ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ကြက် | ၁ | အပြာ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| ခွေး ဝက် | ၉ | အနီ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |

ချသော ဆိုင်များဖြစ်ပါက ပို၍ ကံထူး စေနိုင်သည်။

**ထီကံမြင့်ယတြာ** ပြုလိုပါက ကြာသပတေးနေ့တွင် သက်ငယ်ပိုင် အမျိုးသမီးတစ်ဦးအား ရွှေရောင်ရှိ သည့် ခေါင်းစည်းကြိုး၊ ကလစ်၊ ကြယ် သီး စသည့် ကိုယ်အထက်ပိုင်း အသုံး အဆောင်ပစ္စည်းတစ်ခုခု လက်ဆောင် ပေးကာ နတ်ဒေဝတာများထံ ထီဆု ကြီးများ ဆွတ်ခူးနိုင်ရန် တိုင်တည် ဆုတောင်းပါ။

**ဥပမာ။ ။ ဝက်နှစ်ဖွားတို့သည်** (၉)ဂဏန်းနှင့် အနီရောင်တို့က ကံ လာဘ်ပွင့်စေသည်။ မိမိနေအိမ်၊ အလုပ်ခန်းမှ တောင်ဘက်အရပ်ရှိ ထီ လက်မှတ်အရောင်းဆိုင်တွင် ကံစမ်းပါ။

**စပ်တူထိုးလိုပါက** ဗုဒ္ဓဟူးသား အားကစားကွင်း၊ မြေပြင်ကွက်လပ်၊ ကြွေထည်မြေထည်ပစ္စည်း အရောင်း ဆိုင်၊ အုတ်သဲကျောက် အိမ်ဆောက် ပစ္စည်းများ အရောင်းဆိုင်၊ ဓာတုဗေဒ ပစ္စည်းများအရောင်းဆိုင်၊ သားဖွားခန်း ဆေးရုံစသည့်တို့အနီး ဖွင့်လှစ်ရောင်း

*ဝှယ်ဝင်းဓာတ်ကြီးငါးပါး အကူအညီ ဖြင့် ရသင့်ရထိုက်သော ငွေကြေး အခွင့်အလမ်းများ ပွင့်လင်းကာ ဝေဝေ ဆာဆာ ရရှိနိုင်ကြပါသည်။*

ထက်မင်းကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဓဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်

# စကြာမင်း

အမှတ်တံဆိပ်

# အားတိုးဆေး ရှိပြီ

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (ဝ၇၁၁ YR ၀၀၆၀၂၄)




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း)
၅၃/၀၅၁၃

ဟော့ ကိုကြီးကောင်း အိမ်တွင်းပုန်း နေတာလားဗျ'

'အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ'

'ဘဲ ဆိုစမ်းပါဦး၊ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ခင်ဗျားက ဗဟုသုတစုံသူ ဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရဲ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ ''အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ'' ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း အံ့သြဖွယ်ပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

'ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ အင်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား၊ နှလုံးအား၊ သွေးအားနည်းခြင်းများကို အံ့သြဖွယ်ပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား၊ ကာမအား၊ အကြောအား၊ ပန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက အစဉ်ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေပါတယ်'

'ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ'

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သာ ပြေးပြီးဝယ်ပေတော့'

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေတဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အားတိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင်စေဖို့ အသက်ရှည်ရာ အနာကင်းရေး ဗေသဇ္ဇချက်ဖြစ်တဲ့ စကြာမင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာ ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့...

**ဆရာမြင့်**

**စကြာမင်း တိုင်းရင်းဆေးတိုက်**

အမှတ် (စ/၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ သူနာပြုမှတ်တိုင်အနီး၊
(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၅၆၁

ကိုကြီးကောင်း

နဂ္ဂုဏ်ရောင်ခြည်မဂ္ဂဇင်း၊ ဓရ

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး

# ကိုဆောင်ထား

ကိုရဲ




တိုင်းရင်းဆေးဝါးမှတ်ပုံအမှတ်-0112 YR 007991

''အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ပေါ့'' ''အော် မမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ'' ''ဘာဟင်းချက်လဲဟင်'' ''မမြင့်ရေ. မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ'' ''အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး'' ''မမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမြင့်ရဲ့'' ''အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ'' ''ဟုတ်တယ် မမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမြင့်ရဲ့'' ''ဟင် ဟုတ်လား၊ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ'' ''လာပါ မမြင့်ရယ် ဆေးကိုနောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်'' ''ဟုတ်ရဲ့လား မြတ်ရယ်'' ''အော် မမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး'' ''စိတ်ချလက်ချသာစားပါ မမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ'' ''ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီပေါ့၊ များများသာထည့်'' ''ဟား ဟား၊ ဟင်း ဟင်း''

''မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ''

''ပေးပါ့မယ်မမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်'' ''မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကိုး''**

''ဟုတ်တယ်မမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ ဆေးကတော့ **ဆရာမြင့်**ရဲ့ **စကြာမင်း**အမှတ်တံဆိပ် **သွေးတိုး ကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်'' ''သမားတော် **ဆရာမြင့်**ရဲ့ **စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့အခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်''

''သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဖက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်း အုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်း စားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်း စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်''

''ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ'' ''ဘယ်လိုလဲ မမြင့်'' ''အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ'' ''ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို'' ''ဟုတ်ပါ တော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ ခေါက်ဆွဲ ယူသွားအုန်းမှပဲ'' ''ဒီမှာ မမြင့်ရေ၊ အဆင်သင့်ထည့် ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး၊** ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့''

''အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်''

''ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုး ရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်း ချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာ ခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့ လိုလိမ့်မယ်...''

ကိုရဲ

---

ပင်ရင်း – **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း – ၆၉၁၀၉၁၊ ၆၂၂၅၄၁။

---

www.burmeseclassic.com




ငွေသံကြားစေတီတော်

# စစ်ကိုင်းတောင်ခွင် သမိုင်းဝင်စေတီများ

၏ အောင်မြေနှင့် ရှိခိုးပူဇော်ဂါထာတော်များ (၁၂)

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)



ငွေသံကြားစေတီတော်အဝင်လမ်း

## ငွေသံကြားစေတီတော်

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

*[၃-ကြိမ်ရွတ်ပါ။]*

သီတဂူထေရ်နေ ကာရိတံ၊
ငွေသံကြား စေတီယံ၊
ယံ ထူပံ ငွေသံကြားစေတီယံ၊
ဝန္ဒာမိ အတ္ထိ သက္ကစ္စံ၊
လာဘံ မေ ဒေတု မေဇိနော။

ခက်ခဲသော ပါဠိအသံထွက်

**ဝန္ဒာမိ** = ဝန်ဒါမိ
**အတ္ထိ** = အတ်ထိ

www.burmeseclassic.com





▲ ငွေသံကြားစေတီ မော်ကွန်းကျောက်စာ

◀ ငွေသံကြားစေတီတော် တောင်ဘက် အတက်လမ်း မုခ်ဦး

◀ ငွေသံကြားစေတီတော်မှ အောင်မြေနေရာ



**သက္ကစ္စံ** = သက်ကစ်စံ

မြန်မာပြန်

**သီတဂူထေရေန၊** သီတဂူမထေရ်၏ အရှင်မြတ်သည်။

**ကာရိတံ၊** ပြုပြင်စီမံအပ်ပါသော။

**ယံ ထူပံ ငွေသံကြားစေတီယံ၊** အကြင် ပုထိုးတော်တည်းဟူသော ငွေသံကြားစေတီတော်မြတ်သည်။

**အတ္ထိ၊** ထင်ရှားစွာ တည်ရှိပါပေ၏။

**အဟံ၊** ''......''ဟု နာမသမုတ် အကျွန်ုပ်သည်။

**[မှတ်ချက်။ ။''......''နေရာတွင် ရွတ်ဆိုကန်တော့သူ၏အမည် ထည့်ပါ။]**

**ဝန္ဒာမိ သက္ကစ္စံ၊** ရိုသေလေးမြတ်စွာ ရှိခိုးကန်တော့ပါ၏။

**လာဘံ ဓနံ ဒေဝတုမေဖိနော၊**

F.12B. February, 2014.




www.burmeseclassic.com

www.burmeseclassic.com



ငွေသံကြားစေတီတော်နှင့် သက္ကူမှိုစေတီတော်

ငွေသံကြားစေတီတော်ကြီး၏ ဌာပနာတိုက်အား တွေ့မြင်ရပုံ



ဘုရားတည်မှုဘုရား ပေးသနားတော်မူပါ အရှင်မြတ်ဘုရား။

ဘုရားတည်နှစ်

သက္ကရာဇ် ၇၆၃ ခုနှစ်။

ဘုရားဒါယကာ

၁။ အင်းဝဘုရင်မင်းခေါင်။

၂။ သီတဂူဆရာတော်ကြီး အရှင်ဉာဏိဿရမထေရ်။

တည်နေရာ

စစ်ကိုင်းတောင်ရိုး သုံးထပ်ကန်စခန်းအနီး ငွေသံကြားတောင်ကုန်းထက်တွင် ဖူးမြော်ကြည်ညိုနိုင်ပါသည်။

ဌာပနာတော်ရက်

သီးခြား သတ်မှတ်ထားခြင်း မတွေ့ရပါ။

အောင်မြေနေရာ

စေတီတော်မြတ်၏ အင်္ဂါထောင့်။

အစောင့်အရှောက်

သိုက်ချုပ်ဘိုးဘိုးကြီး ဦးသူတော်နှင့် သိုက်နန်းရှင်များ။

ထူးခြားချက်

ရှေးအခါကာလများတွင် ငွေသံကြားတောင်ကုန်းထက်၌ ရွှေငွေရတနာ အသံများ ကြားရလေ့ရှိလေ၏။ သိုက်ဆရာများမှ သိုက်တူးရန် လှုပ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com






▲ သကျမုနိစေတီတော် လိုဏ်အတွင်းမှ ရုပ်ပွားတော်

◄ ရွှေသုံးကြားစေတီတော် အောက်ခြေမှ သိုက်နန်းရှင်များလိုဏ်ဂူအား ပိတ်ဆို့ထားသော သကျမုနိစေတီတော်

▼ ရွှေသုံးကြားစေတီတော်သမိုင်း ပန်းချီကားများ ပြသထားသော ရှေးဟောင်းသောလာယံ ထီးဖြူရုံ

▼ သိုက်နန်းရှင်များ ဗိမာန်တော်







www.burmeseclassic.com

www.burmeseclassic.com



ရွှေသံကြားချောင်မှ တစ်ထွာစေတီတော်



ရွှေသံကြားစေတီတော်မှ ကြိုပ်ပြင်ပြုန်းမြေ ရုပ်လုံးများနှင့် တံခွန်တိုင်



ကန်ဦးစေတီတော်ကို သုံးထပ်ဂူပါကန်အထက်၌ မှမြင်ရပုံ

တိုင်း ဒုက္ခအမျိုးမျိုးနှင့် ကြုံတွေ့ကြရလေသည်။

တောင်ကြောမြေပြင်ကို ရေအထင်နှင့် အချည်းနှီး ကူးခတ်နေရလေ၏။

သက္ကရာဇ် ၇၆၃ ခုနှစ်တွင် အင်းဝပြည့်ရှင် ဘုရင်မင်းခေါင်သည် သိုက်သမိုင်းအဆိုအရ ရတနာရွှေငွေများကို ရယူလိုသောကြောင့် သိုက်ဆရာအကျော်အမော်များကို ခေါ်ဆောင်၍ သိုက်တူးလေ၏။

ထိုအခါ သိုက်ချုပ်ဘိုးဘိုး ဦးသူတော်နှင့် တွေ့ရလေတော့၏။ သိုက်ချုပ်



www.burmeseclassic.com

www.burmeseclassic.com




◆ ငွေသံကြားစေတီတော် သိုက်ချုပ်ကိုကိုကြီး ဦးသူတော်နှင့် အစောင့် ဘီလူးများ

◆ ငွေသံကြားသိုက်ချုပ်သူတော်ကြီးမှ
အင်းဝ မင်းခေါင်အား တရားပြ၍ အလှူခံနေပုံ ပန်းချီကား



◆ ငွေသံကြားချောင်အတွင်းမှ သိုက်နန်းရှင်များနှင့် ဆက်စပ်သော
ဂူပေါက်များ ပိတ်ထားပုံ





◆ သုံးထပ်နဂါးကန်တော်မှ
နဂါးမင်းကြီး၏ ကျောကုန်းထက်မှ
ဂဠုန်သားငယ်လေးပုံ

◆ သုံးထပ်နဂါးကန်တော်ထက်မှ
နဂါးနှစ်ကောင်အကြားအား
ဆွဲကိုင်ထားသော ဂဠုန်မင်းကြီး





www.burmeseclassic.com

www.burmeseclassic.com

...ကြီးက...

"...တော် မင်းမြတ်ကလဲ သာသနာတော်အတွက် လှူချင်နေတာဖြစ်သလို ကျွန်ုပ်တို့ ...ထဲ အရိမေတ္တေယျဘုရားရှင်အတွက် ...ကျောင်းတော်ကြီး ဆောက်လုပ်ဖို့ ဘုရား...ညွှန်းများကို ထိန်းသိမ်းထားရခြင်း ဖြစ်ပါ...သည်။

...အတွက် ကျောင်းဆောက်ရာတွင် ဘုရင်...မြတ်မှ ကုသိုလ်ပါဝင်ပါရန်"

...ပြောဆိုလေရာ အင်းဝမင်းခေါင်မှ ...ဒင်း(၂၀) လှူဒါန်းလေတော့၏။

...ဘုရင်မင်းခေါင်မှ သိုက်စောင့်များရှိ ...ငွေသံကြား တောင်ကုန်းထက်ဝယ် ...ကြားစေတီတော်မြတ် ဘွဲ့အမည် ...ဖြင့် ငွေသား တင်း(၂၀)နှင့်အတူ ...ခေါ်မူလေသည်။

...ကြောင်းကို ပြောပြနေသော ...ပန်းချီကားကြီးများကို ငွေသံ...ချောင်အတွင်းရှိ ထိဖြူရုံကြီးတွင် ...တိုင် ကြည့်ရှုနိုင်ကြလေ၏။

...ငွေသံချောင် ဆရာတော်ကြီး (...ဆရာတော်ကြီး)သည် ငွေသံ...တောင်၏ အောက်ခြေတွင် ...နန်းများနှင့် ဆက်စပ်နေသော ...ဂူကြီးတစ်ခု ရှိလေသည်ကို ...လိုချင်သော လောဘသမား...အတွက် အန္တရာယ် များလှလေ...ကြောင့် လိုဏ်ဂူပေါက်ကို ပိတ်၍ ...နန်းရှင်များ၏ ဆန္ဒအရ **...မှုနိစေတီ**"တော်ကို တည် ...သော်။


...တလုပ် ရေကန်တော်ကြီးကို ... ဘုရင်၏ အကူအညီအားဖြင့် ...ဆောက်ထားလေသည်။

...ကြားစေတီတော်ကြီး၏ အခြေ...ဖြစ် ငွေသံကြားချောင်၏ ...က်တွင် **"တိလောကသုခ ...နှင့် တစ်ဝဂူစေတီတော်"**




◆ သိုက်နန်းရှင်များပုံ(သုံးထပ်နဂါးကန်အနီး)

◆ သုံးထပ်နဂါးကန်တော်ကြီး




◆ ငွေသံကြားစေတီတောင်တော်ထက်မှ

သီတဂူဆရာတော်ကြီး၏ အမှတ်(၉)ရေကန်တော်




www.burmeseclassic.com

www.burmeseclassic.com



သိုက်နန်းများနှင့် ဆက်စပ်နေသော ငွေသံကြားချောင်မှ တိလောကသုခစေတီတော်

မြောက်ဘက်မျက်နှာပြု မုခ်ပေါက်လှည့်စေတီတော်များ တည်ရှိပါလေသည်။

ငွေသံကြားစေတီတော်အား ပထမငွေသံကြား ဆရာတော်ကြီး သာသနာတော် မညှိုးအောင် အထူးစောင့်ရှောက်ခဲ့လေသည်။

ငွေသံကြား ချောင်သည်ကား စစ်ကိုင်းမြို့ကြီး စတင် တည်ခဲ့စဉ်ကပင် သမိုင်းဝင် **"ချောင်ကိုးချောင်"** မှတ်တမ်းဝင်ဖြစ်ကြောင်း ထွဋ်ခေါင်ဆရာတော်ကြီးက မှတ်တမ်းတင်ခဲ့ပါသည်။

ငွေသံကြားစေတီတော်၏ အရံစေတီတော်များကိုလည်း ဒကာဒကာမများ၏ အကျိုးစီးပွားအလို့ငှာတည်ထားခဲ့လေသည်။

ယင်းစေတီများမှာ တစ်ဝဂ္ဂစေတီတော်နှင့် တိလောကသုခစေတီတော်များဖြစ်လေ၏။

ငွေသံကြားတောင်ခြေ အဆင်းတွင် သုံးထပ် နဂါးကန်တော်ကြီးကိုလည်း ထူးဆန်းအံ့သြဖွယ် တည်ဆောက်ထားလေရာ လေ့လာနိုင်ကြလေ၏။ နတ်နဂါးသိုက်ဟူ၍ ယနေ့တိုင် ယုံကြည်နေကြပါ၏။

သကျမုနိစေတီတော်၏ လိုဏ်အတွင်းရှိ သကျမုနိ ရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များ ထွန်းညှိ ကပ်လှူပူဇော်၍ အစောင့်ဘိုးဘိုးကြီးတို့ကို မေတ္တာပို့၊ အမျှဝေခြင်းပြု၍ ပုတီးပတ်များဖြင့် အဓိဋ္ဌာန်တင် အားထုတ်ပါက လိုရာကိစ္စရပ်များ အောင်မြင်ကြလေသည်။

ရှေးအခါကာလများက လပြည့်လကွယ် အခါရက်များတွင် ရွှေသံ၊ ငွေသံ၊ ရတနာသံများ ကြားရလေ့ရှိသောကြောင့် ငွေသံကြားတောင်၊ ငွေသံကြားစေတီတော်ဟု အထူးကျော်ကြားခဲ့သော ငွေသံကြားစေတီတော်ကြီးမှာ ခေတ်ကာလပေါင်းများစွာ ကြာညောင်းလှပြီဖြစ်သည်။

သို့ဖြစ်၍ သဘာဝ ရာသီဥတု နှင့် လျှောင်ဒဏ်များကြောင့် ပျက်စီးနေသောကြောင့် သီတဂူ တော်ကြီး အရှင်ဉာဏိဿရမ ငွေသံကြား ယခုလက်ရှိ ဆရာ ခွင့်ပြုချက်ဖြင့် အသစ်ပြန်လည် ဆောက်ပြီး ပူဇော်ထားလေပြီ

မူလ ငွေသံကြားစေတီတော် ကြီး ဘွဲ့အမည်တော်ကို **"ရတနာကရငွေသံကြားစေတီ"** ဟူ၍ ဘွဲ့အမည်သစ်ဖြင့် အလှ တယ်စွာ တည်ရှိထားပါသည်

ဤ စေတီတော်မြတ်ကြီးသည် **သိုက်စည်းဖြစ်သောကြောင့်** **ဆက်မျိုးဆက်အပေါင်းတို့သည်** **ဆန္ဒအာရုံ အားလျော်စွာ** ပူ အားထုတ်သင့်သော တစ် သော နေရာထူးဖြစ်လေသ

**အောင်မြေမြတ်**
***(စစ်ကိုင်းတောင်)***



www.burmeseclassic.com

www.burmeseclassic.com




◆ ခေတ်ရေစီးမှ ဆရာတော်ကြီး၏ ရွာပနတွင် ၊ ငိုက်နိုက်လှုပ်ရှားသော ဆရာတော်ကြီး လက္ခဏာလိပ်တော်

သက်တော်(၁၀၈)နှစ်၊ ဝါတော်(၈၈)ဝါ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

# ကေတုပေါက်ဆရာတော် ဘဒ္ဒန္တဝိစာရ

၏ ဖြစ်ရပ်ဆန်းနှင့် ကွင်းဆက်များ (၂)

ခင်ခင်ဝင်း
(မောရဝတီ)

**ယခင်လမှ အဆက်**

ထိုဓာတ်ပုံကို ကျွန်မ အိမ်တွင် ချိတ်ဆွဲထားပြီး မုန့်တီဆွမ်း ကပ်လှူသောနေ့မှာ ဆရာတော် ဓာတ်ပုံနှင့် မျက်လုံးဆုံမိပြီး ကြက်သီးတဖြန်းဖြန်း ထပါသည်။ ထိုဓာတ်ပုံကိုလည်း ကူး၍ ညှိပေးထားပါသည်။

ဆရာတော်မှ ကျွန်မကို အိပ်မက် နှစ်ကြိမ် ပေးဖူးပါသည်။ သက်တော် ထင်ရှားရှိစဉ်က ဖြစ်ပါသည်။ ပထမ အိပ်မက်မှာ **"ငွေလိုရင် ဒီလိုလုပ်"** ဟုဆိုပြီး စက္ကူဖြူပေါ်တွင် "န" ရေးပြီး အမြီးမှစ၍ ကတ်ကြေးဖြင့် ဖြတ်ပြပါသည်။ ပြတ်ကျလာသော စက္ကူစများသည် တစ်ထောင်တန် ငွေစက္ကူများ ဖြစ်သွားပါသည်။




ကျွန်မ ငွေလိုတိုင်း လုပ်ကြည့်ဖူးပါသည်။ ထိုစဉ်က အကြီးဆုံးငွေစက္ကူသည် တစ်ထောင်တန် ဖြစ်ပါသည်။ ဒေါ်လာအရွက်ကြီး နှစ်ရွက်ကိုလည်း မမျှော်လင့်ဘဲ လက်ဆောင်ရဖူးပါသည်။

ဒုတိယအိပ်မက်မှာ **"ငါ နောက် သုံးလတွင် ပျံတော်မူမည်"** ဟု ပြောပါသည်။ လမ်းမကို လှမ်းကြည့်လိုက်တော့ လူထောင်ပေါင်းများစွာတို့ ရှာပန လိုက်ပို့သည် အိပ်မက်တွင် မြင်တွေ့ရပါသည်။

ထိုအိပ်မက်အတွက် ကျွန်မ အလွန် စိတ်မကောင်းဖြစ်မိသည်။ ခင်မင်သူ အချို့ကို ပြောပြဖြစ်သည်။ ကျွန်မ ကိုယ်တိုင်လည်း ဆရာတော်ကြီးကို ပိုမိုဂရုစိုက်ဖြစ်သည်။ ဆရာတော်ကြီး ပြောဟောသမျှကို ရေးသား မှတ်သား

www.burmeseclassic.com

ထားသည်။

ထိုသုံးလအတွင်း နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓတရားကို အမြဲဟောကြားပါသည်။ လှည်းအိုကို ကြိုးနှင့်တုပ်ထားသလိုဟု မကြာမကြာ ဟောပြောတတ်ပါသည်။

ပျံတော်မမူမီ တစ်နေ့မှာဖြစ်သည်။ (၉-၁၂-၂၀၀၃)နေ့တွင် ဖြစ်သည်။ ဆရာတော်၏ အိပ်ရာပေါ်မှာ ထိုင်နေသည်။ ကျွန်မက ခပ်လှမ်းလှမ်း အခန်းထောင့်နံရံကို မှီ၍ ဆရာတော်ကြီးကို ကြည့်နေသည်။

'ငါ့ကို တရားဟောပလ္လင်ကို ပို့ပေးပါ။ လူတွေကို ငါ ပြောစရာရှိသေးတယ်'

ဟု ပြောပါသည်။ အောက်ဆီဂျင်ကို နှာခေါင်းမှသွင်းစဉ်...

'ပလာစတာကို ပါးစပ်နဲ့ လွတ်အောင်ကပ် ငါ ပြောစရာရှိတွေ ရှိသေးတယ်'

ထိုအချိန်တွင် ဆရာဝန်က အလစ်တွင် ဆေးတစ်လုံး ထိုးလိုက်သည်။ ဆရာတော်က တော်တော်စိတ်ဆိုးသွားဟန်ရှိသည်။ ဆေးထိုးရန် ကူညီသူကို ပါးတစ်ချက် ရိုက်လိုက်သည်။

'ငါ ဘာဖြစ်ဖြစ် ဆေးမထိုးပါနဲ့ ငါတို့ ဂေါတမမြတ်စွာဘုရားလဲ ဆေးမထိုးဘူး'

ဟု အမြဲပြောထားပါသည်။

ဆရာတော် စိတ်လျှော့လိုက်ဟန်ရှိပါသည်။ အခန်းထောင့်တစ်ခုတွင် ထိုင်ကြည့်နေသော မူလ ဆွမ်းဒါယိကာမ ဒေါ်ဝင်းကိုကြည့်ပြီး **"မဝင်းနှင့်ကို ငါ မြင်သွားပြီ"**ဟု ပြောပါသည်။

ဆရာတော် ဆင်းရဲစဉ်က ဆွမ်းအမြဲလာပို့သော ပြည်တော်သာမှ ဒေါ်ဝင်း၏ ဆွမ်းကို နောင်အခါ ဆွမ်းဟင်းများပေါများလာသော်လည်း ပြည်တော်သာ ဒေါ်ဝင်း၏ ဆွမ်းကို စောင့်ပြီးမှ ဘုဉ်းပေးလေ့ ရှိပါသည်။



ဆရာတော်ကြီး အမြဲပိုင်သော ပြုံးမှုတီး

နောက်နေ့ (၁၀-၁၂-၂၀၀၃) ဗုဒ္ဓဟူးနေ့ နံနက် (၁၁)နာရီ မိနစ်(၂၀)တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

ဆရာတော် ပျံလွန်ခံတော်မူသည့်နေ့မှစ၍ ဆရာတော် ခုတင်နားတွင် ကျွန်မတို့ တန်းစီ၍ အိပ်စောင့်ကြပါသည်။ နေ့စဉ် နေ့,ည လာဖူးကြသောသူများ မစဲအောင် စည်ကားလှပါသည်။

သန်းခေါင်ယံထိ ရှိကြသည်။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာရေးဆရာထံမှ ပွားယူထားသော လက်ဖဝါးပုံတော်များကို လှူဒါန်းရန် စိတ်ကူးပေါ်လာသည်။


ထိုလက်ဖဝါးပုံပေါ်တွင် ဆရာတော်၏ဓာတ်ပုံ နောက်ဆုံးဟောကြားခဲ့သော တရားနှင့် ဆုတောင်းပေးခဲ့ပုံ အတိုချုပ်ကို ထည့်သွင်း၍ ငွေဖြစ် "နှ"တို့ကို ဝန်းရံပြီး ရိုက်နှိပ်ဝေငှမှု ရှာပနနေ့အထိ ပြုလုပ်ခဲ့ရာ ရှောက် ပေါင်း သိန်းပေါင်းများစွာ ရိုက်နှိပ်ရ






www.burmeseclassic.com

www.burmeseclassic.com



▲ ဆရာတော်ကြီး မျက်သန့်နှစ်လုံး စုနေသော ပုံတော်


▼ တရားသူ သိမ်းဆည်းထားသော ဆရာတော်ကြီး ဘုရားစင်မှ သာသနာ့အလံတော်







www.burmeseclassic.com

www.burmeseclassic.com







သည်။

နောက်ပိုင်းတွင် ဆရာတော်၏ သက်ပျောက် သက်န်းစငယ်များ ညှပ်ထည့်၍ အိတ်ဆောင်အရွယ် လှူခဲ့ပါသည်။

ရှာပနန္နေ၌ လိုက်ပို့ကြသော ကားများ၊ ဆိုင်ကယ်များသည် မြို့လုံးကျွတ်မျှ ဖြစ်သဖြင့် လမ်းမကြီးတွင် ရေလှိုင်းကြီးများသဖွယ် ရှည်လျားစွာ စီးဆင်းနေပါသည်။

မီးသဂြိုဟ်သောအခါ နောက်ဆုံး၌ လူရင်းများသာ ကျန်တော့သည်။ ကြီးမားသော လင်းလက်တောက်ပသည့် မီးတန်းကြီး ပေါ်ထွက်လာသည့်အတွက် ကျွန်မတို့ ပြေးကြည့်ကြပါသည်။

မျက်လုံးတော်နှစ်လုံးမှ အလင်းတန်းကြီးဖြစ်၍ ဗီဒီယိုသမားက အမြန်ပြေးလာသောအခါ ဦးခေါင်းတော်က လည်ပြီးမှောက်ကျသွားသဖြင့် မရိုက်လိုက်ရတော့ပေ။

ဆရာတော်၏ အရိုးပြာများကို အိတ်နှစ်လုံးနှင့် ကျုံးထည့်၍ ကျောင်းသို့ ပြန်လာကြသည်။ ကျောင်းတွင် ဖြူဝါဆိုသော ဆရာတော် မွေးထားသော ကြောင်ကြီးတစ်ကောင် ရှိသည်၊ ဆရာတော် ဝါး၍ ကျွေးသော အစာကို ပဲစားသည်။ ကြွက်က သူ့ကိုယ်ပေါ်က ဖြတ်သွားလျှင်တောင် မကိုက်တတ်

"ဒီကြောင်သေရင် လူဖြစ်မယ်"

ဟု ဆရာတော် အမြဲပြောသည်

ဆရာတော် ဗောဓိတစ်ထောင် ကြွသွား

လျှင် ကျွန်မတို့ ကြောင်စာ သွားကျွေ

ပါသည်။ မစားမသောက်ဘဲ တညော

ညောင်ဟု အော်နေတတ်သည်။

ဆရာတော် ပျံလွန်တော်မူသည့်နေ

မှစ၍ အစာမစားတော့ပါ။ မျက်လုံ

မှေးစင်းနေသည်။ ဆရာတော် ရှာပ

သဂြိုဟ်ပြီး ပြန်လာကြသောအခါ ဖြူ

ကြောင်ကြီးမှာ သေဆုံးနေသည်ကို

အံ့ဩစွာ တွေ့ရှိရပါသည်။ ရင်ကွဲ

ကျသွားဟန် ရှိပါသည်။

ဒါယကာ၊ ဒါယိကာမအရင်း

သည် ဆရာတော်၏ ကျန်ရှိသေ

ရွှေဓာတ်လုံး၊ ပြဒါးသေဓာတ်လုံး

အဝေမတည့် ဖြစ်ကြသည်ကို ဗော

တစ်ထောင်ဆရာတော်မှ အရိုးပြာ


ဓာတ်လုံးများ အားလုံးယူ၍ လ ကြ


ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





မော်လမြိုင်မှ တပည့်များက အရိုးပြာတစ်အိတ်ကို ယူထားပြီး သာသနာဇောတိကကျောင်းတွင် စေတီထည့်ထားသည်။ အရိုးပြာတစ်ဝက်ကို ဗောဓိတစ်ထောင်တွင် စေတီတည်ထားသည်။ ဓာတ်လုံးများကို ခွဲစိတ်ဝေငှပေးသည်ဟု ကြားရသည်။

ဆရာတော်လက်မှ အမြဲမချသော ပြဒါးသေ ပုတီးကို ဇောတိက ဆရာတော် ရသွားသည်။ ဖိုထိုးပစ္စည်းများကိုလည်း ရသွားသည်။ ဖြူဖြူဖွေးဖွေး ပြဒါးပုတီးကြီးကို ဓာတ်ပုံဖြင့်ဖော်ပြထားပါသည်။

ထိုအချိန်တွင် ကျွန်မတို့က ဆရာတော်၏ သက်ပျောက်သင်္ကန်း လျှော်ဖွပ်၍ ဝေငှယူကြသည်။

ဆရာတော့်ကျောင်းကို ဖျက်လိုက်သောအခါ ကျွန်မ အလွမ်းပြေသွားကြည့်ရင်း ဆရာတော်၏ အလှူဖြစ်ပိုင်းများ၊ ဘုရားစင်မှ သာသနာ့အလံများကို အမှတ်တရ သိမ်းထားလိုက်ပါသည်။

ဆရာတော်ကြီး၏ အကြောင်းကို ရေးစရာတွေ အများကြီး ကျန်ပါသေးသည်။ နောင်အခါသင့်လျှင် ရေးပါဦးမည်။

**ခင်ခင်ဝင်း(မောရဝတီ)**

---

စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့. . .

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ ဇာ်ကာသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**လေးစားစွာဖြင့်. . .**

**ဦးကျော်မိုးသိန်း၊**
**စာတည်းချုပ်**
**နဂ္ဂရောင်ခြည်မဂ္ဂဇင်း၊ ပါရမီမဂ္ဂဇင်း။**

www.burmeseclassic.com


အဘွား ပြောပြသော

# ပဋ္ဌာန်းနဂါးစမ

ကျင့်စဉ်တော်

ကောင်းမြင့်မြတ်စိန်

ကျွန်တော် နေထိုင်ရာ အေးသာယာမြို့၊ အမှတ်(၁၀)ရပ်ကွက်က "ဟိန်း" ကုန်စုံဆိုင်မှာ အဘွား ခေါ်ခင်သန်းနွယ် ဆိုတာ ရှိပါတယ်။ အဘွားဟာ အခု ၂၀၁၃ ခုနှစ်မှာ အသက်(၈၇)နှစ်ရှိပြီလို့ သိရပါတယ်။ အိုကြီးအိုမအရွယ် ဖြစ်ပေမယ့် အဘွားဟာ အမြဲလန်းဆန်းကြည်လင်လို့ နေပါတယ်။



ပဋ္ဌာန်းနဂါး စမပုံတော်

အဘွားထံကျွန်တော် အလည်ရောက်သွားတိုင်း အဘွားအနားမှာ သားသမီးတွေ၊ မြေးမြစ်တွေ၊ မိတ်ဆွေတွေ ဝန်းရံစည်ကားနေတာ အမြဲတွေ့ရပါတယ်။

စားစရာ ပစ္စည်းတွေ၊ အသုံးအဆောင်ပစ္စည်းတွေလဲ အဘွားအနီး ပတ်လည်မှာ စုပုံနေတာ တွေ့ရပါတယ်။ အဘွားကို လာရောက် ကန်တော့ကြတဲ့ ပစ္စည်းတွေ၊ လက်ဆောင်ပစ္စည်းတွေ၊ ဂါရဝပြုကြတဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်။

အဘွားဟာ အရွယ်အိုသော်လဲ စိတ်က နုပျိုနေတာ တွေ့ရပါတယ်။ မြတ်စွာဘုရားရဲ့ တရားတော်တွေ၊ အဘွားရဲ့ မေတ္တာစေတနာ စိတ်ရင်းတွေနဲ့ နုပျိုနေတာ



www.burmeseclassic.com

www.burmeseclassic.com

ပါ ကျွန်တော်ဟာ အဘွားနဲ့ ခင်မင်ရင်းနှီးခဲ့တာ သုံး,လေးနှစ်မျှသာ ရှိသေးသော်လည်း အဘွားက ကျွန်တော့်ကို အလွန်ခင်မင်ပါတယ်။

ကျွန်တော်ကလဲ အဘွားနဲ့ တွေ့ရတိုင်း အဘွားပြောတဲ့ စကားတွေကို အလေးတစား နားထောင်ပါတယ်။ ကျွန်တော် သိချင်တဲ့ ဆရာတော်ကြီးတွေအကြောင်း၊ တရားဓမ္မအကြောင်းတွေကို အဘွား ပြောစရာစကား ဆုံးသွားမှ မေးမြန်းစပ်စုပါတယ်။

အဘွား ငယ်စဉ်က အကြောင်းတွေ ပြောပြရတာ အလွန် ပျော်ပုံရပါတယ်။ အသက်ကြီးပိုင်း ယခုအချိန်မှာ နေ့စဉ် ဘာသာရေး လုပ်ကိုင်ပုံတွေကိုလဲ စိတ်ရှည်လက်ရှည် ပြောပြပါတယ်။


အဓိဋ္ဌာန်ကျင့်စဉ်တွေ အကြောင်း၊ ကိုယ်တွေ့အကျိုး ခံစားရပုံတွေ အကြောင်းကိုလဲ တိတိကျကျ ရေရေ လည်လည် ပြောပြတတ်ပါတယ်။

ယခုလဲ အဘွား ပြောပြခဲ့တဲ့ "**ပဋ္ဌာန်းနဂါးစမ ကျင့်စဉ်တော်**"ဟာ အလွန် ထူးခြားလေးနက်ပါတယ်။ အဘွားက ဟောင်းနွမ်းနေတဲ့ စမ ပုံတော် စာရွက်ကိုပါ ပေးလိုက်ပါတယ်။ အဲဒီ ပဋ္ဌာန်းနဂါးစမပုံတော်ကို ဖော်ပြ လိုက်ပါတယ်။ ဉာဏ်ရှိသူလို သူအသုံးပြုနိုင်ဖို့ ဖြစ်ပါတယ်။

အဘွားက ဒီကျင့်စဉ်တော် အကြောင်း ယခုလို ပြောပြခဲ့ပါတယ်။

"ဒီ ပဋ္ဌာန်းနဂါးစမကျင့်စဉ်တော်"ကို အား ထုတ်တော့မယ်ဆိုရင် ရူပြေတိတ်တဲ့အချိန် ရွေးချယ်ရမယ်။ ပထမဦးဆုံး ဘုရားရှင်ကို အသင်းတိုင်၊ အမွှေးတိုင် လှူရမယ်။ ဆောက်တော်ရေ ကပ်လှူရမယ်။ ပန်းပါးသီးလ ဆွမ်းဦး လှူပါ။

ဒီကျင့်စဉ်တော် ကျင့်သွားမယ့်အကြောင်း ဘုရားရှေ့မှာ အဓိဋ္ဌာန်ရမယ်။ ကိုယ်နိုင်



သလောက် (၇)ရက်ဖြစ်စေ၊ (၉)ရက်ဖြစ်စေ၊ (၂၇)ရက်ဖြစ်စေ အဓိဋ္ဌာန်ပြုရပါမယ်။

ပြီးတော့ သာသနာတော်စောင့်နဂါး၊ ကမ္ဘာစောင့်နဂါး၊ သိုက်နဂါး၊ နတ်နဂါး၊ ပဋ္ဌာန်းဆက်နဂါးအပေါင်းတို့ ကျွန်ုပ်ဟာ နဂါးစမကျင့်စဉ်တော်နဲ့ ဘုရားကို ပူဇော်မှာ ဖြစ်ပါတယ်။ သို့ပါ၍ တရားနာကြွကြပါကုန်လော့။ ကျွန်ုပ် ပူဇော်မည့် ခန္ဓသုတ်တော်နှင့် ပဋ္ဌာန်းဒေသနာတော်တို့ကို ရိုသေစွာ နာယူကြကုန်လော့လို့ ဆိုပြီး နဂါးတွေကို ဖိတ်ကြားပါ။

ပြီးတော့ ခန္ဓသုတ်ပရိတ်တော်ကို တစ်ခေါက်ရွတ်ရမယ်။

***[ဤနေရာတွင် ခန္ဓသုတ်ပါဠိတော်ကို မဖော်ပြတော့ပါ။ ဝတ်ရွတ်စဉ် စာအုပ်များတွင် အလွယ်တကူ ရှာဖွေ ဖတ်ရှုနိုင်ပါတယ်။]***

ခန္ဓသုတ်တော်ကြီးကို ဦးဆုံးရွတ်တဲ့ သဘောကတော့ ဒီသုတ်တော်မှာ ဝိရူပက္ခနဂါးမင်း၊ ဧရာပထနဂါးမင်း၊ ဆဗျာပုတ္တနဂါးမင်းနဲ့ ကဏှာဂေါတမ နဂါးမင်းကြီးတို့ကို သူတို့ရဲ့ နာမည်တွေကို အထူးပြုခေါ်ဆိုပြီး မေတ္တာပို့ထားတဲ့ အတွက်ကြောင့် ဖြစ်တယ်။

ခန္ဓသုတ်တော်ကို ရွတ်ဆိုပူဇော်ပြီးတဲ့အခါ (ပဋ္ဌာန်းနဂါးစမပုံတော်)ကို ရှေ့မှာထားပြီး ပဋ္ဌာန်း ၂၄ ပစ္စည်းကို ရွတ်ရပါမယ်။ ဘယ့်လို ရွတ်ရမလဲဆိုတော့ ပဋ္ဌာန်းနဂါးပုံတော်ရဲ့ အာခံတွင်းက စဝင်ပြီး "**ဟေတုပစ္စယော**"လို့ ရွတ်ဆိုရင်း **လက်မနဲ့ထောက်**၊ ပြီးတော့ "**အာရမ္မဏပစ္စယော**" ရွတ်ဆိုရင်း နောက်တစ်နေရာ **လက်မနဲ့ ထောက်သွား...**

အဲဒီအတိုင်း ဆက်ဆိုရင်း ဆိုပြီး **လက်မနဲ့ထောက်သွား၊** နောက်ဆုံး အမြီးနေရာရောက်ရင် "**အဝိဂတ ပစ္စယောတိ မေ နမော**"လို့ ရွတ်ရမယ်။ ပြီးတော့ လက်မကို ထောင်ပြီး "**အောင်ပြီ၊ အောင်ပြီ အောင်ပြီ**"လို့ သုံးကြိမ် လေးလေးနက်နက်ဆိုပါ။

အဲဒီနောက် (ပဋ္ဌာန်းနဂါးစမပုံတော်)ရဲ့ အာခံတွင်းက စဝင်ပြီး "**ဟေတုပစ္စယော**"ဆိုပြီး **လက်ညှိုးနဲ့ထောက်ရမယ်။** လက်မနဲ့ထောက်ပြီး ပဋ္ဌာန်း ၂၄ ပစ္စည်း ရွတ်ဆိုသလို လက်ညှိုးနဲ့ ထောက်ပြီး ရွတ်ဆိုသွားရမယ်။

အမြီးပိုင်း ရောက်တဲ့အခါ ရွတ်ပြီးသွားတဲ့အတွက် လက်ညှိုးထောင်ပြီး "**လက်ညှိုးညွှန်ရာ ရေဖြစ်ပါစေ**"လို့ အလေးအနက် သုံးကြိမ် ရွတ်ဆိုဆန္ဒပြုရမယ်။

အဲဒီအတိုင်းပဲ **လက်ခလယ်နဲ့ နဂါး အာခံတွင်းကစပြီး** ထောက်သွား၊ ပဋ္ဌာန်း ၂၄ ပစ္စည်း တစ်ခုချင်း ရွတ်ဆိုရမယ်။ အမြီးနေရာရောက်လို့ ရွတ်ပြီးသွားရင် "**သူများထက် ခေါင်းတစ်လုံးသာသောသူ ဖြစ်ရပါစေ**"လို့ သုံးကြိမ်ဆိုရပါမယ်။

ပြီးတော့ **လက်သူကြွယ်နဲ့ထောက်သွား** ပဋ္ဌာန်း ၂၄ ပစ္စည်းရွတ်၊ အမြီးနေရာရောက်တော့ "**မကြာမီ အချိန်အတွင်းမှာ သန်းကြွယ်သူဌေးကြီး ဖြစ်ပါစေသတည်း**"လို့ သုံးကြိမ်ဆိုပါ။ ယုံယုံကြည်ကြည် လေးလေးနက်နက် ဆိုရပါတယ်။

အဲဒီနောက် **လက်သန်းနဲ့ထောက်**

www.burmeseclassic.com

ထောက်သွားပြီး ပဋ္ဌာန်း ၂၄ ပစ္စည်း ရွတ်သွားရမယ်။ အမြီးနေရာရောက်လို့ ရွတ်ဆိုပြီးတဲ့အခါ **''ဤလက်သန်းကဲ့သို့ မြတ်စွာဘုရားနဲ့ အနီးဆုံးပုဂ္ဂိုလ်ဖြစ်ရပြီး သာသနာပြုနိုင်ရန် ငွေကြေးလာဘ်လာဘများ သန်း၍ ဝင်လာပါစေသတည်း''**လို့ သုံးကြိမ်ဆိုရမယ်။ ဒီလို ဆန္ဒပြုရာမှာ စိတ်မပျံ့လွင့်စေတဲ့ အာရုံစူးစိုက်ပြီး အလေးအနက် ပြုလုပ်တတ်ဖို့ အရေးကြီးပါတယ်။

ပြီးရင်တော့ **ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိတော်ကြီး**ကို အစအဆုံး တစ်ခေါက် ရွတ်ဆိုပူဇော်ရပါမယ်။


ပူဇော်ပြီးတော့ ဖိတ်ကြားထားတဲ့ နဂါးအပေါင်းကို ဝမ်းမြောက်ဝမ်းသာ အမျှဝေပေးပါ။ သာဓုသုံးကြိမ်ခေါ်ပါ။ ပြီးမှ နဂါးတွေကို ပြန်ပို့ပါ။ မိမိတို့ နေထိုင်ရာ ဘုံဌာနများသို့ ပြန်တော်မူကြပါကုန်လော့လို့ ဆိုပြီး ပြန်ပို့ရမယ်။

ကျင့်စဉ်တော်က မပြီးသေးပါဘူး။ **''နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ''** ဘုရားရှိခိုး ဂါထာတော်ကို ပုတီးစိပ်ရပါမယ်။ ဂါထာတစ်ပုဒ်ဆုံး ပုတီးတစ်လုံးချကာ ပုတီး ( ၇ )ပတ်စိပ်ရမယ်။ ပြီးသွားတော့မှ (၃၁)ဘုံ ကျင်လည်ကုန်တဲ့ သတ္တဝါတွေကို အမျှပေးဝေရမယ်။ သာဓုခေါ်မယ်။ ဒီတော့မှ ကျင့်စဉ်တော်က ပြီးဆုံးတယ်။

ယုံယုံကြည်ကြည်နဲ့သာ လက်တွေ့ကျင့်ပါ။ လက်တွေ့ကျင့်ရင် လက်တွေ့ အကျိုးထူးတွေ ရလာမှာပါ။ အဘွားကတော့ ဒီလောက်ပဲပြောပြီး တိုက်တွန်းချင်ပါတယ်'

'ဟုတ်ကဲ့ပါ အဘွား၊ ကျွန်တော် လက်တွေ့ကျင့်ပါမယ်'

**ကောင်းမြင့်မြတ်စိန်**



# ဆီးသွားရခက်ချင်

ဤဆေးကို သတိရပါ

စာရေးသူ ဆီးသွား၍ အားမရသည်မှာ တစ်လကျော် ကြာခဲ့ပါပြီ။ ဆီးမှာသွားပါသည်။ သို့သော် အားမရပါ။ ဆေးထိုးဆေးသောက် ပြုလုပ်သည်။ ဆရာဝန် ညွှန်ကြားသည့်အတိုင်း အစားအသောက်မှအစ ဆင်ခြင်သည်။ တစ်ရက်၊ နှစ်ရက်သာ ဆီးများ သွားသည်။ (၅)ရက်ခန့်အကြာတွင် ဆီးမှာ ကျန်နေသည်ဟု စိတ်ထဲမှ ထင်မိသည်။

ထို့နောက် ရောဂါမှာ ပုံမှန်အတိုင်း ဆီးနည်းနေပါသည်။ အပေါင်းအသင်း မိတ်ဆွေတွေမှ ပြောပြ၍ လက်တစ်ကမ်းတွင်ရှိသော မြန်မာဆေးမြီးတိုများကို သောက်ကြည့်ရာ သက်သာပျောက်ကင်းသွားသည်ကို အံ့သြစွာ တွေ့ရှိရပါသည်။

နေပူထဲမှ ပြန်လာ၍ အပူဝင်ပြီး **ဆီးကျဉ်၍ သော်လည်းကောင်း၊ ရေချိုးမှား၍ သော်လည်းကောင်း၊ တညင်းသီး အစားလွန်၍ သော်လည်းကောင်း၊ အပူအစပ် စားသုံးမှုများခြင်းတို့ကြောင့် သော်လည်းကောင်း ဆီးပူ၊ ဆီးနည်း၊ ဆီးချုပ်၍ ဆီးသွား၍ မရခြင်းများကို** လက်တစ်ကမ်းတွင် ရှိသော မြန်မာ့ ဆေးမြီးတိုဖြင့် သက်သာ ပျောက်ကင်းစေပါသည်။

ကြက်ဟင်းခါးသီးအသေးမှ အစေ့ကိုသော်လည်းကောင်း၊ အကြီးမှ အစေ့ကိုသော်လည်းကောင်း၊ လက်ဖက်ရည် အကြမ်းပန်းကန်တစ်လုံးခန့် အစေ့များကို ထုတ်ယူ၍ ကျောက်ပြားပေါ်တွင် တင်၍ ညက်အောင်ကြိတ်၍ ဆီးနည်းပြီး ဆီးပေါက်နည်းသောလူနာအား ပက်လက်အိပ်ခိုင်း၍ ဆီးခုံပေါ်သို့ လိမ်းပေးခြင်း၊ အုံပေးခြင်းများ ပြုလုပ်ပေးပါက မိနစ်(၂၀)အတွင်း ဆီးများများ သွားစေနိုင်ပါသည်။ ဆီးရောဂါ သက်သာပျောက်ကင်းစေပါသည်။ ဆီးသွားခြင်းကိုလည်း အား[illegible] လာပါလိမ့်မည်။

ဤဆေးနည်းအား ပြောပြသော **သပြေသာရွာမှ ဆရာကြီး ဦးအောင်ဖြိုး**အား ကျေးဇူးတင်စွာဖြင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ မှတ်တမ်းတင်လိုက်ပါသည်။

**မဟူရာ (ရောဝတီ) ကသာ**



www.burmeseclassic.com

www.burmeseclassic.com

စိတ်သန္ဓါပွားလျှင် ကြုံသမျှထူးစေသည်

# ဝိဇ္ဇာဓရရှင် ထံတော်ဦးဆီသို့ (၃)

စံလွင်သာ

## ယခင်လမှ အဆက်

ထိုဆောင်းပါးကို အကြောင်းပြု၍ မိတ္ထီလာမြို့၊ ကြပ်ပြင်၊ အုတ်အင်းချောင်ကွက်မှ ပညာစက္က မင်းလက်ယာ အောင်ကလည်း စားသုံးရန် သင့်မသင့်သော ဓာတ်ပြာခွဲခြားနည်းကို နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းတွင်ပင် ထပ်မံ ရေးသား အကြံပေးခဲ့လေသည်။

ယခု မြင်တွေ့ရသော ဓာတ်ပြာကို စားသုံးရန် သင့်မသင့် စမ်းသပ်ချိန် မှသာဖြင့် မစိစစ်နိုင်ခဲ့ပါ။ ဓာတ်တို့၏ အဆုံးအစွန်ဖြစ်သော ဓာတ်ပြာပညတ်အရ သပိတ်ကွဲတည်ပင် သာသနာမြေ အသည်လည်း အစွမ်းကုန် ပွင့်လင်း၍ သာသနာတော် အဓွန့်ရှည်ကြာ တည်တံ့လိမ့်မည့် နိမိတ်ဖြစ်ကြောင်း မှတ်စားမိပေသည်။

## ကြွရောက်ကြသည့် ပုဂ္ဂိုလ်ထူးများ

'ကျင့်စဉ်ပြီးမြောက် ဆရာတော်ကြီးတွေ ပွန့်လှူခဲ့တယ်ဆိုတော့ ဒီနေရာကို ဆရာတော်ကြီးတွေ ကြွရောက်လေ့ရှိတယ်ပေါ့နော်။ အစ်မကြီး တွေ့မြင်ရသလောက် ပြောပါဦး'

'အကောင်းစား ကားကြီးတစ်စီးနဲ့ ရောက်လာကြတယ်။ ကျွန်မက သာမန် ဆရာတော်တွေလို့ ထင်မှတ်ပြီး မီးဖိုထဲမှာ ဘုရားဝတ်ပြုဖို့ အဝတ်ခင်း




● ဂျုံးဂျုံးကျ ဆရာတော်ဓာတ်ပုံ

ပေးပါတယ်။ ဘုရားဝတ်ပြု၊ ကမ္မဋ္ဌာန်းထိုင်ကြပြီး နောက်တော့ ''ဆေးဝိဇ္ဇာ ဆရာတော် ဦးနာဂသိန် ပင့်လို့ ကြွလာကြတာကွယ်'' ဆိုပြီး တစ်ပါးချင်း မိတ်ဆက်ပေးတယ်။

ဗားမဲ့ဆရာတော်၊ ပဲခူးဆရာတော် ဦးသီလ၊ ဦးသူရိယဝံသ၊ မောက်ကျွန်း ဆရာတော်၊ အဲဒီဆရာတော်က ဆံပင် ရှည်နဲ့။ ဂျုံးဂျုံးကျဆရာတော်၊ အဲဒီ ဆရာတော်က နင် ငါ့ကို သိသလား မေးလို့ မသိပါ ဘုရားပေါ့။ မသိတဲ့ အတိုင်း ရိုးရိုးပဲ ပြန်လျှောက်တယ်။ အေး နက်ဖြန်ကျရင် သိမှာပါ ဆိုတယ်။ နောက်တစ်နေ့ကျတော့ လူတစ်ယောက် လာလှူတယ်။ မုဒုံမြို့က ဂျုံးဂျုံးကျ ဆရာတော် ပုံတော်တဲ့။ ဟောဒီမှာ'

ဂျုံးဂျုံးကျဆရာတော် ဓာတ်ပုံအဖြူ

www.burmeseclassic.com



◆ လက်ကိုင်တွင် အရုပ်ပါသော ဓားမြှောင်တယ်

အမည်း)ငယ်ကို ပြပေးသည်။

'ဒီလိုပဲ။ လိုအပ်ရင် ရလာတတ်တယ်။ တစ်ခါတလေ ရုပ်ဝေးလူစိမ်းတွေ လာရင် မှတ်တမ်းအသံသွင်းထားချင်တယ်။ ရရင် သိပ်ကောင်းမှာလို့ စဉ်းစားနေတုန်း ဟောဒီ အသံဖမ်းစက်ကလေး လာလှူတာပဲ'

MINI CASSETTE RECORDER ကလေးကို ယူပြ၍ ပြောဆိုခြင်း ဖြစ်သည်။ မိမိနှင့် ပြောဆိုရာတွင်မူ အသံသွင်းထားခြင်း မရှိပါ။ လူစိမ်းမဟုတ်ဟု ခံယူထားလေသလား မသိပါ။

'အဲ စကားစ ပြတ်သွားတယ်။ ရက်ကန်းစင်တောင် ဆရာတော်လဲ ပါသတဲ့'

'ရက်ကန်းးင်ဟောင် ဆရာတော် ဝတ်ရုံတဲ့ သင်းပိုင်က ဘာအရောင်လဲ မှတ်မိလား'

'ဟောဒီ အနှရောင်မျိုးရှင့်'

ဒေါ်သန်းဝိုင်းက ဗီရိုအတွင်းမှ သင်္ကန်းတစ်ထည် ယူပြသည်။ တင်ပျဉ်ခွေ ရုပ်ပွားတော်ကြီးများအား ကပ်လှူလေ့ရှိသည့် ရွှေရောင်သင်္ကန်း ဖြစ်သည်။

'မဟုတ်သေးဘူး ထင်ဘယ်။ အဲဒါက ဗားမဲ့ဆရာတော် ဝတ်ရုံတာ မဟုတ်ဘူးလား'

'အဲ ဟုတ်တယ်။ ကျွန်မ မေ့သွားလို့။ ရက်ကန်းစင်တောင် ဆရာတော်ရဲ့ သင်္ကန်းက...'

စကား တစ်ဝက်တစ်ပျက်ဖြင့် သင်္ကန်း အပုံအထပ်အား လှန်လှောရှာဖွေနေသဖြင့် ကင်မရာအိတ်တွင် ပင့်ဆောင် ပူဇော် ထားလေ့ရှိသော သင်္ကန်းတော် (အစ)များအနက် ရက်ကန်းစင်တောင် ဆရာတော်၏ သင်းပိုင်စ ပြသ မေးမြန်းကြည့်သည်။

'ဟုတ်ပါရဲ့။ ဒီလိုအရောင် သင်္ကန်းပါ။ နောက်ထပ် ဆရာတော်ကြီးတွေ ပါသေးတယ်။ ကျွန်မ မမှတ်မိတော့လို့ပါ'

ထိုစဉ်ကာလတွင် မိမိတို့သိလိုရာကိစ္စများအတွက် ဝိဇ္ဇာဆရာတော်အား အာရုံဖြင့် မေးလျှောက်လိုကြသူ ရဟန်းလူပရိသတ်များစွာ စောင့်ဆိုင်းနေကြသည်ကို သတိပြုမိသဖြင့် ငဲ့ညာသော အားဖြင့်...

'ကဲ အစ်မကြီး။ ဆရာတော်ရဲ့ ထေရုပ္ပတ္တိ ကျောက်စာတိုင် ရှိတယ်လို့ သိရတယ်။ ကျွန်တော်သွားပြီး လေ့လာလိုက်ပါဦးမယ်။ နောက်တော့မှ စကားဆက်ကြတာပေါ့'

'ရှိပါ့ ရှိပါ့။ သပိတ်ကွဲတည်ပင်နားမှာ ကျောက်စာရုံ လုပ်ထားတယ်'

မေးမြန်းလိုသူများတွင် ဤခရီးစဉ်အတွက် လမ်းပြ ပို့ဆောင်ပေးသူများလည်း ပါဝင်သည်။ ရှေးဦးစွာ အရှင်သီလာစာရက မေးမြန်းသည်။

'ဦးပဥ္စင်းမှာ ပစ္စည်းတစ်ခု ရှိတယ်။ ဘယ်လို သုံးရမှန်း မသိလို့ ဆရာတော်ကြီးကို မေးပေးစမ်းပါ'

'အရှင်ဘုရားက ဘယ်လိုသုံးရမယ် မသိမှတော့ တပည့်တော်ကို စွန့်လိုက်ပါလား'

စိတ်လက် ပေါ့ပါးနေဟန်တူသော ဒေါ်သန်းဝိုင်းက ကျီစယ်လျှောက်ထားခြင်း ဖြစ်သည်။

'ဦးပဥ္စင်းအတွက်က မလိုပါဘူး။ ခုနစ်ရက်သားသမီးအကျိုး ရှိမရှိ သိချင်တာပါ'

'အရှင့်ဘုရားဆီက ပစ္စည်းက ညာတင်ကုတ်ပဲ။ ဘယ်သူ ပေးတာလဲ'

'ညီဝမ်းကွဲတော်တဲ့ ဒကာက ပေးတာပါ'

'ရွှေဖြစ်ငွေဖြစ် အဆင့် မရောက်သေးပါဘူးတဲ့။

လက်ဝါးပေါ်တင်ပြီး ဆေးဆိုရင် ဆေး၊ အဆောင်ဆိုရင်ပဲ အဆောင်



www.burmeseclassic.com

www.burmeseclassic.com





◆ သာသနာ့အကျိုးဆောင် ဒေါ်သန်းရိုး

◀ ဓာတ်မြှောင်လက်ကိုင်မှ အရုပ်

ခေါ်။ လိုရာဆုတောင်းပြီး ပေးရင် နှစ်ရက်သားသမီး ကယ်တင်နိုင်မယ်။ ဉာဏ်ရှိသလို သုံးပါတဲ့'

'ကောင်းပါပြီ။ ကျုပ်သိပါပြီ'

'တပည့်တော်မ သိသေးတာက အရှင်ဘုရားဆီမှာ ဒီလို ညာတင်ကုတ် တစ်ဆူတည်း မဟုတ်ဘူး။' နှစ်ဆူ တောင် ရှိသတဲ့'

ဦးပဥ္စင်းကား ပြုံး၍သာ နေလေသည်။

ထို့နောက်တွင် မိတ်ဆွေများ၏ အရေးကိစ္စမှာ ပုဂ္ဂိုလ်ရေးကိစ္စ ဖြစ်သောကြောင့် စောင့်ဆိုင်း စနည်းနာခြင်း မပြုတော့ဘဲ ကျောက်စာရုံရှိရာသို့ ထွက်ခဲ့လေသည်။

---

ဝိဇ္ဇာဆရာတော်

ဦးနာဂသေန၏

ထေရုပ္ပတ္တိအကျဉ်း

---

အဝင်မှန်အနီး၊ ပရိဝုဏ်ထောင့် တစ်နေရာတွင် ရှိသော ကျောက်စာရုံသို့ သွားရောက် လေ့လာသောအခါ ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ထူးခြား ဖြစ်စဉ်အချို့ကို ပေထက် အက္ခရာ တင်ထားသည်ကို ဖတ်ရှုရသည်။

ဆရာတော်လောင်းလျာကို စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ်၊ မော်တောကျေးရွာအုပ်စု၊ ရွှေကုန်းရွာနေ ဦးပေါ်စံ၊ ဒေါ်ဖွားရှိန်တို့မှ **၁၂၉၃ ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၅)ရက်**၊ စနေနေ့တွင် မွေးဖွားခဲ့သည်။ ငယ်မည် မောင်ထွန်းရီ ဖြစ်၍ မောင်နှမ ဆယ်ဦးအနက် ပဥ္စမမြောက် ဖြစ်သည်။ အသက်(၁၂)နှစ်အရွယ်တွင် မုံရွာမြို့နယ်၊ ဖလံပင်ကျေးရွာ၊ ညောင်ပင်ကျောင်း ဆရာတော် ဦးအရိယဝံသထံ သာမဏေပြုပေးရာ တစ်ဝါသာ နေ၍ ဝါကျွတ်သည်နှင့် လူထွက်မည်ဟု ကြိုတင်ပြောဆို၍ ဝတ်ခဲ့သည်။

သို့သော် မိဘဆရာသမားများက ချော့မော့ ပြောဆိုသဖြင့် သက်န်းမြဲကာ (၁၈)နှစ်သားတွင် မြောင်းမြမြို့၊ ပဖွောတာရုံ ပါဠိတက္ကသိုလ် ကျောင်း၌ ပရိယတ္တိစာဝါ သင်ယူရန် ကြွရောက်သည်။ အသက်(၂၀)ပြည့်၍ ရဟန်းခံပေးသောအခါတွင်လည်း သက်န်းဝတ်နှင့် မပျော်ပိုက်၊ သိမ်ထွက်သည်နှင့် မိမိလိုအပ်သော အချိန်တွင် ပရိသုဒ္ဓိပြုခွင့်ပေးရန် တောင်းဆို၊ ခွင့်ရမှ ရဟန်းဘောင်သို့ တက်ရောက်သည်။

မြောင်းမြတွင် (၅)နှစ် ကြာသောအခါ ပထမလတ်တန်း အောင်မြင်ပြီးနောက် ပရိသုဒ္ဓိပြုရန် ကြွရွယ်၍ မုံရွာမြို့၊ အရှေ့လယ်တီတိုက်သို့ ပြောင်းရွှေ့သီတင်း သုံးသည်။ လူဝတ်မလဲမီ ရွှေတိဂုံစေတီ ဖူးမြော်ဦးမည်ဟု ဒါယကာအချို့နှင့် ရန်ကုန်သို့ ကြွရောက်စဉ် မုံရွာမြို့ မီးလောင်ရာ ကြိုတင် ပြင်ဆင်ထားသော အင်္ကျီ၊ ပုဆိုး အဝတ်အစားများ မီးလောင်သွားခဲ့သည်။

သာသနာ၌ မြဲစေရန် သဘာဝတရားက တားနေသည်ဟု သံဝေဂရကာ...

'သတ္တဝါ အများအကျိုးအတွက် တစ်သက်တာပတ်လုံး လူမထွက်တော့'

ဟု ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

ထို့နောက် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်သို့ ကြွ၍ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာများကို သုံးနှစ်ကြာအောင် ဆည်းပူးသင်ယူသည်။ ထိုမှ ဟင်္သာတ ဘုရားကြီးကျောင်းတိုက်သို့ ထွက်ခွာ၍ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်တော်မူသည်။

ထိုစဉ်ကာလ သီတင်းသုံးဖော် ဓမ္မကထိက ဦးဝါသေဋ္ဌ မကျန်းမမာဖြစ်ရာ နှစ်ပါးအတူ တိုင်ပင်၍ ရန်ကုန်သို့ ကြွကာ သဘာဝဓမ္မ တိုင်းရင်းဆေးပညာကို နှစ်နှစ်ကြာမျှ သင်ယူလေ့လာခဲ့ကြသည်။

ထို့နောက် ပဲခူး၊ သာသနာ့မဏ္ဍိုင်တိုက်အုပ်ဆရာတော် ဦးအဂ္ဂိန္ဒက ထူထောင်စဖြစ်သော တိုက်ကြီးမြို့၊ မစိုးရိမ်စာသင်တိုက်တွင် ကူညီပေးကြပါရန် ပန်ကြားသဖြင့် ကြွရောက်ကာ သုံးနှစ်ကြာ စာဝါပို့ချပေးရသည်။

ယင်းနောက်တွင် ပဋိပတ် အကျင့်စခန်းအတွက် တောထွက်ရန် ကြံစည်နေစဉ် ၁၃၂၉ ခုနှစ်၌ ဦးအောင်သန်းမိသားစုက ရန်ကုန် ကိုးမိုင်တွင် မြေနေရာဝယ်လှူကာ အရိယဝံသကျောင်း ဆောက်လုပ်လျက် ကျောင်းထိုင်၍ သာသနာပြုပါရန် တောင်းပန်ကြသဖြင့် အရိယဝံသကျောင်းဆရာတော် ဖြစ်လာရလေသည်။

## အကျင့်စခန်း ပါရမီလမ်း

ဆရာတော်သည် မဟာစည်ဆရာတော်ကြီးထံမှ နည်းနာခံယူ၍ ဝိပဿနာကမ္မဋ္ဌာန်းကို စတင် အားထုတ်ခဲ့သည်။ ထို့နောက် စစ်ကိုင်းတောင်တွင် အားထုတ်နိုက် မန္တလေးတက္ကသိုလ်အနီးရှိ မဟာဗောဓိကမ္မဋ္ဌာန်းဌာန၌ အနာဂါမ်ဆရာသက်ကြီး၏ နည်းနိဿယဖြင့် တစ်လကြာမျှ ကျေနပ်အားရသည်



● ကျောက်စာရုံ

အထိ အားထုတ်တော်မူသည်။ ထို့နောက်တွင် ဆရာသက်ကြီး၏နည်းဖြင့် တစ်သက်တာလုံး အားထုတ်သွားခဲ့သည်။

မင်းလှမြို့ မဟာဗေယျကျောင်းတွင် သုံးနှစ်မျှ သီတင်းသုံး၍ သက်သတ်လွတ်၊ မီးလွတ် ဘုဉ်းပေးလျက် ဝစီပိတ် အဓိဋ္ဌာန်ဝင်ခြင်း၊ တိစီဝရိက်ဓုတင်၊ ကောသနိက် ဓုတင်၊ ရုက္ခမူဓုတင်၊ အဗ္ဘောကာသိတ ဓုတင်တို့ကို အခါအားလျော်စွာ ဆောင်ယူခဲ့သည်။

၁၃၄၃ ခုနှစ်တွင် ဝါတွင်း ပဲဆွမ်းအာဟာရဖြင့် သုံးနှစ်ကြာအောင် ကျင့်ကြံခဲ့သည်။ ပါရမီစခန်းအနေဖြင့် ပဲခူးတိုင်း၊ မင်းလှမြို့ မဟာဗေယျကျောင်းတွင်း၌ တည်ဆောက်နေသည်မှာ (၄၂)နှစ်ကြာပြီဖြစ်သော်လည်း (၁၂)တောင်မျှသာ ပြီးသေးသည့် **"တိလောကမာရဇိ ဗုဒ္ဓလစကြာ"** စေတီတော်ကိုဆရာတော် ဦးကောသလ္လနှင့်အတူ မွမ်းမံ ပြုပြင်ခဲ့သည်။ ဟင်္သာတဆရာတော် ဦးပဏ္ဍိတ၊ ဓမ္မဓ ဦးဖိုနတို့လည်း ဝိုင်းဝန်းကူညီကြသဖြင့် (၁၇)လအကြာတွင် ဉာဏ်တော် (၁၈၀)တောင်ရှိ စေတီတော်ကြီး ပွင့်ထွန်းခဲ့သည်။

ထို့ပြင် တိုက်ကြီးမြို့နယ် ကံသုံးဆင့်ရွာ ငွေတောင်ကျောင်းတွင်း ပြိုပျက်နေသောစေတီ၊ အရာတော်မြို့နယ်၊ မော်တောကျေးရွာအုပ်စု ရွှေကုန်းရွာ အလယ်ကျောင်းတွင်းရှိ မိုးကောင်းစေတီ၊ ရန်ကုန် မရမ်းကုန်းမြို့နယ် အရိယဝံသကျောင်းတိုက်တွင် အောင်ချမ်းသာ ကိုးနဝင်းစေတီတို့ကို တည်ဆောက် ပြုပြင်တော်မူခဲ့သည်။

## ခန္ဓာဝန်ချခြင်း

ခန္ဓာဝန်မချမီ နှစ်အနည်းငယ်အလို တွင် လေငန်းဝေဒနာ ခံစားရသည်။ ညဥ့်(၁၂)နာရီခန့်တွင် လက်ဝဲဘက် တစ်ခြမ်း မလှုပ်ရှားနိုင်တော့သဖြင့် လူခေါ်မောင်းကိုတီးရာ တပည့် ဦးအ ဝံသမှာ ချက်ချင်း ပြေးလာသော်လည်း လှေကားတံခါးပိတ်ထားသဖြင့် အပြင် ဘက်မှ လှေကားထောင်ကာ ပြတင်း ပေါက်မှ ကျော်ဝင်ရသည်။

ဆေးဝါးများ လိမ်းကျံ နှိပ်နယ် သော်လည်း အခြေအနေ မ သဖြင့် ဒါယိကာမ ဒေါ်သန်း ခေါ်၍ သိဒ္ဓိရှင်များထံ ဆင့်ခံ



www.burmeseclassic.com

www.burmeseclassic.com

လျှောက်ရသည်။


ကျောင်းဝင်း အတွင်းရှိ အောင်ချမ်းသာစေတီအနီး ဆေးညွန့် ဆေးပင် ရှုးရမည်ဆိုသဖြင့် သွားရောက် ကြသော်လည်း ကြာမီကပင် ပေါင်းမြက်များ ရှင်းလင်းထားပြီး ဖြစ်သော ကြောင့် အခက်ကြုံကြရသည်။

သို့သော် သေချာစွာ ရှာဖွေသောအခါ ဩဇာ၊ သပြေ၊ မြင်းခွာ၊ မာလကာ၊ သရက် အညွန့်အတက်များ တစ်ညှိုခန့်မျှ တွေ့ရသဖြင့် ဝမ်းသာအားရဖြင့် ခူးယူလာခဲ့သည်။

ထို ဆေးညွန့်များအား ပေါင်း၍ ကျောက်ပျဉ်တွင် ကြိတ်နေစဉ် ဆေးများမှာ ကြိတ်နေလျက်ကပင် တိုး၍ များလာသည်။ ဆရာတော်က ဝေဒနာ နုပသာနာ များများနေလျက် ဆေးနံ့များကို ရှူ ရှိုက်ရသဖြင့် ဝေဒနာ သက်သာ လာခဲ့သည်။ ကုဋီသို့ ကိုယ်တိုင်သွား နိုင်လာသည်။

နံနက်ပိုင်းတွင် သတင်းကြားသော ဒါယကာ၊ ဒါယိကာမများ လာရောက် ကြ၍ သတင်းမေးကြရာ ပကတိ ကောင်းမွန်နေသဖြင့် အံ့သြကြသည်။ နောက် (၉)နာရီခွဲခန့်တွင် ပြန်လည်၍ ဆိုးလာသဖြင့် ကြိတ်ထားသော ဆေးများ လိမ်းအုံ့ကာ ဝေဒနာ သက်သာ ပွားများနေရသည်။

နေ့ခင်း (၁)နာရီခန့်တွင် ပြန်လည် ကောင်းမွန်ခဲ့သည်။ ညနေ လေးနာရီ ခန့်တွင် အဒေါ်တော်စပ်သူက သတိ လက်လွှတ် ငိုကြွေးလေရာ ဆရာတော် က အမှတ်ပျက်၍ တတိယအကြိမ် ဝေဒနာ ခံစားရပြန်သည်။



ဆေးရုံဖွင့်ကျောက်စာ

"ဆွေမျိုးကြောင့်ဖြစ်တဲ့ ဝေဒနာ ကြာရှည်တတ်တယ်"ဟု မိန့်ကြား ကာ ဆေးရွက်များလိမ်း၍ ပြန်လည် ရှုမှတ်ရသည်။ ည(၉)နာရီခန့်တွင် အတန်ပင် သက်သာလာသောကြောင့် ကျန်းမာရေးအတွက် ကုဋီကြွပြီးနောက် ဘုရားရှေ့ထိုင်၍ ရှုမှတ်ရာ ည(၁၂) နာရီတွင် ပကတိ ကျန်းမာလာလေ သည်။

ထိုမှ နှစ်အနည်းငယ်အကြာ ၁၃၅၉ ခုနှစ်တွင် ကျန်းမာရေး ပြည့်စုံကောင်း မွန်လျက် ရှိသော်လည်း အောင်သိဒ္ဓိ ဗိမာန်တွင်း အုတ်ဂူတစ်လုံးကို စီမံ ပြုလုပ်ထားစေသည်။ ထိုနှစ် နှောင်း တန်ခူးလဆန်း (၅)ရက်နေ့တွင် ဆရာ တော် သက်တော်(၆၆)နှစ်ပြည့် မွေးနေ့ မင်္ဂလာ၊ အရိယဝံသကျောင်းတည် နှစ်(၃၀)ပြည့်အထိမ်းအမှတ် မင်္ဂလာ၊ အရိယဝံသ ဓမ္မာရုံဖွင့်လှစ်ပွဲ၊ ဆရာ တော် သိက္ခာထပ်၊ အနေကဇာတင် စသည့် မင်္ဂလာ(၅)ရပ်ပေါင်းဆုံရာ သိက္ခာထပ် ဒါယိကာမ ဒေါ်တင်ငွေ (မင်းလှ)အား...

'လုပ်ဆောင်စရာကိစ္စများ လုပ်ဆောင် ပြီး သွားပြီ။ ဆက်နေရင်လဲ ရတယ်။ သေရင်လဲ ရတယ်။ မသေပါနဲ့ဦးလို့ တော့ ဘယ်သူကမျှ မတားကြပါဘူး' ဟု မိန့်ကြားသည်။ ယခင် လေငန်းဝေဒနာ ကြီးမားစွာ ခံစားရစဉ်ကပင် မည်သို့မျှ ဖြစ် တော်မမူ ပြန်ကောင်းလာသေး သည်။ ယခုသော် ကျန်းမာပကတိ ရှိနေသဖြင့် တပည့် ဒါယကာ များမှာ သတိမမူမိကြ။ မသေပါ နှင့်ဦးလို့ တားမြစ်လျှောက်ထား မှုလည်း မပြုမိကြပေ။

ထို့နောက် သိမ်တက်၍ သိက္ခာ ထပ်ရာ ရဟန်းခံ ကမ္မဝါစာ နှစ်ကြိမ် ရွတ်ဖတ်ပြီးချိန်၌ ထိုင်လျက်ပင် ပျံလွန် တော်မူလေသည်။ ထိုအခါ ယခင် ကြိုတင်ပြုလုပ်ထားသော အောင်သိဒ္ဓိ ဗိမာန်တွင်းရှိ အုတ်ဂူတွင်းသွင်း ကာ ချက်ချင်းပင် သင်္ဂြိုဟ်ကြရလေ သည်။

## သပိတ်ကွဲတည်ပင်

ကျောက်စာရုံ၏ တောင်ဘက်တွင် အုတ်တံတိုင်းခတ်ထားသော တည်ပင် တစ်ပင် ရှိသည်။ အနီးတွင် သပိတ်ကြီး တစ်လုံး သွန်းလုပ်ထားသည်။ ကုန်း ဘောင်ခေတ်ကာလ ဆရာတော် ဦးဝရဒီပ စတင်၍ သာသနာပြုခဲ့ရာ သပိတ်ကွဲတည်ပင်နေရာ ဖြစ်သည်။

***ဆက်လက် တင်ပြပါမည်***

**စံထွန်းသာ**



www.burmeseclassic.com

www.burmeseclassic.com

# သံပရာသီးသနပ်

လုပ်နည်း

''မမီရေ ပြန်လာရင် သံပရာသီး သနပ်လေးယူလာခဲ့နော်'' ဆိုတဲ့ ထက်ထက်ရဲ့ အသံလေးကြားပြီး ကျွန်မ သံပရာသီးသနပ် လုပ်နေမိပါတယ်။

'ဒီမှာလေ သဲသဲရဲ့ သနပ်လုပ်မယ့် သံပရာသီး(၁၅)လုံးကို ရေစင်အောင်ဆေး၊ အသုံးပြုမယ့် ဓားကိုလဲ ရေစင်အောင်ဆေး၊ သံပရာသီးတွေကို လေးစိတ်ခွဲပေါ့၊ လေးစိတ်ခွဲပေမယ့် ထက်ခြမ်းကွဲအောင် မခွဲဘဲ အလုံးမပျက်အောင် တည်းတည်းလေး ချန်ထားရတယ်။

ပြီးရင် အိုင်အိုဒင်းဆားကိုယူ၊ အသီးကြားတွေထဲ ညှပ်ထည့်ပြီး လက်ကလေးနဲ့ ဆုပ်ဆုပ်ပေး။ ဆားညှပ်ပြီးသွားရင် ပုလင်းသန့်သန့်လေးထဲ ပြည့်သိပ်နေအောင် ထည့်ပြီး အဖုံးသာ လုံအောင် ပိတ်ထားလိုက်တော့။

ဒီမှာလေ အရင်တစ်ပတ် အပြင်ထွက်ခွင့်ရတုန်းက လုပ်ထားခဲ့တဲ့ သံပရာသီးသနပ်'

နူးနပ်ပြီး အိနေတဲ့ သံပရာသီးသနပ် ပုလင်းကို ပြလိုက်ပါတယ်။

'ဟယ် နူးအိနေတာပဲနော်၊ စားတောင် စားချင်လာပြီ မမမီရယ်၊ သဲ... သွားရည်ယိုလာပြီ'

သဲသဲတစ်ယောက် ပါးစပ်ကလေးပိတ်ပြီး တံတွေးတွေ မျိုချနေပါတော့တယ်။

'ဒါ ဘာမှ မဟုတ်သေးဘူး သဲရဲ့၊ အခုမှ စမှာ ကြည့်ပါဦး'

ပြောပြောဆိုဆို ကျွန်မ သံပရာသီးပုလင်းအဖုံးကို ဖွင့်လိုက်ပြီး ပလတ်စတစ်ဇလုံထဲသို့ သွန်ထည့်ကာ တစ်ခါသုံးလက်အိတ်ဝတ်ပြီး အရောင်တင်မှုန့် လက်ဖက်ရည်ဇွန်း (၅)ဇွန်းထည့်၊ ကုလားလေးမဆလာ(အစိမ်း) (၅) ထုပ်၊ သကြားလက်ဖက်ရည်ဇွန်း သုံးပုံတစ်ပုံထည့် ပြီးတော့ အားလုံးရောနယ်လိုက်ပါတယ်။



အဲဒီအချိန်မှာပဲ ဒယ်အိုးထဲကို ပဲဆီသန့်သန့်(၁၀)သားထည့်ပြီး အပူပေး ဆီချက်ထားပါတယ်။ သံပရာသီး အလုံးမပျက်စေဘဲ နှံ့စပ်အောင် နယ်ပေးပြီး ပုလင်းထဲ ပြန်ထည့်ထားလိုက်ပါတယ်။

သံပရာသီးသနပ်အနံ့က မွှေးပြီး ထမင်းတောင် ဆာလာပါတယ်။ သဲသဲကတော့ ကျွန်မ လုပ်သမျှ တစ်ခုချင်း လိုက်မှတ်နေပါတယ်။

'ပြီးသွားပြီလား မမမီ၊ ဘာဆက်လုပ်ရဦးမှာလဲ'

လို့ သဲသဲက သိလိုဇောနဲ့ မေးနေပါတယ်။

'ဒီပဲဆီသန့် ကျက်ပြီး အေးသွားရင် သံပရာသီးသနပ်ပုလင်းထဲ ဆီတွေ မြုပ်နေအောင် လောင်းထည့်လိုက်ရတာပေါ့ သဲသဲရယ်'

'ဆီမမြုပ်ရင် ဘာဖြစ်တတ်သလဲ မမမီ'

'ဆီမမြုပ်ရင် မှိုတက်ပြီး တာရှည်မခံတော့ဘူးပေါ့'

ကျွန်မလဲ ပြောပြောဆိုဆိုနဲ့ အေ[...] စက်နေပြီဖြစ်တဲ့ ပဲဆီတွေကို ပုလ[...] ထဲ လောင်းထည့်လိုက်ပါတယ်။

နောက်တော့ ရှမ်းကြက်သွန်ဖြ[...] ဥကြီးကြီးတွေကို ခပ်ထူထူ ထော[...] လိုက်လှီးပြီး ပုလင်းအဖုံးဖွင့်ပြီး ထည့်[...] လိုက်ပါတယ်။

ကဲ... ဒီတော့ အသစ်စက်စက်[...] သံပရာသီးသနပ် မွှေးမွှေးလေး ရ[...] ပေါ့။(အချဉ်သနပ်လုပ်လျှင် သကြား[...] ထည့်စရာ မလိုပါ။)

အင်ကြင်းပန်း[...]



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျိုးပေါင်းရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# ဆေးစွမ်းကောင်းနှစ်လက်

ဦးညာဏ်ထွန်းရှိန်
(စက်မှု-၁)

'ဟော့... ကိုညာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'ဩော်... စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ ...ဆိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုညာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ...တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက် ... (၄ + ၅) အဆစ်တွေမှာ အရိုးကျိုးပေါင်းတက်တဲ့ရောဂါလို့ ...ကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ...မယ့် အရိုးကျိုးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက် ...နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက် ...တဲ့ ကိုယ်တိုင် အရိုးကျိုးပေါင်းရောဂါ သက်သာပျောက်ကင်း ...ကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရှေ့နေကြီး ဦးညွန့်လှိုင် (...ပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်က၊ ...လုပ်ထားတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါအတွက် ...က်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဒီဆေးဟာဆိုရင် အရိုးကျိုးပေါင်းရောဂါရှင်တွေကို စနစ်တကျ ...သပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ...များအတွက် အကျိုးမယုတ်နိုင်ပါဘူး''

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ ...ာ'

'အဲ... လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ဖို့နဲ့ ကိုညာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ...ရှိပါတယ်၊ ဒီခေတ်မှာတော့ ဇက်ကျိုးပေါင်းတို့၊ ခါးကျိုးပေါင်း၊ ...စ်ကျိုးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ ...ဓာတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြော ...ာ နှန်းပြန်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျိုးပေါင်း ...ဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ...တော့်ဆေးကုခန်းမှာလဲ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးကို ...် ကုသပေးနေရပါတယ်'

'ဇက်ရိုးကျိုးပေါင်းနဲ့ ခါးရိုးကျိုးပေါင်း လက္ခဏာတွေက ဘယ်လို ...သလဲ ဆရာ'




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၃ YR ၀၀၅၃၆၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/၀၅၁၃

'ကုပ်ဆက်မှာ ကျိုးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြော တက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည် အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်နိုင် ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံ ကြောကြီးတွေကို အရိုးကျိုးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြု နေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျိုးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို

www.burmeseclassic.com




ကြော်ငြာဆောင်းပါး

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၆၁၂YR ၀၀၆၇၀၈

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံးဝ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျိုးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျိုးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျိုးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျိုးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း၊ ကျိုးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျိုးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိ ပွင့်လန်းစေတဲ့ ဖူဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်၊လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျိုးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရ တယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဇက်ကျိုးပေါင်းရောဂါ၊ ခါးရိုးကျိုးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိ တယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့် အတိုင်းပေါ့လေ။ အရိုးကျိုးပေါင်းရောဂါလို့ သိရတော့ ဆေးတွေပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုး ကျိုးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုဉာဏ်ထွန်းရှိန် ခင်ဗျားလိုပဲ အများရဲ့ တောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျိုးပေါင်း ပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံ ဆိုင်များမှာ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေး၊ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်း အတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျိုးပေါင်းရောဂါ ဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျိုးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြ ပါနဲ့။ ကျွန်တော်ရဲ့ ဇက်ကျိုးပေါင်း၊ ခါးရိုးဆစ်ကျိုးပေါင်းရောဂါ တော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်က လက်တွေ့ ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘဝတူ အရိုးကျိုးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေး တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျိုးပေါင်းရောဂါ ဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် ''စကြာမင်း''လို့ မေးဝယ်ပါ။


**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
**အမှတ်-၈/၆၆၆ သုဓမ္မာလမ်းမကြီး**
**သန္တာမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

**ဦးဉာဏ်ထွန်းရှိန် (စက်မှု-၇)**



www.burmeseclassic.com

www.burmeseclassic.com




● ရှင်ကိုးရှင် သမိုင်းဝင် မြတ်ရှင်ဇော်တောင်

မြဝတ်၆၀ (ကျုံမငေး)

ထားဝယ် ရှင်ကိုးရှင်ဝင် ရှင်ဇော် (ခေါ်)

# ရှင်မျှော်တောင်သို့

ဘုရားဖူး ရောက်ခဲ့စဉ်

မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်း ...သေးသွယ်သွယ်လေး မြင်တွေ့ ...သည့်ဒေသမှာ ''တနင်္သာရီတိုင်း ...ကြီး'' ဖြစ်ပါသည်။ ရေမြေ ...တောင်များနှင့် သာယာစွာ ...ရှိနေသော ဒေသကြီးဖြစ်ပါ ...သည်။

...ကိပျိုးရေးအရလည်း ဆီအုန်း၊ ...ဘာများ ဖြစ်ထွန်းရာအရပ် ဖြစ်ပါ ...သည်။ ပင်လယ်ပြင်ထဲ ကိုးဝင်တည်ရှိ ...သောကြောင့်လည်း ''ရေလုပ်ငန်း'' ... အဓိကကျစွာ ရပ်တည်နေသော ...ဟုလည်း ဆိုနိုင်ပါသည်။

တစ်ချိန်သောအခါက ''မင်း''တို့ အုပ်ချုပ်သော တိုင်းဌာနီလည်း ဖြစ်ခဲ့ဖူးကြောင်း လေ့လာမှတ်သားရပါသည်။ မင်းစဉ်အဆက်ဆက် တည်ထားကိုးကွယ်ခဲ့သော စေတီဘုရားများစွာလည်း တည်ရှိနေဆဲဖြစ်၍ ဘာသာသာသနာ စည်ပင်ခဲ့သော ဒေသဟုလည်း ဆိုနိုင်ပါသည်။

တိုင်းဒေသကြီးအတွင်း ဘုရားဖူးများ တလေးတစား ဘုရားဖူးသွားနေကြသည်က''**ထားဝယ်ရှင်ကိုးရှင်**'' ဘုရားဖူးခရီး ဖြစ်ပါသည်။


သို့သော် ထို့ထက်မကသော စေတီဘုရားများစွာလည်း ရှိနေသောကြောင့် ထားဝယ်ခရိုင်အတွင်း ဘုရားဖူးခြင်းအတွက် ရက်ရှည်ခရီးစဉ်အဖြစ် ကျွန်မ ဘုရားဖူးခရီး ထွက်ခဲ့သည်မှာ သုံးကြိမ်ဟု ဆိုရမည်။

သုံးနှစ်တာ ခရီးစဉ်တွင် ဖူးခဲ့ရသော ထားဝယ်ဒေသ စေတီဘုရားများနှင့် ''**ထားဝယ်ရှင်ကိုးရှင်**''ဘုရားများကို ရေးသားပူဇော် ဖော်ပြချင်ပါသည်။

''ရှင်ကိုးရှင်'' စေတီဘုရားများကို ဒေသခံများက ''**တောင်သုံးတောင်, တောသုံးတော, မြို့သုံးဆူ အောင်နိမိတ်ယူ**''ဟူသော အဆိုအရလည်း

www.burmeseclassic.com




▲ ရင်မြို့တော်ရှိ
ရှင်သီဝလိစံကျောင်း

◀ ပင်လယ်ပြင်ရှိ မြတ်ရှင်မော်
ပေါင်မုန့်လုံးစေတီ

▼ ရင်မြို့တော်ရှိ
ရှင်ဥပဂုတ္တစံကျောင်းတော်



▼ ပင်လယ်ပြင် အားရုံခံတွင် ဘုရားဖူးများ ပင်လယ်အလှကို ကြည့်ရှုနေကြစဉ်






www.burmeseclassic.com

www.burmeseclassic.com





◆ ဆုတောင်းပြည့် ရုပ်ပွားတော်

မြတ်ရှင်မော်အံတော်စေတီ ▶

မြတ်ရှင်မော်အံတော်စေတီ

ကောင်း။ "ဟေမာ–ဂီရိ–မြို့တြိ တော်ဘိရှင်ကိုးရှင်" ဟူသော ပေါက်လကာအရ လည်းကောင်း မော်ခဲ့ကြောင်း အဆိုရှိကြပါသည်။

အဓိဋ္ဌာန်ထား ဘာဝနာ ပွားများကြ များအနေနှင့် စေတီဘုရားကိုးဆူ ကိုးနဝင်းပြည့် အဓိဋ္ဌာန်ပြုလေ့ ကြောင်းလည်း သိရှိမှတ်သားခဲ့ရပါ သည်။

ဘားဝယ် ရှင်ကိုးရှင် စေတီဘုရား တွင် တစ်ဆူ အပါအဝင်ဖြစ်သော "ရှင်မျှော်တောင်" စေတီဘုရား ခရီး သည် တစ်မျိုးထူးသော ထူးခြား ဖြစ်ပါသည်။

ဘားဝယ်မြို့နှင့် မိုင်(၃၀)ကျော်ဝေး လောင်းလုံမြို့နယ်၊ အထက် ဝပ်ပြင်ရွာ၊ အောက်ကျောက် ရွာ၊ ကျောက်နီမော်ရွာများကို သွားပြီး ထိုမှတစ်ဆင့် ခြေကျင် တောင်ခြေရင်း ကြက်လွတ်ရွာ တောင်ပေါ်ခရီး သုံးမိုင်ခန့် သွားရ ပါသည်။

ရှေးယခင်အခါက ကျောက်နီမော် ရွာမှ ကြက်လွတ်ရွာအရောက် စက် လှေဖြင့် ဂရလမ်းခရီးကို သွားခဲ့ရပါ သည်။

သမိုင်းကြောင်းကို လေ့လာလိုက် သောအခါ ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်ပြီးနောက် နှစ်ပေါင်း (၂၂၀)တွင် ဘောဂဝတီနတ်ပြည်၌ ကိုးကွယ်ထားသော **"လက်ယာ အံတော်"**ကို နဂါးမင်းကြီး၏တူတော် နဂါးစစ်သူကြီး **"ဝသုလဒေဝ"**က နဂါးပြည်မှ ယူလာပြီး **"ရှင်မျှော် တောင်"**ဟု ခေါ်သော **"သိန္ဓုသေ လာ"တောင်ရှိ လင်းလွန်ပင်ကြီး၏ ခွကြားတွင်** ဝှက်ကာ ကိုးကွယ်ခဲ့ပါ သည်။

ထိုအချိန် ဒူရကတိုင်းသို့ သာသနာ ပြုရန် ရောက်ရှိလာသော **"မဟာ ဗဒ္ဓဝ"** နှင့် **"စူဠာဗဒ္ဓဝ"** ညီနောင် နှစ်ပါးသည် နဂါးစစ်သူကြီး တိမ်း တဆိတ် ကိုးကွယ်နေသော ဘုရား

www.burmeseclassic.com



◆ ရှင်အံတော် ကိန်းဝပ်နေသော နဂါးရုံရုပ်တု

◆ ရှင်မျှော်စေတီသို့ အဝင်စုတ်လမ်းနှင့်မုခ်ဦး



ရှင်၏ အံတော်ကို မြင်နေသောကြောင့် ဤရပ်၌ပင် သီတင်းသုံး နေထိုင်နေကြပါသည်။

မင်းနှင့် ပြည်သူများကိုလည်း တရားဒေသနာဟောကြားရင်း ရှင်မျှော်တောင်မှ "အံတော်မြတ်"အကြောင်းကိုပါ မိန့်ကြားခဲ့ပါသည်။

ထိုအခါ ဒူရကတိုင်း **"ကောရဗ္ဗ"** မင်းနှင့်ပြည်သူများလည်း အံတော်မြတ်ကိန်းဝပ်နေသော နေရာကို သိသွားကြ၏။

ထို့နောက်၌ ရဟန္တာနှစ်ပါးသည် အောင်သာဝတီပြည်၊ ကလိန်အောင်ရွာမှ "ဓမ္မသေန"မင်းကြီးနှင့် ပြည်သူပြည်သားများအား တရားဟောကြားအပြီး၌ ရှင်မျှော်တောင်ရှိ အံတော်မြတ်အကြောင်းကိုပင် ဟောကြားခဲ့ပြန်ပါသည်။


မင်းနှစ်ပါးလည်း ဘုရားရှင်၏ အံတော်မြတ်ကို ဖူးမျှော်ရန် သဒ္ဓါတရားဖြစ်လာခဲ့သောကြောင့် ရဟန္တာ အရှင်မြတ်နှစ်ပါးအား နဂါးစစ်သူကြီးထံ ခွင့်တောင်းပေးပါဟု လျှောက်ထားခဲ့သောကြောင့် ဦးကြီးတော် နဂါးမင်းကြီးအား မင်းနှစ်ပါး၏ဆန္ဒကို ရဟန္တာနှစ်ပါးက မိန့်ကြားလိုက်ပါသည်။

နဂါးမင်းကြီးနှင့် နဂါးစစ်သူ[...] ကလည်း ဝမ်းမြောက်စွာ လ[...] သောကြောင့် ရဟန္တာညီနောင်နှ[...] ဆက်သွယ်မှုဖြင့် နဂါးမင်းနှင့် [...] နှစ်ပါးတွေ့ဆုံကြပြီး **"အံတော်[...]** ကို ဌာပနာ၍ စေတီတည်[...] တူခဲ့ပါသည်။ သက္ကရာဇ် ၂၃၈ [...]



www.burmeseclassic.com

www.burmeseclassic.com



◆ မြတ်ရှင်မျှော်ရုပ်ပွားတော်မြတ်အား ကြာသကာ်နံ ကပ်လှူထားသည့် ဝိမာန်ဆောင် သိမ်ဘုရား ◆



တပေါင်းလပြည့်နေ့တွင် ရှင်မျှော်တောင်စေတီကို တည်ခဲ့ပါသည်။

**သေလပဗ္ဗတတောင်၊ သိန္ဓုသေလာတောင်**အခေါ် **ရှင်မော်တောင်** ဘုရားသည် ထားဝယ်ဓလေ့ အပြောအရ **"ရှင်"**ဆိုသည်မှာ "**ဘုရား**"၊ **"မော်"**ဆိုသည်မှာ "**အငွ**"ဖြစ်၏။

ထားဝယ်မြစ် လောင်းလုံမြို့နယ် အငွအစွန်းပေါ်တွင် တည်ရှိသော စေတီတော်ဖြစ်၍ **"ရှင်မော်တောင်ဘုရား"**ဟု ခေါ်ခဲ့ကြပြီး နှစ်ကာလကြာလာသောအခါ **"ရှင်မျှော်တောင်"** စေတီဘုရားဟု ခေါ်ခဲ့ကြပါသည်။

ရှင်မော်(ခေါ်) ရှင်မျှော်တောင်စေတီဘုရားသည် ဗုဒ္ဓဘုရားရှင်၏ "**အသမ္ဘိန္န**" ဓာတ်တော်မြတ်ဖြစ်သော ညာဘက်အောက် အံတော်တစ်ဆူကို ဌာပနာ၍ တည်ထားသော စေတီဘုရားဖြစ်ပြီး ဂေါတမဘုရားရှင် သက်တော်ထင်ရှား ရှိခဲ့စဉ်အခါက ပင် ဗျာဒိတ်တော်ထားခဲ့သော အရပ်၌ တည်ထားခဲ့သောကြောင့် "ကူဋ္ဌိ" ဂုဏ်ပုဒ်နိုး ကြီးမားသော ဆုတောင်းပြည့်စေတီဖြစ်ပါသည်။

ခေတ်အဆက်ဆက်၊ မင်းစဉ်အဆက်ဆက်ရဟန်းသံဃာများ၊ မင်းနှင့်ပြည်သူများမှ ထိန်းသိမ်းပြုပြင်လာခဲ့သောကြောင့် နောင်အရှည်လည်း တည်တံ့နေမှာ ဖြစ်ပါသည်။

"ရှင်မျှော်တောင်" စေတီဘုရားတွင် အံ့ဖွယ် ထူးခြားမှုနှစ်မျိုးကို လေ့လာမှတ်သားခဲ့ရသည်မှာ...

၁။ ရှင်မျှော်တောင်အောက် အုတ်တင်မြောင်းစခန်း၌ အိုင်ငယ် တစ်အိုင်ရှိရာ ထိုအိုင်ငယ်သည် ရေချိုအိုင်ဖြစ်ပြီး ပင်လယ်ဒီရေတက်ချိန် ရေငန်များ လွှမ်းမိုးသွားသော်လည်း ဒီရေကျသွားသောအခါ ရေချိုအိုင်ပင် ဖြစ်နေ၏။

၂။ တောင်စွယ် တောင်ဘက် အောက်နားတွင် လေဟာနယ် ထွက်ပေါက်တစ်ခုရှိ၏။ တောင်ခြေကို ပင်လယ်လှိုင်းရိုက်သည့် အချိန်ကြောင့် အထက်သို့ လေများ တက်လာပါသည်။ ထိုလေထွက်ပေါက်ထဲသို့ လက်ကိုင်ပဝါ ပစ်ချလျှင် လေပင့်ပြီး အထက်သို့ရောက်လာသည်။

အထက်ပါ အကြောင်းနှစ်ချက်ကို တွေးရသော် သိပ္ပံနည်းအရဟု ဆိုရမလို ထူးခြားနေပါသည်။ အလေးချိန်ရှိသော ရေမှာ အရှိန်ဖြင့် တက်လာခြင်း၊ အလေးချိန်ပေါ့သော လက်ကိုင်ပဝါ အထက်သို့ တက်လာခြင်းများသည် အံ့ဖွယ်ဖြစ်နေပါသည်။

ရှင်မော်(ခေါ်) ရှင်မျှော်တောင်စေတီဘုရားသို့ တောင်းဆုပြည့်လိုသူများ တစ်ခါတစ်ခေါက် ဘုရားဖူး သွားသင့်ပါသည်။

ခရီးလမ်းပန်း လွယ်ကူလာပြီဖြစ်သောကြောင့် "ရှင်ကိုးရှင်" စာရင်းဝင် ရှင်မျှော်တောင်စေတီ ဘုရားသို့ ဘုရားဖူးများလည်း စည်ကားစွာ ရောက်ရှိနေပြီဖြစ်ကြောင်း ရေးသား ပူဇော်လိုက်ရပါသည်။

မြမဥ္စူဝေ (ကျုံမငေး)

မှီငြမ်း

**၁။ ရှင်မျှော်တောင်စေတီ ဘုရားသမိုင်း၊ လက်ကမ်းစာစောင်။**

**၂။ စာရေးသူ ဘုရားဖူးရောက်ခဲ့သော သုံးကြိမ်တိုင် ခရီးသွားမှတ်တမ်းများ။**



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အဘိုးသည် မြန်မာဆေးဆရာ၊ အင်္ဂလိပ်သမားဖြစ်ကြောင်း သိရပါသည်။ အဘိုး မကွယ်လွန်ခင်က လူမမာတို့ကို ဆေးကုသသည့်အခါတွင် မြန်မာဗိန္ဒောဆေး၊ အင်္ဂလိပ်ဓာတ်ဆေးများနှင့် တွဲဖက်၍ ကုသကြောင်း အဖေပြောပြ၍ သိရပါသည်။


ဆေးပညာရှင်မျိုးရိုး ဖြစ်ခဲ့သော်လည်း ကျွန်တော့်အဖေမှာ မြန်မာဆေးပညာ၊ အင်္ဂလိပ်ပညာ မတတ်ခဲ့သည်မှာ ဝမ်းနည်းစရာကောင်းပါသည်။ အဖေက အဘိုးပညာတွေ မရခဲ့၍ ကျွန်တော့်မှာလည်း အဘိုး၏ အဖိုးတန်သည့်ပညာများကို မရခဲ့သည်မှာ မဆန်းချေ။

ကျွန်တော့်တွင် အဘိုးသွေးပါသည် ထင့်။ အဘိုး၏ပညာများကို အရိုးစွဲအောင် တတ်ချင်နေသည်မှာ မလွန်ပါ။

ကျွန်တော့်အဖေသည် အသက်(၆၄)နှစ်တွင် ကွယ်လွန်ခဲ့ပြီး ဖြစ်သည်။ အဖေ မကွယ်လွန်ခင် ကျွန်တော့်ကို ခေါ်၍ အဘိုးအမွေဟု ဆိုပြီး အဘိုး မှတ်တမ်း ဗလာစာအုပ်လေး တစ်အုပ် ပေးလာပြီး "သား အများအတွက် အကျိုးရှိအောင် အသုံးပြုပါ"ဟုလည်း ပြောဆိုခဲ့ပါသေးသည်။

ကျွန်တော်လည်း အလုပ်မအားသေး၍ အဘိုးအမွေ စာအုပ်ဟောင်းလေးသည် စာအုပ်စင်ပေါ်တွင် အိပ်ပျော်နေရှာလေသည်။

လွန်ခဲ့သည့်အပတ်က အလုပ်နည်းနည်းအား၍ စာအုပ်စင်ကို ရှင်းရင်းက အဘိုးစာအုပ်လေးကို တွေ့ရ၍ မှတ်မှတ်ရရ ယူဖတ်မိပါသည်။ မှတ်တမ်းစာအုပ်မှာ မြန်မာ့ဆေးပညာစာအုပ်



# အဘိုး၏ မှတ်စုများ (၁)

## အောင်ကိတ်ဓာတ်လုံးထိုးနည်း

မောင်လှယဉ် (မော်လမြိုင်)

မဟုတ်ဘဲ အင်္ဂလိပ်မှတ်တမ်းစာအုပ်သာ ဖြစ်နေပါသည်။

ထို မှတ်တမ်းစာအုပ်ပါ လုပ်ထုံးလုပ်နည်းများသည် အင်္ဂလိပ်ဝါသနာအိုးများအတွက် တစ်ထောင့်တစ်နေရာမှ အသုံးဝင်မည်ထင်ပါ၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် တင်ပြပေးလိုက်ပါသည်။

အဘိုးမှတ်စုအစတွင် အောက်ပါအတိုင်း ရေးသားထားပါသည်။

"လောကီဝိဇ္ဇာဆိုင်ရာ ပုဂ္ဂိုလ်ကြီးများ၏ အဆုံးအမကို လေးစားစွာဖြင့် သြဝါဒစကားများကို နာယူကြရမည်။"

"ဓာတ်စီမံရာတွင် ကောင်းစွာ လိုက်နာ ဆောင်ရွက်ကြမှသာ လိုရာခရီးသို့ ရောက်ကြမည်။"

တစ်ဖန် အောက်ပါအချက်(၁၂)ချက်ကို အင်္ဂလိပ်ဝါသနာရှင်တိုင်း သိနားလည်ထားရမည်။

၁။ ဓာတ်ကို ဖမ်းနည်း။
၂။ ဓာတ်ကို မီးနေအောင် ချုပ်နည်း။
၃။ ဓာတ်ကို ပျဉ်းပျော့စေနည်း။
၄။ ဓာတ်ကို စင်ကြယ်စေနည်း။
၅။ ဓာတ်ခိုးသတ်နည်း။
၆။ မလိုသောဓာတ်ကို နုတ်နည်း။
၇။ ဓာတ်ကို သတ်နည်း၊တက်နည်း။
၈။ အနအရုပ်တွဲနည်း။
၉။ ဓာတ်ခွဲဓာတ်ခွာနည်း။
၁၀။ ဓာတ်ကျို့ဓာတ်ချက်နည်း။
၁၁။ ဓာတ်စီရင်ရာတွင် မီးနေမီးထားနည်း။
၁၂။ ဓာတ်တို့၏ သဘာဝကို နားလည်၍ ချိန်လုပ်နည်း၊ ပြာရိုက်ခြင်း လိုရာသို့ရောက်အောင် လုပ်နည်းလုပ်ထုံးများကို ဗဟုသုတ ကြွယ်ဝစေရမည်။

### ဓာတ်များကို နုတ်နည်း

၁။ ရွှေကို နုတ်လိုလျှင် ဆေးဒန်းလက်ချားနှင့် နုတ်ရမည်။
၂။ ဘော်ဓာတ်ကို နုတ်လိုလျှင် ဆေးဒန်း၊ လက်ချားနှင့်ပင် နုတ်ရမည်။
၃။ ဒန်ကို နုတ်လိုလျှင် ကန့်နှင့်နုတ်ရမည်။
၄။ သွပ်ဓာတ်ကို နုတ်လိုလျှင် ယမ်း၊ လက်ချားနှင့် နုတ်ပါ။
၅။ ပြဒါးဓာတ်ကို နုတ်လိုလျှင် ဆားနှင့် နုတ်ရမည်။
၆။ ဘင်ဓာတ်နုတ်လိုလျှင် ယမ်း၊ လက်ချား၊ မြင်းသီလာနှင့် နုတ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com

ဂ။ သံထုတ်နုတ်လိုလျှင် သွပ်နှင့် နုတ်ပါ။ သို့မဟုတ် စိန်၊ လက်ချားနှင့် နုတ်ပါ။

ဃ။ ဒွတ်နုတ်လိုလျှင် ဆား၊ ယမ်း၊ ကျောက်ချဉ်၊ လက်ချားနှင့် နုတ်ရမည်။

င။ ဓာတ်ကို နုတ်လိုသော် ဆား ပျော်နှင့် နုတ်ပါ။

ဒီမှာ အောင်ကိတ်ဓာတ်လုံးထိုးနည်းကို မပြမီ ဤဓာတ်လုံးအတွက် ''ဝ''**လေးလုံးဆေးကြီး**ကို အရင်ပြပါမည်။

## ''ဝ''လေးလုံး ဆေးကြီး

က။ ဆား(၁)ကျပ်သား၊ ယမ်း(၉)ကျပ်သား။

ခ။ စိန်ဖြူဆင်ဦးနှောက် (၃)ကျပ်သား၊ ဆေးဒန်း(၇)ကျပ်သား။

ဂ။ ဆီးဖြူကန့်(၂)ကျပ်သား၊ ဟင်းသပိုင်း(၈)ကျပ်သား။

ဃ။ ဇဝက်သာ(၆)ကျပ်သား၊ လက်ချားချော် (၄)ကျပ်သား။

စပ်နည်း ''ဝ''လေးလုံးဆေးကား...


က။ ဆား(၁)ကျပ်သား၊ လက်ချား (၉)ကျပ်သား။


ခ။ ဆီးဖြူကန့်(၂)ကျပ်သား၊ ဟင်းသပိုင်း(၈)ကျပ်သား။

ဂ။ စိန်နီ(၃)ကျပ်သား၊ ဆေးဒန်း (၇)ကျပ်သား။

ဃ။ ယမ်း(၄)ကျပ်သား၊ ဇဝက်သာ (၆)ကျပ်သား။

(၁)ကား ဆားယူ၊ (၂)မှု ကန့်ပြု၊ (၃)ကား စိန်ရေး၊ (၄)ကား ယမ်းမှတ်၊ (၅)မှု ပြဒါး၊ (၆)ကား ဇဝက်သာ၊ (၇)မှာ ဆေးဒန်း၊ (၈)ကား ဟင်းရိုင်း၊ (၉)ကား လက်ချား ဤသို့အားဖြင့် တစ်၊ နှစ်၊ သုံး၊ လေး စာမဆွေးနှင့်ဟု ရေးထားသည့် ''ဝ''လေးလုံးဆေး ဖြစ်ပါသည်။





ဤ မူလ''ဝ''လေးလုံးတွင် အတွဲများနေသည့်အပြင် (အဘိုး၏ မှတ်တမ်းအရ) စိန်ဖြူဆင်ဦးနှောက်ဟု ပါရှိသဖြင့် လက်ယာလမ်းတွင် မသုံးသင့်ဟု ယူဆသည်။ [စိန်နီမြင်းသွားကို သုံးသင့်သည်။ *(ပညာရှင်များ ချိန်ဆပါကုန်။)*]

ထိုဆေးစုများကို သူ့အတွဲနှင့် သူကြိတ်၊ ရှေးဦးကြိတ် နောက်မှ ဆေးလေးဖုံလုံး ကောလီဖြစ်အောင် ကြိတ်ပြီးထားလေ။

## လုပ်ထုံး

အထက်ပါ ဆေးကို (၃)ပုံ ပုံထားပါ။

အရည်ပြည့် ကိတ်(၁)မတ်သားကို ဆေး(၁)မတ်သား အထက်အောက်နှီး လုံပိတ် ဖော်မံ၍ မီးလျှံက စပြီးထိုး။ ဤနည်းအတိုင်း (၁၁)လုံထိ ထိုး။

အထက်ပါအတိုင်း ဒုတိယ(၁၂)လုံး ဆက်၍ ထိုးပါ။

ထိုနည်းအတိုင်း တတိယ(၁၃)လုံ ထိုးပေးပါ။ သုံးကြိမ်ထိုးပြီးပါက ဓာတ်သား(၂)ကျပ်သား ရပါမည်။ ထို ဓာတ်လုံးကို ကျန်ဆေး (၆၄)ပုံ ပုံပြီး တစ်ပုံ တစ်လုံးကျနှီးထိုးသွားပါက ဓာတ်လုံး အောင်မြင်ပြီးစီးခြင်းသို့ ရောက်ပါမည်။

## ထိုဓာတ်လုံး အသုံးပြုပုံ

က။ ထိုဓာတ်လုံးကို လက်ချားချော် ဖြစ်အောင် ဆက်ထိုးပါက ချော်နက်ရ၏။ အားအင်ချည့်နဲ့သော် ပထဝီနာဖြစ်၍ ပျားရည်နှင့် စားလေ။

ခ။ ချော်နီလာက ဆီး၊ အာပေါနာ မှန်သမျှ နိုင်၏။

ဂ။ ချော်ဖြူလာပါက တေဇောနာ မှန်သမျှ နိုင်၏။

ဃ။ ချော်ဝါလာလျှင် ဝါယောနာ မှန်သမျှ နိုင်သည်။

င။ ချော်စိမ်းလျှင် အရှူးသည်းခြေနာ မှန်သမျှ နိုင်၏။

စ။ ချော်ပြာလဲ့လဲ့ရှိသော် ဝမ်းပုပ်နာ၊ မျက်စိနာ၊ အခိုးသန်း၊ အတွင်းအပြင်တိမ်များကို ပျောက်စေနိုင်သည်။ လိုရာခရီးကို သွားနိုင်သည်။ ဓာတ်လုံးကို အမြဲဆောင်ထားပေးပါ။ ဆေးအတွက် သုံးလိုလျှင် လက်ချားချော်မှုန့်များကိုသာ အသုံးပြုပါလေ။

***ကောင်းကျိုးလိုရာ ပြည့်ပါစေ။***

**မောင်လှယဉ် (မော်လမြိုင်)**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး

(ယောယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ဝ၇၁၁၊ ၊၊ ၀၁၆၀ ၂၅)



ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၂/၀၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရွှေနေကြီး ဦးအောင်ဝင်းနိုင်တို့ကိုး။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့တူတယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း၊ နှိပ်ခိုင်းနေတာတွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အပြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'ဩော်... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း၊ လေဖြတ်၊ သွက်ချာပါဒရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်၊ လက်တုန်၊ လည်ပင်း၊ ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက်သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း၊ လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အောက်ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလ[...] မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသားမျ[...] ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကိုက်[...] ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရော[...] အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာ[...] နည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်[...] သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်း[...] ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတ[...] ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်[...] ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲ[...] ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေး[...] ဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအ[...] ကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အ[...] ကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အ[...] အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူမျ[...] နဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အ[...] သမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာ[...] အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြ[...] အကြံပြုပါရစေ'

ဆရာမြင့်
**စကြာမင်းဆေးတိုက်**
အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊ သုန္ဒာမှတ်တိုင်အနီး
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၅၄၁

**ဦးဇော်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com



တောရှောက်ခါးအပင်နှင့် အသီးများ

# လက်ပတောင်းတောင်ခြေမှ

## အစွမ်းထက်ဆေးဝင်နှင့် အစွမ်းသတ္တိများ

မောင်မောင်လွန်း (မုံရွာ)

စာရေးသူလည်း အသက်လေး ...တော် ရလာပြီဖြစ်သည့်အတွက် ...ကြိမ်ရက်အတွင်း နှစ်စဉ်နှစ်တိုင်း ...ရောက်သော အလောင်းတော် ...ပသို့လည်း မသွားနိုင်တော့ပေ။ ...ရွာတွင်နေပါကလည်း ဆိတ်ငြိမ်မှု ...သောကြောင့် မြို့နှင့်လည်း အလှမ်း ...ပြီး ဆိတ်ငြိမ်အေးဆေးသည့် ရွာ ...ရွာတွင် သွားရောက်ကာ ဒုလ္လဘ ...ဝတ်ရင်း တရားအားထုတ်လို ...ကြောင်းကို စာရေးသူနှင့်အတူ ...ောင်းတော်ကဿပသို့ နှစ်တိုင်း ...ခြကျင်သွားရောက်ခဲ့ကြသော ...မောင်အား ပြောပြပါသည်။

...အခါ ကိုမြင့်မောင်က ဒါဆိုရင် သူလည်း မြို့နှင့်လည်းဝေး၊ ရွာနှင့်လည်း မနီးသည့် လက်ပတောင်းတောင်ခြေတွင်ရှိသော **"မိုးကုတ်ဝိပဿနာ မြေပြင်သာရိပ်သာ"**သို့ သွားပြီး ဒုလ္လဘရဟန်းဝတ်ရင်း သင်္ကြန်တွင်းတွင် ပြုလုပ်သော (၇)ရက် တရားစခန်းသို့ ဝင်မည်ဖြစ်သည့်အတွက် သူနှင့်အတူ လိုက်ခဲ့ရန် ပြောပါသည်။

ထို့ကြောင့် စာရေးသူလည်း ကိုမြင့်မောင်နှင့်အတူ လက်ပတောင်းတောင်ခြေတွင်ရှိသော "မိုးကုတ်ဝိပဿနာ မြေပြင်သာရိပ်သာ"သို့ လိုက်ပြီး ဒုလ္လဘရဟန်းဝတ်ရင်း တရားစခန်းကို ဝင်ခဲ့ပါသည်။

နေ့ဆွမ်းစားပြီးသောအခါ နားချိန်ရသည့်အတွက် ရိပ်သာ၏နောက် မလှမ်းမကမ်းတွင်ရှိသော လက်ပတောင်းတောင်ခြေသို့ သွားရောက်၍ ဆေးဖက်ဝင်အပင်များကို လိုက်လံရှာဖွေတူးယူကြသည်။

ဆေးဖက်ဝင်အပင်များမှာ **တောရှောက်ခါးပင်၊ ဒေသအခေါ် ညော်ခံပင်(ခေါ်) ဆေးရွှေဝါ(ခေါ်) သက်ရင်းကတိုးပင်၊ ရှဉ့်မတက်ပင်နှင့် ဒဟတ်ပင်တို့ဖြစ်သည်။**


စာရေးသူတို့ မသိရှိသည့် ဆေးဖက်ဝင် အပင်များလည်း အများအပြား ရှိနေပေလိမ့်မည်။





www.burmeseclassic.com

www.burmeseclassic.com






◆ တောရှောက်ခါးသီးနှင့် အရွက်အနီကောင်

ရိုသာအတွင်း စိုက်ထားသော ရှဉ့်တောက်ပင် ▶


◆ သက်ကြင်ကတိုးပင်နှင့်အရွက်





www.burmeseclassic.com

www.burmeseclassic.com



ရှည်မောက်ဦ

## လက်ပတောင်းတောင်မှ

## ဆေးဖက်ဝင်အပင်များနှင့် အသုံး

တောရှောက်ခါးပင်

တောရှောက်ခါးပင်မှာ အပင် သိပ် ကြီးတဲ့ အပင်လတ်မျိုး ဖြစ်သည်။ ရှောက်ပင်ကဲ့သို့ပင် ဆူးများ ပါရှိ အရွက်နှင့်အသီးများမှာ ရိုးရိုး ရှောက်ပင်မှ အရွက်နှင့် အသီးလောက် ကြီးပေ။ အသီးမှာ သဘော်ခံသီး ကောက်သာ ရှိသည်။

တောရှောက်ခါးပင်၏ လက်တွေ့ ဆေးဝင်ပုံကို တောင်ပလုရွာသစ်မှ လာဝတ်သော ဦးကျော်လွင် ပြ၍ သိခဲ့ရသည်။

ကိုယ်တိုင် လေငန်းရောဂါဖြစ်နေ **တောရှောက်ခါးပင်မှ အရွက်နှင့် အမြစ်၊ သနပ်ခါးပင်မှ အရွက်နှင့် အမြစ်၊ ဆေးဘိုအိုးအပင်မှ အရွက်နှင့်အမြစ်တို့ကို ဆတူရောပြီး ပေါင်းခံ၍ လိမ်းပေးသောကြောင့်** သူ့တွင် ဖြစ်နေသည့် လေငန်းရောဂါ ပျောက်ကင်းသွားကြောင်း ပြောပါသည်။

မုံရွာမြို့မှ ဒုလ္လဘဝတ်သော ဦးကျော်သူကလည်း တောရှောက်ခါး အမြစ်၊ ညှော်ခံမြစ် (ခေါ်) ဆေးရွှေဝါ မြစ် (ခေါ်) သက်ရင်းကတိုးမြစ်နှင့် ယူကလစ်မြစ်တို့ကို ဓားဖြင့် နုပ်နုပ်စဉ်းပြီး ထန်းလျက်အရက်ဦးရည်နှင့် စိမ်၍ လိမ်းပေးပါက ထုံနာကျဉ်နာနှင့် အဆစ်အမျက်ကိုက်ခဲခြင်းတို့ကို သက်သာ ပျောက်ကင်းစေသည်ဟု ပြောပါသည်။

မိုးကြိုးပြင်မြောက်ရွာမှ ဦးမြင့်ရွှေ ပြောပြသည်က **တောရှောက်ခါးသီးနှင့် ကျီးအာသီးအနှစ်ကို ထန်းလျက် အရက်ဦးရည်ဖြင့် စိမ်ပြီး လိမ်းပေးပါက** လေငန်းရောဂါနှင့် ထုံနာကျဉ်နာတို့ကို ပျောက်ကင်းသက်သာစေသည်ဟု ပြောပြပါသည်။

ညှော်ခံပင်(ခေါ်)ဆေးရွှေဝါပင်(ခေါ်) သက်ရင်းကတိုးပင်

အပင်လတ်မျိုးထဲမှပင် ဖြစ်သည်။ အရွက်မှာ သက်ရင်းကြီးအရွက်နှင့် ဆင်တူသော်လည်း သက်ရင်းကြီး အရွက်လောက် မကြီးပေ။

အပင်၏အခေါက်(အပွေး)သည် ပွသည့်အတွက် လက်ဖြင့် အသာဖိခြေရုံနှင့် ကြေမွသွားပေသည်။

အမြစ်၏အရောင်မှာ အဝါရောင်ဖြစ်သည်။ ဒေသခံများအနေနှင့် ထိခိုက်ဒဏ်ရာရပါက ထိုညှော်ခံမြစ်(ခေါ်) ဆေးရွှေဝါမြစ်(ခေါ်) သက်ရင်းကတိုးမြစ်အား သွေး၍ ထိခိုက်ဒဏ်ရာရသော နေရာကို လိမ်းလည်း လိမ်းပေးကာ

သောက်လည်း သောက်ပါက အနာ မန်းဝင်မည်ကိုလည်း မကြောက်ရဘဲ အနာ အမြန်ပျောက်ကင်းကြောင်း ပြောပါသည်။

တိုင်းရင်းဆေးဝါးများမှ ထုတ်လုပ်သော မန်းဆေးများထဲတွင် ညှော်ခံမြစ်(ခေါ်) ဆေးရွှေဝါမြစ်(ခေါ်) သက်ရင်းကတိုးမြစ်သည် အဓိကပါဝင်ပေသည်။

ရှဉ့်မတက်ပင်

ရှဉ့်မတက်ပင်မှာ နွယ်ပင်အမျိုးအစားထဲမှ ဖြစ်သည်။ နွယ်တွင် ဆူးလေးများ ပါရှိသည်။ ရှဉ့်မတက်ပင်၏ ဥမှာ သေးပြီး ရှည်လေသည်။

**ရှဉ့်မတက်ပင်၏ အသုံးဝင်ပုံမှာ** ရှဉ့်မတက်ဥကို အခြောက်လှန်း၍ အမှုန့်ပြုပြီး ပျားရည်နှင့်စိမ်၍ ဟင်းစားဇွန်းဖြင့် နံနက်တစ်ဇွန်း၊ ညနေတစ်ဇွန်း သောက်ပေးပါက အာရုံကြောများ ကောင်းမွန်ကာ သွေးသားသန့်စင်စေသည့်အပြင် ပန်းနာရင်ကျပ်ရောဂါကိုပါ သက်သာ ပျောက်ကင်းစေသည်။

ရှဉ့်မတက်ဥကို သုံးခွက်တစ်ခွက်တင်ကျိုပြီး နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် တစ်ဇွန်းသောက်လျှင် နှလုံးသွေးကြောကျဉ်းသည့် ရောဂါပင် ပျောက်ကင်းသည်။ ရှဉ့်မတက်ဥ တစ်ပိဿာကို သုံးထောင်ကျပ်နှင့် ရောင်းရကြောင်း သိရှိရပါသည်။

ဒဟတ်ပင်

ဒဟတ်ပင်သည် အပင်ကြီးမျိုး ဖြစ်သည်။ အရွက်၏ အောက်ဘက်သည် ကြမ်းသည့်အတွက် ကော်ပတ်အဖြစ် အသုံးပြု၍ရသည်။


အပွင့်မှာ အဖြူရောင်ရှိပြီး အဆုပ်လိုက်အခိုင်လိုက် ပွင့်သည်။ ဒဟတ်ပင်များမှာ ရိပ်သာအနီး၌ပင် ဒဟတ်တောကြီးကဲ့သို့ ဖြစ်နေလေသည်။

ဒဟတ်ခေါက်သည် ဆီးချိုရောဂါကို




ဒဟတ်ပွင့်များ

ဒဟတ်ရွက်အနီးကပ်



ဒဟတ်ခေါက်



www.burmeseclassic.com




ဦးမင်းကျော်ဝင်း

▲ ထန်းပင် အပေါ်ပိုင်း အခက်အလက်များ ဝေဆာနေပုံ

# ထူးခြားသည့် ဂျိုရုထန်းပင်

အုန်းပင်၊ ထန်းပင်၊ ကွမ်းသီးပင်၊ ပေပင် အစရှိသည့် အပင်အမျိုးအစားများမှာ ပင်စည်ထိုးတည်းဖြင့် အကိုင်းအခက် ဖြာထွက်ခြင်းမရှိဘဲ ကြီးထွားရှင်သန်သည့် သစ်ပင် အမျိုးအစားများပင်ဖြစ်ကြပါသည်။

▼ ထန်းပင် ပင်စည်အခြေရင်း





www.burmeseclassic.com

www.burmeseclassic.com



● ထန်းပင် အပေါ်ပိုင်း

သို့သော် သဘာဝနှင့် ဆန့်ကျင်သော၊ ဂမ္ဘီရဆန်သော ထန်းပင်တစ်ပင်ကို **မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ တံခွန်တိုင်ကျေးရွာရှိ လယ်ကွင်း၊ တွင် ပေါက်ရောက်နေသည်ကို** ထူးဆန်းအံ့ဩဖွယ် မြင်တွေ့ရပါသည်။

ထိုထန်းပင်မှာ **တံခွန်တိုင်ကျေးရွာ၏ အနောက်ဘက် တစ်မိုင်ခန့် အကွာရှိ လယ်ပိုင်ရှင်(ဦးပါရင်)၊ ဒေါ်သင်းညွန့်တို့ ပိုင်ဆိုင်သော လယ်ကွင်းထဲတွင်** မြင်တွေ့ရပါသည်။ ထိုထန်းပင်၏ အမြင့် (၁၂)ပေခန့်အကွာတွင် ပုံတွင် မြင်တွေ့ရသည့်အတိုင်း ပဒေသာပင်ကဲ့သို့ အခက်အလက် (၁၁)ခုဖြင့် ဖြာထွက်နေပါသည်။

ထူးခြားဆန်းကြယ်စွာ အခက်အလက်များ ဖြာပြီးထွက်နေသည့်အပြင် အပင်အောက်ခြေမှလည်း သားတက်ပင်ငယ်ကလေးတစ်ပင် ထပ်မံထွက်ရှိနေသည်ကို လူအများ အံ့ဩစွာဖြင့် လာရောက် ကြည့်ရှုကြပါသည်။ ထိုသို့ ထူးခြားသည့် ထန်းပင်ကို စာဖတ်သူများ တွေ့မြင်သိရှိနိုင်ရန် ဓာတ်ပုံနှင့်တကွ တင်ပြလိုက်ပါသည်။

**ဦးမင်းကျော်ဝင်း**

စာမျက်နှာ (၁၂၄)မှ အဆက်

သက်သာပျောက်ကင်းစေသည်။ ထို ရိပ်သာမှ ဆရာတော်တစ်ပါးက ဆရာဝန်ကြီးတစ်ဦး၏ ဖခင်ဖြစ်သူမှာ ဆီးချိုရောဂါဖြစ်နေသောကြောင့် ရိပ်သာသို့ လာ၍ တရားအားထုတ်ရင်း ဒဟတ်ခေါက်ကို ကျိုသောက်သဖြင့် ဆီးချိုရောဂါသက်သာပျောက်ကင်းသွားကြောင်း ပြောပါသည်။

နဂါးတွင်းကျေးရွာမှ ဒေါ်ခင်စန်းမြင့်ဆိုသော အမျိုးသမီးကြီးမှာလည်း ဆီးချိုရောဂါဖြစ်နေသည်မှာ (၅)နှစ်ကြာနေပြီဖြစ်သည့်အတွက် အိပ်ရာထဲမှ မထနိုင်ဘဲ ရှိနေလေရာ သူ၏ မိသားစုများကပင် သူမအား စွန့်ပစ်ကြရတော့မည့် အခြေအနေသို့ ရောက်နေသည်။

သို့သော်လည်း ဒဟတ်ခေါက်အား ကျိုသောက်ရန် ဆေးနည်း ရသောကြောင့် ဒဟတ်ခေါက်ကို သောက်ခဲ့သဖြင့် ဆီးချိုရောဂါ သက်သာပျောက်ကင်းသွားခဲ့ကြောင်းကို (၂၀၁၁)ခုနှစ်၊ ဇူလိုင်လ အမှတ်(၃၀၀)(၂၅)နှစ်ပြည့် အထူးထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲတွင် စာရေးသူ ရေးသားဖော်ပြခဲ့ပါသည်။

ဆီးချိုရောဂါအပြင် ဝမ်းကိုက်ရောဂါ ဖြစ်နေပါကလည်း ဒဟတ်ခေါက်ကို ဆားအနည်းငယ်ထည့်ပြီး သွေး၍ သောက်ပါက ဝမ်းကိုက်ရောဂါသက်သာပျောက်ကင်းကြောင်း သိရှိရပါသည်။

စာရေးသူတို့သိရှိရသော ဆေးအသုံးမှာ ဤမျှသာ ဖြစ်သော်လည်း စာရေးသူတို့ မသိရှိသည့် ဆေးအသုံးလည်း များစွာ ရှိနေဦးမည် ဖြစ်ပါသည်။

**မောင်မောင်ထွန်း(မုံရွာ)**



www.burmeseclassic.com

www.burmeseclassic.com

ကျော်ကြားဆောင်းပါး

## အသည်းရောဂါအတွက်ကိုယ်တိုင်ကုသထုတ်လုပ်ထားတဲ့

# မင်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၈၁၃ ^ ၀၁၀၆၇၂) (တအဝက(စာနယ်ဇင်း) ၀၀၇/၁၂၁၂) ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့် အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံ ရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူ၍ မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက်အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းအောင့်၏။ ပျို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ်မရှိ ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။ မျက်စိနှင့်အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ ရံခါဝမ်းချုပ်၍ မိမိ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်ကုန်လာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ ပိန်လာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အစာအိမ်ရောဂါလို့ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဓာတ်စစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို ဒုက္ခပေးသော ကျော်ကျော်နှိပ်စက်နေသော အနီးရန်သူသည် B-ပိုး ဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ နွေခေါင်ခေါင် မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ဗရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက ''ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်






www.burmeseclassic.com

www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ ''ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်''ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူး ဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်၊ ဆရာထံရောက်တော့ ''ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး''လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ ''ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ''ဆိုမှ ''ဩော် မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ'' ''ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ'' ''ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ'' ''ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ'' ''အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော် လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး''

''ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရောကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ ''ဟာ... ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ'' ''ဖော်မြူလာဆရာက ပေးမှာလား၊'' ''ပေးပါ့ဗျာ၊ ပေးပါ့ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်'' ''မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ''

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက်အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့် မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး ပါး လိုက်ပါသည်။

**ဦးအိုက်စံ (လားရှိုး)**

ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့်
အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။

ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ်(ဆ/၃၆၀)၊ သုနန္ဒာ(ဂ)လမ်း မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၂ ၄၁၀၉၄

ရှမ်းပြည်နယ်ဖြန့်ချိရေး-
အမှတ်(ည/၉)၊ ဘူတာလမ်း၊ ရပ်ကွက်-၁၀၊ လားရှိုးမြို့။
ဖုန်း-၀၈၂ ၂၆၂၉၁၊ ၀၉ ၄၇၃ ၂၂၂၁၃။

www.burmeseclassic.com

ဝက်လက်မှအပြန် မုံရွာသို့ ကူးကာ မဟာလယ်တီတိုက် ဒေါ်မေအုတ်ကျောင်းသို့ ဝင်ရောက်စဉ် တွေ့မြင်ခဲ့ရခြင်းဖြစ်သည်။

# ဒေါ်မေအုတ်ကျောင်း၌ မြင်တွေ့ခဲ့ရသည့်

## ထူးခြားဝတ္ထုပစ္စည်းများ

စင်ဦးငယ်



◆ ကျန်းမာရေးအတွက် ဆုတောင်းမှုအောင်ကြသော ရွှေဂူနီဘုရားပုံစံတူ ဆင်းတုငယ်

### ကျန်းမာရေးယတြာ

ကျောက္ကာ ရွှေဂူနီရုပ်ပွားတော် ကိုယ်စား ထုလုပ်ကာ ကျန်းမာရေး ကောင်းမွန်၍ ရောဂါဘယများ ကင်းပ စေရန် ပူဇော်ယတြာပြုထားခြင်း ဖြစ်သည်။

**ကျောက္ကာရွှေဂူနီ မြတ်စွာဘုရား၏ မျက်စိပေါ်မှာ ကပ်လျက်လို ... မျက်လုံးတော်အား ... နားပေါ်မှာအတွက် နား ... နှလုံးရောဂါအတွက် နှလုံး ... ရင်ဘတ်တော် ... အစိတ်အပိုင်းတွင် ရွှေသက်န်း ... ရှိကြသည်။**

နေရာ၊ ကိုယ်အင်္ဂါအစိတ်အပိုင်း အတိအကျ မဖော်ပြနိုင်သော ဝေဒနာများ(ဥပမာ **ခန္ဓာကိုယ်အနှံ့ ထုံကျဉ် ကိုက်ခဲ အကြောတက်ခြင်း**)တို့ အတွက် ရုပ်ပွားတော်တစ်ဆူလုံးအား ... ရွှေသင်္ကန်း ကပ်လှူရပေမည်။

မူလ ကိုယ်စားတော်ကြီးမှာ ဉာဏ်တော်အမြင့် အတန်ပင် မြင့်မားသော ရုပ်ပွားတော်ကြီး ဖြစ်လေရာ ဝန်နှင့်အားနှင့် ချင့်ချိန်၍ မိမိတတ်နိုင်သော အရွယ် ပုံစံတူ ပြုလုပ်၍ ရွှေချပူဇော်ခြင်း ဖြစ်လေသည်။

### ဓာတ်သားဘုရား

ဒေါ်မေအုတ်ကျောင်းမှ အရှင် ... ရမှာ အဂ္ဂိရတ်ဝါသနာ ထုံ ... အတန်အသင့် လေ့လာလိုက် ...ရှိသူဖြစ်သည်။ ဝါသနာတူ ...ဝါသနာရှင်များထံမှ နည်းယူ ...သော ဓာတ်သားမှာ လိုရာ ... ရောက်သဖြင့် ညတွင်းချင်း




www.burmeseclassic.com

www.burmeseclassic.com

လုံခွဲ၍ ပြန်ထိုးရန် စိတ်ကူးမိသော်လည်း စိတ်ပြောင်းကာ ကျိန်းစက်လိုက်သည်။

နံနက်လင်း၍ လုံခွဲကြည့်ရာ တင်ပျဉ်ခွေရုပ်ပွားပုံတော် ပေါ်နေသဖြင့် ကြုတ်တွင်းထည့်ကာ ပူဇော်ထားသည်မှာ တစ်နှစ်နီးပါး ရှိပြီဖြစ်ကြောင်း သိရသည်။



◆ တင်ပျဉ်ခွေ ဆင်းတုပုံ ပေါ်နေသော ဓာတ်သား

## ဗုဒ္ဓပူဇာသဘင်


ရှေးစေတီဟောင်း တစ်ဆူမှရသော ဌာပနာပစ္စည်းများ ဖြစ်ဟန်ရှိသည်။ မဟာလယ်တီတိုက် ရှစ်မျက်နှာစေတီမှ ရရှိသည်။ လက်အုပ်ချီပူဇော်နေသော ရဟန်းတော်များ ရုပ်တုကို အမြင့်ထက် တင်ထားသည်။ ဝါစဉ်ကြီးငယ် သံဃာ နှစ်ပါး ဖြစ်ပုံရသည်။

ထို့နောက် မကိုဋ် သရဖူ ဆောင်းကာ လေးကိုင် ပူဇော်နေသော မင်း၊ ဆွမ်းအုပ်ကိုင်ကာ ပူဇော်နေသော မိဖုရား၊ သပိတ်ကိုယ်စီကိုင်၍ ပူဇော်နေသော ဝန်ဦးပေါင်းဆောင်း ရုပ်တု နှစ်ခုတို့ဖြစ်သည်။


ဘုရားရှင်အား အဖူးအမြော် ကြွလာသည့် မင်း၊ မိဖုရား၊ ဝန်မင်း အခြွေအရံရုပ်များ ဖြစ်နိုင်ပါသည်။ စည်းစိမ်အရှိန်အဝါ ဟည်မြဲ၍ သာသနာပြု မင်းကောင်းမင်းမြတ် ဖြစ်စေရန် ရည်ရွယ်ကာ ဌာပနာ ပူဇော်သော အစီအရင် ရုပ်တုများဖြစ်ကြောင်း ခန့်မှန်းရသည်။

သမိုင်းပြခန်းများတွင် စေတီဟောင်းများမှ ထွက်ပေါ်လာသော ရှေးရုပ်တု ရုပ်ပွားများစွာ လေ့လာခဲ့ရသည်တွင် ဤကဲ့သို့ ပုံစံရုပ်တုများ မတွေ့မမြင်ခဲ့ဘူးပါ။ ရှားပါးသော ပုံဟန်များ ဖြစ်ကြပါသည်။

◆ ဤသို့လျှင် ဘုရားရှင်ရှေ့တော် အရောက် ပူဇော်ဟန် ဖြစ်နိုင်သည်



◆ သံဃာနှစ်ပါးနှင့် မင်း၊ မိဖုရား၊ ဝန်မင်းတို့ ဘုရားပူဇော်ရန် ရောက်ရှိပုံ



www.burmeseclassic.com


www.burmeseclassic.com

## ဝါးအမြုတေ
## လ ဘ်ပွင့်
## အဆောင်

အရှင်သီလာစာရ အား ဒါယကာ တစ်ဦး ကပ်လှူထားခြင်း ဖြစ်ပါသည်။ **ဝါးအတွင်း အကန့်ငယ်အကွေးကြောင်း ပါသော ဝါးဆစ်ဖြစ်သည်။**


လာဘ်လာဘ ရွှင်လန်းစေရန် အဆောင်ပြုရာ၌ ဝါးလုံးနှင့် အမြုတေ တစ်သားတည်း ရှိရပါမည်။ သီးသန့်ခွဲထွက်နေသော အမြုတေ မဖြစ်ရပါ။

ထိပ်ဝမှ ကြည့်လျှင် အလယ်၌ သီးခြားဖြစ်နေပါက မီးကွင်းခြင်း၊ ဘေး အန္တရာယ် ကင်းဝေးခြင်း အဆောင် အဖြစ် သုံးနိုင်ပါသည်။




▲ ဝါးလုံးနှင့် တစ်ဆက်တည်းသော အမြုတေ

▼ အဝင်တံခါးပေါက်တွင်၊ အထက်၌ ကန့်လန့်ထားရသည်






ယခုတွေ့ရသော ဝါးမှာ အဆစ်အစမှ အဆုံးတိုင် နံဘေးဝါးနံရံနှင့် တစ်ဆက်တစ်သားတည်း တည်ရှိရပါသည်။ လာဘ်ရွှင်လိုလျှင် အဓိက ဝင်ပေါက်တံခါးမ၏ အထက် အတွင်းဘက်သို့လှည့်၍ ကန့်လန့် ချိတ်ဆွဲထားရသည်ဟု သိရပေသည်။

ဇင်ညိုငယ်

www.burmeseclassic.com

သရာကြီးဦးအောင်မြိုင်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

# လက္ခဏာပဟေဠိ

အဖြေညှိကြစို့


ယခုလအတွက် ဖော်ပြပေးလိုက်တာကတော့ **အသက် (၆၀)ဝန်းကျင် အမျိုးသားတစ်ဦးရဲ့** ညာလက်ဖဝါးပြင်ဖြစ်ပါတယ်။ လက်ဖဝါးပြင်ပုံစံကို သေချာလေ့လာစစ်ဆေးပြီးမှ အောက်ပါမေးခွန်းများကို ဖြေကြည့်ပါ။

၁။ စာရေးဆရာ၊ စာပေ၊ စာနယ်ဇင်း လုပ်ငန်းမျိုးနဲ့ အကျိုးပေးနိုင်ခြင်း အောင်မြင် ထင်ရှားနာမည်ကြီးနိုင်သလား။ ဘာ ကြောင့်လဲ။

၂။ ဗေဒင်လက္ခဏာ ကံကြမ္မာ ဟောပြောတဲ့ အလုပ်မျိုးလုပ်ရင် နာမည်ကျော်ကြား အောင်မြင်နိုင်မလား။ ဘာကြောင့်လဲ။

၃။ ဝန်ထမ်းအလုပ်နဲ့ ရေရှည်အကျိုးပေး တိုးတက်ကြီးမြင့်နိုင်ပါသလား။ ဘာ ကြောင့်လဲ။

မိမိတို့ရဲ့ အဖြေလွှာများကို အကြောင်းပြချက်နဲ့တကွ သီးခြား စာရွက်လွတ်မှာ ရေးမှပ်ပြီးမှ ပဟေဠိအဖြေနဲ့ ညှိနှိုင်းတိုက်ဆိုင်ကြည့်ရင်တော့ လက္ခဏာပညာဒိုက်တ ပိုမိုတိုးပွား ရရှိကြပါလိမ့်မယ်။





> ပဟေဠိ အဖြေများကို စာမျက်နှာ( ၁၃၅ )တွင် ကြည့်ရှုပါရန်။


ပဟေဠိ အဖြေများကို စာမျက်နှာ( ၁၃၅ )တွင် ကြည့်ရှုပါရန်။



www.burmeseclassic.com

www.burmeseclassic.com




# တရုတ်ကြိုးထုံးပညာ (၈၇)

ဟူကွင်းဇီ

ယခင်လမှ အဆက်

## အခြေခံ ကြိုးထုံးနည်း(၈၇)

兔宝宝 Tù Bāo Bāo

ဘုပေါင်းပေါင် ယုန်ရုပ်ကလေး


**'ပေါင်းပေါင်'**(Bāo Bão) ဟူသည် အမြွတ်တနိုး တန်ဖိုးထားရသော ရတနာပစ္စည်းဟု အဓိပ္ပာယ်ရရှိ၍ ကလေးသူငယ်များအတွက်မူ ချစ်ဖွယ် အရုပ်ကလေးများကို ဆိုလိုခြင်းဖြစ်သည်။


ထို့ကြောင့် ယုန်ရုပ်ကလေး သို့မဟုတ် အမြွတ်တနိုး တန်ဖိုးထားရသော ရတနာယုန်ပုံစံ ကြိုးချည်နည်းဖြင့် ထိုးထားသော အရုပ်ကို မိမိနှစ်သက် တန်ဖိုးထားရသူအတွက် လက်ဆောင်ပဏ္ဏာအဖြစ် အလိုရှိသလို အသုံးပြုနိုင်ကြပေသည်။

**ပုံ(၁)** လိုအပ်သော ပစ္စည်းများဖြစ်သည်။

- ✤ လက်ကောက်အဖြစ် သုံးရသော သတ္တုကွင်း သုံးကွင်း။
- ✤ မျက်စိအဖြစ် ကြယ်သီးအမည်းနှစ်လုံးကို ပိတ်စအဖြူ သို့မဟုတ်
















www.burmeseclassic.com


www.burmeseclassic.com


ပုံ-၆


ပုံ-၇


ပုံ-၈


ပုံ-၉


ပုံ-၁၀


ပုံ-၁၁

ပလတ်စတစ်အဖြူတွင် ကော်ကပ်ထားပါ။

✤ နှာခေါင်းအဖြစ် ကြယ်သီးအမည်း တစ်လုံး။

✤ ပါးစပ်အတွက် ချည်ကြိုးအနီရောင်။

✤ သီကုံးရန် ကြိုးစများ ဖြစ်ပါသည်။

ပုံ(၂) သတ္တုကွင်း နှစ်ကွင်းကို နားရွက်ပုံစံ ကွေးပါ။ တစ်ကွင်းကို မျက်နှာပုံစံ ကွေးပါ။

ပုံ(၃) နားရွက်တစ်ဖက်တွင် ငြိမ်းချမ်းရေးကြိုးထုံးနည်းဖြင့် (၂၅)ကြိမ်မျှ ထုံးပါ။

ပုံ(၄) ယင်းမှ မျက်နှာပုံ သတ္တုကွင်းတွင် (၃)ကြိမ် ဆက်၍ထုံးကာ ကျန်နားရွက်တစ်ဖက်ကို ဆက်ထိုးပါ။

ပုံ(၅) လက်ဝဲဘက် နားရွက်တွင် (၂၅)ကြိမ် ထုံးပြီးနောက်...

ပုံ(၆) မျက်နှာပုံစံတွင် သုံးကြိမ် ဆက်ထုံးပါ။

ပုံ(၇) မျက်နှာပုံ သတ္တုတွင်း၌ ဝဲ,ယာ အကြိမ်(၂၀)စီမျှ ဆက်ထုံးပါ။

ပုံ(၈) နားရွက်အတွင်းဖြည့်ရန် အရောင် အနည်းငယ်ကွဲသည့် ကြိုးဖြင့်


ပုံ-၁၂




www.burmeseclassic.com

www.burmeseclassic.com

(၆)ကြိမ်မျှ အလွတ်ထိုးပါ။ နားရွက် နှစ်ဖက်အတွက် နှစ်ချောင်းထိုးပါ။
ပုံ(၉) နားရွက်ပုံစံအတွင်း ဖြည့်သွင်းပါ။
ပုံ(၁၀) မျက်နှာပုံစံအတွင်း ဖြည့်ရန် (၆၅)ကြိမ်မျှ ထိုးထားပါ။
ပုံ(၁၁) မျက်နှာပုံစံတွင် ဖြည့်သွင်းပါ။
ပုံ(၁၂) မျက်စိ၊ နှာခေါင်း၊ ပါးစပ် များတပ်ကာ နှုတ်ခမ်းမွေးအတွက် ကြိုး အမည်းသုံးချောင်း လျှိုသွင်းပါ။
ပုံ(၁၃) ယုန်ရုပ်ကြိုးထုံး အဆင်တန်ဆာကလေး ရပါပြီ။အလိုရှိရာ အသုံးပြုကြပါ။

ပုံ-၁၃



ဟူရျင်းဇီ

စာမျက်နှာ (၁၃၂)မှ အဆက်

**လက္ခဏာပဗေဒ၏ အဖြေများ**

**၁။ စာရေးဆရာ၊ စာပေ၊ စာနယ်ဇင်း အလုပ်မျိုးနဲ့ အကျိုးပေးနိုင်ခြင်း။ အောင်မြင်ထင်ရှား နာမည်ကြီး နိုင်ခြင်း ရှိပါတယ်။**

ဘာကြောင့်လဲဆိုရင်တော့...

ဦးခေါင်းလမ်းကြောင်း ဖြောင့်တန်း ရှည်လျားပြီး အဆုံးမှာ **အဖူးအငုံ အကော်တမျိုးရှိခြင်း(က)**၊

အတွေးအခေါ်ကောင်း၊ အရေးအသားကောင်း။

**လက်သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခုံမှာ ဒေါင်လိုက်မျဉ်းမတ်များရှိ။** အရေးအသားကောင်း၊ အပြောအဟောကောင်း၊ ဉာဏ်ကောင်း လှုပ်ရှားတက်ကြွ(ခ)။

လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခုံမှာ အောင်မြင်ရေးလမ်းနဲ့ အကူလမ်းရှိ(ဂ)၊ အောင်မြင်ကျော်ကြား ကူညီပံ့ပိုးပေးမယ့်သူတွေရှိ စတာတို့ကြောင့် ဖြစ်ပါတယ်။

* * *

**၂။ မေဒင်လက္ခဏာ ကံကြမ္မာဟော ပြောတဲ့ အလုပ်မျိုးလုပ်ရင် နာမည်ကျော်ကြား အောင်မြင် နိုင်ပါတယ်။**


ဘာကြောင့်လဲဆိုတော့...

လက်ညှိုးအောက် ကြာသပတေး ဂြိုဟ်ခုံမှာ လျှို့ဝှက် **မဟော်သဓာ လက်စွပ်(ဆော်လမွန်ကွင်း)** ရှိခြင်း။ ***(ဆရာအလုပ်အကျိုးပေး)*( င )**။

လက်ညှိုးလက်ချောင်းက လက်ခလယ်လက်ချောင်းဘက် ယိမ်းယိုင်နေခြင်း***(ဘာလုပ်လုပ် အောင်မြင်ကျော်ကြား)*(ဃ)**။

ထို့ပြင် နံပါတ်(၁)မှာ ဖော်ပြခဲ့သော **(က)၊ ( ခ )၊ ( ဂ )**တို့ကြောင့်လဲ ဖြစ်ပါတယ်။

* * *




**၃။ ဝန်ထမ်းအလုပ်နဲ့ ရေရှည် အကျိုးပေး တိုးတက်ကြီးမြင့်နိုင် ခြင်း မရှိပါဘူး။**

ဘာကြောင့်လဲဆိုတော့...

ဦးခေါင်းလမ်းကြောင်း အဖျားနဲ့ အသက်လမ်းကြောင်း အဖျားတို့ဟာ (၁)စင်တီလောက် ကွာဟနေခြင်း၊ **(လွတ်လပ်မှု နှစ်သက်၊ အချုပ်အချယ် မခံနိုင်၊ အထက်ကို မဖား။ တဲ့တိုးပြောတတ်၊ မိမိကသာ နေရာတကာ ဆရာလုပ်ဦးဆောင်ချင်၊ မိမိအပေါ် ဆရာလုပ်တာ၊ ဦးဆောင်တာမလိုလား၊ မဟုတ်မခံ ပြန်လှန်ပြောတတ်)( စ )** အဲဒီအကျင့်စရိုက်တွေက ဝန်ထမ်းအလုပ်တွေနဲ့ မကိုက်ညီဘူး။


* * *




***လက္ခဏာပညာသုတ တိုးပွားကြပါစေ***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

ဆရာကြီး ဦးအောင်မြိုင် (ဥပဒေဒ)
လက္ခဏာမေဒင်ပညာသုတေသီ






www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အမျိုးသမီးများ သွေးသားမှန်ကန်ပြီး စိုပြည်လှပဖို့ဆိုရင်

# တင်တင်အောင်

အမှတ်တံဆိပ်

# အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေး

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀ရ၉၈၈)

'ဣတ္ထိယ မိန်းမတို့၏ ဥစ္စာခနကား အဆင်းတည်း''ဟု လောကနီတိဆရာများက အဆိုရှိပါတယ်။ အမျိုးသမီးတိုင်း ရွှင်လန်းကျန်းမာပြီး စိုပြည်လှပဖို့ဆိုရင် သွေးစ၊ သွေးလယ်၊ သွေးဆုံး အရွယ် (၃)ပါးလုံး ဓမ္မတာရာသီပန်း တစ်လတစ်ကြိမ် မှန်မှန် ပွင့်လန်းဖို့လိုပါတယ်။

အမျိုးသမီးများအနေနှင့် ကိုယ်ဝန်ဆောင်စဉ်ကာလ၊ သားဖွားပြီးစ ကာလများမှလွဲ၍ လစဉ် ဓမ္မတာ မှန်မှန်လာဖို့ လိုပါတယ်။ မီးယပ်ထိမ် ငုပ်၊ ချုပ်၊ ကျန် ဖြစ်ခဲ့လျှင် အသားအရေ ညိုညစ်ညစ်နှင့် ယဉ်ဆိုသမျှ ပင်ကိုအလှများ ပျောက်ကွယ်တတ်ပါတယ်။

ဒါဆိုရင် မီးယပ်သွေးပေါ် ဆေးကောင်းတစ်လက် သုံးစွဲဖို့ လိုနေပြီ ဖြစ်ပါတယ်။ မီးယပ်သွေးပေါ်ဆေး အမျိုးမျိုးထဲက ဘယ်ဆေး အကောင်းဆုံးလဲလို့ မေးလာခဲ့ရင် အမျိုးသမီးများ မီးယပ်သွေးပေါ်ဆေးကို အမျိုးသမီးတိုင်းရင်းဆေးဆရာမ ဒေါ်တင်တင်အောင်(တဆ-၄၉၅၃)ကိုယ်တိုင် စီမံထုတ်လုပ်တဲ့ ဒေါ်တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ အကောင်းဆုံးပဲလို့ ပြောလိုက်ပါရစေ။




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၁/၀၅၁၃

တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ ဘယ်လိုရောဂါ တွေအတွက် သုံးစွဲနိုင်သလဲဆိုရင် မီးယပ်မမှန် ထိမ်ကျန်၊ ငုပ်ခြင်း၊ နည်းခြင်း၊ အတုံးအခဲများ ဆင်းသက်ခြင်း၊ ရာသီသွေးပေါ်ခါနီးနှင့် ဖြစ်ပေါ်ဆဲ အချိန်အခါများ တွင် ခါး၊ ရင်၊ ဆီးစပ် ကိုက်ခဲသူများ ဓမ္မတာမလာမီ (၃)ရက်ဆက်၍ တစ်နေ့ (၂)ကြိမ် သောက်နိုင်သလို ရာသီသွေးပေါ်ရမည့်ရက်ထက် တစ်ပတ် (သို့မဟုတ်) အရက်နဲ့ နှစ်ပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက်နိုင်ပါတယ်။

သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက် နိုင်ပါတယ်။ သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်ခါသောက် ဆေး(၅)ပြား တစ်နေ့ (၃)ကြိမ် (၃)ရက် ဆက်ပြီး(ချင်း+ထန်းလျက်+ကွမ်းရွက်ပြုတ်ရည်) (သို့မဟုတ်) အရက်နဲ့ သောက်မယ်ဆိုရင် ဓမ္မတာပန်း ပွင့်လန်းလာပါလိမ့်မယ်။

သွေးမသန့်ခြင်း၊ သွေးပုပ်ကျခြင်း၊ မီးယပ်ကွက်များပေါ်ခြင်း၊ အသားအရေ ညစ်ထေးမွဲခြောက်ပြာ နှမ်းခြင်း၊ ကိုယ်ခန္ဓာနုံ့ပြင်းခြင်း ဖြစ်နေသူ များ တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား ရေနွေးနဲ့သောက်ရင် အသားအရေ စိုပြည်သန့်ရှင်းပြီး ကိုယ်ခန္ဓာရနံ့ပြင်းခြင်းမှ ကင်းဝေးစေပါတယ်။

အိမ်ထောင်ရှင်အမျိုးသမီးများ သား သမီးဝေးလိုပါက ဓမ္မတာပေါ်မည့်ရက် မတိုင်မီ (၃)ရက်ကြိုတင်ပြီး တစ်နေ့ (၂)ကြိမ် (၃)ရက်ဆက် ရေနွေးနဲ့ သောက် ပါ။ ဓမ္မတာပေါ်ပြီး နောက်တစ်ပတ်အကြာ တွင် တစ်နေ့ (၂)ကြိမ်၊ (၃)ရက်ဆက် ရေနွေးနဲ့သောက်ပါ။ ဓမ္မတာပေါ်ပြီး (၃)ရက်ဆက်သောက်လျှင် သားသမီးဝေး ပြီး နုပျိုဖွံ့ဖြိုး အလှတိုးစေပါတယ်။ မီးမကင်ဆေးအဖြစ် မီးတွင်းကာလတွင် (၁)ရက်ခြား ဆေးတစ်ခွက်နှုန်း (၃)ခွက် ပြည့်အောင် သောက်ပါ။ သွေးပုပ်၊ ချွေးပုပ်၊ အခိုးပုပ်များ ကင်း စင်ပြီး တစ်သားမွေး တစ်သွေးလှစေပါတယ်။

အသက် (၄၀)ဝန်းကျင် ရောက်ရှိလာသူ အမျိုးသမီးများ သွေးပေါ်ချည်တစ်ခါ၊ ငုပ်ချည်တစ်လှည့် သွေးကစားခြင်း၊ ခု လိုက်ပူလိုက်ဖြစ်ခြင်း၊ အပူဒဏ်၊အအေးဒဏ် မခံနိုင်ခြင်း သွေးဆုံးရောဂါ ဖြစ်နေသူများ တစ်နေ့တစ်ကြိမ် မှီဝဲသုံးစွဲပါက သွေးဆုံးမီးယပ်ရောဂါ ကင်းဝေးစေပါတယ်။

အမျိုးသမီးရောဂါမှန်သမျှ အမျိုးသမီးတိုင်းရင်းဆေးဆရာမ ဒေါ်တင်တင်အောင်နဲ့ ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေးပြီး ဆေးကုသမှုခံယူလိုက်မယ်ဆိုရင် အမျိုးသမီးရောဂါများသက်သာ ပျောက်ကင်းကာ အနာဂတ်ဘဝ သာယာစိုပြည်သွားမှာပါ။

**ဆရာမ ဒေါ်တင်တင်အောင်**
**ဟိဏ်းထက်အောင် ဆေးတိုက်**
အမှတ် (ဆ/၂၆၁)၊ ကရဝိက် (၁)လမ်း၊ ဆရပ်ကွက်၊
(မြောက်ဥက္ကလာပဆေးရုံကြီးအနီး) မြောက်ဥက္ကလာပမြို့နယ်

မေမြတ်နိုးဦး (ဝိဇ္ဇာ/သိပ္ပံ)



www.burmeseclassic.com

www.burmeseclassic.com



◆ လုံခင်းရွာနဲ့ လုံပေါ်ကျောက်တောင်ကြီး အား အဝေးမှ မြင်ရစဉ်

မင်းတပ် ဦးအောင်ခင်

ချင်းပြည်နယ်

# လုံခင်းရွာအနီးက

## ထူးဆန်းတဲ့ ကျောက်တောင်

ချင်းပြည်နယ်တောင်ပိုင်း မင်းတပ် မြို့ ခရိုင်ပြန်ကြားရေးနဲ့ ပြည်သူ ဆက်ဆံရေးဦးစီးဌာန ခရိုင်စာကြည့် တိုက်မှာ စာအုပ်ကောင်းတွေ စုံလင် အောင် ရှိပါတယ်။

ကျွန်တော်တို့ စာပေဝါသနာရှင်များ ကိုယ်ပိုင် လက်လှမ်းမမီတဲ့ တန်ဖိုး ၃၀၀၀၊ ၄၀၀၀၊ ၅၀၀၀ တန်တဲ့ စာ အုပ်တွေ ရှိပါတယ်။ စာရေးသူ အမြဲ ငှားရမ်းဖတ်ရှုနေပါတယ်။

တစ်ရက်မှာ စာအုပ်များပို့ပြီး ငှားရမ်း ဖို့သွားတဲ့အခါ အောက်ထပ် ဓာတ်ပုံ ခန်းမှာ ဓာတ်ပုံဆရာ ဦးလောတန်နဲ့ သွားရောက်တွေ့ဆုံပြီး စကားပြောဖြစ် ပါတယ်။

ဦးလောတန်ကလဲ ကင်မရာတစ်လုံး နဲ့ အမြဲတမ်းလို အပြင်ထွက်ပြီး သွား နေတာများတဲ့အတွက် ကြုံကြိုက်တုန်း ဝင်ရောက် တွေ့ဆုံတာ ဖြစ်ပါတယ်။

ဦးလောတန်က သွားရင်းလာရင်းနဲ့ ရှုမျှော်ခင်းကောင်းများ၊ ဂမ္ဘီရဆန်သော အရာဝတ္ထုများ၊ ချင်းတိုင်းရင်းသားရိုးရာ ဝတ်စုံနဲ့ ဓလေ့ထုံးစံများကို ဓာတ်ပုံနဲ့ မှတ်တမ်းတင်ထားလေ့ ရှိပါတယ်။

တစ်ရက်မှာတော့ ပြည်နယ်ဝန်ကြီး ချုပ် ခရီးစဉ်နဲ့အတူ မင်းတပ်မြို့မှ မတူပီ–ဟားခါးလမ်းသို့ လိုက်ပါသွား ပါတယ်။ မင်းတပ်–မတူပီ–ဟားခါး ခရီးစဉ်အတိုင်း ကားနဲ့သွားရင်း ဟား ခါးမြို့သို့ ရောက်ခါနီး မိုင်(၃၀)ခန့် အကွာမှာ လမ်းရဲ့ လက်ယာဘက် **လုံခင်းရွာ** (LUNG KHY KHUA) အနီးက **လုံဟောပေါ်တောင်**(LUNG





စာမျက်နှာ (၁၄၁) သို့

www.burmeseclassic.com

# ပွင့်လန်းအောင်မြင်လိုကျွင်

အောင်ဆိုမြင့်
(နေပြည်တော်)


## သွပ်လုံးဆင်

'လူလေး မင်းကိုကြည့်ရတာ လောကကြီးထဲမှာ မနေချင်လောက်အောင်ဘဲ စိတ်ပျက်ဝမ်းနည်းနေတဲ့ပုံပဲ။ လောကကြီးထဲမှာ လူ့ဘဝဆိုတာ နေတတ်ရင် ပျော်ရွှင်စရာ အကောင်းဆုံးပါပဲကွာ။ လူလေးအနေနဲ့ မခက်ခဲဘူးဆိုရင် အဘကို လူလေး ခံစားနေရတာတွေကို ပြောပြစမ်းကွာ။

လူတွေရဲ့ ပေါင်းသင်းဆက်ဆံရေးဟာ ကိုးကွယ်တဲ့ ဘာသာနဲ့လဲ မဆိုင်ဘူး၊ လူမျိုးနဲ့လဲ မဆိုင်ဘူး။ မိမိရဲ့ မူလဗီဇနဲ့ အတွေးအခေါ် စိတ်ရင်းစိတ်ဓာတ်နဲ့ပဲ ဆိုင်တယ်။ တို့ ဗုဒ္ဓဘုရားဟောကြားခဲ့တဲ့အတိုင်း အားလုံးဟာ သင်္ခါရတွေပါပဲကွာ။ ဖြစ်ပြီးရင် ပျက်ကြမှာပါပဲ။ ဘယ်အရာမှ မတည်မြဲပါဘူး။

လူလေး ဘဝမှာ အလုပ်မကြိုးစားလို့လား၊ ကံမကောင်းလို့လား၊ လမ်းမှားကို လျှောက်မိလို့လားလို့ အဘက မေးတာပါ။ အလုပ် မကြိုးစားမိလို့ ဆင်းရဲတာဆိုရင်တော့ အလုပ်ကို ကြိုးစားလုပ်ပေါ့ကွာ၊ ပြင်ချိန် ရပါသေးတယ်။ ကံမကောင်းလို့ဆိုရင်တော့ ကံကောင်းအောင်လုပ်လို့ရတဲ့ အချက်တွေ ရှိပါတယ်။ အဘက လမ်းညွှန်မှာပေါ့။ လမ်းမှားကို လျှောက်မိနေရင်တော့ ကိုယ့်ကိုယ်ကိုယ် ပြုပြင်ပြီး လမ်းမှန်ရောက်အောင် လုပ်ပေါ့'

အထက်ပါ ပြောစကားများကို ပြောပြနေသူကတော့ ကျွန်တော်တို့ ရပ်ကွက်ထဲက အသက်(၈၀)ကျော် အများအခေါ် အဘမောင် ဖြစ်ပါသည်။



● ဦးကျော်ခင်(ဖက်ဆရာ)၏ သွပ်လုံး လေးပိုတင်သော မီးသွေးဖို

အဘမောင်မှာ အသက်(၈၀)ကျော်သော်လည်း ကျန်းမာရေး အလွန်ကောင်း၍ အရွယ်အလွန်တင်သူ ဖြစ်ပါသည်။ ဘာသာတရားကိုလည်း အလွန် ကိုင်းရှိုင်းသူဖြစ်ပြီး စီးပွားရေးကောင်းမွန်၍ လူတစ်ဖက်သားကို အကူအညီပေးတတ်သူ တစ်ယောက်လည်း ဖြစ်ပါသည်။

ပေါင်းသင်းဆက်ဆံရေး ကောင်းသလို ရပ်ကွက်ထဲက လူအများကလည်း အလွန်လေးစားချစ်ခင်ခြင်း ခံရသူ ဖြစ်ပါသည်။ ရပ်ကွက်၏ သာရေး နာရေးကိစ္စများရှိပါက အရွယ်နှင့် မမျှအောင် ဖျတ်လတ်တက်ကြွစွာ ဦးဆောင်ပါဝင်သူတစ်ယောက် ဖြစ်ပါသည်။

ကျွန်တော်လည်း အဘမောင်၏ ဆုံးမစကားများကို တရိုတသေ နားထောင်ပြီး လာရင်းအကြောင်းကို ဖွင့်ဟပြောဆိုမိပါတော့သည်။

'အဘရယ် ကျွန်တော်ရဲ့နာမည်က မောင်ကျော်ဇင်လို့ ခေါ်ပါတယ်။ ကျွန်တော့်အလုပ်ကတော့ မော်တော်ကားတွေပြင်တဲ့ စက်ပြင်တစ်ယောက်





www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော် အစိုးရပိုင် ဝပ်ရှော့ကြီး ခုမှာ အမှုထမ်းတဲ့ နိုင်ငံ့ဝန်ထမ်း ယောက်ပါ။ အိမ်မှာလဲ **ကျော်ဇင်** **(တ်ပြင်)**ဆိုပြီး ဆိုင်းဘုတ်တပ်ထား တယ်။ ရုံးပိတ်ရက်တွေမှာ အပြင်က တဲ့ ကားတွေ၊ ဆိုင်ကယ်တွေ၊ က်တွေ အစရှိသည်တို့ကို အိမ်တိုင် ရောက် လိုက်ပြီးပြင်ပေးနေတဲ့ ပြင်တစ်ယောက်ပါ။

ပေမယ့် ဘယ်လောက်ပဲအလုပ် လုပ်နေပေမယ့် စားဝတ်နေရေး မပြေလည်ဘူး အဘရယ်။ စားအိုး လဲ ဒီလောက်မကြီးဘဲနဲ့ ဝင်ငွေနဲ့ ငွေမျှတယ်လို့လဲ မရှိပါဘူး။ တစ်ခု ရှိတယ် အဘရဲ့ ပြင်ဆင်ရတဲ့ ပ်ကလဲ တန်ရာတန်ကြေးမရဘူး။ ကို ပြင်ဆင်ဖို့ လာအပ်တဲ့လူတွေ ချမ်းသာတဲ့လူတွေ မဟုတ်သလို သောင့်သက်သာနဲ့ လက်ပူတိုက် လူတွေပဲ များတယ်။ အကြွေးကျ ယ်။

နဲ့ပဲ လက်ရှိအလုပ်ကို စိတ်ကုန် ပါတယ်။ စိတ်လေပြီး အလုပ်လုပ် ဲ့စိတ်က မရှိတော့ဘူး။ ဘယ်ကို လိုက်ပြီး မပြင်ချင်တော့ဘူး။ လခလေးနဲ့လဲ မပြေလည်ဘူး။ တ်တဲ့ရက်တွေမှာ စက်မပြင်ဘဲ သွား တစ်နေကုန် တစ်ညလုံး ရိုက်နေမိတယ်။

ဝိုင်းဆိုပေမယ့်လဲ ကြေးကြီးကြီး တွေ မဟုတ်ပါဘူး။ ကိုယ်လို ဘဝ တွေ စုထိုင်ရိုက်ကြတဲ့ ပိုကာဝိုင်းပါ။ တော့လဲ တစ်ခါမှ မနိုင်ပါဘူး။ ကောင်းမှု ဒုစရိုက်အလုပ်ကိုလဲ သရာကြောက်လို့ မလုပ်ဝံ့သလို ပ်လဲ မလုပ်တတ်ပါဘူး အဘရယ်။

အခုဆိုရင် အကြွေးတွေတောင် နေပြီ။ အစိုးရအလုပ်ကလဲ မထွက်နိုင်သေးဘူး။ ဘာလုပ်ရမှန်းကို မသိလို့ ရောက်မိရောက်ရာ အဘဆီကို လာခဲ့တာပါ။ အဘအနေနဲ့ အကြံဉာဏ် လေးများရှိရင် ပေးပါဦးခင်ဗျာ'

ဟု စိတ်အားငယ်စွာဖြင့် အဘ မောင်ကို အကူအညီတောင်းမိပါသည်။

အဘမောင်က ရေနွေးကြမ်း တစ်ခွက်ကို သောက်ရင်း ပြစ်မှတ်ကို တွေ့ရှိသည့် မုဆိုးတစ်ဦးပမာ ကျွန်တော့်ကို ကြည့်ကာပြုံး၍ စကား ကို တစ်ခွန်းချင်း လေးနက်စွာ ပြောလာ ပါတော့သည်။

'လူလေးကို အဘ ပြောခဲ့တယ်လေ ကွာ။ လူလေးက အခုလို ဒုက္ခဆင်းရဲ ရောက်နေတာ အလုပ်မကြိုးစားလို့ လား၊ ဒါမှမဟုတ် ကံမကောင်းလို့ လား၊ လမ်းမှားလျှောက်မိလို့လားလို့ မေးခွန်းတွေ မေးခဲ့တယ်။

အဲဒီတော့ နံပါတ်(၁)အချက် လူလေး အလုပ်မကြိုးစားလို့ မဟုတ် ဘူး။ အလုပ်ကြိုးစားတယ်၊ ကြိုးစား သလောက် အရာမထင်လို့ အလုပ် မလုပ်ချင်တော့တာပေါ့။ အရာထင် အောင် လုပ်တတ်ရမယ်။

နံပါတ်(၂)အချက် ကံမကောင်းလို့ လူလေးရဲ့ အလုပ်နဲ့ ပတ်သက်တဲ့လူ တွေက ကိုယ့်လိုပဲ မပြေလည်တဲ့သူ တွေနဲ့ပဲ တွေ့နေရတယ်။ ကားကောင်း ကောင်းစီးနိုင်တဲ့ လူချမ်းသာတွေ၊ ကုမ္ပဏီပိုင်ရှင်ကြီးတွေ၊ လုပ်ငန်းရှင်ကြီး တွေနဲ့ အလုပ်တွဲမလုပ်နိုင်ဘူး။ အဆက် အသွယ်မရှိဘူး။ မတွေ့ဘူးပေါ့။

နံပါတ်(၃) လမ်းမှားလျှောက်လို့ လားဆိုတာတော့ စိတ်ဓာတ်ကျနေ တဲ့အချိန်၊ အဆင်မပြေတဲ့အချိန်မှာ တရားမမှုဆိုတဲ့ သူတော်ကောင်း လမ်းစဉ်ကို မလိုက်ဘဲ လောင်းကစား သွားလုပ်တယ်။

လောင်းကစားဆိုတာ နည်းနည်း၊ များများ ဘယ်ဟာမှ မကောင်းဘူး။ တချို့ဆို ရှိတဲ့စည်းစိမ်ဥစ္စာတောင် ပြုတ်ကုန်ကြတာ ဒုနဲ့ဒေးပေါ့။ လူလေး ကတော့လောင်းကြေးလဲ မရှိတော့ အပျော်ကစားတယ်ဆိုပေမယ့် အချိန် တွေ အများကြီး ဖဲဝိုင်းမှာ ဖြုန်းတီးပစ် ခဲ့တယ်။

တော်သေးတာပေါ့ အရက်သမား တို့၊ မူးယစ်ဆေးစွဲတဲ့လူတို့ မိမိ မပြေလည်တာနဲ့ပဲ ဘေးလူကို ရန်ရှာ တာတို့ မလုပ်သေးလို့ ဘဝဆိုတာ ပျက်ချင်ရင် ခဏလေးပဲ။ ပျက်စရာ လမ်းကြောင်းတွေလဲ ပေါမှ ပေါပဲ။

ခဏလေး ပေါ်လာတတ်တဲ့ ဒေါသ၊ လောဘ၊ မောဟတွေဟာ အနာဂတ်မှာ တင် မကဘူး။ သံသရာတစ်လျှောက် ပျက်စီးပြီး ဒုက္ခရောက်တတ်တယ်။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ စတဲ့ ဘဝတွေ မှာများ သွားဖြစ်ချင် အဖတ်ပြန်ဆယ် နိုင်ဖို့ အလွန်ခက်တာကွယ့်။ ရခဲတဲ့လူ့ ဘဝမှာ ရှိနေတုန်း ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ်တရားတွေနဲ့ လျှောက်လှမ်းစမ်းပါ။ သံသရာက ကျွတ်အောင်၊ လွတ်အောင် ကြိုးစား စမ်းပါ။ နိဗ္ဗာန် မရောက်သေးရင်တောင် ရင်းစားပြန်ရောက်နိုင်မယ့် လူပြန်ဖြစ် အောင် လုပ်စမ်းပါ။

ကဲ စကားတွေလဲ ရှည်တယ်။ လူလေးကို အဘ ကူညီမယ်၊ လူလေး အဘပြောသလိုလုပ်။ လူလေး အောင် မြင်လာပါလိမ့်မယ်။

နံပါတ်(၁) လူလေးအိမ်မှာ တပ် ထားတဲ့ ကျော်ဇင်(စက်ပြင်)ဆိုတဲ့ ဆိုင်း ဘုတ်ကို အသစ်ပြန်ရေး၊ ကျော်ဇင် (စက်ပြင်)ဆိုတဲ့ နေရာမှာ **ဦးကျော်ဇင်** **(စက်ဆရာ)**လို့ ပြန်ရေး၊ ဘာလို့လဲ ဆိုတော့ လူဆိုတာ ကိုယ့်ကိုယ်ကို

www.burmeseclassic.com

သိဒ္ဓိတင်မှ ဘုန်းကံမြင့်တယ်။ ကျော်ဇင်ဆိုတာထက် မောင်ကျော်ဇင်၊ ဦးကျော်ဇင်ဆိုတာ ပိုပြီးဂုဏ်မြင့်တယ်။ စကားရှည်မှာစိုးလို့ ဆက်ရှင်းမပြတော့ဘူး။

နောက်တစ်ခုက စက်ပြင်ဆိုတာက စက်ယန္တရားတွေကို ပြင်တာတော့ မှန်တယ်။ ဒါပေမယ့် စက်ပြင်ဆိုတဲ့ စကားလုံးကို ပြောင်းပြန်လှန်ရင် စင်ပျက်လို့ အသံထွက်တယ်။ ဘယ်အလုပ်ပဲ လုပ်လုပ် အစီစဉ်တကျလုပ်ရင် ပျက်တာပဲလို့ အဓိပ္ပာယ်ရတယ်။ ဘဝနဲ့ သက်ဆိုင်တဲ့ စကားလုံးမို့ စက်ဆရာလို့ပဲ ရေးပါ။

ပြီးတော့ လူလေး အိမ်မှာ မီးသွေး မီးဖိုရှိတယ် မဟုတ်လား။ မီးသွေးမီးဖို မရှိရင် ဝယ်ပေါ့ကွာ။ သံပရာသီး (၉၉) လုံး ဝယ်ရမယ်၊ လုံတစ်လုံးဝယ်ရမယ်။ လုံနံပါတ်ကတော့ ပရဆေးဆိုင်ကိုသွား သွပ်(၅)ကျပ်သားနဲ့ ဆံ့မယ့်လုံလို့ ပြော။ ပြီးရင် သွပ်(၅)ကျပ်သား၊ လုံတစ်လုံး၊ မီးသွေး(၅၀၀)ကျပ်ဖိုး၊ မီးညှပ်မရှိရင် မီးညှပ်တစ်ချောင်းပါ ဝယ်ခဲ့။ ပစ္စည်းတွေ အားလုံးစုံရင် အဘ ပြောသလိုသာ မင်း လုပ်ပါ။ အဆင်ပြေလာပါလိမ့်မယ်။

ဒါပေမယ့် မင်း စိတ်ထားကောင်းဖို့တော့ လိုမယ်နော်။ (ဥပမာ)မင်းပြင်ဆင်ရမယ့် စက်ယန္တရားတွေကို ကောင်းအောင် ပြင်ရမယ်။ မကုန်သင့်တာတွေ မကုန်ရအောင် အဲဒီ ကားပိုင်ရှင်တစ်ယောက်လို (တစ်နည်း) ကိုယ့်ပစ္စည်းလို သဘောထားပြီး စေတနာသန့်သန့်နဲ့ ပြင်ဆင်ပေးရမယ်။

ပြင်ဆင်တဲ့အခါ စေတနာထားသလို မိမိပြင်ဆင်ခကို ခေတ်နဲ့လျော်ညီတဲ့ တန်ရာတန်ကြေး တောင်းရမယ်။ ကျေနပ်ရင်ပြင်ပေါ့။ ပြီးတော့ စက်



ဆရာချင်းအတူတူ ကိုယ်က သူများထက် စေတနာပိုတဲ့ စက်ဆရာဖြစ်ရမယ်။ အဘပြောတာ သေသေချာချာ မှတ်ထားပါ။ ဒါတွေဟာ သိပ်အရေးကြီးပါတယ်။

စက်ပစ္စည်းအပေါ်မှာ သစ္စာရှိပါ၊ ပစ္စည်းအသစ်ကို မထည့်ဘဲ ပစ္စည်းအဟောင်းထည့်ပြီး အကြံအဖန်လုပ်တာတို့၊ မသိနားမလည်တဲ့ လူအပေါ်မှာ လှည့်ကွက်ဆင်ပြီး လုပ်အားခ ပိုယူတာမျိုးတို့ မလုပ်ပါနဲ့။ ကိုယ့်ဘဝ ပြေလည်သလို သူတို့တစ်တွေလဲ ပြေလည်ကြပါစေလို့ မေတ္တာထားရမယ်၊ မေတ္တာပို့ပေးရမယ်ကွယ့်။

ပစ္စည်းတွေစုံရင် သံပရာသီး (၉၉) လုံးကို အရည်ညှစ်ရမယ်။ ပြီးရင် ခွက်တစ်ခုထဲကိုထည့်၊ ကိုယ်ထည့်တဲ့ ခွက်က ဒန်ခွက် မဖြစ်ရဘူး။ အလွယ်ဆုံးကတော့ နို့ဆီဘူးခွံပေါ့ကွာ။ အရည်ကို ကိုယ်လောင်းနိုင်သလောက်ပဲ တစ်နိုင်ညှစ်ထားရမယ်။ ဖဲဝိုင်းမှာတောင် အကြာကြီး ထိုင်နိုင်သေးတာပဲ လူလေးလဲ အချိန်ကြာကြာ လုပ်နိုင်မယ် ထင်ပါတယ်။

ပြီးရင် မီးသွေးဖိုမှာ မီးသွေးထည့်ပြီး မီးမွေးပေတော့ မီးအတန်အသင့် စွဲပြီဆိုရင် ဖိုရဲ့ အလယ်ကောင်မှာ မီးကျီးခဲလေးတွေ ဖယ်ပြီး လုံတစ်နေရာစာ နေရာလုပ်၊ လုံကို မတ်မတ်နေအောင် တည်ပြီးရင် မင်း ဝယ်ထားတဲ့ သွပ်ခွက်

ငါးကျပ်သားကို ချိုးဖဲ့ပြီးတော့ လုံ[illegible]
အကုန်ထည့်လိုက်။ မီးဖိုကို ပထမ[illegible]
ယပ်တောင်နဲ့ ခတ်ပေး။ တဖြည်းဖြ[illegible]
နဲ့ လုံထဲမှာရှိတဲ့ သွပ်(၅)ကျပ်သ[illegible]
အရည်ပျော်လာလိမ့်မယ်။

အရည်ပျော်တာနဲ့ ခုနက အရ[illegible]
ညှစ်ထားတဲ့ သံပရာရည်လေးကို [illegible]
လေးနဲ့ ခပ်ပြီး လောင်းပေးနေရုံ[illegible]
သွားရင် ရပ်ထား။ အရည်ပျော်လာ[illegible]
လောင်းထည့် သံပရာသီး(၉၉)လုံး[illegible]
အရည်မကုန်မချင်း လောင်းပေးရမ[illegible]
မခက်ပါဘူးကွာ စိတ်ရှည်ဖို့[illegible]
လိုတာပေါ့ကွာ။

အဲဒီလို လောင်းနေတဲ့အချိန်မှာ [illegible]
ရွတ်ရမယ့်ဂါထာရှိတယ်။ တ[illegible]
လောင်းရင် ဇာစ်ခါရွတ်ရမယ်။ [illegible]
ဂါထာကတော့ **"ဥုံ သုခံ၊ ဓနံ၊ လာ[illegible]**
**ပီယံ၊ ဓဟိ"** ဆိုတဲ့ဂါထာပဲ။ အတိ[illegible]
နဲ့ အလွယ်လေးပါကွာ။

သံပရာရည် ကုန်သွားရင်ပြီးပြီ[illegible]
လေးအားတဲ့အချိန်၊ အိမ်မှာရှိတဲ့ [illegible]
ဆို မီးအေးအေးလေးနဲ့ သွပ်[illegible]
လေးပဲ အပူပေးထားလိုက်ရုံပဲ [illegible]
ထည့်တဲ့ လုံကောင်းသရွေ့ လုံကို [illegible]
ရဘူး။

လုံကွဲသွားရင် ဒါမှမဟုတ် [illegible]
သွားပြီဆိုတော့မှ နောက်တစ်[illegible]
ပြောင်းပြီး အပူပေးရမယ်။

တတ်နိုင်သမျှ ကံငါးပါးကို [illegible]
အောင် ထိန်းပါ။ လူလေး ဖြစ်[illegible]
လူလေးရောက်ချင်တဲ့ စီးပွား[illegible]
လူမှုရေး အဆင့်အတန်းတစ်ခု[illegible]
ဖြစ်လာမှာ သေချာပါတယ်။ ကံ[illegible]
မှုစ၍ လူလေး သစ္စာရှိ က[illegible]
အလုပ်ကြိုးစား မကောင်းမှု[illegible]
ကောင်းမှုဆောင်ပေတော့ကွာ[illegible]

ဟု အဘမောင်က လုပ်[illegible]
သွန်သင်ဆုံးမလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လည်း လိုအပ်သော ပစ္စည်းများအတွက် ငွေရှာပြီး အဘ မောင် ပြောကြားသည့်အတိုင်း ပြုလုပ်ခဲ့ပါသည်။ ယခုဆိုလျှင် အချိန်(၂)နှစ်ကျော်ပင် ကြာခဲ့ပါပြီ။ ထိုသွပ်မာတ်လုံးလုပ်၍ တစ်ပတ်အတွင်း ကျွန်တော်ထံသို့ ပြင်ဆင်ရန် ကားများ တစ်စီးပြီး တစ်စီး ရောက်လာသလို ကျွန်တော့်၏ လုပ်ကိုင်ပုံကို ကြိုက်နှစ်သက်၍ တန်ရာတန်ကြေးများပင်မက အပိုကြေးများပါ ထပ်ဆောင်း၍ ပေးကြပါသည်။

အပြင်တွင် မော်တော်ယာဉ်များ သက်မလည်အောင် ပြင်ဆင်နေရရုံသာမက ဝန်ထမ်းဘဝတွင်လည်း အထက်အရာရှိ၏ အရေးပေးခြင်း၊ အားကိုးခြင်းများကိုလည်း ရရှိခဲ့ပါသည်။

ကုမ္ပဏီကြီးများ၊ လုပ်ငန်းရှင်ကြီးများ၏ ကားအုပ်စုများကိုလည်း ပြင်ဆင်ပေးရသော ပင်တိုင်စက် ဆရာတစ်ယောက် ဖြစ်လာပြီး စီးပွားရေးမှာလည်း အထူးတိုးတက်လာခဲ့ပါသည်။ အမြဲတမ်း စိတ်မာတ်တက်ကြွနေပြီး မိမိအလုပ်ပေါ်တွင် ဂုဏ်ယူစွာဖြင့် ကြည်နူးနေမိပါသည်။

မုဆယ်၊ လားရှိုး အစရှိသောနယ်စပ်မြို့များမှ လုပ်ငန်းအုပ်စုကို မြေကော်စက်၊ မြေထိုးစက် အစရှိသော စက်ယန္တရားများကို ပြင်ဆင်ရ၍ လုပ်ငန်းမှာ အထူး တိုးတက်အောင်မြင်ခဲ့ပြီး ကိုယ်ပိုင်ကားတစ်စီးပင် ပိုင်ဆိုင်နေပြီ ဖြစ်ပါသည်။

နေပြည်တော် ပျဉ်းမနားမြို့မှ စက်ဆရာ ဦးကျော်ဇင်ဆိုတာ အမည်တစ်လုံးကို ခိုင်မာစွာ တည်ဆောက်နိုင်ပြီဖြစ်သလို ဘာသာအကျိုး၊ သာသနာအကျိုးကိုလည်း ကိုယ်စွမ်း၊ ဉာဏ်စွမ်း ရှိသမျှ လုပ်ကိုင်နိုင်ပြီ ဖြစ်ပါသည်။

ယနေ့ထက်တိုင် သွပ်မာတ်လုံးလေးကို အချိန်ရလျှင် ရသရွေ့ မီးနည်းနည်းနှင့် အပူပေးတတ်သလို အဘမောင်ပြောသည့် ဂါထာကိုလည်း သတိရတိုင်း ရွတ်ဆိုမိပါသည်။

လုပ်ငန်းနှင့် လုပ်ငန်းရှင်များအပေါ် သစ္စာရှိစွာ အကျိုးဆောင်ပါသည်။ ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုသော ကံသုံးပါးကို အတတ်နိုင်ဆုံး ထိန်းသိမ်းစောင့်ရှောက်၍ ဘဝခရီးလမ်းကို လျှောက်လှမ်းနေသလို ကျွန်တော်နှင့် ဘဝတူ အလုပ်ကို စိတ်ကုန်သူ၊ ကံမကောင်းသူ၊ လမ်းမှားရောက်နေသူများကို ဖေးမကူညီပြီး အဘမောင်ကဲ့သို့ ပြုစုစောင့်ရှောက်လာခဲ့ရာ ဦးကျော်ဇင်(စက်ဆရာ)ဟူသော စက်ပြင်ရုံ(ကိုယ်ပိုင်)တွင် တပည့်အလုပ်သမား(၂၀)ခန့်ဖြင့် လည်ပတ်နေပြီ ဖြစ်ပါသည်။

လူတိုင်းကို ကျွန်တော့်ဘဝလို တိုးတက် အောင်မြင်စေချင်ပါသည်ဟူ၍ မိမိ၏ဘဝ တိုးတက်လာပုံ၊ ပြုလုပ်ခဲ့ပုံများကို ပြောကြားပေးပါသော **ဦးကျော်ဇင်(စက်ဆရာ) နေပြည်တော်၊ ကံဦးရပ်ကွက်တွင်** နေထိုင်သူအား အထူးကျေးဇူးတင် ဂုဏ်ပြုမိပါသည်။

စာဖတ်သူများလည်း ဦးကျော်ဇင်(စက်ဆရာ)ကဲ့သို့ ဖြစ်ချင်လျှင် သူ့လို လုပ်စေချင်ပါသည်။ ယင်းသွပ်လုံးမှာ မည်သည့် စီးပွားရေး၊ လူမှုရေးကိစ္စမဆို ပွင့်လန်းတိုးတက်နိုင်ကြောင်း လေ့လာသိရှိရပါသည်။ စိတ်ထား ဖြူစင်မြင့်မြတ်စွာ ထားတတ်ဖို့တော့ လိုမည် ထင်ပါသည်။

***စိတ်ထားကောင်းလျှင် ကံကောင်းမည်။***

**အောင်မိုးမြင့်(နေပြည်တော်)**

စာမျက်နှာ (၁၃၇)မှ အဆက်

HAW PAW)လို့ခေါ်တဲ့ ကျောက်တောင်မြင့်မြင့်ကြီးကို ပြည်နယ် ဝန်ကြီးချုပ်နဲ့အဖွဲ့ ကားရပ်ပြီး ကြည့်နေစဉ် ဓာတ်ပုံမှတ်တမ်း တင်ခဲ့ပါတယ်။

အဲဒီတောင်ရဲ့ အကြောင်းကိုသိတဲ့သူ မင်းတပ်မှာရှိတဲ့ စံပြရပ်ကွက် နီနီကုန်မျိုးစုံဆိုင်မှ ဦးတင်ရွှေကို တွေ့ဆုံမေးမြန်းတဲ့အခါ ဦးတင်ရွှေက...

'အဲဒီကျောက်တောင်ရဲ့အနီးက ရွာကံ လုံခင်းရွာလို့ ခေါ်ပါတယ်။ ချင်းလို(LUNG KHY KWA)ပေါ့။ ကျောက်တောင်ရဲ့ အမည်က လုံယောပေါ်လို့ ခေါ်ပြီး ချင်းတိုင်းရင်းသားစကားနဲ့ (LUNG HAW PAW) ဖြစ်ပါတယ်။

လပြည့်နေ့ညနဲ့ လကွယ်နေ့ညများမှာ ချင်းဂီတပစ္စည်းများနဲ့ တီးမှုတ်သံများ ကြားရပါတယ်။ လုံခင်းရွာထဲမှ ချင်းရိုးရာဓလေ့အတိုင်း အလှူအတန်းနဲ့ ပျော်ပွဲရွှင်ပွဲများ ရှိတော့မယ်ဆိုရင် အဲဒီ ကျောက်တောင်ပေါ်မှ ဗုံသံမောင်းသံများ ကြိုတင်ပြီး ကြားရပါတယ်။

အဲဒီလို ဗုံသံ မောင်းသံများ ကြိုတင်ပြီး ကြားရတဲ့အခါ "ငါတို့ရွာမှာ ပျော်ပွဲရွှင်ပွဲနဲ့ အလှူအတန်း ရှိတော့မှာပဲဆိုပြီး ရွာလူကြီး လူငယ်များက ပျော်ရွှင်နေကြပါတယ်' လို့ ပြောပြပါတယ်။

ကျောက်တောင်ကြီးမှာ နတ်ကြီးတဲ့ အယူအဆ ရှိကြတာကြောင့် ကျောက်တောင်ပေါ်ကို လူတွေ သွားရောက် လေ့မရှိကြကြောင်းပါ ဦးတင်ရွှေက ပြောပြပါတယ်။

ထူးခန်းတဲ့ ကျောက်တောင်ကြီးကို သုတေသီများ လေ့လာနိုင်ရန်နဲ့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းစာဖတ် ပရိသတ်များအတွက် ဖော်ပြလိုက်ပါတယ်။

**မင်းတပ် ဦးအောင်ခင်**



www.burmeseclassic.com

www.burmeseclassic.com

# သစ်ပင်ခုတ်လျှင်



သတိယှဉ်

## ခုတ်လျှင်ရွတ်ပါ ဂါထာ

သစ်ပင်များကို ပြုစုပျိုးထောင်စိုက်ပျိုးရသကဲ့သို့ သစ်ပင်သစ်ကိုင်းများ လမ်းနှင့်မလွတ်ခြင်း၊ တယ်လီဖုန်းလိုင်းကြိုးများ, လျှပ်စစ်မီးလိုင်းကြိုးများ, နေအိမ်တိုက်တာ အဆောက်အအုံများပေါ် ကျိုးကျ အန္တရာယ်ဖြစ်နိုင်သည်များကို ခုတ်လှဲရခြင်းများလည်း ရှိပါသည်။

ထိုကဲ့သို့ အန္တရာယ်ရှိနိုင်၍ သစ်ပင်များ ခုတ်လှဲသောအခါ သစ်ပင်ခုတ်သူများကို သစ်ပင်စောင့်နတ်(ရုက္ခစိုး) နတ်မှ သူ၏နေရာ ဘုံဗိမာန်ပျက်စီးရသဖြင့် နတ်ဖမ်းစားမှုများ ဖြစ်တတ်ပါသည်။

စတင် ခုတ်လှဲနေစဉ်အတွင်းမှာပင် ပုဆိန်ရိုး ကျွတ်ထွက်ပြီး ထိခိုက်ခြင်း၊ တစ်ခါတစ်ရံတွင် တွန်းချလိုက်သကဲ့သို့ လိမ့်ကျခြင်းများ ဖြစ်တတ်သကဲ့သို့ ဆီးအောင့်ခြင်း၊ ဗိုက်နာခြင်း၊ ဓားရိုးကျွတ်ထွက် ကျိုးပဲ့ပြီး ထိခိုက်ခြင်းများလည်း ဖြစ်တတ်ပါသည်။

သစ်ခုတ်သမား တော်တော်များများ အထက်ပါဖြစ်ရပ် အတွေ့အကြုံများ ရှိပါလိမ့်မည်။ အထူးသဖြင့် နတ်ရှိသော သစ်ပင်ကြီးများ ခုတ်လှဲလျှင်၊ အပင်အရိပ်ကို နင်းမိ ရောက်မိလျှင်ပင် သစ်ခုတ်သမားမှာ ကတုန်ကယင်နှင့် ကြက်သီးမွေးညင်းထကာ ပြူးကြောင်ကြောင်ရှိ ဖြစ်လာတတ်ပါသည်။

သို့အတွက် အများပြည်သူကို ထိခိုက် အန္တရာယ်ဖြစ်နိုင်သော လမ်းနှင့်မလွတ် လျှပ်စစ်လိုင်းကြိုး,တယ်လီဖုန်းလိုင်းကြိုးများနှင့် မလွတ်ကင်း၍ သစ်ကိုင်းများ၊ သစ်ပင်ကြီးများ ခုတ်လှဲတော့မည်ဆိုလျှင် သတိတရားထားပြီး သစ်ပင်စောင့် ရုက္ခစိုးနတ်ကို,အောက်ပါဂါထာနှင့် (၃၇)အုပ် တောင်းပန်ရွတ်ဆိုပြီးမှ ခုတ်လှဲပါက ဖြစ်ပေါ်တတ်သော ဘေးဆိုးမှ ကင်းလွတ်နိုင်ပါသဖြင့် သစ်ပင်ခုတ်လျှင် ရွတ်ဆိုရမည့် ဂါထာကို တင်ပြအပ်ပါသည်။

ယင်းဂါထာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

### သစ်ပင်ခုတ်လျှင် ရွတ်ရမည့်ဂါထာ

အာကာသဋ္ဌာ စ ဘူမဋ္ဌာ၊
ရုက္ခဋ္ဌာ စ မဟိဒ္ဓိကား
ကုဒ္ဒိမဋ္ဌော စ ယေ ဒေဝါ
မံ ပါလေန္တု ယထိစ္ဆိတံ။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| အာကာသဋ္ဌာ | = | အာကာသတ်ထာ |
| ဘူမဋ္ဌာ | = | ဘူမတ်ထာ |
| ရုက္ခဋ္ဌာ | = | ရုတ်ခတ်ထာ |
| ကုဒ္ဒိမဋ္ဌော | = | အိတ်ဓိမန်တော |
| မံပါလေန္တု | = | မံပါလင်တု |
| ယထိစ္ဆိတံ | = | ယထိတ်ဆိတံ |

အထက်ပါဂါထာဖြင့် မိမိခုတ်ရမည့် သစ်ပင်စောင့်ရုက္ခစိုးနတ်ကို (၃၇)ခေါက် ရွတ်ဆို ပူဇော်ပြီးမှ ခုတ်ရပါမည်။ အန္တရာယ်ကင်း ဘေးရှင်းစေပါသည်။

သိထားစေရန်အတွက် အနက်မြန်မာပြန်ကိုပါ ပူးတွဲ တင်ပြအပ်ပါသည်။

ကြီးသောတန်ခိုး ရှိကုန်သော၊
ကောင်းကင်၌တည်သော နတ်တို့သည်
လည်းကောင်း။
မြေ၌တည်သော နတ်တို့သည် လည်း
ကောင်း။
သစ်ပင်၌တည်သော ရုက္ခစိုးနတ်တို့သည်
လည်းကောင်း။
တန်ခိုးရှိကုန်သော အကြင်နတ်တို့သည်
လည်းကောင်း။
အလိုရှိသလောက်
ငါ့ကို စောင့်ရှောက်ကြပါစေကုန်သတည်း

မြန်မာပြန်မှာ သိထားရန်သာ ဖြစ်ပါသည်။ ရွတ်ဆိုရန် မလိုပါ။ ပါဠိကို သာ (၃၇)အုပ် မပျက်မကွက် ရွတ်ဆို ခုတ်လှဲပါက အန္တရာယ် ကင်းရှင်းစေ ပါသဖြင့် သစ်ပင်ခုတ်လှဲရန် တာဝန် ကျရောက်လာလျှင်၊ တိုက်ဆိုင် ကြုံ တွေ့လျှင် ရွတ်ဖတ် ပူဇော်နိုင်ပါရန် တင်ပြလိုက်ရပါသည်။

နေမဝင် (နတ်မောက်)



www.burmeseclassic.com

www.burmeseclassic.com

# ကျန်းမာရေး ညံ့သူ့အတွက်

ကောင်းခန့် (သခွတ်မြေ) ဝက်လက်



## ပုည–ဇိဝ–ကမ္မအသုဉ်း တွက်နည်းနှင့် ယတြာ

ယခုတစ်ပတ် ကျွန်ုပ် တင်ပြမည် ဖြစ်သော တွက်နည်းသည် ကျန်းမာရေး အလွန်ညံ့နေသော လူနာအတွက် ပေါင်း၊ နုတ်၊ မြှောက်၊ စား သင်္ချာအနည်းငယ် တတ်ကျွမ်းရုံနှင့် တွက်ကြည့်၍ ကျန်းမာရေး သက်သာပျောက်ကင်းစေရန် ယတြာပေးချေသော နည်းတစ်နည်း ဖြစ်ပါသည်။

မြန်မာ့ရိုးရာ ရှေးယတြာနည်းတစ်နည်းဖြစ်၍ ယုံကြည်စွာ ပြုလုပ်ဆောင်ရွက်ပေးလျှင် ပျောက်ကင်းစေသော နည်းကောင်းဖြစ်သဖြင့် ဗေဒဝါသနာရှင်တို့အတွက် စေတနာထား၍ ရေးသားလိုက်ရပါသည်။

**တွက်နည်းမှာ...**

လူနာ၏ ရောက်သက်ကို သုံးဘော် တည်၍ အထက်တစ်ဘော်ကို (၃)နှင့် မြှောက်၍ အလယ်တစ်ဘော်ကို (၅)နှင့်မြှောက်ပါ။ အောက်ဆုံးတစ်ဘော်ကို (၉)နှင့် မြှောက်ပြီး အသီးသီး (၁၂)နှင့်စားပါ။ အထက်တစ်ဘော် "သုဉ်း"(ဝ-ကြွင်း)လျှင် "ပုည" ပြတ်၏။ အလယ်တစ်ဘော်သုဉ်းလျှင် "ဇိဝ" ပြတ်၏။ အောက်ဆုံးတစ်ဘော်သုဉ်းလျှင်"ကမ္မ" ပြတ်၏။

ထိုသို့ သုဉ်းမူ လူနာမှာ ကျန်းမာရေး အလွန်ညံ့၍ အသက်ဘေးအတွက်ပါ စိုးရိမ်ရတတ်ပါသည်။ ယတြာချေရန် လိုအပ်လာပါသည်။

**ယတြာချေနည်းမှာ...**

**ပုညသုဉ်းသော်** လူနာ၏ "**တေဇအရပ်**"၌ ညောင်ထောက်ပေးရပါမည်။

**ဇိဝသုဉ်းသော်** လူနာ၏ "**အာယုအရပ်**"၌ ငါးပုစွန်တို့ကို လွှတ်ရပါမည်။

**ကမ္မသုဉ်းသော်** လူနာ၏ "**ပရိဝါရ**"အရပ်၌ ကိုယ်ချိန်လှူရပါမည်။

ထိုသို့ ပြုလုပ် ဆောင်ရွက်ပေးပါက လူနာမှာ အသက်အန္တရာယ်ဘေးမှ ကင်းလွတ်၍ ကျန်းမာရေး ကောင်းမွန်လာပါမည်။ လေ့လာသူအတွက် နားလည်စေရန် နမူနာအဖြစ် လက်တွေ့ တွက်ပြပါမည်။

**ဥပမာ ။ ။ အသက်(၃၆)နှစ်ရှိ ၁နေ့သား** လူနာကို တွက်ကြည့်မည် ဆိုပါစို့။

အသက်ကို သုံးဘော်တည်ဆိုသည့် အတိုင်း တည်ရာ...

* * *

| အသက် | ၃၆ | ၃၆ | ၃၆ |
|---|---|---|---|
| | × ၃ | × ၅ | × ၉ |
| | ၁၂ ÷ ၁၀၈–၉ | ၁၂÷၁၈၀–၁၅ | ၁၂÷၃၂၄–၂၇ |
| | ၁၀၈ | ၁၈၀ | ၃၂၄ |
| | ဝ–အကြွင်း | ဝ–အကြွင်း | ဝ–အကြွင်း |

အထက်တွင် ဖော်ပြခဲ့သော တွက်နည်းအတိုင်း တွက်ကြည့်ရာ အသက် (၃၆)နှစ်ရှိ ၁–နေ့သားသည် **ပုည–ဇိဝ–ကမ္မ**သုံးမျိုးလုံး(ဝ) ကြွင်းသုဉ်းနေသည်ကို တွေ့ရပါမည်။

အထက်တွင် ရေးသားခဲ့သော ယတြာနည်းအတိုင်း ယတြာချေပေးရန် လိုအပ်လာပါသည်။ ဒီနေရာမှာ ယတြာချေရန်တွက် မွေးနံတည်ရာ အဌလက်အိမ်ကို သိဖို့လိုပါသည်။ မိမိအတွက် ကျရောက်သည့် **ပရိဝါရ–အာယု၊ နဂရ** စသည့် ကျရောက်ရာ အိမ်တွေကိုလည်း သိဖို့လိုပါသည်။

**ပထမဂြိုဟ်တို့၏ အဌလက်အိမ်ကို ကြည့်ရှုလေ့လာပါ...**

www.burmeseclassic.com

* * *

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၀ |

**အဌလက်အိမ်**

အထက်ပါ အဌလက်အိမ်ကို ကြည့်ခြင်းအားဖြင့် မိမိ၏ မွေးနံဂြိုဟ်သည် မည်သည့်အရပ်တွင် တည်ရှိသည်ကို သိရပါမည်။

ထိုသို့ မိမိမွေးနံ တည်ရာကို သိလျှင် မွေးနံအရပ်မှ စပြီး **"ပရိဝါရ–အာယု–နဂရ–ဘုမ္မိ–ဂဟပတိ–တေဇ–ဌာန–သီရိ"**ဟူ၍ ချပါ။ စသည်တို့သည် မိမိအတွက် ကျရောက်ရာ အရပ်ဌာနတို့ပင် ဖြစ်ပါသည်။

ဥပမာ ။ ။ ၁နေ့သားနှင့် ၂လ်ာသား၏ ပိုင်ဆိုင်သော ကျရောက်ရာ အရပ်ရှစ်ဌာနတို့ကို နာမူနာအဖြစ် ရေးပြပါမည်။

* * *

**၁နေ့သားအတွက်**

| | | |
|---|---|---|
| ပရိဝါရ | အာယု | နဂရ |
| သီရိ | | ဘုမ္မိ |
| ဌာန | တေဇ | ဂဟပတိ |

**၂လ်ာသားအတွက်**

| | | |
|---|---|---|
| သီရိ | ပရိဝါရ | အာယု |
| ဌာန | | နဂရ |
| တေဇ | ဂဟပတိ | ဘုမ္မိ |

ကျန်နေ့သားတို့ကိုလည်း မိမိ၏ မွေးနံဂြိုဟ်တည်ရာအရပ်မှ စတင်ပြီး ပရိဝါရ–အာယု–နဂရဟူ၍ ရှစ်ဌာနပြည့်အောင် ချသွားရပါမည်။

ထိုမှုဆိုလျှင် တွက်နည်းချနည်းတို့ကို လေ့လာသိရှိလောက်ပါပြီ။

ယခုတစ်ဖန် အထက်တွင် ဥပမာနမူနာအဖြစ် တွက်ပြခဲ့သော အသက်(၃၆)နှစ်ရှိ ၁–နေ့သားကို လက်တွေ့ယတြာချေပြပါမည်။ ထိုသူသည် ပုည–ဓိဝ–ကမ္မ သုံးမျိုးလုံး သုဉ်းနေသည့်အတွက်...

**ပုညသုဉ်းသဖြင့်** ၁နေ့သား၏ တေဇဖြစ်သော ဗောဓိပင်၏ အနောက်ဘက် အကိုင်းကို ညောင်ထောက်၍ ကုသိုလ်ပြုပါ။

**ဓိဝသုဉ်းသဖြင့်** ၁နေ့သား၏ အာယုအရပ်ဖြစ်သော အရှေ့ရပ်ရှိ အင်းအိုင်ရေကန်သို့ ငါးပုစွန်လွှတ်၍ ကောင်းမှု ပြုပါ။

**ကမ္မသုဉ်းသဖြင့်** ၁နေ့သား၏ ပရိဝါရအရပ်ဖြစ်သော ဘုရား၏ ၁နေ့ထောင့်မှ ကိုယ်ချိန်လှူပါ။

**(ကိုယ်ချိန်ဟုဆိုရာ၌ မိမိ၏ ခန္ဓာကိုယ်အလေးချိန် (ခန့်မှန်း)ရှိ သလောက် သစ်သီးဖြစ်စေ၊ မုန့်ဆွမ်းဖြစ်စေ တန်ဖိုးငွေသင့်၍ သော်လည်းကောင်း ဝယ်၍ လှူဒါန်းနိုင်ပါကြောင်း...)**

***သုနက္ခတ္တ ကောင်းသော နက္ခတ်နှင့် ကြုံကြိုက်ကြပါစေ။***

**ကောင်းခန့် (သခွတ်မြေ)**
**ဝက်လက်**




**အတွက် ရွေးချယ်ပါ ဤဂဏန်း**

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွ[illegible] ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများက အော[illegible] ပါအတိုင်း တွက်ချက် ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၃၀၁ |
| **ဖေဖော်ဝါရီလ** | ၂ |
| **ခုနှစ်** | ၂၀၁၄ |
| | ၂၃၁၇ = ၁၃ = ၄ |

**အကြိမ်၊ လ၊ ခုနှစ်** ဂဏန်းများအားတစ်[illegible] တည်းဖြစ်အောင် ပေါင်းပါက (၄) ဂဏန်းရသည်[illegible] သို့ဖြစ်၍ ၂၊ ၄၊ ၆၊ ၇၊ ၈ ဂဏန်းများများ[illegible] အောင် ရွေးချယ်ပါ။ ရှေ့ဂဏန်းများကို ၄၊ ၆[illegible] ၇၊ ၈ ဂဏန်းများကို အထူးပြု ရွေးချယ်[illegible] ဥပမာ

| | | | |
|---|---|---|---|
| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
| ၄...၂ | ၆...၂ | ၇...၂ | ၈...၂ |
| ၄...၄ | ၆...၄ | ၇...၄ | ၈...၄ |
| ၄...၆ | ၆...၆ | ၇...၆ | ၈...၆ |
| ၄...၇ | ၆...၇ | ၇...၇ | ၈...၇ |
| ၄...၈ | ၆...၈ | ၇...၈ | ၈...၈ |

မှတ်ချက် ။ ။ (...)ကွင်းအတွင်းတွင် [illegible] ၆၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**"အကြိမ်"**ဂဏန်းမပါဘဲ **"လ"**ဂဏ[illegible] နှင့် **"နှစ်"**ဂဏန်းကိုသာ ပေါင်းပါက (၂[illegible] ၂+ ၀+ ၁ +၄) = ၉ ရသည်။ သို့ဖြစ်၍ "[illegible] ဂဏန်းကို လည်း ပစ်ပယ်၍ မရပါ။ သို့ဖြစ်၍

စ... ဆုံး ဤလ[illegible]

၄... ၂၊ ၆၊ ၇၊ ၈၊ ၉ **တနင်္လာနှင့် ဗုဒ္ဓ[illegible]**
၆... ၆၊ ၇၊ ၈၊ ၉၊ ၂ **သားသမီးများ** [illegible]
၇... ၇၊ ၈၊ ၉၊ ၂၊ ၆ ကံပွင့်နေပါသည်[illegible]
၈... ၈၊ ၉၊ ၂၊ ၆၊ ၈ သို့ဖြစ်၍ [illegible]

ဒေသရှိ စာသင်တိုက်တစ်ခုသို့သွားကာ [illegible] များကို ဆေးကြောသန့်စင်ပေးပါ။ သ[illegible] ဂါထာတော်ကြီးကို မွေးနေ့မှစ၍ "၉" [illegible] တိတိ သက်စေ့ရွတ်ပွား ပူဇော်ပေးပါ။

အထက်ပါအဓိဋ္ဌာန် အောင်မြင်ပြီးမြေ[illegible] ပါက မိမိရပ်ကွက်ဒေသရှိ သက်ကြီးရွ[illegible] (၅) ဦးအား ဆေးဝါး၊ အာဟာရ တတ်နိုင်[illegible] လှူဒါန်းပြီးမှ ထီကံစမ်းရန် ဖြစ်ပါသည်[illegible]

အထူးဂဏန်း

✦ ၄၆၇၈၉၂ ✦ ၆၄၆၈၉၉ ✦ [illegible]

***ထီကံ ပွင့်ပါစေ။***

**ဆရာရဲထက် (ဂုဏ်တာသီ)**



www.burmeseclassic.com

www.burmeseclassic.com

ကြောင်ပန်းကျောင်း(ရန်ကုန်တိုက်ခွဲ)မှ ထူးခြားသော

# သံသေရုပ်ပွားတော်



◆ အကြီးချဲ့ ဖူးမြော်ရစဉ် ရုပ်ပွားတော်ရှေ့ဘက်

**နယ်လှည့်သုတေသီတစ်ဦး**

'ဘုန်းကြီးက နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ...တဲ့ ထူးခြားဆန်းကြယ်တာလေးတွေကို ...တ်ဝင်စားတယ်။ တိမ်မြုပ်နေတဲ့ မြန်မာ့ ...ရှေးဟောင်းပညာတွေ ပြန်ပြီး ဖော်ထုတ်ထား ...တာတွေ နောက်ပြီး ဆေးမြီးတို ဂမုန်းပင် အကြောင်းတွေလဲ ကောင်းပါတယ်။ ...တိုက်ရင်း (ဘုတလင်မြို့ ကြောင်ပန်းတောရ) ...မှာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာအုပ်စင် ...လေး လုပ်ထားချင်တယ်။ ထွက်ပြီးတဲ့ ...စာအုပ်တွေကို ပို့ပေးလို့ရမလား'

'တင်ပါ့ဘုရား။ စာတည်းချုပ်ကို ...ပြောပြပေးပါ့မယ်'

'စာအုပ်ပို့ရင် ဘုတလင်မြို့အထိ ...ရာ မလိုဘူးနော်။ ကျောက်ရေ ...တွင်း ဘုတာနားမှာ ကြောင်ပန်းတိုက် ...တယ်။ အဲဒီက ဆရာတော်ဦးသုကဝိ ...ဘုန်းကြီးနဲ့ သူငယ်ချင်းတွေပဲ။ ...ဒီကတစ်ဆင့် ပို့ပေးလို့ရတယ်။ ...ကျောင်းမှာ ထူးခြားတဲ့ ဓာတ်သား ...ပွားတော်တစ်ဆူရှိတယ်။ အခွင့်သင့် ...သွားဖူးလိုက်ပါဦး'

ဘုတလင်မြို့ရှိ ကြောင်ပန်းတောရ ...ရောက်ရှိစဉ် အဌမမြောက် (လက် ...ကျောင်းထိုင်ဆရာတော် ဦးအာလော ...မိန့်ကြားတော်မူခဲ့ခြင်းဖြစ်သည်။ ...ကျောင်းခန်းတွင် ခေါင်းရင်းမှန်ဗီရို၌ ...ထားသည့်ရုပ်ပွားတော်ဓာတ်ပုံကို ... ပြပေးသည်။

...ဉ္စလွယ်ဆင် မင်းဝတ်ဘုရား ... လက်ယာလက်ကို ရှေ့သို့ (ဖူး ...ဘက်သို့) လှန်ချထားသည့် "...လှန်ဘုရား" ခေါ် **ဝရဒမုဒြာ** ...**ဟန်** ဖြစ်သည်။

... ရန်ကုန်ပြန်ရောက်သောအခါ **...ဥက္ကလာပမြို့နယ် ကျောက်** **ရေတွင်းရပ်ကွက်၊ ဖောင်တော်ဦး ဘုရားလမ်းရှိ ကြောင်ပန်းဝိပဿနာ ကျောင်းတိုက်**သို့ သွားရောက်ဖူးမြော် ကြည်ညို ဖြစ်ခဲ့သည်။


**ဖူးတွေ့ရစဉ်**

ကြောင်ပန်းတိုက်ရင်းတွင် ဖူးမြော်



www.burmeseclassic.com

www.burmeseclassic.com





▲ကြောင်ပန်းကျောင်း (ရန်ကုန်) အဝင်မုခ်

◀ ရုပ်ပွားတော်နောက်ဘက်

ရစဉ်က (၂)လက်မ x (၄)လက်မ အရွယ် ဓာတ်ပုံဖြစ်သော်လည်း မူလ အရွယ်အစားမှာ သေးငယ်လှပါသည်။

ဉာဏ်တော်အမြင့်(၂.၁)စင်တီမီတာ သာရှိ၏။ **"ကောင်းသောဆုနှင့် ပြည့်စေ"**ဟူသော ဆုပေးဟန် ဝရဒမုဒြာ၊ လက်ယာ လက်ငါးချောင်းအတွင်း သိဒ္ဓိမြောက်ဓာတ်လုံး (သို့မဟုတ်) ဗီဇသစ်စေ့များကို ဆုပ်ကိုင်ထား၏။

အသက်ဇီဝကို ရည်ညွှန်းခြင်း ဖြစ်ရာ ရောဂါဝေဒနာ ခံစားရခြင်း၊ ကျန်းမာရေးကိစ္စ၊ မျှော်လင့်ချက် ရည်ရွယ်ချက်တို့ ဝေဝါးနေခြင်းတို့အတွက် လမ်းစတွေ့ရှိခြင်း၊ စည်းစိမ်ဥစ္စာဓန များ တည်တံ့စေခြင်း၊ သားစဉ်မြေးဆက် ကာလကြာရှည်ခြင်း စသည်တို့အတွက် တိုင်တည်သစ္စာပြု ဆုတောင်းနိုင်သည့် ဆုပေးဘုရား ဖြစ်သည်။

## နောက်ခံဖြစ်စဉ်တော်

ထိုရုပ်ပွားတော်နှင့် ပတ်သက်၍ **ကြောင်ပန်းဝိပဿနာကျောင်းတိုက် (ရန်ကုန်တိုက်ခွဲ)၏ ပဓာနနာယက ဆရာတော်ဦးသုကာဝီ**အား မေးလျှောက်ကြည့်ရာ...

'ပုဂ္ဂလိက သံရည်ကျိုလုပ်ငန်းတစ်[...] သံရည်ကျိုနေတုန်း ဝုန်းခနဲ ပေါက်[...] ကြားရတယ်။ အိုးထဲက သတ္တုစ[...] လွင့်စဉ်တက်သွားပြီး အဆောက်အ[...] ထုပ်တန်းပေါ်မှာ တင်နေလို့ သွားယူ[...] တော့ ရုပ်ပွားတော်ကလေး ဖြစ်နေတ[...]

ဒါနဲ့ လုပ်ငန်းပိုင်ရှင်က (ရန်ကုန်)ကြော[...] တိုက်၊ အရင်ဆရာတော် ဦးသု[...] လာလှူပါတယ်။ ဝိပဿနာ တရား[...] ကမ္မဋ္ဌာနာစရိယဆရာတော်ဆိုတော့ ရု[...] တော် ဆိုတာလောက်ပဲ သိတယ်။ ဘ[...] သွန်းလုပ်ထားတယ်ဆိုတာ မပြောနိုင်[...]

ဒါနဲ့ ဒါယကာတစ်ဦးက မှန်လေးကို [...] ကြုံလို့ ရုပ်ပွားတော်ကိုပင့်သွားပြီး န[...] တတ်ကျွမ်းသူတွေကို မေးကြည့်[...] သံသေဓာတ်သားရုပ်ပွားတော် ဖြစ်တ[...] ဆိုပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



▲ ရုပ်ပွားတော်၏ မူလအရွယ်အစား

▼ ဆရာတော် ဦးသုကာဝိ



ဒီကျောင်းကို ကြွရောက် သီတင်းသုံးတော် မူတော့ ဆယ်နှစ်ကျော်လောက် ရှိပြီထင်ပါ တယ်။

...သာဖူးမြော်တဲ့ ပရိသတ်က အတော်များ ပါတယ်။ ဆုတောင်းပြည့်တယ်လို့ ဆိုကြပါ ...နဲ့ ကျောင်းအတွက် ပစ္စည်းလေးပါး တတ် ...အားသရွေ့ နောက်တစ်ကြိမ် ပြန်လာပြီး ...ကြပါတယ်။ ဘုန်းကြီးတို့ကတော့ ...တော်ကိုးပါးနဲ့ ပြည့်စုံတဲ့ ဘုရားရှင် ...ယ်စားတော်အဖြစ် ဆည်းကပ်ပူဇော်တာ ...ပဲ'

ဟု၍ မိန့်ကြားတော်မူသည်။

ဤ ရုပ်ပွားတော်ပုံဟန်ကို **ဘောသဖွ...** **သို့မဟုတ် ဘီသံတ္တမုနိ ဆေး**...ရားဟုလည်း ခေါ်ကြသည်။ သို့သော် ...ဘုယျအားဖြင့် လက်ယာလက်မ ...င် လက်ညှိုး သို့မဟုတ် အခြားလက် ...ချောင်းများနှင့် ဓိဖသစ်စေ့ကို ညှပ်ကိုင် ...ဟန်ကိုသာ ဖူးတွေ့ရလေ့ရှိသည်။ ...သာ ဖူးတွေ့ရသည့်ပုံဟန်မှာ လက် ချောင်းငါးချောင်းစလုံးဖြင့် ဆုပ်ကိုင်ထား ခြင်းဖြစ်၍ ဂုဏ်ထူးသောပုံဟန် ဖြစ်ပေ သည်။

ထို့အပြင် လက်မောင်းလက်ကြပ် အဆင်တန်ဆာများမှာလည်း ထူးခြား လှသည်ဖြစ်၍ အကြီးချဲ့ ရိုက်ကူးပူဇော် ၍ တင်ပြလိုက်ပါသည်။

ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်လိုပါက ကျောက်ရေတွင်း ဘူတာအနီးရှိ ကြောင်ပန်း ဝိပဿနာကျောင်းတိုက် (ရန်ကုန်တိုက်ခွဲ)သို့ သွားရောက် ကြည်ညိုနိုင်ကြောင်း လမ်းညွှန်ရပါသည်။

( နယ်လှည့်သုတေသီတစ်ဦး

www.burmeseclassic.com

## [ ၁ ]

မူလကတော့ ဘုရားဂုဏ်တော်ကို စိပ်ပွားတာပါပဲ။

ဒါပေမယ့် စိတ်ကို ပုတီးဆီမှာ ထားလို့ပဲလား မသိဘူး။ ကြာလာတော့ လက်နဲ့ပုတီးစေ့ထိတဲ့ နေရာမှာ အရစ်တွေ၊ အဝိုက်တွေ ဖြစ်ဖြစ်လာတယ်လို့ စိတ်ထဲ ထင်မှတ်လာတယ်။ အဲဒီကမှ အက္ခရာတွေ ပေါ်ထင်လာတော့တယ်။ ဒါကို စမတွေလို့ ပြောကြတယ်။

ဒါနဲ့ ပတ်သက်ပြီး ရေတံခွန်တောင် ဆရာတော်ကြီးက...

'(ဗ)တစ်လုံးရရင်ကို အတော်ဟန်တာကွယ့်'

ဒီလို မိန့်ခဲ့တယ်။

ဒါက **ဗထက်ချိုင့် ရေးနည်းအမှန်** ကို သိမှသာ အကျိုးရှိမယ်လို့လဲ ဆိုလိုတာပါပဲ။ ဆရာမပြဘဲ အလိုလို ရေးနိုင်မှလဲ ဖြစ်ပါတယ်။

ဒီလိုအကြောင်းနဲ့ ပတ်သက်ပြီးလဲ ဆရာတော်ကြီးက...

'တို့ငယ်ငယ်ကတော့ ရွှေတိဂုံဘုရား စနေထောင့်မှာ ဥပုသ်နေ့၊ ဥပုသ်နေ့တွေကြ သင်သင်ပေးတာ ရှိတယ်ကွယ့်။ ဒီမှာကြည့်'

ဆိုပြီး အဂါ **"စလုံး"**ဖြစ်အောင် သုံးဂဏန်းကနေ ( ၃ )ရေးပြ။ စနေ **"ခအောက်ချိုင့်"**ဖြစ်အောင် ခုနစ်ဂဏန်းကနေ ( ၇ )ရေးပြနဲ့ လုပ်တယ်။ ဒါပေမယ့် ဗထက်ချိုင့်နဲ့ ဝ.လုံးကိုတော့...

'မင်းတို့ဘာသာ မင်းတို့ကြံ'

ဆိုပြီး မပြောဘဲ ထားရစ်ခဲ့တယ်။

ဒီ စခဗဝဆိုတာက ပွင့်တော်မူပြီးတဲ့ ဘုရားလေးဆူရဲ့ သက်န်းတော် အနားပတ်တွေမှာ ပေါ်ထင်တဲ့ စာလုံးတွေလို့ မှတ်သားရမိဖူးပါတယ်။





BURMESE CLASSIC .com

# ဂုဏ်တော်တော်ရဲ့ အဖော်မြေများ

ဘိလ (ရေတံခွန်တောင်)

ဒီလိုနဲ့လဲ ဂုဏ်တော်ကို စိပ်ပွားရာကနေ အက္ခရာတွေ ဖြစ်ပွားတတ်တယ် ဆိုတာကို သိနားလည်ခွင့် ရခဲ့ပါတော့တယ်။

## [ ၂ ]

ရေတံခွန်တောင် ဆရာတော်ကြီးဆီ နည်းခံပြီး ဂုဏ်တော်ကို စိပ်ပွားခဲ့တာက အနှစ် နှစ်ဆယ်တောင် ကြာမြင့်လာခဲ့ပါပြီ။

ဒီညလဲ လူခြေအတိတ်မှာ ဂုဏ်တော်ကို ဝတ်မပျက် စိပ်ပွားနေခဲ့တာပါ။

အဲဒီမှာ စိတ်ထဲ လှုပ်ခနဲ ဖြစ်သွားရာကနေ လက်ထဲမှာ ဂဏန်းတွေ ရောက်နေတော့တယ်။ အက္ခရာဖြစ်တာ ... ထားပေမယ့် ဂဏန်းဖြစ်တာ မ... သေးတော့ စိတ်ထဲ ထိတ်ခနဲ ဖြစ်... လိုက်မိတယ်။ အဲဒီမှာ...

'မင့်ဘာသာမင်း ကကြီးကခွေး ... တစ်နှစ်သုံးလေးစိပ်စိပ် စိပ်ကောင်း... မစိပ်ဘဲ မပြောနဲ့ စိပ်မှပြော'

ဆိုပြီး ကျောင်းကို ရောက်... ရေတံခွန်တောင် ဆရာတော်ကြ... ပုတီးစိပ်တောင်းရာ မှာမိန့်ခဲ့... အမိန့်ကိုလဲ ဖြုတ်ခနဲ ... ရလို...

www.burmeseclassic.com

www.burmeseclassic.com

သွားပြန်တယ်။ ဒါနဲ့ ပေါ်တာကို ပေါ်တဲ့အတိုင်း ထားပြီး စိပ်ပွားနေလိုက်ပါတော့တယ်။

'ရှပ်…ရှပ်…ရှပ်'

အိမ်ရှေ့ လမ်းပေါ်ကနေ အိမ်ဝင်းထဲက သစ်ပင်ရိပ်အောက်ကို လှမ်းဝင်လိုက်ကပ်တဲ့အသံ အထင်းသား ကြားလိုက်ရတယ်။ ဒီအပင်က အထင်ကရအပင်ကြီးဆိုတာ လူတိုင်းအသိ။

'ဘယ်သူများ ဘာအကြောင်းနဲ့ ဒီလို ညဦးနက်သန်းခေါင်မှာ ချဉ်းကပ်လာရတာပါလိမ့်'

အတွေး မဆုံးလိုက်ပါဘူး။

'ရှပ်…ရှပ် ရှပ်…ရှပ် ရှပ်…ရှပ်'

ဝင်းခြံကို ဘယ်လို ကျော်ဝင်လိုက်တယ် မသိပါဘူး။ အိမ်ဝင်းထဲ သစ်ပင်ရိပ်အောက်ကနေ ခြေသံ ထပ်ကြားလာရပြန်တယ်။ ဒါပေမယ့် ပုတီးစိပ်နေတာက ရပ်ပစ်လို့ မဖြစ်လို့ အသာအောင့်အီးနေရတယ်။ အဲဒီမှာ…

'ရှပ်…ရှပ်…ရှပ်…ရှပ်'

ဇနီးသည်ကပါ ကြားလိုက်ဟန်တူပါရဲ့။ လှေကားဆီကနေ အောက်ထပ်ဆီ ဆင်းသွားသံ ကြားလိုက်ရတော့တယ်။ ခဏကြာတော့ မြေကြီးပေါ် အပင်ရိပ်ဆီကနေ သားသမီးတွေရဲ့ စကားပြောသံတွေ ကြားလိုက်ရပြန်တယ်။

ဘာပဲဖြစ်နေဖြစ်နေ ရန်မာန် အန္တရာယ် မကျရောက်နိုင်ဘူးဆိုတဲ့ ယုံယုံကြည်ကြည်နဲ့ ကိုယ့်ပုတီးကိုယ်သာ စိပ်ပွားနေလိုက်ပါတော့တယ်။

[ ၃ ]

သန်းခေါင်ကျော်အချိန်မှာ ပုတီးစိပ်ပြီးသွားလို့ အိပ်ရာဝင်လိုက်တယ်။ ဘယ်လောက်ပဲ အိပ်ရာဝင်နောက်ကျပါစေ၊ အရုဏ်အတက်မှာ နိုးထတာက



အကျင့်လို ဖြစ်နေတယ်။

အိပ်ရာက နိုးထလို့ အိမ်တံခါးဖွင့်လိုက်တာနဲ့ အိမ်ရဲ့မြောက်ဘက်က ပိတောက်ပင်ကြီးမှာ ဟိုတစ်နိုင်၊ ဒီတစ်နိုင်နဲ့ ပိတောက်တွေ လိုင်လိုင်ပွင့်နေတာ မြင်လိုက်ရတယ်။

ဒီအတွက် ဝါဆိုလဆန်းရက်ကြီးမှာ ပိတောက် ပွင့်တတ်သလား ဆိုတာကိုသာ စိတ်ထဲ ရုတ်တရက် တွေးလိုက်မိသွားတော့တယ်။ (ဒါက တစ်ရက်မက နှစ်ရက်၊ သုံးရက်တစ်ခါ ဖူးပွင့်နေတော့တယ်။)

တစ်ပြိုင်တည်းမှာပဲ နောက်မှာလာရပ်တဲ့ ဇနီးသည်က…

'ညက လူသံကြားလို့ထတာ။ ဘာမှလဲ မတွေ့ဘူး။ ကေန္တ ဒီအပင်ကြီးက ဘိုးတော် အသံပေးတာ ဖြစ်မယ် ထင်တယ်'

ဝင်းခြံအခြေက အထင်ကရအပင်ကြီးကို လက်ညိုးညွှန်ပြီး ဒီလို ပြောလာပြန်လို့…

'ဟိုမှာ ပိတောက်တွေ ပွင့်နေတာကရော ဘာသဘောလဲ'

ပြန်ပြောရင်းနဲ့ ပုတီးစိပ် အပြောင်းအလဲကြောင့်များ ဒီလိုတွေ ဖြစ်နေသလားလို့ တွေးလိုက်မိသွားရပြန်ပါတော့တယ်။

[ ၄ ]

ညနေစောင်းစ နှစ်နာရီအချိန်မှာ ပတ်ဝန်းကျင်က လူခြေတိတ်နေတယ်။ အပူဒဏ်ကို ရှောင်တဲ့သဘောနဲ့ အေးရာမှာ ခိုနေကြတာ ဖြစ်ပါလိမ့်မယ်။

ဒါကို အခွင့်ကောင်းယူပြီး အိမ်ရှေ့က တန်းလျားပေါ်မှာ ကိုးလုံးပုတီးလေး ကိုင်ပြီး ညက ကြုံရတဲ့ အက္ခရာနဲ့ ဂဏန်းအပြောင်းလေးကို ဖြည်းဖြည်း စိပ်ရင်း ပြန်လေ့လာလိုက်တယ်။

ဟုတ်ပါတယ်။ စိတ်ထဲက ဟိန်းနေတဲ့ အက္ခရာက ပျောက်ပြီး ပုတီးစေ့ချင်း ထိရာကနေ ဂဏန်းသံ ဟိန်းနေတော့တာပါ။

ဒီလို သိလာပေမယ့် ပိုပြီး အားစိုက်ထားနေမိတယ်။ မျက်စိကိုမှိတ် လက်နဲ့ ပုတီး ထိရာဆီက ထွက်နေတဲ့ ပုတီးသံကို နားထောင်နေဆဲမှာပဲ ဘာရယ်မသိဘူး မျက်စိပွင့်သွားတယ်။

အဲဒီမှာ ပိတောက်ပင်နဲ့ အိမ်အကြား ဝါးတစ်ရိုက်ကျော်ကျော်အမြင့်မှာ မရေမတွက်နိုင်တဲ့ ပျားကောင်တွေ အုပ်ဖွဲ့ ပျံသန်းနေတာ တွေ့လိုက်ရပါတော့တယ်။

ရုတ်တရက်မို့လို့ ပုတီးစိပ်နေလျက်နဲ့ကို မျက်စိက ပျားကောင်တွေဆီကနေ မခွာနိုင်အောင် ဖြစ်သွားရတော့တယ်။

'ဘာအကြောင်းကြောင့် များပါလိမ့်'

ဒီလို စိတ်ကလဲ ဖြစ်လာရပြန်တယ်။

တွေးမိတာကတော့ ပုတီးရဲ့လက်ချက်၊ အက္ခရာကနေ ပြောင်းလာတဲ့ ဂဏန်းရဲ့ အာနိသင်လို့ပါပဲ။

ကိုယ်တွေ့ကြုံဖူးတဲ့ ပုတီးသမားများလဲ ရှိကြမှာပါ။

// သီလ(ရေတံခွန်တောင်) //



www.burmeseclassic.com

www.burmeseclassic.com

# သင်္ကေတများ၏

## ဘာသာစကား(၃၁)

ဟုကျင်းဇီ

### လည်ဆွဲဘာယက်

လည်ဆွဲဘာယက်သည် တိုးတက်လာသော ယဉ်ကျေးမှုဖြစ်စဉ်အရ လည်တိုင်နှင့် ရင်ညွန့်တွင် တန်ဆာဆင်ဝတ်ဆင်ထားရသည့် လက်ဝတ်ရင်ဖွဲ့ ရတနာပစ္စည်းဖြစ်သည်။

လည်စည်းဖဲပြားကြိုး (Necktie)၊ လည်ပတ်ပဝါ(Neckerchief) များကဲ့သို့ လည်ဖွဲ့အဆင်တန်ဆာ (Neckwere) တစ်မျိုးဖြစ်သည်။


လည်ဆွဲဘာယက် သင်္ကေတသည် ကျယ်ပြန့်သော အဓိပ္ပာယ်ဖွင့်ဆိုချက်များရှိသည်။ အခြေခံမူရင်း အခြေအနေနှင့် ပြောင်းလဲတိုးတက်လာခြင်းကို ဆက်သွယ်သည့် သဘောလည်း ဆောင်သည်။

အခြေခံအုတ်မြစ်နှင့် အပေါ်ထပ်အဆောက်အအုံကြားရှိ အစိတ်အပိုင်းကို ညွှန်းဆိုသကဲ့သို့ မူလအကြောင်းအရာနှင့် အငြင်းပြအခြေအနေ နှစ်ခု၏ကြားအဆက်လည်းဖြစ်သည်။ သာမန်အားဖြင့် ဆက်သွယ်ခြင်း သဘောကိုဆောင်သည်။

နက္ခတ္တဗေဒဆိုင်ရာ ဆယ့်နှစ်ရာသီခွင်စက်ဝိုင်း လူတစ်ယောက်၏ အင်္ဂါအစိတ်အပိုင်းနှင့် နှိုင်းယှဉ်ဖော်ပြလေ့ရှိသည်။

လူတစ်ဦးကျောနှင့် ခြေကို ကော့၍ ခြေဖဝါးနှစ်ဖက်သည် နောက်စေ့နားတိုင်အောင် ပုစွန်ကွေး ကွေးထားပုံဖြစ်သည်။

* * *



ဦးခေါင်းပိုင်းသည် **မိဿရာသီ** **မျက်နှာပိုင်းသည် ပြိဿရာသီ** **လည်ပင်းရင်ညွန့်ပိုင်းသည် မေထုန်ရာသီ** စသည်ဖြင့် ခြေဖဝါးနှစ်ဖက်မှာ မိန်ရာသီတိုင်အောင်ဖြစ်သည်။

လည်ဆွဲဘာယက် ဆင်ယင်သည့် လည်ပင်း၊ ရင်ညွန့်ပိုင်းသည် မေထုန်ရာသီဖြစ်သည်။ လုလင်၊ လုံမ၊ မောင်နှံစုံတွဲရုပ်ပုံဖြင့် ညွှန်းသည်။

ဤသို့ နက္ခတ္တဗေဒဆိုင်ရာ ဖော်ပြချက်အရ လည်းကောင်း...

အင်္ဂလိပ်စာပေတွင် Neckကို ကြိယာအဖြစ် သုံးသောအခါ ဆန့်ကျင်ဘက်လိင်နှစ်ဦး တစ်ဦးကိုတစ်ဦး ပွေ့ဖက်နမ်းရှုပ်ကာ ချစ်ဗျူဟာကျင်းသည်ဟု အဓိပ္ပာယ်ရသည်။

I found a large number of couples sitting on park bencles petting and necking in broad daylight.

နေ့ခင်းကြောင်တောင် ဥယျာဉ်ခုံတန်းရှည်များပေါ်တွင် ပွတ်သီးပွတ်သပ် ချစ်ဗျူဟာ ကျင်းနေသည့် စုံတွဲများစွာကျွန်ုပ် မြင်တွေ့ခဲ့ရသည်။

ထို့ကြောင့်လည်း လည်ပင်း၌ ထိတွေ့ဆင်မြန်းရသော လည်ဆွဲဘာယက်ကိုလည်း Neck၏ ကြိယာညွှန်းအရ လည်းကောင်း အချစ်ကာမဆန္ဒဆိုင်ရာ သင်္ကေတဟုလည်း အဓိပ္ပာယ်ဖွင့်ကြသည်။ လည်ဆွဲဘာယက်သည် အချစ်ကာမဂုဏ်၏ ကွင်းဆက်တစ်ခုဟု ဆိုလေသည်။

အရှေ့တိုင်း တရုတ်ဓလေ့တွင်ကား လည်ဆွဲဘာယက်သည် ''အသပြာငွေကြေး''သင်္ကေတလည်းဖြစ်သည်။

လည်ဆွဲဘာယက်ကို တရုတ်ဘာသာဖြင့် **ရှမ့်လျန်**(Xiàng Lián)ဟု ခေါ်ဝေါ်ရာ **Xiàng**သည် လည်ပင်း၊ လည်ကုပ်ဟု ဂုဏ်ယူအဓိပ္ပာယ်ရသကဲ့သို့ အသပြာငွေကြေးကိုလည်း ဖော်ညွှန်းသောကြောင့် ဖြစ်သည်။

**လည်ပင်းလည်တိုင်Neckနှင့် အငြင်းပြသရုပ်(Negative State)**

လည်ပင်းလည်တိုင်သည် ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ရပ် ဖြစ်သော်လည်း ကိုယ်ခန္ဓာBodyနှင့် ခွဲခြား၍လည်း တင်စားသုံးနှုန်းတတ်သည်။ ''**ကိုယ်ထည်အထက် ပိုထွက်နေသော လည်ပင်းလည်တိုင်**''ဟူသည် ထူးခြားသော အရည်အချင်း အချက်အလက် မရှိသော်လည်း မိမိကိုယ်ကို စိတ်ကြီးဝင် အထင်ကြီးနေသူဟု အဓိပ္ပာယ်ရသည်။

မြန်မာဝေါဟာရတွင် ''**ကိုယ်ကကျိုး ထူးမှုမယုံရာ**''ဟူသော စကားနှင့် ဆင်တူပါသည်။

မြီးညှောင့်ရိုးအစွန်း အနည်းငယ်မို့မောက်နေသည့် အရိုးစွန်းကို ''**မြီးထူရိုး**''ဟုခေါ်၍ ရင်ညွန့်အထက် ပထ နံရိုးအလယ် အနည်းငယ် မို့မောက်



www.burmeseclassic.com

www.burmeseclassic.com

နေသည့် အရိုးစွန်းကို **"ရင်ထူးရိုး"** ဟုခေါ်သည်။

ကိုယ်ကကျူးလျှင် (ပိုလွန်လျှင်) ထုံးမျှပင် မယုံကြည်သင့်ဟုဆိုသည်။ ကိုယ်ခန္ဓာအစိတ်အပိုင်းပင် ဖြစ်သော်လည်း အနည်းငယ် မို့မောက်နေသည့် အရာကို ခန္ဓာကိုယ်၏ အပြင်ဘက်ဟု တင်စားသုံးနှုန်းခြင်း ဖြစ်သည်။

## ညဦး

အလင်းရောင် ကင်းမဲ့သော ညဦးကာလသည် လှုပ်ရှားကင်းမဲ့သည့် ဖြစ်စဉ်၊ ဣတ္ထိလိင်ဆိုင်ရာ ရည်ရွယ်ချက် မျှော်မှန်းချက် ကင်းမဲ့ခြင်းတို့ကို ကိုယ်စားပြုသည်။


နတ်ဘုရားတို့၏ မယ်တော်ဟု ဆိုကြသည်။ ဂရိလူမျိုးများက အရာအားလုံး၏ ဖန်တီးဖြစ်ပေါ်မှု စ,ဦးဖြစ်စဉ်အဖြစ် ယုံကြည်ကြသည်။ နေ့ခင်းရောက်မီ နေမထွက်မီ ကာလအတွင်း လူသားတို့၏ စိတ်ဓာတ်အင်အား လျော့နည်းတွေဝေမှုကို အထူးပြုဆိုသည်။

ညဦးနှင့်တွဲ၍ ရေပြင်ကိုပါ အတူ ယှဉ်တွဲဖော်ပြတတ်ကြသည်။ တည်ငြိမ် နက်ရှိုင်းသော ရေပြင်သည် ညဦးကာလကဲ့သို့ လျှို့ဝှက်ချက်များစွာ ပါဝင်လျက် ရှိခြင်းကြောင့် ဖြစ်သည်။

အခြား အယူအဆအနေဖြင့် ညဦးမှောင်မှောင်ကို သေခြင်းမရဏတရားနှင့် ဆင်တူသော အားမရှိသည့် အရောင်အသွေးတို့ကိုယ်စား အသုံးပြုသော သင်္ကေတလည်း ဖြစ်သည်။

အရှေ့တိုင်းဓလေ့တွင်လည်း ညဦးကို အနိဋ္ဌာရုံနှင့် မကောင်းမှုများ နိုးထောင်းရာ အ,ကာလအဖြစ် သတ်မှတ်ကြသည်။ (夜不闭户 **Yè bú bì hù**' ယဲ့ ပူးပီဟု'ဟူသော ဆိုစကားသည် **"ညဦး တံခါးကား မပိတ်"**ဟု တိုက်ရိုက် အဓိပ္ပာယ် ထွက်ရှိသော်လည်း ခေတ်ကာလအခြေအနေ ကောင်း၍ ညဦးအချိန်တွင်ပင် တံခါးပိတ်စရာမလို။ လောကလူ့ရွာ သာယာဝပြော အေးချမ်းခြင်းကို ရည်ညွှန်းလေသည်။

## ပုလဲ



ပုလဲသည် အဏ္ဏဝါထွက် အဖိုးတန်ရတနာတစ်ပါးဖြစ်သည်။ ပုလဲကို လည်ဆွဲအဖြစ် သီကုံးကာ လည်တွင်ဆင်မြန်းခြင်းမှာ အမျိုးသမီး ဖြစ်ပါက ထူးခြားမှု မရှိလှသော်လည်း အားကောင်းမောင်းသန် အမျိုးသားကြီးတစ်ယောက်က ပုလဲလည်ဆွဲကို ဆင်မြန်းထားခြင်းသည် ထူးခြားသော သင်္ကေတဖြစ်သည်။

အရေးကြီးသည့် သတင်းတစ်ရပ်ကို ပေးပို့ခြင်းဖြစ်သည်။ အဓိပ္ပာယ်ကား ကိုယ်ခန္ဓာအစိတ်အပိုင်းများကို တစ်စစီဖြစ်အောင် ဖြတ်တောက်ပစ်ခြင်း၊ နယ်မြေဒေသတစ်ခုကို ဝေခွဲသိမ်းပိုက်ခြင်းဟု ရည်ညွှန်းလေသည်။

တရုတ်တို့၏ အရေးပါ အသုံးများသော အမှတ်သင်္ကေတ ရှစ်မျိုးတွင် ပုလဲသည် အမှတ်စဉ်(၅)အဖြစ် ပါဝင်၍ **အညတြပါရမီရှင်**ဟု အဓိပ္ပာယ်ဖွင့်သည်။

နက်ရှိုင်းသော အဏ္ဏဝါရေပြင်အောက်မှ မုတ်ကောင်အကြား လျှို့ဝှက်စွာ ဖြစ်တည်ရသော ဘဝဖြစ်စဉ်ကို ညွှန်းဆိုခြင်းဖြစ်ဟန် ရှိသည်။

**(မြန်မာမှုတွင် ရွက်ပုန်းသီးနှင့် ဆင်တူပါမည်။)**

တရုတ်အတွေးအခေါ် ပညာရှင် **လောင်ဇု**(Lão Zi)က...

ကြမ်းတမ်းအေးစက်သော သမုဒ္ဒရာရေအောက်ရှိ မုတ်ကောင်တွင်းမှ သဘာဝ ပုလဲရတနာသည် လူသားတို့၏ အတွင်းအဖွဲ့တွဲသန္တာန်အတွင်းရှိ **တောက်**(Dào)**(ဓမ္မ)**နှင့် တူညီသည်။

ထိုတောက်သည်ပင် လောကအတွင်း လမ်းပြပေး၍ ကမ္ဘာမြေပြင်၌ လျှိုမြောင်ကလေးပမာ ရှိ၏။

ထိုလျှိုမြောင်ကလေးသည် မြစ်ချောင်းပင်လယ်ကြီးများကို အားဖြည့်ပေးသည်။ သူသည် ကမ္ဘာမြေတစ်ခုလုံးနှင့် ဆက်ဆံသည်။ ကမ္ဘာမြေပြင်ပေါ် ကျရောက်သမျှ မိုးရေတို့သည် သူမှတစ်ဆင့် ပင်လယ်တွင်းသို့ သက်ဆင်းကြ၏။

မိုးရေတို့သည် ပင်လယ်သမုဒ္ဒရာသို့ မရောက်မီတွင် သူ့ကို အားကိုးကြရ၏။ ပင်လယ်တွင်းသို့ ရောက်သွားသောအခါ လျှိုမြောင်ကလေးကို မမြင်ကြရတော့ချေ။

မိုးရေတိုင်းက သူ့ကို အားကိုးကြ၏။ သို့သော် သူက မိုးရေများကို ထိန်းချုပ်ရန် မကြိုးစားပါ။ လိုချင်တပ်မက်မှုဆန္ဒ ကင်းမဲ့စွာ နိုင်မာစွာ တည်ရှိမြဲဖြစ်သည်။

အလားတူပင် လူ့လောကတွင် သူတစ်ပါးကို သိမြင်ခြင်းသည် ပညာရှိခြင်းဖြစ်၏။ သူတစ်ပါးကို အောင်နိုင်သူများသည် မိမိရှိရင်း အင်အားကို သုံးစွဲရ၏။

အင်အားကို အသုံးပြုရသူတို့သည် ဆန္ဒရမ္မက်ဇော ရှိကြ၏။ မတည်မြဲသော ပိုင်ဆိုင်မှုများကို အစွဲအလမ်းကြီးစွာ ဖက်တွယ်ထားလိုကြသည်။

www.burmeseclassic.com

ကိုယ်ပိုင်အင်အားများ တဖြည်းဖြည်း ယုတ်လျော့သွား၏။

ပုလဲနှင့်တူသော ကိုယ်တွင်းမှ **တောက်(ဓမ္မ၏သဘော)**ကို နားလည်သူသည် မိမိကိုယ်ကို သိရန် ကြိုးစား၏။ မိမိကိုယ်ကို မိမိ သိသူများသည် ဉာဏ်အလင်း ရရှိသူများ ဖြစ်သည်။ မိမိကိုယ်ကို အောင်နိုင်သူများ ဖြစ်ကြသည်။

မိမိကိုယ်ကို အောင်နိုင်သူများသည် သန်စွမ်းကြသည်။ ကျေနပ်တင်းတိမ်သူများသည် ချမ်းသာကြသည်။ မည်သူ့ကိုမှ လွှမ်းမိုးရန် မကြိုးစားသဖြင့် မိမိနေရာကို မဆုံးရှုံးကြ။ ကြာရှည်မြဲ၏။ ကွယ်လွန်သော်မှ မေ့ပျောက်ခြင်း မခံကြရ။ သေသော်လည်း ထာဝရ မသေသူများ ဖြစ်ကြ၏။

မြင့်မားသော ဦးတည်ချက်သို့ ဖြစ်စေ၊ နိမ့်ပါးသော အခြေအနေညွှန်းသို့ဖြစ်စေ **တောက်**ကိုသာ အားပြုရသည်။ ထိုဦးတည်ချက် ပြီးမြောက်သွားသောအခါ **တောက်** ရှိနေသည်ဟု လက်ဆုပ်လက်ကိုင် ပြစရာမရှိ။

လူတိုင်းသည် သူ့ကို အားပြုခိုလှုံကြသော်လည်း သူက လူများကို ထိန်းချုပ်ရန် မကြိုးစားပါ။

သူသည် သူ၏ အတွင်းသန္တာန်တွင် တည်မိနေသော **ဖိုမ(ယန်းနှင့်ယင်း)** တို့၏ ဆန့်ကျင် ဒွန်တွဲနေမှုအရ ပြောင်းလဲနေသော မပြောင်းလဲခြင်းဖြင့် (ယီကျင်းသဘောအရ) ပုံမှန် တည်မြဲလျက်ရှိသည်။

ပုလဲသည် မှတ်ကောင်၏ ကိုယ်ပိုင် ညှစ်ထုတ်သော စွမ်းရည်အပေါ် မူတည်၍ အရည်အသွေး ပိုမိုတောက်ပြောင် ကောင်းမွန်စေသည်။ လူတို့သည် မိမိ၏ကိုယ်ပိုင်စွမ်းရည်ကို အသုံးပြုကာ **တောက်**ကို ပွင့်လင်းအောင် ကြိုးစား၏။

ပညာရှိတို့သည် ကြီးမားမြင့်မြတ်သည်ဟု အထင်ကြီးလေးစားခြင်း ခံကြရ၏။ အခြေခံအချက်ကား သူတို့သည် မိမိကိုယ်ကိုသာ ညှစ်ထုတ်ရန် ကြိုးစား၍ အခြားသူတို့အပေါ် လွှမ်းမိုးရန် မကြိုးစားပါ။

သို့ဖြစ်ရာ သူတို့ကိုယ်တိုင်လည်း ကြီးမြတ်သည်ဟု မယူဆကြပါ။ ဤသို့ မယူဆခြင်းက လုပ်ငန်းများစွာကို ပြီးမြောက်အောင်မြင်စေ၍ လူတကာက ကြီးမြတ်သည်ဟု လေးစားရခြင်း၏ အဓိကအချက်ပေတည်း။

**ဟူကျင်းဖိ**



၂၀၁၄ ခုနှစ်အတွင်း ဖေဖော်ဝါရီလအတွင်း

# ငွေကြေးလာဘ်လာဘ ရွှင်လန်းစေရန်

ဤလတွင် ငွေကြေးလာဘ်လာဘများ သွက်လက်ဝေဆာ၊ အနှောင့်အယှက်ကင်းစွာဖြင့် ဝင်ရောက် ပိုင်ဆိုင်ရရှိကြစေရန် မိမိတို့ မွေးနှစ်အရ အောက်ပါအတိုင်း စီစဉ်ပါ။

* * *

| မွေးနှစ် | ခုရေ | အာရပ်မျက်နှာ | ကူညီမည့်ပုဂ္ဂိုလ် | လှူရန်နေ့ |
|---|---|---|---|---|
| ကြွက် | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| နွား၊ ကျား | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |
| ယုန် | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| နဂါး၊ မြွေ | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| မြင်း | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |
| ဆိတ်၊ မျောက် | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ကြက် | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| ခွေး၊ ဝက် | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |

**ဥပမာ။** ။ ခွေးနှစ်တွင် မွေးဖွားသူသည် နိမိတ်ကောင်းသော အခက်အညွှန့် (၉)ခက်ကို အင်္ဂါနေ့တွင် လူအများ ကိုးကွယ်ပူဇော်ရာ ဘုရားပုထိုးသို့ သွားရောက်ကာ တောင်အရပ်၊ ဗုဒ္ဓဟူးဂြိုဟ်တိုင်အနီးမှ ကပ်လှူကာ ငွေကြေးလာဘ်လာဘ သွက်လက်ရွှင်လန်းစေရန် သမ္မာဒေဝများထံ တိုင်တည် ဆုတောင်းရန် ဖြစ်သည်။

ဗုဒ္ဓဟူးသားသမီးကို ခေါ်ဆော[င်] အဖော်ပြုခြင်းဖြင့် ပိုမိုထက်မြ[က်] လျင်မြန်စေလိမ့်မည်။

ကျန်နှစ်ဖွားများလည်း ဤအတိုင်း ဆောင်ရွက်လှူဒါန်းပါ။

**ဂရုပြုရန်မှာ** လှူဒါန်းသော အခက် အညွှန့်သည် သစ်ပင်မှ အခက်အညွှန့် အစစ် ဖြစ်ရပါမည်။ **(ယန်းဓာတ် ဆောင်စေရန် ဖြစ်၏။)**

အတုပြုလုပ်ထားသော စက္ကူ ပလတ်စတစ် စသည်တို့ကို အသုံးမပြု သင့်ပါ။ ယန်းဓာတ်ဆောင်သော မြင်း နှစ်တာကာလသို့ ဝင်ရောက်လာပြီ ဖြစ် သောကြောင့်ပင်တည်း။

***လာဘ်လာဘ ရွှင်လန်းသွက်လက် ကြပါစေ။***

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းသော ရှေးဟောင်း

# မတ်တစ်ထောင်စေတီ

မကွေးလှမြင့်



▲ မတ်တစ်ထောင်စေတီ

**မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ရှားဖောင်းကန် ကျေးရွာ၏ ရွာဦးထိပ် (၃)ဖာလုံခန့်အကွာ တောင်ကုန်းတစ်ခုပေါ်၌** ရှေးဟောင်းစေတီတစ်ဆူအား ဖူးတွေ့ရပါသည်။ စေတီ၏ဘွဲ့တော် မတ်တစ်ထောင်စေတီဟု ဒေသတွင်းရှိ ရဟန်းလူအများက ခေါ်ဝေါ်ကြသည်။

ဘုရားသမိုင်းအကျဉ်းမှာ ၁၂၄၄ ခုနှစ်တွင် ရှားဖောင်းကန်ကျေးရွာ ဥတ္တရာရုံကျောင်းဆရာတော် ဦးသောမသည် ဒါယကာ, ဒါယိကာမအပေါင်း လှူဒါန်းမှုအစုစုမှ ရရှိသော **မတ်စေ့ပေါင်း တစ်ထောင်ဖြင့်** တည်ထားခဲ့သော စေတီဖြစ်ခြင်းကြောင့် **"မတ်တစ်ထောင်စေတီ"**ဟု အမည်တွင်ခဲ့ကြောင်း၊ ယခု ကျောင်းထိုင်ဆရာတော်ကြီး ဦးသြဘာသက အမိန့်ရှိပါသည်။


မတ်တစ်ထောင် စေတီတည်ထားသော မြေနေရာအား ရှားဖောင်းကန်ရွာမှ မြေပိုင်ရှင် ဦးသာလှိုင် ဒေါ်မွန်းမေတို့ လှူဒါန်းပြီး သွပ်မိုးပျဉ်ထောင် တစ်ဆောင်ကျောင်းဆောင် တစ်ခုလည်း ဆောက်လုပ် လှူဒါန်းခဲ့ပါသည်။ မတ်တစ်ထောင်စေတီတော် တည်ထားပြီး တစ်နှစ်အကြာ မြန်မာသက္ကရာဇ် ၁၂၄၅ ခုနှစ်တွင် ရှားဖောင်းကန်ကျေးရွာမှ ဖိုးသာမောင်၊ မယ်ဖဲငြိမ်းတို့က စေတီတည်ရှိရာ တောင်ကုန်းမြောက်ဘက်တွင် (T)တီပုံသဏ္ဌာန် လိုဏ်ဂူကြီးတစ်ခု တူးဖော်ကြသည်။ အပေါက်မှ အတွင်းသို့ (၃၆)ပေ၊ အရှေ့မှအနောက် (၁၆)ပေ၊ တောင်မှမြောက်သို့ (၂၀)ပေ ကိုးနဝင်းကြေ လိုဏ်ဂူကြီး ဖြစ်သည်။

ဆရာတော် ဦးသောမသည် ထိုလိုဏ်ဂူအတွင်း၌ ဝိပဿနာတရားအားထုတ်ခဲ့သည်။ လိုဏ်ဂူကြီးအပေါ်တွင် မတ်တစ်ထောင်စေတီကြီးနှင့် ပုံတူစေတီငယ်တစ်ဆူ တည်ခဲ့၍ ယနေ့တိုင်တွေ့မြင်ရဆဲ ဖြစ်ပါသည်။ မတ်တစ်ထောင်စေတီမှာ နှစ်ပေါင်း (၁၃၁)နှစ်



www.burmeseclassic.com

www.burmeseclassic.com



◆ ဓာတ်ပုံတွင်ပေါ်လာသော ငွေအိမ်များ

ကြာခဲ့ပြီဖြစ်၍ တဖြည်းဖြည်း ယိုယွင်း ပျက်စီးလာခဲ့သည်။ ဆရာတော်ကြီး ဦးသောမသည်လည်း မြန်မာသက္ကရာဇ် ၁၃၀၇ ခုနှစ်တွင် သက်ကြီးရောဂါဖြင့် ပျံလွန်တော်မူသွားခဲ့သည်။

ထို့နောက် ဆရာတော်ကြီး ဦးသောမ ၏တပည့် ဆရာတော် ဦးကေတုသည် ညွှန့်ရာရုံကျောင်းတိုက်တွင် ဆက်လက် သီတင်းသုံးနေ ထိုင်ခဲ့ရာ ရှေးဆရာ တော်ကြီး၏ ဆန္ဒအတိုင်း ကျောင်း၊ ကန်၊ ဘုရားများကို ထိန်းသိမ်း စောင့် ရှောက်ရင်း ၁၃၃၉ ခုနှစ်တွင် ကျေးရွာ သူကြီး ဦးရာဇိုး လက်ထက်တွင် ဝါတွင်း ကာလ အဖိတ်နေ့တိုင်း ဆွမ်းဆန်များ အလှူခံ၍ မတ်တစ်ထောင်စေတီအား ဆွမ်းတော်ကြီးတင်ခြင်း၊ မုန်သက်န်း များ ကပ်လှူ ပြီး ကျောက်ထီးတော် တင်လှူခြင်းများ ဆောင်ရွက်ခဲ့သည်။ ၁၃၆၄ ခုနှစ်၊ ကဆုန်လဆန်း (၅) ရက် တွင် ဆရာတော်ကြီး ဦးကေတု သက် ကြီးရောဂါဖြင့် ပျံလွန်တော်မူခဲ့သည်။

ထို့နောက် တဖြည်းဖြည်း မတ်တစ် ထောင်စေတီ၏ မုန်သက်န်းများ ကွာကျ ပျက်စီး မည်းညစ်လာသဖြင့် ရှားဖောင်း ကန်ကျေးရွာ နာယက ဆရာတော်ကြီး များ ဖြစ်ကြသည့် **ဦးသြဘာသ၊ ဦးတိက္ခဉာဏ၊ ဦးပဏ္ဍိဝ၊ ဦးဓမ္မသာမိ နှင့် ရှင်ဝေပုလ္လတို့က** ဦးစီး၍ ရွှေထီး တော် တင်လှူခြင်း၊ ရွှေသက်န်းကပ် လှူခြင်း၊ ရင်ပြင်တော်အား ပေ(၆၀) ပတ်လည် ရင်ပြင်တော် တိုးချဲ့မွမ်းမံပြင် ဆင်ခြင်း၊ လောကနန္ဒာ ရေကန်တော် တူးဖော်ခြင်း၊ ပထမဆရာတော်ကြီး ဦးသောမ၏ အရိုးစေတီအား ပြန်လည် ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ကြပါ သည်။

မတ်တစ်ထောင်စေတီကြီး၏ ဘက် စုံမွမ်းမံ တည်ဆောက်ခြင်း လုပ်ငန်း များကို ၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆ[illegible] (၈)ရက်မှ စတင်ခဲ့ရာ ၁၃၇၂ ခုနှ[illegible] တော်သလင်းလပြည့်ကျော် (၉)ရ[illegible] တွင် ပြီးစီးအောင်မြင်ခဲ့ပါသည်။ ရွှေ[illegible] တော်အား ရှားဖောင်းကန်ကျေး[illegible] အုပ်စုအတွင်း လှည့်လည်ပူဇော်ကြ[illegible] တော်သလင်းလပြည့်ကျော် (၁၁)ရ[illegible] တွင် မတ်တစ်ထောင်စေတီကြီးအ[illegible] "ဗုဒ္ဓဘိသေက အနေကဇာတင်[illegible] ကျင်းပခဲ့ပါသည်။

ထူးခြားမှုတစ်ခုမှာ ၁၃၇၂ [illegible] တော်သလင်းလပြည့်ကျော် (၁၀) ရက်[illegible] (၅း၀၀)နာရီ ပဋ္ဌာန်းသိမ်းပြီး ဗုဒ္ဓဘိ[illegible] အနေကဇာတင်၊ အနုမောဒနာတ[illegible] နာယူနေစဉ် ဓာတ်ပုံဆရာတစ်ဦးက [illegible] တစ်ထောင်စေတီကြီးအား ဓာတ်ပုံ [illegible] ခဲ့ရာ ပထမ ဓာတ်ပုံမှာ စေတီကြီး[illegible] ရှိရင်းစွဲ ပုံတော်အတိုင်း ဖူး[illegible] ပုံတော်တွင် ငွေအိမ်များ ကော[illegible]

www.burmeseclassic.com



◆ ဆရာတော်ကြီးပြီးသောမ တရားကျင့်သောဂူ

ဂူသောပုံကို တွေ့ရသဖြင့် ရပ်နီးရပ်ဝေး အလှူရှင်များ ဧည့်ပရိသတ်များ ရင်သပ်ရှုမော အံ့သြခဲ့ကြရပါသည်။ ထိုပုံတော်အား ရှုယူ၍ ပူဇော်ထားကြကြောင်း ထပ်မံသိရှိရပါသည်။

ရပ်ဝေးရပ်နီး ဗုဒ္ဓဘာသာဝင်များ အနေဖြင့် ရေးဟောင်း မတ်တစ်ထောင် စေတီတော်ကြီး ဖူးမြော်ကြည်ညိုကြလိုလျှင် **မကွေး–တောင်တွင်းကြီး ကားလမ်းအတိုင်း မိုင်(၂၀)ခန့်တွင် အရှေ့ဘက်သို့ ချိုးကွေ့သွားသော မြင်ကွန်းကားလမ်းခွဲကို တွေ့ရမည် ဖြစ်ပါသည်။ မြင်ကွန်း ကားလမ်းခွဲ အတိုင်း (၂)မိုင်ခန့် အကွာတွင် ရှားဖောင်းကန်ကျေးရွာသို့ ရောက်ရှိမည်ဖြစ်ပြီး ရွာဦးထိပ် တောင်ကုန်းပေါ်တွင်ရှေးဟောင်းမတ်တစ်ထောင် စေတီကြီးသို့** ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိနိုင်ကြောင်း အသိပေးလိုက်ရပါသည်။

မကွေးလှမြင့်


# ကုက္ကိုနီသစ်ပင်

အသုံးသိသူများမှ ဖော်ပြပေးကြပါရန်



ကုက္ကိုနီသစ်ပင်အား စိတ်ဝင်စားသော စာဖတ်သူများနှင့် ပညာရှင် အပေါင်းတို့အတွက် တင်ပြအပ်ပါသည်။ ကုက္ကိုနီသည် **အဂ္ဂိရတ်ပညာတွင်** ထူးထူးခြားခြား အသုံးပြုနိုင်သည်ဟု သိရှိရပါသည်။

ဆေးကုသ၍ မသက်သာသော နာတာရှည် ဝေဒနာရှင်တစ်ဦးကိုလည်း ထိုကုက္ကိုနီအခေါက်ကို ကျိုပြီး တိုက်ကျွေးရာ သက်သာသွားကြောင်း ပြောပြပါသည်။

ကျွန်တော်သည် ထိုကုက္ကိုနီပင် အခေါက် ရရှိလို၍ ထိုအကြောင်း ပြောပြသော မိတ်ဆွေနှင့်အတူ သွားကြရန် အဖော်ညှိရာ ထိုမိတ်ဆွေက ကုက္ကိုနီအပင်သည် ကျွန်တော်တို့ အမြဲတွေ့နေရသော ကုက္ကိုပင်နှင့်မတူကြောင်းနှင့် အရွက်နီနီ အပွင့်နီနီရဲရဲ ဖြစ်ကြောင်း ပြောပြပါသည်။

ကျွန်တော်သည် မိတ်ဆွေနှင့်အတူ ထိုအပင်ရှိရာသို့ သွားခဲ့ပါသည်။ ထိုသစ်ပင်မှ အခေါက်နှင့်အမြစ်ကို ယူဆောင်လာခဲ့ပါသည်။

ထို **ကုက္ကိုနီ အသုံးဝင်မှုနှင့် ပတ်သက်၍ သိရှိသူ ပညာရှင်များ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တစ်ဆင့် ဖော်ပြပေးကြပါရန် မေတ္တာရပ်ခံ တင်ပြလိုက်ရပါသည်။**

မင်းတင်




www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ သဘာဝစမ္မ တိုင်းရင်းဆေးခန်း

# ဆရာ ဦးသန်းဆွေထွန်း

မြောင်းမြ
မောင်ယဉ်တင်

(တဆ-၀၂၆၂)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော မီးယပ်သွေးလွန်ရောဂါ၊ မီးယပ် ထိမ်, ငုပ်, ချုပ်ရောဂါကာကွယ်စောင့်ရှောက်နည်းများ

တိုင်းရင်းဆေး ဆရာ/ဆရာမ ဆိုတာ အမျိုးသား၊ အမျိုးသမီးရောဂါ မခွဲခြားဘဲ ကုသနိုင်ရမယ်လို့ ရှေးက တိုင်းရင်းသမားတော်ကြီးများ မိန့်ကြားခဲ့တာ မှတ်သားမိပါတယ်။

ဒါကြောင့် အမျိုးသားရောဂါများ သာမကဘဲ အမျိုးသမီးရောဂါများကို စနစ်တကျ ကုသနိုင်တဲ့ **ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်မှာရှိသော ဆရာ ဦးသန်းဆွေထွန်း**ကို သွားရောက်တွေ့ဆုံပြီး အမျိုးသမီးရောဂါများနဲ့ ပတ်သက်တဲ့ရောဂါကို ဆွေးနွေးခဲ့ပါတယ်။

ဆရာဦးသန်းဆွေထွန်းက သဘာဝစမ္မ ဆရာကြီးဦးထွန်းရည်နဲ့ သဘာဝစမ္မ ဆရာကြီးဦးငြိမ်းမောင်တို့ရဲ့ တပည့်ရင်းဖြစ်ပါတယ်။ ဆေးကုသက် (၁၈)နှစ်ခန့် ရှိနေပြီဖြစ်တဲ့ ဆရာဦးသန်းဆွေထွန်းနဲ့ တွေ့ဆုံ ဆွေးနွေး မေးမြန်းခဲ့သမျှ ပြန်လည်တင်ပြလိုက်ပါတယ်။

▲ **'ဒီတစ်ပတ် ဆရာနဲ့ မီးယပ်သွေးလွန်ရောဂါနဲ့ မီးယပ် ထိမ်၊ ငုပ်၊ ချုပ်ရောဂါ အကြောင်းကို ဆွေးနွေးမှာဖြစ်ပါတယ်။ ခု ပထမ မီးယပ်သွေးလွန်ရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကို ပြောပြပေးပါဆရာ'**


○ 'မီးယပ်သွေးလွန် ဖြစ်စေတဲ့ အကြောင်းရင်းများကတော့ မီးယပ်သွေးပေါ်ခါနီး (သို့မဟုတ်) မီးယပ်သွေးပေါ်ဆဲချိန်မှာ မဆင်မခြင် အအေးမိခံခြင်း၊ ရေကြာကြာ ချိုးခြင်း၊ အေး,ချို,ဆိမ့်,ဖန် အရသာတွေကို လွန်ကျူးစွာ စားသောက်ခြင်း စတာတွေကြောင့် သွေးလွန် သွေးသွန်ရောဂါ ဖြစ်တာပါ။

သားအိမ်အတွင်းမှာရှိတဲ့ ရာသီသွေးဟာ အအေးမိပြီး သွေးတုံး သွေးခဲလေးတွေ ဖြစ်သွားပါတယ်။ အဲဒီအချိန်မှာ ဝါယောဓာတ်က တွန်းကန် လိုက်ခြင်းကြောင့် သွေးသစ်နဲ့ သွေးဟောင်း ရောပြီး မပြတ် ယိုစီးကျလာခြင်း ဖြစ်ပါတယ်။

အချို့ သွေးတုံး သွေးခဲလေးတွေကျပြီး အချို့ ခပ်ပျစ်ပျစ် အရောင်မျိုးစုံကျတတ်ပါတယ်။ အချို့ ပန်းယွက် တတ်ပါတယ်။ အဲဒီလိုဖြစ်ပြီး မပြတ်ယိုစီးတဲ့ ရောဂါကို သွေးလွန်ရောဂါ(သို့မဟုတ်) သွေးသွန်ရောဂါလို့ ခေါ်ကြတာ ဖြစ်ပါတယ်'

▲ **'အခြား ဘယ်လို အကြောင်းအချက်တွေကြောင့်လဲ သွေးလွန်ရောဂါ ဖြစ်နိုင်ပါသလဲ ဆရာ'**

○ 'ကိုယ်ဝန်ဆောင်မိန်းမများ သန္ဓေသားနုစဉ်မှာ အလေးအပင် ပစ္စည်းမ,ခြင်း၊ မီးယပ်သွေးပေါ်ခါနီး ခရီးပြင်းသွားခြင်း၊ နေပူခံလွန်းခြင်း၊ အအေးမိခံလွန်းခြင်း၊ မေထုန်မှု လွန်ကျူးခြင်း စတဲ့ အကြောင်းအချက်တွေဟာ မီးယပ်သွေးလွန်ခြင်း၊ မီးယပ်သွေးသွန်ခြင်း ဖြစ်နိုင်



◆ ဆရာဦးသန်းဆွေထွန်း တဆ-၀၂၆၂

သလို သားဖွားတဲ့ မိန်းမ...
သားအိမ်ဝ စုတ်ပြီး သွေးလွန်...
သားအိမ်ကျပြီး ပြန်မဝင်လို့...
လွန်တာ၊ သွေးဟောင်းမ...
သွေးလွန်တာမျိုးလဲ ဖြစ်တ...
တယ်'

▲ **'မီးယပ်သွေးလွန်၊ သွေးသွန်... အချိန်မှာ ဘယ်လို ဝေဒနာမျိုး လ... တွေ ဖြစ်တတ်ပါသလဲ ဆရာ'**

○ 'မီးယပ်သွေးလွန် သွေး...
နေသူဟာ အသက်ရှူကျ...
မောပန်းမူးဝေခြင်း၊ သွေး...
မမှန်တဲ့ မျက်စိဝေ...
ချမ်းတုန်ပြီး ဖျားယပ်ဖျားရော...



www.burmeseclassic.com

www.burmeseclassic.com

တဲ့ ခံစားမှုလက္ခဏာတွေ ဖြစ်တတ်ပါတယ်'

▲ **'အဲဒီ မီးယပ်သွေးလွန်ဝေဒနာရှင်များ ဘယ်လို နေထိုင်စားသောက်ရမယ်ဆိုတာ ဆက်ပြီး ပြောပြပေးပါဦး ဆရာ'**

○ 'အဲဒီ မီးယပ်သွေးလွန်ဝေဒနာရှင်ဟာ အစားအသောက်၊ အနေအထိုင် ဆင်ခြင်ရပါမယ်။ အပူအစပ် လွန်ကဲသော အစားအစာများ လုံးဝ ရှောင်ကြဉ်ရပါမယ်။ ခရီးပြင်းသွားခြင်း၊ နေပူခံလွန်ခြင်း၊ အအေးမိခံခြင်း (ရေချိုးကြာခြင်း) စတာတွေကို ရှောင်ကြဉ်ပြီး သင့်လျော်တဲ့ဆေး တိုက်ကျွေးရင် မီးယပ်သွေးလွန်၊ သွေးသွန်ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းနိုင်ပါတယ်'

▲ **'မီးယပ်သွေးလွန်ရောဂါနဲ့ တစ်ဆက်တည်း မီးယပ် ထိမ်,ငုပ်,ချုပ် ရောဂါကို လိုရင်းတိုရှင်း ဆက်ပြီး ပြောပြပေးပါဦး ဆရာ'**

○ 'မီးယပ် ထိမ်,ငုပ်,ချုပ်ခြင်းဟာ သွေးအားများပြီး ထိမ်,ငုပ်,ချုပ်ခြင်းနဲ့ သွေးအားနည်းပြီး ထိမ်,ငုပ်,ချုပ်ခြင်းဆိုပြီး (၂)မျိုးရှိပါတယ်။

သွေးအားများပြီး မီးယပ် ထိမ်,ငုပ်,ချုပ်ခြင်းရောဂါ ဖြစ်ရတာတော့ အေး,ချို့,ဆိမ့်,ဖန် အစားအစာများကို လွန်ကဲစွာ စားသောက်ခြင်း၊ လေအေးစက် (ပန်ကာလေ)များတွင် နေထိုင်မှုများခြင်း၊ စိတ်သောကပူပင်မှုများခြင်း၊ ပင်ပန်းကြီးစွာ အလုပ်လုပ်ခြင်း စတဲ့ အချက်တွေကြောင့် မီးယပ် ထိမ်,ငုပ်, ချုပ်ရောဂါ ဖြစ်ရတာပါ။

သွေးအားနည်းပြီး မီးယပ်ထိမ်,ငုပ်, ချုပ်ရောဂါ ဖြစ်ရတာကတော့ ပင်ကိုသွေးအားနည်းတဲ့အတွက် ထိမ်,ငုပ်, ချုပ် ဖြစ်ရတာပါ။

အဲဒီရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုတဲ့ သမုဋ္ဌာန်တရား(၄)ပါးကို လွန်၊ ယုတ်၊ လွဲ၊ မှား ကျင့်ဖန်များခြင်းကြောင့် ခန္ဓာကိုယ်တွင်းမှာရှိတဲ့ ဓာတ်(၇)ပါး မညီညွတ်တဲ့ သွေးနဲ့အတူ ပျက်စီးမှုကြောင့် ပင်ပန်းနွမ်းနယ်မှု လွန်ကဲပြီး မီးယပ်ထိမ်,ငုပ်,ချုပ်ရောဂါ ဖြစ်ရခြင်းပဲ ဖြစ်ပါတယ်။

▲ **'မီးယပ်ထိမ်,ငုပ်,ချုပ် ရောဂါရဲ့ လက္ခဏာများကို ဆက်ပြီး ပြောပြပေးပါဦး ဆရာ'**

○ 'မီးယပ် ထိမ်, ငုပ်, ချုပ် လက္ခဏာတွေကတော့...

(၁) ခါးကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊

(၂) ဆီး၊ ဝမ်း၊ လေချုပ်ခြင်း၊

(၃) ဖက်ကျော၊ နောက်ကျောတက်ခြင်း၊

(၄) အအိပ်၊ အစားပျက်ခြင်း၊

(၅) စိတ်တို၊ ဒေါသကြီးတတ်ခြင်း၊

(၆) ခြေဖျားလက်ဖျား အေးခြင်း စတဲ့ လက္ခဏာတွေဟာ မီးယပ် ထိမ်, ငုပ်,ချုပ်ရောဂါ လက္ခဏာများ ဖြစ်ပါတယ်'

▲ **'မီးယပ် ထိမ်,ငုပ်,ချုပ်ရောဂါ ကာကွယ် ကုသနည်းကိုလဲ ဆက် ပြီး ပြောပြပေးပါဦး ဆရာ'**

○ 'မီးယပ် ထိမ်,ငုပ်,ချုပ် ရောဂါကို ကြိုတင်ကာကွယ်ဖို့က ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်တရား(၄)ပါးကို လွန်၊ ယုတ်၊ လွဲမှား မပြုဖို့ ဆင်ခြင်နေထိုင်စားသောက်ရပါမယ်။ အထူးသဖြင့် ပူ၊ စပ်၊ ချဉ်၊ ခါး အရသာများကို ရှောင်ကြဉ်ပြီး ရသာ(၆)ပါးမျှအောင် စားသောက်ရပါမယ်။

အဲဒီရောဂါရှင်နဲ့ သင့်လျော်တဲ့ဆေး၊ ဓာတ်စာ တိုက်ကျွေးရင် မီးယပ် ထိမ်, ငုပ်,ချုပ် ရောဂါဟာ သက်သာပျောက်ကင်းသွားမှာ ဖြစ်ပါတယ်'

▲ **'မီးယပ် ရောဂါရှင်များအတွက် ဆေးနည်းတစ်ခု ပညာဒါနပြုပေးပါဦး ဆရာ'**

○ 'မီးယပ်သွေးပေါ် ဆေးများဟာ အလွယ်တကူ ဝယ်ယူရရှိနိုင်တဲ့အတွက် မီးယပ်သွေးလွန်သောက်ဆေးကို ပြောပြပေးပါမယ်'

**မီးယပ်သွေးလွန်၊ သွေးသွန် သောက်ဆေး**

| | | |
|---|---|---|
| ၁။ | ဆေးပိုးတီ | (၈)ပဲသား |
| ၂။ | ကံ့ကော်ဝတ်ဆံ | (၁)ကျပ်သား |
| ၃။ | ကြာဝတ်ဆံ | (၁)ကျပ်သား |
| ၄။ | နံ့သာနီ | (၁)ကျပ်သား |
| ၅။ | သကြား | (၇)ကျပ်သား |

***[ဆေး(၅)မျိုး ဆေးချိန်(၁၀)ကျပ် (၈)ပဲသားတိတိ]***

မနက်၊ နေ့လယ်၊ ညနေ၊ ညအိပ်ရာဝင်ချိန် တစ်နေ့(၄)ကြိမ် (၁)ကြိမ်ကို လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေအေး (သို့မဟုတ်) ဖျော်ရည်တစ်မျိုးမျိုးနဲ့ သောက်ပါ။ မီးယပ် ထိမ်,ငုပ်, ချုပ်ရောဂါ သက်သာ ပျောက်ကင်းစေပါတယ်'

▲ **'ကျေးဇူးတင်ပါ ဆရာ'**


○ **'ဆရာ ဦးသန်းဆွေထွန်းနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...**

**ဆရာ ဦးသန်းဆွေထွန်း**
**သဘာဝဓမ္မတိုင်းရင်းဆေးခန်း**
အမှတ်(၃၉)၊ လှော်ကားလမ်းမကြီး၊
(၁၀၅)ရပ်ကွက်၊
အုံမြိုသစ်တောင်ပိုင်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၁-၇၀၃၃၆၄

**ပြောင်းမြဲ မောင်ယဉ်တင့်**

www.burmeseclassic.com

# ခရမ်းချဉ်ပင်စိုက်လျှင်



သတိပြုစရာ

တစ်နေ့သော ညနေပိုင်းအချိန်မှာ ကျွန်တော်တို့ရွာ အထက်ပိုင်းမှာနေတဲ့ မောင်ရင်မောင် တစ်ယောက် ကျွန်တော်ရဲ့အိမ်ကို ရောက်ရှိလာပါတယ်။ သူက ရောက်ရောက်ချင်း…

'ဦးလေးစံရွှေရေ ကျွန်တော် ခရမ်းချဉ်သီးမှည့် တစ်တင်းလောက် ဝယ်ချင်လို့ ကြိုပြီးလာမှာတာ မနက်ဖြန် မြို့ကိုသွားရင် ဆွေမျိုးတွေကို ပေးချင်လို့'

ခရမ်းချဉ်သီးဝယ်ရန် ကြိုတင်ပြီး လာမှာသော မောင်စံရွှေကို ကျွန်တော်က…

'ရပါတယ်ကွာ ဒီညနေ တို့အိမ်က လူတွေ ကိုင်းထဲက ပြန်လာရင် ခရမ်းချဉ်သီးတွေ ရောင်းချဖို့ ခူးလာကြမှာပါ။ ဒါနဲ့ မင်းလဲ ကိုင်းထဲမှာ ခရမ်းချဉ်စိုက်တယ်လို့ ကြားတယ်'

'စိုက်တော့ စိုက်ပါတယ် ဦးလေးရယ် ခရမ်းချဉ်ကော ခရမ်းပင်ကော စိုက်တာ။ ခရမ်းပင်တွေပဲ ကောင်းတယ်။ ခရမ်းချဉ်ကတော့ မဖြစ်ထွန်းဘူး'

'ဘယ်လိုဖြစ်လို့လဲ'

ကျွန်တော်က မေးလိုက်တော့ သူက…

'ခရမ်းချဉ်ပင် အရွက်တွေက ထူလအန်းတွေဖြစ်ပြီး နွှသလိုပါပဲ။ ကောင်းကောင်းလဲ မသီးဘူး။ တချို့လဲ အပင်တွေ သေကြတယ်'

'အပင်တွေ အရွက် ထူအန်းတယ်၊ သေလဲသေကျတယ်ဆိုတော့ အပင်တွေ ပိုးကျလို့လား'

'အပင်တွေ ပိုးကျတာ မဟုတ်ဘူး၊ ကောင်းပါတယ် ဦးလေးရယ်။ ကျွန်တော်လဲ စဉ်းစားလို့ မရဘူး ဖြစ်နေတယ်'

ကျွန်တော်လည်း သူ့စကားကြောင့် တွေဝေသွားမိရာက…

'နေပါဦး ခရမ်းပင်က ကောင်းပြီး ခရမ်းချဉ်ပင်တွေက မကောင်းဘူးဆိုတော့ ခရမ်းခင်းနဲ့ ခရမ်းချဉ်ခင်းက မြေနေရာ နီးဆပ်သလား'

'ဟုတ်ကဲ့ တစ်ခင်းနဲ့ တစ်ခင်း တွဲစိုက်ထားတာဦးရဲ့။ မြစ်ထဲကရေကို စက်နဲ့ ရေတင်ပေးတဲ့အခါကျရင် တစ်ဆက်တည်း ရေပိုလို့ အဆင်ပြေတာပေါ့'

ကျွန်တော့်မှာ သူ ပြောပြ၍ နားလည် သဘောပေါက်သွားရပါတယ်။

'ခရမ်းချဉ်ပင်ကို ဟိုတုန်းက စိုက်ဖူးသလား'

'မစိုက်ဖူးဘူး။ ကျွန်တော်က ဒီနှစ်က စမ်းစိုက်ကြည့်တာ'

'အေး ဒီလိုဆိုရင် ငါပြောပြမယ် ခရမ်းပင်ဆိုတာ ရေကြိုက်တယ်။ ခရမ်းချဉ်ပင်မျိုးက ရေသိပ်မကြိုက်ဘူးကွ။ ခရမ်းချဉ်ပင်စိုက်တဲ့ မြေနေရာမှာ ထယ်ရေး ထွန်ရေးကောင်းဖို့ တော့လိုတယ်။

တို့အရပ်က မြေတွေကတော့ မြေနုကျွန်းပေါ် မြေဖြစ်လို့ သဘာဝ မြေဩဇာနဲ့ ပြည့်စုံနေတာပဲ။ ခရမ်းချဉ်ခင်းကို တစ်ကြိမ်လောက် ပေါင်းမြက်လိုက်ပြီး မြေစာကျွေးပေးဖို့ပဲ လို ပါတယ်။

အဲဒီအပင်က ရေဝပ်တာ မကြိုက်ဘူး မြေအစိုဓာတ်များရင် အမြစ်နာပြီး သေ တတ်တယ်။ မသေရင်လဲ အပင်သန်ပြီး အရွက်တွေ ထူလအန်းဖြစ်ကုန်ရော။ အပင် သန်တော့ သီးဖို့ပွင့်ဖို့ကို အားမပေးနိုင် တော့ဘူး။

ခရမ်းချဉ်ပင်တို့ မြေပဲပင်တို့ ဆိုတာ အရွက် ချောပြီး ပါးရမယ်။ အဲဒါမှ မြေပဲဥ အား ကောင်းပြီး ခရမ်းချဉ်ပင်ကျတော့ ပွင့်အား သီးအား ကောင်းတာပေါ့'

'ဦးလေး စံရွှေပြောမှပဲ ခရမ်းချဉ် စိုက်တဲ့ အကြောင်းကို သိတော့တယ် ဗျာ။ အစကသာ သိရင် ကျွန်တော် ခရမ်းချဉ်ကို ရေတင်ဖြစ်မှာမဟုတ်ဘူး

ဦးက စိုက်ပျိုးခဲ့တဲ့ နှစ်ကြာပြီ တော့ အတွေ့အကြုံရှိသူဖြစ်လို့ အ လို ပြောပြတာ ကျေးဇူးတင်ပါတယ် လာမယ့်နှစ်မှာ ခရမ်းချဉ်ကို ပြန်စိုက်ဦး မယ်ဗျာ'

မောင်စံရွှေမှာ ကျွန်တော် ပြော သည်များကို နားလည်သဘောပေါက် လျက် လက်ခံ ယုံကြည်သွားပုံရပြီး လာမယ့်နှစ်တွင် ခရမ်းချဉ်ပင်ပြန်စိုက် ရန် အားတက်နေဟန်ရှိပါတယ်။

ကျွန်တော်လဲ မိမိအတွေ့အကြုံအ လုပ်ငန်းသဘောကို ပြောပြလိုက်ရ ကျေနပ်ပီတိ ဖြစ်မိပါတော့တယ်။

**ကိုမောင်ကျော်လှိုင်(မအူပင်)**



www.burmeseclassic.com

www.burmeseclassic.com



သလိုင်းနှင့်သိန်း
(ရမည်းသင်း)

# ရှေးဆရာတွေသုံးတဲ့

**အမိန့်တော် ပြန်တမ်း**

ကျွန်တော် အသက် (၂၅)နှစ်မှာ အစိုးရတာဝန်နဲ့ မြင်းခြံမြို့နယ် ဆီမီးခုံ ကို ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရ ခဲ့တယ်။

ကျွန်တော်က မွေးမြူရေးနဲ့ ကုသ ရေးဦးစီးဌာနမှာ တာဝန်ထမ်းဆောင် ခဲ့တယ်။ လွယ်လွယ်ပြောရရင်တော့ တိရစ္ဆာန်ဆေးကု ဆရာဝန်ပေါ့ဗျာ။

ကျွန်တော်နေတာက ဆီမီးခုံမြို့နယ် ရဲ့ ညောင်ရမ်း ရပ်ကွက်ပါ။ ကျွန်တော် နဲ့ မျက်နှာချင်းဆိုင်အိမ်မှာ **ဆရာမောင် ဆိုတဲ့ မြန်မာသမားတော်ကြီးတစ်ဦး နေပါတယ်။**

ဆီမီးခုံတစ်ပိုက်မှာတော့ နာမည်ကြီး ဆရာတစ်ဆူပါပဲ။ စုန်းတိုက်၊ နတ် တိုက်၊ ပယောဂ အကုန်ကုပါတယ်။ ဆေးပညာလဲ တတ်ပါတယ်။ အင်္ဂဝိဇ္ဇာမှာလဲ ကျွမ်းကျင်ပါတယ်။

လူနာလာတဲ့အချိန်ကို ကြည့်ပြီး တော့ ကောင်းမယ် မကောင်းဘူး ပြောနိုင်ပါတယ်။

မြွေကိုက်ခံရတဲ့ လူနာတွေဆိုရင် သူဆီရောက်တဲ့ အချိန်နာရီကြည့်ပြီး ရှာကို မြန်မြန်ပြန်တော့လို့ အပြောခံ ရတဲ့လူနာတွေဟာ ရွာရောက်ရင် သေသွားကြတာပါပဲ။

ဆရာမောင်ကုလိုက်တဲ့ မြွေကိုက်ခံ ရသူတွေကတော့ ကျွန်တော် သိသ လောက် ကောင်းသွားကြတာချည်းပါ ပဲ။

ဆရာမောင်က ကျွန်တော့်ကို အင်မတန် ခင်ပါတယ်။ ကျွန်တော် သိသင့်တဲ့ တိုင်းရင်းဆေးနည်းတွေ၊ ဂါထာတွေ သင်ပေးပါတယ်။

သူသင်ပေးတဲ့ ပညာရပ်တွေထဲမှာ မှတ်မှတ်ရရရှိခဲ့တဲ့ ဆရာမျိုးစုံအတွက် အသုံးဝင်မယ့် အမိန့်တော်ပြန်တမ်းကို ပြောပြချင်ပါတယ်။ အထူးသဖြင့် ဆေးကုနေတဲ့ ဆေးဆရာတွေနဲ့ ပိုပြီး သင့်တော်ပါတယ်။

'ဘုန်းတော် အလွန်တစ်ရာ ကြီးမြတ်တော် မူလှုပါပေကုန်သော ကကုသန်၊ ကောဏာဂုံ ကဿပ ဂေါတမလေးဆူသော ဘုရားရှင်တို့၏ မွေးကြူလှစွာ၊ ဂေါမုတ္တရာ ရွှေကြာတိုက်မှ သတသဟာသစက္ကဝါဠိုက် ဟိန်း၊ တိုက်တစ်သိန်းလုံးကို၊ ရုံးခြုံးပွဲတင်၊ သွင်သွင်ရောက်ရက်၊ အောက်ထက် ပြောင်းဆန် သမ္မကမ္ဘီ၊ အိုးထိပ်းခပ်ပမာ၊ အာဏာတော်ရှသဖြင့် ဘုရားအမိန့်တော် မြတ်ကြီးကို ဦးထိပ်ထက် နာခံမှတ်သားရ သည်နှင့်အညီ။

တုဿိတာနတ်ဝန်းညီညာ၊ အေဝရာဇာ အရှိ၊ အရှိမေတ္တေယျအလောင်းတော် နတ်မင်းကြီး အလိုတော်အရ ရာဇဂဟေ ငါးတွေ တောင်ညီ ဝန်းခိုလည့် နပိုရွှန်းဝေ ပြည်တော်နဂိုရ် ရာဇဂြိုဟ်သို့ ပဋိသိလေးဦး၊ ရှစ်ဦးသူတော်၊ ရှစ်သောင်းရသေ့တို့၏ အကြီးအမှူး ဖြစ်တော်မူကုန်သော ခန္ဓရှင်၊ မာဠှရှင် ကုကရှင်၊ ဝါဆိုရှင်၊ စူဠာသုဒ္ဓဝမ်း၊ သမုဒ္ဒရာဝမ်း၊ ပင်းယင်ငါးစီးရှင်၊ ရှင်မယီး၊ ရှင်အဠဂေါဏ၊ ဓမ္မစေတီ၊ မင်းပြားရသေ့ အောင်၊ ဆံရှည်ကိုယ်တော်၊ ဦးဓမ္မစာရီ အရှင်မြတ်သည် အစီအမံပြု၍ ရွှေသား ပုရပိုက်ဖြင့် အပ်နှင်းခြင်းကိုခံရသော ဝိဇ္ဇာ လေးမျိုးတို့ကို အစိုးရတော်မူသော ဗိရိယာဝိ က ဘုရားလောင်းလျာ ရဏ္ဍန်းစင်တောင် ဆရာဘိုးဩဘာ၏ အမိန့်တော်မြတ်ကြီး ကို မကြားမသိမရှိကြရာ နားလည်သိကြရမည်။

အရှေ့ကို နေထွက်၊ အနောက်ကို နေဝင်၊ တောင် တံငါ့ကွန်တိုင်၊ မြောက်ဓူဝံကြယ်၊ အထက်ပြဟ္မာနှစ်ဆယ်၊ အောက်တစ်ယူဇနာ အတွင်း နေထိုင်ကြကုန်သော သိကြား ပြဟ္မာ၊ ပဇာပတိ၊ ဝိသကြုံ၊ ဓဋရဋ္ဌ၊ ဝိရူဠှကာ၊ ဝိရူပက္ခ၊ ကုဝေရနတ်မင်းကြီးနှင့်တကွ တောလပိုင်၊ တောင်လပိုင်၊ မြေလပိုင်၊ ရေလပိုင်၊ အာကာသလပိုင်းအပေါင်းနှင့်

www.burmeseclassic.com

သုံးဆယ့်ခုနစ်မင်း အတွင်းနတ်၊ အပြင်နတ်၊ တိုင်းစကြာဝဠာသခင်၊ ရေသော်များလှ၊ အနန္တနတ်တကာတို့နှင့်တကွ (လ)မိုင်း အပေါင်းတို့ မကြားမသိ မရှိကြရာ နားလည် သိရှိကြရမည်။

ငါတို့ထံ သစ္စာခံ၍ သရဏဂုံ သီလစောင့် ထိန်းသော ငါတို့တပည့်၊ ကုသသော၊ ဤသူ၌ စွဲကပ်လျက်ရှိသော ဝေဒနာတို့ကို ကိုယ်တိုင်လာရောက် စောင့်ရှောက်ကြ၍ ချက်ချင်း ချမ်းသာစေရမည်။

အမိန့်တော်ကို မနာခံလျှင် နောင် အရိမေတ္တေယျ ပွင့်သောအခါ မဖူးမတွေ့ ကြရဘဲ ဖြစ်ကြ၍ မဟာအဝီစိငရဲ၌ ကျရောက်ကြရလိမ့်မည်။ လေးဆူကုန်သော ဘုရားရှင်တို့အမိန့်တော်၊ အလောင်းတော် နတ်မင်းကြီး၏အမိန့်တော်၊ ရွှေနန်းစင်တောင်ဆရာကြီး၏ အမိန့်တော်'

အထက်ဖော်ပြပါ အမိန့်တော် ပြန်တမ်းကို ဆေးမကုမီသော် လည်းကောင်း၊ မိမိတို့ ဆောင်ရွက်လိုသော အစီအရင်များ မဆောင်ရွက်မီသော် လည်းကောင်း၊ လောကီလောကုတ္တရာ ကိစ္စများ မဆောင်ရွက်မီသော် လည်းကောင်း အမျိုးမျိုး အရာရာမှာ ဉာဏ်ရှိသလို သုံးစွဲနိုင်ပါတယ်။

ဆရာမောင်ကတော့ ပခုက္ကူမြို့ သူကြီးမင်း ဦးအိုထံမှ ရရှိတယ်လို့ ပြောဖူးပါတယ်။ နက္ခတ္တရောင်ခြည် စာဖတ်ပရိသတ်များ လိုအပ်သလို အသုံးပြုနိုင်စေရန် ပညာဒါန ဖြန့်ဝေလိုက်ပါတယ်။

***ကိုယ်၊ စိတ်နှစ်ပါး ချမ်းသာပါစေ။***

**ဆလိုင်းငွန်သိန်း**
**(ရမည်းသင်း)**

နံနက်(၉)ခေါက်

# လာဘ်တွေရောက်

'ဒီဂါထာကို လာဘသိဒ္ဓိဂါထာလို့ ခေါ်ရမယ်အကာကြီး။ ဈေးဆိုင်ဖွင့်ရောင်းချသူတွေဆိုရင် မနက်တိုင်း ဆိုင်ဖွင့်ပြီးပြီးခြင်း ဆိုင်မျက်နှာစာကို မျက်နှာမူပြီး(၉)ခေါက် ရွတ်ပေးရမယ်။ အထူးရောင်းလို့ ကောင်းမယ်။

နေအိမ်မှာဆိုရင်လဲ မနက်တိုင်း အိမ်ရှေ့မျက်နှာစာ တံခါးဖွင့်ပြီးပြီးခြင်း ဒီဂါထာကို မမေ့မလျော့(၉)ခေါက်ရွတ်ပါ။ လာဘ်လာဘ ဝင်မယ်။ ကောင်းသောသတင်းစကား၊ မင်္ဂလာရှိသောစကားများ ကြားရမယ်။ မကောင်းမှုတွေ ဝေးစွာရှောင်ရှားကင်းမယ်'

နတ်မောက်မြို့နယ်၊ အင်ပင်တောရ ကျောင်းသို့ ရောက်ရှိစဉ် ဆရာတော် ဦးဇနယျမှ မိန့်ကြားတော်မူလိုက်ခြင်း ဖြစ်ပါသည်။ စာရေးသူ လက်တွေ့ ကျင့်ကြံရွတ်ပွားခဲ့သည်မှာ တစ်နှစ်ခန့် ရှိခဲ့ပါသည်။

လက်တွေ့ပြောရလျှင် ငွေအလွန် လိုနေချိန်တွင် ငွေရလာပါသည်။ ကျန်းမာရေး ချို့တဲ့နေချိန်တွင် ဆေးကောင်း၊ ဝါးကောင်း၊ ဆရာသမားကောင်းနှင့် တွေ့ရပါသည်။

အခြားအလုပ်ကိစ္စ၊ လူမှုရေးကိစ္စတို့ လိုအပ်ချိန်တွင် တပည့်သားမြေးတို့ ရောက်လာပြီး ဝိုင်းဝန်းဆောင်ရွက်ပေးသည်တို့နှင့် ကြုံရပါသည်။

သို့အတွက် ဤဂါထာကို ပိုမို ယုံကြည်စွာ နံနက်တိုင်း (၉)ခေါက် ရွတ်ပွားခဲ့သည်မှာ ယနေ့ထိပင် ဖြစ်ပါသည်။ စာရှုသူ ဂါထာမန္တန် ရွတ်ပွားရန် ဝါသနာထုံသူတိုင်း ရွတ်ပွားစေချင်သော ဆန္ဒဖြင့် ရေးသားတင်ပြအပ်ပါသည်။

ဂါထာမှာ မခက်ခဲပါ။ တိုတိုလွယ်လွယ်လေးပင် ဖြစ်ပါသည်။

အတ္တမမ္မ သမ္ဘိဒါ၊
နိရုတ္တိ ပဋိဘာဏကာ၊



စတုသမ္ဘိဒ ပတ္တာနံ၊
အဂ္ဂပတ္တံ ဗိနံ နမေ။

**အနက်**

**အတ္တမမ္မ သမ္ဘိဒါ၊** အတ္တပဋိသမ္ဘိ… ဓမ္မပဋိသမ္ဘိဒါတို့ လည်းကောင်း၊ **နိရုတ္တိ…** **ပဋိဘာဏကာ၊** နိရုတ္တိ ပဋိသမ္ဘိ… ပဋိဘာဏပဋိသမ္ဘိဒါတို့ လည်းကော… **(ဣတိ၊ ဤသို့။)** **စတုပဋိသမ္ဘိ…** **ပတ္တာနံ၊** ပဋိသမ္ဘိဒါလေးပါးသို့ ရော… သော ပုဂ္ဂိုလ်တို့တွင်။ **အဂ္ဂပတ္တံ…** အမြတ်ဆုံးသို့ ရောက်သော။ **ဗိနံ…** မြတ်စွာဘုရားကို။ **နမေ၊** ရှိခိုးပါ…

***(ဤဂါထာတော် ပါဠိ အနက်… နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂ… တို့၏ ပါဠိအယ်ဒီတာ ဆရာကြီး ဦးစံ… (ဓမ္မာစရိယ၊ ဝိနယဓရ၊ စတုနိကာ… ကောဝိဒ)မှ ပြန်ဆိုပေးပါသည်။)***

စာရှုသူတို့ နံနက်တိုင်း (၉)ခေါ… မပျက် ရွတ်ပွားကြည့်ပါ။ သုံးရ… သုံးလအတွင်း ထူးခြားအကျိုးတ… လာဘ်လာဘများ ဝင်လာမစဲ တသ… ရှိနေပါလိမ့်မည်။


***တိုးတက် ကြီးပွားကြပါစေ။***

**နတ်မောက် လှမြင့်ဒေ…**



www.burmeseclassic.com

www.burmeseclassic.com



သတ္တဌာနတို့၏ ဓာတ်သက်နှင့် ကျင့်စဉ်တို့ကို တစ်ဌာနချင်း အလိုက် အကျယ်တဝင့် ရှင်းပြခဲ့ပြီး ဖြစ်သည်။ ယင်းမှာ တစ်ဌာနတည်း ကျင့်စဉ် အတွက်ဖြစ်ပါသည်။

ယခု ထပ်မံ ရေးသား ဖော်ပြမည်မှာ (၇)ဌာန

ဘုန်းပြည့်ဝေစာပိန်း
(ဂမ္ဘီရနယ်မြေ)

# သိဒ္ဓိဝင် သတ္တဌာနကျင့်စဉ် (၁)

လုံးအတွက် တစ်ပေါင်းတည်း ကျင့်စဉ် ဖြစ်ပါသည်။ ထိုသို့ (၇)ဌာနလုံး အတွက် တစ်ပေါင်းတည်းကျင့်စဉ်ကို ကျင့်ဆောင်တော့မည်ဆိုလျှင် ဘုရားရှင်၏ ဂုဏ်တော်ဖြင့် ကျင့်သည်သာ အကောင်းဆုံး ဖြစ်သည်။

ထို့ကြောင့်လည်း အများအားဖြင့် သတ္တဌာနကျင့်စဉ်ကို ကျင့်ဆောင်ကြသောအခါ ဂုဏ်တော်(၉)ပါးဖြင့်ပင် ကျင့်ဆောင်ကြသည်က များပါသည်။

သို့သော်လည်း ဌာနက (၇)ဌာနဖြစ်ပြီး ဂုဏ်တော်က (၉)ပါးဖြစ်၍ အံဝင်ခွင်ကျ မဖြစ်သောကြောင့် ဂုဏ်တော်တစ်ပါး တစ်ဌာန ခွဲဝေလျှင် ဂုဏ်တော် နှစ်ပါး ပိုနေတော့သည်။

ထို့ကြောင့် ဂုဏ်တော်(၉)ပါးထဲမှ သင့်လျော်ရာ ဂုဏ်တော်(၇)ပါးကို ရွေးနုတ်ပြီး ကျန်နှစ်ပါးကို ဖယ်ချန်၍ ဂုဏ်တော်(၇)ပါးဖြင့် ကျင့်ကြသည်ကိုလည်း တွေ့ရသည်။

တစ်ဖန် ဂုဏ်တော်(၉)ပါးစလုံး ပါဝင်ရန် ပထမ သတ္တာဟငါးဌာနမှ ဂုဏ်တော်တစ်ပါးစီ၊ နောက်ဆုံး သတ္တဌာနနှစ်ခုမှ ဂုဏ်တော်နှစ်ပါးစီ ခွဲဝေ၍ ကျင့်ကြံကြသည်ကိုလည်း တွေ့ရှိရသည်။

ယခု သိဒ္ဓိဝင် သတ္တဌာနကျင့်စဉ်ခွင်မှာ ကျင့်စဉ်ခွင်ကြီးဖြစ်သည်။ ဝိဇ္ဇာမဟာသိဒ္ဓိကျင့်စဉ်ဟုလည်း ခေါ်သည်။ ယင်းကျင့်စဉ်ကို အများသိရှိကြသော နမောတဿ ဘုရားရှိခိုးလေးပါဒဖြင့် ကျင့်ဆောင်ရမည် ဖြစ်ပါသည်။

ယင်း နမောတဿ ဘုရားရှိခိုးလေးပါဒနှင့် ပတ်သက်၍ **နဝဂ္ဂဟရောင်ခြည်မဂ္ဂဇင်း (၁၆)နှစ်ပြည့်၊ အထူးထုတ်- အမှတ်(၁၉၂) ၂၀၀၂ ခုနှစ်၊ ဇူလိုင်လထုတ် မဂ္ဂဇင်း၌ တင့်စိုးဝေ(ထားဝယ်)က "နမောတဿ လိုတရ"** ဆောင်းပါးဖြင့် ရေးသားဖော်ပြထားပါသည်။

နမောတဿသည် လိုတရစေသည်မှာ မှန်ကြောင်း ဘင့်စိုးဝေ(ထားဝယ်) ကိုယ်စား ထပ်ဆင့် ပြောကြားပေးလိုပါသည်။ ထိုသို့ ထပ်ဆင့် ပြောကြားပေးခြင်းမှာလည်း သိဒ္ဓိဝင် သတ္တဌာနကျင့်စဉ်နှင့် ပတ်သက်ဆက်စပ်မှု ရှိနေသောကြောင့် ဖြစ်ပါသည်။

သိဒ္ဓိဝင် သတ္တဌာနကျင့်စဉ် အကြောင်း မရေးသားမီ သိဒ္ဓိဝင် သတ္တဌာန၌ အဘယ်ကြောင့် နမောတဿ ဘုရားရှိခိုးလေးပါဒဖြင့် ကျင့်ဆောင်ရကြောင်း ဂမ္ဘီရအမြင်ကို ထင်လင်းစွာသိဖို့ လိုအပ်သောကြောင့် နမောတဿ၏ ဂမ္ဘီရဓာတ်စွမ်းအင်ကို ဦးစွာ ရှင်းပြလိုပါသည်။

အကြောင်းကြောင့် အကျိုးဖြစ်၏။ အကြောင်းနှင့်ကင်းသော အကျိုးတရားသည် မရှိပါ။ ထို့ကြောင့် အကြောင်းကို သိအောင်၊ ပို၍ လေးနက်ယုံကြည်မှုရှိအောင် ရှင်းပြရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## နတ်မင်းကြီးလေးပါးနှင့်
## နမောတဿ

စတုမဟာရာဇ်နတ်မင်းကြီး လေးပါး ရှိ၏။ လောကကို စောင့်သောကြောင့် လောကပါလ နတ်မင်းကြီးလေးပါးဟု လည်းခေါ်သည်။ ထိုနတ်မင်းကြီး လေးပါးတို့သည် ဘုရားရှင်အား အောက်ပါအတိုင်း ရှိခိုးပူဇော်ကြ၏။

နတ်မင်းတစ်ပါးက ဘုရားရှင်အား **"နမောတဿ"**ဟု ရှိခိုး၏။

နတ်မင်းတစ်ပါးက ဘုရားရှင်အား **"ဘဂဝတော"**ဟု ရှိခိုး၏။

နတ်မင်းတစ်ပါးက ဘုရားရှင်အား **"အရဟတော"**ဟု ရှိခိုး၏။

နတ်မင်းတစ်ပါးက ဘုရားရှင်အား **"သမ္မာသမ္ဗုဒ္ဓဿ"**ဟု ရှိခိုး၏။

ဤသို့ ဘုရားရှင်အား နတ်မင်းကြီး လေးပါးက အသီးသီး ရွတ်ဆိုရှိခိုးကြသော ဘုရားရှိခိုးလေးခုအား တစ်စု တစ်ပေါင်းတည်းပြု၍ ကျွန်ုပ်တို့က **"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"**ဟူ၍ ရွတ်ဆို ရှိခိုးပူဇော်ကြခြင်း ဖြစ်၏။

## ဘုရားရှင်၏ ဂုဏ်တော်အနန္တနှင့်
## နမောတဿ

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်အများစု သည် အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါတည်း ဟူသော ဘုရားဂုဏ်တော်(၉)ပါး၏ ပါဠိကို သိလည်းသိ၏။ ရွတ်လည်း ရွတ်ခဲ့၏။ အနက်အဓိပ္ပာယ်ကို သိသူ နှင့် မသိသူ တစ်ဖက်တစ်ချက်စီ ခွဲခြမ်း လိုက်က မသိသူက များပါမည်။

ဘုရားရှင်၌ ထိုဂုဏ်တော်(၉)ပါးမျှ သာမကပါ။ ဂုဏ်တော်အနန္တနှင့် ပြည့်စုံ နေပါသည်။ ဘုရားရှင်တစ်ပါး၏ ဂုဏ် တော်များကို မည်သူမျှ အတိုင်းအဆ မသိနိုင်ပါ။

ဘုရားရှင်တစ်ပါး၏ ဂုဏ်တော် အပေါင်းကို အခြားဘုရားရှင်တစ်ပါးက သာ ပြန်ဟောပြောမည် ဆိုပါက အသက်တမ်း ကုန်လွန်သည်အထိ ဟောကြားရပါမည်။

နတ်မင်းကြီးလေးပါးတို့သည် ဘုရား ရှင်၏ ဂုဏ်တော်အပေါင်းတို့ကို အသိပ် သည်းဆုံး၊ အနည်းဆုံးသော စကားစု လေးဖြင့် ဖွင့်ဖော်ရှိခိုးခြင်း ဖြစ်ပါသည်။

## လျို့ဝှက်နက်နဲသော
## နမောတဿ

**"နမောတဿ ဘဂဝတော အရ ဟတော သမ္မာသမ္ဗုဒ္ဓဿ"**ဟူသော ဘုရားရှိခိုး၏ အဓိပ္ပာယ်ကို ကုန်စင် အောင် မည်သူမျှ ဖွင့်ဖော်နိုင်ရန် မရှိပါ။ စွမ်းနိုင်သမျှ ဖွင့်ဖော်နေကြသည်မှာ နှမ်းတစ်စေ့ပမာမျှသာ ရှိပါသည်။ နမောတဿ၏ အဓိပ္ပာယ်ကား လျို့ဝှက်နက်နဲလှ၏။ သိမ်မွေ့နူးညံ့လှ၏။

## ဂမ္ဘီရနမောတဿ

နမောတဿဘုရားရှိခိုး၌ စုစုပေါင်း စကားလုံး(၁၈)လုံး ပါဝင်သည်ကို ရေတွက်ကြည့်လျှင် သိနိုင်၏။ (၁၈)မှ ဆယ်ဂဏန်း(၁) နှင့် ခုဂဏန်း(၈)ကို ပေါင်းပါက (၉)ရ၏။ (၉)ဂဏန်းသည် နဝင်းဖြစ်၏။

နဝင်းဟု ဆိုရာ၌ ဗေဒင်သဘော အရ ပဉ္စပွတ်ဂြိုဟ်နှင့် စတုန်ရန်းဂြိုဟ် အတွဲ၊ တြိရန်းဂြိုဟ်နှင့် ဆပွတ်ဂြိုဟ် အတွဲ၊ အညွန့်ဂြိုဟ်နှင့် အမြစ်ဂြိုဟ် အတွဲတို့ဖြင့် ဖြစ်လာသော နဝင်း ဂြိုဟ်တွဲ နံဂဏန်းနှင့် မသက်ဆိုင်ပါ။

ဂမ္ဘီရလိုင်းဝင် စွမ်းအင်ထူးပုံရှိသော ကိုးနဝင်းကိုသာ ဆိုလိုပါသည်။

## စွမ်းအင်ထူးခြား
## နမောတဿလေးပါဒ
## ဖြစ်လာပုံ အကြောင်းတရား

စွမ်းအင်ထူးခြားသော နမောတဿ လေးပါဒမှာ အောက်ပါအတိုင်း ဖြစ် သည်ကို တင့်စိုးဝေ(ထားဝယ်)၏ နမောတဿ လိုတရဆောင်းပါး၌ ဖတ်ရှုဖူးသူတို့ သိရှိကြပါမည်။

နမောတဿ တစ်ပါဒကနေ လေးပါဒ ပွားပုံ ဆန်းကြယ်သော အစီ အစဉ်ကိုမူ သိသေးမည် မထင်ပါ။ ဉာဏ်အား၊ ကျင့်အား၊ ပါရမီအား ကောင်းသူတို့က အထူးတလည် ဆန်း ကြယ်စွာ ပြန်လည် စီစဉ်ထားခြင်း ဖြစ်၏။

**နမောတဿ လေးပါဒမှာ...**

(ပ) နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(ဒု) ဝမ္ဗာတ ရဒ္ဓဂဿမော အမ္ဗုဘတော နတောဿဿဟဿ။

(တ) သတောတမ္ဗု ဟဂနမ္ဗာ အဿဒ္ဓတော ဝမောသရဘဿ။

(စ) နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## နမောတဿ
## ပထမပါဒမှ
## ဒုတိယပါဒသို့
## ပြောင်းလဲဖြစ်ပေါ်ပုံ

နမောတဿ ပထမပါဒကို ဦးစွာ (၇)ခေါက် (၇)ကြိမ် ရေးချလိုက်ပါ ပြီးလျှင် (၇)လုံးမြောက် စာလုံးများကို ရွေးနုတ်၍ အစီအစဉ်အတိုင်း ပြန်ရေး ချလိုက်မည် ဆိုပါက နမောတဿ ဒုတိယပါဒကို ရရှိပါမည်။ လက်တွေ့ ရေးချကြည့်ကြပါမည်။





www.burmeseclassic.com

www.burmeseclassic.com

* * *

အထက်ကအတိုင်း နမောတဿ ပထမပါဒကို (၇)ကြောင်း ရေးချပြီး (၇)လုံးမြောက် စာလုံးများကို ရွေးနုတ်ပြီး ပြန်စီရေးလိုက်ပါက ပထမပါဒဖြစ်သော "နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"မှ ဒုတိယပါဒဖြစ်သော "**ဝမ္မာတ ရဒ္ဓဂ သမော အမ္ဗုဘတော နတောသဿ ဟဿ**"ဘုရားရှိခိုးပိုဒ်လေးကို ရရှိလာကြောင်း စိတ်ဝင်စားဖွယ်ရာ တွေ့ရှိရပါသည်။

### နမောတဿ ဒုတိယပါဒမှ တတိယပါဒသို့ ပြောင်းပုံ

အထက်က နည်းအတိုင်း နမောတဿ ဒုတိယပါဒကို (၇)ခါရေး၍ (၇)လုံးမြောက် စာလုံးများ ရွေးနုတ်ကာ အစီအစဉ်တကျ ရေးသားမည်ဆိုပါက နမောတဿ တတိယပါဒကို ရပါမည်။

* * *

ဤနည်းအားဖြင့် နမောတဿ ဒုတိယပိုဒ်ဖြစ်သော "**ဝမ္မာတ ရဒ္ဓဂ သမော အမ္ဗုဘတော နတောသဿ ဟဿ**"မှနေ၍ တတိယပါဒဖြစ်သော "**သတောတမ္ဗု ဟဂနမ္မာ အဿဒ္ဓ တော ဝမောသရဘဿ**"ကို ရရှိလာပါသည်။

ထို့အတူပင် နမောတဿတတိယပါဒကို (၇)ခါရေး၍ (၇)လုံးမြောက် စာလုံးများကို ရွေးနုတ်ကာ စီစဉ်ရေးသားမည်ဆိုပါက စတုတ္ထပါဒကို ရရှိမည် ဖြစ်ပါသည်။

* * *

ဤနည်းအားဖြင့် တတိယပါဒဖြစ်သော "**သတောကမ္ဗု ဟဂနမ္မာ အဿဒ္ဓ ဝမော သရဘဿ**"မှ စတုတ္ထပါဒအဖြစ်သော "**နမောတဿ**

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| န | မော | တ | ဿ | ဘ | ဂ | ဝ | တော | အ | ရ | ဟ | တော | သ | မ္မာ | သ | မ္ဗု | ဒ္ဓ | ဿ |
| န | မော | တ | ဿ | ဘ | ဂ | ဝ | တော | အ | ရ | ဟ | တော | သ | မ္မာ | သ | မ္ဗု | ဒ္ဓ | ဿ |
| န | မော | တ | ဿ | ဘ | ဂ | ဝ | တော | အ | ရ | ဟ | တော | သ | မ္မာ | သ | မ္ဗု | ဒ္ဓ | ဿ |
| န | မော | တ | ဿ | ဘ | ဂ | ဝ | တော | အ | ရ | ဟ | တော | သ | မ္မာ | သ | မ္ဗု | ဒ္ဓ | ဿ |
| န | မော | တ | ဿ | ဘ | ဂ | ဝ | တော | အ | ရ | ဟ | တော | သ | မ္မာ | သ | မ္ဗု | ဒ္ဓ | ဿ |
| န | မော | တ | ဿ | ဘ | ဂ | ဝ | တော | အ | ရ | ဟ | တော | သ | မ္မာ | သ | မ္ဗု | ဒ္ဓ | ဿ |
| န | မော | တ | ဿ | ဘ | ဂ | ဝ | တော | အ | ရ | ဟ | တော | သ | မ္မာ | သ | မ္ဗု | ဒ္ဓ | ဿ |

**ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ**"ကို ပြန်လည် ရရှိလာစေပါသည်။

ဤသို့လျှင် "နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟူသော ဘုရားရှိခိုးမှသည် စကြာလည်၍ လေးပါဒသော ဘုရားရှိခိုး ဂါထာဖြစ်လာရသည်။

ယင်းသို့ ဖြစ်လာရန်မှာ တစ်ပါဒမှ တစ်ပါဒကို ပြောင်းလဲမှုဖြစ်စဉ်၌ ပထမ ပါဒ (၇)ကြိမ်မှ ဒုတိယပါဒဖြစ်သည်။ တတိယပါဒ၌ ဒုတိယပါဒ (၇)ကြိမ်

ပါသည်။ စတုတ္ထပါဒ၌ တတိယပါဒ (၇)ကြိမ် ပါသောကြောင့် သိဒ္ဓိဝင်၍ **သိဒ္ဓိဝင်သတ္တဋ္ဌာနကျင့်စဉ်၌** ယင်း နမောတဿလေးပါဒဖြင့် ကျင့်ကြံပါက

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဝ | မ္မာ | တ | ရ | ဒ္ဓ | ဂ | သ | မော | အ | မ္ဗု | ဘ | တော | န | တော | သ | ဿ | ဟ | ဿ |
| ဝ | မ္မာ | တ | ရ | ဒ္ဓ | ဂ | သ | မော | အ | မ္ဗု | ဘ | တော | န | တော | သ | ဿ | ဟ | ဿ |
| ဝ | မ္မာ | တ | ရ | ဒ္ဓ | ဂ | သ | မော | အ | မ္ဗု | ဘ | တော | န | တော | သ | ဿ | ဟ | ဿ |
| ဝ | မ္မာ | တ | ရ | ဒ္ဓ | ဂ | သ | မော | အ | မ္ဗု | ဘ | တော | န | တော | သ | ဿ | ဟ | ဿ |
| ဝ | မ္မာ | တ | ရ | ဒ္ဓ | ဂ | သ | မော | အ | မ္ဗု | ဘ | တော | န | တော | သ | ဿ | ဟ | ဿ |
| ဝ | မ္မာ | တ | ရ | ဒ္ဓ | ဂ | သ | မော | အ | မ္ဗု | ဘ | တော | န | တော | သ | ဿ | ဟ | ဿ |
| ဝ | မ္မာ | တ | ရ | ဒ္ဓ | ဂ | သ | မော | အ | မ္ဗု | ဘ | တော | န | တော | သ | ဿ | ဟ | ဿ |

အံဝင်ခွင်ကျ ကျင့်ကြံမှုပင် ဖြစ်စေတော့သည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**ဘုန်းပြည့်တေဇာဟိန်း**
***(ဂန္ဓီရနယ်မြေ)***

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| သ | တော | တ | မ္ဗု | ဟ | ဂ | န | မ္မာ | အ | ဿ | ဒ္ဓ | တော | ဝ | မော | သ | ရ | ဘ | ဿ |
| သ | တော | တ | မ္ဗု | ဟ | ဂ | န | မ္မာ | အ | ဿ | ဒ္ဓ | တော | ဝ | မော | သ | ရ | ဘ | ဿ |
| သ | တော | တ | မ္ဗု | ဟ | ဂ | န | မ္မာ | အ | ဿ | ဒ္ဓ | တော | ဝ | မော | သ | ရ | ဘ | ဿ |
| သ | တော | တ | မ္ဗု | ဟ | ဂ | န | မ္မာ | အ | ဿ | ဒ္ဓ | တော | ဝ | မော | သ | ရ | ဘ | ဿ |
| သ | တော | တ | မ္ဗု | ဟ | ဂ | န | မ္မာ | အ | ဿ | ဒ္ဓ | တော | ဝ | မော | သ | ရ | ဘ | ဿ |
| သ | တော | တ | မ္ဗု | ဟ | ဂ | န | မ္မာ | အ | ဿ | ဒ္ဓ | တော | ဝ | မော | သ | ရ | ဘ | ဿ |
| သ | တော | တ | မ္ဗု | ဟ | ဂ | န | မ္မာ | အ | ဿ | ဒ္ဓ | တော | ဝ | မော | သ | ရ | ဘ | ဿ |



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့အင်းပညာ (၂)

သာရာဇော (အင်းတစ်ထောင်)



'အရင်တစ်ပတ်က စကြာအားတွေနဲ့ လက်ယာရစ်အားတွေ ထည့်သွင်းတည်ဆောက်ရတဲ့ တစ်ကြောင်းဆွဲ တစ်ကြိမ်လှည့် အင်းကွက်ဖော်နည်းကို သင်ပေးခဲ့တယ်။ **စတုရန်းက တစ်ကွက်၊ နန်းချိုးအင်းက တစ်ကွက်** ဟုတ်တယ်နော်'

'ဟုတ်ပါတယ် ဦး'

'အင်းကွက် ငယ်တာနဲ့ ကြီးတာပဲ ကွာမယ်။ စတုရန်းအင်း အားလုံးရော နန်းချိုးအင်း အားလုံးပါ ဒီနည်းအတိုင်း ဆွဲရမယ်လို့ မှတ်ထားပေတော့။ ကိုယ်မမြင်ဘူးသေးတဲ့ အင်းကွက်ပုံစံတစ်ခုကိုတွေ့ရင် သေသေချာချာ အာရုံစူးစိုက်ပြီးကြည့်။ အင်းပေါင်တွေကို ဖျက်ရခြင်းမရှိ၊ ဆက်ရခြင်းမရှိဘဲ စကြာအား လက်ယာရစ်အားတွေ ဖော်ထုတ်နိုင်မယ့် နည်းလမ်းကို စဉ်းစားရမယ်။


တွေ့ပြီဆိုရင် တွေ့တဲ့အတိုင်း စမ်းသပ် ဆွဲကြည့်ရမယ်၊ ရတယ်ဆိုရင် ကျွမ်းကျင် သေသပ်သွားအောင် အထပ်ထပ် လေ့ကျင့်ရမယ်။

အင်းပေါင်တွေ ဖျက်ရခြင်းမရှိ၊ ဆက်ရခြင်းမရှိအောင် နည်းလမ်းကို စဉ်းစားဖော်ထုတ်တာကိုက အင်းကွက်အပေါ် မိမိရဲ့ပညာအား၊ သမာဓိအား၊ ဝီရိယအားတွေ ထည့်သွင်းခြင်းပဲ၊ အဲဒါ မင်း သွားရမယ့်လမ်းကြောင်း'

'ဟုတ်ကဲ့ပါ'

'ဒီနေ့ အင်းဆန်သွင်းနည်းတွေထဲက မြင်းသွားနဲ့ အင်းဆန် သွင်းနည်းကို စ,ပြီး သင်ပေးမယ်။ မြင်းသွားကို စစ်တုရင် ကစားတတ်သူတိုင်း သိတယ်။ မြန်မာ့စစ်တုရင်၊ ထိုင်းစစ်တုရင်၊ ကမ္ဘာ့စစ်တုရင် စစ်တုရင်အားလုံးမှာ မြင်းသွား သွားပုံဟာ အတူတူပဲ။ အဲဒီမြင်းသွား။ ဒီနေ့အတွက် အင်းကွက် (၃)ကွက်လောက် အင်းဆန် ဖြည့်ကြည့်ကြမယ်။ မင်းအရင်တစ်ပတ်က လေ့ကျင့် ရေးဆွဲခဲ့ရတဲ့ ဒုတိယအင်းကွက်နဲ့ အရင်ဆုံးစမယ်။ ပြန်ကြည့်...

* * *



ဒီအင်းကွက်မှာ **ပဆစ်ကွက်(၁၂) ကွက်**ပါတယ်။ ဒါကြောင့် အင်းဆန် (၁၂)လုံး ဖြည့်နိုင်တယ်။ အဲဒီ အင်းကွက်ကို ပဆစ်ကွက်ပြည့်အောင် မင်းဘာသာမင်း ဖြည့်ရမယ်။ ဦး မပြသေးဘူး။ ဒီအင်းကွက်ကို မြင်းသွားနဲ့ တစ်ခါမှ မဖြည့်ဘူးသေးတဲ့ သူတစ်ယောက်အနေနဲ့ကတော့ တစ်ကြိမ်တည်းနဲ့ တည့်တည့်ရဖို့ ခဲယဉ်းတယ်။ မင်းကံကောင်းရင်တော့ အသွားအမှန်ကို တစ်ကြိမ်တည်း တည့်တည့်ရမှာပါ'

'အင်းဆန်က ဘာလဲ ဦး'

'ဒီအဆင့်မှာ အင်းဆန် မရှိသေးဘူး။ အင်းဆန်ဖြည့်တတ်အောင် ကြိုးစားရမှာက အဓိကမို့ အင်းဆန် မလိုသေးဘူး။ အင်းဆန်တွေအစား နံပါ[…] ၁,၂,၃,၄,၅,၆ပေါ့ကွာ။ နံပါတ်(၁[…] အထိ နံပါတ် တပ်ပြီးပြ။ ကဲ စတော[…]

မောင်အောင်မျိုးသည် (၉၀)ဒီ[…] တစ်ကြိမ်လှည့် တစ်ကြောင်းဆွဲ[…] အင်းကွက် (Frame)အား စတင် ဖေ[…] ထုတ်သွားသည်။

ဤအဆင့်၌ ကျွမ်းကျွမ်းကျင်ကျ[…] ဆောင်ရွက်နိုင်သော်လည်း အင်းဆ[…] များ ထည့်သွင်းသည့်အဆင့်၌မူ ပ[…] ကွက်လိုနေလိုက် အသွားပြန်ပြင်လို[…] နောက်တစ်ကြိမ်လိုနေလိုက် အသ[…] ပြန်ပြင်လိုက်ဖြင့် အလုပ်ရှုပ်နေတေ[…] ၏။

အတော်လေးကြာသော် ပ[…] ကွက်အားလုံး၌ အင်းဆန်ဖြည့်သ[…] လိုက်နိုင်၏။ ထိုအခါ အောင်မြင်သ[…] သောအပြုံးဖြင့် ကျွန်ုပ်အားပြ[…]

* * *

| | | | |
|---|---|---|---|
| | ၃ | ၆ | |
| ၁ | ၁၂ | ၉ | ၄ |
| ၁၀ | ၅ | ၂ | ၇ |
| | ၈ | ၁၁ | |

**(မောင်အောင်မျိုး အင်းဆန်[…] ထားပုံ ဖြစ်ပါသည်။ အင်းဆ[…] လုံး ဖြည့်ပါ၏။ သို့သော်...)**



www.burmeseclassic.com

www.burmeseclassic.com

'မင်းပုံက အင်းဆန်တော့ ပြည့်ပါတယ်။ ဒါပေမယ့် ပေမီဒေါက်မီ အရည်အချင်းပြည့်တဲ့ အင်းကွက်တော့ မဟုတ်သေးဘူး'

'အင်းဆန် မပါသေးလို့ ပြောတာလား ဦးရဲ့'

'မဟုတ်ဘူး။ ဘာမှမဆိုင်ဘူး။ ဦးပြောပြမယ်။ အခု မင်းရဲ့ အင်းကွက်ထဲမှာ အဲဒီ အင်းကွက်အတိုင်း နောက်ထပ်တစ်ကွက် ထပ်ဆွဲလိုက်၊ ပြီးရင် ဂဏန်းနံပါတ်တွေမပါဘဲ နံပါတ်(၁)နေရာကနေ နံပါတ်(၂)နေရာရောက်အောင် မျဉ်းဖြောင့်ဆွဲလိုက်။ ပြီးရင် နံပါတ်(၂)ကနေ နံပါတ်(၃)ကိုရောက်အောင် မျဉ်းဖြောင့်ဆွဲ၊ အဲဒီအတိုင်း နံပါတ်(၁၂)ရောက်တဲ့အထိ မျဉ်းဖြောင့်တွေ ဆွဲကြည့်လိုက်'


* * *

'ဟုတ်တယ်ဦး။ ဂဏန်းလေးတွေချည်းဆိုရင် ဂဏန်းအတိုင်း တစ်ခုပြီးတစ်ခု လိုက်ကြည့်နေရသေးတယ်။ အခုလို မျဉ်းဆွဲကြည့်လိုက်တော့ ထင်းခနဲပဲ။ ပြီးတော့ **အစအဆုံး ခြုံပြီး မြင်ရတယ်**'

'အဲဒါပဲ။ ဒီကနေ့ မင်းကို ပေးချင်တာတွေထဲမှာ အဲဒီအသိလဲ ပါတယ်။ မှန်တယ်၊ ပညာရပ်တစ်ခုကို နက်နက်ရှိုင်းရှိုင်း ဆက်ပြီး လေ့လာဖို့၊ သင်ယူဖို့၊ တိုးချဲ့ကြံဖို့ ပထမဆုံး အရေးပါတဲ့ ချဉ်းကပ်နည်းပဲ'

'အင်းတစ်ကွက်ကို တွေ့တာနဲ့ အဲဒီအင်းက အသွားကို ထင်းခနဲတွေ့ဖို့ ဒီနည်းကို ကျွန်တော် သုံးမယ်ဦး'

'သုံးရမယ်၊ ဦးလဲ ဒီနည်းနဲ့ ထိုးဖောက်မြင်ခဲ့တာပဲ။ ကဲ ဆက်ကြည့်ကြရအောင် နံပါတ်(၁)နေရာမစဘဲ




**(မောင်အောင်မျိုး၏ နံပါတ်များဖြင့်ပြသော ပထမအင်းပုံစံနှင့် နံပါတ်မပါဘဲ မျဉ်းဖြောင့်များဖြင့် ဆွဲပြသော ဒုတိယအင်းပုံစံ ဖြစ်ပါသည်။)**

'ဟုတ်ပြီ ဂဏန်းအတိုင်း ကြည့်တာထက် အဲဒီလိုမျဉ်းဆွဲကြည့်တာက အင်းဆန်လေးတွေ ရွေ့လျားသွားတဲ့ လမ်းကြောင်းလေးတွေကို ပိုပြီး မြင်ရတယ် ထင်းခနဲပဲ။ အဲဒီမျဉ်းဖြောင့်လေးတွေက အင်းဆန်အသွားကို ပြနေတာပေါ့'

နံပါတ်(၃)နေရာက စရအောင်။ အဲဒီအသွားအတိုင်းနော် ဘယ်နံပါတ်အထိ သွားနိုင်မလဲ'

'နံပါတ်(၁၂)အထိ သွားနိုင်တယ်ဦး'

'နံပါတ်(၁၂)ရောက်ပြီးရင် နံပါတ်(၁)တို့ (၂)တို့ကို ဆက်မသွားနိုင်ဘူးလား'

'မသွားနိုင်ပါဘူး'

'ဘာဖြစ်လို့'

'နံပါတ်(၁၂)ကနေ နံပါတ်(၁)ကို မြင်းသွားပြန်မရတော့လို့'

'ဒါဆို နံပါတ်(၃)နေရာက စလို့ မရရင် နံပါတ်(၄)နေရာက စ,မယ်ကွာ'

'နံပါတ်(၁၂)မှာပဲ ရပ်သွားမယ်။ နံပါတ်(၁)ကို မကူးနိုင်ပါဘူး။ ဘယ်နေရာကစစ နံပါတ်(၁၂)နဲ့ (၁)ဟာ မြင်းကွက်ပြန်မရလို့ အင်းဆန်ပြည့်အောင် ဖြည့်လို့ မရပါဘူး'

'ဟုတ်ပြီ မင်းပြောတာ မှန်တယ်။ မင်းအခု ဖော်ထုတ်လိုက်တဲ့အသွားက နံပါတ်(၁)နေရာက စတင်မှ ပဆစ်ကွက် အကုန်လုံး အင်းဆန်ဖြည့်လို့ရမယ်။ တခြားနေရာ တစ်ခုခုကနေစရင် ဒီအသွားနဲ့ပဲ ပဆစ်ကွက် ကုန်အောင်ဖြည့်လို့ မရဘူး။ (၁၂)ကနေ (၁)ကို မြင်းကွက် ပြန်မဖြစ်လို့ အဲဒီလို မဟုတ်လား'


'ဟုတ်ပါတယ်'

'အဲဒါကြောင့် ဦးပြောခဲ့တာ ပေမီဒေါက်မီ အရည်အချင်းမီတဲ့ အသွားမဟုတ်ပါဘူးလို့၊ အသွားက ပေ မမီရင် အင်းကွက်လဲ ပေ မမီတော့ဘူး'

'ကျွန်တော် သိသွားပြီးဦး'

'ဒီမှာကြည့်…

* * *




ဗဟိုနဲ့ ထိစပ်နေတဲ့ အတွင်း ပဆစ်ကွက်က(၄)ကွက်၊ ဗဟိုနဲ့ဝေးတဲ့ အပြင်ဘက် ပဆစ်ကွက်က (၈)ကွက် ဟုတ်တယ်နော်'

'ဟုတ်ပါတယ် ဦး'

**[အတွင်းပဆစ်ကွက် (၄)ကွက်ကို Aများဖြင့် ပြထားပါသည်။** ကျွန်



www.burmeseclassic.com

**သော (၈)ကွက်မှာ အပြင် ပဆစ် ကွက်များ ဖြစ်ပါသည်။]**

'အပြင်က (၈)ကွက်၊ အတွင်းက (၄)ကွက်ဆိုတော့ အချိုးနဲ့ပြောရင် ဘယ်လိုအချိုးရမလဲ'

'နှစ်အချိုးတစ်၊ (၂း၁)ရပါတယ်'


'အဲဒီအချိုးအရ အပြင်ပဆစ်ကွက် (၂) ကွက်ဖြစ်တိုင်း အတွင်းပဆစ်ကွက်(၁)ကွက် ဖြစ်ရမယ်လို့ မှတ်ထား။ အဲဒီတော့ အပြင် ပဆစ်ကွက် (၂)ကွက်မှာ အင်းဆန်ဖြည့်ပြီး တိုင်း အတွင်းပဆစ်ကွက်(၁)ကွက်မှာ အင်း ဆန် ဖြည့်သွင်းနိုင်အောင် ကြိုးစားရမယ်။

စောစောက အင်းကွက်(Frame)ကို နှစ်ကွက် ခွဲလိုက်၊ မင်းသွင်းမယ့် အင်းဆန် အစီအစဉ်ကို အခုပြောခဲ့တဲ့ (၂း၁)နဲ့ ရအောင် သွင်း၊ တစ်ပုံမှာ နံပါတ်နဲ့ပြ တစ်ပုံမှာ မျဉ်းဆွဲပြ နောက်ဆုံးအင်းဆန်နဲ့ ပထမဆုံးအင်းဆန်တို့ မြင်းသွားဖြစ်နေရင်လဲ မျဉ်းဆွဲပြ ကဲ... စတော့'

မောင်ဇွအောင်မျိုး နောက်တစ်ကြိမ် အလုပ်ရသွားပြန်သည်။ မကြာလိုက်ပါ အောက်က ပုံများအတိုင်း ဂဏန်း နံပါတ်များနှင့် တစ်ကွက်မျဉ်းဖြင့် တစ်ကွက်ရလာသည်။


* * *

| | | | |
|---|---|---|---|
| | ၁၁ | ၂ | |
| ၁ | ၆ | ၉ | ၄ |
| ၁၀ | ၃ | ၁၂ | ၇ |
| | ၈ | ၅ | |



'ဟုတ်သွားပြီ။ အဲဒီအသွားအတိုင်း (၁)ကနေမစဘဲ (၂)ကနေစကြည့် ရင်...'

'ကျွန်တော်မြင်နေပြီ ဦးရဲ့၊ အဆုံး နံပါတ်(၁၂)ကနေ အစနံပါတ်(၁)ကို



မြင်သွားပြန်ရပြီး အဲဒီနံပါတ်(၁)ကနေ နံပါတ် ၂,၃,၄,၅,...,၁၂အထိ တစ်ပတ် ပြန်လည်သွားတယ်။ နောက်ထပ်လဲ အကြိမ်ကြိမ် တစ်ပတ်ပြီး တစ်ပတ် လည်သွားတယ်။ မဆုံးတော့ဘူး။ အင်းဆန်ကို ဘယ်နေရာကနေစစ စီးကြောင်းတစ်ခုထဲမှာ မျောပါသွား သလို သူ့ဘာသာသူ လည်ပတ်သွား တယ်'

'အေး ဟုတ်သွားပြန်ပြီ အမြင်ဆို တာ အဲဒီလို သန်နေရမယ်။ တစ်ပတ် ပြီး တစ်ပတ် မဆုံးအောင် လည်ပတ် နေခြင်းဟာ ရှင်သန်ခြင်းပဲ။ အခု မင်း ဖော်ထုတ်လိုက်တဲ့ အသွားဟာ ရှင်သန် ခြင်းရှိနေတဲ့ အသွားဖြစ်သွားပြီ။ အရင် စောစောက ရခဲ့တဲ့အသွားနဲ့ အခု

အသွား ဘာမှ မဆိုင်တော့ဘူး။ အခု အသွားက ပေမီဒေါက်မီ အရှည်အချင်း မီတဲ့အသွား မှတ်ထား'

'ဟုတ်ကဲ့'

'အဆုံး အင်းဆန်ကနေ အစ အင်းဆန်ကို

ပြန်ပြီး မြင်းကွက်ဖြစ်နေတာကို မြင်... မြင်းကိုက်လို့ သုံးနှုန်းကြတယ်။ မြင်... မြင်းကိုက်ဖြစ်ရင် အဆုံးကနေ အစကို... ပြီး တစ်ပတ်လည်တယ်။ ဒါကြောင့် ရှင်... ခြင်း ရှိလာတယ်။

အခြေခံ အင်းဆန်သွားနည်းတွေ... မြင်းသွားကလွဲရင် အခြားအသွား... အားလုံးဟာ အဆုံးကနေ အစကို တ... လည်နိုင်ခြင်း မရှိဘူး။ ဒါကြောင့် ရှင်သ... မရှိဘူး။ အဲဒါ အရေးကြီးတယ်။ ရထား... ရထားကိုက်၊ ဗိုလ်သေဗိုလ်ကိုက်၊ ခ... သေခရုပတ်ကိုက်လို့ မရှိဘူး။ အရိုး... အောင် မှတ်ထား'

'ဟုတ်ကဲ့'

'ပထမဆုံး မင်းရလာတဲ့ အသွား... အင်းကွက်ထဲ ပဆစ်ကွက်ပြည့်... အင်းဆန်သွင်းနိုင်တဲ့အဆင့်ပဲ ရှိတယ်... အင်းကွက်အပေါ် မင်း ထည့်သွင်းလိုက်... ရတဲ့ ပညာအား၊ ဝီရိယအားတွေ... သမာဓိအားတွေ နည်းတယ်။

ဒုတိယအသွားကျတော့ ပညာအား... ဝီရိယအား၊ သမာဓိအားတွေ အတော်... အသင့် ထည့်သွင်းလိုက်ရပြီ။ မင်း... ကိုယ်တိုင် ပါဝင်လုပ်ဆောင်သူ... အဆင့်နှစ်ခု ကွာခြားချက်ကို မင်း... ဘာသာ သိမှာပေါ့။ အဲဒီအတွက်... ရလာတဲ့ အသွားဟာ ရှင်သန်တဲ့... စွမ်းအားရှိတဲ့ အသွားဖြစ်နေပြီ'

'ဟုတ်ကဲ့'

'ဒီအသွားတွေကို ရှေးက အင်း... ပညာရှင်ကြီးတွေက ဖော်ထုတ်ပေး... ပြီးသားပါ။ နောက်လူတွေက အဆင်... သင့် ခူးပြီးခပ်ပြီး စားသုံးရုံပါပဲ။ မင်းကို... ဦးက ကိုယ်တိုင် ဖော်ထုတ်ခိုင်းနေ... တာဟာ မင်းကို တမင်သက်သက်... သက် နှိပ်စက်ပညာပြနေတာလို့... မထင်နဲ့။ မင်းကို ဖောက်သွင်း မြင်... တတ်လာအောင် လေ့ကျင့်ပေးနေတာ...

www.burmeseclassic.com

ထုံးပြီး ကြတတ်လာအောင် အစပျိုးပေးနေတာ'


'ဟုတ်ကဲ့ပါ ဦး'

'ဆက်ပြီးတော့ နောက်ထပ် အင်းတစ်ကွက်ဆီသွားမယ်။ ဒီအင်းကွက်က အရင်တစ်ပတ် မင်းဆွဲခဲ့တဲ့ ကိုးကွက်စတုရန်းအင်း။ အဲဒီအင်းကွက်မှာ မြင်းသွားနဲ့ အင်းဆန်ပြည့်မယ်။ စောစောကလိုပဲ အင်းဆန်အသွားကို နံပါတ်စဉ်နဲ့တစ်ကွက်၊ မျဉ်းဆွဲပြတာက တစ်ကွက်၊ နှစ်ကွက်ဆွဲပြ။ အလယ် ပဆစ်ကွက်မှာ အင်းဆန်ပြည့်လို့ မရဘူး။ လွတ်ထား ကဲ...စ,ပေတော့'

မောင်အောင်မျိုးသည် နောက်ထပ်တစ်ကြိမ် အင်းကွက်ဆွဲခြင်း၊ အသွားဆက်ထုတ်ခြင်းတို့အား အားကြိုးမာန်တက်ဆောင်ရွက်ပြန်သည်။ ကျွန်ုပ်သည်း ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်ကာ အဖြေကို စောင့်ဆိုင်းနေ၏။

* * *

| | | |
|---|---|---|
| ၁ | ၄ | ၇ |
| ၆ | | ၂ |
| ၃ | ၈ | ၅ |



**(မောင်အောင်မျိုး ဆွဲပြခဲ့သော အင်းကွက်များ ဖြစ်ပါသည်။ မည်သူမဆို အင်းဆန်များကို အခက်အခဲမရှိ သွင်း၍ ရပါသည်။ ဤအသွားမှအပ အခြားအသွားလည်း မရှိပါ။)**

'ဘယ်မြန်ပါလား လွယ်တယ်နဲ့တူတယ်'

'ဟုတ်တယ်ဦးရဲ့ လွယ်တယ် စတဲ့အကွက်ကနေ နောက်တစ်ကွက်ကို သွားပြီးတာနဲ့ ဆက်သွားရမယ့် လမ်းကြောင်းကို ရွေးချယ်ခွင့် မရှိတော့ဘူး။ တစ်လမ်းတည်းဖြစ်အောင် အင်းကွက်က ထိန်းချုပ်သွားတယ်။ လမ်းကြောင်းလဲ ဆုံးရော မြင်းသေမြင်းကိုက်လဲ သူ့အလိုလို ဖြစ်နေရော'


'မင်း မြင်တတ်သားပဲ ဟုတ်တယ်။ အဲဒီလို ရွေးချယ်စရာမရှိ သူ့အလိုလို မြင်းသေမြင်းကိုက်ဖြစ်နေလို့ ဒီအင်းကွက်မှာ မြင်းသွားနဲ့ အင်းဆန် ပြည့်ရတာ အလွယ်ဆုံးပဲ။ အဲဒီလို လွယ်လို့လဲ ဒီအင်းကွက်ရဲ့ အင်းဆန်အသွားကို လူတွေ အထင်မကြီးကြဘူး။

အထင်မကြီးကြလို့လဲ ဒီအသွားရဲ့ ထူးခြားချက်တွေကို လူတွေ မမြင်နိုင်တော့ဘူး။ အဲဒီ ထူးခြားချက်တွေကို အခုနေ မင်းကို ပြောပြဖို့ စောလွန်းနေတယ်။ မင်းမှာ အဆင်သင့် မရှိသေးဘူး။ အချိန်တန်တော့ မင်း မသိချင်လဲ မရဘူး။ ဦး ပြောကိုပြောရမယ်'

'ဟုတ်ကဲ့ပါ ဦး'

'အခု ဆက်ပြီး နောက်ထပ် အင်းတစ်ကွက်ဆီသွားမယ်။ ပဆစ်ကွက် (၁၆)ကွက်ပါတဲ့ စတုရန်းအင်းမှာ အင်းဆန် သွားကြည့်ရအောင်...

* * *



ပုံကို ကြည့်၊ ပဆစ်ကွက်(၁၆)ကွက်ပါတယ်။ အင်းဆန်တွေကို ထုံးစံအတိုင်း (၁)ကနေ (၁၆)အထိ သုံးပြီးပြ။ အင်းကွက်ကို စက္ကူအားနဲ့ လက်ယာရစ်အားပါအောင်ဆွဲ၊ မြင်းသွားနဲ့ အင်းဆန်သွင်း။ ကဲ စ,ပေတော့'

မောင်အောင်မျိုးသည် ထုံးစံအတိုင်း တစ်ကြိမ်လှည့် တစ်ကြောင်းဆွဲဖြင့် အလေ့အကျင့်ကောင်းစွာ ပြုလုပ်ခဲ့သည့် အားလျော်စွာ အင်းကွက်(၂)ကွက် ဆွဲလိုက်သည်မှာ သိပ်မကြာလိုက်ပါ။

သို့သော် မြင်းသွားဖြင့် အင်းဆန်ပြည့်ရာ၌မူ မည်သို့မှ မရဘဲ ဖြစ်နေတော့သည်။ ပဆစ်ကွက် နှစ်ကွက်လောက် လိုသွားလိုက်၊ ပြန်ပြင်လိုက်၊ ပဆစ်ကွက် သုံးကွက်လောက် လိုသွားလိုက် ပြန်ပြင်လိုက်ဖြင့် မဆုံးတော့ချေ။

'ကဲ...ကဲ...တော်ပါပြီ မင်းလဲ ပင်ပန်းသွားပြီ။ ဦး ပြောပြမယ်။ ဒီ(၁၆)ကွက် စတုရန်းအင်းကို မြင်းသွားနဲ့ ဘယ်တော့မှ အင်းဆန်ပြည့်လို့ မရဘူး'

'ဟင်...ဦးက ဒါနဲ့များ...'

'ဒါနဲ့မများနဲ့၊ ဆရာဆိုတာ တပည့်ကို ဘယ်တော့မှ အကြောင်းမဲ့ပြောတာ၊ ခိုင်းတာ မရှိဘူး။ ကိစ္စတိုင်းမှာ ရည်ရွယ်ချက်ဆိုတာ ရှိတယ်။ မင်းကိုယ်တိုင် ကြိုးစားကြည့်ပြီးမှ မြင်းကွက်နဲ့ အင်းဆန်ပြည့်လို့ မရနိုင်ကြောင်း လက်ခံသွားရင် အဲဒါ တစ်သက်စာ ရင်ထဲ စွဲသွားရော မဟုတ်လား'

'ဟုတ်...ဟုတ်ကဲ့ ကျွန်တော် စကား နည်းနည်းများသွားတယ်'

'ရတယ် အဲဒါထားလိုက်တော့ အခု မေးခွန်းမေးတယ်။ မင်းရဲ့ (IQ) ဘယ်လောက်ရှိလဲဆိုတာ သိရတာ

www.burmeseclassic.com

ပေါ့။ ဒီအင်းကွက်မှာ မြင်းသွားနဲ့ ဘာကြောင့် မရတာလဲဆိုတဲ့ မေးခွန်းကို မင်းဖြေကြည့်'

'မရနိုင်ဘူးလို့တော့ အင်းဆန်သွင်းနေရင်း နောက်ပိုင်းမှာ တွေးမိလာပါတယ်။ ဒါပေမယ့် ဘာကြောင့် မရနိုင်မှန်းကိုတော့ ကျွန်တော် ကွက်ကွက်ကွင်းကွင်း မမြင်နိုင်သေးပါဘူး'

'ကဲ... ဒီလိုဆို ဦးပြောမယ် ဒီမှာကြည့်...'

*　*　*


မောင်အောင်မျိုးအား ရှင်းပြစဉ်က အင်းကွက်ဆွဲပြီး အသွားများကို ဟိုဘက်ထောက်ပြ ဒီဘက်ထောက်ပြဖြင့် ရှင်းပြရသည်မှာ အဆင်ပြေသော်လည်း စာဖတ်သူများအား မဂ္ဂဇင်းစာမျက်နှာထက်မှတစ်ဆင့် ရှင်းပြရသည်မှာ အဆင်မပြေပါ။ အကျဉ်းချုံး၍သာ ဖော်ပြလိုက်ပါသည်။ ကိုယ်တိုင် အင်းဆန် ဖြည့်သွင်းကြည့်လျှင် ဘာကြောင့် မရသလဲဆိုတာ မြင်လာကြပါလိမ့်မည်။

* * *

| | | | |
|---|---|---|---|
| A | | | |
| | | 2 | |
| | 1 | | |
| | | | B |

ထောင့်စွန်း ပဆစ်ကွက်များဖြစ်သည့် A သို့မဟုတ် B သို့ မြင်းသွားဖြင့် ဝင်နိုင်ထွက်နိုင်သော ပဆစ်ကွက်များမှာ အလယ်ရှိ ပဆစ်ကွက်(1)နှင့် (2)တို့သာ ဖြစ်ပါသည်။

❖ 1 မှစ၍ B သို့ ဝင်လျှင် 2သို့ ထွက်ပြီး Bမှာ ဆုံး၏။ ပြန်ထွက်၍ မရ



(ပိတ်မိ၏)။

❖ 1 မှစ၍ B သို့ ဝင်လျှင် 2သို့ ထွက်ပြီး Aမှာ ဆုံး၏။ ပြန်ထွက်၍ မရ (ပိတ်မိ၏)။

(2မှ စတင်လျှင်လည်း ထိုနည်းတူစွာ ဖြစ်၏။)

❖ Aမှစ၍ 1သို့ထွက်လျှင် Bသို့ဝင်ပြီး 2သို့ ထွက်ရမည်။ ထို 2သည် Aသို့ ပြန်ဝင်မှ မြင်းသေမြင်းကိုက်ရမည်။ အခြားပဆစ်ကွက်သို့ သွားလျှင် မြင်းသေမြင်းကိုက် မရ။ **(တစ်စလွတ်သွားသည်။)**

❖ Aမှစ၍ 2သို့ထွက်လျှင် Bသို့ဝင်ပြီး 1သို့ ထွက်ရမည်။ ထို 1သည် Aသို့ ပြန်ဝင်မှ မြင်းသေမြင်းကိုက်ရမည်။ အခြားပဆစ်ကွက်သို့ သွားလျှင် မြင်းသေမြင်းကိုက် မရ။ **(တစ်စလွတ်သွားသည်။)**

**(Bမှ စတင်လျှင်လည်း ထိုနည်းတူစွာပင်။)**

မောင်အောင်မျိုးအား ထိုပိတ်မိခြင်းနှင့် တစ်စလွတ်ခြင်းတို့ကြောင့် မြင်းကွက်မရှိကြောင်း ရှင်းပြခဲ့ပါ၏။ စာဖတ်သူတို့လည်း လက်တွေ့ဆောင်ရွက်ကြည့်က မြင်နိုင်ပါသည်။

*　*　*

'ကဲ (၁၆)ကွက် စတုရန်းအင်းမှာ ဘာကြောင့် မြင်းသွားမရှိသလဲ ဆိုတာ မြင်ပြီ မဟုတ်လား'

'ဟုတ်ကဲ့ မြင်သွားပြီဦး၊ မြင်းသေ မြင်းကိုက် မရရုံတင်မကဘူး ပဆ ကွက်ပြည့်အောင်တောင် သွင်း မရတာ တွေ့ရတယ်'

'ဟုတ်တယ် ဒါကြောင့်လဲ (၁၆) ကွက် စတုရန်းအင်းတွေမှာ မြင်းသွ မသုံးဘဲ တခြား အသွားတွေကို သုံး တယ်'

'ဒါကြောင့် (၁၆)ကွက်အင်းတွေ မြင်းသွားနဲ့ ကျွန်တော် မမြင်ဘူး ကိုး'

'အခု သိသွားပြီမဟုတ်လား ရှိ မရှိတာ'

'ဟုတ်ကဲ့ သိသွားပါပြီ'

'ကဲ သင်ပြီးသမျှ ပြန်ကြည့်ရအော (၁၂)ကွက်နန်းချီးအင်းမှာ ပညာအ သမာဓိအား နည်းနည်းစိုက်ထု အောင်ကိုလဲ အင်းကွက်က ဘာသာ ထိန်းချုပ်ခေါ်သွားတာ တွေ့ မယ်။ နောက်ဆုံး(၁၆)ကွက် စတု အင်းကျတော့ မြင်းသွား လုံးဝသုံး မရတာ တွေ့ရမယ်။

အဲဒီ အင်းကွက်(၃)ကွက်ဟာ ဦး ရဲ့ မြန်မာ့အင်းပညာမှာ အ အင်းကွက်တွေလို့ ပြောနိုင်သလို အင်းပညာရဲ့ မုခ်ဦးလို့လဲ ပြော တယ်။

ဒီမုခ်ဦးကပဲ ဦးတို့တွေ ဝင် တယ်။ အဲဒီအင်းကွက်တွေ တကယ်လဲ အစွမ်းထက်ကြ လေ့လာစရာ၊ ပညာယူစရာ၊ အ တွေနဲ့ ပြည့်နေတယ်။ အဲဒီအ တွေကို မင်း မြင်တတ်လာ တစ်ဆင့်ချင်း ဦးဖော်ပြသွားမယ် တော့ နားကြစို့'

**ဆရာစော(အင်းတင်ထော**



www.burmeseclassic.com

www.burmeseclassic.com

**ကျောက်လိပ်အကြောင်း ဆောင်း**ပါးကို **၂၀၁၃ ခုနှစ်၊ ဩဂုတ်လ၊ အမှတ်(၃၂၅)၊ စာမျက်နှာ(၈၆) နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**တွင် ဖတ်ရသည်။ စာရေးသူမှာ **စလင်း ဦးကျော်**ဖြစ်သည်။

ဆရာ စလင်း ဦးကျော်၏ ကျောက်လိပ်အကြောင်း ဖတ်ရသောအခါ ကျွန်ုပ် ကိုယ်တွေ့ကြုံခဲ့ရသော ကျောက်လိပ်အကြောင်းကို ရေးသားတင်ပြရန် စိတ်ကူးပေါ်လာသည်။

ဆရာ စလင်း ဦးကျော်၏ ကျောက်လိပ်ဆောင်းပါးတွင် ကျောက်လိပ်အကြောင်း အတော်ပြည့်စုံအောင် တင်ပြထား၍ ဗဟုသုတ တိုးပွားရပါသည်။


ကျောက်လိပ်ကို စည်းဝိုင်းတွင် ထားလျှင် အပြင်သို့ ရွေ့လျားထွက်သွားနိုင်ကြောင်း ဖော်ပြထားသည်။

ကျောက်လိပ်ကို ပြဒါးကျွေးလျှင် ပြဒါးကိုစားသည်။ ရွှေ၊ ငွေ၊ ကျောက်သံ ပတ္တမြားတို့ကို ကျွေးလျှင်လည်းစားသည်။ ထို စားထားသော ရတနာတို့ကို ပြာအဖြစ် ပြန်ထုတ်ပေးနိုင်စွမ်းရှိသည် ဟု ထူးခြားသော ကျောက်လိပ်အစွမ်းများကို ဖော်ပြထားသည်။ ***(အသေးစိတ်ကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊တွင် လေ့လာနိုင်ပါသည်။)***

ထိုအကြောင်းအရာများကို အတန်အသင့် သိရှိထားပါသော်လည်း ဆောင်းပါးပါ အချက်အလက်များကဲ့သို့ အသေအချာ မသိရှိခဲ့ပါ။ စာတည်းချုပ်ကြီးနှင့် တင်ပြပေးသူတို့ကို အထူးကျေးဇူးတင်ရပါသည်။

* * *

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ မိတ်ဆွေ ဆေးဝါးကုသ ဆရာ ဦးမြင့်သည် သဘာဝ



# ကျောက်လိပ်အဆောင်

## အစွမ်းထက်အောင်

မျိုးတင့်
(ညောင်လေးပင်)

ကျောက်လိပ်ငယ်တစ်ကောင်ကို ယူလာပြီး ပြသပါသည်။ ကျောက်လိပ်အရွယ်မှာ လက်မ၊ လက်ညှိုး တစ်ပိုင်းစာမျှရှိသည်။ ဦးခေါင်း၊ ခြေလက်အင်္ဂါစုံပါသည်။

ထိုကျောက်လိပ်ကလေးကို ရွှေစက်မျောလောင်းသူတို့ ရလာခဲ့ခြင်းဖြစ်သည်။ မြေအောက် ပေ(၃၀)လောက်က ရလာခြင်းဟု သိရသည်။ ပီဘီသား အသက်ဝင်နေသော လိပ်လေးတစ်ကောင်အလား ထင်မှတ်ရသည်။

ကျွန်ုပ်သည် ထူးဆန်းသော ကျောက်လိပ်ကို ဓာတ်ပုံမှတ်တမ်းတင်ထားခဲ့သည်။

သို့ပါသော်လည်း ကျွန်ုပ်မိတ်ဆွေ၏ ကွန်ပျူတာတွင် ပုံထုတ်သောအခါ ချို့ယွင်းမှုကြောင့် ပုံကို မရတော့ဘဲ ပျက်စီးသွားခဲ့ရသည်ဖြစ်၍ ဓာတ်ပုံကို တင်ပြနိုင်ခြင်း မရှိတော့ပါ။

မိတ်ဆွေဦးမြင့်က ကျွန်ုပ်အား ကျောက်လိပ်၏ အစွမ်းသတ္တိများနှင့် အသုံးဝင်ပုံများကို မေးမြန်းပါသည်။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် စာပေရေးသားနေ၍ ကျွန်ုပ်ကို အားကိုးတကြီး မေးမြန်းခြင်းဖြစ်သည်။

ကျွန်ုပ်လည်း တတ်ထားမှတ်သားသမျှ ရှင်းပြပါသည်။ စမ်းသပ်နည်းများကိုလည်း ပြောပြပေးခဲ့ပါသည်။ ထိုကျောက်လိပ်ပိုင်ရှင် ဦးမြင့်၏ မိတ်ဆွေဆန်ကုန်သည်တစ်ဦးဖြစ်၍ ကျွန်ုပ်ကို ပြရုံသာပြပြီး ပြန်ယူသွားခဲ့သည်။

ကျောက်လိပ်ကလေးမှာ ဂမ္ဘီရပစ္စည်းအမှန်ဖြစ်ကြောင်း ကျွန်ုပ်မှ အသားအနားကိုကြည့်၍ ခန့်မှန်းမိသည်။ ဂမ္ဘီရပစ္စည်းမှန်လျှင် အသုံးပြုတတ်ပါက သိဒ္ဓိဝင်ပြီး အကျိုးပြုနိုင်စွမ်းပါသည်။

ကျွန်ုပ်သည် စေတနာ ရှေ့သွားပြု၍ ထိုကျောက်လိပ်ကလေးကို အောက်ပါ

www.burmeseclassic.com

အတိုင်း လိုက်နာကျင့်သုံး၍ ဆောင်သင့်ကြောင်း အကြံပြုခဲ့ပါသည်။ **(ထိုနည်းများကို ကျွန်ုပ် အဘိုးဆရာ ရွှေပေါ်ကျွန်းအဘိုးသိန်းထံမှ ရထားခြင်း ဖြစ်ပါသည်။)**

ကျောက်လိပ်ကို တရော်ကင်ပွန်းနှင့် သန့်စင်အောင် ဆေးကြောပါ။ ဘုရားစင်အောက်တွင် ရေစပ်စပ်ထည့်ထားသော စဉ့်အင်တုံကလေးတွင် ထည့်ထားပါ။

လိပ်စာအဖြစ် ကန်စွန်းရွက်၊ ပေါက်ပေါက်ဆုပ်တို့ကို ပျားရည်ဆမ်းပြီး ခွက်ကလေးတစ်ခွက်တွင် ရေခံ၍ အနီးတွင် အစာအဖြစ် ကျွေးထားပေးပါဟု အကြံပြုခဲ့ပါသည်။

နေ့စဉ် ဘုရားရှိခိုး မေတ္တာပို့ခြင်းပြုပြီးသည်နှင့် ကျောက်လိပ်ကို စောင့်ရှောက်သည့် ပုဂ္ဂိုလ်ကို ရည်မှန်း၍ နံ့သာတိုင်(အမွှေးတိုင်) ထွန်းပေးခြင်း၊ စူးစိုက်မေတ္တာပို့ခြင်းပြုရန်၊ မိမိပြုသော ကောင်းမှုများကို အမျှအတန်း ပေးဝေရန်တို့ကို ယုံကြည်စိတ် ထက်ထက်သန်သန်ထားပြီး ပြုလုပ်ပေးရန်တို့ကိုပါ ပြောပြခဲ့ပါသည်။ **သစ္စာတိုင်ဂါထာ**ကို ကျူးရင့်၍ မိမိလိုသောဆုကို တောင်းခံရန်လည်း ပြောပြခဲ့ပါသည်။

**သစ္စာတိုင်ဂါထာမှာ...**

၁။ သဒ္ဓါ မေ ဗုဒ္ဓသေဋ္ဌမှိ သံသယော နတ္ထိ သဗ္ဗဒါ

တေန သစ္စဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ ဟောတုမေ အာယုဝဍ္ဍနံ ဟောတုမေ သုခဝဍ္ဍနံ။

၂။ သဒ္ဓါ မေ ဓမ္မသေဋ္ဌမှိ သံသယော နတ္ထိ သဗ္ဗဒါ

တေန သစ္စဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ ဟောတုမေ အာယုဝဍ္ဍနံ ဟောတုမေ သုခဝဍ္ဍနံ။

၃။ သဒ္ဓါ မေ သံဃသေဋ္ဌမှိ သံသယော နတ္ထိ သဗ္ဗဒါ

တေန သစ္စဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ ဟောတုမေ အာယုဝဍ္ဍနံ ဟောတုမေ သုခဝဍ္ဍနံ။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **သဒ္ဓါမေ** | = | သတ်ဒါမေ |
| **ဗုဒ္ဓသေဋ္ဌမှိ** | = | ဗုတ်ဒသေစ်ထန်မိ |
| **နတ္ထိ** | = | နတ်ထိ |
| **သဗ္ဗဒါ** | = | သပ်ဗဒါ |
| **သစ္စ** | = | သစ်စ |
| **ဝဇ္ဇေန** | = | ဝစ်ဇေန |
| **မင်္ဂလံ** | = | မင်ဂလံ |
| **အာယုဝဍ္ဍနံ** | = | အာယုဝတ်ဒနံ |

**အနက်**

၁။ **ဗုဒ္ဓသေဋ္ဌမှိ၊** ဘုရားမြတ်စွာရတနာ၌။ **မေ၊** အကျွန်ုပ်၏။ **သဒ္ဓါ၊** ယုံကြည်ခြင်း သဒ္ဓါတရားသည်။ **(အတ္ထိ၊ ရှိပါ၏။) သဗ္ဗဒါ၊** အခါခပ်သိမ်း။ **သံသယော၊** ယုံမှားသံသယသည်။ **နတ္ထိ၊** မရှိပါ။ **တေန သစ္စဝဇ္ဇေန၊** ဤမှန်သော သစ္စာစကားကြောင့်။ **မေ၊** ကျွန်ုပ်အား။ **ဇယမင်္ဂလံ၊** အောင်ခြင်း မင်္ဂလာသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။ **မေ၊** အကျွန်ုပ်အား။ **အာယုဝဍ္ဍနံ၊** အသက်ရှည်ခြင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။ **မေ၊** အကျွန်ုပ်အား။ **သုခဝဍ္ဍနံ၊** ချမ်းသာတိုးပွားခြင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

၂။ **ဓမ္မသေဋ္ဌမှိ၊** တရားမြတ်စွာရတနာ၌။ **မေ၊** အကျွန်ုပ်၏။ **သဒ္ဓါ၊** ယုံကြည်ခြင်း သဒ္ဓါတရားသည်။ **(အတ္ထိ၊ ရှိပါ၏။) သဗ္ဗဒါ၊** အခါခပ်သိမ်း။ **သံသယော၊** ယုံမှားသံသယသည်။ **နတ္ထိ၊** မရှိ။ **(ကျန်သော စာ ၂-ကြောင်း အမှတ်(၁)ဂါထာအတိုင်း ဖြစ်၏။)**

၃။ **သံဃသေဋ္ဌမှိ၊** တရားမြတ်စွာရတနာ၌။ **မေ၊** အကျွန်ုပ်၏။ **သဒ္ဓါ၊** ယုံကြည်ခြင်း သဒ္ဓါတရားသည်။(**အတ္ထိ၊** ရှိပါ၏။) **သဗ္ဗဒါ၊** အခါခပ်သိမ်း။ **သံသယော၊** ယုံမှားသံသယသည်။ **နတ္ထိ၊** မရှိ။ **(ကျန်သော စာ ၂-ကြောင်း အမှတ်(၁)ဂါထာအတိုင်း ဖြစ်၏။)**

ထိုဂါထာကို နံနက်,ည ကျောက်လိပ်ကလေးကိုကြည့်ရင်း အာရုံစူးစိုက်ရွတ်ပွားပါ။ နံနက်,ည (၉)ခေါက်တိတိရွတ်ရသည်။ နှုတ်က ကျူးရင့်နေသလိုစိတ်ထဲက ပါအောင် စိတ်ညွှတ်ရွတ်ဆိုရသည်၊ ယုံယုံကြည်ကြည် ရွတ်ဆိုခြင်းဖြင့် အချို့ပေါ် သကာလောင်းသကဲ့သို့ကောင်းမြတ်သော ဆန္ဒ၊ စီးပွားဥစ္စာရတနာများနှင့် ပြည့်စုံနိုင်သည်။

မူလက ရရှိထားသော ကျောက်လိပ်၏ စွမ်းအားကို မေတ္တာလွှမ်းခြုံခြင်းနှင့် ရတနာသုံးပါးဂုဏ်ကို ပွားထုံသစ္စာပြုခြင်းကြောင့် ဘေးရန်မရောက်ဘဲ ကောင်းကျိုးရောက်ရခြင်း အကျိုးကိုကေနခံစားရပြီဟု မှတ်ယူပါဟု၍ အလေးအနက် တိုက်တွန်းခဲ့ပါသည်။

* * *

ကျွန်ုပ်ပေးသည့် အကြံအတိုင်း ကျောက်လိပ်ပိုင်ရှင်သည် ကောင်းစွာ လက်ခံကျင့်သုံးခဲ့သည်ဟု မိတ်ဆွေ ဦးမြင့်က ပြန်ပြောပြ၍ သိရသည်။

ထိုကျောက်လိပ်ကို ဆိုင်ထွက်ယူသွားပြီး မိမိတို့ ရောင်းချရန်ကြွယ်ထားသော ဆန်ပုံအောက်တွင် ထည့်



www.burmeseclassic.com

www.burmeseclassic.com


စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း

ဆရာကြီးဦးအောင်မြင်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။

* * *



ယခုလအတွက် နံပါတ်(၁)နေရာတွင် ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **မြန်မာသက္ကရာဇ် ၁၃၄၂ ခုနှစ်၊ တော်သလင်းလ၊ စနေနေ့**မွေးသူ အမျိုးသားတစ်ဦးဖြစ်ပါသည်။

"**တင်အေး**"ဆိုသော နာမည်ကို အင်္ဂလိပ်လို လက်မှတ်ထိုးထားခြင်းဖြစ်သည်။ **လက်မှတ်ပုံသဏ္ဍာန်မှာ** ချက်မှောက်သင်္ကေတများ ပါရှိ၍ ငွေအယ်လောက်ဝင်ဝင် ငွေမမြဲခြင်း၊ ငွေကုန်များခြင်း၊ မစုဆောင်းမိခြင်း၊ စုဆောင်းထားသမျှ ပြန်ကုန်သွားခြင်းတို့ ဖြစ်တတ်သည်။

လက်မှတ်အပေါ်မှာ ကန့်လန့်မျဉ်းပြိုင် သင်္ကေတရှိ၍ အယှဉ်အပြိုင်များတတ်သလို အငြိမ်မနေရလောက်အောင် ခရီးသွားလည်း များရတတ်သည်။ မူလမဟာဘုတ်ခွင်နှင့် နာမက္ခရပိုင် ထူကြည့်လျှင်...


* * * ⟶

စနေ သိုက်ဖွားဖြစ်သူကို စနေ+အင်္ဂါနွေ မွေးနံပေါ် အညွှန့်အုပ်နာမည်အနေနှင့်လည်း နာမည်မျိုးဖြစ်သော်လည်း သိုက်+မရဏ၊ ဣဋ္ဌ+အနိဋ္ဌ နာမည်မျိုးဖြစ်၍ နာမက္ခရတိုင်စဉ် မှန်သော်လည်း နာမည်ပေးညံ့ပါသည်။

ထို့ကြောင့် ဘာလုပ်လုပ် အစပိုင်းကောင်းပြီး နောက်ပိုင်း ညံ့တတ်သည်။ ကိုယ်ကျန်းမာပြီး စိတ်ဆင်းရဲနေရတတ်သည်။


ဤနာမည်မျိုးတွင် နှလုံးတွဲလက်မှတ် မထိုးဘဲ သိုက်ဌာနမှ နာမည်အစ စာလုံးတွင် "**တင်**"ကိုသာ လက်မှတ်ထိုးသင့်သည်။ မြန်မာအက္ခရာစာလုံးဖြင့် လက်မှတ်ထိုးခြင်းထက် အင်္ဂလိပ်အက္ခရာစာလုံးဖြင့် လက်မှတ်ထိုးခြင်းက ပိုကောင်းပါမည်။

* * *




**(ထိုးမြဲလက်မှတ် နမူနာပုံစံ)**

★ လက်မှတ်အောက်က မျဉ်းမသားရပါ။




၂။

* * *



ယခုလအတွက် နံပါတ်(၂)နေရာမှာ ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ **မြန်မာသက္ကရာဇ် ၁၃၃၆ ခုနှစ်၊ နတ်တော်လ၊ အင်္ဂါနေ့မွေးသူ** အမျိုးသမီးတစ်ဦးဖြစ်ရာ ယခုအခါ အသက် (၃၉)နှစ်ရှိပြီ ဖြစ်သည်။

ထိုးမြဲလက်မှတ် ပုံသဏ္ဍာန်က ကျ




**(မူလမဟာဘုတ်ခွင်)** **(နာမက္ခရာပိုင်)**

www.burmeseclassic.com

လုပ်ပါသည်။ စာလုံးတစ်လုံးနှင့်တစ်လုံး ခွာ၍ လက်မှတ်ထိုးထားခြင်းကြောင့် ခရီးသွားများမည့်သူ ဖြစ်သည်။


**'စိမ့်စိမ့်ချစ်'** ဆိုသော နာမည် (၃) လုံးတွဲကို လက်မှတ်ထိုးထားကြောင်း အလွယ်နှင့် သိနိုင်သည်။ **အင်္ဂါ+တနင်္လာ** နာမည်ဖြစ်ရာ မွေးနံကို အမြစ်အုပ်ထား၍ ဘယ်ကိစ္စမဆို အလွယ်တကူ အောင်မြင်နိုင်ခြင်း မရှိဘဲ ခက်ခဲပင်ပန်းစွာ ကြိုးစားရလိမ့်မည်။ ထိပ်ဆုံးရောက်ဖို့ မလွယ်ကူလှပါ။

မူလမဟာဘုတ်ခွင်နှင့် နာမက္ခရတိုင်စဉ် ချ၍ လေ့လာကြည့်လျှင်...

* * *

အင်္ဂါ အဓိပတိဖွားကို **အင်္ဂါ+တနင်္လာ** နာမည်ပေးထား၍ အဓိပတိ+မရဏနာမည်၊ နာမက္ခရတိုင်စဉ်မှာ။ **ဣန္ဒြ+အနိဋ္ဌ** ပက္ခမိသော နာမည်ညံ့ ဖြစ်နေသည်။ ဤနာမည်မျိုးကို လက်မှတ်တွဲမထိုးသင့်ပါ။ **'စိမ့်'** တစ်လုံးတည်း အင်္ဂလိပ်လို လက်မှတ်ထိုးခြင်းက ပိုကောင်းမည်။

* * *



**(ထိုးမြဲလက်မှတ် နမူနာပုံစံ)**

- ✦ လက်မှတ်အောက်က မျဉ်းမသားသင့်ပါ။
- ✦ အညွန့်နေရာမှာ ပွင့်ဖတ်(၃)ခုပါသော ပန်းပွင့် ထည့်ပါ။
- ✦ ငွေအိတ်သင်္ကေတ လုလုတည့်တည့် ဆွဲပါ။




၃။

* * *


ယခုလအတွက် နံပါတ်(၃)နေရာတွင် ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ် ပိုင်ရှင်မှာ **မြန်မာသက္ကရာဇ် ၁၃၄၇ ခုနှစ်၊ ပြာသိုလ၊ တနင်္ဂနွေဖွား** အမျိုးသားတစ်ဦးဖြစ်သည်။

**"အောင်တင်မြင့်"** ဆိုသည့် နာမည်(၃)လုံးကို အင်္ဂလိပ်အက္ခရာဖြင့်




**(မူလမဟာဘုတ်ခွင်)** **(နာမက္ခရတိုင်)**

လက်မှတ် တွဲထိုးထားခြင်းဖြစ်သည်။ ထိုးမြဲလက်မှတ်ပုံသဏ္ဌာန် မကောင်းပါ။ အပေါ်ဘက်ထောင်နေသော မျဉ်းပြိုင်




**(မူလမဟာဘုတ်ခွင်)** **(နာမက္ခရတိုင်)**

များဖြစ်ခြင်း၊ ကန့်လန့်မျဉ်း ဖြတ်ထားခြင်း၊ ဘယ်ဘက် စောင်းနေခြင်းတို့မှာ လုပ်ငန်းတိုင်းမှာ အပြိုင်အဆိုင်များခြင်း၊ အနှောင့်အယှက် အခက်အခဲများခြင်း၊ အပင်ပန်းခံရသလောက် အကျိုးခံစားရမှုနည်းခြင်း ဖြစ်စေတတ်သည်။

လက်မှတ် အညွန့်နေရာမှာ ကြယ်ပွင့်ပုံပါနေ၍ အောင်မြင်ကျော်ကြားချင်သော စိတ်ဓာတ် ပြင်းထန်သူ ဖြစ်မည်။

သို့သော် ကြယ်ပွင့်သင်္ကေ[တ] ထည့်ထိုးသော အမျိုးသားတို့မှာ အချ[...] ရေး၊ အိမ်ထောင်ရေး ကံမကောင်[း...] တတ်ကြပါ။ အထူးသဖြင့် အတွင်းစိတ်[...] က "ဧး"ဆန်နေတတ်သည်၊ ယောက်ျာ[း...] ပီပီသသ မဖြစ်တတ်ပါ။

မူလမဟာဘုတ်ခွင်နှင့် နာမက္ခ[ရ] တိုင်စဉ် ချကြည့်လျှင်...

* * *

တနင်္ဂနွေ ရာဇဖွားကို တန[...] အစ ကြာသပတေးအဆုံး အပြင်[...] နာမည်ပေးထားပြီး **ရာဇ+သို[က်...]** နာမည်လည်း ဖြစ်သည်။ **ဣန္ဒြ+အ[...]** ဖြစ်သော်လည်း ပက္ခမိနေသော နာ[...] မျိုးဖြစ်ခြင်း၊ နာမက္ခရတိုင်စဉ် မှာ[...] တို့ကြောင့် နာမည်ကောင်း[...] မဟုတ်ပါ။

ဤနာမည်မျိုးကို လက်မှ[တ်...] ရန်မသင့်ပါ။ **'အောင်'** တ[စ်]လုံးတ[...]



www.burmeseclassic.com

ခြင်းကသာ ပိုကောင်းမည်။




(မြန်မာ)



(အင်္ဂလိပ်)

(ထိုးမြဲလက်မှတ် နမူနာပုံစံ)

* * *



ယခုလအတွက် နံပါတ်(၄)နေရာ မှာ ဖော်ပြပေးလိုက်သော **မြန်မာ သက္ကရာဇ် ၁၃၄၅ ခုနှစ်၊ ပြာသိုလ၊ သောကြာနေ့ဖွား အမျိုးသမီးတစ်ဦး** ဖြစ်ပါသည်။


"**သွန်းဟန်နီ**"ဆိုသော နာမည်၏ အစစာလုံး "**သွန်း**"ကို မြန်မာလို လက်မှတ်ထိုးထားခြင်း ဖြစ်သည်။ ထိုးမြဲလက်မှတ်၏ ပုံသဏ္ဍာန်မှာ ငွေအိတ်သင်္ကေတ ဖြစ်သော်လည်း "န" ၏အမြီးက ငွေအိတ်ကို ထိုးဖောက်ထားသလိုဖြစ်၍ ငွေမမြဲ ငွေထွက်များ ဖြစ်တတ်သည်။

လက်မှတ်အညွန့်က ဘယ်ဘက် ခပ်စောင်းဖြစ်၍ ဘာလုပ်လုပ် ပို၍ ပင်ပန်းခံရတတ်ပြီး အဟန့်အတားများ နှင့် ကြုံရတတ်သည်။

လက်မှတ်အောက်မှာ မျဉ်းတိုနှင့် အစက်ငယ်လေးရှိ၍ မိသားစုဝန်ကို ထမ်းရတတ်သည်။ ကိုယ်မရှိလျှင် စိတ်မချရ။ အရာရာကို သံသယဝင် နေတတ်သည်။ အမြဲလိုလို စိတ်မောလူမော ဖြစ်နေရမည်။

မူလမဟာဘုတ်ခွင်နှင့် နာမက္ခရ တိုင်စဉ် ချကြည့်လျှင်...


* * *




(မူလမဟာဘုတ်ခွင်) (နာမက္ခရတိုင်)

သောကြာ ရာဇဖွားဖြစ်သူကို **သောကြာ+သောကြာ+စနေ** မွေးနံကို အညွှန့်အုပ်နာမည်မျိုး ပေးထားခြင်း **ရာဇ+အထွန်း**နာမည်ဖြစ်၍ ကဿ+ကဿ ဖြစ်ခြင်း၊ နာမက္ခရတိုင်စဉ်မှန်ခြင်းတို့ ကြောင့် သောကြာနှင့် စနေ ရန်ဘက် ဖြစ်သော်လည်း နာမည်ကောင်းတစ်ခု ဟုသာ သတ်မှတ်ရမည်။ ဤနာမည် မျိုးကို သုံးလုံးတွဲထိုးထားခြင်းက ပို၍ ကောင်းပါမည်။

* * *



(ထိုးမြဲလက်မှတ် နမူနာပုံစံ)

***ယခုတစ်လ ဤမျှနှင့်သာ ကျေနပ်ကြပါ။***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
***(ဥပဒေဘွဲ့)***
**လက္ခဏာဗေဒင်ပညာသုတေသီ**

စာမျက်နှာ (၁၇၀)မှ အဆက်

သွင်းမြှုပ်နှံထားရပါသည်။

ကျောက်လိပ်ကလေးသည် ဆန်များ ရောင်းရန်ကို အချက်ပေးလေ့ရှိသည်။ ဆန်ပုံအောက်မှ မထင်မှတ်ဘဲ ဆန်ပုံ၏ထိပ်သို့ ရောက်နေလျှင် ထို ဆန်ပုံကြီး ကုန်သည်အထိ ရောင်းချရသည်။ အချို့အခါများတွင် ဆန်ပုံ သုံးချိုး၊ နှစ်ချိုးနေရာသို့ ကျောက်လိပ်ကလေး ရောက်သည်။ ထိုအခါမျိုးတွင် သုံးချိုး၊ နှစ်ချိုး ရောင်းရသည်ဟု ဆိုပါသည်။

များသောအားဖြင့် ဆန်ရောင်းကောင်းသည်။ ထိုဆန်ဆိုင်ပိုင်ရှင်သည် ဆန်ရောင်းဝယ်ရေးကို တစ်စတစ်စ တိုးချဲ့သည်။ ယခုအခါ ဆန်ဆိုင်များခွဲ၍ ရောင်းရသည်အထိ ဖြစ်လာသည်။

ရတနာသုံးပါးကို ပို၍ပို၍ ယုံကြည်လာသည်။ အလှူအတန်း များပြုသည်။ လျှို့ဝှက်ဆန်းကြယ်သော သူ၏ ကျောက်လိပ်ကိုမူ လူမြင်မခံဘဲ သိုသိုဝှက်ဝှက်ထားသည်။ ကျွန်ုပ်သည် ထိုပိုင်ရှင်၏ အမည်ကို ဖော်ပြခွင့်မသာပါ။

လူတစ်ယောက် တိုးတက်ကြီးပွားပြီး ရတနာသုံးပါးကို ကိုးကွယ်အားထားသူ ဖြစ်လာ၍ ဝမ်းမြောက်ပီတိ ဖြစ်ရပါသည်။

**ကျောက်လိပ်ကို ရရှိသူများ ရှိပါက** ဂုဏ်ရှိအဆောင်ကောင်း အဖြစ် ရတနာသုံးပါးနှင့် သစ္စာလွှမ်းခြုံ မေတ္တာ မွမ်းထုံလျက် အသုံးချနိုင်ကြဖို့ မေတ္တာတရား ရှေ့သွားပြု၍ တင်ပြလိုက်ရပါသည်။

***မေတ္တာရည်လျက်...***

**မျိုးတင့်(ညောင်လေးပင်)**

# ထုက္ကန့်သိမ်ပုထိုးတော် မှ

## ရှေးခေတ် ရခိုင်ပိုးရာ ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာများ (၃)

ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

ယခင်လမှ အဆက်

ပုံ-၆



* * *ပုံ(၆)

ထုက္ကန့်သိမ်ပုထိုးတော် လိုဏ်ပတ်မှ မပျက်စီးဘဲ ကျန်ရှိနေသေးသည့် ကောင်းနိုးနိုးရာရာ ကျောက်ဆစ်ရုပ်ကြွများမှ ဒီဇိုင်းလက်ရာများကို ကူးယူရေးဆွဲ၍ သင့်တော်သလို ရေးဆွဲဖော်ပြပါမည်။

**ပုံ(၆)** ဒီဇိုင်းလက်ရာသည် ဝင်ဝ လိုဏ်ပတ်လမ်း လက်ယာဘက်နံရံမှ မုခ်ပေါက် နံပါတ်လေး ညာဘက် ရုပ်ကြွနံပါတ်(၇) ကျောက်ဆစ်ရုပ်ကြွ လက်ရာမှ ကူးယူထားသော ဒီဇိုင်း လက်ရာပင် ဖြစ်ပါသည်။

**ပုံ (၆)**မူရင်း ကျောက်ဆစ်ရုပ်ကြွ အမြင့် (၆၆)စင်တီမီတာခန့်၊ အကျယ် (၃၆)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၃)စင်တီမီတာခန့် ရှိပါသည်။ မူရင်း ကျောက်ဆစ်ရုပ်ကြွတွင် ဖောင်းတော် နှင့် မျက်နှာမှာ မိုးရေတိုက်စားမှုကြောင့် ချောနေသည်ကို တွေ့ရှိရပါသည်။

ဖောင်းတော်(မကိုဋ်တော်)မှာ ရှေ့ တည့်တည့်၌ ပွင့်ဖတ်သဏ္ဍာန် အရာ တစ်ခုသာ တွေ့ရှိရပါသည်။ လက် နှစ်ဖက်တွင် ကြာဖူးတစ်ဖူးကိုင်၍ ပူဇော်နေဟန် တွေ့ရှိရပါသည်။

ပုဆိုးပိုင်း(တဘက်)ကို ဘယ်ဘက် ပခုံးပေါ်တင် ညာဘက်ချိုင်းအောက်မှ ရစ်ပတ်ကာ တဘက်စ နှစ်ဖက်ကို လက်ဝဲ,လက်ယာ ပြန့်ကားစွာ ချထား ပါသည်။

တဘက်ကို လှိုင်းတွန့်များ၊ အစင်း ကြောင်းများ၊ ဆံမြိတ်များဖြင့် အလှ ဆင်ထားပါသည်။ ခါးတွင် ခါးပတ်ကြိုး ပတ်ထားပြီး ခါးပတ်ကြိုးကို လှိုင်းတွန့် များဖြင့် အလှဆင်ထားပါသည်။

ခါးပတ်ကြိုးခေါက်ကိုလည်း ပေါင် ပေါ်တွင် အပြားလိုက် ချထားပါသည်။ ခါးပတ်ကြိုးခေါက်ပြားနှင့်အပြိုင် ကူခြေ ကာပြားကိုလည်း ပေါင်ပေါ်တွင် ဖြန့် ချထားပါသည်။ လှိုင်းတွန့်ကလေးများ ဖြင့် အလှဆင်ထားပါ၏။

ပုဆိုးအောက်ပိုင်းကို အရစ်... အစင်းကြောင်းကလေးများဖြင့် အ... ဆင်ထားပါသည်။ ဖောင်းတော် ပိ... စွာ မတွေ့ရှိရသောကြောင့် မည်သ... မင်းမှုထမ်း ဖြစ်သည်ကို မပြောနိုင်... မြောက်ဦးခေတ် အမျိုးသ... ဝတ်ဆင်ထုံးဖွဲ့မှု လက်ရာတစ်... ဖြစ်သည်ဟုသာ ပြောရပါမည်... သည်။



www.burmeseclassic.com

www.burmeseclassic.com



ပုံ-၇



ပုံ-၈

* * *ပုံ(၇)

ထုက္ကန့်သိမ်ပုထိုးတော်ဝင်ဝ လိုဏ်ပတ် လက်ယာဘက် ကျောက်နံရံ ဘုရားရှ ညာဘက်နံပါတ်(၃၁) ကျောက်ဆစ်ရုပ်ကြွကို ကူးယူထားသော ဒီဖိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

ပုံ(၇)ဒီဖိုင်းလက်ရာ၏ မူရင်း ကျောက်ဆစ်ရုပ်ကြွ အမြင့် (၅၉)စင်တီမီတာခန့်၊ အကျယ် (၄၃)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၈၃)စင်တီမီတာခန့် ရှိပါသည်။ မူရင်း ကျောက်ဆစ်ရုပ်ကြွ လက်မောင်းတွင် စဥ့်အဖြူရောင် အနည်းငယ် ကပ်ကျန်နေသေးသည်ကို တွေ့ရှိရပါသည်။

မူလက ထုက္ကန့်သိမ် ပုထိုးတော်မှ ကျောက်ဆစ်ရုပ်ကြွ လက်ရာများသည် ဆေးရောင်စုံများဖြင့် ရုပ်ကြွပန်းချီလက်ရာများပင် ဖြစ်ကြသည်ဟု သိရှိရပါသည်။

**ပုံ (၇)** ဒီဖိုင်းလက်ရာ၏ ဖောင်းတော်(မကိုဋ်)ကို ကြည့်ခြင်းအားဖြင့် မော်စလိုင် အမတ်တစ်ဦး၏ ဝတ်ဆင်ထုံးဖွဲ့မှု လက်ရာတစ်ခု ဖြစ်သည်ဟု သိရှိရပါသည်။

ဖောင်းတော်အောက်နားကို ဖောင်းဆင့်ဖြင့် အနားသတ်ထားပြီး အပေါ်ကို ရပ်စောက် အစင်းကြောင်းကလေးများဖြင့် ခပ်ချွန်းချွန်း အလှဆင်ထားပါသည်။

နားနှစ်ဖက်တွင်လည်း နားတောင်းလုံးများကို ဝတ်ဆင်ထားပါသည်။ လက်နှစ်ဖက်တွင် ကြာဖူးတစ်ဖူးကို ကိုင်၍ ဘုရားကန်တော့နေဟန် တွေ့ရှိရပါသည်။

တဘက်(ပုဆိုးပိုင်း)ကို ဘယ်ဘက်ပခုံးတွင်တင်၍ ညာဘက်ချိုင်းမှ ရစ်သိုင်းကာ တဘက်စနှစ်ခုကို လက်ဝဲ၊ လက်ယာ ဖြန့်၍ ချထားပါသည်။

ခါးတွင်၊ ခါးပတ် တစ်ပတ် ပတ်ထားပြီး ကလ္လြေကာကို ခါးပတ်အောက်မှ ပေါင်ပေါ်တွင် အပြားလိုက် ချထားပါသည်။ ပုဆိုးတွင် အဆင်တန်ဆာများ မတွေ့ရှိရပေ။ ပုံ(၇)ဒီဖိုင်းလက်ရာ ဝတ်ဆင်မှုမှာ ရိုးရှင်းလှသည်ဟု ပြောရမည်ပင် ဖြစ်ပါသည်။

* * *

**ပုံ (၈)** ဒီဖိုင်းလက်ရာသည် ထုက္ကန့်သိမ်ပုထိုးတော် ဝင်ဝလိုဏ်ပတ် လက်ယာဘက်မှ ကျောက်ဆစ်ရုပ်ကြွ နံပါတ်(၃၀)ကို ကူးယူရေးဆွဲထားသော ဒီဖိုင်းလက်ရာပင် ဖြစ်ပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွအမြင့် (၆၁)စင်တီမီတာခန့်၊ အကျယ် (၄၁)စင်

www.burmeseclassic.com

တီမီတာခန့်နှင့် ရုပ်ကြွအထု (၁၃)စင်တီမီတာခန့် ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် ဆံထုံးနှင့် ဦးခေါင်းကြား ကျိုးနေပါသည်။ ခါးမှလည်း ကျိုးနေသည့်အရာ ပေါ်နေသည်။

ပုံ(၈)ဒီဖိုင်းလက်ရာတွင် နားတောင်းလုံး ဝတ်ဆင်ထားပြီး တဘက်(ပုဆိုးပိုင်း)ကို ပခုံးပေါ် ခြုံသိုင်းထားပါသည်။ ညာဘက်တဘက်စကို ပေါင်အပေါ်တွင် တွေ့ရှိရပြီး ဘယ်ဘက်တဘက်စကို ခါးတွင် ပတ်၍ ဘေးတွင် ကားဖြန့်ထားပါသည်။

လက်နှစ်ဖက်တွင် ကြာဖူးတစ်ဖူး ပူဇော်ထားပြီး လက်ကောက် တစ်ဖက်လေးကွင်းစီ ဝတ်ဆင်ထားပါသည်။ အင်္ကျီကို တင်ပါးကျော်သည်အထိ ဝတ်ဆင်ထားပါသည်။ အင်္ကျီအောက်နားစကို ဖောင်းဆင့်များဖြင့် အနားသတ်ထားပါ၏။


ပေါင်ပေါ်တွင်လည်း ခါးကြိုးစ အစွန်နှစ်ခုကို အဖျားချ၍ ပန်းဖွားလုပ်၍ တင်ထားပါသည်။ ထဘီအောက်နားစကို အနားသတ် ဖော်ထားပြီး အောက်ဖောင်းနှစ်ဆင့်၊ အပေါ်ဖောင်းတစ်ဆင့်ကြားတွင် ထောင်လိုက်အစင်းကြောင်းများဖြင့် အလှဆင်ထားပါသည်။

ဤဒီဖိုင်းလက်ရာမှာ မိန်းမရုပ်ဖြစ်ပြီး မော်စလိပ်အမတ်ကတော် ဖြစ်သည်ဟု သိရှိရပါသည်။ ဝတ်ဆင်ထုံးဖွဲ့ပုံမှာ ရိုးရှင်းလှသည်ကို တွေ့ရှိရပါသည်။

* * *ပုံ(၉)

**ပုံ (၉)** ဒီဖိုင်းလက်ရာသည်လည်း ထုက္ကန့်သိမ်အဝင် လိုဏ်ပတ် လက်ယာဘက်နံရံမှ နံပါတ်(၁၇) ကျောက်ဆစ်ရုပ်ကြွမှ ကူးယူရေးဆွဲထားသော ဒီဖိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

ဘုရား၏ ညာဘက်မှ ယောကျ်ားရုပ်ကြွ လက်ရာပင်ဖြစ်ပါသည်။ မူရင်း



ပုံ-၉

ကျောက်ဆစ်ရုပ်ကြွအမြင့် (၆၁)စင်တီမီတာခန့်၊ အကျယ်(၂၈)စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၁၂)စင်တီမီတာခန့် ရှိပါသည်။ မူလက ဤကျောက်ဆစ်ရုပ်ကြွကို စဉ့်ရောင် သုတ်ခဲ့ပါလိမ့်မည်။ မျက်နှာတွင် စဉ့်ရောင်အနည်းငယ် တွေ့ရှိရပါသေးသည်။

**ပုံ(၉)**ဒီဖိုင်း၏ ဗောင်းတော်(မကိုဋ်တော်) အနေအထားမှာ ပွင့်ဖတ်အကြီးအငယ် ဖောင်းများဖြင့် အလှဆင်ထားပါသည်။ လက်နှစ်ဖက်တွင် ကြာဖူးတစ်ဖူး ပူဇော်ထားပါသည်။

ဘယ်ဘက် လက်အောက်တွင် တဘက်စ တစ်စသာ တွေ့ရှိရပါတော့သည်။ ခါးတွင် ခါးပတ်တစ်ပတ် တွေ့ရှိရပါ၏။ ခါးပတ်အောက်မှ က္ကန္ဒြေကာအပြားကို ပေါင်ပေါ်တွင် အပြားလိုက် ချထားပါသည်။

ပုဆိုးအောက်နားကိုလည်း အနား[illegible]သတ် အဆင့်များဖြင့် အလှဆင်ထား[illegible]သည်။ ဒီဖိုင်းလက်ရာ၏ မူရင်း[illegible]ကျောက်ဆစ်ရုပ်ကြွတွင် အဆင်[illegible]တန်ဆာများ တချို့ မိုးရေတိုက်စား[illegible]ကြောင့် ချောမွတ်နေပါသည်။

ဗောင်းတော် အဆင်တန်ဆာလည်း တချို့ ပျက်စီးနေပါပြီ။ ဗောင်းတော်[illegible]အနေအထားကို ကြည့်ခြင်းအား[illegible]ဤဒီဖိုင်းလက်ရာမှာ ကတ္တော်အ[illegible]ဝတ်ဆင်မှု ဒီဖိုင်းလက်ရာတစ်ခုပင် ဖြ[illegible]ပါသည်။ ဝတ်ဆင်ထုံးဖွဲ့မှုမှာ ရိုး[illegible]ကလေးသာ တွေ့ရှိရပါသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**ပန်းချီထူးလှ**
***(ရွှေဟောင်းသုတေသန)***



www.burmeseclassic.com

www.burmeseclassic.com

အိမ်မဲမြို့နယ်၊ ထိန်ငူကျေးရွာအုပ်စု ကျောင်းစုကျေးရွာ
ဓမ္မသုခကျောင်းဆရာတော်

# ဘဒ္ဒန္တ ဝရောဘာသ

၏ လက္ခဏာတော်

ဦးဝေအောင်
(ဟသ်ာတ)



◆ ဓမ္မသုခကျောင်းဆရာတော်
ဘဒ္ဒန္တ ဝရောဘာသထေရ်




## ထေရုပ္ပတ္တိ

ဆရာတော်သည် ထိန်ငူအုပ်စု ...လကာကုန်းကျေးရွာနေ ...ည်းတော် ဦးရွှေ မယ်တော် ...ကြည်တို့မှ ၁၃၀၈ ခုနှစ်၊ ...ပို့တွဲလဆန်း(၁၂) ရက်၊ ...ဂါနေ့တွင် ဖွားမြင်တော်မူခဲ့ပါသည်။

၁၃၀၆ ခုနှစ်၊ တန်ခူးလဆုတ် (၁၁) ...ကာ်နေ့တွင် ကျွဲလမ်းကျေးရွာဆရာ ...တော် ဘဒ္ဒန္တကဝိဓဇကို ဥပဇ္ဈာယ်ပြုပြီး ...ထိန်ငူကျေးရွာအုပ်စု ဦးခွေးနီ၊ ...၏ အေးမိတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ ...ကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ...ရောက်တော်မူပါသည်။

ဆရာတော်သည် ဓမ္မသုခကျောင်း ...တွင် ကျောင်းထိုင်ခဲ့ပြီးနောက် ဓမ္မသုခ ...ကျောင်းဝင်းအတွင်းရှိ ဘုရားစေတီ ...တော် တည်ထားခြင်း၊ ရွာသူရွာသား ...တို့အား ဘာသာရေး၊ သာသနာရေး၊ ...ပညာရေးများအား တိုးတက်ဆောင်

www.burmeseclassic.com

ရွက်သည်။

အ.မ.က ကျောင်းစုကျောင်း၌လည်း တစ်နှစ်တစ်ခါ အာဟာရဒါန ကျွေးမွေးခြင်း၊ နှစ်စဉ် ကျောင်းစုကျေးရွာမှ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းထိ ပညာရေး ထူးချွန်သော ကျောင်းသားကျောင်းသူများအား ငွေကြေး၊ ဗလာစာအုပ်၊ ခဲတံ စသည်တို့ကို ချီးမြှင့်ခဲ့သည်။

ဆရာတော်သည် ထိန်ငူအုပ်စု ဥယျာဉ်စုကျေးရွာ ဓမ္မာရုံ ရွှေမြစေတီတို့၌ ဝါတွင်း(၃)လပတ်လုံး တရားဓမ္မများ ဟောကြားပြသလျက်ရှိသည်။

အထူးသဖြင့် နှစ်စဉ် ပြာသိုလတိုင်း ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲကြီးကို ဒကာ၊ ဒကာမများ စုပေါင်းပြီး ကျင်းပခဲ့သည်မှာ ယနေ့အထိ ဖြစ်ပါသည်။ တစ်နှစ်တစ်ခါ ဒုလ္လဘရဟန်းခံ ပေးသည်မှာလည်း နှစ်စဉ်နှစ်တိုင်း ဖြစ်ပါသည်။




## စရဏ

ဆရာတော်သည် ပဋ္ဌာန်း ၂၄ ပစ္စည်းအား အမြဲရွတ်ဖတ်ခြင်းအပြင် ဓာရဏပရိတ်၊ ပရိတ်ကြီး(၁၁)သုတ်၊ ဂုဏ်တော်ကွန်ချာ၊ စက်ပရိတ်တို့အား နေ့စဉ်ရွတ်ဖတ်ပါသည်။

## ဩဝါဒ

❖ ဗုဒ္ဓဘာသာဝင်များပီပီ ဒါန၊ သီလ၊ ဘာဝနာ စသည်ဖြင့် ကုသိုလ်ကောင်းမှုများအား နေ့စဉ် ပြုလုပ်ကြပါ။

❖ မိမိဘာသာ သာသနာအား ကောင်းစားပြီး တိုးတက်အောင် မိမိတို့ကိုယ်တိုင် ကြိုးစားကြပါ။

## လက္ခဏာတော် လှေလာချက်

❖ **လက်ဝါးပြင် အဝိုင်းပုံသဏ္ဌာန်တွေ့ရပါတယ်။(A.A)**

ဒါကတော့ စိမ်ကိန်းချ ဆောင်ရွက်ခြင်းနဲ့ ဝီရိယအားကောင်းခြင်းရဲ့ သင်္ကေတပါ။

❖ **ကြာသပတေး ဂြိုဟ်ခုံ... ဖေယျထီးရှိး ပါ,ပါတယ်...**

ဒါကတော့ ရည်ရွယ်ချက်ကြီး... ခြင်းနဲ့ ဂုဏ်သိက္ခာကို တန်ဖိုးထား...





www.burmeseclassic.com

www.burmeseclassic.com

ပြင်သစ်ဘာသာမှ ပြန်ဆိုထားသော အပိုင်းကို ဘယ်ဘက်ကော်လံတွင် ဖော်ပြထားသည်။

တောင်အာဖရိကနိုင်ငံမှ ငြိမ်းချမ်းရေး နိုဗယ်ဆုရှင် ဘုန်းတော်ကြီး ဒက်စမွန်တူးတူး၏ လက္ခဏာတွင် ထူးခြားမှုများရှိသဖြင့် စာဖတ်သူများ လက္ခဏာပညာသုတ တိုးပွားကြစေရန် ရည်ရွယ်ချက် ဦးထိပ်ထား၍ ဖော်ပြပေးလိုက်ပါသည်။

- **လက်ညှိုးလက်ချောင်း**၏ တည်နေပုံကို ကြည့်ပါ။ လက်ခလယ်လက်ချောင်းနှင့် ခပ်ဟဟကွာနေသည်။
  လွတ်လပ်မှုကို လိုလားတပ်မက်သော စိတ်ဓာတ်ရှိကြောင်း သိနိုင်သည်။
- **လက်ညှိုးနှင့် လက်မကြားမှာလည်း (၉၀)ဒီဂရီခန့် ကျယ်နေခြင်းကို** တွေ့ရသည်။
  သနားကြင်နာတတ်ခြင်း၊ ချုပ်ချယ်မှုကို မနှစ်သက်ခြင်း၊ သဘောကောင်းဝေးလိုခြင်း၊ စိတ်ဆင်းရဲမှုမခံလိုခြင်း၊ လွတ်လပ်မှုကို သည်းကောင်း တရားမျှတမှုကိုလည်းကောင်း ခုံမင်ခြင်းရှိမည်။
- **လက်သန်း လက်ချောင်းကတော့ သိသိသာသာပင် လက်ဖဝါး အပြင်ဘက်သို့ ခွာထွက်နေကြောင်း** တွေ့ရသည်။
  လွတ်လပ်မှု၊ ငြိမ်းချမ်းမှုတို့အတွက် မိမိ၏ အတွေးအခေါ် အယူအဆကို လွတ်လပ်စွာ ပြောဆိုရေးသား လုပ်ကိုင်ဆောင်ရွက်မည့်သူဖြစ်မည်။
- **နှလုံးလမ်းကြောင်းမှာ ထင်ရှားအားကောင်းလှပြီး မဖြောင့်လွန်း၊ မကွေးလွန်း** အနေအထားဖြင့် လက်ညှိုးနှင့် လက်ခလယ်ကြားကြားသပတေးဂြိုဟ်ခုံနှင့် စနေဂြိုဟ်ခုံကြား အဆုံးသတ်ထားသည်။
  နှလုံးသားဖြောင့်မတ် တည်ကြည်ခြင်း၊ တရားမျှတ သမာသမတ်ကျခြင်း၊ ဦးဆောင်နိုင်ခြင်း၊ စီမံခန့်ခွဲနိုင်ခြင်း၊ ပြဋ္ဌာရှိခြင်း၊ ပရဟိတ


ငြိမ်းချမ်းရေး နိုဗယ်ဆုရှင်

# ဒက်စမွန်တူးတူး၏

## လက္ခဏာ

သရာကြီးဦးအောင်မြင့် (ဥပဒေဘွဲ့)လက္ခဏာဗေဒင်ပညာသုတေသီ








www.burmeseclassic.com

www.burmeseclassic.com

စိတ်ရှိခြင်းတို့ကို ဖော်ပြသည်။

❖ **ဦးခေါင်းလမ်းကြောင်း အဖျားမှာ လက်ညှိုးရင်းနှင့် နီးကပ်သော နေရာမှ စတင်ထွက်ပြီး** လက်ဖဝါးပြင်ကို ဖြောင့်တန်းစွာ၊ ရှည်လျားစွာ ဖြတ်ပိုင်းထားသည်။

ဘယ်ကိစ္စမဆို ရည်မှန်းချက် မြင့်မားစွာဖြင့် ဦးဆောင်လုပ်ကိုင်နိုင်ခြင်း၊ စိတ်ကူးယဉ်တွေးခေါ်နေခြင်းထက် လက်တွေ့အကောင်အထည်ဖော်မှုကိုသာ အလျင်အမြန် ဆောင်ရွက်ခြင်း ရှိပေလိမ့်မည်။

❖ **အသက်လမ်းကြောင်း အဖျားနှင့် ဦးခေါင်းလမ်းကြောင်း အဖျားမှာ (၂)စင်တီခန့် ရှည်လျားစွာ ပူးပြီး** ထင်ရှားဖြောင့်တန်းစွာ ရှိနေသည်။

အသက်လမ်းကြောင်း အရင်းမှ တနင်္လာဂြိုဟ်ခုံဘက်သို့ ခွဲဆင်းသည့် နိုင်ငံခြား ဆက်သွယ်မှုလမ်းမှ အပေါ်ဘက် ဦးခေါင်းလမ်းကြောင်းကို ကျော်တက်ကာ လက်သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခုံဘက် ထောင်တက်နေသော လမ်းကြောင်း (သံတမန်လမ်းကြောင်း) လည်း ထင်ရှားရှိသည်။

ထိုလမ်းကြောင်းများကြောင့် အဖွဲ့အစည်း အသင်းအဖွဲ့ဆိုင်ရာ လုပ်ငန်းများတွင် အထူးအောင်မြင်ခြင်း၊ ဘာလုပ်လုပ် စေ့စပ်သေချာ တွေးခေါ် ဆောင်ရွက်နိုင်ခြင်း၊ စိတ်အေးအေးထား၍ ဆုံးဖြတ်လုပ်ကိုင်တတ်ခြင်း၊ ပြည်ပနိုင်ငံရပ်ခြားတို့နှင့် ဆက်သွယ်ဆောင်ရွက်မှု အထူးကျွမ်းကျင်ခြင်းတို့ကို ဖြစ်စေမည်။

❖ **ကံလမ်းထိန်ရိုးမှာ လက်ဖနောင့်ပိုင်း၊ လက်ဖဝါးစွန်း တနင်္လာဂြိုဟ်ခုံမှ စတက်ပြီး** လက်ခလယ်နှင့် လက်သူကြွယ်ကြား စနေဂြိုဟ်ခုံနှင့် တနင်္ဂနွေဂြိုဟ်ခုံကြား လက်ချောင်းရင်းများအခြေအထိ ရှည်လျား ထင်ရှားစွာရောက်ရှိနေသည်။

ထိုလမ်းကြောင်းကြောင့် အများပြည်သူလူထု၏ ထောက်ခံအားပေးမှုရရှိခြင်း၊ ဩဇာအာဏာနှင့် အောင်မြင်ကျော်ကြားမှုတို့ကို မှုတစွာ ရရှိခြင်းဖြစ်စေမည်။

❖ **နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းကြားရှိ စတုဂံလွင်ပြင်မှာ မကျဉ်းလွန်း၊** မကျယ်လွန်း ကြည့်၍ ကောင်းမွန်သော အနေအထားရှိသည်။

ထို့ကြောင့် စိတ်ထားဖြောင့်မတ်ခြင်း၊ မဟုတ်မခံစိတ်ရှိခြင်း၊ သဘောကောင်းခြင်း၊ အားနာတတ်ခြင်း၊ ပရဟိတစိတ်ရှိပြီး ကူညီတတ်ခြင်း၊ အမြင်ကျယ်ခြင်း စသည့် အရည်အချင်းတို့နှင့် ပြည့်စုံလိမ့်မည်။

ဦးခေါင်းလမ်းကြောင်း၊ အသက်လမ်းကြောင်းနှင့် သံတမန်လမ်းကြောင်းတို့ ပေါင်းစပ်ကာ ဖြစ်ပေါ်နေသော **တြိဂံလွင်ပြင်မှာလည်း မကျဉ်းလွန်း၊ မကျယ်လွန်း ပြည့်ဖြိုးခြင်း** လမ်းကြောင်းများ ထင်ရှားခြင်းတို့ ရှိသည်။

ထို့ကြောင့် သတ္တိရှိခြင်း၊ ရဲရင့်ခြင်း၊ သနားကြင်နာတတ်ခြင်း၊ စိတ်စေတနာကောင်းရှိခြင်း၊ သူတစ်ပါးအကျိုးကို လိုလားခြင်းဆိုသော အရည်အချင်းများနှင့် ပြည့်စုံသည်။

ဤလက္ခဏာရှင် ဘုန်းတော်ကြီးဖြစ်ရခြင်း၊ ငြိမ်းချမ်းရေး နိုဗယ်ဆုရရှိခြင်းတို့မှာ လက်ဖဝါးပြင်နှင့် လက်ချောင်းများ ပါဝင်ဖွဲ့စည်းထားသော လက္ခဏာ၏ စေ့ဆော်မှုများနှင့် ဆက်သွယ်ချက်ရှိနေကြောင်း သုံးသပ်ရမည်ဖြစ်ပါသည်။

*လက္ခဏာပညာသုတ တိုးပွားရရှိကြပါစေ။*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်** *(ဥပဒေဘွဲ့)*
လက္ခဏာဗေဒင်ပညာသုတေသီ

စာမျက်နှာ (၁၇၈)မှ အဆက်

သင်္ကေတပါ။

❖ **စနေဂြိုဟ်ခုံတွင် ထီး(၂)ချော... ပါ,ပါတယ်။(၂)**

ဒါကတော့ ဘာသာရေး၊ သာသ... ရေးကို အလေးထား ဆောင်ရွက်ခြ... ဘာသာရေးဆိုင်ရာ ဘွဲ့တံဆိပ်မျာ... ရရှိခြင်း၊ ဘာသာရေးဆိုင်ရာ အ... ကြီး ပေးရခြင်း၊ အများသူငါကို ပူ... သောက ငြိမ်းစေနိုင်ခြင်းရဲ့ သင်္ကေ... ပါပဲ။

❖ **ဗုဒ္ဓဟူးဂြိုဟ်ခုံတွင် မျဉ်းမတ်မျာ... တွေ့ပါတယ်။(၃)**

ဒါကတော့ ငွေကြေးအလျှုခံရလွ... ခြင်း၊ အပြောအဟောကောင်းခြ... စည်းရုံးရေးကောင်းခြင်း၊ ပရိတ်ဂါ... မန္တန်အစွမ်းထက်စေခြင်းရဲ့ သင်္ကေ... ပါ။

❖ **တနင်္ဂနွေဂြိုဟ်ခုံတွင် မျဉ်းမ... တစ်ကြောင်း တွေ့ပါတယ်။(...)**

ဒါကတော့ အောင်မြင်ကျော်ကြ... ထင်ရှားစေခြင်းရဲ့ သင်္ကေတပါ။

❖ **တနင်္ဂနွေဂြိုဟ်ခုံ နှလုံးလ... ကြောင်းထက်၌ သရဖူထွ... တယ်။(၅)**

ဒါကတော့ ဘုရားစေတီ သာသ... အဆောက်အအုံများ တည်ထာ... ကွယ်မွမ်းမံရမယ့် သင်္ကေတပါပဲ။

*အေးပါစေ၊ အောင်ပါစေ*

ဦးသော်ခင် *(ဟသ်ာတ)*



www.burmeseclassic.com

www.burmeseclassic.com



◆ ကျေးဂမုန်းပင်

ထက်မြင့်ကျော်စွာ

အိမ်ထောင်သာယာစေသည့် ကြက်တူရွေးဂမုန်းခေါ်

# ကျေးဂမုန်း

## ပုံသဏ္ဌာန်

ချုံပင်အနွယ် ဖြစ်သော်လည်း တစ်ပင်၊ တစ်ချုံလုံး စိမ်းညို့ညို့ အရွက်များ ဖုံးလွှမ်း၍ ပန်းပွင့်သောအခါ အနီရောင် ပွင့်ချပ်တွင် အဝါရောင် အညွန့်အပွင့်တို့ ထပ်ဆင့်၍ ထွက်လေ့ရှိသည်။

ထို့ကြောင့် အစိမ်းရောင်ကိုယ်ထည်၊ နီရဲသည့် ပေါက်ပွင့်ပမာ နှုတ်သီးနှင့် အဝါရောင်ခြေများရှိသည့် ကြက်တူရွေးခေါ် ကျေးနှင့်နှိုင်း၍ ကျေးဂမုန်းဟု ခေါ်ကြခြင်း ဖြစ်သည်။

## စွမ်းအင်

ရှေးအခါက ကျေးကို စေတမန်၊ ဆက်သားအဖြစ် သတင်းဆက်သွယ်ရေး၌ အသုံးပြုခဲ့ကြသည်ကို ညွှန်း၍ ကျေးဂမုန်းပင်ကို အဝေးရောက် သံယောဇဉ်ရှိသူ၊ အိမ်သူအိမ်သားတို့ အဆင်ပြေစွာ လုပ်ကိုင်စားသောက်၊ နေထိုင်၍ ဇာတိမြေ၊ မိမိအိမ်သို့ ပြန်လာသောအခါ မျက်နှာပန်းလှစေရန် စိုက်ပျိုးထားလေ့ ရှိကြသည်။


ကောင်းစွာရှင်သန်၍ အနီ၊ အဝါ အပွင့်များ ဝေဆာသော အချိန်ကာလတွင်ရွှေလက်တွဲ၍ ပျော်ပွဲဆင်နိုင်ကြသည်ဟု မျှော်လင့်ကြသည်။

## အိမ်ထောင်သာယာရေး

မိမိအတွက် မိမိတို့ ဇနီးမောင်နှံ၊ သားအမိ စသည် တစ်ဦးနှင့်တစ်ဦး အတွက်သာမက အိမ်ထောင်မိသားစု အတွက်လည်း သားစဉ်မြေးဆက် အမွေခံကောင်းများ ဆက်ခံနိုင်ရေးကို လည်း မျှော်လင့်နိုင်ကြသည်။

အရင်းခံကား ပကိဏ္ဏကနိပါတ် သလိကေဒါရဇာတ်တော်မှ ဖြစ်သည်။ ရှေးအခါ ရာဇဂြိုဟ်ပြည်အနီး

www.burmeseclassic.com



အနီရောင်ပွင့်ချပ်နှင့် အဝါရောင်အပွင့်များ

သာလိဒ္ဒိယပုဏ္ဏားရွာ၌ ကောသိယဂေါတ္တ၏ လယ်ယာအတွင်း ကျေးငှက်များ လာစားကြရာ ဘုရားလောင်းကြက်တူရွေးမှာ စားရုံသာမက ကောက်နှံများကို ချီယူသွားတတ်သည်။

လယ်ရှင်ပုဏ္ဏားက လယ်လုပ်သားအား ကျော့ကွင်းထောင်၍ ဖမ်းယူစေသည်။ ဖမ်းမိလာသောအခါ ပုဏ္ဏားက

'အိုကျေးသား လူများမှာလဲ ဝမ်းဗိုက်ရှိသည်မဟုတ်ပါသလော။ သင်က စပါးနှံတွေသယ်ယူသွားသည်မှာ ဝမ်းဗိုက် ပိုကြီးပါသလော၊ စပါးကျီများ ရှိသလော သို့မဟုတ်ကျွန်ုပ်နှင့် ရန်ဘက်ဖြစ်၍လော'

ဟု မေးသည်။

'အရှင် ကျွန်ုပ်မှာ ကျီများမရှိပါ။ အရှင့်ကို ရန်လို၍လည်း မဟုတ်ပါ။ ကျွန်ုပ်မှာ ကြွေးဟောင်းဆပ်ပေး ကြွေးသစ်ချရင်း ရွှေအိုးမြှုပ်ခြင်း ဖြစ်ပါသည်'

ဟူသော ကျေး၏ စကားအဓိပ္ပာယ်ကို မေးသောအခါ ဤသို့ ဖြေ၏။

'အိုမင်းမစွမ်းသော မိဘများကို ကျွေးမွေးခြင်းဖြင့် သူတို့ကျွေးမွေးခဲ့သော ကြွေးဟောင်းကို ဆပ်ပါသည်။ အတောင်အလက် မစုံသေးသည့် သားငယ်များကို ကျွေးမွေးခြင်းဖြင့် သူတို့က တစ်ဖန် ပြန်ကျွေးမွေးရမည်ဖြစ်၍ ကြွေးသစ်ချခြင်းဖြစ်သည်။ အားနည်း၍ မပျံနိုင်ရှာသော ကျေးငှက်အိုများကို ကသိုလ်ယူ၍ ကျွေးမွေးကာ ရွှေအိုးမြှုပ်ပါသည်'

ပုဏ္ဏားက **''အလွန်တရား ရှိပေသည်''**ဟု ဆို၍ ပယ်တစ်ထောင်ရှိသော လယ်ခင်းကို ကျေးအား အပ်နှင်းရာ ကျေးသားက ရှစ်ပယ်သာ ယူလေသည်။

ထို့ကြောင့် ကျေးဂမုန်းသည် သားမြေးမြစ် ဆွေမျိုးဉာတကာတို့အား စောင့်ရှောက်ခြင်း၌ သတိပေးသဖြင့် အိမ်ထောင်မိသားစု အသိုင်းအဝိုင်း အနာဂတ် လှပစေခြင်းဖြစ်သည်။

ကျေးတို့သဘာဝအရ မြင့်မားသော အပင်များ၌သာနေ၍ ဥကို သစ်ခေါင်း တွင်း၌ လုံခြုံစွာ ဥချထားတတ်သည်။ ထို့ကြောင့် မိမိဘဝအခြေအနေ မြင့်မား၍ သားမြေးတို့ ဘေးကင်းလုံခြုံရေး နိမိတ်ကောင်းဆောင်သည်။

သို့သော်လည်း ကျေးတို့သည် အစား စားရာ၌ စားနိုင်သည်ထက် ပိုမို ကိုက်ဖြတ်ဖျက်ဆီးတတ်သည့် အကျင့်ဆိုး သတိရကာ ဂုဏ်တုဂုဏ်ပြိုင်ကိစ္စများ အသုံးနှင့်အဖြုန်း ခွဲခြားခြင်း စသည် တို့အတွက် သတိရ ဆင်ခြင်ရန်လည်း တိုက်တွန်းသော ကျေးဂမုန်း ဖြစ်လေ သည်။

ကျေးဂမုန်းပင်များ ဝေဆာပွင့်လန်း နေသည်ကို **ဝန်းသိုမြို့ ခန္တီးရိပ်သာ အတွင်း** တွေ့ရှိရသဖြင့် မှတ်တမ်း တင်ပြလိုက်ပါသည်။

ထက်မင်းကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com

# ခူနာရောဂါနှင့် သံပရာသီး

ခူနာရောဂါဟု ခေါ်ဆိုခြင်းမှာ ခူကောင်မှ အမွေးများသည် လူ၏ ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုခု၌ စူးဝင်ခဲ့သော် အလွန် ပူပြင်းယားယံသည့် အဆိပ်ဒဏ်ကို ခံရပါသည်။

ထို့အတူ ခူနာပေါက်သော ပုဂ္ဂိုလ်များ၌လည်း ပူးပြင်းယားယံသောဒဏ်ကို ခံစားရပါသည်။

ထိုကဲ့သို့ ခံစားရပုံချင်း သဘာဝအားဖြင့် တူမျှနေမှုကြောင့် ယင်းအနာကိုလည်း တင်စားကာ ခူနာဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။

**အရိုးခူ၊ အသားခူ**ဟူ၍ ခွဲခြားကြပါသည်။ ခူနာဖြစ်ပြီးနောက် အရိုးများဆွေးမြည့်ကြွေပြတ်ကုန်ပါက အရိုးခူဟု လည်းကောင်း၊ အသားများ ဆွေးမြည့်ကြွေပြတ်ကုန်ပါက အသားခူ ဟုလည်းကောင်း နှစ်မျိုး ခွဲခြားထားပါသည်။

ခူနာသည် လက်ဖျားခြေဖျားများ၌တောင် ပေါက်တတ်ပါသည်။ ဆေးမနိုင်ခဲ့သော် တဖြည်းဖြည်း ကြီးထွားလျက်အကွဲပေးနိုင်ပါသည်။

ခူနာရောဂါ ဖြစ်စတွင် ယင်းအနာကို သံပရာသီးဖြင့် ကုသပုံကို တင်ပြပါသည်။

၁။ ကျွန်တော့်သား၏ ခြေမသည် အထက်ဖော်ပြပါကဲ့သို့ ခူကောင်မှ အမွေးများ စူးဝင်နေသကဲ့သို့ ပူပြင်းယားယံသည့် ဒဏ်ကို ခံစားရပါသည်။ မနေနိုင်လောက်အောင် ယားယံနေပါသည်။

ညအချိန်တွင် ရောဂါဝေဒနာ၏ဒဏ်ကို ပိုမိုခံစားရပါသည်။ မအိပ်နိုင်ဘဲ ဓတ်သပ် ညည်းညူနေရပါသည်။ ယင်းအနာနှင့် ပတ်သက်၍ အတွေ့အကြုံရှိသူက ခူနာဖြစ်ကြောင်း ပြောပြပါသည်။



**ယင်း ခူနာဖြစ်သော ခြေမကို သံပရာသီးအား ဖောက်၍ စွပ်ထားပါက သက်သာပျောက်ကင်းမှာဖြစ်ကြောင်း ထပ်မံပြောပြပြန်ပါသည်။**

သံပရာသီး ကြီးကြီးတစ်လုံးကို ဝယ်ပါသည်။ ယင်းသံပရာသီးကို ဖောက်၍ ခြေမတွင် စွပ်ထားပါသည်။ သံပရာသီးစွပ်ပြီး နောက်ပိုင်းတွင် ပူပြင်းယားယံခြင်းများ တဖြည်းဖြည်း လျော့နည်း သက်သာလာပါသည်။

နောက်တစ်နေ့၌ သံပရာသီးအသစ်တစ်လုံး ထပ်မံ ပြောင်းလဲစွပ်ပါသည်။ ဤသို့ဖြင့် ရက်အနည်းငယ်အတွင်း ခြေမ၌ ပူပြင်းယားယံခြင်းများ ပျောက်ကင်းသွားပါသည်။ **(သံပရာသီးကို တစ်နေ့ တစ်လုံးကျ အသစ်လဲ၍ စွပ်ပေးပါ။)** ခူနာရောဂါ ပျောက်ကင်းချမ်းသာပြီး နောက်ထပ် တစ်ကြိမ် ပေါ်မလာတော့ပါ။

၂။ တစ်နေ့ အိမ်မှာမွေးထားသော တစ်နှစ်သားအရွယ် ခွေးဖော်ကလေး တစ်ကောင် ညာခြေထောက်တစ်ခုလုံး ရောင်ရမ်းနေပါသည်။ ပထမတော့ ခွေးဖော်လေး၏ ခြေထောက်ကို အဆိပ်ရှိသောသတ္တဝါ ကိုက်သွားသည်ဟု ထင်နေပါသည်။

ထို့ကြောင့် အဆိပ်ပြေစေသော ဆေးပင်များကို ထုထောင်းတိုက်ခြင်း၊ ရောင်ရမ်းသော ခြေထောက်ကို ဆေးဖြင့် လိမ်းအုံပေးခြင်းများ ပြုလုပ်ပေးသော်လည်း မသက်သာပါ။ ခွေးဖော်ကလေးသည် နာကျင်လွန်းသဖြင့် ခြေချောင်းကလေးများကို လျှာဖြင့် လျက်ခြင်း၊ ပါးစပ်ဖြင့် အသာအယာကိုက်ခြင်းတို့ကို ပြုလုပ်နေပါသည်။

လေး၊ ငါးရက်ကြာလာလျှင် ခြေချောင်းကလေးများ အကြားမှာ သွေးပြည်များ ထွက်လာပါသည်။ ညအချိန်များတွင် ခွေးဖော်ကလေး မအိပ်နိုင်ပါ။

ခြေထောက်အနာမှ ပူပြင်းယားယံခြင်းကြောင့် တကိန်ကိန်မြည်ကာ ညည်းညူနေရရှာပါသည်။ နောက်ရက်များတွင် ညာဘက်ခြေထောက် အတွင်းပိုင်းရှိ ခြေမကလေး ပြုတ်ထွက်သွားပါသည်။

ထိုအချိန်ကျမှ ခူနာမှန်း သိရပါသည်။ သိလျှင်သိချင်း ခူနာကို သံပရာရည် ဆွတ်ပေးခြင်း၊ အနာကို သံပရာသီး စွပ်ပေးခြင်းများ ပြုလုပ်ပေးပါသည်။

ဤသို့ တစ်နေ့ နှစ်ခါ၊ သုံးခါ ပြုလုပ်ပေးပါသည်။ ခူနာ၏အခြေအနေ တိုးလာခြင်း မရှိပါ။

ညအိပ်သည့်အခါ ခွေးကလေး မညည်းညူတော့ပါ။ နောက်ပိုင်း အနာသက်သာ ပျောက်ကင်းသွားပါသည်။ ယခုအချိန်ထိ ခွေးဖော်ကလေး အသက်ရှည် ကျန်းမာလျက် ရှိပါသည်။

***သတ္တဝါအပေါင်း***

***အနာရောဂါ ကင်းရှင်းကြပါစေ***

**စလင်း ဦးကျော်**

www.burmeseclassic.com





၂၀၁၄ ခုနှစ်၊ မြင်းနှစ်ကာလ ငွေကြေးအခက်အခဲ ပြေလည်စေမည့်

# အဆောင်ငွေပွား

အစီအရင်

**(၃၁-၁-၂၀၁၄)**နေ့တွင် စတင်ကျရောက်မည့် မြင်းနှစ်တာသမယတွင် ငွေကြေးဆိုင်ရာ အခက်အခဲ ပြဿနာများ ပြေလည်စေမည့် အဆောင်ငွေပွား ပြုလုပ်ရွေးချယ်ခြင်းကို ၂၀၀၁ ခုနှစ်မှ စတင်ကာ စာတည်းချုပ်၏ တိုက်တွန်းလမ်းညွှန်မှုဖြင့် တရုတ်ရိုးရာဟောကိန်း စာအုပ်များတွင် နှစ်စဉ် ဖော်ပြပေးခဲ့ရာ အနယ်နယ်အရပ်ရပ်မှ အကျိုးဖြစ်ထွန်းကြောင်း ဆက်သွယ်အသိပေးသဖြင့် ဝမ်းမြောက် ကျေးဇူးတင်ရှိပါသည်။

| မွေးနှစ်ပုံရိပ် | ငွေစက္ကူဂဏန်းစဉ် | |
|---|---|---|
| ကြွက် | မ စုံ မ စုံ မ စုံ မ | ယီကျင်းဟောကိန်း( ၆၄ ) |
| နွား | မ စုံ မ မ စုံ စုံ စုံ | ယီကျင်းဟောကိန်း( ၅၆ ) |
| ကျား | မ စုံ မ မ စုံ စုံ မ | ယီကျင်းဟောကိန်း( ၅၆ ) |
| ယုန် | မ စုံ မ စုံ စုံ မ စုံ | ယီကျင်းဟောကိန်း( ၂၀ ) |
| နဂါး | မ စုံ မ မ မ စုံ မ | ယီကျင်းဟောကိန်း( ၅၀ ) |
| မြွေ | မ စုံ မ မ မ စုံ စုံ | ယီကျင်းဟောကိန်း( ၅၀ ) |
| မြင်း | မ စုံ မ မ စုံ မ မ | ယီကျင်းဟောကိန်း( ၃၀ ) |
| ဆိတ် | မ စုံ မ စုံ စုံ စုံ စုံ | ယီကျင်းဟောကိန်း( ၃၅ ) |
| မျောက် | မ စုံ မ စုံ စုံ စုံ မ | ယီကျင်းဟောကိန်း( ၃၅ ) |
| ကြက် | မ စုံ မ စုံ မ မ စုံ | ယီကျင်းဟောကိန်း( ၃၈ ) |
| ခွေး | မ စုံ မ မ စုံ မ မ | ယီကျင်းဟောကိန်း( ၁၄ ) |
| ဝက် | မ စုံ မ မ မ မ စုံ | ယီကျင်းဟောကိန်း( ၁၄ ) |

ယခုနှစ် မြင်းပုံရိပ် စိုးမိုးသောနှစ် တစ်နှစ်တာ ကာလပတ်လုံးအတွက် အသုံးပြုနိုင်မည့် အဆောင်ငွေပွား ရွေးချယ်ရန် **(တစ်ရာကျပ်၊ နှစ်ရာကျပ်၊ ငါးရာကျပ်၊ တစ်ထောင်ကျပ်၊ ငါးထောင်ကျပ်၊ တစ်သောင်းကျပ်)** မည်သည့် ငွေစက္ကူမဆို **ရှေ့အက္ခရာ မရွေးသုံးစွဲနိုင်ပါသည်။** မိမိတို့ မွေးနှစ်ပုံရိပ်အရ စုံ,မဂဏန်းကို အောက်ပါအတိုင်း ရွေးချယ်ပါ။

**ဥပမာ ။ ။** ကြွက်ပုံရိပ်ရှင်တို့သည် **၁ ၂ ၇ ၆ ၅ ၄ ၈** ကဲ့သို့ ဂဏန်းစဉ်ပါသော ငွေစက္ကူကို အဆောင်ပြုနိုင်သည်။ ယီကျင်းဟောကိန်းအမှတ်(၆၄) ဖြစ်သည်။ **"မြစ်ပြင်၌ ထွက်သောနေ့"**ဟု အမည်ရသည်။

မြင်းနှစ်တာ တစ်ခုလုံး ငွေကြေးကိစ္စ အေးချမ်းအဆင်ပြေစေပါမည်။ နွားနှင့်ကျား ပုံရိပ်ရှင်တို့အတွက် ယီကျင်းဟောကိန်းအမှတ်(၅၆) **ခရီးထွက်ခြင်း** အမည်ရှိသည်။ ဤအဆောင်ငွေပွားက ခရီးသွားသကဲ့သို့ မတွေ့မဆုံဖူးသည့် ငွေကြေးပမာဏကို တွေ့ကြုံပိုင်ဆိုင်ရစေပါမည်။

**ယုန်နှစ်ပုံရိပ်ရှင်အတွက်** ယီကျင်းဟောကိန်းအမှတ်(၂၀) မြေပြင်ကလေပြေဖြစ်သည်။ ဤအဆောင်ငွေပွားက မြေပြင်မှ လေပြေကဲ့သို့ ဘဝအမောအပန်း ပြေစေပါမည်။

**နဂါးနှင့် မြွေပုံရိပ်ရှင်တို့အတွက်** ယီကျင်းဟောကိန်း(၅၀) သုံးချောင်းထောက် ကြေးအိုးဖြစ်သည်။ မလဲမပြိုနိုင် ခိုင်ခံ့ခြင်းသဘော ဆောင်သည်။ ဝင်လာသော ငွေကြေးလာဘ်လာဘများကို မယုတ်မလျော့စေရန် နိမိတ်ကောင်း၏။

**မြင်းပုံရိပ်ရှင်အတွက်** ယီကျင်းဟောကိန်း(၃၀) တောက်ပသော နေရောင်ခြည် ဖြစ်သည်။ ဤတစ်နှစ်တာပတ်လုံး တောက်ပသော ငွေကြေးပိုင်ဆိုင် ဘဝ ပေးစွမ်းပါမည်။

**ဆိတ်နှင့်မျောက် ပုံရိပ်ရှင်တို့အတွက်** ယီကျင်းဟောကိန်း(၃၅) တိုးတက်ခြင်းဖြစ်၏။ မြင်းစိုးမိုးသော တစ်နှစ်တာပတ်လုံး ငွေကြေးပိုင်ဆိုင်မှု တိုးတက်စေပါမည်။

**ကြက်ပုံရိပ်ရှင်အတွက်** ယီကျင်းဟောကိန်း(၃၈) ကွဲပြားခြင်းဖြစ်သည်။ ဤအဆောင်ငွေပွားက ယခင်က ပိုင်ဆိုင်ခဲ့ဖူးသော ဓနအခြေအနေထက် ကွဲပြားစွာ တိုးတက်များပြားခြင်း ဖော်ပြပါလိမ့်မည်။

**ခွေးနှင့် ဝက်ပုံရိပ်ရှင်တို့အတွက်** ယီကျင်းဟောကိန်း(၁၄) နေ့ခင်း ဖြစ်သည်။ ဤအဆောင်ငွေပွား တစ်နှစ်တာပတ်လုံး ကင်းရှင်းစွာ ငွေကြေးရှာဖွေမှုလွယ်ကူစေပါလိမ့်မည်။

ဤသို့ မိမိတို့ မွေးနှစ်ပုံရိပ် ကိုက်ညီသော စုံမဂဏန်းစဉ် ငွေစက္ကူ ကို ရရှိပါက နေအိမ်ရှိ ဘုရားရှင် ဆက်ကပ်လှူဒါန်းကာ နောက်တစ်နံနက်တွင် စွန့်ယူအသုံးပြုပါ။

**၂၀၁၄ ခုနှစ်...**

***မြင်းနှစ်တာ ကာလပတ်လုံး ငွေကြေး အခက်အခဲများ ကင်းဝေး၍ ရှင်သန် လွယ်ကူနိုင်ကြပါစေ။***

**ဟူဂျင်းဖီ**



www.burmeseclassic.com

www.burmeseclassic.com



# ကြေးမိုးကြိုးသွား မင်းလေးပါး (၁)

ရွှေတောင် ခင်မောင်ကြည်

စနေ၊ တနင်္ဂနွေ ကျောင်းနားရက် မောင်ဖိုးဟန်အတွက်ကတော့ အိုကေ၊ အိုကေ။ အပန်းဖြေရင်း ကုသိုလ်ရ၊ မြတ်ဗုဒ္ဓရဲ့သာဝက။ သာသနာ့ဝန်ထမ်း ကျောင်းတော်ရဲ့ ဝေယျာဝစ္စ။

ဆရာတော်က ဦးကလျာဏ။ **ရွှေတောင်မြို့နယ်၊ တရုတ်မှော်ရွာ ဥသျှစ်ပင်ကျောင်းက။**

စနေ၊ တနင်္ဂနွေ မနက်စောစော ထမင်းကြမ်း စားပြီးတာနဲ့ မောင်ဖိုးဟန် ကျောင်းကို ချီတက်ပြီ။ တရုတ်မှော် ရွာလ.ကတော့ မဟုတ်ဘူး။ ဥသျှစ်ပင် ကျောင်း ဘုန်းကြီးကျောင်း၊ ဆရာ တော်ကြီးကျောင်း။

ဥသျှစ်ပင်ကျောင်း ဆရာတော်ကြီး ဦးကလျာဏက တစ်ပါးတည်း ကေစာ ကျင့်သုံးတယ်။ ကိုရင်မရှိ၊ ဦးပဥ္စင်းမရှိ၊ ဆွမ်းခံကျောင်းသား (၂)ယောက်၊ (၃) ယောက်လောက်သာရှိ။ ညစာ စားပြီး အိမ်ကိုပြန်၊ ညအိပ် လက်မခံ။

ဆွမ်းခံကျောင်းသား ကိုရင်လေးများ ဖြစ်မလာ။ ဦးပဥ္စင်းဆိုတာတော့ ဝေလာ ဝေး။ သာသနာရေးအတွက်ကတော့ ဖြင့် ရင်လေးဖွယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း(၄၀)ကျော် လောက်ကတည်းက မောင်ဖိုးဟန် ခံစားခဲ့ရတဲ့ သောက။

ကျောင်းသားမရှိရင် ကိုရင်မရှိ၊ ကိုရင်မရှိရင် ဦးပဥ္စင်းမရှိ၊ ဦးပဥ္စင်း မရှိရင် ကျောင်းထိုင်ဆရာတော် မရှိ။

ကျောင်းထိုင်ဆရာတော် မရှိရင် မရှိ......မရှိ......မရှိ......တွေးလို့သာ ကြည့်။

မောင်ဖိုးဟန် ဒီအသိနဲ့ မချိတဲ့ စိတ် နှလုံးကို အပြုံးပန်းတွေ ဆင်လို့၊ ဆရာ တော်ကြီးကို မိဘသဖွယ် ပြုစုမယ်ဆို တဲ့ စိတ်မနောဓာတ် အမြဲတမ်း ကိန်းဝပ် လို့ရိုက်ခတ် တဆတ်ဆတ်တုန် တဖျပ် ဖျပ်ခုန်။

ကျောင်းကို ရောက်တာနဲ့ ဆရာ တော်က စီစဉ်ထားပြီးပြီ။ ကြွေရည် သုတ်ဖလုံကြီး တစ်လုံးထဲမှာ ကေသီ ကို ရေစိမ်ထားတယ်။ နောက်တစ်လုံး မှာတော့ သင်းပိုင်ကို ရေစိမ်ထားတယ်။ အောင်မယ် များထည့်မှာစိုးလို့ ဖလုံကြီး တိုင်းမှာ အမှတ်အသားတွေနဲ့။

တစ်ခါတလေလဲ မျက်နှာသုတ်ပဝါ က တစ်ဖလုံ၊ လက်သုတ်ပဝါက တစ်ဖလုံ ဖြစ်နေတတ်တယ်။ ဘယ်လို ဖြစ်နေဖြစ်နေ မောင်ဖိုးဟန်ကတော့ လျှော်လိုက်တာပဲ၊ ဖွပ်လိုက်တာပဲ။ ကဲဟာ......ကဲဟာ......

ကျောင်းမကြီးရှေ့က ဝါးလုံးတန်း မှာ ဖြန့်ဖြန့်ပြီးတော့များ နေလှန်းပြီးရင် ကိစ္စဝိစ္စက ပြီးပြီ။

ဆရာတော်ကြီးဆီကိုပြန်၊ ဆွမ်းစား ကျောင်းမှာ ဖူးတွေ့၊ ဆိုဆုံးမသရွေ့ နာခံ၊ မာန်ရင်လဲ ခံလိုက်၊ ရိုက်ရင် လဲ ငုံ့နေ၊ တစ်ခါမှတော့ မရိုက်ပါဘူး လေ။

ဆရာတော်က အဂ္ဂိရတ်ထိုးတယ်။ မီးကစားတယ်။ ဒါပေမယ့် အဂ္ဂိရတ် မီးအတတ်ကိုတော့ဖြင့် တစ်ခါဖူးမျှ





www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဖော်မြွက်ကြား ဆိုစကား မရှိတာ အမှန် ကေန်။

တစ်စွန်းတစ်စ တစ်ခွန်းတစ်ပါဒ တောင် နှုတ်တော်က မြွက်ဖော်ထွက်ပေါ်လို့ မလာဘူး။ ဖိုးဟန်မှာ သိသိကြီးနဲ့။ ကြိတ်မနိုင် ခဲမရ၊ ဆရာတော်ဆိုတာလေ...

အနေအထိုင်ကလဲ ကျစ်လျစ်၊ မီးအတတ် အဂ္ဂိရတ်မှာလဲ သေသပ်ကျနပိရိ၊ ပေါက်မြောက်တဲ့သိဒ္ဓိ ထုတ်ပြလေ့မရှိဘူး။ လူသိခံတော်မမူဘူး။ နေနိုင်လိုက်တာ။

၁၉၇၂ ခုနှစ်မှာ မောင်ဖိုးဟန် ဖိုထိုးပြီ။ မီးကစားပြီ။ ဘာမှ မသိ၊ မတတ်ဘူး။ သိကိုမသိဘူး။ လက်ထပ် သင်ပေးမယ့် ဆရာလဲ မရှိဘူး။ ရမ်းထိုးမှန်းထိုး။ ရှိထည့်၊ ရှိထည့် အကုန်,ကုန်။

ဘကြီး ဦးတက်တိုး၊ ဦးညွန့်မောင်၊ ဦးအုန်းရွှေ သူတို့တွေလဲ ဖိုခွင်မီးရဲရဲလုံထဲမှာပဲ အကုန်,ကုန်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်။ ဘုမသိ၊ ဘမသိ။ တစ်ဦးကို တစ်ဦးလဲ ကူညီနိုင်စွမ်းမရှိ။ နှိပ်စက်ပါပေ၏ အို...အဂ္ဂိ။

ဖိုးဟန်က ကျောင်းနားရက် စနေ၊ တနင်္ဂနွေမှာ ဆရာတော့်ကျောင်းကိုရောက်သလို ကျောင်းတက်တဲ့နေ့တိုင်းလဲ ရောက်တယ်။

တရုတ်မော်အ.လ.ကနဲ့ ဆရာတော့်ကျောင်းက လမ်းကလေးပဲ ခြားတယ်။

လမ်း မြောက်ဘက်တည့်တည့်မှာက တရုတ်မော်အ.လ.က၊ လမ်းတောင်ဘက်မှာက ဆရာတော့်ကျောင်း။ ကပ်ခါလေး... နီးနီးလေး။ လမ်းကို ဖြတ်ကူးလိုက်တာနဲ့ ရောက်ပြီ။

မနက် ထမင်းကြမ်း စားပြီးတာနဲ့ ကျောင်းတက်ဖို့ အိမ်ကထွက်လာ ဆရာတော့်ဆီကိုဝင်၊ ရှိခိုးဦးချကန်တော့၊ ဆရာတော် အမိန့်ရှိသမျှကို နာခံ၊ အချိန်တန်တော့ ကျောင်းကိုသွား၊ ကျောင်းတက်။ နေ့တိုင်း... နေ့တိုင်း ရက်မပျက်။

နေ့တိုင်း ဝင်ထွက်။ ရက်မပျက် ဆည်းကပ် အမြဲမပြတ် ဆရာတော့်ရဲ့ ဝေယျာဝစ္စ ဆောင်ရွက်နေကျ။ မောင်ဖိုးဟန်...ကြံပြီ။

အဂ္ဂိရတ်နည်းလမ်း အမှန်ကို ကေန်ကေ သိရမယ်။ ကာယသိဒ္ဓိက စ,လို့...

ကျောင်းပိတ်ရက်မှာမှ ဖိုးဟန်က ဖိုထိုးနိုင်တာ။ တစ်နေ့လုံး အားတော့ စိတ်လွတ်လက်လွတ် ကြောင့်ကြမရှိ၊ အချိန်အကန့်အသတ်မရှိ ဆန္ဒရှိသလောက် တစ်လုံတစ်မီး။

တစ်နေ့.......မမှတ်မိတော့တဲ့နေ့၊ ၁၉၇၂ ခုနှစ်၊ အောက်တိုဘာလ ကျောင်းပိတ်ရက်ရှည်။

မနက်(၄)နာရီ စောစောထ၊ မျက်နှာမိုးနာသစ်၊ ဘုရားရှိခိုးပြီးတာနဲ့ ဖိုထိုးတော့တာပဲ။

မနက်အစောကြီး မိုးမလင်းသေးဘူး။ ဖိုးဟန်အိမ်က ဖိုသံ တဟဲဟဲ။ ဖိုမီးကလဲ ရဲခနဲ...ရဲခနဲ။ အိမ်ရှေ့လမ်းပေါ်က မြင်လဲမြင်ရ၊ ကြားလဲကြားရ။

တနင်္လာနေ့မနက် မောင်ဖိုးဟန် ကျောင်းတက်တော့ ဆရာတော့်ဆီ အဝင် ဦးသုံးကြိမ်ချ အပြီးမှာ...

'မနေ့တုန်းက မင့်အိမ်က ဖိုသံကြားတယ်။ မင်း ဖိုထိုးနေတာလား'

'မှန်ပါ့ ဘုရား'

'ဘာဓာတ်တွေလဲ'

'နှစ်ထပ်ဒင်္ဂါး ဘုရား'

'ရွှေဖြစ်လားကွ'

ဖားဖိုလေးက လေးထပ် တစ်ပေါက်ဖို။ ဖားဖို မီးပြင်းပြီးသား၊ လေပြင်းလို့ မီးပြင်းတာ။

ဆရာတော် ဖိုခွင် မီးတောက်ကိုလဲ မြင်၊ ဖားဖိုသံ တဟဲဟဲကိုလဲ ကြားသွား တာဖြစ်မယ်။ မြင်သွားပြီ၊ ကြားသွား ပြီ။

သူရရပ်ကွက်က ဦးမောင်စန်းတို့ အိမ်သစ်တက်မင်္ဂလာ ပရိတ်တရား တော်များလဲ ချီးမြှင့်၊ မုန့်ဟင်းခါးမုန့် ဆွမ်းများလဲ ဘုဉ်းပေးဖို့အကြွ ကြား သွားတာပဲ၊ မြင်သွားတာပဲ။

မောင်ဖိုးဟန် ဖိုထိုးတာကို ဆရာ တော် ကောင်းကောင်းသိသွားပြီ။ ဒါမှ ကောင်းတယ်။

အကြောင်းတော့ ဆိုက်လာပြီ မောင်ဖိုးဟန် ဆက်တိုက်လျှောက် ပြင်ပေရော့။

စကားကလေး တစ်ခွန်းရှိတယ် မမေးရင် မပြော၊ မတောင်းရင် မပေး တဲ့။

မေးမှပြောမယ့် ဆရာတော့် နှုတ်တော်က မြွက်ဟ ပြောပြလို့ အောင်ကို ဖိုးဟန်မေးမယ်။

လျှောက်လျှောက်... မေးမေးလေး မေးလျှောက်လေးမှ ကဲ စပြီ။

'လမ်းက ရှည်တယ်ဘုရား။ အခုထ ချော်မချော်သေးဘူး။ လုံ(၂၀)ကျော်

'ဖိုးဟန် ဘယ်လုပ်ငန်းမှ ဦး မပြီးဘူး။ ဓာတ်ရဲ့ အတိုင်းအတာ အလျောက်ကတော့ ကြာမှာပဲ'

'ဓနသိဒ္ဓိလမ်းနဲ့ ကာယသိဒ္ဓိလမ်း ဘယ်လမ်းက ကြာသလဲဘုရား'

လမ်းစဉ်ပေါ်မှာ မူတည်တယ်။ ပြော မရဘူး။ မူတည်ထိုးတဲ့ ဓာတ်ရဲ့ အတို အတာအလျောက်ကတော့ ကြာမှာ အချိန်ကာလတစ်ခုတော့ ရှိမှာပဲ'

'ကာယသိဒ္ဓိလမ်းကို ဘယ်ဓာတ် တွေနဲ့ ထိုးတာလဲ ဘုရား'

ဆရာတော် ဦးကလျာဏ ဆွမ်း စားပွဲပေါ်မှာ ညာလက်ထောက်ကိုတင်





www.burmeseclassic.com

www.burmeseclassic.com



မေးထောက်ပြီး ဖိုးဟန်ကို ကြည့်တယ်။ အပေါ်ကနေပြီး စီးကြည့်တာ။ ခြကလေးကလဲစင်းလို့။

အဂ္ဂိရတ် အစပျိုးမယ့် မောင်ဖိုးဟန်ကို သနားနေပုံပဲ။ သနားပါစေ။ သနား ပါစေ။ သနားလေ ကောင်းလေ၊ ပညာရလေ။

ဆရာတော်က ဆွမ်းစားကျောင်းလေးရဲ့ အပေါ်ဆင့်မှာ ထိုင်တော်မူတာ။ ဖိုးဟန်က အောက်ဆင့်မှာ ထိုင်တာ။ ဆရာတော်နဲ့ဆို တစ်တောင့်ထွာလောက်ပဲ ကွာမယ်။

ဆွမ်းစားကျောင်း အပေါ်ဆင့်နဲ့ အောက်ဆင့်ကလဲ တောင်ဆုပ်လောက်တောင် မကွာဘူး။ ဆရာတော့်ရဲ့ဘယ်ဘက်ဒူးနဲ့ ဖိုးဟန်ရဲ့ ဘယ်ဘက်ပခုံးက တစ်ညီတည်းပဲ။ ညှိမနေနဲ့။ တိုင်းစရာမလို။

ဆရာတော့်ရဲ့အကြည့်က မောင်ဖိုးဟန်ရဲ့ ရင်ထဲကို စူးစူးစိုက်စိုက်ကြီး ဝင်သွားတယ်။

ဖိုးဟန် တုန်တောင်သွားတယ်။ ဆရာတော့်အကြည့်ကို ရင်မဆိုင်ရဲလို့ မျက်နှာလွှဲပြီး ခေါင်းငိုက်စိုက်ကျသွားတယ်။ မော့ကို မမော့ဝံ့ဘူး။

ဆရာတော့် ဝေယျာဝစ္စတွေကို ဆောင်ရွက်လုပ်ကိုင်ပေးဖို့ မောင်ဖိုးဟန် လျှောက်ထားတောင်းပန်ခဲ့တာ၊ ဆရာတော့် အနွံတာခံခဲ့တာ၊ ဆရာတော် စိတ်တိုင်းကျဖို့ ဖိုဆွဲပေးခဲ့တာ၊ ဆရာတော်ကို လှူခဲ့ တန်းခဲ့ ကုသိုလ်ကောင်းမှု ဒါနအမှုတွေ ပြုခဲ့တာတွေက အဟောသိကံ ဖြစ်ကုန်ပြီ ထင်ပါရဲ့။ နောက်...

ဒီလို အဂ္ဂိရတ်ပညာတွေ လိုချင်လို့ ဆည်းကပ်နေတာလို့ ဆရာတော်သာ ထင်သွားရင်တော့ ဒုက္ခပါပဲ ခက်ပြီလို့ ဖိုးဟန်တွေးတယ်။

အတွေးမှ မဆုံးသေးဘူး ပြုန်းခနဲ မိန့်ကြားလိုက်တဲ့ ဆရာတော့်ဆီက စကားက...

'စိန်နဲ့ ဆေးဒန်းက ကာယသိဒ္ဓိ ကောင်းတယ်ကွ။ ဒါပေမယ့် ကြေးမိုးကြိုးသွားက အကောင်းဆုံး။ ကောင်းမှာပေါ့။ အထက်ကောင်းကင်က လျှပ်စစ်ဓာတ်အပူ ထူးခြားတဲ့ မိုးကြိုးအရှိန်နဲ့ အနီးအနားက ဓာတ်စင်တွေစုအရည်ပျော်ပြီး မိုးကြိုးအဖြစ် ပစ်ချလိုက်တာပဲ။ ကြေးမိုးကြိုးသွားရဖို့ မလွယ်ဘူး။ ခက်ခဲတယ်'

ဖိုးဟန် ဝမ်းသာလိုက်တာ။ ဆရာတော်မိန့်ပြီ။

မတွေးကောင်း၊ မတွေးသင့်တာတွေကို ဖိုးဟန် တွေးလိုက်တာပဲ။ လွဲချော်သွားတော့ အမှားပေါ့။ ဖိုးဟန် အမှားတစ်ခု ကျူးလွန်လိုက်ပြီပေါ့။

ဖိုးဟန် စိတ်ထဲက မပါသော်လဲ ဆရာတော့်ကို ပြစ်မှားသလို ဖြစ်သွားပြီ။ ချက်ချင်းပဲ ဖိုးဟန် ခေါင်းကိုမော့ လက်အုပ်ကလေးချီ လျှောက်ထားတယ်။

'သည်းခံတော်မူပါ ဘုရား၊ တပည့်တော် အတွေးမှားသွားပါတယ်။ ဆက်ပြီး အမိန့်ရှိတော်မူပါဘုရား'

'............'

'တပည့်တော်က စိန်ဆေးကန့်ဟင်းမြွေလေးစင်းဆိုတော့ စိန်နဲ့ ဆေးဒန်းကို မြွေပဲကောင်းတယ် ထင်တာဘုရား'

ဖိုးဟန်ရဲ့ အဂ္ဂိရတ် တတ်မြောက်မှု အဆင့်ကို ဆရာတော်က ချင့်ချိန်တော်မူတယ်။ အကဲခတ်လို့ သတ်မှတ်တော်မူတယ်။

လက်ရင်းတပည့်ကိုး။ အားမနာတမ်း။

'ဖိုးဟန် အဂ္ဂိရတ်ပညာမှာတော့ မင်းက ဝ,လုံးတန်းတောင် မရောက်သေးဘူး။ အခုမှ ဝ,လုံးတန်းတက်ဖို့ ကျောက်တံကိုင်ရုံရှိသေး။ ကျောက်သင်ပုန်းတောင် မဝယ်ရသေး၊ ကျောင်းလဲ မအပ်ရသေး၊ အဲဒီတော့ မင်းဘယ်သိမလဲ။ မဟုတ်ဘူးလား'

ဆရာတော်က မေးထောက်ထားတဲ့ မျက်နှာတော့်က မျက်ခုံးနှစ်ဖက်ကိုချီ၊ မျက်စိနှလုံးကိုမ မေးလေးကို ငေါ့ပြီး အမိန့်ရှိတယ်။ မြင်ယောင်လိုက်တာ၊ ဆရာတော်......လေ။

'အဂ္ဂိရတ်မီးအတတ်ဆိုတာ တစ်ဖက်ကမ်းခတ်ဖို့တော့ ခဲယဉ်းသပေါ့။ တစ်ဖက်ကမ်းခတ်ရင်လဲ ထွက်ရပ်မြန်းပြီပဲ'

ဆရာတော့်စကားက မောင်ဖိုးဟန်မင်း ကြိုးစားလို့ အားပေးနေသလိုလို။

'မောင်ဖိုးဟန် ကျမ်းလျှောက်တော့ မဆုံး၊ ကျမ်းပေါက်တော့ တစ်လုံးဆိုတာ ကြားဖူးတယ် မဟုတ်လား'

'မှန်ပါ့'

'ဓာတ်တစ်ပါးသေ အကုန်သေဆိုတာရော ကြားဖူးလား'

'မှန်ပါ့'

'ကျမ်းလျှောက်တယ် ဆိုတာ အဂ္ဂိရတ်ကျမ်းတွေမှာပါတဲ့ နည်းပညာတွေကိုသာ ဖတ်,ဖတ်ပြီး ဓာတ်ထိုးတာ'

ဟုတ်တယ်။ ဖိုးဟန် တွေးကြည့်



www.burmeseclassic.com

www.burmeseclassic.com

တယ်။ အဂ္ဂိရတ်ကျမ်း အထွေထွေမှာ ပါတဲ့ နည်းပညာတွေကိုသာ ဖတ်,ဖတ်ပြီး ဓာတ်ထိုးရင် ဟုတ်ပ။ ဘယ်ဆုံးနိုင်တော့မလဲ၊ မီးခိုးမဆုံး မိုးမဆုံး။

ထွက်ရပ်စခန်း မြန်းကြသွားကြတဲ့ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ထူးတွေမှာ နည်းကောင်းလမ်းမှန် တစ်ခုစီ ရှိကြတာပဲ။ လမ်းစဉ်တော် တစ်ခု တစ်ခုကို အကြာကြီး ထိုးရမယ်။

နည်းတစ်နည်းထဲမှာတောင် မီးပညာ နည်းပညာ လျှို့ဝှက်ချက်တွေ ရှိတယ်။

ဖိုးဟန် တွေးရင်း ခေါင်းတွေ မူးလာတယ်။ ခဏာပါပဲ။ ဆရာတော်က ဆက်ပြီး မိန့်ပြန်ပြီ။

'ကျမ်းလျှောက်ပြီး ဓာတ်ထိုးရင်း နည်းတစ်နည်းနဲ့ ဓာတ်လုံးအောင်မြင်သွားရင် အဲဒီ ကျမ်းပေါက်တာပဲ။ ဓာတ်သေရတာပဲ'

'ဓာတ်သေရင်...'

'ဖိုးဟန် မင်း ပုဂ္ဂလပညတ်ဓာတ်ကျမ်းကို ကြိုးကြာကန် ဆရာတော်ကြီး ဦးထေရာသဘဆီမှာ သင်နေတယ်ဆို'

'မှန်ပါ့'

'အဋ္ဌလက်ခွင် သိမှိုလား၊ **အိပ် ခန်း စက် ဝင် နက် မင် ရိပ် သန်း**'

'ဟာ မှန်ပါ့ဘုရား မှန်ပါ့'

'အဋ္ဌလက်ခွင်ကို မင့်စိတ်ထဲမှာ မှန်းကြည့်လိုက်စမ်း'

'..................'

'အက္ခရာပညတ်၊ သင်္ချာပညတ်၊ ဂြိုဟ်သက် လူမျိုး ဓာတ်ဖို ဓာတ်မ အရသာ ဂိုဏ်း နေနဲ့လ ပါပနဲ့သောမ ခွင်ကျလေးကို မင်း တွေးကြည့်လိုက်။ အဋ္ဌလက်ခွင်ကိုသာပိုင်ရင် အကုန်ပြီးတယ်။ မြန်မာတို့ရဲ့ လျှို့ဝှက်အပ်တဲ့ အတတ်ပညာတွေမှာ ပင်မအခြေခံ အခေါ်အချုပ်ဆိုတာ ရှိတယ်'

* * * ——→

'မှန်ပါ့ ဘုရား'

'ဆရာသန့်က ပုဂ္ဂလပညတ်ဓာတ် ကျမ်း ကျမ်းရင်းလက်ကပိုဒ်(၁)မှာ...

"ဇမ္ဗူတံခွန် သူမြတ်မွန်တို့ ညွှန်အံ့ လင်္ကာ မှတ်သားရာကား နည်းနာနယ ဓာတ်လေးဝကို သိကြစိမ့်ငှာ မည်မိန့် မှာအံ့ အင်းလည်းသည်မှာ အစာသည် တွင် ဆေးလျှင်သည်က **စနပီယံ သိဒ္ဓိလမ်းကို** တတ်နိုင်စွမ်းပေ"

လို့ ရေးထားတယ်လေ'

ဟုတ်လိုက်လေ။ ဆရာတော် အမိန့် ရှိမှ အစဖော်မိပြီ။ ကိုယ်တိုင်ကျက်မှတ်[...] ခဲ့ရတဲ့ ပုဂ္ဂလပညတ်ကျမ်းရင်း လင်္ကာ[...] တွေပါလား (၂၉)ပိုဒ်။

'ဘာကြာသေးတုန်း၊ မင်းပဲ တလော[...] ဆီက လျှောက်ထူးတယ်။ တပည့်တော်[...] ကို ကြိုးကြာကန်ဆရာတော်က ကြိုး[...] ကြာကန်ကျောင်း ဆွမ်းစားဆောင်[...] ဓမ္မာရုံထောင့်က ပြွတ်နေအောင် သီး[...] ပိန္နဲပင်ကို အသီးတွေကြွေအောင်[...] ဓာတ်ဆင်စမ်းလို့ အမိန့်ရှိတာနဲ့ မီး[...] ဆောင်ဘေးမှာ ထောင်ထားတဲ့ ထင်[...]

| | | |
|---|---|---|
| ၁<br>သူရဇ္ဇ<br>တနင်္ဂနွေ<br>မီးခဲ<br>ဓာတ်ဖို<br>ဂဠုန်<br>အစပ်<br>အ အာ အိ အီ အု အူ အေ အဲ<br>အော အော် အံ အား<br>(ခဲ) နာ (ရုပ်)<br>ယမ်း(နာမ်)<br>(၆)နှစ်<br>ဂမ္ဘုန်<br>အရှေ့မြောက်<br>ပါပ **အိပ်** | ၂<br>စန္ဒရော<br>တနင်္လာ<br>သေလာပထဝီ<br>ဓာတ်ဖို<br>ရှမ်း<br>အငန်<br>က ခ ဂ ဃ င<br>ဂျုတ် (ရုပ်)<br>ကျောက်ချဉ်(နာမ်)<br>(၁၅)နှစ်<br>ကျား<br>အရှေ့<br>သောမ **ခန်း** | ၃<br>ဘောမ<br>အင်္ဂါ<br>လေပြည်လေညင်း<br>ဓာတ်ဖို<br>တလိုင်း<br>အခါး<br>စ ဆ ဇ ဈ ည<br>သံ (ရုပ်)<br>စိန်, လက်ချား (နာမ်)<br>(၈)နှစ်<br>ခြင်္သေ့<br>အရှေ့တောင်<br>ပါပ **စက်** |
| ၆<br>သောကြာ<br>သောကြာ<br>ရေငန်<br>ဓာတ်မ<br>ကသည်း၊ သက်<br>အချို<br>သ ဠ ဟ<br>သွပ် (ရုပ်)<br>ဖဝက်သာ(နာမ်)<br>(၂၁)နှစ်<br>ပူး<br>မြောက်<br>သောမ **သန်း** | **ကိတ်** | ၄<br>ဗုဒ္ဓ<br>ဗုဒ္ဓဟူး<br>ရေကြည်ရေအေး<br>ဓာတ်ဖို<br>ကဒူး<br>ချိုချဉ်<br>လ ဝ<br>ဘင် (ရုပ်)<br>မြင်းသီလာ(နာမ်)<br>(၁၇)နှစ်<br>ဆင်<br>တောင်<br>သောမ **ဝင်** |
| ၈<br>ရာဟု<br>ရာဟု<br>လေပြင်းမုန်တိုင်း<br>ဓာတ်မ<br>တရုတ်၊ တာရက်၊ ယိုးဒယား<br>အဖန်<br>ယ ရ<br>ဘော် (ရုပ်)<br>ဟင်းရိုင်း(နာမ်)<br>(၁၂)နှစ်<br>ဟိုင်းဆင်<br>အနောက်မြောက်<br>ပါပ **ရိပ်** | ၅<br>ဂုရု<br>ကြာသပတေး<br>ပံသုပထဝီ<br>ဓာတ်မ<br>မြန်မာ<br>အဆိမ့်<br>ပ ဖ ဗ ဘ မ<br>ပြဒါး(ရုပ်)<br>ဆပ်ပြာ(နာမ်)<br>(၁၉)နှစ်<br>ကြွက်<br>အနောက်<br>သောမ **မင်** | ဝ<br>သောရိ<br>စနေ<br>မီးတောက်<br>ဓာတ်မ<br>ကုလား<br>အချဉ်<br>ၚ ဋ ဌ ဍ ဎ ဏ တ ထ ဒ ဓ န<br>ဒန်(ကြေး) (ရုပ်)<br>ဆေးဒန်း(နာမ်)<br>(၁၀)နှစ်<br>မြွေနဂါး<br>အနောက်တောင်<br>ပါပ **နက်** |



www.burmeseclassic.com

www.burmeseclassic.com

ချောင်းရှည်တွေထဲက ထင်းမျောမျော ရှည်ရှည်တစ်ချောင်းကို ပိန္နဲပင်မှာ ပြီးထောင်ထားခဲ့တယ်။ စနေနေ့ကြီး ဆို'

'ဟုတ်ပါတယ်ဘုရား၊ တပည့်တော် ကတောင် ဓာတ်မဆင်ပါရစေနဲ့ဘုရား၊ ပိန္နဲပင် ဒုက္ခရောက်ပါလိမ့်မယ်လို့ လျှောက်ပါသေးတယ်ဘုရား'

'နောက်တစ်ပတ်စနေ မင်း ကြီးကြာကန်ကျောင်း ရောက်သွား တော့ ပိန္နဲပင်အောက်မှာ မြင်မကောင်း အောင် ပိန္နဲသီးတွေ ကြွေကျနေလိုက် တာဆို'

'မှန်ပါတယ် ဘုရား'

'မင်း ကျောင်းကအပြန် ပိန္နဲသီးတွေ ပြန်တင်အောင် ဓာတ်ဆင်ခဲ့လို့ ကြီးကြာကန်ဆရာတော် မိန့်ကြားလို့



ဒီပိန္နဲပင်ကို ဘယ် ဓာတ်ဆင်ဝံ့မလဲ၊ အသီးတွေ ဘယ်ကြွေမလဲ၊ ဘယ်ပြန် တင်မလဲ၊ နောက်ထပ် သီးကင်းတွေ ဘယ်လိုက်မလဲ'

စာ(၇)တန်း။ ဟုတ်ပြန်ပါလေရော။ **အသုံးချပညာစာ(၇)တန်း၊** စိတ်ထဲ မှာ မှန်းကြည့်စရာမလိုတဲ့ အမှတ် သညာ။ ရင်ထဲမှာလဲ စွဲလို့။ တရေးနိုးမှာ မေးဦးမလား၊ ဖိုးဟန် ရတယ်။ အပီပဲ၊ ဒီမှာ...

* * *

မယ်။ မင်း သတ်တဲ့ ဓာတ် သေပြီဆို ရင်တော့ မင်း လက်ခမောင်းခတ်ပေ တော့။ ဓာတ်တစ်ပါးသေ အကုန်သေ'

'ရင်းသေ ဖျားနော့လား ဘုရား'

'ဖိုးဟန် မင်းကွာ ဘာတွေနော့မှာလဲ ပြောစမ်းပါဦး၊ ဓာတ်သေဖို့ နေနေသာ သာ အခြေပြုမယ့် ဓာတ်တောင် မသိ သေးတဲ့ကောင်က'

လို့ ပြောပြီး ဥသျှစ်ပင်ကျောင်းဆရာ တော် ဦးကလျာဏ ဘယ်နဲ့ညာ လက်နှစ်ဖက်ကို လက်ခုပ်တီးပြီး ဝိဟ သိတ ညင်ညင်သာသာ အသံ ထွက်အောင် ရယ်သွမ်းသွေးတော်မူ တယ်။

ဖိုးဟန် မရှက်ပါဘူး။ မျက်နှာပြောင် တယ်လို့ပဲပြောပြော တည်တည်တင်း

| | | | | | | |
|---|---|---|---|---|---|---|
| ၁။ | အောင်ပ | ကုလား | ဆွေသား | တော်ရင်း | ⇨ | အပြင်မိတ်၊ မိတ်ဓာတ်။ |
| ၂။ | ဥသာ | စိန်ပန်း | ဒန်းလှ | ကိုရှာ | ⇨ | အိမ်ထောင်မိတ်၊ အပြင်မိတ်၊ အပြင်နဝင်း။ |
| ၃။ | အင္ကြော | ဂန္ဓာ | စရေ | ဝံသေ | ⇨ | ဓာတ်မိတ်။ |
| ၄။ | ဓမ္မာ | သောက | အင်းဝ | ရာဇာ | ⇨ | အိမ်ထောင်ရန်၊ အတွင်းရန်။ |
| ၅။ | ဦးဝေ | စံကူး | ရေဘူး | တောသူ | ⇨ | အပြင်ရန်၊ ဓာတ်ရန်။ |
| ၆။ | ဦးညို | ခေမာ | သုတ | ဝေရီ | ⇨ | ရန်စီစီ၊ အပြင်ရန်။ |
| ၇။ | အရှူး | ခေါ်သည် | လူမည် | ဇောက်ထိုး | ⇨ | အတွင်းမိတ်၊ အတွင်းနဝင်း။ |

ထမထောင်ထားတဲ့ ထင်းမျောချောင်း ကို ဖယ်၊ နောက် ထင်းမျောတစ်ချောင်း ထပ်ထောင်လိုက်တာ ပိန္နဲသီးတွေ ပြန် တင် အသီးတွေပွားပြီး ထွားလိုက်တဲ့ အသီးတွေဆို'

'ဟုတ်ပါတယ်ဘုရား အမှန်အတိုင်း လျှောက်ခဲ့တာပါဘုရား'

'ဒါနဲ့များ ဖိုးဟန် မင့်ဉာဏ်က ဘာ လဲ'

'............'

'စာ (၇)တန်းကို မပိုင်ရင် မင်း

ရွတ်လိုက်တာ၊ ရွတ်လိုက်တာ။ ဖိုးဟန် ရွတ်လိုက်တာ တိုးတိုး တိုးတိုး တတွတ်တွတ်နဲ့။ ဆရာတော်ကလဲ နား စိုက်ထောင်နေတာ။ ဖိုးဟန် စာ (၇)တန်း ရွတ်သံဆုံးတော့...

'မင်း ပိန္နဲပင်ကို သတ်သလို အရာ ရာတိုင်းကို သတ်လို့ရတယ်။ နာလန် မထူနိုင်ဘူး။ ဖိုးဟန် လုပ်တတ်ရင် လုပ်ရတ်မှာလဲ ဓာတ်သေတယ်ကွ။ မင်း ပိန္နဲပင်ကို သတ်သလိုသတ်၊ လုံ ဖင်ကပ်ပြီး ပြားပြားဝပ် သေနေလိမ့်

တင်းပဲ။ ဒါ ရှက်စရာလား၊ တစ်ကွက် ကလေး မျက်နှာမပျက်ဘူး။ ကိုယ့်ဆရာ တော်ပဲ။ ပြောဆိုဆုံးမပါစေ။

ဩဝါဒတွေ ခြွေပါစေ။ မသိတာ သိအောင်၊ မတတ်တာ တတ်အောင် သင်နေပြီပဲ။

---

**ရှေ့လ ဆက်ဖတ်ပါရန်**

---

**ရွှေတောင် ခင်မောင်ကြည်**



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး မင်းယက္ခ

## ၏ ဘဝအတွေ့အကြုံများ ( ၂၄

ဆရာကြီးမင်းယက္ခ
(တိုက်ပွဲဝင်)

ယခင်လမှ အဆက်

ခေါင်းဆောင် မင်းသမီးချော ကတော့ တော်င္ဂ–ကျွဲပွဲဘက်မှ သွားရောက်ခေါ်ယူလာခဲ့သော မင်းသမီးကို **"ရွှေပီတုန်းမယ် ကြူကြူမာ"**ဟု ဘွဲ့မည်တပ်ကာ ပွဲထုတ်ခဲ့ပါသည်။ အငြိမ့်ခွင် ကကွက်များကိုတော့ ဆန်နီကပဲ သင်ကြားပေးပါသည်။

လူရွှင်တော်ဆန်နီမှာ ထိုခေတ်ထိုအခါက ခေတ်မီလူငယ်ပိုင်းထဲမှ တိုးတက်အောင်မြင်သော ကိုယ်ပိုင်အရည်အချင်းရှိသည့် လူရွှင်တော်တစ်ယောက်ဖြစ်ပါသည်။

ရှေးသမားရိုးကျ ပြက်လုံးများအပြင် ခေတ်မီဆန်းသစ်သော ပြက်လုံးများ၊ ချိတ်များကို ထည့်ထွင်ပါသည်။

နာမည်ကျော်ကြား လူကြိုက်များသော သီချင်းများကို စာသားပြောင်း၍ ဟာသဆန်ဆန် သီဆိုသည်။ လူကြိုက်များလှသည်။ ပမာအားဖြင့် အဆိုတော် မာမာအေး သီဆိုထားသော…

'ပျို့မောင်ရေ… ပျို့မောင်ရေ… ရွာအဝင်လမ်းဆီက လှမ်းလာခဲ့လေ… မြန်းလာခဲ့လေ…'

ဆိုသော သီချင်းအလိုက်ကိုယူ၍ စာသားပြောင်းကာ…

'ပျို့မောင်ရေ… ပျို့

ရေ… ပင်နယ်

တစ်ခါထိုးရင် သ

မလားဟေ… 

သာဘူးလေ၊ ဘား

အေပီစီရယ် ဆ

ပေး… ဆက်သာ

ဝယ်ပေးမယ်လေ… အညှော်မီးရ

အနာရင်းမှာပဲလေ… ပျို့မောင်

လိပ်ခေါင်း…ထွက်တုန်းလေ'

အစရှိသည့် သီချင်းဖြစ်ပါသ

စာရေးနေရင်း ပြုံးပင်ပြုံးမိပါ

သည်။

လူရွှင်တော် ဆန်နီကို သဘင်

များ၊ ပြက်လုံးများ၊ ပြဇာတ်များ 

ပရာများ၊ နောက်ပိုင်းဇာတ်မျာ

ကူညီပံ့ပိုးပေးသူ နှစ်ဦးမှာ **ဘသံချော**

ဆိုသူနှင့် **ဘကျောက်** ဟူသော 

နောက်မီဇာတ်သဘင်ပညာသည်အ

အမှတ် ပညာရှင်ကြီးတို့ပင် ဖြစ်ပါသ

သူတို့နှစ်ဦး၏ ကူညီပံ့ပိုးမှုမှာ

ဆန်နီအငြိမ့်သဘင်အတွက် ကြ

သော အင်အားတစ်ရပ်ပင် ဖြစ်ပါသ

ယောက်ဖတော်သူ လူရွှင်တော်

မှာလည်း အတွဲညီ လိုက်ဖက်

သည်။



www.burmeseclassic.com

www.burmeseclassic.com

(လူရွှင်တော် စံအုန်း၊ ကျော်မိုးတို့ အမည်များကိုတော့ မှတ်မိပါသေးသည်။ အခြားတွဲဖက် လူရွှင်တော်များ၏ အမည်များကို မမှတ်မိတော့ပါ။ ခွင့်လွှတ်စေချင်ပါသည်။)

ထိုသို့သော သူများ၏ အကူအညီကို ရသည့်အပြင် နိုင်ငံကျော် ဆိုင်းဆရာ ဗိုလ်တင့်က တီးလုံး၊ တီးကွက်များ စီစဉ်ပေးသည့်အတွက် အချိုပေါ် ကာလောင်းသည့်နှယ် အကောင်းချည်းသာ စုနေပါတော့သည်။

တပင်ရွှေထီး အော်ပရာမှာ ပွဲဦးထွက်ညက လူကြိုက်များလှသည်။ တပင်ရွှေထီးနှင့် မွန်သူရဲကောင်း စစ်သည်တော်(၆)ဦးတို့၏ တိုက်ပွဲခန်းများတွင် ပရိသတ်များက လက်ခုပ်သံ မစဲဘဲ အားပေးခဲ့ကြသည်။

ကြည့်ရမြင်ရခဲ့သော မြန်မာ့သိုင်းပညာ တိုက်ကွက်များဖြစ်၍ မြင်ရသူအပေါင်းက နှစ်ထောင်းအားရ ရှိလှသည်။

အငြိမ့်စင် နောက်ဘက်တွင် ဆောင်ထားသော နောက်ခံပိတ်ကား အပြာကြီးပေါ်တွင် ရောင်စုံဆလိုက်ဖြင့် "**သိုင်းမှာမင်းယက္ခ**"ဆိုသော စာလုံးကြီးများကလည်း ကြီးသွားလိုက်၊ သေးသွားလိုက် ရှေ့တိုးနောက်ငင်ဖြင့် အမျိုးမျိုး မီးကစားပြီး ပြသနေသည်။ "**သိုင်းပညာ စီစဉ်ညွှန်ကြားသူ ဆရာမင်းယက္ခ**"ဆိုသော စာတန်းကြီးကလည်း ပေါ်ထွက်လာသည်။

ကောင်းပေစွ၊ ကျက်သရေရှိပေစွ၊ ဂုဏ်ရှိပေစွ။ "တစ်ဦးက စေတနာ တစ်ဦးက မေတ္တာ"ဆိုသော ပြယုဂ်ပင် ဟုတ်ပါလား။ ဒီလိုနှင့် ဆန်နီ အငြိမ့်သဘင်မှာ နယ်မြို့များသို့ ပွဲချီများစွာဖြင့် ထွက်ခွာသွားခဲ့ပါသည်။

ဆန်နီအငြိမ့်သဘင်သည် နယ်မြို့များထဲတွင် ပွဲချီ တော်တော်များများ ကရာက ရန်ကုန်သို့ တစ်ပတ်ကျော့ ပြန်ရောက်လာပါသည်။ တန်ဆောင်မုန်းလတွင် ဖြစ်ပါသည်။ ကျွန်တော်၏ "**တိုက်ပွဲဝင်သင်တန်း**"သို့ ဆန်နီ၏ ယောက်ဖ လူရွှင်တော်ရာကျော် ရောက်လာပါသည်။



'အစ်ကိုရေ ကျွန်တော်တို့ မနေ့နေ့လယ်ကပဲ နယ်က ပြန်ရောက်တယ်။ ရန်ကုန်ပွဲခွင်တွေရလို့ ပြန်လာတာလေ။ ကျွန်တော့်မိန်းမ အစ်ကို့ကားပေါ်မှာ မီးဖွားခဲ့တယ်ဆိုတာ မအုန်းပြောပြလို့ သိလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ် အစ်ကိုရယ်။

အဲဒီကိစ္စအတွက် အစ်ကို့ကို ကျေးဇူးတင်ကြောင်းလဲ ပြောချင်လို့ပါ။ နောက်ပြီး အစ်ကို့ကို ပြောချင်တာလေးလဲ ရှိလို့ပါ'

ဟု စကား စ,လိုက်သဖြင့်...

'ရာကျော်ရယ်... ပြောစရာရှိတာ ပြောစမ်းပါ။ ဘာ အားနာနေစရာလိုသလဲ။ မင်းတို့နဲ့ငါနဲ့က မိသားစုလို ဖြစ်နေကြတာပဲကွာ။ ကဲ ပြော ဘာ ပြောမလို့လဲ'

ဟု အားပေးစကား ပြောလိုက်ရာ...

'ဒီလို အစ်ကိုရေ၊ အစ်ကို လုပ်ပေးတဲ့ တပင်ရွှေထီး အော်ပရာက တော်တော်လေးကို အောင်မြင်တယ်။ လူကြိုက်များတယ် အစ်ကိုရေ။ အစ်ကို ချပေးတဲ့ လူကြမ်းနဲ့ မင်းသားက အံကိုက်ပြီး ကျင့်သားရနေတော့ အားလုံးအံဝင်ခွင်ကျ ကောင်းတယ်။ အမှားအယွင်းမရှိဘူး။

ခုတော့ နယ်ရောက်တဲ့အခါမှာ လူကြမ်းတွေက အရင်လူတွေ မဟုတ်တော့ဘူး။ ထွက်တဲ့လူကထွက်၊ ထုတ်ခံရတဲ့လူက ထုတ်ခံရ ဖြစ်ကုန်ပြီ။ ကျန်တဲ့လူနဲ့ နောက်ထပ်ထည့်တဲ့ လူကြမ်းအသစ်တွေကို ကိုဆန်နီက သင်ပေးပြီး တတ်သလောက်၊ မှတ်သလောက်လုပ်တော့ တိုက်ပွဲခန်းတွေမှာ စည်းကိုက်ဝါးကိုက် မဖြစ်တော့ဘူး။ အံချော်ကုန်တယ်။ ကြည့်လို့ မကောင်းတော့ဘူး။

ဒါပေမယ့် "**သိုင်းမှာ မင်းယက္ခ**" ဆိုတဲ့ ကြော်ငြာစလိုက်က ထိုးတုန်းပဲ။ အခု ရန်ကုန်ပွဲကျရင် အစ်ကို ကိုယ်တိုင် ပရိသတ်ထဲကနေကြည့်ပြီး အခြေအနေမဟန်ရင် အစ်ကို့ကြော်ငြာဆလိုက်ပြား သိမ်းလိုက်ရင် ကောင်းမယ် အစ်ကိုရာ။ ကျွန်တော်က အစ်ကို နာမည်ပျက်မှာ၊ သိက္ခာကျမှာစိုးလို့ လာပြောတာပါ။

အခုလာမယ့် တန်ဆောင်မုန်းလပြည့်နေ့ညမှာ လသာလမ်း(အလယ်)မှာ ကျွန်တော်တို့ပွဲရှိတယ်။ အဲဒါအစ်ကို လာကြည့်ဖြစ်အောင် လာကြည့်ပါဦး။ အခု ကျွန်တော် လာပြောတာကိုလဲ ကိုဆန်နီ မသိပါစေနဲ့နော်။ ကဲ ကျွန်တော်ပြန်မယ်။ ကျွန်တော်တို့ မိသားစုတွေအပေါ်မှာ အစ်ကိုရဲ့ ကူညီဆောင်ရွက်ပေးမှုတွေကို သိပ်ပြီး ကျေးဇူးတင်တယ်အစ်ကိုရာ'

ဟု ဆိုကာ ရာကျော်က ဖုံးတစ်ဝက် ဖော်တစ်ဝက် ပြောဆိုပြီး ပြန်သွားခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ပြဿနာကတော့ ပေါ်ပြီ။ ဆန်နီ့အကြောင်းကို သိသည်။ မထင်လျှင် မထင်သလို ဇာတ်အဖွဲ့သားတွေကို ထုတ်ပစ်တတ်သည်။ သူပြောတာ မလိုက်နာသည့်သူတွေ၊ ပြောဆိုဆုံးမ မရသည့်သူတွေကို ချက်ချင်းထုတ်ပစ် တတ်သည်။

ထို့ကြောင့် တိုက်ကွက်များတွင် ဇာတ်တိုက်ထားပြီး ကျင့်သားရနေသော သူများကို ထုတ်ပစ်လိုက်လျှင် တိုက်ကွက်ပျက်ပြီး အဆင်ပြေမှာ မဟုတ်တော့။ အများများ အယွင်းယွင်း ဆိုလျှင် စည်းဝါးမကိုက်လျှင် လူရယ်စရာ ဖြစ်တော့မည်။

ထို့ကြောင့် **"တပင်ရွှေထီး အော်ပရာကို"** ကြည့်ဖြစ်အောင် ကြည့်မှ ဖြစ်တော့မည်။

တန်ဆောင်မုန်းလပြည့်ည လသာလမ်း(အလယ်ဘလောက်)မှာ ဆန်နီ အငြိမ့်ပွဲရှိသည်။ ပွဲမစမီကတည်းက ပွဲကြည့်ပရိသတ်များဖြင့် လမ်းကြီး တစ်ခု လုံးပြည့်နေပေပြီ။

မီးတွေက တထိန်ထိန်၊ လူတွေက တရုန်းရုန်း၊ လော်စပီကာသံတွေက တညံညံဖြင့် အငြိမ့်ပွဲ၏သရုပ် ပေါ်လွင်လှပါသည်။ ထိုညက အငြိမ့်လာကြည့်သည်ကို ဆန်နီအား အသိမပေး။ သူ မသိအောင် ကြည့်မှ ဖြစ်ပေတော့မည်။

အငြိမ့်ခန်းမထွက်မီ ဘုရားရှိခိုး နတ်ပင့်၍ အော်ပရာများကို အလျင်ပြလေ့ရှိသည်။ လာချေပြီ။ အငြိမ့်ပွဲ အစီအစဉ်ကို ပွဲကြည့်ပရိသတ် ကြိုတင်သိရှိနိုင်စေရန် လော်စပီကာဖြင့် ကြေညာလိုက်သည်။

'ယခု တင်ဆက်ကပြမှာကတော့ တပင်ရွှေထီးအော်ပရာဖြစ်ပါတယ်။ မြန်မာ့သတ္တိနဲ့



မြန်မာ့သိုင်းပညာရပ်တွေကို ပီပီပြင်ပြင် ထုတ်ဖော်ပြသမယ့် အော်ပရာဇာတ် ဖြစ်ပါတယ်။ အားပေးတရ ရှုစားတော်မူကြပါ ခင်ဗျား"

ဟူသည့် ကြေညာသံအဆုံးတွင် လက်ခုပ်သြဘာသံများ ဆူညံစွာ ထွက်ပေါ်လာပါတော့သည်။ ကားလိပ်ကြီးကို တဖြည်းဖြည်း မ,တင်လိုက်ရာ မွန်ဘုရင်ရှေ့တော်တွင် မွန်သူရဲကောင်း စစ်သည်တော်(၆)ဦးက ဓားတစ်လက်သိုင်း၊ ဓားနှစ်လက်သိုင်း၊ တုတ်ရှည်သိုင်း၊ တုတ်တိုနှစ်ချောင်းသိုင်း၊ လှံရှည်သိုင်းနှင့် လှံတိုနှစ်ချောင်းသိုင်းတို့ကို ကျွမ်းကျွမ်းကျင်ကျင် လှလှပပ သပ်သပ်ရပ်ရပ် တစ်ယောက်ချင်း ကစားပြ၍ ပရိသတ်များက လက်ခုပ်သံ တဖြောင်းဖြောင်းဖြင့် အားပေးကြပါသည်။

ဇာတ်စင်၏ နောက်ဘက်ရှိ ပိတ်ကားအဖြူကြီး ပေါ်တွင်လည်း "သိုင်းမှာမင်းယက္ခ"ဆိုသော ရောင်စုံဆလိုက်ကြီးက လင်းလိုက်မှိန်လိုက်၊ ကြီးလိုက်သေးလိုက်၊ နီးလိုက်ဝေးလိုက်ဖြင့် အမျိုးမျိုး လှုပ်ရှားပြသထားပါသည်။ **"သိုင်းပညာ စိစဉ်ညွှန်ကြားသူ ဆရာမင်းယက္ခ"**ဆိုသော စာတန်းကြီးကိုလည်း အောက်ဘက်တွင် ဖော်ပြထားသေးသည်။

ဩော် ရှေ့မှာ ကစားပြသွားတာ ကလည်း လှလှပပ သပ်သပ်ရပ်ရပ် ထို့ကြောင့် သိုင်းကစားကွက်များနှင့် ပတ်သက်၍ ဂုဏ်ယူရပါသည်။ ဂုဏ်တက်ရပါသည်။ "သိုင်းမှာ မင်းယက္ခ"ဆိုသော ကြော်ငြာ လည်း လိုက်ဖက်ပါသည်။ ရာကျော် ပြောတာ ဟုတ်မှ ဟုတ်ပါ့မလားဟု ထင်မိသည်။

ထိုမှ ဇာတ်ကွက်ပြောင်း၍ ရွှေမောဘုရားတွင် တပင်ရွှေထီး နားထွင်းနေစဉ် မွန်စစ်သည်တော်တို့ ဘုရားအောက်ခြေတွင် ဝန်းရံသည်။ တပင်ရွှေထီးက နားကိုသာ တည့်အောင်ထွင်း ဟုပြောကာ ရန်သူတို့ ဝန်းရံထားသည်ကို ဘာမထီသည့် ပုံဟန်ဖြင့် နားကို ပြီးအောင် ထွင်းစေသည်။ နားထွင်းပွဲ အောင်မြင်စွာ ပြီးမြောက် သွားပြီ။

ထိုအခါကျမှ မွန်စစ်သည်တော်များနှင့် တပင်ရွှေထီး တိုက်ခိုက်ကြသည်။ ဓားသမား၊ တုတ်သမား၊ လှံသမားတို့ဖြင့် တစ်ဦးချင်း တိုက်ခိုက်သည်။ ထိုပြကွက်အထိ ဘာမှ အမှား အယွင်းမရှိ။ ပရိသတ်များကလည်း လက်ခုပ်သံမစဲအောင် တစ်ခဲနက် အားပေးကြသည်။

သိုင်းကွက်များကို ရှင်းရှင်းလင်းလင်း လှလှပပ ချိတ်ဆက်မိမိ ဆက်နိုင်သည်။ နောက်ခံပိတ်ကား မှာလည်း ရောင်စုံဆလိုက်ဖြင့် **"သိုင်းမှာ မင်းယက္ခ၊ သိုင်းပညာ စိစဉ်ညွှန်ကြားသူ ဆရာ မင်းယက္ခ"** ဆိုသော ကြော်ငြာစာသားကြီးက အရှင်းသား အထင်းသား ပေါ်လွင်နေသည်။

ရွှေလ ဆက်ဖတ်ပါရန်

ဆရာကြီး မင်းယက္ခ
(တိုက်ပွဲဝင်)



www.burmeseclassic.com

www.burmeseclassic.com



◆ မြဲမြဲထွက်သော ညာတင်ကုတ်ရုပ်

ကျွန်ုပ်နှင့်

# ညာတင်ကုတ်

ဒိုမြင် (သထုံ)

တစ်နေ့သ၌ ကျွန်ုပ်သည် စိတ်ဝင်စားစွာဖြင့် ဗိုလ်ထိုးလျက်ရှိစဉ် အလွန် ခင်မင်ရသော မိတ်ဆွေနှစ်ဦး ကျွန်ုပ်ထံသို့ ရောက်ရှိလာကြလေသည်။

ထိုမိတ်ဆွေနှစ်ဦးတို့သည် ကျွန်ုပ်ကို တွေ့သောအခါ ဂမ္ဘီရပစ္စည်းများ အကြောင်းနှင့် တောင်ထွက် ဓာတ်သတ္တုပစ္စည်းများ အကြောင်းတို့ကို စိတ်ပါဝင်စားစွာ အားပါးတရ ပြောကြသည်။

သို့နှင့် ကျွန်ုပ်သည် လွန်စွာ အံ့ဩ၍ ဗိုလ်ထိုးခြင်းကို ခေတ္တ ရပ်နားပြီးနောက် မိတ်ဆွေနှစ်ဦးတို့ကို အိမ်ပေါ်သို့ခေါ်ကာ ရေနွေးကြမ်းသောက်ရင်း အေးအေးဆေးဆေး စကားစမြည်ပြောကြရန် ဖိတ်ခေါ်လိုက်ရလေသည်။

တစ်ချိန်က ထိုမိတ်ဆွေ နှစ်ဦးတို့သည် ကျွန်ုပ်တွေ့လျှင် ဂမ္ဘီရအကြောင်း၊ ဓာတ်ပစ္စည်းများအကြောင်းနှင့် ဗိုလ်ထိုးခြင်းတို့ကို ပြောလျှင် ကြိုက်ကြသူများ မဟုတ်ပေ။

ယခုအခါတွင် မိတ်ဆွေနှစ်ဦးမှ ဂမ္ဘီရအကြောင်း၊ ဓာတ်အကြောင်း၊ ဗိုလ်ထိုးခြင်းအကြောင်းတို့ကို မိတ်ဆွေနှစ်ဦးတို့မှ စတင် ပြောနေကြသဖြင့် ကျွန်ုပ် အံ့ဩရခြင်း ဖြစ်ပေသည်။

အိမ်ပေါ်သို့ ရောက်သောအခါ မိတ်ဆွေတစ်ဦးမှ ကျွန်ုပ်ကို...

'ညာတင်ကုတ်ရုပ်တု တွေ့ဖူးလား' ဟု မေးပါသည်။ ကျွန်ုပ်က ညာတင်ကုတ်အကြောင်း ကြားဖူးပါသည်၊ သို့သော် မမြင်ဖူးပါဟု အမှန်အတိုင်း ပြောဆိုလိုက်လေသည်။

ထိုအခါ မိတ်ဆွေသည် သူ၏ လွယ်အိတ်အတွင်း ပါလာသော ''ညာတင်ကုတ်''ရုပ်ကို ထုတ်ပြပါတော့သည်။ ကျွန်ုပ် **''ဘုရားမဟုတ်၊ သံဃာမဟုတ် ညာတင်ကုတ်''** ဟု ဆိုသော ရှေးဆရာများ ဆိုခဲ့သော အဆိုအမိန့်နှင့် ကိုက်ညီနေပြီး သက်င်းကို ညာဘက်တွင်ရုံလျက် တွေ့မြင်ရပါသည်။

www.burmeseclassic.com



◆ ညာတင်ကုတ် ပြဒါးဖြင့်
ကုသခဲ့ရာ လေဖြတ်ရောဂါ
သက်သာနေသည့် ဦးထွေးမြ



◆ ညာတင်ကုတ် ပြဒါးဖြင့်
ကုသခဲ့ရာ ဆယ်ရက်အတွင်း
သက်သာသွားသည့် ကိုရင်

ကျွန်ုပ် အသေအချာ လေ့လာကြည့်ရာ **အမြင့် သုံးလက်မခွဲ ရှိပြီးလျှင် အလေးချိန် ရှစ်ကျပ်၊ သုံးပဲသား ရှိပါသည်။** နောက်ကျောတွင် "**စဝဗဝ**" **စမလေးလုံး အင်းကွက်တစ်ကွက်** ချထားသည်ကို တွေ့ရပါသည်။

ကျွန်ုပ်မိတ်ဆွေကပင် (ညာတင်ကုတ်ရုပ်)ကို မီးအပူပေးလျှင် တစ်ကိုယ်လုံးမှ ပြဒါးချည်များ လူချွေးထွက်သလို ထွက်ကြောင်းနှင့် "ညာတင်ကုတ်" ရုပ်ကို အအေးခံပြီး ပြန်ချိန်ကြည့်လျှင် ထွက်သော ပြဒါးအလေးချိန်ကြောင့် ရုပ်တုအလေးချိန်မှာ လျော့မသွားဘဲ မူလ အလေးချိန် ရှစ်ကျပ်၊ သုံးပဲသား အတိုင်းသာ ရှိနေပါသည်။ ဘယ်နှကြိမ် ပြဒါးထုတ်ထုတ် ရုပ်တု အလေးမှာ မူလ အလေးချိန်တိုင်းသာ ရှိနေပါသည်။

ထိုအခါ ကျွန်ုပ်သည် ညာတင်ကုတ်ရုပ်မှ ပြဒါးထွက်သည်ကို တွေ့မြင်လို၍ လက်တွေ့ စမ်းသပ်ကြည့်လိုကြောင်း မိတ်ဆွေနှစ်ဦးကို ပြောကြည့်ရာ သဘောတူကြသဖြင့် မီးဖြင့် စမ်းသပ်ရန် မီးဖိုပြင်ပြီး မီးမွှေးကြပါတော့သည်။

မီးသွေးမီးဖိုမှ မီးအရှိန် ရလာသောအခါ နို့ဆီခွက်ကို သုံးပုံ နှစ်ပုံခန့် ညှပ်ထုတ်ပြီး "ညာတင်ကုတ်" ကို နို့ဆီခွက်အပြတ်အတွင်း ထည့်ကာ မီးတောက်နေသော မီးသွေးပေါ်သို့ တင်လိုက်ပါသည်။

သုံးစက္ကန့်အကြာတွင် မီးအပူရှိန်ကြောင့် "ညာတင်ကုတ်ရုပ်" မှ ချွေးသီးလေးများ ထွက်သလို ပြဒါးချည်များ ရုပ်တုနေရာအနှံ့မှ ထွက်လာပါသည်။

ပြဒါးအချည်များ တဖြည်းဖြည်း အောက်ခံနို့ဆီခွက်အတွင်းသို့ ကျဆင်[...] သွားပါတော့သည်။ နောက်ဆုံး ပြ[...]ရည် ညာတင်ကုတ်ရုပ်မှအထွက် [...] သွားသောအခါ နို့ဆီခွက်နှင့် ညာတ[...] ကုတ်ရုပ်ကို မီးထဲမှချကာ အအေး[...] လိုက်ပါသည်။

အေးသောအခါ ညာတင်ကု[...] အရုပ်မှ ထွက်ကျထားသော ပြဒါး[...] ကို နို့ဆီခွက်အတွင်းမှ သွန်ယူပြီး [...] ကြည့်သောအခါ ပြဒါးရည် အလေး[...] ချိန်မှာ ငါးမူးသား ရှိပါသည်။

"ညာတင်ကုတ်" အရုပ်ကို [...] ကြည့်သောအခါ မူလ အလေး[...] အတိုင်းပင် ရှစ်ကျပ်၊ သုံးပဲသား အ[...] သာလျှင် တွေ့ရပါသည်။

ကျွန်ုပ်သည် အံ့ဩရကြော[...] မိတ်ဆွေကို ပြောသောအခါ...

'အံ့ဩမနေပါနဲ့ အမောင်ရယ် [...] လက်ထက်မှာတင် ဆယ်ကြိမ်မက [...] ထုတ်ခဲ့ပြီးပါပြီ။ ကျုပ်ရှေ့က ဘယ်[...] ပြဒါးထုတ်ခဲ့ကြသလဲဆိုတာ ကျုပ်လဲ [...] နိုင်ပါဘူး။ ဒီတော့ ရှေးဆရာတွေ ညာ[...] ဘယ်လောက်ကြီးကြသလဲဆိုတာ တွေ[...] ကြည့်တော့ အမောင်ရေ'

ဟု ပြောပါတော့သည်။

## ကျွန်ုပ် ညာတင်ကုတ်ရုပ်နှင့် ညာတင်ကုတ်ရုပ်မှထွက်သော ပြဒါးကို စမ်းသပ်ခြင်း

ညာတင်ကုတ်မှထွက်သော ပြ[...] စတီးဖွန်းအတွင်းထည့်၍ ဖယောင်း[...] မီးဖြင့် စတီးဖွန်းကို အပူပေးကြ[...] စတီးဖွန်း နီရဲလာအောင် ပူသည်[...] ပြဒါးမီးခံခြင်း။

ခဲ(နာ)ဖြင့် ရောစပ်ပြီး မီးကစား[...] နာသေချော်ပျောက် ဆိုသည်[...] နာ(ခဲ)သည် ထိုပြဒါးနှင့်အတူ[...] လျက် သေပါသည်[...]





www.burmeseclassic.com

www.burmeseclassic.com

ဘင် (ခဲမဖြူ)နှင့် ညာတင်ကုတ်မှ ထွက်သော ပြဒါးရောစပ်ပြီး မီးမှန်မှန် ဖြင့် ခတ်ကစားခဲ့ပါလျှင် ဘင်(ခဲမဖြူ) သည် သေသောလက္ခဏာများ ပြလာ ၍ ချော်များ ထွက်လာပါသည်။

''ညာတင်ကုတ်''ရုပ်မှ ပြဒါးနှင့် ဆိုင်ပြဒါး ရှစ်အချိုးတစ် ရောစပ်ပါလျှင် ညာတင်ကုတ်မှထွက်သော ပြဒါး အတိုင်း အရည်အသွေး တူညီပါသည်။

ညာတင်ကုတ်မှထွက်သော ပြဒါး သည် တခြားခတ်နှင့် ပေါင်းစပ်လိုက် ပြီး မီးအပူပေးလိုက်ပါလျှင် ထူးခြားစွာ ပြန်လည် ထွက်ရှိလာပါသည်။ ထို အချက်ကြောင့်ပင်လျှင် ကျွန်ုပ်တို့သည် ညာတင်ကုတ်ရုပ်ကို တန်ဖိုးထားနိုင်ကြ ပါသည်။

## ကျွန်ုပ် ညာတင်ကုတ်ရုပ်၏တန်ဖိုးကို ဆေးကုရာတွင်သုံးခြင်း

ညာတင်ကုတ်မှထွက်သော **ပြဒါး တစ်ဆ၊ နာ(ခဲ) ငါးဆ ရောစပ်ပြီး နမ်းဆီတွင် ပြဒါးနာတွဲကို ခုနစ်ကြိမ် ခံရည်လောင်း၍** ဆိုင်ကယ်တိုက်သော ကိုရင်တစ်ပါး ခြေထောက် ထက်ပိုင်း ကျိုးသွားသည်ကို ကုသရာတွင် ဆယ် ရက်အတွင်း ပြန်ဆက်ကာ အကောင်း ပကတိအတိုင်း ပြန်ဖြစ်ခြင်း။

ဆင်တုံးမန္တယ်ကို ထုထောင်း သတ္တုရည်ကိုယူပြီး ငါးဆယ်သား ပုလင်းတွင်ထည့်၍ ညာတင်ကုတ်ပြဒါး ကို သတ္တုရည်အတွင်း ထည့်စိမ်ထားရာ တစ်ပတ်ခန့်ကြာသောအခါ ပုပ်နံ့များ ထွက်လာပါသည်။

ဆယ့်ငါးရက်ခန့် ကြာသောအခါ ပုပ်နံ့များ ပျောက်သွား၍ ထိုဆင်တုံး မန္တယ် သတ္တုရည်ကို လေဖြတ်သောသူ တစ်ဦးအား တိုက်ကျွေးရာ လူကောင်း အတိုင်း သွားလာနိုင်ပါသည်။

ပျားရည်တွင် ညာတင်ကုတ်ပြဒါးကို ထည့်စိမ်၍ နေရောင်တွင် ခုနစ်ရက်ခန့် ပြပြီး ပျားရည်ကို လက်ဖက်စားဇွန်း တစ်ဇွန်း နေ့စဉ် ဆေးအဖြစ်သုံးကြည့် ရာ ခြေအေး၊ လက်အေး ဖြစ်သည်များ ကောင်းလာ၍ လက်ဖဝါး၊ ခြေဖဝါးများ နီရောင်သန်းလာပါသည်။

ညာတင်ကုတ်ရုပ်တုကို ရေနှင့် ထည့်ကျိုပြီး ထိုရေဆူသောအခါ အအေးခံ၍ ထိုရေကို ဆေးတိုက်ရာ တွင်လည်းကောင်း၊ ပယောဂနှင့် ပတ် သက်ရာတွင်လည်းကောင်း၊ မြွေ၊ ကင်း စသည် အဆိပ်ရှိသော သတ္တဝါများ ရှိသောနေရာတွင် ပက်ဖျန်းပေးခြင်းဖြင့် အဝေးသို့ ထွက်ခွာသွားကြပါသည်။

ဗုဒ္ဓရုပ်ပွားတော်၊ သံဃာရုပ်ပွားတော် များနှင့် ကွဲပြားစွာ စီရင်ထားခဲ့သော ''ညာတင်ကုတ်'' ရုပ်တုများသည် လောကီကိစ္စများတွင် အသုံးပြုရန် အတွက် ရှေးဆရာများ စီရင်ထားခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်သည် ''ညာတင်ကုတ်ရုပ်'' ၏အစွမ်းကို ကိုယ်တိုင် လေ့လာ တွေ့ရှိ ချက်အရ လောကီကိစ္စများတွင် သောက်၊ လိမ်း၊ ရှူဟု ဆိုနိုင်လောက် အောင် တန်ဖိုးပေးနိုင်သော အရုပ်ဟု ပင် ဆိုပါရစေတော့။

***ကံကောင်းသူများ စေတနာ ကောင်း ကြပါစေ။***

**နိုင်မင်း(သထုံ)**

စာမျက်နှာ (၁၉၇)မှ အဆက်

***

ဒါဆို အောင်သွားပြီ။ အဲ **ကြယ်ကြွေတာ မတွေ့ရင် ရေးလို့မရ သေးဘူးနော်။ နောက်နှစ်ကို ဆက်စောင့်ရမယ်''**

ဟု ပြောပြလေသည်။ ပြီးလျှင်...

အဲဒီ ငွေပြားလေးကို နှုန်းနက်မိုးလင်း ဘုရားရှိခိုးပြီးတိုင်း "ကျွန်ုပ်ပြောလျှင် အ"၊ "ကျွန်ုပ်ပြောလျှင် ရုံ"၊ "ကျွန်ုပ်ပြောလျှင် ဟံ"လို့ ရွတ်ဆိုပြီး ငွေနဲ့ အနီးဆုံးမှာထား။ အကျိုးရှိလာလိမ့်မယ်'

ဟု ပြောပြလေသည်။

ထိုအခါ ကျွန်ုပ်လည်း ''ဆရာကြီး ပြောသမျှကို လိုက်နာပါမယ်''ဟု နှိုးသေစွာ ပြော၍ ကျေးဇူးတင်ကြောင်း အထပ်ထပ်ပြောမိလေသည်။ ထို့နောက် ဆရာကြီးသည် အချိန်မရှိတော့၍ သွားတော့မည် ဖြစ် ကြောင်း၊ နောက်တစ်ခေါက် သူလာခဲ့မည် ဖြစ်ကြောင်း ပြောဆိုကာ ထွက်သွားလေတော့သည်။

ကျွန်ုပ်လည်း ဝမ်းသာလွန်း၍ ဟုတ်ကဲ့၊ ဟုတ်ကဲ့ ပြောနေမိရာ ဆရာကြီး ၏ နာမည်တောင်မှ မမေးမိလိုက်ပေ။

ကျွန်ုပ်သည် နောက်တစ်နေ့မှ စတင်၍ ပုံများကို လဲပြီး ချိတ်ဆွဲလိုက်၏။ ဆရာကြီး ပြောသမျှကိုလည်း နံနက်မိုးလင်းသည်နှင့် လုပ်၏၊ ဆိုင်ကိုလည်း သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြုလုပ်ထားသည်။

ထူးဆန်းစွာပင် တစ်ပတ်ကျော်အတွင်း ရောင်းအားတက်လာသည်။ (၁)လခွဲခန့် ကြာသောအခါ ကျွန်ုပ်သည် စားပွဲထိုး(၁၀)ဦးထားရ၏။အဖျော် ဆရာ၊ အကြော်ဆရာတို့ကိုလည်း (၂)ဦးစီထားရသည့် အခြေအနေသို့ ရောက်ရှိပြီး ရောင်းရသည်မှာ လက်မလည်နိုင်အောင်ပင် ဖြစ်ရလေသည်။


ကျွန်ုပ်သည်လည်း ဆရာကြီးလာလျှင် ကျေးဇူးတင်ကြောင်း အထပ်ထပ် ပြော၍ ကန်တော့ရန်နှင့် ကျွန်ုပ်ကဲ့သို့ ရောင်းဝယ် မကောင်းသူများ ပြုလုပ်နိုင်ရန် ဤဆောင်းပါးနှင့်အတူ မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို ရှိခိုးပူဇော်လိုက်ရပေတော့သည်။

**Cyril (စိုင်းဇော်ဦး)**



www.burmeseclassic.com

www.burmeseclassic.com



Cyril ခိုင်ဇော်

ကျွန်ုပ်နှင့် ထူးခြားသော ဆန်း–ပြည့်–ကွယ်

# ''အရပ်'' ဂုဏ်တော်

မိုးကောင်းကင်သည် ကြည်လင်တောက်ပနေ၏။ ထို့အတူ အရှေ့ဦး၏ နေခြည်နုကလေးများသည်လည်း လှပစွာ ဖြာကျနေသည်။ သဘာဝတရားသည် လွန်စွာလှပသော နံနက်ခင်းကို ဖန်တီးလိုက်သော်လည်း ကျွန်ုပ်၏ စိတ်ထဲတွင်မူ အုံ့မှိုင်းထုံထိုင်းနေ၏။

အဘယ်ကြောင့်ဆိုသော် ယခင်က ယခုလို နံနက်ခင်းဆိုလျှင် ကျွန်ုပ်၏ လက်ဖက်ရည်ဆိုင်လေးမှာ စားပွဲထိုးလေးများ၏ ဆူညံစွာ အော်ဟစ်သံ၊ စားသောက်သူတို့၏ စကားပြောသံ၊ အဖျော်ဆရာ၊ မုန့်အကြော်ဆရာတို့၏ ချွေးတလုံးလုံးနှင့် အလုပ်လုပ်နေဟန်၊ ကျွန်ုပ်၏ ခေါင်းထဲတွင် ကိန်းဂဏန်းချိုး ပြည့်ကျပ်နေပုံတို့မှာ လွန်စွာအားရဖွယ် ကောင်းလှပေသည်။

အခုတော့ ထိုဆိုင်ကြီးသည် ဖရုပ်တစ်ခုနှင့် တူသော ဆိုင်အဖြစ် ပြောင်းလဲသွားပြီး စားသောက်သူ အနည်းငယ်နှင့် ရောင်းဝယ်ရသည်မှာ ပျင်းရိလေးလံနေသော လားအိုကြီးတစ်ကောင်၏ လမ်းလျှောက်ပုံနှင့် တူနေပေသည်။

ကျွန်ုပ်သည် ဤဒုက္ခများကို ခံစားရသည်မှာ (၆)လခန့် ရှိပေပြီ။ အခုတော့ ကျွန်ုပ်တွင် အဖျော်ဆရာ၊ မုန့်ဆရာများလည်း မရှိတော့ဘဲ ယခင် စားပွဲထိုး(၅)ဦးမှာလည်း (၁)ဦးသာ ထားနိုင်တော့သည်။ အဖျော်ကတော့ ကျွန်ုပ်ကိုယ်တိုင်ပင် ဝင်ဖျော်ရသော အခြေအနေဖြစ်နေသည်။

ထိုသို့ ထိုသို့ ကျွန်ုပ်၏ အတွေးများ ကစဉ့်ကလျား ဖြစ်နေစဉ် ဤနံနက်ခင်း၏ (၈)ဦးမြောက် စားသောက်သူများအဖြစ် ဆိုင်ထဲသို့ လူ(၃)ဦး ဝင်ရောက်လာသည်။

ထို့နောက် သူတို့သည် ကျွန်ုပ်၏ ကောင်တာအနီး စားပွဲခုံတွင် ဝင်ရောက်ထိုင်လိုက်သောအခါ ကျွန်ုပ်၏ တစ်ဦးတည်းသော စားပွဲထိုးလေးက ''ဘာသောက်ကြမလဲ''ဟု မေး... သောအခါ လူဝကြီးဖြစ်သောလူမှ ''ကော်ဖီ... နှစ်ခွက်''ဟု ပြောပြီး ယောဂီရောင် ဝတ်... ထားသောလူကြီးကို ''ဆရာကြီးရော ကော်ဖီ... ပဲလား''ဟု မေးရာ ထိုလူကြီးက ခေါင်းညိတ်... လိုက်သည်။

ကျွန်ုပ်လည်း အကုန်မြင်တွေ့ ကြားသိ... သဖြင့် စားပွဲထိုးလေး၏ အမှာကို မစောင့်... ဘဲ အဖျော်ခန်းသို့ ဝင်၍ ကော်ဖီမစ်(၃)ခွက်... လျင်မြန်စွာ ပြင်ဆင်ပေးလိုက်သည်။

ထို့နောက် ကျွန်ုပ်လည်း ကောင်တာ... တွင် ပြန်ထိုင်လိုက်သောအခါ ထိုလူ(၃)ဦး... စကားသံများကို အောက်ပါအတိုင်း ကြားလိုက်...



www.burmeseclassic.com

www.burmeseclassic.com

တော့သည်။ ခပ်ပိန်ပိန်လူမှ စတင်၍...

'ဆရာကြီးရယ် ကျွန်တော်လဲ ဆရာကြီးကို မတွေ့ရတာကြာတော့ ဆရာကြီး သတင်းလေးဘာလေး စုံစမ်းရအောင်ဆိုပြီး ယောဒီ(ခပ်ဝဝလူကြီးကို လက်ညှိုးထိုး၍) ကိုအောင်ကြီးကို မနေ့ကပဲ ပြောနေတာ။ အခုလို မမျှော်လင့်ဘဲ တွေ့လိုက်တာ ဝမ်းသာလိုက်တာ ဆရာကြီးရယ်'

ဟု ပြောလိုက်ရာ လူဝကြီးမှနေ၍...

'ဆရာကြီးရေ၊ ကျွန်တော်တို့တစ်တွေ အရောင်းအဝယ်၊ အလုပ်အကိုင် အဆင်ပြေတိုင်း ဆရာကြီးကျေးဇူးကို အမြဲတမ်း ပြောဖြစ်ကြပါတယ်။ ဒါနဲ့ ဆရာကြီး အခု ဘယ်ကလာပြီး ဘယ်ကို သွားမလို့လဲ။ ကျွန်တော်တို့ဆီမှာ တစ်ပတ် နှစ်ပတ်လောက် နားနေသွားပါဦး'

ဟု ဆိုလိုက်လေသည်။ ထိုအခါ ယောဂီရောင် ဝတ်ဆင်ထားသော လူကြီးက ခပ်ပြုံးပြုံးနှင့်ပင်...

'ခင်ဗျားတို့ အဆင်ပြေတယ်ဆိုတာ သီလစောင့်ထိန်းမှု ဘာသာတရား ကိုင်းရှိုင်းမှုတို့ကြောင့်လဲ ပါတာပေါ့ဗျား ကျုပ်လဲ ခင်ဗျားတို့နဲ့တွေ့ပြီး နယ်တကာလျှောက်သွားနေဟာပဲ၊ အခု ဟိုရှေ့ လမ်းက မိတ်ဆွေတစ်ဦးနဲ့ မော်ဘီကို သွားမလို့လာတာ'

ဟု အေးဆေးစွာ ပြောလေသည်။ ထို့နောက် ၎င်းသူတို့သည် ဘာသာရေးအကြောင်းများ၊ ကျွန်ုပ်မသိသော အကြောင်းတရားများ ပြောဆိုကြပြီး ခပ်ပိန်ပိန်လူနှင့် လူဝကြီးတို့သည် ဆရာကြီးဆိုသူအား ကျေးဇူးတင်ကြောင်း အထပ်ထပ်ပြောကာ အိမ်လိုက်ရန် အတင်းခေါ်လေသည်။

ထိုအခါ ဆရာကြီးက မအားလပ်၍ ဖြစ်ကြောင်း၊ သူ လာခဲ့မည်ဖြစ်ကြောင်း ပြောလေသည်။ ထို့နောက် ထိုလူနှစ်ယောက်သည် ဆရာ့အား မလိုက်လျှင်လည်း ဆရာကြီး ခရီးသွားလာရင်း သုံးရန်ဟုဆိုကာ ငွေအများအပြားကို အတင်းပေး၍ လက်ဖက်ရည်ဖိုးရှင်းကာ ထွက်သွားကြလေသည်။

ထိုအခါ ကျွန်ုပ်သည် ထို(၃)ယောက် ပြောနေသော စကားများကို လွန်စွာ စိတ်ဝင်စားမိပြီဖြစ်ရာ ဟိုလူနှစ်ယောက် ထသွား၍ ထွက်သွားရန် ပြင်ဆင်နေသော ယောဂီရောင်ဝတ် ဆရာကြီးဆိုသူ နားသို့ လျှင်မြန်စွာ သွားကာ...

'ဆရာကြီးတို့ ပြောနေတဲ့ စကားတွေကို စိတ်ဝင်စားလို့ပါ။ ဒါနဲ့ ကျွန်တော် မသိလို့ပါ။ ဆရာကြီးက ဗေဒင်ဆရာလား ခင်ဗျား'

ဟု မေးလိုက်ရာ ဆရာကြီးဆိုသူက လွန်စွာအေးမြသော အပြုံးဖြင့်...

'မဟုတ်ပါဘူးဗျာ။ ကျုပ်က အမှန်တကယ် အခက်အခဲ ဖြစ်နေတဲ့(၇)ရက်သားသမီးတွေကို ကျုပ်သိသလောက် တတ်သလောက် ဂမ္ဘီရပညာနဲ့ တတ်နိုင်သလောက် ကူညီပေးတာပါ'

ဟု ပြောလေသည်။ ထိုအခါ ကျွန်ုပ်သည် ရေနစ်နေစဉ် ရေကူးချန်ပီယံတစ်ယောက် လာရောက် ကယ်တင်သော ဝမ်းသာမှုမျိုးနှင့်အတူ ကျွန်ုပ်၏ စီးပွားရေးနှင့် ကျဆင်းသွားသော ဆိုင်၏ အခြေအနေများကို လိုက်လိုက်လှဲလှဲ ပြောပြပြီး ကူညီနိုင်ရင် ကူညီပေးပါရန် လေးလေးစားစား ပြောမိလေသည်။

ထိုအခါ ဆရာကြီးသည် စဉ်းစားဟန်ပြုကာ ခေါင်းညိတ်ပြီး ဆိုင်အတွင်းသို့ တစ်ချက် ဝေ့ဝဲကြည့်လိုက်ပြီး...

'ခင်ဗျား၊ ဟော ဟိုက ဆိုင်နံရံမှာ ချိတ်ထားတဲ့ အမျိုးသမီးပုံတွေ ရှမ်းဆန်တဲ့ပုံတွေ အားလုံး ဖြုတ်ပစ်လိုက်ပါ။ ပြီးရင် အေးချမ်းတဲ့ သဘောဆောင်တဲ့ ပုံတွေ ဥပမာ မြက်ခင်းစိမ်းစိမ်းလေးတွေ၊ ရေတံခွန်ပုံတွေ စသဖြင့်ပေါ့ဗျာ'

ထို့နောက် ဆက်လက်၍ ဆရာကြီးက...

'ဆိုင်အနေအထားကတော့ အတိုက်အခိုက် မရှိတန်ကောင်းပါဘူး။ ရှိလဲ ပြဿနာမရှိဘူး။ ရော့ ဒီငွေပြားလေးဆောင်ထား'

ဟု ဆိုကာ ယင်းအိတ်ထဲမှ ငွေပြားလေးတစ်ပြား ထုတ်ပေးလေသည်။ ထို့နောက် ဆရာကြီးက...

'အဲဒါလေးကို ခင်ဗျား ငွေစားပွဲထဲမှာထား။ နောက်ပြီးသီတင်းကျွတ်လ တစ်ပါးလောက်တော့ နိုင်အောင်ထိန်း။ မနက်တိုင်း ဂုဏ်တော်ကိုးပါးကို ကိုးခေါက်ရွတ်'

ဟု ဆိုလေသည်။ ကျွန်ုပ်လည်း "ဟုတ်ကဲ့" ဟု ပြောပြီး ငွေပြားလေးကို ကြည့်လိုက်ရာ (အ/ဂ) ဟု ရေးထားသည်ကို တွေ့ရသဖြင့်

'အရုပ်ပဲ ရေးထားပါလား'

ဟု တီးတိုးရေရွတ်မိလေသည်။ ဒါကို ဆရာကြီးက ကြားသွားပြီး...

'ဟုတ်တယ်။ ဒါပေမယ့် အဲဒီ တစ်လုံးတည်းဖြစ်ဖို့ နှစ်နဲ့ချီပြီး ကြာတယ်'

ဟု ပြောလေသည်။ ထိုအခါ ကျွန်ုပ်သည် လွန်စွာ အံ့ဩသွားပြီး...

'ဆရာကြီး ခင်ဗျာ နှစ်နဲ့ချီပြီး ကြာတယ်ဆိုတော့ ဗဟုသုတအဖြစ် ကျွန်တော့်ကို ပြောပြပါလား ခင်ဗျာ။ ကျွန်တော်လဲ ဂမ္ဘီရပညာကို စိတ်ဝင်စားပါတယ်'

ဟု မေးတတ်သည့် အကျင့်ရှိသည့်အတိုင်း ပြောလိုက်လေသည်။ ထိုအခါ ဆရာကြီးက...

'ပြောရတာ မခက်ပါဘူး ပြောပြရတာပေါ့'

ဟု ဆိုကာ "အရုပ်" ငွေပြား ပြုလုပ်ပုံကို အောက်ပါအတိုင်း ပြောပြလေတော့သည်။

'နှစ်တစ်နှစ်ရဲ့ ပြက္ခဒိန်ကို ကြည့်လိုက်၊ ဥပမာ မြန်မာလိုရော အင်္ဂလိပ်လိုရော ရေးထားတဲ့ ပြက္ခဒိန်ပေ့ါ။ အဲဒီမှာ (၇)နေ့ (၇)နံထဲက တစ်ရက်ရက်နဲ့ လဆန်း၊ လပြည့်၊ လကွယ်ဖြစ်နေတာကို တွေ့ရမယ်။ ဥပမာ အင်္ဂါနဲ့ လဆန်း၊ အင်္ဂါနဲ့ လပြည့်၊ အင်္ဂါနဲ့ လကွယ်ပေါ့။

အဲဒီနေ့မှာ ဥပမာနော် အင်္ဂါနဲ့လဆန်းတဲ့နေ့ ဆိုပါစို့။ ဘုရားရှိခိုးခြင်း၊ သက်သတ်လွတ်စား၊ ဂုဏ်တော်ကိုးပါးကိုးခေါက်စိပ်ပြီး အချိန်အခါကောင်းကို ရွေးရမယ်။ အချိန်ကောင်းဆိုတာ ပုဏ္ဏား၊ ရှင်ဘုရင် ဖြစ်ကိန်းတို့ မှဆိုး၊ ရွှေအိုးရကိန်းတို့ပေါ့။

**အဲသလို အချိန်ကောင်းရောက်ရင် ငွေပြားဖြစ်ဖြစ်၊ သွားတိုက်ဆေးဘူးအခွံကို ဖြတ်ထားတဲ့ အပြားလေးဖြစ်ဖြစ်ပေါ့။ အဲဒီအပြားလေးပေါ်မှာ "ကျွန်ုပ်ပြောလျှင် "အ"ဟု တည်တည်ကြည်ကြည် ရွတ်၍ "အ"တစ်လုံးတည်း ရေးရမယ်။ အဲနောက် အင်္ဂါနဲ့ လပြည့်နေ့ရောက်လို့ ပထမပြောတဲ့ အစီအစဉ်အတိုင်းလုပ်ပြီး၊ အချိန်ကောင်းမှာ ပထမရေးထားတဲ့ "အ"ရဲ့နောက်မှာ "ကျွန်ုပ်ပြောလျှင်"ဂ"" လို့ ထပ်ရေးရမယ်။**

**နောက်ထပ် အင်္ဂါနဲ့လကွယ်နေ့မှာတော့ ဒီပုံအတိုင်း အချိန်ကောင်းမှာ ရေးရမယ်'**

ဟု ဆိုကာ ကျွန်ုပ်ကို ပုံစံ ရေးပြလေသည်။ ပုံမှာ...

* * *

(အ/ဂ)

ထို့နောက် ဆရာကြီးသည် မောသွားဟန်ဖြင့် ရေနွေးကြမ်းကို အေးဆေးစွာ သောက်လေသည်။ ပြီးလျှင် ဆက်လက်၍ ပြောသည်မှာ...

'အဲသလို အရုပ်ကို ဆက်မိအောင်ရေးပြီး သွားရင် ဆေးပေါင်းခတဲ့ တန်ဆောင်းမုန်းလပြည့်ညကို စောင့်ပေတော့၊ အဲဒီကြားထဲမှာ (၇)ရက်ထဲက ဘယ်နေ့နဲ့ဖြစ်ဖြစ် ရက်တူ ဆန်း၊ ပြည့်၊ ကွယ် ကြုံရင် ငွေပြားလေးတွေ ရေးထားလို့ ရတယ်။

အဲ တန်ဆောင်မုန်းလပြည့်နေ့ ရောက်ရင် နံနက်ကတည်းက ဘုရားကို သာသနာတစ်ပွဲ၊ မိမိကိုယ်တိုင်လဲ ဘုရားရှိခိုး၊ ငါးပါးသီလခံ၊ ဂုဏ်တော်ကိုးပါး ပုတီးကိုးပတ်မိအောင်စိပ်၊ သက်သတ်လွတ်စား။

ညဦးသန်းခေါင်ယံရောက်ရင် ကောင်းကင်ကို ကြည့်နေ။ လက်ထဲမှာတော့ ငွေပြားလေးကို အဆင်သင့်ကိုင်ထား။ အဲဒီမှာ ကောင်းကင်က **ကြယ်ကြွေတာကို ကြည့်။ ကြယ်ကြွေတာ တွေ့ပြီဆိုတာနဲ့ "ကျွန်ုပ်ပြောလျှင် ဟ်"**လို့ ရွတ်ဆိုပြီး ရေးထားတဲ့ (အ/ဂ)ငွေပြားလေးမှာ (အ/ဂ)ရဲ့အပေါ်ကို **"သေးသေးတင်လေး"** ရေးလိုက်။ ဒါမျိုးပေါ့။

နဂ္ဂာဗ္ဗာရောင်ခြည်မဂ္ဂဇင်း ၁၉၈၇ (စာမျက်နှာ (၁၉၅) သို့)

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ၊ အမှတ်(၃၂၇)၊ စာမျက်နှာ(၆၅) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် အောင်ရွှေမြတ် (စစ်ကိုင်းတောင်) ရေးသားသော **"စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့် ရှိခိုးပူဇော်ဂါထာတော်များ(၈)"** ဆောင်းပါးကို စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုမိပါသည်။ ယင်းဆောင်းပါး တစ်နေရာတွင်...

"သစ္စာစေတီတော်မြတ်ကြီးသည်ကား စစ်ကိုင်းမြို့၏ တီ(၃)တီ သာသနာဝင်ဖြစ်လေရာ (ပုညစေတီ၊ သစ္စာစေတီ၊ ပတ္တမြားစေတီ)"

ဟု ရေးသားထားသည်ကို အနည်းငယ် ဖြည့်စွက်တင်ပြလိုပါသည်။

ညောင်ပင်သာ ဦးပုည၏ တေးထပ်တစ်ပုဒ်တွင် **"ပတ္တမြားသစ္စ ရှစ်ထောင့်ညီတယ်၊ သုံးတီရှင်တော် ထိန့်ထိန့်ပ"** ဟူ၍ စပ်ဆိုထားသည်ကို ရွှေပြည်ဦးဘတင်၏ **စစ်ကိုင်းတောင်သမိုင်း**တွင် ဤသို့ ရှင်းပြထားသည်။

"တီ( ၃ )တီမှာကား ( ၁ )ပတ္တမြားစေတီ၊ ( ၂ )သစ္စာစေတီ၊ ( ၃ )ရှစ်ထောင့်စေတီတို့တည်း။ အခြားတစ်နည်း တီ( ၃ )တီမှာ ( ၁ )ပုညရှင်စေတီ၊ ( ၂ )ပတ္တမြားစေတီ ( ၃ )သစ္စာစေတီတို့ဖြစ်သတည်း"

*(စာ-၁၂၅)*

ရွှေကိုင်းသား၏ **"ပတ္တမြားစေတီသမိုင်း"**တွင်မူ ဤသို့ တွေ့ရ၏။

"တီသုံးတီမှာ...

၁။ စစ်သားစေတီ(ယခု သစ္စာစေတီ)၊

၂။ ရှစ်ထောင့်စေတီ(ယခု ခြင်္သေ့၃၀ဘုရား)၊

၃။ ပတ္တမြားစေတီ

တစ်နည်း...

၁။ ပုညစေတီ၊

၂။ ပတ္တမြားစေတီ၊


၃။ သစ္စာစေတီ*(စာ-၄၈)*

သို့ဖြစ်၍ ဆရာအောင်ရွှေမြတ်

# စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများကို လေ့လာခြင်းနှင့်

နောက်ဆက်တွဲ

ရွှေဝင်း (စစ်ကိုင်း)



(စစ်ကိုင်းတောင်) ရေးသားဖော်ပြသော တီသုံးတီ(ပုညစေတီ၊ သစ္စာစေတီ၊ ပတ္တမြားစေတီ)အပြင် ပတ္တမြားစေတီ၊ သစ္စာစေတီ၊ ရှစ်ထောင့်စေတီ(ခြင်္သေ့၃၀ဘုရား)ဟူ၍ အခြားတစ်နည်း တီသုံးတီ ရှိသေးကြောင်း မှတ်သားသင့်ပါသည်။

ဆရာအောင်ရွှေမြတ်၏ ဆောင်းပါး



www.burmeseclassic.com

www.burmeseclassic.com






◆ အသမရှမ်း

အခြားတစ်နေရာတွင်...

"မရှိခဏစေတီတော် ဒါယကာ အင်းဝမင်း ခေါင်၏ ဘဏ္ဍာစိုးကြီး ဦးတက်ပြားခေါ် သစ္စာရှိသူ သူခိုးကြီး တောက်ပြား။

သူခိုးကြီး တောက်ပြားသည် ဘုရားတည်နေ စဉ်အတွင်း ငွေလို၍ မရှိလျှင် ခဏသာ ဖြစ်လေ၏။ ခိုးယူလိုက်လျှင် အလွယ်တကူ ရရှိသည်သာ ဖြစ်လေ၏။ "မရှိခဏစေတီ တော်"ဟု ယနေ့တိုင် တွင်လေတော့၏။

သူခိုးကြီး တောက်ပြား၏ အိမ်သူဇနီးမှာ အမေကြွမ်းဖြစ်၍ ကွယ်လွန်သောအခါ နတ် ဖြစ်လေ၏"

ဟူ၍ တွေ့ရပြန်ပါသည်။

မူရင်းဘုရားဘွဲ့တော်မှာ **မဟီယင်္ဂဏ** ဖြစ်ပါသည်။ သီရိလင်္ကာနိုင်ငံရှိ မဟီယင်္ဂဏစေတီပုံစံကို ယူ၍ တည် ထားခဲ့ခြင်း ဖြစ်ပါသည်။ **မဟီယင်္ဂဏ** မှ **မဟိဝဏ၊ မရှိခဏ** ဟူ၍ ပြောင်းလဲ ခေါ်တွင်ခဲ့ခြင်း ဖြစ်ပါသည်။

**မဟီယင်္ဂဏ**(မရှိခဏ) စေတီတော် ဒါယကာမှာ အင်းဝဘုရင် မိုးညှင်းမင်း (၇၈၈–၈၀၁)၏ သူရဲကောင်း စစ်သူ ကြီး **ရာဇသင်္ကြံ**ဖြစ်သည်။ အောင်ပွဲ သုံးဆယ့်ငါးပွဲက ရသော ဆုလာဘ်တို့ နှင့် ဘုရားတည်ခဲ့ခြင်းဖြစ်သည်။

ဦးကုလားရာဇဝင်၊ တွင်းသင်း ရာဇဝင်၊ မှန်နန်းရာဇဝင်တို့အရ သက္ကရာဇ် ၇၈၉ ခုနှစ်ခန့်တွင် တည် ခဲ့ခြင်းဖြစ်သည်။

ဘိုးဝဇီရမှတ်စု **"အကျဉ်းဆုံး ဘုရားသမိုင်း"**အမှတ်စဉ်(၆၅)တွင်...

"မဟီယင်္ဂဏဘုရားမှာ ရာဇသင်္ကြံကောင်းမှု မိုးညှင်းမင်းတရားလည်း တည်၏"

ဟု ဖော်ပြထားပါသည်။

အင်းဝဘုရင် ညောင်ရမ်းမင်းတရား ကြီးလက်ထက် မဟာဝိဇိတာဝီ အရှင် မြတ် ရေးသားသော **"ဝါစကောပဒေ ဋီကာ"**ကျမ်း နိဂုံးတွင်...

"စစ်ကိုင်းရွှေမြို့တော်၏ အနောက်တံခါး ပေါက်အနီး မင်းဝံတောင်ထိပ် မြေအပြင်၌ မဟီယင်္ဂဏစေတီတော်မြတ်ကြီး ဟူ၍ ထင်ရှား၏။

ထိုစေတီတော်မြတ်ကြီး၏ မြောက်ဘက်၌ ရာဇသင်္ကြံအမည်ရှိ အမတ်ကြီးသည် မင်း ခွင့်ပြုချက်ဖြင့် ကောင်းစွာ ဆောက်လုပ်အပ် သော ကျောင်းတော်ကြီး၌ သီတင်းသုံးနေ ထိုင်တော်မူသော မဟာဝိဇိတာဝီမဟာထေရ် သည် ဝါစကောပဒေသစာကိုယ်၏ အဖွင့် ဋီကာကျမ်းကို ရေးသားအပ်လေပြီ"

ဟု ဖော်ပြထားရာ အမတ်စစ်သူကြီး ရာဇသင်္ကြံသည် မဟီယင်္ဂဏဘုရား တည်ပြီးနောက် ဘုရားမြောက်ဘက် တွင် ကျောင်းဆောက်လှူဒါန်းခဲ့သေး ကြောင်း သိရပါ၏။

www.burmeseclassic.com

သူခိုးကြီးတေက်ပြား အကြောင်း ဆက်လက်တင်ပြပါမည်။ ဆရာအောင်ရွှေမြတ်က သူခိုးကြီးတေက်ပြားသည် အင်းဝမင်းခေါင်၏ ဘဏ္ဍာစိုးကြီး၊ မရှိခဏစေတီတော် ဒါယကာကြီးဟု ရေးသားထား၏။

ရာဇဝင်ကျမ်းများအရ သူခိုးကြီးတေက်ပြားသည် အင်းဝဘုရင်သတိုးမင်းဖျား၏ စစ်မှူထမ်းသူရဲကောင်းတစ်ဦး ဖြစ်ပါသည်။ ကိုလိုနီခေတ်တွင် သဘင်သည်များက **"သူခိုးတေက်ပြားဇာတ်ထုပ်"** ကပြခဲ့ရာ တေက်ပြားကို မဟာလူစွမ်းကောင်းကြီး၊ ဘုရင့်ရွှေတိုက်စိုးကြီး၊ မရှိခဏဘုရားဒါယကာကြီးအဖြစ် သရုပ်ဖော် ကပြခဲ့ကြသည်။

သဘင်သည်တို့၏ ဇာတ်လမ်းကို ရာဇဝင်ဆရာဦးဘသန်း၊ အမျိုးသားပညာဝန်ဦးဖိုးကျား၊ စာရေးဆရာပြည်တော်သာဦးထွန်းရီတို့က သူတို့ရေးသားသော စာအုပ်များတွင် ထည့်သွင်းဖော်ပြခဲ့ကြရာမှ တေက်ပြားကို ဘုရင့်ရွှေတိုက်စိုးကြီး၊ မရှိခဏဘုရားဒါယကာကြီးအဖြစ် လူသိများလာခဲ့ခြင်း ဖြစ်ပါသည်။

တေက်ပြားသည် နာမည်ကျော်သူခိုးကြီးဖြစ်၍ စွမ်းရည်သတ္တိနှင့်ပြည့်စုံသော သူရဲကောင်းစစ်သည်တစ်ဦး ဖြစ်သည်မှာ မှန်ကန်ပါသည်။

သူခိုးကြီး တေက်ပြား၏ အိမ်သူဇနီးမှာ အမေကြမ်းဖြစ်သည်ဟု ဆရာအောင်ရွှေမြတ်က ဆိုပါသည်။ ဆရာအောင်ရွှေမြတ်က အမေဂျမ်းကို အမေကြမ်းဟု ရေးထားပါသည်။ **အမေဂျမ်းသည် တေက်ပြား၏ဇနီးဖြစ်ကြောင်း အထောက်အထား မတွေ့ရပါ။**

(၉-၇-၂၀၁၃)ရက်နေ့ထုတ် ရတနာပုံသတင်းစာထဲက ဆရာစောပြည့်၏ သတင်းဆောင်းပါးအရ **အမေဂျမ်းသည် ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်၊ အေးကြည်ကုန်းရွာသူဖြစ်ကြောင်း၊ အမေဂျမ်းသည် အင်းဝခေတ် စစ်မှုထမ်းတစ်ဦး၏ ဇနီးဖြစ်ကြောင်း၊ အထင်အမြင် လွဲ မှားကာ အသတ်ခံရ၍ နတ်ဖြစ် သွားကြောင်း သိရှိရပါသည်။**

အေးကြည်ကုန်းရွာထဲတွင် အမေဂျမ်းနတ်နန်းရှိကြောင်း၊ ရွာနှင့် လေးဘ လုံးသာသာခန့်အကွာ တံတားဦး အပြည်ပြည်ဆိုင်ရာ လေဆိပ်အနီးတွင် အမေဂျမ်းတောင်တော် ရှိကြောင်း၊ အေးကြည်ကုန်းရွာနှင့် အမေဂျမ်း တောင်ပေါ်တွင် **အမေဂျမ်းပွဲကို နှစ်စဉ် နယုန်လကွယ်နေ့တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ ရှိကြောင်း သိရပါသည်။**


**နေဝင်း(စစ်ကိုင်း)**

# ဝါးအမြုတေ

သုံးပုံတစ်နည်း

■ ဒေါ်ရီရီမြင့်၏ ထည့်ဝင်မှု

သုခစာလုံးနှင့် နဂါးပုံ ဝါးအမြုတေ



**ရွှေကျင်မြို့၊ မဟာပညာဗိမာန် စာသင်တိုက် မြောက်ဘက် ကပ်လျက်ရှိ ဒေါ်ရီရီမြင့်၏ နေအိမ်တွင် နဂါးသဏ္ဍာန် ကွေ့ကောက်နေသော ဝါးအမြုတေတစ်ခုကို** တွေ့ရသည်။

တောတွင်း ဝါးခုတ်ရာမှ ဝါးတစ်လုံးအတွင်းအဆစ်တိုင်း၌ အူတိုင်ကလေးများ ပါရှိနေရာ နီးစပ်ရာ ဆွေမျိုးမိတ်သင်္ဂဟများအား တစ်ဆစ်စီ ဝေငှ သိမ်းဆည်းထားခြင်း ဖြစ်သည်။

နေအိမ်ဂေဟာအတွင်း ကျက်သရေဝေဖြာ၍ သုခပြည့်စုံစေသည့် အဆောင်ပြုကြခြင်း ဖြစ်သည်။ ထို ဝါးအမြုတေအား သုခဟူသော ဖူ(Fú)စာလုံးပေါ်၌ ထားရှိရာ အလွန် လျော်ကန်လှသော အစီအစဉ် ဖြစ်သည်ကို သတိပြုမိသည်။

ဝါးအမြုတေအား ကျဲန်းကျူ (Zhen Zhú)ဟု ခေါ်ဝေါ်နိုင်သည်။ ပုလဲရတနာအား ခေါ်ဝေါ်သော အသံ ထွက်နှင့် ဆင်တူသည်။ ပုံစံမှာ နဂါး ဖြစ်သောကြောင့် **ကျူးလုန်**(ဝါးနဂါး) (Zhú Lóng)ဟုလည်း ခေါ်ကြသည်။

**ဝါးတို့သည် သိဒ္ဓိမြောက် မြက်ပင် ကြီးများ ဖြစ်ကြရာ အမွှန်အမြင့် သဏ္ဍာန် နဂါးနှင့် ယှဉ်တွဲခြင်းဖြင့် သု ပြည့်စုံစေသည့် သင်္ကေတများ ဖြ တည်လာသည်။**

ယင်းကို သုခ စာလုံးပါ စားပွဲခင်း ပေါ် တင်ထားခြင်းဖြင့် ညှိခန်းနှင့် တကွ နေအိမ်ဂေဟာအတွက် သုခ ကျက်သရေ ဝေဖြာစေသော အစီအစဉ် ကောင်းတစ်ခု ဖြစ်ပေသည်။

**ဟူကျင်းဇီ**



www.burmeseclassic.com



ရွှေတောင် ကြည်မောင်ဝေး

# သံဖိုတောင်က အမေညို (၄)

ယခင်လမှ အဆက်

ဟန်းဘွဲ့တော်က ဦးကုမာရ။ ဘက်မှာ စကားဝိုင်းဖွဲ့ကြတော့ ်းသီလအကြောင်း ရောက်သွား ယ်။ ညွှန့်သည်က ပါဏာတိပါတ ာ လူကိုသတ်မှ ကံမြောက်တယ်။ ္တောန်ကိုသတ်ရင် ကံမမြောက်ဘူး

းဟန်က ဘယ်သက်ရှိသတ္တဝါကို သတ်ရင် ကံမြောက်တယ်။

မ်ရှင် မောင်ဖိုးဟန်က ညွှန့်သည် ာ်ကြီးခံငြင်းတယ်။ မောင်ဖိုးဟန် အငြင်းသန်လိုက်တဲ့များ။ ပြောပါ ယ်၊ ပျစ်ပျစ်နှစ်နှစ်ငြင်းတာ၊ စိတ်ရှိ ာ်ရှိငြင်းတာ၊ အတင်းတရကြမ်း။ းဟန် သူသာ မှန်တယ် ထင်လို့ ာ့ ဘယ်တော့မှ အလျှော့မပေး အသေဆုပ်ထားတာ။ ငြင်းလိုက် ာ အကြာကြီး။ ဦးပဉ္ဇင်းကြီးက ာ့ တစ်ခွန်းဝင်လို့ နှုတ်တော်မဟ။

လူမိုက်တွေ ငြင်းကြစမ်းဆိုတဲ့ သဘော နဲ့ တူပါရဲ့။

ပွဲက မပြီးဘူး။ အငြင်းသန်လွန်းလို့ နှစ်ယောက်သား မောပြီး ရပ်သွား တယ်။

နောက် (၁၅)ရက်လောက်ကြာ တော့ မောင်ဖိုးဟန် သံဖိုတောင် အမေညိုဆီ ရောက်သွားပြန်တယ်။ တစ်ယောက်တည်းသာ။ ဖော်မပါ။ မောလိုက်တာ ခြေကျင်ခရီး။

အမေညိုက မောင်ဖိုးဟန်ကို ဆီးကြို တယ်။ နှုတ်ဆက်စကားနဲ့

'မောင်ခင်ညွှန့်ရေ သား လူလေးကို ခေါ်ပါဟဲ့၊ မောင်ဖိုးဟန်ကို နေရာပေး ပါဟဲ့။ သမီးမဟန်ရေ ရေနွေးပန်းကန် နဲ့ရေနွေးအိုးချ။ အမြည်းကတော့ ရှိတာ ယူခဲ့။ ငါ့သားလေး မောလာတယ်။ ပါဏာတိပါတ သူ့အသက် သတ်ခြင်း ကို ငြင်းခဲ့တဲ့သား အကြောက်အကန် ညွှန့်ထောက်ခံ'

မောင်ဖိုးဟန် ဘာတစ်ခွန်းမှ မပြော နိုင်ဘူး။ လူက ယိုင်နေပြီ။ မောလိုက် တာများ။ ပြောမထွက်ချင်ဘူး။ မှန်တာ တွေပြောတော့လဲ အခက်သား။

ပါလာတဲ့ စားဖွယ်သောက်ဖွယ် မုန့်ပဲသရေစာတွေနဲ့ အသုံးအဆောင် ပစ္စည်းလေးတွေ ရှေ့မှာချ။ စာအိတ် ကလေးထဲမှာက အမေသုံးဖို့ငွေ။

တွေတွေထူးထူးတော့ တုံ့ပြန် စကားမဆို။ အမေညိုကို ရှိခိုးဦးချ





www.burmeseclassic.com

www.burmeseclassic.com

ကန်တော့။ ဆိုဆုံးမမှုကိုတော့ အပြည့်အဝခံယူ။

'ငါမှန်တယ်ဟဲ့ ဆိုတဲ့
မာန်နဲ့ဖွတ် အတင်းခံမငြင်းနဲ့။
သူ မှန်တယ်ထင်တာကို
ပြောတာ အသာလေး ကြည့်နေလိုက်။
မသိတဲ့သူကို မင်း အပြိုင်ငြင်းရင် မင်း ဘယ်လောက်မှန်မှန် တစ်ယူသန် တစ်ကြောင်းဆွဲလို့ တစ်မျိုးတည်း သူ့အမြင်၊ သူတကယ် ထင်သွားမှာက တော့ မင်းအရှုံး'

* * *

မောင်ဖိုးဟန် ငှက်ပျောငါးဖီးဆိုင် ပွဲလှူရတယ်။ ရတနာသုံးပါးက(၃)ဖီး၊ မိဘနဲ့ ဆရာက(၂)ဖီး။

အုန်းသီးဆို ကြွက်မြီးလေးကလှမှ။ ငှက်ပျောဆိုရင်လဲ ဝမှ။

အမြဲတမ်းလှူဖြစ်တာက ရခိုင်ရေသီး ငှက်ပျော၊ ဝဝကစ်ကစ်ကလေး။ ရင်မှာ အေးလို့ စိတ်ချမ်းသာ။

တစ်နေ့မှာတော့ ဦးမောင်ကွန်း၊ ဒေါ်တင်လှတို့ခြံထဲက စိတ်ကြိုက် တစ်ခိုင်တည်းက ငှက်ပျော(၅)ဖီးဝယ် တယ်။ ခါတိုင်းဆို (၁၅)ပြားနဲ့ ပြား(၂၀)။

အခု ငှက်ပျောသီးကတော့ ဖီးဆိုင် လေးကလဲလှ၊ သီးလုံးလေးတွေကလဲ ဝ၊ လုံးရေကလဲ (၁၅)ကျော်၊ (၂၀)နီးပါး။ စွံ့စွံ့ကားကား ဖုံ့ဖုံ့ကြွားကြွား ဖွံ့ဖွံ့ ထွားထွား။

(၁၅)ပြားနဲ့ မရဘူးတဲ့။ တစ်ဖီးတစ် မတ်၊ ငါးဖီးငါးမတ် ဝယ်လိုက်ပါတယ်။ ကြပ်ကြပ်မတ်မတ်။

အလင်းတိုင်၊ အမွှေးတိုင် ထီး၊ တံခွန်၊ ကွမ်းယာ၊ လက်ဖက်တွေနဲ့ စိတ်လက်ကြည်သာ လှူလိုက်တာ။

(၇)ရက်ကြာလဲ မမှည့်၊ (၁၅)ရက် ကျော်လဲ မမှည့်၊ ရက်(၂၀)ကျော် တစ်လနီးတဲ့အထိ မမှည့်။ ငှက်ပျော ငါးဖီး သီးလုံးတွေလှ၊ လုံးဝမညိုး မှည့်မျိုးမထင်။



ငှက်ပျောက ပွဲပျော်နေတာ။

ဖိုးဟန် ဒေအ ဘာမှမသိ။ သူသိတာ က ဘာကြောင့် မမှည့်၊ ကြည့်ကြည့် ပြီး စိတ်မောပ ဒီဖြစ်အင်သဘော စောကြောလို့နေမိ။

(၄၅)ရက် တစ်လခွဲ၊ ပွဲကတော့ စိမ်းစိမ်းစို။ မှည့်ကိုမမှည့်။ ဖိုးဟန်မှာ စိတ်တွေချောက်ချား။ မှားတော့မယ်။ ပွဲအသစ်လှူရတယ်။

မနက်မှာ ပွဲအသစ်တင် ညနေ နေ မဝင်သေးဘူး။ ပွဲတော်ကျ ငှက်ပျော (၅)ဖီးလုံး အကုန်မှည့်၊ ကဲ ကောင်း ကြသေးရဲ့လား။

အဖီးတွေလဲချိုလို့ အလုံးတွေလဲစီလို့ ဝင်းဝါထိန်။

ဒီအတိုင်း ဆက်သာလှူထားလိုက် ရရင် ဘယ်အချိန်အထိ အစိမ်းရောင် မပိုန်။

သံဖိုတောင်က ရလာတဲ့ ပုတီးလေး ကိုမောင်ဖိုးဟန်က ညမနက် ဝတ်မပျက် စိပ်တယ်။ အဓိဋ္ဌာန်ဝင်တယ်။ စိပ်ပြီး တာနဲ့ (၃)ပတ်ပတ် ရစ်ခွေ။ ဖီးဆိုင်ပွဲ ရဲ့ အုန်းသီးကြွက်မြီးကိုစွပ်။ တင်ထား တယ်။

တစ်မနက်တော့ ပုတီးစိပ်မလို့ ပုတီးကို ယူလိုက်တော့ ပုတီးလုံးတွေ ပွဲထဲကို ပြုတ်ကျကုန်တယ် တဒေါက် ဒေါက်နဲ့၊ ကြွက်ကိုက်တာလား။

စနေနေ့ကြီးဗျာ ဘယ်လို ဖြစ်ပါလိ
လို့ တွေးပြီး ဘာမှ ဆက်မလုပ်ဝံ့ဘူ
ပုတီးလဲ မစိပ်ဖြစ်တော့ဘူး။

မနက် (၉)နာရီလောက်မှာတော့
မောင်ဖိုးဟန် အလုပ်ရှုပ်နေပြီ
သင်ဖြူးဖျာများကိုခင်း
စားပွဲခင်းလေး
ဖြန့်တင်။ ပွဲထဲက ငှက်ပျောသီးတွေ
ထုတ်၊ အုန်းသီးကိုထုတ်၊ စားပွဲခင်း
မှာထား။

ကြွေဇလုံကြီးထဲမှာ ပုတီးလေးတွေ
စီလို့။ ပုတီးခေါင်းကို ကောက်
လိုက်တော့ ပုတီးကြိုးက ပြတ်
တယ်။ တိတိရိရိ ကတ်ကြေးနဲ့ ကို
ထားသလို အစွန်းအစမထွက်၊ တွေ
တောရခက်နေပြီ။ အဖျက်အဆီး
လား။

ပုတီးတစ်လုံးက ပျောက်နေတယ်
ဘယ်လိုရှာရှာ မတွေ့။ (၁၀၈)
(၁)လုံးကို ဘယ်လို ဘယ်လို ဘယ်
ဖြစ် မောင်ဖိုးဟန် စိတ်ညစ်။

ဖြစ်သမျှအကြောင်း အကောင်း
တွေး။ ပုတီးခေါင်းနဲ့ ပုတီးကြိုး
လက်ကိုင်ပဝါထဲကိုထည့်။ ပုတီး
တွေကို တစ်လုံးစီ တစ်လုံးစီ ကော
ကောက်ပြီးယူ။ လက်နဲ့ဆုပ် အုပ်ပြီး
လက်ကိုင်ပဝါထဲထည့် ထုပ်။

ပွဲကိုတော့ ပြန်ပြီးလှူ၊ ပွဲအသ
တင်။

တနင်္ဂနွေနေ့မှာတော့ မောင်ဖိုး
သံဖိုတောင်ကို ချီတက်ပြီ။ အမေ
အပြုံးနဲ့ ကြိုမယ် မြင်ယောင်
တော့ တရေးရေးထင်။

'ငါ့သားရယ် ပင်ပန်းလိုက်
ချက်ချင်းကြီးပဲ လာရသလား
မင်းပျောက်သွားတဲ့ ပုတီးတစ်
အပေါ်ဝတ်သိုရင်းအင်္ကျီ
ဘက် ဘယ်ဘက်အိတ်ထဲ





www.burmeseclassic.com

www.burmeseclassic.com

နဲ့ နိူက်ယူပြီး ဖိုးဟန်ကို ပေးတယ်။

မောင်ဖိုးဟန် အံ့သြလိုက်တာ လွန်ပါရော။ သိတန်သမျှတော့ သိရပြီ။ အကုန်အစင်တော့ မဟုတ်သေး။

'မင်းနှယ်ကွယ် နေနိုင်လိုက်တာ။ အမေ့ကို ပစ်ထားသလား သားရဲ့၊ မလာတာ ကြာပါပကော။ ဒါကြောင့် မင့်ကို လာအောင် ခေါ်လိုက်တာ'

အမေ့ညို့စကား ကြားတော့ ဖိုးဟန်မှာ စိတ်မကောင်းခြင်းကြီးစွာ ခံစားရလေတယ်။ ဩော်... မင်းခယောက်ျား ကမ်းနားသစ်ပင်။

* * *

ဖိုးဟန့်မိဘ ဦးခင်မောင်နဲ့ ဒေါ်အေးကြည်တို့က တရုတ်မော် တိုက်နယ် ဆေးရုံကို အဝီစိတွင်းလှူတယ်။ ၁၉၇၂ ခုနှစ်၊ ဧပြီလမှာ တစ်လက်မခွဲပိုက်နဲ့။ ပြည်မြို့က တွင်းတူးအဖွဲ့ကို ငှားပြီးတူးတာ။


ရေထွက်လာဖို့ (၅)ရက်ကြာတယ်။ ကျောက်ဖျာတွေ့နေလို့။

ကျောက်ဖျာကိုဖောက်တာ တစ်ရက်နဲ့တစ်မနက်။ ထွက်လာတာက ရေချိုရေကြည်ရေအေး။ တွင်းအောက်ခြေမှာ ခင်းနေတာက ကျောက်စရစ်ပြုပ်ကလေးတွေ။ ကောင်းလိုက်တဲ့ရေ သောက်လိုက်ရင် ရင်တွင်းမှာ သိုကြည်အေးမြ။

ကဲ...ကဲ... ရေကတော့ တွေ့ပြီ။ နားကြစို့။ မနက်စာ စားကြမယ်။ ပိုက်ကိုအွဲတင်။

ပြုံးပျော်ရယ်မော မောသမျှ အပန်းပြေ။ ရေတွေ့ပြီလေ။ ခဏနေပြီး အိမ်ကိုပြန်။ မနက်စာ ထမင်းစား အားရအောင် နားပြီးတော့ တွင်းဆီကို ပြန်သွား။

အားပါးတရ သံပိုက်ကို တွင်းထဲ ပြန်အချ။ သဲထုက နောက်ကလိုက်



ကျောက်ဖျာတွင်းဝကို ကျပ်လိုက်ပြီ။ ရော... ခက်ချေပြီ။

သံပိုက်ကို မ,လိုက်တော့ ဘယ်လိုမှ ရွှတ်လို့မရ။ ဒုက္ခတော့ ရောက်ပြီ။

ကုပ်နဲ့ကော်မ သံပိုက်ပြတ်ကျ။ ဆုံးရှုံးရပြီ။ ဖိုးဟန်မိဘ စိတ်မာတ်ကျ။ ပစ်ထားလိုက်ကြ။ ဖြစ်ချင်တိုင်းဖြစ်ဟာ။ အနက်ပေက (၁၉၀)။

၁၉၈၅ ခုနှစ်၊ မတ်လမှာ တရုတ်မော်ရွာ မလွန်ဈေးဆန်လှူအသင်းထောက်က ဦးဆောင်လို့ တရုတ်မော်တိုက်နယ် ဆေးရုံမှာ သံဃာ့ဆေးကုသဆောင် ဆောက်လုပ်လှူဒါန်းတယ်။ အများကောင်းမှု ပြည်သူ့ကုသိုလ်။

ဖိုးဟန်က တရုတ်မော်တိုက်နယ် ဆေးရုံ ကြီးကြပ်ရေးအဖွဲ့မှာ အတွင်းရေးမှူး။ မလွန်ဈေးဆန်လှူသင်းထောက်ရဲ့ အတွင်းရေးမှူး။

- မောင်ဖိုးဟန် ကြံစည်ပြီ။

သူ့မိဘတွေက လှူကံ မမြောက်ခဲ့တဲ့ အဝီစိတွင်း။ မျက်စိနှစ်ကွင်းမှာ ထင်းခနဲပေါ်။ တရုတ်မော်ရွာ မလွန်ဈေးဆန်လှူသင်းထောက်ကလဲ ဦးဆောင်လို့ အကောင်အထည်ဖော် ပြည်သူ့အလှူတော်။

မောင်ဖိုးဟန်က သံဃာ့ဆေးကုသဆောင်ရဲ့ အနောက်မြောက်ထောင့် ခြေလှမ်း(၂၀)အကွာမှာ နေရာသတ်မှတ်။ ရာဇမတ်ကာ။

မေးသင့်မေးထိုက်တာတွေ မေးဖို့ ဦးဌေးလွင်ကို သံဖိုတောင် အမေညို့ဆီလွှတ်။

မောင်ဖိုးဟန် တူးချင်နေတဲ့ နေရာ မှတ်ထားတဲ့ ငုတ်တိုင်လေးရဲ့ အရှေ့ အရပ်တစ်တောင်အကွာ အမေညို ပေးထားတဲ့ နေရာ။ အခု အဝီစိတွင်း တူးထားတာ။

ရေဆိုတာ အားမနာတမ်းသုံး၊ ကြိုက်သလောက်သုံး၊ သုံးချင်သလိုသုံး မကုန်နိုင်၊ မခန်းနိုင်၊ လျှံလန်ကျ ပြည်သူတို့ရဲ့ ကုသိုလ်ဒါန မျက်မြင်ဒိဋ္ဌ။

* * *

၂၀၁၃ ခုနှစ်၊ မေလ(၁၇)ရက် သောကြာနေ့မှာ သံဖိုတောင်က အမေညိုအကြောင်း ဖိုးဟန်က နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာတည်းချုပ် ဆရာ ဦးကျော်မိုးသိန်းကို ဖုန်းဆက်ပြောပြတယ်။

စာတည်းချုပ်က ဖိုးဟန် ပြောပြတာတွေကြားတော့ လမ်းညွှန်တယ်။

'အသက် (၁၀၀)ကျော်နေပြီဗျ။ ချက်ချင်းသွားပါ၊ အခုသွားပါ'

တဲ့။ စာတည်းချုပ်ရဲ့နှုတ်ကို နတ်ကောင်းနတ်မြတ်တွေ စောင့်ကြပ်နေသလိုပဲ။ တစ်မျိုးကြီး။

'မနက်ဖြန် သွားမယ်ဗျာ'

လို့ မောင်ဖိုးဟန် ပြန်ပြောလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာတို့ရဲ့အတတ် ဝိဇ္ဇာပညာရပ် အသီးသီးကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးက မြန်မာသာမက ကမ္ဘာကပါ သိအောင်...။

စာတည်းချုပ်ရဲ့ ကျေးဇူး အထူးကြီးမားလှပါတယ်။ ပါရမီ ကူညီဖြည့်ပါမှ...။

မြန်မာ့ဝိဇ္ဇာပညာရပ်ကို တတ်တဲ့ သံဖိုတောင်က အမေညိုဆီကို မောင်ဖိုးဟန် ၂၀၁၃ ခုနှစ်၊ မေလ (၁၈)ရက် စနေနေ့မှာ သွားပါတယ်။

အမေညိုစားဖို့ မုန့်ပဲသရေစာ ချိုချဉ် သစ်သီး ဝယ်ဝယ်ပြီး ခြင်းကလေးထဲ ထည့်၊ ကန်တော့မယ့်ငွေကတော့ အိတ်ထဲမှာ။

မနက်(၆)နာရီသာသာ အိမ်က အထွက်၊ (၇)နာရီ (၁၅)မိနစ်မှာ ရေနံရှာဖွေရေး ဝန်ထမ်းများ အိမ်ထောင်သည်လိုင်းကို ရောက်တယ်။ စီးလာတဲ့ ဆိုင်ကယ်ကို ဝင်ထား၊ အပ်နှံ။

သံဖိုတောင်က အမေညို့ဆီကို သွားမယ့်အကြောင်း ပြောတော့...

'မသိဘူးလား အမေညို ဆုံးသွားပြီ'

'ဟုတ်လားဗျာ'

'ကျွန်မတို့က သိလို့လာတယ်ထင်တာ'

မောင်ဖိုးဟန် ရင်ဝကို ဆီးပြီးအကန်ခံလိုက်ရသလို ပက်လက်လန် လဲကျမတတ်။ စိတ်ဓာတ်ကတော့ အကြီးအကျယ်ကျသွားပြီ။

စာတည်းချုပ်နဲ့ လမ်းညွှန်ချက် အမှာစကား သွားမှဖြစ်မယ်။ ဖိုးဟန်ကလဲ သွားကိုသွားချင်နေတယ်။ အရောက်သွားမယ်။ ခြေကျင်ခရီး စတင်။ မြေပြင်ကမညီ ဆင်ခြေလျှော။ တစ်တောကိုတိုး၊ တစ်ချုံလျှိုးလို့။

စိတ်မောလူမောနဲ့ လှမ်းလာလိုက်တာ။ ဟိုတုန်းက မိနစ်(၃၀)ခရီး။ အခုတော့ (၄၅)မိနစ်ကြီးများတောင် ကြာပေါ့။ အသက်ကတော့ စကားပြောပြီ။ စိတ်က ဆောင်သော်လဲ ကိုယ်ကကော့ ဖြောင်ကျကျ ငြင်းနေပြီ။

စိတ်နောက်ရယ်တဲ့ ကိုယ်မပါ။ သံဖိုတောင်အရောက် ခရီးတစ်ထောက် ပြီးတစ်ထောက် နားခဲ့ရတယ်။ (၅) ကြိမ်(၅)ခါ။

မနက် (၈)နာရီ(၃၀)မိနစ်မှာ ရောက်ပါပြီ သံဖိုတောင်။ အမျိုးသား (၄) ယောက်၊ အမျိုးသမီး (၁)ယောက် တွေ့တယ်။ ဖိုးဟန်က မေးတော့...

'၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း(၁)ရက်၊ ၂၀၁၃ ခုနှစ် မေလ( ၁၀ )ရက် သောကြာနေ့ ညနေ (၅ )နာရီ ( ၁၀ )မိနစ်မှာ ကွယ်လွန်တယ်။

သံဖိုတောင်ရဲ့ အနောက်တောင်ထောင့် (၄ )ဖာလုံလောက်အကွာ အမေညို တည်ထားကိုးကွယ်ခဲ့တဲ့ တစ်ဝဂ္ဂတုရှားနားမှာ ဂူဗိမာန် တည်ဆောက်ထားတယ်'

လို့ ပြောပြကြတယ်။ ဖိုးဟန်က မေးတယ်။

'သံဖိုတောင်မှာ ဘယ်သူ သာသနာ ဆက်ပြုမှာလဲ'

'မရှိဘူး'

တဲ့။ ခက်ချေပြီ။ အကုန် ဆုံးရှုံးသွားပြီ။

မြောက်ဘက် ထမင်းစားဆောင် ခေါင်းရင်းဆုံးအခန်း အသေပိတ်ထားတဲ့ ဝါးကပ်ခံတဲ့ ဝါးထရံမှာ အမေညို... ဓာတ်ပုံနှစ်ပုံ ချိတ်ထားတယ်။

တစ်ပုံ ထိုင်လျက်ဆေးလိပ်သော... နေတဲ့ပုံ၊ နောက်တစ်ပုံက သိုရင်းအ... ဝတ်ပြီး ရပ်နေတဲ့ပုံ။ (၂)ပုံစလုံး ဖိုးဟ... ဓာတ်ပုံရိုက်ခဲ့တယ်။

'တောင်ဘက် ကျောင်းဆော... အပေါ်ဘပ်က ဓာတ်ပုံတွေကို ရိုက်... ပါရစေ'

လို့ ဖိုးဟန်က ဆိုတော့...

'ဓာတ်ပုံသေးသေးလေးတွေပဲ ... တယ်'

တဲ့။

မောင်ဖိုးဟန် ဟိုယခင် အမေညို... စဉ်က တောင်ဘက်ကျောင်းဆော... မြောက်ဘက်ကျောင်းဆောင် လူ... တံ့ခေါက် ခေါက်တံ့ခေါက်ပြန်၊ ကူး... သွားလာ နေချင်သလို နေခဲ့တာ... ခုတော့ဖြင့် မနေသာ။

သံဖိုတောင်နဲ့ ဝေးခဲ့တာ နှစ်ပေါ... (၄၀)နီးပါး။ မမဟန်နဲ့ မောင်ခင်... တို့ကလဲ ကွယ်လွန်သွားကြ... မရှိကြပြီ။ ဘယ်မှာလဲ အားကိုး... မရှာနဲ့။

ဖိုးဟန်ကလဲ လက်ရှိသူတို့... မသိ။ သူတို့ကလဲ ဖိုးဟန်ကို... ဘုမသိဘမသိ ယုံကြည်မှုမရှိ ပ... သိနိုင်ခက်ခဲ၊ လွဲချက်ကနာ။

သချာတာကတော့ ပြန်ရ... မယ်။ မပြန်ခင် လိုချင်တာ...



www.burmeseclassic.com

www.burmeseclassic.com

တော့ မေးမှ၊ တောင်းမှ။

အမေညိုရဲ့ အကောင်းဆုံးခါတ်သား၊ သွပ်၊ သွပ်လက်စွပ် သွပ်လက်ကောက်၊ သွပ်ဆွဲကြိုး တစ်မျိုးမျိုးများ ကျန်လေမလား။

'ခါတ်ပစ္စည်းများ ကျန်သေးလား ကျန်ရင် လိုချင်လို့ပါ'

လို့ ဆိုတော့…

'ကျန်တဲ့ ဓာတ်ပစ္စည်းတွေကို ဝေမျှပြီး ယူသွားကြပြီ၊ ကုန်ပြီ'

မောင်ဖိုးဟန် အမောဆိုက်သွားတာပဲ၊ ထင်ထားတာနဲ့ မကိုက်၊ လွဲလိုက်လေ။ ကံကလဲ ခေလှချည့်။

မချိတဲ့နှလုံး မပြုံးတဲ့ မျက်နှာနဲ့ ဖိုးဟန်မှာ သံဖိုတောင်ကနေ အပြန်ခရီးစ။ အချိန်က မနက်(၈)နာရီ (၄၅) မိနစ်။ သံဖိုတောင်မှာ (၁၅)မိနစ်သာကြာ။

သံဖိုတောင်ရဲ့ အနောက်မြောက်ထောင့် (၂)ဖာလုံလောက် အကွာမှာ အမေညို တည်ထားခဲ့တဲ့ ကိုးနဝင်းဘုရားနားကို ရောက်တော့ ခရီးတစ်ထောက်နားတယ်။ နားကြိမ်ကတော့ ဒုတိယအကြိမ်။

အင်ကြင်းပင်ကြီးတစ်ပင်ရဲ့ အရိပ်အောက်မှာထိုင်၊ အမောဖြေ။ အမောပြေတာနဲ့ စာတည်းချုပ်ဆီကို ဖုန်းဆက်။

သံဖိုတောင်က အမေညို အသက်ရှင်လျက်မတွေ့ပြီ။ ဆုံးရှုံးခြင်းကြီးစွာ စိတ်မကောင်းခြင်းကြီးစွာ အကျိုးအကြောင်း အဆိုးအကောင်းကို မောင်ဖိုးဟန်ပြောတော့ စာတည်းချုပ်က နှစ်သိမ့်စကား တစ်ခွန်းဆိုတယ်။ ဒီလို…

'သာသနာပြု ပုဂ္ဂိုလ်ကြီးတစ်ပါး အတိုက်အခိုက် အခက်အခဲတွေနဲ့ တွေ့ရတဲ့အခါ ညည်းတွားသတဲ့'

'အဲဒီတော့…'

လို့ ဖိုးဟန်က ဆိုတော့…

'ဘိုးတော်အောင်မင်းခေါင်က မင့်အဖေဘုရားတောင် လောကဓံ ခံရသေးတာ၊ မင်းက ဘာသားနဲ့ ထုထားတာမို့လဲလို့ ဆုံးမစကား ဆိုသတဲ့'

စာတည်းချုပ်ရဲ့ နှစ်သိမ့်စကား မောင်ဖိုးဟန်နားမှာ အဖန်ဖန် ကြားယောင်လျက် ရင်ဝဆီဆို့တက် နှုတ်က ထွက်သွားတာကတော့…

'အို……အမေ'

ရွှေတောင် ကြည်မောင်အေး

# ခြေကျိုးဘဲ

ပူစရာမလို

မောင်မြောင်
(ဖောင်တော်လည်)



လူ့ဘောင်လောကတွင် လူအမျိုးမျိုး ဝါသနာအမျိုးမျိုး ရှိတတ်ကြလေရာ တချို့က တိရစ္ဆာန်များကို တစ်ကောင်မဟုတ် တစ်ကောင် မွေးမြူစောင့်ရှောက်တတ်လေသည်။

ခွေးချစ်သူက ခွေးမွေးသည်။ ကြောင်ချစ်သူက ကြောင်မွေးသည်။ အချို့က ငှက်ကလေးများ မွေးမြူတတ်ကြလေသည်။ တချို့က ကြက်ချစ်သည်။ တချို့က ဘဲချစ်သည်။ တချို့က ငှက်ချစ်သည်။

အမျိုးမျိုး ရှိတတ်ကြလေရာ ချစ်၍ပဲမွေးမွေး၊ ဝါသနာပါ၍ပဲ မွေးမွေး၊ စီးပွားဖြစ်ပဲမွေးမွေး မွေးမြူထားသော တိရစ္ဆာန်များ ကျန်းမာသည့်အခါ (သို့မဟုတ်) အနာအရ ဖြစ်သောအခါ စိတ်မချမ်းမြေ့ကြပါ။

ယခု ကျွန်တော် တင်ပြပေးလိုသည်မှာ ဘဲခြေကျိုးခြင်းနှင့် ကုထုံးလေးဖြစ်ပါသည်။

ကျွန်တော်ကိုယ်တိုင်လည်း မွေးမြူ၍ ယင်းဖြစ်စဉ်မျိုး မကြာခဏ ဆိုသလို ဆောင်ရွက်ပေးခဲ့ရသည့် အကြိမ်ပေါင်းနည်းလိမ့်မည် မထင်တော့ပါ။

ဘဲခြေကျိုးလျှင် (ဘယ်လိုကြောင့်ပဲကျိုးကျိုး) ပထမဦးစွာ ဥစားပိန်း (သို့မဟုတ်) ရိုးစားပိန်းပင်( မည်သည့်ပိန်းပင်မျိုးမဆို ရပါသည်။ ) ယင်းပိန်းပင်အရွက်အား ကတ်ကြေးဖြင့်( စက္ကူ/အဝတ်ပတ်တီး )ကဲ့သို့ အလျားလိုက် ရှည်ရှည်ရအောင် ညှပ်ယူပါ။ ပြီးလျှင် ကျိုးနေသော ဘဲခြေထောက်အား ပုံသဏ္ဌာန်မှန်အောင်ထားပြီး ပိန်းရွက်ပတ်တီးဖြင့် ပတ်ပါ။

(စာမျက်နှာ (၂၀၈) သို့)

www.burmeseclassic.com

မြေမိုးချစ်
(နတ်မောက်)

# လေးလုံးစမ

ပုတီးစိပ်မှာ အသုံးချ



တစ်ခုသောနံနက် ကျွန်တော် စာရေးနေစဉ် မမျှော်လင့် မထင်မှတ်စွာ အလည်ရောက် ပေါက်ချလာသူမှာ ကိုကောင်းမွန်ပင် ဖြစ်ပါသည်။

'လှမြင့်သစ် မင်းကတော့ကွာ ငါလာတိုင်း စာရေးလို့ချည်း တွေ့ရတာပဲ။ အလည်လာရမယ့်လူတောင် အိုးတိုးအမ်းတမ်း ဖြစ်,ဖြစ်သွားတယ်'

'ရပါတယ် ကိုကြီးကောင်းရာ၊ လာသာလာပါ၊ လာချင်တဲ့အချိန် လာခဲ့ပါ။ ကျွန်တော် ညှော်ခံမှာပေါ့'

'မလိုပါဘူးကွာ၊ မင်းနဲ့ ဆွေးနွေးချင်တာလေး အဓိက ဆွေးနွေးရရင် ပြီးတာပါပဲ'

ဤသို့ဖြင့် ကိုကြီးကောင်းနှင့် ကျွန်တော် ဆွေးနွေးမိသမျှ တင်ပြရေးသားအပ်ပါသည်။

'**စ.ဓ.ဗ.ဝ** လေးလုံးစမတော့ မင်းသိတယ်မဟုတ်လား'

'ဂဃနဏတော့မဟုတ်ဘူး ကိုကြီးကောင်း။ သိတယ် ပြောရခက်၊ မသိဘူး ပြောရခက်ပဲဗျ'

'မင်းဟာကလဲကွာ သိ,သိတယ်၊ မသိ,မသိဘူး လုပ်စမ်းပါ။ သောင်မတင် ရေမကျ လုပ်နေပြန်ပါပြီ'

'မဟုတ်ဘူး ကိုကြီးကောင်းရဲ့ ဒီလိုရှိပါတယ်။ မသိဘူးဆိုတော့လဲ လုံးလုံးမသိတာ မဟုတ်ဘူး၊ ကြားဖူးနားဝသိထားတာလေးတွေ ရှိတယ်။ သိတယ်ဆိုတော့လဲ ခရေစေ့တွင်းကျ စစ်စစ်ပေါက်ပေါက် သိတာမဟုတ်လို့ပါ'

'ကဲ လုပ်စမ်းပါဦး။ မင်း သိသမျှလေး'

'အဲ...ကျွန်တော် သိသမျှလေးဆိုရင် လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်လောက်က ကက်ဆက်တိပ်ခွေထဲက ကြားဖူးခဲ့တာ။ ပန်တျာဦးကြည်လင်နဲ့ ပန်တျာဒေါ်တင်တင်မြင့်တို့ရဲ့ "**မြစိမ်းသိုက်သမိုင်း**" ဇာတ်ထုပ်ထဲမှာ သိုက်ဆရာက မြစိမ်းသိုက်ကိုရှာတော့ ရွတ်ဆိုသွားတာလေဗျာ...

"စ.ဓ.ဗ.ဝ လေးလုံးစမနဲ့ ဆေးအသုံးချပြီး ကြိမ်ရတနာနဲ့နှိမ်ဖ ဒဏ်တစ်ခါ မိုး... မယ် ရတနာသိုက် ပေါ်လေရှော... ဆိုပြီး ကြားဖူးခဲ့တယ်ဗျ။

ကျွန်တော့်ဦးကြီး ဦးညွှ... ကတော့...

'**စ.ဓ.ဗ.ဝ အင်းစမနဲ့ ဆေး... ချမယ်**'' လို့ ပြောဖူးတယ်။ ...

''စ.ဓ.ဗ.ဝ စမလေးလုံး ... သလိုသုံး'' လို့ ပြောဖူးတယ်ဗျ ...



www.burmeseclassic.com

www.burmeseclassic.com

သုံးမယ်၊ သုံးရတယ် ဆိုတာတော့ သေိဘူး။ သိုက်စာလား၊ ဘာလားလဲ ကြေပြားခဲ့ပါဘူးဗျာ။

အဲ...အဲ... နောက် ကြားဖူးတာ တစ်ခုကတော့ **"စ.ဓ.ဗ.ဝ အင်းစမ ထုတိုင်းအတွက် အသုံးကျ(ချ)"**လို့ ကြားဖူးသေးတယ်ဗျ။ အဲဒါပါပဲ'

ကိုကြီးကောင်းက ကျွန်တော် ပြော သမျှကို စူးစိုက်နေပြီး...

'အင်း...အင်း...အင်း... မင်း ကြား ဖူးတာလဲ သိပ်မဆိုးပါဘူး။ ဒါပေမယ့် ငါ ရထားတာက **စ.ဓ.ဗ.ဝ စမပုတီး စိပ်ပဲကွ။ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ် လောက်က ရဟန္တာလို့ နာမည်ကြီးခဲ့ တဲ့ ဒန့်သလွန်ပင်တောရ ဆရာတော် ဦးသုန္ဒရက ချီးမြှင့်လိုက်တာကွ**'

**[မှတ်ချက်။ ။ ဆရာတော်ဦးသုန္ဒရ မှာ လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆယ် ကျော်က နတ်မောက်မြို့နယ်၊ ဒန့်သလွန်ပင်ကျေးရွာ၊ ဒန့်သလွန် ပင်တောရတွင် တစ်ပါးတည်း ကေ ဇာရီ တရားကျင့်ကြံ အားထုတ်ခဲ့ပြီး ရဟန္တာဦးသုန်ဟု အုန်းအုန်း ကျွက်ကျွက် နာမည်ကြီးခဲ့သော ဆရာတော်တစ်ပါး ဖြစ်ပါသည်။**

**ဆရာတော်ကြီး၏ အကြောင်း ပါရမီမဂ္ဂဇင်းတွင် စာရေးသူမှ ရေး သားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။]**

'ဒါမျိုးကျ လျှိုထားတယ်ဗျာ။ အချင်းချင်းပဲဟာ ချက်ချင်းမျှဝေမှပေါ့။ ကိုကြီးကောင်း မကောင်းဘူးဗျာ ခုမှ...'

'နေ...နေပါဦး ထွီမြှင့်သစ်ရာ မင်း အဲလို ဆန္ဒတွေ စောတတ်လို့ ငါ့မှာ ဖြည်းဖြည်း ဆွေးနွေးရ ပြောပြနေရတာ ဒီလိုကွ။

ဆရာတော်က ချီးမြှင့်လိုက်တော့ ငါလဲ မှတ်စုစာအုပ်ထဲမှာ ရေးမှတ်ခဲ့ပါ တယ်။ အဲဒီအချိန်မှာ ငါ့မှာ တခြား



အဓိဋ္ဌာန်ကျင့်စဉ် ဝင်နေစဉ်ကာလ ဆိုတော့ မေ့မေ့လျော့လျော့ ဖြစ်ခဲ့တယ် ကွ။

ငါလဲ အခု စ,ကျင့်နေတာ သုံးလ ကျော်ကျော်ပဲ ရှိပါသေးတယ်။ လက် တွေ့ထူးလာလို့ မင်းနဲ့ လာဆွေးနွေး တာပါကွာ။ ဆန္ဒ မစောပါနဲ့'

'ဘယ်လို ထူးပြီလဲ ကိုကြီးကောင်း'

'ဒီလိုကွ... အဲဒီ စ.ဓ.ဗ.ဝ စမလေး လုံး ပုတီးစိပ်ကို (၁၀၈)လုံး ပုတီးကုံးနဲ့ တစ်နေ့ကို ကိုးပတ် စိပ်ပွားရမယ်။ ကိုးရက် သို့မဟုတ် ရက်ပေါင်းကိုးဆယ် မှာ သိဒ္ဓိထူးတွေ ရလာမယ်။ သုရာနဲ့ ကာမေသု အဓိက လုံရင် ကျင့်လို့ရပြီ။

ထင်သာမြင်သာ သိဒ္ဓိထူးက ရောက် လေရာဒေသ၊ ရောက်လေရာအချိန်၊ ရောက်ရာနေရာမှာ မင်းအတွက် စား သောက်ဖွယ်တွေ အသင့် ပြင်ဆင်ပြီး တွေ့ကြုံရမယ်။ အစားအစာ ပေါများ စေတယ်။

နောက်ပြီး တောလမ်းပဲသွားသွား၊ မြို့လမ်းပဲသွားသွား သွားချင်တဲ့နေရာ သွား အန္တရာယ်ကင်းစေတယ်ကွ။ အဲဒါ ကတော့ လက်တွေ့သိဒ္ဓိထူးပဲ'

'အတော်နေရာကျတဲ့ ပုတီးစိပ်ပဲဗျ။ ကိုကြီးကောင်းရဲ့ လက်တွေ့ အတွေ့ အကြုံ ပြောစမ်းပါဦး'

'လက်တွေ့ကတော့ကွာ ပြီးခဲ့တဲ့ လထဲက အိုင်သာရွာကိုသွားတာ လမ်း မှာ ကားပျက်တယ်။ နှစ်ခါပျက်တော့ ငါနဲ့ ငါ့တပည့် ည (၁၁)နာရီကျော်မှ ရွာထဲရောက်တယ်။ ရွာဆိုတော့ ထမင်း ဆိုင်လဲ မရှိဘူးကွ။

တိုတိုပြောရရင် အဲဒီ ညစာထမင်း ငတ်ပြီပေါ့ကွာ။ ငါ့တပည့်ကိုလဲ ပြော ထားရတယ်။ တည်းအိမ်ရောက်ရင် အားနာစရာကောင်းတယ်။ ထမင်းစား ခဲ့ပြီးသားလို့ ပြောလို့ မှာထားရတယ်။

အဲဒီမှာ ပုတီးစိပ်တန်ခိုး ပြတော့တာ ပဲကွာ။ ရွာလယ်ကောင် မီးကင်းစောင့် တဲလေးရှေ့ရောက်တော့ လူလေး ယောက်ထွက်လာပြီး ဒီကခရီးသွား နှစ်ယောက် ကျွန်တော်တို့ကို ပါရမီဖြည့် ကုသိုလ်ယူပါဗျာ။ ထမင်းဟင်းတွေ အလျှံပယ် ပေါနေပါတယ်။

ကျွန်တော်တို့တစ်တွေ "သန်းခေါင် ထမင်း" စုပြီး ပျော်ပွဲစား ချက်စားတာ ပါ။ လာပါ စားပါ သုံးဆောင်ပါဆိုပြီး ကြက်သားနဲ့ဘူးသီး ကာလသားဟင်း၊ ချဉ်ပေါင်ချက်၊ မိုးမျှော်ငရုတ်သီး ထောင်း ထမင်းကလဲ အငွေ့တထောင်း ထောင်းနဲ့ ပူပူနွေးနွေးကွာ။

ငါနဲ့ ငါ့တပည့်လဲ ဆာဆာနဲ့ စား လိုက်တာ ထမင်းသုံးပန်းကန်ပြား လောက်စီ ကုန်သွားတယ်။ ဈွေးလဲ တပြိုက်ပြိုက်ပေါ့ကွာ။

ထမင်းစားပြီးတော့ အိုင်သာရွာ ထွက် ထန်းလျက်ဖြူဆုပ်နဲ့ ရေနွေး ကြမ်းကျကျနဲ့ အချိုတည်းရသေး တယ်။ ငါလဲ စားရင်းသောက်ရင်းနဲ့ ပီတိဖုံး ပြုံးမိရတယ်။ ပုတီးစိပ်တန်ခိုး၊ ပုတီးစိပ်တန်ခိုးလို့ပေါ့။

နောက် ကြုံရတာက ဈေးသာရွာ၊ ဆေးကင်းအိုင့်ကွင်းမှာ ကြုံရတာကွ။ ဆေးကင်းအိုင့်ကွင်းပြင်ဟာ အလွန် မြေပြေပါတယ်။ ပြီးတော့ တစ်နယ်လုံးမှာ



www.burmeseclassic.com

www.burmeseclassic.com

အဆိပ်အပြင်းဆုံး မြွေတွေချည်းနေတယ်။

အဲဒီကွင်းက မြွေပေါက်ခံရရင်ကုစရာ ဆေးမရှိဘူး။ ဆေးမမီဘူး။ ဆေးမကုနဲ့ ငွေကုန်တယ်။ အခေါင်းသာပြင်ထား။ ဒါကြောင့် "**ဆေးကင်းအိုင့်**" လို့ ခေါ်တာတဲ့ကွ။

ငါကလဲ ဆေးကင်းအိုင့်မြေမှန်းဘာမှန်း မသိဘူး။ ရမ်းသမ်းသွားလိုက်တာ တစ်နေရာမှာကွာ မြွေပွေးပေါက်လိုက်တာ ခြေဖမိုးက သားရေဖိနပ်သဲကြိုးပေါ်တည့်တည့် ပေါက်မိတယ်။ ဆတ်ခနဲ ငါလဲ အလန့်တကြား ခုန်ဆုတ်လိုက်တာ နောက်တစ်ချက်ထပ်ပေါက်တော့ ခုန ခြေထောက်ချထားတဲ့နေရာ ပေါက်မိတယ်။

သဲကြိုးပေါ် မပေါက်မိရင် ခုန်ဆုတ်မရှောင်မိရင်း အဲဒီနေရာမှာတင် ငါကိစ္စပြတ်မှာပဲကွ။ ထိတ်လိုက် လန့်လိုက်တာကွာ။

အပြန်လမ်းမှာ သွေးအေးသွားမှပဲ။ အင်း... ဒါဟာ စမလေးလုံး ပုတီးစိပ်တန်ခိုးနဲ့ အန္တရာယ်က ကင်းလွတ်ခဲ့တာလို့ တွေးပြီး ပီတိပွားမိပါတယ်ကွာ။ ဒါကြောင့် အဲလို လက်တွေ့ထူးတဲ့ ပုတီးစိပ် မင်းအတွက် လာပေးတာ၊ ပြောပြတာပါဗျား ဟဲ...ဟဲ...ဟဲ...'

ကိုကြီးကောင်းမှ မောသွားဟန်နှင့် ရေနွေးကြမ်းတစ်ခွက်ကို သောက်ပြီး ကြက်ဥကြော်တစ်ဇွန်း ခပ်စားလိုက်သည်။ ပြီးမှ ဆေးလိပ်တိုကို မီးညှိဖွာလိုက်ပြီး...

'ဘယ်နှယ်လဲ...'

'ဘယ်နှယ် ပါရမှာလဲ ဒီမှာ ရေးမှတ်ဖို့ အသင့်ဖြစ်နေပြီ ဈေးမကိုင်တော့နဲ့လေ။ ပုတီးစိပ်ကို ရွတ်ပေး။ ရေးတော့ မလို့ သတ်ပုံအမှားအယွင်းလဲ ပြောပေး'

'ဟာ ဖွတ်ကြီးပါရောကွ'

'အချိန်မရှိတော့ဘူးလေဗျာ တော်ကြာ ပေါက်စီ မစားရဘဲ နေမယ်။ အဲဒီဆိုင်က ပေါက်စီ အရမ်းရောင်းကောင်းတာ'

'ဟေ ဟုတ်လား... အေး အေး ပုတီးစိပ်က ဒီလို'

ဆိုကာ ကိုကြီးကောင်း ရွတ်ပြရှင်းပြသည်ကို ရေးသားပါမည်။

❖ သော ဘဂဝါ အရဟံ သိဒ္ဓိ "စ" *(ပုတီးတစ်လုံးချ။)*

❖ သော ဘဂဝါ အရဟံ သိဒ္ဓိ "မ" *(ပုတီးတစ်လုံးချ။)*

❖ သော ဘဂဝါ အရဟံ သိဒ္ဓိ "ဒ" *(ပုတီးတစ်လုံးချ။)*

❖ သော ဘဂဝါ အရဟံ သိဒ္ဓိ "ဝ" *(ပုတီးတစ်လုံးချ။)*

တစ်ရာ့ရှစ်လုံး ပုတီးကုံးဖြင့် စိပ်ပွားရပါမည်။ ပုတီးတစ်ပတ်လျှင် (၂၇) ခေါက် ရွတ်ပွားပြီးဖြစ်၍ (၂+၇=၉)၊ ပုတီး(၉)ပတ်ဆိုလျှင် (၁၅၃)ခေါက် ရွတ်ပွားပြီးဖြစ်ပြီး (၁+၅+၃=၉) ဖြစ်ပါသဖြင့် ကိုးနဝင်း ကျေပါသည်။

ဉာဏ်ကျယ်သလို၊ ဉာဏ်ပေါက်သလို စိပ်ပွားနိုင်ပါသည်။ (၉)ရက်သို့မဟုတ် (၉)လအတွင်း ပါရမီအနုအရင့်အလျောက် ထူးခြားသော သိဒ္ဓိတန်ခိုး ကိုးပွားစေနိုင်သဖြင့် ဝါသနာအထုံပါရမီတူသူ ပုတီးမိတ်ဆွေတိုင်း၊ ပုတီးသမားတိုင်း စိပ်ပွားနိုင်ရန် တစ်ဆင့် ကြားနာရေးသား တင်ပြလိုက်ရပါသည်။

***ချမ်းသာ ထီပေါက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေ။***

**မြေမိုးချစ်(နတ်မောက်)**

စာမျက်နှာ (၂၀၅)မှ အဆက်



ပြီးလျှင် ဝါးခြမ်းပြားသေးသေး(နှ
သာသာ)နှစ်ခုအား ကျိုးနေသည့်နေရာ
တွင် လှုပ်ရှားမှုမရှိအောင် ညှပ်ကပ်
ထားပြီး ထပ်မံ၍ ပိန်းရွက်ပတ်တီးဖြင့်
ပတ်ပေးပါ။

ယင်းတို့အပေါ်မှ အဝတ်ပတ်တီးဖြင့်
ကျပ်စည်း စည်းပေးပါ။ ယင်းကျိုးနေ
သော ဘဲအား လှုပ်ရှားမှုများ မများ
လေအောင် ဘဲတစ်ကောင်ဆံ့
တောင်းသေးသေး (သို့မဟုတ်)
သေတ္တာပုံးသေးသေးထဲတွင် ထည့်
ထားပြီး အစားအစာ ရေများ တိုက်
ကျွေးပေးပါ။ ပတ်တီးစည်းပေး
မည်သည့်ဆေး လိမ်းဆေးမျှ မသုံး
ပါ။

(၂)ရက်မြောက်သောနေ့တွင် ယင်း
ဒဏ်ရာအား စစ်ဆေးပြီး ဘဲ ထ,မ
ကြည့်ရှုပါ။ (၃)ရက်မြောက်နေ့တွင်
ပတ်တီးအား ဖြေပေးလိုက်ပါ။

မူလ ခြေထောက်အတိုင်း ပက
ကောင်းမွန်စွာ လမ်းလျှောက်သွား
နိုင်ကြောင်း မျက်ဝါးထင်ထင် တွေ့
ရပေလိမ့်မည်။ တိရစ္ဆာန်များအပေါ်
ကရုဏာထား၍ ရေးသားတင်ပြလိုက်
ပါသည်။

***သတ္တဝါခပ်သိမ်း ကျန်းမာ ချမ်းသာ
ကြပါစေ။***

**မောင်မောင်(ဓာတ်တော်လည်)**

www.burmeseclassic.com



အောင်နိုင်ဝင်း
(မုဒုံ)

# မိုးလောကင်းရှင်းပွဲ

ရှင်ဥပဂုတ္တာပွဲနှင့် ပတ်သက်၍ မယုံမရှိနဲ့ ကိုယ်တွေ့

စာရေးသူ တပ်မတော်တွင် တာဝန် မ်းဆောင်စဉ် ၁၉၉၁–၉၂ ခုနှစ်က ရ(၁၁၈) သထုံတပ်တွင် ရှိစဉ်က ပ်ရင်းမှူး ဦးအောင်ဆန်း(ငြိမ်း)၊ ွှန်ချုပ်၊ ပြန်ကြားရေးဝန်ကြီးဌာန ပ်ချုပ်စဉ်က ဖြစ်ပါတယ်။ တပ်ရင်း စ်ရင်းလုံး ရှေ့တန်းမှ ပြန်လည် င်ရောက်ခဲ့ပြီး ပြေလ သကြံန်ပိတ် က်မှာ စစ်ဆင်ရေး မထွက်သေးဘဲ ့ကျင့်မှုလုပ်နေတဲ့ ကာလမှာ အရာ စစ်သည်များအတွက် စုပေါင်း ာန်းခံရှင်ပြုကို တပ်တွင်းခန်းမမှာပဲ လုပ်ပါတယ်။

အရာရှိ စစ်သည် (၆၃)ဦးရဲ့ သံဃာ ယျာဝစ္စကို တပ်ရေးဗိုလ်ကြီးတာဝန် မ်းဆောင်ရတဲ့ ဦးခင်လတ်ကြီး ွှန်ချုပ်(ကျောက်မျက်)နဲ့ စာရေးသူ တာဝန်ယူပြီး ညွှန်ခံကြိုဆိုရေးကို ဌာနချုပ် တပ်ခွဲမှူးတာဝန်ထမ်းဆောင်တဲ့ ဦးဝင်းဌေးနဲ့ အရာရှိများက တာဝန် ယူရပါတယ်။

ထို့ပြင် ကျွေးမွေးရေးတာဝန်ကို တပ်ထောက်ဗိုလ်ကြီး ဦးထွန်းသိန်း(စွမ်းအားအဖွဲ့ ရထားပို့ဆောင်ရေး)နဲ့ တပ်ထောက်အဖွဲ့တို့က တာဝန်ယူ ဆောင်ရွက်ကြပါတယ်။

ရဟန်းခံ၊ ရှင်ပြု လုပ်ငန်း စတင်တဲ့ အချိန်မှ ရေစက်သွန်းချ အမျှဝေတဲ့ အချိန်အထိ အခက်အခဲမရှိ ချောချော မွေ့မွေ့ ပြီးဆုံးရန်အတွက် တပ်ဦး ကျောင်းဆရာတော်ထံကို လျှောက်ဟင်တော့ ရှင်ဥပဂုတ်ကန်တော့ပွဲ တစ်ပွဲပြင်ဆင်ပြီး အလှူ စ,ဝင်တဲ့ အချိန်မှ ရေစက်သွန်းချပြီးတဲ့ အချိန်အထိ မြတ်စွာဘုရား အပါအဝင် ရှင်ဥပဂုတ် ရဟန္တာမြတ်ကို မီးပူဇော်ထားဖို့ အမိန့်ချပါတယ်။

ကျွန်ုပ်လဲ တပ်ဦးကျောင်း ဆရာတော်ရဲ့ ညွှန်ကြားချက်ကို တပ်ရင်းမှူး အပါအဝင် တာဝန်ရှိသူများကို အသိပေးထားခဲ့ပါတယ်။ ရဟန်းခံ ရှင်ပြုပွဲက ပြေလဆိုတော့ မွန်ပြည်နယ်အနေနဲ့

www.burmeseclassic.com

မိုးရွာတတ်တဲ့ အစဦးအလာ ရှိပါတယ်။ မိုးဦးလေဦးလဲ ရံဖန်ရံခါ ကျလာတတ်တာမို့ ဆရာတော်ရဲ့ မိန့်မှာချက်ကို ဂရုတစိုက် လုပ်ပေးကြပါတယ်။

အရာရှိ၊ စစ်သည်များကို ရဟန်း၊ ရှင်သာမဏေအဖြစ် ဆောင်ရွက်ပေးပြီးတဲ့နောက် တစ်နေ့မှာ တပ်မ,မှူးနဲ့တကွ တပ်နယ် ညှိ့ပရိသတ်များကို ညှိ့ခံဖို့ရက် ဖြစ်ပါတယ်။ မနက်စောစော ရဟန်း၊ ရှင်များကို အရုဏ်ဆွမ်းကပ်ပြီးနောက် နေ့ဆွမ်းကပ် ရေစက်ချဖို့ ကျန်ရှိပါသေးတယ်။

တပ်မမှူးနဲ့ ညှိ့သည်များကိုတော့ ညှိ့ခံချိန်က ဘုန်းကြီးများကို ဆွမ်းကပ်ပြီးမှ ဖြစ်မှာမို့ ပြင်ဆင်စောင့်ဆိုင်းနေကြပါတယ်။

တပ်မမှူး အလာကို စောင့်နေစဉ် ရာသီဥတုက အလွန် သာယာနေပါတယ်။ နေပွင့်ပြီးမိုးလဲ လုံးဝ မအုံ့ပါဘူး။ လေလဲ ငြိမ်သက်နေစဉ်မှာ ရှင်ဥပဂုတ် မီးပူဇော်နေတဲ့ တပ်သား အေးလွင်က ဦးထွန်းသိန်း (တပ်ထောက်ဗိုလ်ကြီး)ကို မီးငြိမ်းသွားတဲ့အကြောင်း သတင်းလာပို့တဲ့အခါ ဦးထွန်းသိန်းက...

'ထားလိုက်တော့ ကိစ္စမရှိပါဘူး။ ရာသီဥတုကလဲ သာယာနေတာပဲ။ ရဟန်းခံ၊ ရှင်ပြုပွဲကလဲ ပြီးတော့မှာပဲ'

လို့ ပြောသံကြားတော့ စာရေးသူအပါအဝင် ဒုတပ်ရင်းမှူးဦးမြတ်ခိုင် (သစ်တောညွှန့်မှူး) တို့က...

'မလုပ်နဲ့၊ မလုပ်နဲ့ မီးပြန်သွားပူဇော်လိုက်ပါ။ ပွဲတစ်ခုလုံးပြီးတဲ့အထိ ဆက်ထွန်းထားပါ'

လို့ ပြောတော့ ဦးထွန်းသိန်းက...

'ကုသိုလ်လုပ်တဲ့ပွဲမှာ မာရ်နတ်က ဖျက်ဦးမှာတဲ့လား။ လုပ်ပြစမ်းပါမာရ်နတ်ရေ၊ မဏ္ဍပ်ရဲ့ ဆိုင်းဘုတ်တစ်ခုလောက် ပြုတ်အောင် လေမိုးတွေ တိုက်ပြစမ်းပါ။ အဲလိုဖြစ်ရင် ထွန်းသိန်း တစ်သက်လုံး အရက်ကိုစွန့်ပြီး ဘုရား,တရား လုပ်တော့မယ်'

လို့ ပြောခဲ့တယ်။ ဦးထွန်းသိန်းဟာ မကြာမကြာ အရက်သောက်လေ့ရှိတော့ မာရ်နတ်ကို မယုံဘဲ ပြောတယ်လို့ စာရေးသူ ယူဆပါတယ်။

အဲဒီလိုတွေ အခြေအနေတင် ပြောနေစဉ်မှာပဲ တပ်မမှူး ထွက်လာပြီဆိုတဲ့ တယ်လီဖုန်းဝင်လာလို့ စကားစ ပြတ်သွားကြပြီး တပ်မမှူးကို ကြိုဖို့ ခန်းမရှေ့မှာ စောင့်နေကြပါတယ်။ တပ်မနဲ့ တပ်ရင်းက ကိုက် (၂၀၀၀)လောက်ပဲ ကွာဝေးပါတယ်။ တပ်ရင်းဂိတ်နဲ့ ဗဟိုကင်းကလဲ ကိုက်(၁၀၀၀)လောက်ပဲ ဝေးပါတယ်။

တပ်မက ဝင်လာရင် တပ်ရင်းဂိတ် ဗဟိုကင်းရှေ့ဖြတ်ပြီး ဘယ်ကွေ့ လိုက်တာနဲ့ သိပ်မကြာခင်မှာ ခန်းမရှေ့ကို ရောက်ပါတယ်။ ခန်းမနဲ့ တပ်ရင်းရုံးက ကားလမ်းနဲ့ တစ်ဖက်တစ်ချက်မှာပါပဲ။ တိုက်ဆိုင်မှုပဲလားတော့ မသိပါဘူး။ တပ်မမှူးရဲ့ကားကို လှမ်းမြင်ရတဲ့နေရာ ရောက်တော့ မိုးအုံ့သလို ဖြစ်လာပြီး မိုးတဖွဲဖွဲ ကျလာပါတယ်။

တပ်မမှူးရဲ့ ကားတန်းက တပ်ရင်းဂိတ်ကိုရောက်တော့ မိုးသည်းပြီး လေပါ တိုက်လာပါတော့တယ်။ ခန်းမနဲ့ ကပ်လျက် မဏ္ဍပ်ထိုးထားပြီး ရဟန်းခံ ရှင်ပြု ဆိုင်းဘုတ်ကို ဝါးပါးပါးနဲ့ရက်ပြီး ရွှေစက္ကူကပ်ကာ ပြုလုပ်ထားပါတယ်။

မဏ္ဍပ်နဲ့ နဖူးစည်း ဆိုင်းဘုတ်တွေဟာ လေတိုက်တော့ လှုပ်တုပ်လှုပ်တုပ် ဖြစ်လာပါတယ်။ မဏ္ဍပ်ရှေ့မှာ တိုက်ပုံဝတ်ပြီး ရပ်စောင့်နေကြတဲ့ တပ်ရင်းမှူးအပါအဝင် အရာရှိ အားလုံးဟာ မိုးရေကြောင့် စိုကုန်ပါပြီ။

တပ်မမှူးကားတန်းဟာ တပ်ရင်းဂိတ်ကို ဖြတ်ပြီး ဗဟိုကင်းဘက်ကို ရောက်လာတဲ့အခါမှာတော့ လေ... ပြင်းလာပြီး တပ်ရင်းမှူးလက်မှာ ကို... ထားတဲ့ ထီးဟာ လေထဲကို ပါသွား... တယ်။

ကျန်တဲ့လူတွေလဲ ထီးတွေ ထိန်း... ပုဆိုး,ထဘီ လေတိုက်လို့ ဖိရနဲ့ ဖြစ်... စဉ်မှာပဲ ရဟန်းခံ၊ ရှင်ပြု ဆိုင်းဘုတ်... လေထဲကို လွင့်တက်သွားပါတ... တပ်မမှူး ယာဉ်တန်း ဗဟိုကင်း... ဖြတ်ပြီး ခန်းမဘက်ကို ကွေ့လိုက်... မှာပဲ ရဟန်းခံရှင်ပြု ဆိုင်းဘုတ်... တပ်မမှူးရဲ့ ကားခေါင်းအပေါ် ... တည့်ကို ကျပါတော့တယ်။

ကားလဲ ရပ်သွားသလို တပ်ရင်း... စာရေးသူတို့အားလုံး တပ်မမှူး... ဆီကို အပြေးသွားကြပါတယ်။ ... မှူး ကားပေါ်က ဆိုင်းဘုတ်ကို ဖယ်... တပ်မမှူးကို တပ်ရင်းရုံးကို ခေါ်... တော့တယ်။ ခန်းမနဲ့ တပ်ရင်းရုံး... ကားလမ်းသာ ခြားထားပြီး ဘေး... ယှဉ်လျက် အနေအထားမျိုး... အဆင်ပြေသွားပါတယ်။

တပ်ရင်းမှူး ရုံးခန်းထဲမှာ တပ်... တို့အဖွဲ့ကို နေရာချထားပေး... တပ်မမှူးက တပ်ရင်းမှူးကို **"ခင်...** **တို့ ရှင်ဥပဂုတ်ပွဲ မတင်ဘူး...** လို့ မေးပါတယ်။ တပ်ရင်းမှူးက **"...** **ပါတယ် ခုလေးတင် မီးငြိမ်း...** **တာ"** လို့ မျက်နှာငယ်ငယ်လေး... ကြားနေတဲ့ အသံကို စာရေးသူ ... လိုက်ရပါတယ်။ ရဟန်းခံရှင်ပြု... ပြီးရော ဦးထွန်းသိန်းလဲ အရက် ... မသောက်တော့ပါကြောင်း...

**(ခမရ–၁၁၈ သထုံမှ အ...** **စစ်သည်များသို့ အမှတ်တရ)**

**အောင်နုတင် (...)**





www.burmeseclassic.com

www.burmeseclassic.com

လူတိုင်းအတွက် တရုတ်ရိုးရာ

# အိပ်မက်ဖွင့်ကျမ်း (၅၅)

ထက်မြင့်ကျော်စွာ





## ချိန်ခွင်

ကပ္ပါယ်ခေါ်ရွှေချိန်၊ ဆေးချိန်သည့် ချိန်ခွင် ပစ္စည်းပမာဏများစွာ ချိန်တွယ်ရသော ကတ္တား၊ ခေတ်ပေါ် နံပါတ်သုံး အီလက်ထရောနစ်ချိန်ခွင်၊ သာမန် သားငါး၊ အသုံးအဆောင်၊ ဟင်းသီးဟင်းရွက် ချိန်တွယ်သည့် ဈေးချိန်ခွင် အားလုံး အကျုံးဝင်ပါသည်။

✤ **ချိန်ခွင်ကို မြင်မက်ခြင်းမှာ...**

ပွင့်လင်းမြင်သာမှု မရှိသော အခြေအနေကို ပြဆိုသည်။

◎ အိမ်ထောင်ဦးစီး (ဇနီးရှိ ယောကျ်ား ဇနီးဆုံးမုဆိုးဖို၊ တစ်ခုလပ် အပါအဝင်)က မြင်မက်လျှင် ရှေ့ဆက်လုပ်ကိုင်ရန် ဦးတည်ရာမဲ့ ဆောက်တည်ရာမရ ဖြစ်နေမည်။

✤ **ဇနီးသည် အိမ်ရှင်မက မြင်မက်လျှင်...**

မိုးခိုရ အားထားရသော ခင်ပွန်းသည်မှာ ရေလိုက်လွဲ၍ ဒုက္ခရောက်နေမည်။

✤ **အိမ်ထောင်မဲ့ အပျိုက မြင်မက်လျှင်...**

ချစ်သူရည်းစား၏ စွန့်ပစ်ခြင်း ခံရကိန်းရှိသည်။

✤ **အိမ်ထောင်မဲ့ လူပျိုက မြင်မက်လျှင်...**

နှစ်သက်မြတ်နိုးသော မိန်းမပျိုချောက ငြင်းပယ်ခြင်း ခံရလိမ့်မည်။

✤ **ရပ်ဝေးတိုင်းခြား စီးပွားရှာသူက မြင်မက်လျှင်...**

မိဝေးဖဝေး ဆွေမျိုးဝေးရာ၌ ခိုကိုးရာမဲ့ ဒုက္ခရောက်ရဖွယ် ရှိသည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

ရည်ရွယ်ချက် မအောင်မြင် "အဖြူရောင်ခရီး"ဟု ဆိုကြသည်။ အကျိုးမဲ့ အချိန်ကုန်ကာ ဒုက္ခသုက္ခ ကြုံပြီးမှ ပြန်ရတတ်သည်။

✤ **ကိုယ်ဝန်ဆောင်က မြင်မက်ပါက...**

ကျားမဟုတ် မ,မဟုတ် နပုန်းပဏ္ဍုက်ကလေး မွေးဖွားနိုင်သည်။

**[ဤ အိပ်မက်နိမိတ်ကို ပျက်ပြယ်စေလိုပါက "ကျား"မွေးလာသော အချိန်မှစကာ မိန်းကလေးပုံ၊ တိရစ္ဆာန်အမပုံများသာ အိပ်ခန်းတွင်း ပတ်လည် ချိတ်ဆွဲထားပါ။ "ယင်း"အား သာလွန် ဆွဲဆောင်မှုကြောင့် "ယန်း"ဓာတ်များ ရောက်ရှိကာ "ကျား"ဝီသလာပါမည်။ အလားတူပင် "မ"မွေးလာပါက ယောကျ်ားလေးပုံ၊ တိရစ္ဆာန်အထီးပုံများချိတ်ဆွဲပါ။ အခါလည်(၃၆၅ ရက်ပြည့်)သည်အထိ ချိတ်ဆွဲထားသင့်သည်။]**

✤ **စာမေးပွဲဖြေထားစဉ် မြင်မက်ပါက...**

နောက်ဆက်တွဲ စာမေးပွဲဖြေဆိုရမည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

အရောင်းအဝယ် လေးလံထိုင်းမှိုင်းမည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

ရာသီဥတု အဖျက်ဘေးကြုံရဖွယ်ရှိသည်။

✤ **နာမကျန်းဖြစ်စဉ် မြင်မက်ပါက...**

အချိန်ကုန် ငွေကုန် လူပန်း၍ ရောဂါကျွမ်းလိမ့်မည်။

✤ **အမှုတပေါင် ရင်ဆိုင်ရစဉ် မြင်မက်ပါက...**

ဆောလျင်စွာ ကျေအေးနိုင်အောင် ကြိုးစားပါ။ ညှိနှိုင်းနက်လေ အဖြည်ခက်လေ၊ အရာရာ ဆုံးရှုံးကာ စုံးစုံးမြုပ်တတ်သည်။

◎ သူတစ်ပါးက ချိန်ခွင်ယူသွားသည်ဟု မြင်မက်လျှင်ကား ကောင်းကြားမှုနိမိတ်ဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

ရပ်နီးရပ်ဝေး ကျော်စောထင်ရှားမည်။

✤ **ဇနီးက မြင်မက်လျှင်...**

ခင်ပွန်းမိသားစုကြောင့် ဂုဏ်တက်ကာ မျက်နှာပွင့်လန်းမည်။

✤ **ကျောင်းသူကျောင်းသားက မြင်**



www.burmeseclassic.com

www.burmeseclassic.com

မက်ပါက...

ဂုဏ်ထူးများဖြင့် အောင်မြင်မည်။

✤ **လူပျိုက မြင်မက်လျှင်...**

ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင် ဖြစ်နိုင်သည်။

✤ **အပျိုက မြင်မက်လျှင်...**

စပ်ဟပ်ကြောင်းလမ်းသူ ပေါ်များမည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

ကူညီဖေးမသူ တွေ့ရှိမည်။

✤ **မကျန်းမာသူက မြင်မက်လျှင်...**

ဆေးဝါးဆရာကောင်း တွေ့၍ ဝေဒနာပျောက်ကင်းမည်။

❂ ချိန်ခွင်ကို ကိုင်တွယ် သုံးစွဲရသည်ဟု မြင်မက်ခြင်းကား ဆုံးရှုံးမှုနိမိတ် ဖြစ်သည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

စီးပွားလုပ်ငန်းများ ပျက်စီးဆုံးရှုံးမည်။ ပြိုင်ဘက် ဒုက္ခပေးမည်။

✤ **တောင်သူလယ်သမားက မြင်မက်ပါက...**

လယ်ယာမြေပိုင်ဆိုင်မှု ယုတ်လျော့တတ်သည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

မရှုမလှ ကျရှုံးနိုင်သည်။

✤ **ဝေဒနာ ခံစားရသူ မြင်မက်လျှင်...**

ယမမင်းပြည်ဝင်ခွင့်ရရှိခြင်း ဖြစ်သည်။

✤ **လူပျိုက မြင်မက်လျှင်...**

မိန်းမတို့ ပြက်ရယ်ပြုခြင်းခံရကိန်းရှိသည်။

✤ **လုံမပျိုက မြင်မက်လျှင်...**

မဟုတ်တမ်းတရမ်း ပြောဆိုစွပ်စွဲခြင်းခံရမည်။

❂ ရန်သူမိမိနှင့် မယှဉ်မတင့်သူ လုပ်ငန်းစီးပွားပြိုင်ဘက်မလိုမုန်းထားသူ)က ချိန်ခွင်ယူထားသည်ဟု မြင်မက်လျှင် ဆုံးရှုံးမှုကို ညွှန်ပြခြင်းဖြစ်သည်။

✤ **ဦးစီးဦးဆောင် အမျိုးသားက မြင်မက်လျှင်...**

အိမ်ထောင်ဝင်ငွေ နည်းပါး၍ မိသားစု အကျပ်အတည်းနှင့် ရင်ဆိုင်ရမည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

အိမ်တွင်းရေး မငြိမ်မသက် ပူပန်သောက ရောက်ရကိန်းရှိသည်။

✤ **လူပျိုလူလွတ်က မြင်မက်လျှင်...**

လုပ်ငန်း၊ အကြံအစည် ပျက်စီးမည်။

✤ **အပျိုလူလွတ်က မြင်မက်လျှင်...**

စိတ်ဝင်စားသူ ကင်းမဲ့၍ အထီးကျန်အဖော်မဲ့နေမည်။ ခင်မင်ရင်းစွဲယောကျ်ားလေး မိတ်ဆွေများက ဖယ်ခွာသွားလိမ့်မည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

အတွင်းလူ၊ ကိုယ်စားလှယ်ယုံ ဒုက္ခပေး၍ စီးပွားပျက်သုဉ်းနိုင်သည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

လယ်ယာမြေ ပြဿနာဖြစ်တတ်သည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

နာမကျန်းဖြစ်၍ ဒုက္ခများမည်။

✤ **ဝေဒနာ ခံစားရသူ မြင်မက်ပါက...**

မတည့်သော ဆေးဝါးကြောင့် ဝေဒနာတိုးပွားမည်။

✤ **ပစ္စည်းပျောက်စဉ် မြင်မက်က...**

ပစ္စည်းဆုံးရှုံးသည့်အပြင် မိမိအပေါ် အမှုပတ်လာတတ်သဖြင့် ဆင်ခြင်ပြောဆိုပြုမူသင့်သည်။

✤ **စာမေးပွဲ ဖြေဆိုထားစဉ် မြင်မက်ပါက...**

နောက်ထပ်တစ်ကြိမ် ပြန်လည်ဖြေဆိုနိုင်ရေးအတွက် အားမွေး ပြင်ဆင်ထားပါ။

---

ကတ်ကြေး

---

❂ ကတ်ကြေးကို မြင်မက်ခြင်းမှာ ဆိုးရွားသော နိမိတ် ယှုတ်ပါ။

✤ **အိမ်ထောင်ရှင် အမျိုးသားက မြင်မက်လျှင်...**

အိမ်ထောင်မိသားစုအတွင်း ကြိုတိုင်းအောင်၍ ဆောင်တိုင်းမြောက်လိမ့်မည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

နေအိမ်ဂေဟာအတွင်း သုမင်္ဂလာရေးကိစ္စ ပေါ်ပေါက်နိုင်သည်။

✤ **အမျိုးသား အိမ်ထောင်မဲ့ လူပျိုနှင့် ချစ်စခင်စ မနှးမနပ် ခင်ပွန်းသည်က မြင်မက်ပါက...**

ဖနီးမယား၊ ချစ်သူရည်းစား ခွဲခွာခြင်း ခံရတတ်သည်။

***(လူပျိုလူလွတ်၊ တစ်ခုလပ်နှင့် အိမ်ထောင်ကျသော်လည်း သားသမီးမရှိသေးသည့် အမျိုးသားကို ရည်ညွှန်းခြင်းဖြစ်သည်။)***

❂ အမျိုးသမီး(ပျိုအိုမရွေး)က မြင်မက်ပါက အိမ်တွင်းမှုလုပ်ငန်းများကို ခြိုးခြံချွေတာ ကြိုးစားလုပ်ကိုင်ကာ (အိမ်တွင်းမှုလုပ်ငန်း သိမ်းထုပ်သေချာ ဟူသော မြန်မာစကားနှင့် တူညီသည်။) လိမ္မာရေးချားရှိမှု ထောက်ခံ သတင်း ကျော်စောလိမ့်မည်။

**[ကတ်ကြေး၏ သဘောမှာ စိစစ်သေချာ၊ ချွေတာစုဆောင်းမှု သဘောရှိရာ လူပျိုလူလွတ်၊ အိမ်ထောင်မဲ့၊ အိမ်ထောင်ဦးစီးတို့မှာ သဝန်တိုသည်၊ နှမြောတွန့်တိုသည်၊ စိစစ်၍ နေရာတကာ ဝင်ရှုပ်ဖက်သည်၊ မိန်းမဆန်သည်ဟူ၍ အထင်အမြင်ခံရကာ ချစ်သူမိန်း**



www.burmeseclassic.com

www.burmeseclassic.com

မယား၏ လျစ်လျူပြုခံရခြင်း ဖြစ်သည်။]

✤ **ကျိုးပဲ့ပျက်စီးနေသည့် ကတ်ကြေးကို မြင်မက်လျှင်ကား...**

ဆုတ်ယုတ်မှုသဘောကို ဆောင်ပါသည်။

✤ **အိမ်ထောင်ရှင် အမျိုးသားက မြင်မက်လျှင်...**

အသက်တိုမည်။ ရောဂါဘယ ဖိစီးနှိပ်စက်ခြင်း ခံရမည်။ အနောက်ဘက်ကောင်းကင်မှ ဖိတ်ကြားစာ ရရှိခြင်း ဖြစ်သည်။

✤ **အိမ်ထောင်ကျ ထိမ်းမြားပြီးသည့် အမျိုးသမီး(ဇနီးသည်၊ တစ်ခုလပ် တစ်လင်ကွာ မိန်းမ) က မြင်မက်လျှင်...**

ခင်ပွန်းသည် ပျက်စီးပျောက်ပျက်ကိန်းရှိသည်။ လက်ကိုင်မဲ့သူအတွက် နောက်တစ်ပင်ထူဖို့ရာ လမ်းမမြင်ဟု ဆိုသည်။

✤ **လူပျိုလူလွတ်က မြင်မက်လျှင်...**

ချစ်သူက နောက်တစ်ပါး သဘောက်ထားကာ စွန့်ပစ်ခြင်း ခံရဖွယ်ရှိသည်။

✤ **အပျိုလူလွတ်က မြင်မက်လျှင်...**

ဝယ၊ အာရောဂျ၊ ရုပ ချို့တဲ့သူနှင့် လက်ထပ်ရကိန်းရှိသည်။ *(မူရင်း ဖော်ပြချက်မှာ အသက်ကြီး ရုပ်ဆိုးသောရောဂါသည်နှင့် ပေါင်းဖက်ရကိန်းရှိသည်ဆို၏)*

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

ပညာရေး တစ်ပိုင်းတစ်စ ဖြစ်သွားတတ်သည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

ခိုးဆိုးလုယက်သူနှင့် ကြုံရဖွယ် ရှိသည်။

✤ **နေမကောင်းဖြစ်သူက မြင်မက်လျှင်...**



ဆေးမှား၍ ရောဂါတိုးမည်။

❂ မသိမကျွမ်းသူတစ်ဦးက ကတ်ကြေးကို ယူငင်သုံးစွဲသည်ဟု မြင်မက်ပါက မင်္ဂလာနိမိတ်ဖြစ်သည်။

✤ **အိမ်ထောင်ရှင် ခင်ပွန်းက မြင်မက်လျှင်...**

စီးပွားဥစ္စာတိုးပွား၍ သားသမီးရတနာ ရရှိမည်။

✤ **ဇနီးသည်က မြင်မက်လျှင်...**

ခင်ပွန်း၏ ကြင်နာယုယမှုကို တိုးတက်ခံစားရမည်။

✤ **လူပျိုက မြင်မက်လျှင်...**

အဆင်းရောအချင်းပါ ပြည့်စုံသည့် မိန်းမပျိုချောနှင့် လက်ဆက်ရမည်။

✤ **အပျိုက မြင်မက်ပါက...**

ဂုဏ်သရေရှိ လူကုံထံမိသားစုဝင် ဖြစ်နိုင်သည်။

✤ **ကုန်သည်က မြင်မက်ပါလျှင်...**

မထင်မှတ်သော ဈေးကွက် ဝယ်လက်ထံမှ အမြတ်အစွန်းများစွာ ရရှိမည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

ကောက်ပဲသီးနှံ အထွက်တိုးပွားမည်။

✤ **ပစ္စည်းပျောက်စဉ် မြင်မက်ပါက...**

မူလအခြေအနေအတိုင်း ပြန်ရမည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

စာမေးပွဲ၌ အဆင့်မြင့်စွာ အောင်မြင်မည်။

✤ **ကိုယ်ဝန်ဆောင်မိခင်က မြင်မက်လျှင်...**

ကျန်းမာဝဖြိုးသော သားသမီးကောင်းရတနာ မွေးဖွားမည်။

✤ **နာတာရှည်လူနာက မြင်မက်လျှင်...**

ချက်ချင်းပင် နာလန်ထ၍ ကျန်းမာကောင်းမွန်လာမည်။

✤ **ရပ်ဝေးမြေခြား ရောက်နေသူက မြင်မက်လျှင်ကား...**

ဌာနေပြန်၊ ပြည်တော်ပြန် မျက်နှာပန်းလှလိမ့်မည်။

✤ **အမတ်လောင်း၊ ကိုယ်စားလှယ်လောင်းက မြင်မက်လျှင်...**

ပြည်သူထောက်ခံမှုရရှိ၍ ပြိုင်ဘက်ကို ကျော်လွှားနိုင်လိမ့်မည်။ သို့သော်ငြားလည်း...

✤ **ကတ်ကြေး ရောင်းဝယ်သူ၊ ကတ်ကြေး ထုတ်လုပ်သည့် ပန်းပဲဆရာ၊ အပ်ချုပ်သည် စသည့် ကတ်ကြေးနှင့် အသက်မွေးဝမ်းကျောင်းသူက မြင်မက်လျှင်ကား...**

မိမိတို့၏ လုပ်ငန်းစီးပွားတွင် ပျက်စီးဆုံးရှုံးမှုများစွာ ကြုံတွေ့ရလိမ့်မည်ဟု ဖော်ပြထားလေသည်။

**ထက်မင်းကျော်စွာ**

www.burmeseclassic.com

## [illegible]

**စီးပွားရေး**။ ။အလုပ်အကိုင်များ အောင်မြင်တိုးတက်မည်။ အထည်ချုပ်လုပ်ငန်းများ၊ အိုးအိမ်ဆောက်လုပ်ရေးလုပ်ငန်းများ၊ ငွေကြေးလဲလှယ်ခြင်း ရောင်းဝယ်ခြင်း လုပ်ငန်းများ အမြတ်အစွန်းများမည်။

စက်နှင့် ပတ်သက်သော လုပ်ငန်းများတွင် အခက်အခဲ မရှိ၍ ကျွမ်းကျင်သူများနှင့် တိုင်ပင်ပါ။

**ဝန်ထမ်းရေးရာ**။ ။ ဝန်ထမ်းများ အလုပ်အကိုင်များကို အောင်မြင်စွာ လုပ်ကိုင်နိုင်မည်။ ရာထူးတိုးခြင်း၊ နေရာကောင်းရခြင်းတို့ဖြစ်မည်။

**အိမ်တွင်းရေး**။ ။အိမ်တွင်းရေး သာယာမည်။ အကယ်၍ စိတ်ညစ်စရာကိစ္စ ပေါ်လာပါက ဘုရားသွားပါ။ ဘုရားမသွားနိုင်ပါက ဘုရားဂုဏ်တော်များ ရွတ်ပွားပါ။

**အချစ်ရေး**။ ။ချစ်သူမှာ အလုပ်အကိုင်ကိစ္စ သို့မဟုတ် သူ၏ အိမ်တွင်းရေးကြောင့် ခရီးဝေးသို့ သွားရလိမ့်မည်။

**ပညာရေး**။ ။ဘာပညာကိုပဲသင်သင်၊ ဘယ်သင်တန်းကိုပဲတက်တက် ထူးချွန်စွာ အောင်မြင်လိမ့်မည်။

**ကျန်းမာရေး**။ ။စိတ်ထောင်းကိုယ်ကြေ ဖြစ်ရတတ်သည်။ ထို့ကြောင့် စိတ်ချမ်းသာအောင် နေထိုင်ပါ။

**ဆောင်ရန်ရက်များ**။ ။ ၃၊ ၄၊ ၆၊ ၉၊ ၁၀၊ ၁၂၊ ၁၅၊ ၁၆၊ ၁၈၊ ၂၁၊ ၂၂၊ ၂၄၊ ၂၈။

**ရှောင်ရန်ရက်များ**။ ။ ၂၊ ၅၊ ၇၊ ၁၁၊ ၁၃၊ ၁၇၊ ၁၉၊ ၂၃၊ ၂၅၊ ၂၆။

**ထီထိုးရန်ရက်များ**။ ။ ၃၊ ၆၊ ၈၊ ၁၂၊ ၁၄၊ ၁၈၊ ၂၀၊ ၂၄၊ ၂၇။

**ထီထိုးရန်ဂဏန်းများ**။ ။ ၃၊ ၄၊ ၆၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ**။ ။ အခက်အခဲများ၊ ပြဿနာများ ရှိပါက အပြင်ထွက်လျှင် ထန်းလက် ( သို့မဟုတ် ) ထန်းသား၊ ထီးရွက်အစုတ် ( သို့မဟုတ် ) ဒေါနပန်းခက်ကို နင်းပြီးမှ ဆောင်ရွက်ပါ။

## [illegible]

**စီးပွားရေး**။ ။ ငွေရေးကြေးရေး အောင်မြင်နေသောကာလဖြစ်၏။ အလုပ်ရှံ (သို့မဟုတ်) အလုပ်သမားများက လစာ၊ လုပ်ခ၊ တိုးတောင်းလိမ့်မည်။ ညှိနှိုင်းဖြေရှင်းက အဆင်ပြေမည်။ နိုင်ငံခြားနှင့် အဆက်အသွယ်ရမည်။

**ဝန်ထမ်းရေးရာ**။ ။ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ထမ်းများ အဆင်ပြေ အောင်မြင်မည်။

**အိမ်တွင်းရေး**။ ။ သားသမီးများကြောင့် မိဘနစ်ပါး စိတ်ဆင်းရဲစရာကြုံမည်။ မိသားစုအတွင်း ငွေကြေးပြဿနာ ပေါ်မည်။

**အချစ်ရေး**။ ။ ဘယ်လို ပြဿနာတွေဖြစ်ဖြစ် အချစ်ရေးကတော့ အောင်မြင်နေပါသည်။ မင်္ဂလာကိစ္စ ရုတ်တရက် ဖြစ်သွားတတ်၍ သတိထားပါ။

**ပညာရေး**။ ။ပညာရေးတွင် ခိုင်ခိုင်မာမာ ရပ်တည်နိုင်မည်။ ကြိုးစားသည်ထက် ပို၍အောင်မြင်မည်။

**ကျန်းမာရေး**။ ။ လေထိုးလေအောင့် ဖြစ်တတ်၍ လေပွစာများကို ရှောင်ပါ။ ဝမ်းရင်ကို ဥပဒ်ပေးတတ်သည်။

**ဆောင်ရန်ရက်များ**။ ။ ၃၊ ၄၊ ၇၊ ၉၊ ၁၀၊ ၁၃၊ ၁၅၊ ၁၆၊ ၁၉၊ ၂၁၊ ၂၂၊ ၂၅၊ ၂၇။

**ရှောင်ရန်ရက်များ**။ ။ ၁၊ ၅၊ ၈၊ ၁၁၊ ၁၄၊ ၁၇၊ ၂၀၊ ၂၃၊ ၂၆။



၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်မှ (၂၈)ရက်နေ့အထိ
ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာကျော်ခြည်






**ထီထိုးရန်ရက်များ**။ ။ ၂၊ ၆၊ ၉၊ ၁၂၊ ၁၅၊ ၁၈၊ ၂၂၊ ၂၄၊ ၂၈။

**ထီထိုးရန်ဂဏန်းများ**။ ။ ၃၊ ၄၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ**။ ။ ဆောင်ရွက်ရန် ကိစ္စရှိလျှင် ယှဉ်ပြိုင်ရန် ကိစ္စရှိလျှင် လက်ပံသား ( သို့မဟုတ် ) လက်ပံရွက်ကို နင်းပြီးမှ ဆောင်ရွက်ပါ။

## [illegible]

**စီးပွားရေး**။ ။စက်မှုလုပ်ငန်းများ အောင်မြင်တိုးတက်မည်။ ဆေးဝါးထုတ်လုပ်ရေး၊ ရောင်းဝယ်ရေး လုပ်ငန်းများ အမြတ် များမည်။ ပလတ်စတစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ ရောင်းအားကောင်းမည်။

**ဝန်ထမ်းရေးရာ**။ ။ ရုံးတွင်း လုပ်ငန်းထက် ပြင်ပ ထွက်၍လုပ်ရသော၊ ခရီးဝေးထွက်၍လုပ်ရသော လုပ်ငန်း များက များလိမ့်မည်။ နိုင်ငံခြားသားများနှင့် ပူးတွဲလုပ်ကိုင်ရမည်။ ငွေကြေး အဝင်ကောင်းမည်။

**အိမ်တွင်းရေး**။ ။ စိတ်ချမ်းသာမည်။ သားသမီးများအတွက် ဂုဏ်ယူ သောကိစ္စ ပေါ်ပေါက်လာမည်။ အိမ်ထောင်ဖက် ခရီးဝေးထွက်ရမည်။

**အချစ်ရေး**။ ။ အချစ်ရေးတွင် မိတ်ဆွေသူငယ်ချင်းများ၏ ကူညီမှု အဆင်ပြေသာယာမည်။ မင်္ဂလာကိစ္စကို မဆောင်ရွက်ပါနှင့်ဦး။

**ပညာရေး**။ ။ ပညာရေးတွင် အခက်အခဲ ရှိသော်လည်း ဆွေမျိုး ဆရာသမားများ၏ ကူညီအားပေးမှုဖြင့် အောင်မြင်မှု ရရှိမည်။

**ကျန်းမာရေး**။ ။ ဗိုက်အောင့်ဗိုက်နာ အစာမကြေရောဂါ ဖြစ်တတ် ကြေလွယ်သော အစာကိုစားပါ။

**ဆောင်ရန်ရက်များ**။ ။ ၂၊ ၅၊ ၇၊ ၈၊ ၁၁၊ ၁၃၊ ၁၄၊ ၁၇၊ ၁၉၊ ၂၀၊ ၂၃၊ ၂၆၊ ၂၈။

**ရှောင်ရန်ရက်များ**။ ။ ၃၊ ၆၊ ၉၊ ၁၂၊ ၁၅၊ ၁၈၊ ၂၁၊ ၂၄၊ ၂၇။

**ထီထိုးရန်ရက်များ**။ ။ ၄၊ ၇၊ ၁၀၊ ၁၃၊ ၁၆၊ ၁၉၊ ၂၂၊ ၂၅။

**ထီထိုးရန်ဂဏန်းများ**။ ။ ၂၊ ၅၊ ၇၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ**။ ။ ဆောင်ရွက်ပြောဆိုရန် ကိစ္စရှိလျှင် ယှဉ်ပြိုင်ရန် ရှိလျှင် ဖက်သန်းရွက်ကို ခင်း၍ နင်းပြီးသွားပါ။ သို့မဟုတ် သင်ပုန်းကျွဲ နင်းပြီးသွားပါ။

## [illegible]

**စီးပွားရေး**။ ။ရွှေပန်းထိမ်များ၊ ရွှေထည်များ အရောင်းအဝယ် မည်။ အိုးအိမ်ဆောက်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းလုပ်ငန်းများ ဖြစ်ထွန်းမည်။ မြေကိစ္စ အရောင်းအဝယ်များ အကျိုးအမြတ်များ

**ဝန်ထမ်းရေးရာ**။ ။ အလုပ်တာဝန်များ အောင်မြင်စွာ

www.burmeseclassic.com

www.burmeseclassic.com







အထက်လူကြီးများ၏ အားကိုးအားထားပြုခြင်း ခံရမည်။
**အိမ်တွင်းရေး**။ ။ အိမ်တွင်းရေး အဆင်ပြေသာယာမည်။ သားသမီးများအတွက် ဂုဏ်တက်ရမည်။
**အချစ်ရေး**။ ။ တစ်အိုးတစ်အိမ် ထူထောင်ရန် မဖြစ်နိုင်သေးပါ။ ချစ်သူဘဝနှင့် နေပါဦး။ ဆွေမျိုးများကြောင့် လက်ထပ်ဖို့ကိစ္စ အဆင်မပြေ ဖြစ်တတ်သည်။
**ပညာရေး**။ ။ ဘယ်ပညာကိုပဲသင်သင် ဘယ်သင်တန်းကိုပဲ တက်တက် အောင်မြင်မည်။
**ကျန်းမာရေး**။ ။သွေးနှင့် ပတ်သက်သောရောဂါ ဖြစ်တတ်သည်။ သွေးတိုး၊ သွေးကျ ဖြစ်တတ်၍ သွေးပေါင်ချိန်ဖြင့် ကြိုတင်စစ်ဆေးပါ။
**ဆောင်ရန်ရက်များ**။ ။ ၂၊ ၃၊ ၅၊ ၈၊၉၊ ၁၁၊ ၁၄၊ ၁၅၊ ၁၇၊ ၂၀၊ ၂၁၊ ၂၃၊ ၂၇။
**ရှောင်ရန်ရက်များ**။ ။ ၄၊ ၆၊ ၁၀၊ ၁၂၊ ၁၈၊ ၂၂၊ ၂၄၊ ၂၈။
**ထီထိုးရန်ရက်များ**။ ။ ၂၊ ၅၊ ၇၊ ၁၁၊ ၁၃၊ ၁၆၊ ၁၉၊ ၂၁၊ ၂၅၊ ၂၆။
**ထီထိုးရန်ဂဏန်းများ**။ ။ ၂၊ ၃၊ ၅၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ**။ ။ဆောင်ရွက်ပြောဆိုရန် ကိစ္စရှိလျှင် ယှဉ်ပြိုင်ရန်လုပ်ငန်းများရှိလျှင် သနပ်ရွက် သို့မဟုတ် ထန်းသီးကို တဖြင့်လို၍ နင်းပြီးမှ သွားပါ။

## ကြာသပတေး

**စီးပွားရေး**။ ။ လုပ်ငန်းသစ်များ ထူထောင်ခြင်း၊ လုပ်ငန်းများ တိုးချဲ့နိုင်သောကာလ ဖြစ်ပါသည်။ ရွှေလုပ်ငန်းများ အကျိုးအမြတ်များမည်။
ကိုယ်စားလှယ်လုပ်ငန်း၊ အကျိုးဆောင်လုပ်ငန်း၊ ရှေ့နေလုပ်ငန်း၊ ပွဲစားလုပ်ငန်းများ အခြေအနေကောင်းမည်။
**ဝန်ထမ်းရေးရာ**။ ။ လေယာဉ်ဆိုင်ရာ အမှုထမ်းများ၊ အိုးအိမ်တိုက်တာ ဆောက်လုပ်ရေးဆိုင်ရာ ဝန်ထမ်းများ၊ ဘူမိဗေဒဆိုင်ရာ ဝန်ထမ်းများ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမည်။
**အိမ်တွင်းရေး**။ ။ မိသားစုအနေဖြင့် အောင်မြင်မှုများရကာ ပျော်ရွှင်ချမ်းမြေ့ရမည်။ သားသမီးများ၏ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးတို့ကောင်းမည်။
**အချစ်ရေး**။ ။ စကားပြောမှားခြင်း၊ အနေအထိုင် အပြုအမူမှားခြင်းတို့ကြောင့် ချစ်သူနှင့် ခဏတာ အဆင်မပြေ ဖြစ်ရတတ်သည်။
**ပညာရေး**။ ။ ပညာရပ်ဆိုင်ရာ သင်တန်းများ တက်ရောက်ခွင့်ရလိမ့်မည်။ မည်သည့်သင်တန်းပညာဖြစ်စေ အောင်မြင်တိုးတက်မည်။
**ကျန်းမာရေး**။ ။ သွေးတိုး၊ သွေးကျ သွေးနှင့် ပတ်သက်သောရောဂါ ဖြစ်တတ်၍ စိတ်ရောကိုယ်ပါ အနားယူပေးပါ။
**ဆောင်ရန်ရက်များ**။ ။ ၃၊ ၅၊ ၆၊ ၉၊ ၁၁၊ ၁၂၊ ၁၅၊ ၁၇၊ ၁၈၊ ၂၁၊ ၂၃၊ ၂၄၊ ၂၇၊ ၂၈။
**ရှောင်ရန်ရက်များ**။ ။ ၄၊ ၇၊ ၁၀၊ ၁၃၊ ၁၉၊ ၂၂၊ ၂၅၊ ၂၆။
**ထီထိုးရန်ရက်များ**။ ။ ၂၊ ၆၊ ၈၊ ၁၁၊ ၁၃၊ ၁၉၊ ၂၂၊ ၂၅၊ ၂၆။
**ထီထိုးရန်ဂဏန်းများ**။ ။ ၃၊ ၅၊ ၆၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ**။ ။ ဆောင်ရွက်ပြောဆို ယှဉ်ပြိုင်ရန် ကိစ္စများရှိလျှင် ထအောင်သား (သို့မဟုတ်) ထအောင့်ရွက် (သို့မဟုတ်) အုန်းလက်နှင့် အုန်းရွက်ကို နင်းပြီးမှသွားပါ။

## သောကြာ

**စီးပွားရေး**။ ။ အသင့်ချုပ်ပြီး အဝတ်အထည်များ၊ အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ၊ အလှကုန်များ၊ ယာဉ်ကားများ ရောင်းအားဝယ်အားကောင်း၍ အကျိုးအမြတ်များမည်။ စိန်အရောင်းအဝယ်၊ ဆေးအရောင်းအဝယ်၊ ဆန်စပါး အရောင်းအဝယ်ကောင်းမည်။
**ဝန်ထမ်းရေးရာ**။ ။ ဘာပဲလုပ်လုပ် အဆင်မပြေ ဖြစ်တတ်၍ သည်းခံပါ။ အကြီးအကဲ အထက်လူကြီး၏ ဆန္ဒကို လေးစားပါ။
**အိမ်တွင်းရေး**။ ။ အိမ်တွင်းရေး အဆင်ပြေစေရန် သည်းခံစိတ်ရှည်ပါ။ ပြောဆိုဆုံးမမရသူများကို သည်းခံလိုက်ပါ။ ခလုတ်ထိမှ အမိတပါလိမ့်မည်။ အိမ်ထောင်ဖက်ကျန်းမာရေးညံ့တတ်သည်။
**အချစ်ရေး**။ ။ အချစ်ရေး အထူးအောင်မြင်သောကာလဖြစ်ပါသည်။ အချစ်ရေးနှင့် ပညာရေး ရောထွေးနေတတ်သည်။ ချစ်လည်းချစ်ပါ။ ပညာရေးကိုလည်း ဂရုစိုက်ပါ။
**ပညာရေး**။ ။ ပညာရေးတွင် အချစ်ရေး ဝင်နှောက်တတ်သည်။ ဘဝတစ်သက်တာ အရေးဖြစ်၍ အချိန်ရှိခိုက် လုံ့လစိုက်ပါ။
**ကျန်းမာရေး**။ ။ ခေါင်းမူးခေါင်းကိုက် ဝေဒနာဖြစ်တတ်သည်။ နေပူထဲမှ ပြန်လာလျှင် ခေါင်းကို ရေလောင်းမချိုးပါနှင့်။
**ဆောင်ရန်ရက်များ**။ ။ ၃၊ ၆၊ ၇၊ ၉၊ ၁၂၊ ၁၃၊ ၁၅၊ ၁၈၊ ၁၉၊ ၂၁၊ ၂၄၊ ၂၅၊ ၂၇၊ ၂၈။
**ရှောင်ရန်ရက်များ**။ ။ ၄၊ ၈၊ ၁၀၊ ၁၄၊ ၁၆၊ ၂၀၊ ၂၂၊ ၂၆။
**ထီထိုးရန်ရက်များ**။ ။ ၂၊ ၅၊ ၉၊ ၁၀၊ ၁၅၊ ၁၇၊ ၂၁၊ ၂၃၊ ၂၅၊ ၂၈။
**ထီထိုးရန်ဂဏန်းများ**။ ။ ၃၊ ၆၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ**။ ။ ဆောင်ရွက်ပြောဆိုယှဉ်ပြိုင်ရန် ကိစ္စများရှိလျှင် အင်ကြင်းသား (သို့မဟုတ်) အင်ကြင်းရွက်ကို နင်းပြီးမှသွားပါ။

## စနေ

**စီးပွားရေး**။ ။ပလတ်စတစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။ ကိုယ်စားလှယ်၊ အကျိုးဆောင်လုပ်ငန်း၊ ရှေ့နေ၊ ပွဲစားလုပ်ငန်းများ ဖောက်သည်ကောင်းများ တွေ့မည်။ အကျိုးအမြတ်များများ ရရှိမည်။
**ဝန်ထမ်းရေးရာ**။ ။အထက်အရာရှိများ၊ အကြီးအကဲများ၏ အကူအညီကို ရရှိမည်။ မိမိ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ရက်အတွင်း ပြီးစီးမည်။
**အိမ်တွင်းရေး**။ ။ အိမ်တွင်းရေး အောင်မြင်ပျော်ရွှင်ရမည်။ သားသမီးများ အဖက်ဖက်မှ အောင်မြင်၍ စိတ်ချမ်းသာရမည်။ ငွေကြေးအခက်အခဲ အနည်းငယ် ကြုံရတတ်သည်။
**အချစ်ရေး**။ ။ ယခုကာလအတွင်း မင်္ဂလာကိစ္စများကို မဆောင်ရွက်ပါနှင့်။ အချစ်ရေးတော့ အဆင်ပြေမည်။
**ပညာရေး**။ ။မိမိက အခြားသူများအား ပညာသင်ကြားပေးရလိမ့်မည်။ မိမိလည်း နိုင်ငံခြားဘာသာ သင်တန်းတစ်ခု တက်ခွင့်ရလိမ့်မည်။
**ကျန်းမာရေး**။ ။ ခြေထောက်နာခြင်း၊ ခြေဆစ်နာခြင်း၊ အကြောနာခြင်းတို့ ဖြစ်တတ်သည်။
**ဆောင်ရန်ရက်များ**။ ။ ၃၊ ၄၊ ၇၊ ၁၀၊ ၁၁၊ ၁၄၊ ၁၇၊ ၁၈၊ ၂၁၊ ၂၄၊ ၂၅၊ ၂၈။
**ရှောင်ရန်ရက်များ**။ ။ ၅၊ ၈၊ ၁၂၊ ၁၅၊ ၁၉၊ ၂၂၊ ၂၆။
**ထီထိုးရန်ရက်များ**။ ။ ၂၊ ၄၊ ၈၊ ၉၊ ၁၃၊ ၁၆၊ ၂၀၊ ၂၃၊ ၂၅၊ ၂၇။
**ထီထိုးရန်ဂဏန်းများ**။ ။ ၃၊ ၄၊ ၇၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ**။ ။ စိန်ခြယ်ပန်း (၇)ပွင့်ကို နင်းကြမ်းပြုပြီးမှ( နင်းပြီးမှ ) ဆောင်ရွက်ရန်ကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်ပါ။

*ကျန်းမာ ချမ်းသာကြပါစေ။*

**ဆရာ ရောင်ခြည်**



www.burmeseclassic.com

www.burmeseclassic.com

မဟာဘုတ်ချိန်ခွင်နှင့်

# လွယ်ကောင်းယတြာ



✤ ကြာခံဘုရားရုပ်ပွားတော်
(ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်
မယ်လမုစေတီတော်၌ တည်ရှိပါသည်)

## ကြာသပတေးသားသမီးများအတွက်

**ကြာသပတေး သားသမီးများအတွက်** ဉာဏ်သာချမ်းသာ ကံကောင်းစေဖို့ရာ လွယ်ကောင်းယတြာ ဖြစ်ပါတယ်။

ကြာသပတေး သားသမီးများသည် ကြာသပတေးနေ့တိုင်း ဆောင်ရွက်ရပါမယ်။ ကြာသပတေးသားသမီးများသည် **ကြာခံဘုရားရှေ့မှောက်၌** ဖလားသန့်သန့်ဖြင့် ရေ ကြည်ကြည် သန့်သန့် ထည့်ပြီး လှူပါ။ ပြီးလျှင်...

ကြာသပတေး သားသမီးများသည် မဟာဘုတ်ဖွားဆိုင်ရာ လှူရမယ့်ယတြာပစ္စည်းများကို ဇယားပါအတိုင်း သက်တော်ထင်ရှား မြတ်ဘုရားကို အထူး အာရုံထားပြီး လှူပါမယ်။ ပြီးရင် **"ဘဝေဝါဟံ"** ဂါထာဖြင့် ရှိခိုးကန်တော့ပါ။

ပြီးရင်...

**"မင်္ဂပစ္စယော"**ကို ပေါက်သားပုတီးဖြင့် ပုတီး(၃)ပတ် စိပ်ရပါမယ်။

## ဘဝေဝါဟံ ဂါထာတော်

ဘဝေဝါဟံ ဘယံ ဒိသွာ၊ ဘဝဥ္စ ဝိဘဝေ သိနံ။ ဘဝံ နာဘိဝဒိံ ကိဉ္စိ၊ နန္ဒိဥ္စ န ဥပါဒိယိံ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ဒိသွာ** | = ဒိတ်သဝါ |
| **ဘဝဥ္စ** | = ဘဝင်စ |
| **နာဘိဝဒိံ** | = နာဘိဝဒိန် |
| **ကိဉ္စိ** | = ကိန်စိ |
| **နန္ဒိဥ္စ** | = နန်ဒိင်စ |
| **ဥပါဒိယိံ** | = အုပါဒိယိန် |

အနက်အဓိပ္ပာယ်

**အဟံ**၊ ငါဘုရားသည်။

**ဘဝေ**၊ ကာမရူပ အရူပဟု ဘဝ သုံးပါး စဋ္ဋတရား၌။

**ဘယဥ္စ**၊ ပဋိသန္ဓေ အိုနာသေရေး ကြောက်ဖွယ်ဘေးကို လည်းကောင်း။

**ဝိ ဘဝေသိနံ**၊ ဘဝကင်းရာ နိဗ္ဗာန်တာကို ဖွေရှာလမ်းမှား သတ္တဝါများ၏။

**ဘဝဥ္စ**၊ ဘဝသုံးထပ် ဘုံသုံးရပ်၌ မရပ်မနား ဖြစ်ပွားခြင်းကို လည်းကောင်း။

**ဒိသွာဝေ**၊ ဉာဏ်မျက်စိဖြင့် တိကျ ထင်ထင် တွေ့မြင်ရသောကြောင့်ပင်။

**ကိဉ္စိဘဝံ**၊ တစ်စုံတစ်ခုသော ဘဝကိုမျှ။

**နာဘိဝဒိံ**၊ တဏှာဒိဋ္ဌိတို့၏ အစွမ်းဖြင့် နှစ်ခြိုက် သာယာတက စသည် ဖောက်ပြား အထင်မမှားတော့ပြီ။

**နန္ဒိဥ္စ**၊ ဘဝတဏှာကိုလည်း။

**နဥပါဒိယိံ**၊ လေးမဂ်လျှံရှိန် ဉာဏ်ပုဆိန်ဖြင့် လေးကြိမ်ဖြတ်တောက် အမြစ်ပါ ပျောက်သဖြင့် မကပ်မရောက် မစွဲယူတော့ပြီ။

ပုတီးစိပ်ရမည့်ဂါထာ

မင်္ဂပစ္စယော

*(ပုတီးတစ်လုံးချ)... (၃)ပတ်*

***အေးပါစေ၊ အောင်ပါစေ။***

**သန်းပညာ**


## ကြာသပတေးသားသမီးများအတွက် မဟာဘုတ်ဖွားဆိုင်ရာ လှူရမည့် ဝတ္ထုပစ္စည်းပြဇယား

| အထွန်း | သိုက် | ရာဇ | အဓိပတိ | ဘင်္ဂ | မရဏ | ပုတိ |
|---|---|---|---|---|---|---|
| ပန်းမည့်နံ့<br>ဝိတောက်ညွှန့် | ပန်းမည့်နံ့<br>အုန်းညွှန့် | ပန်းမည့်နံ့<br>ကြံညွှန့် | ပန်းမည့်နံ့<br>ဝါးညွှန့် | ပန်းမည့်နံ့ | ပန်းမည့်နံ့<br>သပြေ | ပန်းမည့်နံ့<br>စွယ်တော်ညွှန့် |



www.burmeseclassic.com

www.burmeseclassic.com



ကဝိသိရေမဇကိ

ဂုဏ်တော်အလင်းတိုင်ဖြင့်

# ကံ မြှင့်နည်း

ယခုဖော်ပြမယ့် နည်းစဉ်မှာ ကြံအစည်များ အောင်မြင်စေခြင်း၊ လာဘ်လာဘများ ဝင်စေခြင်း၊ ရန်ကင်း ခြင်း အခက်အခဲ အကျဉ်းအကျပ်မှ လွတ်ကင်းခြင်း စတဲ့ ကောင်းကျိုး များသာကို ရစေနိုင်ပါတယ်။

ပထမဦးဆုံး စိုက်ထားသော အလင်းတိုင်ကို အရဟံဂုဏ်တော် အလင်းတိုင်ဟု မှတ်ယူထားပါ။ ပထမဦးဆုံးအလင်းတိုင်ကို အရဟံ ဂုဏ်တော်ဖြင့် (၉)ခေါက်မွမ်းပြီးစိုက်ပါ။ ဒုတိယအလင်းတိုင်ကို သမ္မာသမ္ဗုဒ္ဓေါ

| | |
|---|---|
| ပညာရေးအတွက် ဆောင်ရွက်ရန် | **အစိမ်းရောင်**ကို သုံးပါ။ |
| **ငွေကြေးလာဘ်လာဘ**အတွက်ဆိုရင် | **အဖြူရောင်**ကို သုံးပါ။ |
| **ရန်အတိုက်အခံကိစ္စ**ဆိုရင် | **အနီရောင်**ကို သုံးပါ။ |
| **အကြံအစည်**ဟူသမျှ အောင်မြင်စေလိုရင် | **အဝါရောင်**ကို သုံးပါ။ |

ဂုဏ်တော်အလင်းတိုင် စီရင်နည်း မှာ အလင်းတိုင်(၉)တိုင်ကို သုံးရ မယ်။ အလင်းတိုင် တစ်တိုင်ထွန်း လျှင် ဂုဏ်တော်(၉)ခေါက် ရွတ်ပြီးမှ အလင်းတိုင်ကို မြဲအောင်စိုက်ပါ။ ပြီးမှ ဖြင့် သီးသန့်ထားသော အလင်းတိုင် ထွန်းညှိပါ။

ထွန်းညှိရာ၌ အလင်းတိုင်(၉) တိုင်လုံး စိုက်ပြီးမှ ထွန်းညှိပါ။ ထွန်းညှိ ရာ၌လည်း ဂုဏ်တော်အစဉ်တိုင်း ပထမဦးစဆုံး စိုက်ထားသော အလင်း တိုင်ပြီးမှ ဒုတိယ,တတိယ စသည်ဖြင့်) ထွန်းညှိပါ။

ဂုဏ်တော်(၉)မွမ်းပြီး စိုက်ပါ။

ဤသို့အားဖြင့် အလင်းတိုင် (၉) တိုင်ကို ဂုဏ်တော်(၉)ပါးဖြင့် အစဉ် အတိုင်း တုံးမွမ်းရပေမယ်။ ပြီးမှ ညှိရန် ထားသော အလင်းတိုင်ဖြင့် ပထမတိုင် ဒုတိယတိုင် စသည့် အစဉ်အားဖြင့် (၉)တိုင်ပြည့်အောင် ထွန်းညှိလိုက်ပါ။

အလင်းတိုင်၌ ရေးသားရမည့် ပုံစံ နမူနာကို ကြည့်ပါဦး။

* * *

အထက်ပါတိုင်သည် တနင်္ဂနွေ သားသမီးအတွက် ဖြစ်ပါတယ်။

**တနင်္လာဖြစ်ရင်** မွေးနံနေရာတွင် ၂ ဟု ရေးပါ။

**အင်္ဂါဖြစ်ရင်** ၃

**ဗုဒ္ဓဟူးဖြစ်ရင်** ၄

**ကြာသပတေးဖြစ်ရင်** ၅

**သောကြာဖြစ်ရင်** ၆


**စနေဖြစ်ရင်** ၇ ဟု

စသဖြင့် ရေးရပါမယ်။

အလင်းတိုင်ကို ထွန်းညှိပူဇော်ပြီး လျှင် "**ဘဝတု သဗ္ဗမင်္ဂလံ**" ဂါထာကို (၃၆)ခေါက်ရွတ်ပြီး ဆုတောင်းပါ။ အကျိုးများပါမည်။

* * *

**ထွန်းညှိပူဇော်ထားပုံ**




**ရွတ်ရမည့် ဂါထာတော်**

* ဘဝတု သဗ္ဗမင်္ဂလံ၊
ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗ ဗုဒ္ဓါ နုဘာဝေန၊
သဒါသုခီ ဘဝန္တုမေ။

* ဘဝတု သဗ္ဗမင်္ဂလံ၊
ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗ ဓမ္မာ နုဘာဝေန၊
သဒါသုခီ ဘဝန္တုမေ။

* ဘဝတု သဗ္ဗမင်္ဂလံ၊
ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗ သံဃာ နုဘာဝေန၊
သဒါသုခီ ဘဝန္တုမေ။



www.burmeseclassic.com

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **သဗ္ဗ** | = | သဗ်ဗ |
| **ရက္ခန္တု** | = | ရက်ခန်တု |
| **ဗုဒ္ဓါ** | = | ဗုတ်ဓာ |
| **ဘဝန္တု** | = | ဘဝန်တု |
| **မင်္ဂလံ** | = | မင်ဂလံ |

အနက်

**သဗ္ဗ ဗုဒ္ဓါ နုဘာဝေန၊** ခပ်သိမ်းသော ဘုရားရှင်တို့၏ တန်ခိုးတေဇော်အာနုဘော်ကြောင့်။ **သဗ္ဗမင်္ဂလံ၊** ခပ်သိမ်းသော ကောင်းကျိုးချမ်းသာမင်္ဂလာသည်။ **ဘဝတု၊** ဖြစ်ရှိပါစေသတည်း။ **သဗ္ဗဒေဝတာ၊** ခပ်သိမ်းကုန်သော နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့သည်။ **ရက္ခန္တု၊** ကောင်းစွာမသွေ စောင့်ရှောက်ပါစေကုန်သတည်း။ **မေ၊** အကျွန်ုပ်အား။ **သဒါ၊** အခါခပ်သိမ်း။ **သုခီ၊** ချမ်းသာခြင်းရှိကြကုန်သည်။ **ဘဝန္တု၊** ဖြစ်ပါစေကုန်သတည်း။

**သဗ္ဗ ဓမ္မာ နုဘာဝေန၊** အလုံးစုံသော တရားတော်တို့၏ တန်ခိုးတေဇော်အာနုဘော်ကြောင့်။ **သဗ္ဗ မင်္ဂလံ၊** ခပ်သိမ်းသော ကောင်းကျိုးချမ်းသာမင်္ဂလာသည်။ **ဘဝတု၊** ဖြစ်ရှိပါစေသတည်း။ **သဗ္ဗဒေဝတာ၊** ခပ်သိမ်းကုန်သော နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့သည်။ **ရက္ခန္တု၊** ကောင်းစွာမသွေ စောင့်ရှောက်ပါစေကုန်သတည်း။ **မေ၊** အကျွန်ုပ်အား။ **သဒါ၊** အခါခပ်သိမ်း။ **သုခီ၊** ချမ်းသာခြင်းရှိကြကုန်သည်။ **ဘဝန္တု၊** ဖြစ်ပါစေကုန်သတည်း။

**သဗ္ဗ သံဃာ နုဘာဝေန၊** အလုံးစုံသော သံဃာတော်တို့၏ တန်ခိုးတေဇော်အာနုဘော်ကြောင့်။ **သဗ္ဗ မင်္ဂလံ၊** ခပ်သိမ်းသော ကောင်းကျိုးချမ်းသာမင်္ဂလာသည်။ **ဘဝတု၊** ဖြစ်ရှိပါစေသတည်း။ **သဗ္ဗဒေဝတာ၊** ခပ်သိမ်းကုန်သော နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့သည်။ **ရက္ခန္တု၊** ကောင်း[...] မသွေ စောင့်ရှောက်ပါစေကု[...] သတည်း။ **မေ၊** အကျွန်ုပ်အား။ **သဒ[...]** အခါခပ်သိမ်း။ **သုခီ၊** ချမ်းသာခြ[...] ရှိကြကုန်သည်။ **ဘဝန္တု၊** ဖြစ်ပါစေကု[...] သတည်း။

*(ဤဂါထာတော် ပါဠိအနက်[...] နှလုံးလှရောင်ခြည်မဂ္ဂဇင်းနှင့် ပါ[...] မဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာ[...] ဦးသန်းအောင်ရွှေ [ဓမ္မာစရိယ(မဟာ[...] မြန်မာစာဂုဏ်ထူး)၊ ဒီဃဘာဏက[...] ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)[...] ပြန်ဆိုပေးပါသည်။)*

*သင့်တင့်အောင် နှလုံးသွင်း အရှုံးကာ[...] ပါစေ။*

ကဝိသိရောမဏိ

"**အသီးတွင် သရက်၊ အရွက်တွင် လက်ဖက်၊ အသားတွင်ဝက်**" ဟု ရှေးလူကြီးသူမတို့ ဆိုရိုးရှိခဲ့ဖူးလေသည်။

မှန်ပေသည်။ အသီးတွင် သရက်သီးသည် အလွန်ချိုမြိန်၍ လူတိုင်းနှစ်သက်ကြပေသည်။ သရက်ကို အသီးသာမက အရွက်ပါ အသုံးဝင်ကြောင်း လူတိုင်း သိချင်မှ သိကြပေလိမ့်မည်။

ထို့ကြောင့် သရက်ရွက်၏ ဆေးဖက်ဝင်ပုံကို ရေးသား၍ ဗဟုသုတအဖြစ် မျှဝေလိုက်ပါသည်။

လူသားများ နေထိုင်ရာ တောရော မြို့ပါ နေရာတိုင်းတွင် **ကင်းခြေများ၊ ကင်းမြီးကောက်၊ ကင်းပုစွန် (ကင်းမလက်မည်း)** စသော ကင်းမျိုးစုံတို့ကို တွေ့ဖူးကြပေလိမ့်မည်။

သရက်နှင့်

## ကင်းဆိပ်

ယင်းကင်းများ၏ ကိုက်ခြင်းကြောင့် ဆိုးရွားနာကျင်သော ဝေဒနာကိုလည်း အကိုက်ခံရဖူးသူတိုင်း ခံစားဖူးကြပေလိမ့်မည်။

မည်သည့် ကင်းအမျိုးအစားပင်ဖြစ်စေ အကိုက်ခံရပါက "**သရက်ရွက်**"သည် ကင်းဆိပ်ကိုနိုင်၍ အလွန်အစွမ်းထက်လှပေသည်။

**အသုံးပြုရန်မှာ...**

မည်သည့်ကင်းမျိုး အကိုက်ခံရသည်ဖြစ်စေ သရက်ရွက် လေး,ငါးရွက်ခန့်ကို ဝါးပြီး အရည်ကို မျိုချလိုက်ပါ။

ထို့နောက် ဝါးပြီး ညက်နေသော "ဝါးဖတ်" များကို အကိုက်ခံရသော အကိုက်ရာပေါ်တွင်



အုံထားလိုက်ပါက မကြာမီ ကင်းဆိ[...] ပြယ်၍ အနာ သက်သာကာ ပျောက်[...] လိမ့်မည်။

**(ဆေးနည်း ပြောပြပေး[...] ဆရာတော် ဦးသုဒဿနအား [...] ပြုလျက်...)**

*သုခိ အတ္တာန် ပရိဟရ[...]*

**မောင်နေသွေး (ဝ[...]လက်)**



www.burmeseclassic.com

www.burmeseclassic.com

### ကျောက်ပန်းတောင်းမြို့နယ်၊ သစ်တိန်းကျေးရွာကြီးအနီးမှ

# သဘာဝအိုးပုတ်ဇလုပ်

### နှင့် ဖြစ်ရပ်ဆန်းများ

ကြူသင်း
(ကျောက်ပန်းတောင်း)

[ ၁ ]

ကျွန်ုပ်(စာရေးသူ)သည် ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သည့် ကျောက်ပန်းတောင်းမြို့နယ်၊ သစ်တိန်းကျေးရွာအုပ်စု သစ်တိန်းကျေးရွာကြီးသို့ သားဖြစ်သူနှင့်အတူ ရောက်ရှိခဲ့ပါသည်။

ထိုသို့ ရောက်ရှိစဉ် ကျောက်ပန်းတောင်းမြို့နယ်၊ သစ်တိန်းကျေးရွာကြီးအနီးမှ သဘာဝအိုးပုတ်ဇလုပ်၏ ထူးခြားဖြစ်စဉ်ကို ကျွန်ုပ်(စာရေးသူ) သွားလာ တွေ့ရှိချက်တို့နှင့်အတူ စုံစမ်းစပ်မိခဲ့ရာမှ အကြောင်းရပ်တို့နှင့်အတူ ရေးသားတင်ဆက်ရပါသော်...

[ ၂ ]

သစ်တိန်းကျေးရွာကြီး၏ မြောက်ဘက် (၁ $\frac{၁}{၂}$)မိုင်ခန့်အကွာ အရှေ့နှင့် မြောက်ကို သွယ်တန်းနေသည့် "တောင်မောက်ကြီးတောင်"နှင့် "ရောင်လံတောင်" (တောင်ကြီး–၂လုံး)တို့ တည်ရှိခဲ့ပါသည်။

ယေပေါင်း (၁၅၀၀)ကျော် မြင့်ခဲ့သလို (ကွန်မြူနစ်ပါတီ) ကြီးစိုးခဲ့စဉ် အခါကာလ ၁၉၅၇ ခုနှစ်ဝန်းကျင်ကာလတွင် ပဲခူးရိုးမကြီးမှ ခွဲခွာလျက် "သခင်သန်းထွန်း"၏ လက်အောက်ခံတပ်ဖြစ်သော "ဗိုလ်ပုချို"နှင့် တပ်စိတ် တစ်စိတ်မှာ "တောင်မောက်ကြီး" တောင်ထိပ်တွင် စက်ရုံငယ်လေးတစ်ရုံနှင့်အတူ ရေကန်ငယ်လေးကိုပါ တူးထားခဲ့ပါသည်။ **(စက်ရုံငယ်လေးမှာ ယခုအခါ မတွေ့ရှိနိုင်တော့သည်တိုင် ကန်လေးမှာတော့ ရှိနေပါသေး၏။ တောင်ထိပ်ပေါ်တွင် တည်ဆောက်ထားသဖြင့် ရေသန့်ပါသည်။ သောက်ရေကန်ဖြစ်၏။)**


အထက်အညာဒေသ ပေါက်ရောက်သည့် အင်ကြင်းပင်၊ ရှားပင်၊ တည်ပင်၊ တမာပင်၊ သဘောက်ပင်၊ ဒဟတ်ပင်၊ ဆူးရစ်ပင်၊ ပုန်းမဲစာပင်၊ ရုံးပင်၊ သပွတ်ပင်၊ သန်းပင်၊ ဇီးပင် (ဆီးပင်)၊ ဖျောက်ဆိပ်ပင်တို့နှင့်အတူ လဲပင်၊ တရော်ပင်တွေ အပါအဝင် ဝါးပင်တွေက အစီအရီ ပေါက်နေကြသည်။

ထို့ပြင် ချိုး၊ ခါ၊ ချေ(ဂျီ)၊ ယုန်၊ ဒရယ်၊ ဖွတ်၊ ပုတတ်နှင့် ကျေးငှက်သာရကာတွေ ပေါပြည့်ဝနေသည့် တောင်မောက်ကြီးတောင်နှင့် အတူ "ရောင်လံတောင်ကြီး"တို့ကို အမှီပြု၍ "ကွန်မြူနစ်ပါတီ" လက်အောက်ခံ ဗိုလ်ပုချိုတို့ ကြီးစိုးနေသည့် အချိန်မှာပင် ယင်း"ရောင်လံတောင်ကြီး"၏ တောင်ဘက်(၁)ဖာလုံခွာရှိ "အိုးပုတ်ဇလုပ်"တည်ရှိနေခဲ့ပါသည်။

"သဘာဝ အိုးပုတ်ဇလုပ်"ကို သေချာစွာ တိုင်းတာခဲ့ရာမှ တွေ့ရှိချက် (အတိအကျ)တို့မှာ အောက်ပါအတိုင်း ဖြစ်ပါ၏။ ကန်ဘောင်ရိုးပေါ်မှာ "ဆည်ဘက်"(ရေကန်)တည်ရှိခဲ့ရာမှ ရေများပြည့်နှက်နေသဖြင့် တောင်အောက်သို့ စီးဆင်းခဲ့ရာတွင် "ရေအိုး(သို့မဟုတ်) အိုးပုတ်သဏ္ဌာန်"ရှိခဲ့သော "ထိပ်ဝအကျယ်(၆)ပေနှင့် အတွင်းအိုးပုတ်သဏ္ဌာန် အကျယ်မှာ (၁၀ $\frac{၁}{၂}$)ဆယ်ပေခွဲရှိသော သဘာဝအိုးပုတ်ဇလုပ်ထဲသို့ ရေစီးဆင်းဝင်ခဲ့ပါသည်။

မြေပြင်အောက် အနက်ပေမှာ (၁၂)ပေတိတိ ရှိနေပါ၏။ သာဓကပြရပါသော် ရေအိုးတစ်လုံးကို မြေကြီးထဲတွင် မြေမဖို့ပါဘဲ မြှုပ်ထားခဲ့သည့် ဥပမာကဲ့သို့ ဖြစ်သည်။ အောက်ပါပုံစံအတိုင်း ဖြစ်ပါသည်။ ပုံကြမ်းကို ကြည့်ရှုနိုင်ပါသည်။

* * *




**[ဤပုံသဏ္ဌာန်ကဲ့သို့ သဘာဝအိုးပုတ်ဇလုပ်ကို မြင်တွေ့နိုင်ပါသည်။]**

**မှတ်ချက်** ။ ။ ရေအိုးတစ်လုံးကို မြေကျင်းတူး၍ အထက်အောက် အညီချထားသည့် ပုံသဏ္ဌာန်နှင့်လည်း တူညီနေပါ၏။ ရွှံ့နွံများ(လုံးဝ)မရှိ။ သဘာဝထွက်ကျောက်တို့ဖြင့်သာ ရှိသည်။ (ကလေးကစားစရာ အိုးပုတ်နှင့်



www.burmeseclassic.com

တူ၍ "အိုးပုတ်ဇလုပ်"ဟု ခေါ်ဆိုခဲ့ဟန်တူပါသည်။)

လွန်ခဲ့သော နှစ်ပေါင်း(၅၀)ကျော်ကာလ၏ နွေရက်များတွင်မူ ယုန်၊ ဖွတ်၊ ပုတတ်တို့ အပါအဝင် ချေ(ဂျီ)တို့ အဆိုပါ သဘာဝအိုးပုတ်ဇလုပ်ထဲသို့ လိမ့်ကျသဖြင့် ပြန်မတက်နိုင်တော့ပါဘဲ အသက်သေကြသဖြင့် ထိုအိုးပုတ်ဇလုပ်အနီးမှ တောင်ယာလုပ်ကိုင်စားကြသူတို့ ဟင်းစားရကြ၏။


မိုးရာသီအချိန်များ၌ ရေအပြည့် ရှိတတ်ရာ ထိုအိုးပုတ်ဇလုပ်ထဲမှ ရေကိုယူ၍ ချိုးသူတို့အတွက် အန္တရာယ်မရှိခဲ့သော်လည်း ဦးပေါက်စ+ဒေါ်နှင်းမြိုင် ဇနီးမောင်နှံနှစ်ဦးတို့မှာ အနီးတွင် ကျောင်းကြီးကျောင်းငယ်စွန့်ပြီး အိုးပုတ်ဇလုပ်ထဲမှာပင် ရေဆင်းချိုး၍ ပါးတွေ ရွဲ့ကုန်ခဲ့၏။

ညအချိန်မှာပင် အိပ်မက်ပေးသည်။ အသက်အရွယ်(၈၀)ကျော်ရွယ် ဝတ်ဖြူစင်ကြယ်ဝတ် အဘိုးကြီးတစ်ဦးမှ...

'ဒီ သဘာဝအိုးပုတ်ဇလုပ်ကို စောင့်ရှောက်နေသလို သမုန်းပင်ကြီးမှာပဲ နေတယ်။ သိပ်မိုက်ပါလား။ ဒီတစ်ခါတော့ သတိပေးလိုက်တယ်။ နောက်တစ်ခါတော့ ငါ့ကို အဆိုးမဆိုကြနဲ့'

ဟု လက်ညှိုးထိုး၍ ပြောကြားခဲ့သည်ဟု ဆို၏။

ရေဆင်းချိုး၍ (တစ်ည)ပြည့် ည (၁၂း၄၅)နာရီ ညလယ်အိပ်မက်ကြောင့် နောက်တစ်နေ့ နံနက်(၉း၃၀)နာရီ အချိန်တွင် မှန်ဖြူမှန်နီ၊ လက်ဖက်ပွဲတို့ဖြင့် တိုးလျှိုး တောင်းပန်လိုက်ရာ ဆေးကုသမှု (လုံး၀)မခံယူရတော့ပါ။ ဓာတ်မိန္တောဆရာကြီး ဦးကျော်ခိုင်၏ တွက်ချက်စီရင်မှုကြောင့် အသက်အန္တရာယ် မဖြစ်ခဲ့ကြပါ။



[၇]

အဆိုပါ သဘာဝအိုးပုတ်ဇလုပ် အနီးရှိ တောင်ယာလုပ်သူတို့မှာ အနီးရှိ **"သမုန်းပင်ကြီး"**သို့ စားဦးစားဖျားများ တင်မြှောက်ကြလျှင် အဆိပ်ရှိသတ္တဝါ မြွေပွေးမြွေဟောက်တို့နှင့် ကင်းဝေးကြပါသည်။

သီးနှံတွေ အထွက်တိုး၍ သက်ဆိုးရှည်သည့် တောင်သူတွေဖြစ်ကြသည်။ ဤ သဘာဝအိုးပုတ်ဇလုပ်အနီး၌ လူမှုရေး အကျင့်ပျက်တို့ မဖွယ်မရာ မလုပ်ရပါ။ သားရဲတိရစ္ဆာန်တို့၏ အသားများ ဖျက်၍ ရေမဆေးရပါ။ မယုံကြည်သူတို့ မကြာမီ ဘေးဒုက္ခ သင့်ခဲ့ကြကြောင်း (စာရေးသူ)၏အဖေ ဦးလှဒင် (ကွယ်လွန်)မှ ပြောပြခဲ့ဖူးပါသည်။

အနောက်ဘက် (၂)မိုင်ခန့်အကွာမှာတော့ **သပြေကိုင်း(တောင်ရွာ)**နှင့် **သပြေကိုင်း(မြောက်ရွာ)**တို့ တည်ရှိခဲ့ကြပြီး မြောက်ဘက်(၁-)မိုင်ခန့်အကွာမှာတော့ "ဆင်ကျုံးရွာ" နှင့် "ကမ္ဘာ့တဲရွာ"တို့ တည်ရှိနေကြပါ၏။ မရိုးနိုင်အောင် "သိုးနှင့်ဆိတ်"တို့ မွေးမြူရင်း တောင်သူလုပ်ကိုင်ကြသူတွေပါ။

သူပုန်တို့ ထကြွသောင်းကျန်းနေခဲ့ကြသည့် (၁၉၄၅-၅၈)ပြန်ကျင်ကာလပင်
သူပုန်တို့ မယုံမကြည် မလုပ်ရဲကြပါ
မူးရူးသောက်စား၍ အနီးအနားတွ
ကျောင်းကြီးကျောင်းငယ် စွန့်ကြသည့် ကွ
နစ်ရဲဘော်တို့ အစိုးရနှင့် တိုက်ပွဲ
တိုင်း တိုက်ပွဲကျ သေဆုံးခဲ့ကြရ
သို့မှသာ အယုံအကြည်ရှိကြ၏။ စာ
စားဖျားတို့ကိုပင် တင်မြှောက်ကြသ
မဟုတ်ပါလား။

ယခုအခါမှာတော့ ယို "သဘာ
အိုးပုတ်ဇလုပ်"မှာ သဲမြေများဖြင့်
ရောက်နေခဲ့ပါပြီ။ သို့ပါသော်လ
အနီးအနားတွင် မဖွယ်မရာ မပြုလု
ဆဲရေးတိုင်းထွာ မပြုကြပါ။

မိုက်ရိုင်းသူ တောင်ယာလုပ်သူ
မြွေဆိုးမြွေဟောက်တို့နှင့် ကြုံတွေ့
ရ၏။ "သဘာဝအိုးပုတ်ဇလုပ်"
"တောင်မောက်ကြီးတောင်"
တွင် "အင်ကြင်းကျောက်"တို့ အ
ငယ်သာ တွေ့ရှိရတော့၏။

ကျောက်ပန်းတောင်းမြို့ အ
ဘက် (၁၄)မိုင်ခန့်ကွာ သစ်တိန်ရွာ
မှာ "ပုပ္ပါးတောင်သေလာ
အရှေ့ဘက် (၁၅)မိုင်ခန့် တော
သလို "အဘအောင်မင်းခေါ
ဓာတ်ပန္နက်ချရာ "စင်မြင့်ရွာ
အရှေ့မြောက်ဘက် (၂)မိုင်ခန့်
တွင် တည်ရှိခဲ့သည်။

**(ကျောက်ပန်းတောင်းမြို့နယ်**
**တိန်းရွာကြီးမှ ညီလေးကိုဗိုး**
**အတူ ငယ်ပေါင်းများသို့ အမှ**
**အဖြစ်...)**

***စိတ်လက်ကြည်သာ အိပ်***
***နိုင်ကြပါစေ။***

**ကြူသင်း**
***(ကျောက်ပန်းတောင်း)***

www.burmeseclassic.com

# အိမ်ထောင်ရေး ကံခေသည့် သူများ



ဒွေးချမ်းအောင်
(ရမည်းသင်း)

'လာ...ထိုင် ကိုအောင်ဝင်း ခုမှပဲ ညှို့သည့်တွေ ရှင်းသွားတယ်'

'ဗေဒင်ပညာသင်တဲ့ သင်တန်းသားတွေ ဒီနေ့မရှိပါလား ဆရာကြီး'

'ကိုအောင်ဝင်းက ဆရာကြီးဆီ မရောက်တာကြာတော့ မသိတာကိုး။ သူတို့ သင်တန်းပြီးသွားပြီလေ'

'ဩော်'

ဆရာကြီးဆီ ကျွန်တော် မရောက်ဖြစ်တာ နှစ်ပတ်ကျော်လောက်ရှိပြီဖြစ်၍ သင်တန်းဆင်းသွားသည်ကို မသိလိုက်။

ဆရာကြီးက သူတတ်ကျွမ်းထားသည့် ဆေးပညာနှင့်လည်း ဓိဝိတဒါနအဖြစ် အခမဲ့ ဆေးဝါးကုသပေးခြင်းကြောင့် ဆေးဝါးကုသကြသူ၊ ဗေဒင်လာမေးကြသူ၊ ဗေဒင်ပညာသင်ယူကြသူများနှင့် ညှို့အမြဲ ရှုပ်နေလေ့ရှိသည်။

'ကိုအောင်ဝင်းက ဗေဒင်ပညာ မသင်ယူပေမယ့် စိတ်ဝင်တစားလေ့လာနေတာတော့ ဆရာကြီးသိတယ်'

'ဆရာကြီးအိမ်ရောက်လာတဲ့ သူတွေတိုင်းကို တစ်ခုခု ပေးလိုက်ရမှ ကိုယ့်ကိုယ်ကိုယ် အဓိပ္ပာယ်ရှိတယ်လို့ ခံယူထားတာ။ ဒါကြောင့် ကိုအောင်ဝင်း စိတ်ဝင်စားမယ့် တွက်ကိန်းလေးတစ်ခု ပေးလိုက်မယ်။ ဒီကိန်းသိသွားရင် ကိုယ့်ဝန်းကျင်က လူတွေကို လေ့လာဆန်းစစ်ကြည့်နိုင်တာပေါ့'

'ဘယ်လိုတွက်ကိန်းမို့လဲ ဆရာကြီး'

'ယောကျ်ား၊ မိန်းမ အိမ်ထောင်ရေးကံခေကြသူတွေအကြောင်းသိဖို့ တွက်နည်း၊ ဟောနည်း လွယ်လွယ်လေးပါ'

ဆရာကြီးက အိမ်ထောင်ရေးကံခေသူတွေကို သိနိုင်သည့် တွက်နည်းဆို၍ အတော်ပင် ကျွန်တော် စိတ်ဝင်စားသွားလေသည်။

'ကျွန်တော်သိနိုင်တဲ့ တွက်နည်းဆိုသိချင်တယ် ဆရာကြီး'

'ဇာတာရှင်ရဲ့ အိမ်ထောင်ရေး အခြေအနေကို သူ့ရဲ့မွေးဇာတာ မဟာဘုတ်ခွင်ကိုကြည့်ခြင်းအားဖြင့် ကံဆိုး၊ကံကောင်းကို အကြမ်းဖျဉ်း သိနိုင်တယ်လေ'

'ဇာတာရှင်ဟာ သူရဲ့ မဟာဘုတ်ဇာတာခွင်မှာ ဒီကိန်းတွေရှိနေတယ်ဆိုပါစို့'

ဟု ဆရာကြီးက ပြောရင်း မဟာဘုတ်ခွင်တစ်ခု ရေးချလိုက်ပါသည်။

**'ဥပမာ...**

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| [၆] | ၃ | ၄ |

ဒီဇာတာရှင်ဟာ ယောကျ်ားလေး တစ်ယောက်ရဲ့ ဇာတာရှင် ဖြစ်မယ်။ သားမယားနံဖြစ်တဲ့ သောကြာဟာ မရဏထဲမှာ ဖြစ်နေလို့ ဒီဇာတာရှင်ဟာ သူယူတဲ့ မိန်းကလေးဟာ အပျိုမဖြစ်နိုင်ဘူး၊ မရနိုင်ဘူး။ တစ်ခုလတ်၊ မုဆိုးမ၊ နာမည်ပျက်ပြီး မိန်းကလေး တစ်ယောက် တစ်ခုခု ဖြစ်ရမယ်။

ပြီးတော့ အဲဒီဇာတာရှင်ယူထားတဲ့ မိန်းကလေးရဲ့ အကူအညီမရဘဲ မိမိတစ်ဦးတည်း အိမ်ထောင့်တာဝန်ကိုလဲ ထမ်းရွက်ရမယ်။ အမြဲ ပြဿနာအဖြစ်ပွားခြင်းကို ခံရမယ်။ စိတ်ချမ်းမြေ့သာယာတဲ့အိမ်ထောင်ရေး မဖြစ်နိုင်ဘူးလို့ ဟောရင် ရတယ်။ အိမ်ထောင်သက် မရှည်သလို ရိုးမြေကျ မမြဲဘူး။

တစ်ဆက်တည်းပြောရရင် အဲဒီဇာတာရှင်ဟာ အိမ်ထောင်ရေး သာယာမှု မရှိသလို သူနဲ့ တစ်အူထုံ့ဆင်း ညီအစ်ကို၊ မောင်ညီမတွေရဲ့ အကူအညီအထောက်အပံ့လဲ လုံးဝ မရရှိနိုင်ဘူး။

မရဏကိန်းကြည့်ဟောရင် ဟောစရာတွေ အများကြီးပဲ၊ နားငြီးသွားမှာစိုးလို့ မပြောပြတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်ကြည့် ကိုအောင်ဝင်း'

ဟု ဆိုကာ မဟာဘုတ်ခွင်တစ်ခု စာရွက်ပေါ်၌ ရေးချပြန်ပါသည်။

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁ | ၅ | ၆ |

(၅)ကြွင်းလို့ ဘင်္ဂအိမ်မှာ စ,ချရတဲ့ ဇာတာရှင် ယောကျ်ားလေးအတွက်လဲ အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး သိထားသင့်တာလေးကိုလဲ ပြောပြဦးမယ်။

စောစောက မရဏအိမ်မှာ သားမယားနံ့ရှိနေလို့ အဲဒီ ဇာတာရှင်လောက် မဆိုးပေမယ့် (၅)ကြွင်းတဲ့ ဇာတာရှင် ယောကျ်ားလေးယူထားတဲ့ မိန်းကလေးဟာ ယောကျ်ားအပေါ် အကောင်းမြင်မှု မရှိဘူး။ ရန်သူသဖွယ် အမြဲဆက်ဆံလေ့ ရှိမယ်။ အဲဒီ မိန်းကလေးကြောင့် ယောကျ်ားဖြစ်သူမှာ စိတ်ချမ်းသာမှု မရနိုင်ဘူး။ အမြဲ လှုပ်မိုးနေခြင်းကို ခံနေရမယ်။

ဒီကိန်းတွေဟာ ဇာတာခွင်မှာ တွေ့ရတဲ့ ယောကျ်ားလေးတွေတိုင်းကို သားမယားနဲ့ ပတ်သက်ပြီး အိမ်ထောင်ပြုတော့မယ်ဆိုရင် သတိထားဆင်ခြင်ဖို့ သတိပေး ဟောရတယ်။ သဘောပေါက်တယ်နော် ကိုအောင်ဝင်း'

'သဘောပေါက်တယ် ဆရာကြီး။ ယောကျ်ားလေးတွေအတွက်တော့ သိရပြီ။ မိန်းကလေးတွေအတွက်ကော ဆရာကြီး'

ကျွန်တော့်စကားကြောင့် ဆရာကြီးက ခေါင်းတညိတ်ညိတ်လုပ်၍ စာရွက်ပေါ်၌ အောက်ပါအတိုင်း မဟာဘုတ်ခွင်ချလေသည်။

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

မိန်းကလေးဇာတာမှာ လင်နံ့ဖြစ်တဲ့ အင်္ဂါနံ(၃)ဟာ မရဏထဲမှာ ရှိနေရင် အဲဒီမိန်းကလေးက သူရလိုက်တဲ့ ယောကျ်ားတိုင်းဟာ မိန်းကလေးအပေါ်မှာ မကောင်းသလို လူပျို,လူလွတ်မဟုတ်သူ ဖြစ်ချင် ဖြစ်နေမယ်။ ဒါမှ မဟုတ် မူးရူးသောက်စား လောင်းကစားသမား လူဆိုးလူမိုက်လဲ ဖြစ်နိုင်တယ်။ အဲဒီဇာတာရှင် မိန်းကလေးဖြစ်သူဟာ ယောကျ်ားကြောင့် သောကဒုက္ခတွေ အမြဲကြုံနေလေ့ရှိမယ်။ ရိုးမြေကျ မပေါင်းဖော်နိုင်ဘူး။ ကံဆိုးတဲ့ အိမ်ထောင်ဇာတာပေါ့။

'နောက်တစ်ခွင် ဆက်ကြည့်'

ဟု ပြောကာ မဟာဘုတ်ခွင်တစ်ခု ချပြပြန်ပါသည်။

'ဒါက တစ်မျိုးကံဆိုးတဲ့ ကံဇာတာ'

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆ | ၃ | ၄ |

အင်္ဂါနံဖြစ်တဲ့ လင်နံ့ဟာ (၃)ကြွင်းတဲ့အတွက် ဘင်္ဂအိမ်က စ,ချရတော့ ဘင်္ဂရဲ့ အပျက်သဘော သက်ဝင်ခြင်းကြောင့် စောစောက မရဏထဲ လင်နံ့ရှိနေတာလောက် မဆိုးလှပေမယ့် သူလဲ လင်ယောကျ်ားရတာ ကံဆိုးနိုင်တာပါပဲ။

လင်ယောကျ်ားရဲ့ နိုင်လိုမင်းထက်ပြုခြင်း၊ ဇာတာရှင် မိန်းကလေးကို အရုပ်ကလေး တစ်ခုလောက်သာ သဘောထားပြီးတော့ ထင်ရာ လုပ်နေမယ်။ တစ်သက်လုံး ယောကျ်ားဟာ လွှမ်းမိုးအနိုင်ယူနေမယ်။

တစ်ခုတော့ ရှိတာပေါ့လေ။ ဇာတာရှင်ရဲ့မွေးနံတွေဟာ အထွန်း၊ သိုက်၊ ရာဇ၊ အဓိပတိဆိုတဲ့ အလင်းတန်းမှာ ရှိနေရင်တော့ အနည်းငယ် သက်သာခွင့်ရမယ်။ ကံဇာတာရဲ့ ဆိုးကျိုးတွေကတော့ ရှိနေမှာပဲ။

ဆရာကြီးပြခဲ့တဲ့ မဟာဘုတ်ခွင်က ဇာတာရှင်တွေ တွေ့ရင် ကိုအောင်ဝင်းအနေနဲ့ အိမ်ထောင်ရေးကံဆိုးတဲ့ ဇာတာရှင်တွေပါလားလို့ သိနိုင်တာပေါ့'

ဟု ဗေဒင်ဆရာကြီး ဦးမင်းဖြူက အိမ်ထောင်ရေးကံခေသော ဇာတာရှင်များကို မဟာဘုတ်ခွင်မှ ကောက်ယူသိနိုင်သည့်အကြောင်း သင်ပြပေးလိုက်ပါသည်။


**အေးချမ်းအောင် (ရမည်းသင်း)**



www.burmeseclassic.com

www.burmeseclassic.com

# သူ ဘယ်လိုလူစားလဲ




ကြည့်ပါ။

**က–အရ**

**ကြိုးသဏ္ဌာန် ဖွာလန်နေတဲ့ နှလုံးလမ်းကြောင်းက...**

စိတ်မတည်ငြိမ် အပြောင်းအလဲမြန်တဲ့ ဇီဝသရုပ်ကို ထင်ရှားစေတယ်။

**ခ–အရ**

**မသန့်ရှင်းတဲ့ လမ်းကြောင်းက...**

ဆုံးဖြတ်ချက် မပြတ်သားမှုတွေ၊ တွေဝေမှုတွေ၊ ထိုင်းမှိုင်းလေးကန်တတ်တဲ့ အကျင့်စရိုက်တွေကို ပေါ်လွင်ထင်ရှားစေပါတယ်။

**ဂ–အရ**

**ကံလမ်းနဲ့ အသက်လမ်း နီးကပ်နေတဲ့ အတွက်ကြောင့်...**

အစွဲအလမ်းကြီးမှုတွေ၊ သံယောဇဉ်ပိုမှုတွေ၊ သွေးသားသံယောဇဉ် ကြီးမားခြင်းတွေ၊ အိုးအိမ်ပေါ်ခင်တွယ်မှု လွန်ကဲခြင်းတွေ ရှိနေကြောင်း ထင်ရှားစေပြန်ပါတယ်။

**င–အရ**

**လက်သန်းက သေးပြီး ထိပ်ဖျားက အတွင်းဘက်သို့ ဝင်နေခြင်းက...**

တိတ်တခိုးစိတ်တွေ မပွင့်လင်းမှုတွေ စတဲ့ ခန့်မှန်းရခက်ခဲတဲ့ စိတ်တွေ ရှိနေကြောင်း သိစေပါမယ်။

ကဲ ဒါဆိုရင်...

သူ ဘယ်လို လူစားလဲဆိုတာ သိနိုင်လောက်ပါပြီ။

***အေးပါစေ၊ အောင်ပါစေ။***

သန်းပညာ



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ

# ကျန်းမာရေးအတွက် အကြံပေးချက်များ

| ပုံရိပ် | ဝမ်းတွင်း အင်္ဂါ | အရောင် | ဂဏန်း | စားဖွယ် | အရသာ | အရပ် | မိတ်ဖက် | ကူညီသူ | ကံပွင့်နေ့ |
|---|---|---|---|---|---|---|---|---|---|
| ကြွက် | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | ချဉ် | အရှေ့တောင် | နဂါး, မျောက်, ကြွက် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| နွား | သရက်ရွက် | မြေဝါ | ၂ | ကောက်ညှင်း | ချို | အနောက်တောင် | ဆိတ်, ဝက်, ယုန် | စနေသားသမီး | တနင်္လာနေ့ |
| ကျား | သရက်ရွက် | မြေဝါ | ၂ | ကောက်ညှင်း | ချို | အနောက်တောင် | မျောက်, ကြွက်, နဂါး | စနေသားသမီး | တနင်္လာနေ့ |
| ယုန် | သည်းခြေ | အစိမ်းရင့် | ၇ | ဆန် | စပ် | အနောက် | ကြက်, နွား, မြွေ | ကြာသပတေးသားသမီး | သောကြာနေ့ |
| နဂါး | အစာအိမ် | အညို | ၈ | ကောက်ညှင်း | ချို | အရှေ့မြောက် | ကျား, မြင်း, ခွေး | တနင်္လာသားသမီး | စနေနေ့ |
| မြွေ | အစာအိမ် | အညို | ၈ | ကောက်ညှင်း | ချို | အရှေ့မြောက် | နွား, မြွေ, ကြက် | တနင်္လာသားသမီး | စနေနေ့ |
| မြင်း | အသည်း | အစိမ်းနု | ၃ | ဂျုံ | ချဉ် | အရှေ့ | ယုန်, ဆိတ်, ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ |
| ဆိတ် | အဆုတ် | အဖြူ | ၆ | ဆန် | စပ် | အနောက်မြောက် | ခွေး, ကျား, မြင်း | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| မျောက် | အဆုတ် | အဖြူ | ၆ | ဆန် | စပ် | အနောက်မြောက် | ဝက်, ယုန်, ဆိတ် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ကြက် | ဆီးအိမ် | အပြာ | ၁ | ပဲအမျိုးမျိုး | ငန် | မြောက် | ကြွက်, နဂါး, မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| ခွေး | နှလုံး | အနီ | ၉ | ပြောင်း | ခါး | တောင် | မြင်း, ကျား, ခွေး | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| ဝက် | အူသိမ် | အနီ | ၉ | ပြောင်း | ခါး | တောင် | မြင်း, ကျား, ခွေး | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |

* * *

ဤလတွင် **နွားနှစ်ဖွား၊ နဂါးနှစ်ဖွား၊ ကြွက်နှစ်ဖွားတို့မှာ** ကျန်းမာရေး ချူချာနေတတ်သည်။ ဤအကြံပေးချက် ဇယားကို နွားနှစ်ဖွားအတွက် စံပြုရှင်းပြပေးပါမည်။

**နွားနှစ်ဖွားတို့သည်** သရက်ရွက်နှင့်ဆိုင်သော အကျိုးဆက်များကို သတိထားပါ။ ကံလာဘ် ပွင့်လင်းစေသော (၂)ဂဏန်း၊ မြေဝါရောင်တို့ကို အားပြု၍ ယတြာ အပြင်အဆင် ပြုလုပ်နိုင်သည်။

ကောက်ညှင်းဖြင့် ပြုလုပ်သော စားဖွယ်များနှင့် သင့်လျော်သည်။ ချိုသောအရသာ၊ အနောက်တောင် ထောင့်အရပ်တို့က ကျန်းမာရေး



အထောက်အကူ ဖြစ်စေနိုင်သည်။

ဆိတ်နှစ်ဖွား၊ ဝက်နှစ်ဖွားနှင့် ယုန်နှစ်ဖွားတို့ ကောင်းကျိုးပေးနိုင်သည်။

ကျန်းမာရေးကိစ္စ အရေးကြုံ... စနေသားသမီးထံ အကူအညီတောင်း...ပါ။ တနင်္လာနေ့သည် နွားနှစ်ဖွား... အတွက် နေ့ကောင်းနေ့မြတ် ဖြစ်... သည်။

**ကျန်နှစ်ဖွားတို့လည်း ဤအ... ကောက်ချက်ချကြပါ။**

***အာရောဂျ ဆုလာဘ်နှင့် ပြည့်... မင်္ဂလာနှစ်သစ် နေ့ဦးပွဲတော်... သမယ ဖြစ်နိုင်ကြပါစေ။***

ဟူကျင်းဇီ (*Hu Jin Zhi*)



www.burmeseclassic.com

www.burmeseclassic.com



မဟာစက်ရှင်
(လှိုင်လင်)

လှိုင်လင်မြို့မှ

# စိန်တောင် အလှမ်းဝေး

လှိုင်လင်မြို့၏ မြို့ပြရေိယာကို လွန်၍ မြို့အပြင်ဘက် တောတောင် ရေိယာ အစပ်ကို ရောက်သည်နှင့် မြို့၏ ပြယုဂ် ကားသံ၊ လူသံ၊ ဆူညံသံ များ ဆိတ်သုဉ်းသွားပြီး တောတောင် သဘာဝ၏ အေးငြိမ်းသော ခံစားမှု လေးက ကျွန်ုပ်တို့နှစ်ဦး၏ စိတ်ဘဝင် ကို လန်းဆန်းတက်ကြွလာစေပါ သည်။

တောင်ပေါ်ကျောင်း ဘုန်းတော်ကြီး ကျောင်းကို ကျော်လွန်သည်နှင့် အုပ်ဆိုင်းနေသော သစ်ပင်ချုံနွယ်များ နှင့်အတူ တောပန်းစုံတို့၏ သင်းရနံ့ များကလည်း လေပြည်နှင့်အတူ တိုးဝှေ့ ၍ ကျွန်ုပ်အား ကြိုနေသယောင်။

အမျိုးမျိုးသော ကျေးငှက်သံပေါင်းစုံ



www.burmeseclassic.com

www.burmeseclassic.com

တို့မှာလည်း အရောင်အသွေး စုံလင်စွာဖြင့် ဟိုမှဒီကို လူးလာပျံသန်း နားခို၍ သံစုံကျူးရင့်နေသည့် အသံများမှာ ကျွန်ုပ်တို့၏ စိတ်ကို ကြည်နူးမှု အပြည့်အဝပေး၍ နေပါသည်။

တစ်ခါတစ်ခါ ဘေးချုံပုတ်လေးများမှ ပြေးထွက်သွားကြသော အမျိုးအမည်မသိ တောကောင်လေးများ၊ သစ်ပင်သစ်ကိုင်းများပေါ်တွင် ပြေးလွှားနေကြသော ရှဉ့်ငယ်လေးများကိုလည်း တွေ့ရသောအခါ တောပျော်သူတော်စင်တို့၏ တောတောင်တို့ကို တန်ဖိုးထားမြတ်နိုးတတ်ကြပုံကို ရော်ရမ်းမှန်းဆကာ လေးစားစွာ အသိအမှတ် ပြုမိလိုက်ကြရပါသည်။

ကျွန်ုပ်နှင့် ဝါသနာတူ မိတ်ဆွေ (ကိုထွန်းဖံ)တို့မှာ လှိုင်လင်မြို့၏ အရှေ့တောင်ဘက်၌ရှိသော အစဉ်အဆက် ဝိဇ္ဇာတို့ ပျော်စံရာ၊ ဥစ္စာစောင့်တို့ ကွန်းခိုရာဟု နာမည်ကြီးလှသော **စိန်တောင် သာသနာ့နယ်မြေသို့** တောလမ်းလေးအတိုင်း လျှောက်လှမ်း၍ လာနေကြခြင်းပင် ဖြစ်ပါသည်။

ကိုထွန်းဖံမှာ **ဆေးဝိဇ္ဇာလမ်း**ကို ဝါသနာသန်၍ ကျွန်ုပ်မှာ **'စမနှင့်ဂါထာမန္တန်'**တို့ကို အလွန်စိတ်ဝင်စားသူဖြစ်၏။ ကိုထွန်းဖံသည် ပုတီးကို လည်ပင်း၌ ဆွဲထားပြီး အပြင်အင်္ကျီနှင့် ဖုံးထား၏။

ကျွန်ုပ်မှာ ကျွန်ုပ်၏ပုတီးကို ကတ်ထူဘူးလေးထဲထည့်၍ လက်ဖြင့် ကိုင်လာ၏။ ကျွန်ုပ်တို့ နှစ်ယောက်ကား စိန်တောင်သို့ မကြာခဏ လာရောက်၍ ပုတီးစိပ်ပွားခြင်း ဘာဝနာအလုပ်ကို လုပ်လေ့ရှိကြသော ပုတီးဝါသနာရှင်များ ဖြစ်ကြပါသည်။

တောတောင်ပတ်ဝန်းကျင် အလှအပတို့ကို ခံစားရင်း စကားတပြော



ပြောနှင့် လျှောက်လာကြရာ စိန်တောင်မြေ ကျောင်းခြေရင်းသို့ပင် ရောက်လာကြပါသည်။

'ခုလောက်ဆို ဦးလေးပုညပုတီး စိပ်ပြီးလောက်ပြီ ထင်တယ်နော် ကိုထွန်းဖံ'

'ပြီးလောက်ပြီထင်တာပဲ၊ ဦးလေးဦးပုညက မနက်(၄)နာရီလောက်ကတည်းက ထပြီး ဘုရားကိစ္စ တရားကိစ္စတွေကို လုပ်နေကျဆိုတော့ ဘုရားဆွမ်းတော်တွေတောင် ကပ်ပြီးလောက်ပြီထင်တယ်'

စိန်တောင်ကျောင်းမှာ တောင်ကုန်းမြင့်ပေါ်တွင်ရှိ၍ ကျောင်းပေါ်သို့ တက်ရာလမ်းမှာ ကျောင်း၏ အနောက်မြောက်ထောင့်ဘက်တွင် တောင်ကမ်းပါးယံ၌ မြေကို လှေကားထစ်ပုံသဏ္ဌာန် ပြုလုပ်ထားသော တောင်တက်လမ်း တစ်လမ်းရှိ၍ အလွန် မြင့်မားမတ်စောက်၏။

ကျောင်း၏အရှေ့ဘက်မှ တက်ရသော မြေလှေကားထစ် တစ်လမ်းလည်းရှိပြီး ကျောင်းတောင်ကုန်းအောက်ညာဘက်အတိုင်း ပြေပြေလေး ကွေ့ပတ်တက်သွားရသော တောင်တက်လမ်းလည်း တစ်လမ်း ရှိပါသည်။

ကျွန်ုပ်တို့ကား သစ်ပင်များ အုပ်ဆိုင်းနေသော လမ်းပြေလေးအတိုင်း ကွေ့ပတ်တက်ကြရာ ဘုရားရင်ပြင်တော် ကျောင်းနယ်နိမိတ်ကို တော...
ဘက်အရပ်မှ ဝင်ကြရ၏။ စိန်တော...
ကျောင်းအနီးဝန်းကျင်တွင် သရက်...
ပိန္နဲ၊ တညင်း စသော သီးပင်များ...
တကွ သရဖီ စသော ပန်းများ၊ သစ်...
များဖြင့် အုပ်ဆိုင်း၍ နေပါသည်။

'ဟ ထွန်းဖံတို့၊ ကိုတင်တို့ လာ...
ပြီလား၊ မင်းတို့ ရောက်လာမယ်ဆို...
ငါ ထင်တော့ ထင်သားပဲကွ'

ကျောင်းထောင့် မီးဖိုဆောင်...
လေး ပြတင်းပေါက်မှ ဦးလေး...
လှမ်းပြောလိုက်ခြင်းဖြစ်၏။ စိန်တော...
ကျောင်းမှာ သံဃာမရှိသေးဘဲ ...
တောင်အဆက်အနွယ် ဦးလေး...
အား ကျောင်းစောင့်အဖြစ် သာသ...
ဆိုင်ရာမှ စောင့်ရှောက်ရန် တာဝန်...
ထားခြင်း ဖြစ်ပါသည်။

ဦးလေးပုညမှာ ရှမ်းတိုင်းရင်းသ...
ဖြစ်၏။ စိန်တောင်အဆက်အနွယ်...
ဆိုရခြင်းမှာ ရှေးယခင်က လှိုင်လ...
တွင် စိန်တောင်ဂိုဏ်း၊ ဘိုးဘုရား...
ဟူ၍ ထင်ရှားသော ဝိဇ္ဇာဂိုဏ်း...
နှစ်ဂိုဏ်း ရှိခဲ့ကြသည်။

ဦးပုညမှာ စိန်တောင်ဂိုဏ်း(...
ဘုရား)၏ ဂိုဏ်းဝင်တပည့် တစ်ယော...
ဖြစ်နေခြင်းကြောင့် ဖြစ်ပါသည်။

'လာကြကွာ၊ ငါ အခုပဲ ...
ခြောက်(လက်ဖက်ခြောက်) ...
ခတ်ထားတယ်။ အခါးရည်(...
ကြမ်း) သောက်ကြဦးကွ၊ ပြီးမှပဲ ...
လုပ်ကြပေါ့ကွာ'

'ဟုတ်ကဲ့ ဦးလေးပုည ထ...
သမားတွေလဲ မလာကြဘူးနော်'

'အေး ခုထိတော့ မလာကြ...
ဘူး'

ကျွန်ုပ်တို့မှာ ကျောင်း၏ရှေ့...
အဖီလေးအောက်တွင် အ...
ကြရင်း အခါးရည်(ရေနွေးကြ...



www.burmeseclassic.com

www.burmeseclassic.com



သောက်၍ ကျောင်းခပ်လှမ်းလှမ်း
ထင်းရှူးပင်ကြီးများပေါ်တွင် ပြေး
ားနေကြသော ရှဉ့်ပေါ်လေးများကို
ကြည့်၍ ချွေးသိပ်နေကြ၏။

ရှူးပုံလေးများမှာ သစ်ပင်ကြီးတစ်ပင်မှ တစ်ပင်သို့ ယက်ဖြန့်၍ ပျံသန်းနေကြ၏။ ရံခါ အဝေးမှ တောကြက်ဖတွန်သံကိုလည်း ခပ်သဲ့သဲ့ ကြားနေရ၏။

စိန်တောင်ကျောင်းမှာ အရှေ့ဘက်သို့ မျက်နှာမူထား၏။ ကျွန်ုပ်တို့လည်း အမောပြေကြပြီးနောက် ကိုယ်ကြိုက်သည့် နေရာ ကိုယ်ယူ၍ ပုတီးစိပ်ကြပါသည်။

တရားအလုပ်၊ ပုတီးအလုပ် လုပ်ရန်နေရာမှာ စိန်တောင်ဘုရားစေတီတော်မြတ်ကြီး၏ အနောက်ဘက်၊ စိန်တောင်ကျောင်း၏ ဘယ်ဘက်အောက်နေရာတွင် ပေ (၃၀) × (၂၀)လောက်ရှိသည့် တိုက်ခန်းလေးတွင် တစ်နေရာရှိ၏။

ဘုရား၏မြောက်ဘက်တွင် အုတ်ဂူသဏ္ဍာန် လူတစ်ယောက်ထိုင်စာ အုတ်ဂူလေးတွင် တစ်နေရာရှိ၏။ ထိုအုတ်ဂူ၏ဘေး ရာဟုထောင့်နေရာတွင် ခြံခတ်ရှည် သွပ်မိုး၊ ထရံကာ၊ ကမ္မဋ္ဌာန်းကျောင်းငယ်လေးတွင် တစ်နေရာရှိ၏။

စိန်တောင်ကျောင်း၏ အရှေ့ဘက်တွင် သွပ်မိုး၊ ပျဉ်ကာ ဇရပ်တစ်ဆောင်လည်း ရှိသေး၏။ တောထဲဝင်၍ အားထုတ်လိုလျှင်လည်း ! နေရာကောင်းများစွာ ရှိ၏။ စိန်တောင်နယ်တစ်ဝိုက် တောင်နှင့် တောင်ကုန်းလေးများပေါ်တွင် ဘုရားစေတီများ နေရာအနှံ့ ရှိကြ၏။

ကျွန်ုပ်မှာ တိုက်ခန်းအတွင်းဝယ် နေရာယူ၍ ကိုထွန်းဖုံမှာ အုတ်ဂူလေးတွင် နေရာယူကာ ပုတီးစိပ်ကြ၏။ ဦးပုည၏ ပြောပြချက်အရ အုတ်ဂူလေးတွင် တော်ရုံ သမာဓိမရှိဘဲ တရားအားထုတ်ခြင်း၊ ပုတီးစိပ်ခြင်း ပြု၍ မရ။

ထိုင်နေသည့်နောက် အုတ်ဂူအဝင်ဝတွင် တစ်စုံတစ်ယောက် လာရပ်နေတတ်ခြင်း၊ ဂူထဲသို့ဝင်၍ ခါးလာတို့ခြင်းနှင့် အားထုတ်နေစဉ် ဂူပြိုကျသံများ ရုတ်တရက် ကြားရခြင်းတို့နှင့် ကြုံရလေ့ရှိသည်ဟု ပြောပြခဲ့ဖူးပါသည်။

ယခင် ကျွန်ုပ်လည်း အုတ်ဂူထဲ ဝင်ရောက်ပုတီးစိပ်ခဲ့ဖူးပါသည်။ ကျွန်ုပ်သည် သမာဓိကောင်းစွာ မရှိသော်လည်း ဘာမှတော့ ကြုံဖူးခဲ့ခြင်း မရှိသေးပါ။ ကြုံခဲ့ဖူးသည့် လူများကတော့ အမှန် ရှိခဲ့ကြသည်ဟု သိရပါသည်။

ထိုနေရာတစ်ခုသာ ထူးဆန်းသည် မဟုတ်ပါ။ စိန်တောင်နယ်နှင့်တကွ အလွန်ကျယ်ပြန့်သော တောတောင်ဒေသရှိ **ဝံဂူ၊ စိန်ဂူ၊ ရန်ကင်းဂူ၊ ပတ္တမြားဂူ၊ ရန်ကင်းတောင်၊ နတ်ရေတွင်း၊ မဟာမြိုင်ဂူ** စသည့် နေရာတို့တွင်လည်း ထူးခြားဆန်းကြယ်မှုများစွာ ရှိကြပါသေးသည်။

အထူးသဖြင့်ကား ဤဒေသတို့မှာ ဝိဇ္ဇာတို့ ပျော်စံရာဟု ဆိုသော်လည်း ဥစ္စာစောင့် သိုက်နန်းများကြောင့်ကား ပို၍ ထင်ရှားခဲ့ကြပါသည်။

စိန်တောင်ကျောင်းဘေးရှိ ဘုရားစေတီတွင် ဥစ္စာစောင့်များ ရံခါ ဆိုသကဲ့သို့ ပုတီးစိပ်၊ တရားထိုင်ကြသည်ကို ရှေးလူကြီးများမှ မျက်ဝါးထင်ထင် တွေ့ရလေ့ရှိကြခဲ့သော နေရာဖြစ်ပါသည်။

စေတီဘုရားမုခ်မှာ နဂါးနှစ်ကောင်၏ အမြီးနှင့် ရံထားပြီး နဂါး၏ ကိုယ်ထည်နှင့် ဦးခေါင်းတို့မှာ ဘုရားပေါ်တက်သော လှေကား၏ တစ်ဖက်တစ်ချက်တွင် ဦးခေါင်းထောင်လျက် ရှိကြ၏။

ထိုရှေ့ဘုရားအဝင်ဝတွင် ဝိဇ္ဇာမောင်နှံတို့၏ အရိုးအိုးစေတီငယ်နှစ်ဆူကို တစ်ဖက်တစ်ချက်ရံ၍ တည်ထား၏။

ဘုရားပေါ်တက်လျှင် ယင်းစေတီနှစ်ဆူကြားမှ ဝင်ရောက်ရ၏။ ဘုရား၏ ဘယ်ဘက်ဘေး ကပ်လျက်နေရာတွင် မိုးရေတို့ကိုခံ၍ ရေသွင်းထားသော အုတ်ကန်ကြီးတစ်ခုရှိပြီး သွပ်မိုး၊ သံဆန်ကာတို့ဖြင့် ကာရံထား၏။

ကျွန်ုပ်တို့မှာ ပုတီးစိပ်အပြီး ကျောင်းရှေ့ ကွပ်ပျစ်ပေါ်ရောက်သော် ဦးပုညမှ...

'ဟေ့ထွန်းဖုံ (နမ့်ဖြစ်ဖူး)ဟင်းရည်သောက် လုပ်ထားကွာ။ ငါ အတို့အမြှုပ် သွားရှာလိုက်ဦးမယ်'

ဟု ဆိုကာ ပလိုင်းအသေးလေး လွယ်၍ ကျောင်းအရှေ့ဘက် တောထဲဆင်းသွားပါသည်။ စိန်တောင်နယ်ကား သက်သတ်လွတ်နယ်မြေဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

'**နှမ့်ဖြစ်ဖူး**'ဆိုသည်မှာ ရှမ်းပဲပုပ်ချက်ကို မီးကင်၍ ငရုတ်သီး၊ ဆားနှင့် ရောထောင်းကာ ရေနှင့် ဖျော်ထားသော ရှမ်းတိုင်းရင်းသားဓလေ့ ရိုးရာဟင်း ဖြစ်ပါသည်။ **ဟင်းရည်သောက်**ဆိုတာကတော့ ရေများများ ပိုထည့်၍ ဟင်းရည်ပမာ သောက်၍လည်းရအောင် ပြုလုပ်ခိုင်းခြင်း ဖြစ်ပါသည်။

ကျွန်ုပ်နှင့် ကိုထွန်းဖုံလည်း ဦးပုညပြောသည့်အတိုင်း လုပ်၍ ထမင်းပွဲပြင်ပြီး ဦးပုညအား စောင့်နေရာ သိပ်မကြာပါ ပလိုင်းလေးထဲတွင် ကျွန်ုပ်အမည်နာမ မသိသော အပင်၊ အရွက်၊ အညွှန့်၊ အသီးလေးများ အပြည့်ဖြင့် ရောက်လာပါသည်။

နှမ့်ဖြစ်ဖူး တစ်နည်း ပဲပုပ်ရည်ဖျော် ငရုတ်သီးစပ်စပ်၊ အတို့အမြှုပ် စုံလင်စွာဖြင့် စားလိုက်ကြရသော သက်သတ်လွတ် ထမင်းဝိုင်းမှာ အလွန် စိုပြည်ပြီး သုံးယောက်သား ခေါင်းပင် မဖော်နိုင်တော့ပါ။

ထမင်းစားသောက်ပြီး ကျောင်းအဖီအောက်တွင် အခါးရည်သောက်ကြရင်း တောအကြောင်း၊ တောင်အကြောင်း ဝိဇ္ဇာအကြောင်း၊ ဥစ္စာစောင့်အကြောင်းများ ပြောဖြစ်ကြရာ ကိုထွန်းဖုံမှ...

'ဦးလေးပုည ဝိဇ္ဇာ မြင်ဖူးလား'

'မြင်ဖူးတာပေါ့ကွ၊ စိန်တောင်ဆရာဘုရားက ဝိဇ္ဇာပဲ'

'ဝိဇ္ဇာဆို စွမ်းမှာပေါ့ ဦးလေးရဲ့ ဆရာဘုရားကော စွမ်းလို့လား'

'ပြောရရင်လို့ ခုလို ခေတ်လူတွေက ယုံကြမှာ မဟုတ်လို့ ငါ သိပ်မပြောချင်တာ။ ဒါကြောင့် ပြောလဲ မပြောတာ'

'ကျွန်တော်တို့ကတော့ ယုံပါတယ် ဦးလေးရာ ပြောပြစမ်းပါ သိရတာပေါ့'

'ဟုတ်ပါတယ် ဦးလေးပုညရာ



ပြောပြစမ်းပါ'

ကျွန်ုပ်လည်း ဝင်ပြောရပါသည်။

'ဒါဆိုလဲ ပြောပြရတာပေါ့၊ ဒီလိုကွ၊ ဆရာဘုရားက တစ်ခါတလေ ဟော့ ပုည ဒီနေ့ ဒီအချိန် ယောကျ်ား ဘယ်နှယောက်၊ မိန်းမ ဘယ်နှယောက် ကလေး ဘယ်နှယောက် ကျောင်းကို တက်လာကြလိမ့်မယ်။ အခါးရည် အဆင်သင့်လုပ်ထား။

ဒီလို ပြောပြီးရင် မကြာဘူး ဆရာဘုရားပြောတဲ့အတိုင်း အတိအကျ ရောက်လာကြတာပဲ။ မကြာခဏလဲ ပြောတယ်။ ပြောတဲ့အတိုင်းလဲ တစ်ခါမှ မလွဲဖူးဘူး။ ဆရာဘုရားက တကယ့်ကို သိနေ မြင်နေတာကွ'

'ဆန်းတယ်နော် ဦးလေး'

'အေး ဟုတ်တယ် ဒီထက် ပိုထူးဆန်းတာ ရှိသေးတယ်။ တစ်ရက်ကျတော့ ငါနဲ့ တခြားအဖော်တွေ ရှိနေတုန်း **"ပုည ငါ မနက်ဖြန် မြင်းမိုရ်တောင်ကို ဆွမ်းခံကြွမယ်"**လို့ မိန့်တယ်ကွ။

ငါတို့လဲ ကြောင်တောင်တောင်ဖြစ်သွားတယ်။ ဆရာဘုရားက စွမ်းတော့စွမ်းတယ်။ ဒါပေမယ့် မြင်းမိုရ်တောင်ကို ကြွမယ်ဆိုတော့ စဉ်းစားရပြီပေါ့။

ဒီလိုနဲ့ မနက်ရောက်တော့ ငါတို့လဲ စောစောထပြီး ဆရာဘုရား ကျိန်းစက်တဲ့နေရာကို ကြည့်တော့ အခန်း... က စေ့ထားသေးတယ်။ ဆရာဘု... က မထသေးဘူး။

ဒါနဲ့ ငါတို့လဲ တံခါးကို အသာ... တွန်းကြည့်တော့ ဆရာဘုရားက ... ပေါ်မှာ ကျိန်းနေသေးတယ်။ ငါတို့... ထင်တာပေါ့။ ဆရာဘုရား လေ... လိုက်ပြီလို့။

နောက်တော့ ဆရာဘု... ခြေထောက်ဘက်ကို မျက်စိ... သွားတော့ ဆရာဘုရားရဲ့ ခြေဖဝါး... ပေါ်မှာ နှင်းခဲနှင်းမှုန်တွေ ကပ်နေ... အတော်များများ တွေ့လိုက်ရ... အတော် အံ့အားသင့်သွားကြပြီး ... အသာပြန်စေ့ပြီး ထွက်လာလိုက်... တယ်။

မင်းတို့ စဉ်းစားကြည့်လေ။ ... ပြောတဲ့အချိန်က နွေခေါင်ခေါင်အ... ကြီး ရှမ်းပြည်နယ်မှာဆို ... ရောက်မှ နှင်းကျတာ မင်းတို့အသိ... ဒါပေမယ့် ခြေဖဝါးမှာ ဒီလိုပုံ... နှင်းခဲတွေ မကပ်နိုင်ဘူးလေ။ ခု... နှင်းမှုန်နှင်းခဲတွေ အခါမဟုတ် ... ဘုရားခြေဖဝါးမှာ တွေ့ရတယ်ဆို... ဆရာဘုရား တကယ်ပဲ မြင်းမိုရ်တော... ရောက်ခဲ့ပြီလားဆိုပြီး တွေးကြရ... ကွ။ ကြက်သီးတွေတောင် ထမိ... ကွ။

ဒီလိုနဲ့ ဆရာဘုရားလဲ ကျိန်း... ထလာပြီး ငါတို့ကို စကားတစ်... မပြောဘဲ သူ့သပိတ်ကို ယူပြီး ... ကို ဖွင့်လိုက်တော့ ပြောရင် မ... ယုံမှာမဟုတ်ဘူး။ ငါတို့ကလဲ ... ဘုရားနဲ့က ခပ်လှမ်းလှမ်းဆို... သပိတ်ထဲ ဘာတွေပါမှန်း မသိ... မယ့် သပိတ်ဖုံးကို ဖွင့်လိုက်... ထွက်လာတဲ့ ဆွမ်းနံ့က ကျော... တစ်ခုလုံးမကအောင် ...မွှေး...



www.burmeseclassic.com

www.burmeseclassic.com

ထွက်လာတာများကွာ ဘာပန်းနံ့နဲ့မှလဲ မတူဘူး။ ဘာဆန်နံ့နဲ့မှလဲ မတူဘူး။ ဆွမ်းတော့ဆွမ်းနံ့ပဲ။ ဒါပေမယ့် မွှေးကြိုင်လွှမ်းပြီး အနံ့ရောက်တဲ့ ဧရိယာက သိပ်ကိုကျယ်တော့ သိပ်ထူးဆန်းတာပေါ့ကွာ။

ငါတို့လဲ ဆရာဘုရားကို စိတ်နဲ့ ခဏပြစ်မှားမိတာကို နောင်တရပြီး စိတ်ထဲကနေ တောင်းပန်ကန်တော့မိကြတာပေါ့ကွာ'

'ဒါဆို ဦးလေးပုညတို့ အဲဒီဆွမ်းကို စားလိုက်ရသေးလား'

'ဘယ်စားရလိမ့်မတုန်း၊ ဆရာဘုရားကလဲ မကျွေးဘူး။ အကြောင်းတော့ ရှိမှာပေါ့ကွာ'

ကျွန်ုပ်တို့မှာ အံ့အားသင့်စွာဖြင့် နားထောင်ရင်း စိန်တောင်ဆရာဘုရားကို စိတ်မှနေ၍ ဦးခိုက်မိပါသည်။ ထိုစဉ် ကိုထွန်းဖုံမှာ ဆက်၍...

'ဦးလေးပုည တခြားဝိဇ္ဇာကော မြင်ဖူးသေးလား'

'မြင်ဖူးတာပေါ့ ယုံကြည့်ဖို့ကလဲ ခဲယဉ်းတဲ့ အဖြစ်အပျက်ပေါ့'

'ဒါဖြင့် ဆက်ပါဦး ဦးလေးရယ်၊ ကျွန်တော်တို့ ဗဟုသုတ တိုးတာပေါ့'

'အေး ဒီအဖြစ်အပျက်ကလဲ ငါလုပ်ပြောတာ မဟုတ်ဘူးနော်၊ ငါ တကယ်ကြုံခဲ့ရတာ အံ့သြစရာပါကွာ။ ဒီလိုကွ အဲဒီအချိန်က စိန်တောင်ဆရာဘုရား ထွက်ရပ်လမ်းကို ကြွသွားပြီးပြီ။

တစ်နေ့တော့ ငါတစ်ယောက်တည်း ဟိုအောက်က တိုက်ခန်းထဲ ပုတီးစိပ်နေတာ။ တိုက်ခန်းတံခါးကိုလဲ ငါက အထဲကနေ ချက်ချထားတယ်။

ဘာဖြစ်လို့လဲဆိုတော့ ထင်းခွေသမားတွေ တိုက်ခန်းထဲ ဝင်လိုက်၊ ထွက်လိုက်နဲ့ အာရုံပျက်လွှန်းလို့ကွ။



ဒီလိုနဲ့ ပုတီးစိပ်ပြီးတာနဲ့ နောက်က ခြေသံကြားလို့ ကြည့်လိုက်တော့ သျှောင်ထုံးနဲ့ ရှမ်းတိုင်းရင်းသား အဘိုးကြီးတစ်ယောက်ကို တွေ့လိုက်ရတယ်။

တစ်ကိုယ်လုံးလဲ ဆေးမင်ကြောင်တွေ ထိုးထားတာ နေရာလပ်ကို မရှိသလောက် ထင်ရတယ်။ ငါလဲ ရှမ်းတိုင်းရင်းသားလို ''ခင်ဗျား ဘယ်သူလဲ''လို့ မေးလိုက်မိတော့ ''ငါ မိုင်းကိုင်ဝိဇ္ဇာကွ''တဲ့။ **(မိုင်းကိုင်မြို့မှာ ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့သို့ သွားရာလမ်းတွင် ရှိပါသည်။ *စကားချပ်*)**

ငါလဲ ဘာပြောရမှန်း မသိ ဖြစ်နေတုန်း အဲဒီ မိုင်းကိုင်ဝိဇ္ဇာက ပေါင်တစ်ချက်ပုတ်လိုက်ပြီး ငါ့ရှေ့မှာပဲ လူနှစ်ရပ်ကျော်လောက်ရှိတဲ့ ထုပ်တန်းပေါ်တက်သွားတာ မြားတစ်စင်းလိုပဲကွ။

ထုပ်တန်းပေါ် ခဏတက်ထိုင်ပြပြီး ပြန်ခုန်ဆင်းလာတယ်။ ပေါ့ပေါ့ပါးပါးပဲ။ နောက် ဘာမပြော ညာမပြောနဲ့ ထွက်သွားတာ ငါ လိုက်ကြည့်တော့ မတွေ့ရတော့ဘူး။ တံခါးကလဲ ချက်ချလျက်သားပဲကွ။ ဘယ်လို ဝင်လာလို့ ဘယ်လို ပြန်ထွက်သွားလဲ ငါ မသိလိုက်ဘူး'

ကျွန်ုပ်မှ...

'ထူးဆန်းလိုက်တာ ဦးလေးရာ ဦးလေးပုည တစ်ခုခုတော့ တောင်းလိုက်ရမှာ'

'အေး မင်းတို့က ကိုယ်တိုင်မကြုံဘူးတော့ ဒီလို ပြောအား ရှိတာပေါ့ကွာ။ ငါက တောင်းဖို့ နေနေသာသာ ယောင်နေကြောင်နေတာနဲ့ကို ပြီးနေတာ'

ကိုထွန်းဖုံကလည်း...

'အင်း စိန်တောင်နယ်က ဝိဇ္ဇာတွေ ပျော်တဲ့ နေရာဆိုတော့ ဝိဇ္ဇာနဲ့ တွေ့ရတာပေါ့'

'မင်းတို့ မသိကြလို့ပါ။ ဝိဇ္ဇာတွေထက် ဥစ္စာစောင့်တွေက ပိုများတယ်ကွ'

'ဟာ ဒါဖြင့် ပြောစမ်းပါဦး ဦးလေးရ'

'ငါတွေ့ခဲ့တဲ့ အကြောင်းတော့ မဟုတ်သေးဘူးနော်၊ မြို့ထဲက ထင်းလာခွေတဲ့ လူတစ်ယောက်ပေါ့။ တစ်နေရာမှာ ဥစ္စာစောင့်မလေး တစ်ယောက်နဲ့ တွေ့ခဲ့တယ်ကွ။ အိမ်ရောက်တော့ တမှိုင်မှိုင်တတွေတွေ ဖြစ်နေပြီး နှုတ်ကလဲ ''လှလိုက်တာ လှလိုက်တာ''နဲ့ တတွတ်တွတ် ရွတ်နေတာတဲ့။

ထမင်းလဲ မစား၊ ဟင်းလဲ မစားနဲ့ ညနေ မှောင်စပျိုးလာရင် အိမ်က ပျောက်ပျောက်သွားတယ်တဲ့။ ဒါနဲ့ သူ့အိမ်ကလဲ သူ ထင်းခွေသွားတဲ့ ဒီစိန်တောင်ဘက် တောကို လူစုနဲ့ လာရှာတော့ ဒီကျောင်းတောင်ကုန်း အောက် ခပ်လှမ်းလှမ်းက သစ်ငုတ် ပေါ်ထိုင်ပြီး တစ်ယောက်တည်း စကား

www.burmeseclassic.com

ပြောနေတာ တွေ့ရတယ်တဲ့။

တွေ့တော့ မနည်းဖမ်းခေါ်လာရပြီး ပယောဂဆရာတွေနဲ့ အတော် ကုယူရတယ်တဲ့။ လူကတော့ အသားညိုညို ရုပ်ချောချောထဲကပဲ'

'ဦးလေးနဲ့ အဲဒီလူ ခင်လား'

'ခင်တော့ မခင်ဘူး။ တွေ့ဖူးရုံတင်ပါ'

သုံးယောက်သား စကားအထူးအထွေ မပြောကြတော့ဘဲ ပုတီးအလုပ်ကို နောက်တစ်ကြိမ်လုပ်ရန် နေရာအသီးသီးသို့ ထွက်လာကြပါသည်။ ကျွန်ုပ်လည်း ကျွန်ုပ် နေရာယူရာ တိုက်ခန်းထဲသို့ ရောက်သော် ပုတီးမစိပ်ဖြစ်သေးပါ။

နံနက်တွင် ဂုဏ်တော်ကွန်ချာကို ပုတီးစိပ်ပွားခဲ့သော်လည်း ယခုအခေါက်တွင်မူ ပဌာန်းကွန်ချာတော်ကြီးကို ပုတီးစိပ်ပွားရန် ဖြစ်သောကြောင့် ကျွန်ုပ်၏အကျင့်မှာ ထမင်းစားပြီး တောက်လျှောက်စိပ်ပွားပါက အိပ်ချင်စိတ်(ထိန မိဒ္ဓ) အလွန်ဝင်လေ့ရှိပါသည်။

ထို့ကြောင့် ထမင်းစားပြီးပါက အနည်းငယ် လှဲလျောင်း၍ (၄,၅)မိနစ်လောက် မှေးလိုက်ပြီး ပုတီးစိပ်ပါမှ ထိန မိဒ္ဓ မဝင်ဘဲ အာရုံရပါသည်။ သို့သော် တခြားသော တချို့လူများကဲ့သို့ကား နာရီဝက် တစ်နာရီထိ အိပ်မောကျအောင်တော့ မအိပ်ပါ။

ထို့ကြောင့် ပုတီးကို လည်ပင်းတွင် လွယ်၍ ခဏမျှ လှဲလျောင်းလိုက်ပါသည်။ လှဲလျောင်းလိုက်သည်နှင့် ကျွန်ုပ်သည် ယခုရှိသည့် စိန်တောင်နှင့် အနည်းငယ်လှမ်းသော နတ်ရေကန်၊ နတ်ရေတွင်း နယ်ပယ်သို့ ရောက်ရှိသွားပါသည်။

ယခု(ထူပါရုံ)စေတီတော် တည်ရှိ



ရာ နေရာတွင်ဖြစ်၏။ (ယင်းအချိန်တွင် ထူပါရုံစေတီ မရှိသေး၊ ထူပါရုံဘေးမှ ကျောင်းလည်း မရှိသေးပါ။)

ကျွန်ုပ်သည် တစ်ယောက်တည်း ရပ်နေစဉ် ယခု ထူပါရုံစေတီ တည်မည့် နေရာ၏(ညာဘက်ဘေးဘက်) အနောက်ဘက် တောင်အောက် တောထဲ(ဝံဂူ)ရှိရာဘက်မှ မိန်းကလေး တစ်ယောက် တက်လာသည်ကို တွေ့လိုက်ရပါသည်။

မိန်းကလေးမှာ ဇာတ်မင်းသမီးများကဲ့သို့ ဝတ်စားထားခြင်း မရှိသော်လည်း ယခုခေတ် အဝတ်အစားမျိုးတော့ မဟုတ် ရှေးဆန်သော အဝတ်အစားမျိုးဖြစ်ကာ နံ့သာရောင်ရင့်ရင့် အရောင်မျိုးဖြစ်၏။

အသက်မှာ (၁၆) (၁၇)နှစ်လောက် အရွယ်ဖြစ်၍ အသားမှာ ညိုညက်ညက်ကလေး ဖြစ်ပါသည်။ မျက်နှာလေးကား ညိုးငယ်နေသယောင် တွေ့ရပြီး ကျွန်ုပ် ကြည့်နေစဉ် ကျွန်ုပ်ကို တစ်ချက်မော့ကြည့်လိုက်ပြီး ပြန်၍ မျက်လွှာချရပ်နေပါသည်။

အကြည့်ချင်းတစ်ချက် ဆုံလိုက်ရသည့်ခဏတွင် စိတ်ထဲမှ သတ်မှတ်လိုက်မိသည်မှာ ''လှလိုက်တာ၊ လှလိုက်တဲ့ဖြစ်ခြင်း''။ ရင်တို့မှာ အလွန်လှုပ်ရှားလာ၏။ ကတုန်ကယင် ဖြစ်လာ၏။

သူမ၏ ညိုးငယ်နေသော မျက်နှာလေး ရွှင်ပျစေဖို့ အသက်ကိုပင် စွန့်ပေးရမည်ဆိုလျှင် စွန့်ရန် ဝန်မလေးသော စိတ်က ရင်မှာ နေရာယူလာ၏။

ကျွန်ုပ်သည် ရင်ကို လက်နှင့်ဖိမိသည့်အချိန် ရင်ဘတ်ပေါ် တင်နေသည့် ပုတီးကို လက်နှင့် စမ်းမိလိုက်၏။ ကျွန်ုပ် အိပ်မက် မက်နေပါလား ဆိုသည့်အသိ ရှိလာသော်လည်း ရင်ကား တုန်တုန်း၊ ခုန်တုန်း၊ လှုပ်ရှားတုန်း ဖြစ်နေပါသည်။

အတွေးတို့ကို ကြိုးစားဖျောက်၍ ပုတီးကို ကြိုးစား စိပ်ပွားလိုက်ပါသော်လည်း ပုတီးလုံးအကျနှင့် ဂါထာတို့ကား အမြီးအမောက် မတည့်တော့။ ဦးလေးပုည ပြောသော ဥစ္စာစောင့်မလေးများ၏ (ညှို့ဓာတ်)သည် ကျွန်ုပ်၏ နှလုံးသားကို ချုပ်ကိုင်လိုက်ပြီလား။

ကြိုးစားစိပ်ပွားလိုက်ရင်း ပျက်ချင်နှင့် အတော်ကြာအောင် လုံးလည်လိုက်နေသဖြင့် ပုတီးကိုသိမ်း၍ ကျောင်းအပေါ် တက်လာသောအခါ ဦးပုညနှင့်ကိုထွန်းဖံတို့မှာ စကားတပြောပြောနှင့် အခါးရည်သောက်ကာ ကျွန်ုပ်အား စောင့်နေနှင့်ပါသည်။

ကျွန်ုပ်၏ စိတ်တွင်ကား ဥစ္စာစောင့်မလေးလေးနှင့် တွေ့ဆုံရာ နတ်ရေကန်ဘက်သို့ သွားချင်ကြည့်ချင်မိပါသော်လည်း ချိုးနှိမ်မျိုသိပ်၍ နေနေရပါတော့သည်။

ညနေစောင်းရောက်၍ အိမ်ပြန်ရောက်သော် ဦးလေးပုညအား နှုတ်ဆက်၍ ပြန်လာရသော်လည်း



www.burmeseclassic.com

www.burmeseclassic.com

စိတ်ထဲမှ တိတ်တခိုး နှုတ်ဆက်လိုက်မိတာကတော့ အိပ်မက်ထဲမှာ ခဏတာဝင်လာခဲ့သော ညိုပြာညက် ဥစ္စာစောင့်မလေးကိုပါ။ ဖန်ဆင်းရုပ်များ ဖြစ်နိုင်သော်လည်း စိုးမိုးနိုင်လွန်း၏။

သို့သော် အပြင်တွင် ကျွန်ုပ်ကိုယ်တိုင် မတွေ့ကြုံဘူးသေး။ တွေ့များတွေ့လျှင် ဦးလေးပုညပြောသကဲ့သို့ ရှုမျှား သွားမလားမသိ၊ ယခုပင် ရှူးချင်ချင်။

ကြုံခဲ့သော နှစ်များကား ကြာခဲ့ပါပြီ။ ဦးလေးပုညလည်း မရှိတော့ပါ။ ကွယ်လွန်ခဲ့ပါပြီ။ စိန်တောင်နယ်သည်လည်း ယခင်ကကဲ့သို့ စိမ်းလန်းစိုပြည်မှု နည်းသွားပြီဟု ကြားရတော့ စိတ်မကောင်းမိ။ ကျွန်ုပ်လည်း မရောက်ဖြစ်ခဲ့သည်မှာ ကြာလှပါပြီ။

ဥစ္စာစောင့်မလေးကို တမ်းတမိခဲ့သော ကျွန်ုပ်မှာ အိမ်ထောင်ကျ၍ ဘဝကို ရုန်းကန်နေရဆဲ။ ကိုထွန်းဖံမှာလည်း သူ၏ဇနီး(စော်ဘွားအနွယ်)ရှိရာ မိုင်းပွန်မြို့တွင် အခြေချ နေထိုင်လျက်ရှိပြီး ကျွန်ုပ်တို့နှစ်ယောက်သည် မဆုံဖြစ်တော့။

သို့သော် ကိုထွန်းဖံကား သူ ဝါသနာထုံသော ဆေးဝိဇ္ဇာလမ်းကို ကြိုးစားအားထုတ်နေကြောင်း ကြားရပါသည်။

ကျွန်ုပ်လည်း ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များကြားမှ လောကီထွက်ရပ်လမ်းကို (ကိုယ့်လမ်းကိုယ်ဖောက်၍) ကြိုးစားလျှောက်လှမ်းနေဆဲ ဖြစ်ပါသည်။

ယခု တင်ပြခဲ့သော ဖြစ်ရပ်တို့မှာ (စိန်တောင်)နယ်နှင့် ပတ်သက်၍ စိတ်ကူးယဉ်မဟုတ်ပါ။ အမှန်တကယ်ကြုံခဲ့ရှိခဲ့သော ဖြစ်ရပ်မှန်များသာ ဖြစ်သော်လည်း ပြည့်စုံသည်ဟု မယူဆနိုင်ပါ။

**စိန်တောင်ဘုရား အကြောင်း၊ ဘိုးဘုရားအကြောင်းနှင့်** စိန်တောင်နယ်မှ ဆန်းကြယ်မှု အကြောင်းများကို **ကျွန်ုပ်ထက် ပိုသိသော,မိသော သူများ ရှိပါက ပြန်လည်ဖော်ထုတ်ပေးကြပါရန် မေတ္တာရပ်ခံရင်း...**

**မဟာစက်ရှင်(လှိုင်လင်)**

စာရှုသူ သုတေသီနှင့်

ဒေသခံပုဂ္ဂိုလ်များခင်ဗျား...

**မိမိတို့ဒေသရှိ**

**ပုဂ္ဂိုလ်ထူး,**

**တောတောင်နေရာဒေသတို့၏**

**ဖြစ်ရပ်ဆန်းကြယ်များအကြောင်း**

**သိသမျှ ရေးပို့ခြင်းဖြင့်**

**သမိုင်းမဝင်သေးသော**

**ဖြစ်ရပ်များ**

**မပျောက်ကွယ်ဓိ**

**မှတ်တမ်းတင်ထားနိုင်ရန်**

ရေးသားပေးပို့ကြဖို့

ဖိတ်ခေါ်အပ်ပါသည်။

*လေးစားစွာဖြင့်. . .*

**ဦးကျော်မိုးသိန်း**

*(စာတည်းချုပ်)*

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

စာမျက်နှာ (၂၃၂)မှ အဆက်

အစည်အချို့ အောင်မြင်မည်။ ကြွေထည်၊ မြေထည်ပစ္စည်းများမှ အကျိုးအမြတ် ရရှိတတ်သည်။

အိမ်ဂေဟာ အေးချမ်းသာယာ၍ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ ဝင်ကိန်းရှိသည်။ အိမ်ရှင်မတို့ သားသမီး တိုးပွားနိုင်သည်။



❖ ကြက်နှစ်ဖွား

ရောဂါဝေဒနာ ငုံ့ကူပြောတတ်သည်။ တွေးဆခန့်မှန်းမှုများ လွဲချော်ကာ စိတ်မတည်မငြိမ် ဖြစ်နေနိုင်သည်။

ဥပဒေနှင့် မလွတ်ကင်းသော ငွေကြေး၊ လုပ်ငန်းများကြောင့် ဒုက္ခပိုတတ်သည်။ အစာအိမ်နှင့် ဝမ်းဗိုက် ဆိုင်ရာဝေဒနာများ သတိပြုကြသပါ။ အမျိုးသမီးတို့မှာ သားအိမ်နှင့် မီးယပ် ဆိုင်ရာ ဆုတ်ယုတ်မှု ကြုံတွေ့ရဖွယ် ရှိသည်။



❖ ခွေးနှစ်ဖွား

ငွေကြေးလာဘ်လာဘ အတန်အသင့်ဝင်နိုင်သည်။ လေ့လာဖတ်မှတ်ထားသော နှုတ်မှုလက်မှု ပညာအသိတို့ကြောင့် ငွေကြေးအချို့ ရရှိတတ်သည်။

ဖခင်၏ ဆွေမျိုးသားချင်းတို့အတွင်း သာရေးနာရေးကိစ္စပေါ်ပေါက်သဖြင့် အင်တိုက်အားတိုက် ကူညီလုပ်ဆောင် ပေးရဖွယ်ရှိသည်။



❖ ဝက်နှစ်ဖွား

စိတ်သဘောထား ဝါသနာတူသော မိတ်ဆွေသူငယ်ချင်းရရှိတတ်သည်။ ကြုံတွေ့ဖြေရှင်းနေရသော ကိစ္စ ပြဿနာများရှင်းလင်း ပြေပျောက်သွားမည်။ ဝတ်ကောင်းစားလှများ ဝတ်စားဆင်ယင်၍ ပွဲနေပွဲထိုင် တက်ရောက်ရဖွယ်ရှိသည်။ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ ဝင်ကိန်းရှိသည်။

ဤလတွင် ကံကြမ္မာ နိမ့်ပါးသူတို့သည် ဗုဒ္ဓဟူးနေ့တွင် သက်ကြီးဝါကြီး ပုဂ္ဂိုလ်(၅)ဦးအား သောက်သုံးဖွယ် သစ်သီးဖျော်ရည်များ လှူဒါန်းပေးပါ။ အဆိုးများ ပြေလျော့သွားပါလိမ့်မည်။

***ကြံဆောင်သမျှ အောင်မြင်ကြပါစေ။***

**ဟူဂျင်းဇီ**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊
ဖေဖော်ဝါရီလအတွင်း
ပုံရိပ်ရှင်တို့၏

# ကံကြမ္မာ

ဟူကျင်းဇီ (Hu Jin Zhi)



ဤလတွင်…



✣ ကြွက်နှစ်ဖွား

အခက်အခဲ ပြဿနာများ ပြေလည်သွားလိမ့်မည်။ မရောက်ဘူးသည့် နေရာဒေသများသို့ သွားရောက်၍ ဒေသန္တရဗဟုသုတ တိုးပွားနိုင်သောကာလဖြစ်သည်။

ငွေကြေး အကျပ်အတည်း ကြီးမားခြင်း မရှိပါ။ ယာဉ်ရထား မတော်တဆဖြစ်မှုများ ကြုံရဖွယ် ရှိသဖြင့် သတိပြုသွားလာနေထိုင်သင့်သည်။



✣ နွားနှစ်ဖွား

ငွေကြေးစည်းစိမ် ယုတ်လျော့ပျက်ပြားနိုင်သည်။ စီးပွားရေးတွင် စျေးကွက်သစ်၊ ပစ္စည်းသစ်များ စမ်းသပ်ခြင်းကို ဆိုင်းငံ့ထားသင့်သည်။

ကံတိုက်လုပ်ငန်းနှင့် လောင်းကစားမှုများကြောင့် ဒုက္ခကြီးစွာ ရရှိစေတတ်ပါသည်။ အိမ်ထောင်ဦးစီးတို့ ဇနီးနှင့် အခြေအတင် ပြောဆိုငြင်းခုံရကိန်း ရှိသဖြင့် ဆင်ခြင်သင့်သည်။



✣ ကျားနှစ်ဖွား

တတ်သိလေ့လာထားသော ပညာများကြောင့် အရေးပေးခြင်းခံရမည်။ မိခင်ဘက်မှ ဆွေမျိုးသားချင်းအကျိုး ပေးမည်။ အထည်အလိပ်၊ ခါးဝတ် တန်ဆာများ ဝင်နိုင်သည်။

စိတ်ကြည်နူး ချမ်းမြေ့ဖွယ် ဣဋ္ဌာရုံ မြင်ကွင်းအဖြစ်အပျက်များ ကြုံတွေ့ရတတ်သည်။ အနှာသည်းနှင့် ပတ်သက်သော ရောဂါများကို ကြိုတင်ကာကွယ်ပါ။



✣ ယုန်နှစ်ဖွား

ကြံတိုင်းအောင် ဆောင်တိုင်းမြောက်သောကာလ ဖြစ်သည်။ အိမ်ထောင်ပရိဘောဂအသစ် ဝင်ကိန်းရှိသည်။

သစ်ပင်သစ်တော ထူထပ်ရာ နေရာဒေသများသို့ သွားရောက်ရတတ်သည်။ စီးပွားရေး၊ လူမှုရေး အကျိုးအမြတ်ရှိသော ခရီးဖြစ်နိုင်သည်။ မျက်မှန်၊ ကြည့်မှန်နှင့် ရုပ်သံစက်များ လက်ဆောင်ရတတ်သည်။



✣ နဂါးနှစ်ဖွား

ငွေကြေးဆိုင်ရာ လုပ်ငန်း၊ ကိစ္စများတွင် ဆုံးဖြတ်မှု မှားယွင်းချော်တတ်သည်။ အရင်းအနှီးများစွာ စိုက်ထုတ်ရသော လုပ်ငန်းကိစ္စကြီးများကို ရှောင်ရှားသင့်သည်။

ဆိုးဝါးသော အနံ့အသက်များ၊ ရက်လွန် စည်သွတ်စားဖွယ်များကြောင့် ကျန်းမာရေး ထိခိုက်နိုင်သည်။ နေအိမ်တွင် ကြွက်၊ ခြ၊ ပုရွက် ပိုးမွှားသတ္တဝါ အဖျက်အဆီး ပေါ်များနေမည်။



✣ မြွေနှစ်ဖွား

နေအိမ်ဂေဟာ ပြုပြင်ရတတ်သည်။ ရပ်ဝေးမြေခြားမှ မျှော်လင့်နေသည့် သတင်းကောင်းများ ကြားရကိန်းရှိသည်။ ဇိမ်ခံပစ္စည်းများ ဝင်နိုင်သည်။

ဂုဏ်သရေရှိ ဧည့်ကောင်းဧောင်ကောင်း ရောက်လာတတ်သည်။

ကျောက်ကပ်နှင့် ဆီးအိမ်ဆိုင်ရာ ဝေဒနာများ ကြိုတင်ကာကွယ်ပါ။ အဖော်မဲ့ အမျိုးသမီးဇာတာရှင်တို့ ဘဝဖော်ရကိန်းရှိသည်။



✣ မြင်းနှစ်ဖွား

လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာမည်။ ဝန်ထမ်း ကာယဉာဏလုပ်သားတို့မှာ ရာထူး တက်နိုင်သည်။ ရပ်ဝေးပြည်ပခရီး သွားရတတ်သည်။

အမွေအနှစ်ရကိန်းရှိသည်။ အိမ်ရှင်မတို့မှာ ခင်ပွန်းထံမှ ချစ်သက်လက်ဆောင်များ လက်ခံရဖွယ်ရှိ၍ အိမ်ထောင်ဦးစီးတို့မှာ သားသမီးတို့မှ ပူဇော်ခြင်း ခံရဖွယ် ရှိပါသည်။



✣ ဆိတ်နှစ်ဖွား

ငွေကြေးအစုအပုံလိုက် ပိုင်ဆိုင်ရတတ်သည်။ စီးပွားလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်မည်။

ရင်ဆိုင်ကြုံတွေ့နေရသော သောက ပရိဒေဝမီးများ ပပျောက်သွားလိမ့်မည်။ ရွှေ၊ ငွေ၊ ကြေး၊ သံ၊ သတ္တုပစ္စည်းများ အကျိုးပေး ထက်သန်လိမ့်မည်။ အဖျော်ယမကာ လက်ကိုင်ဖုန်း စသည်တို့ လက်ဆောင်ရတတ်သည်။



✣ မျောက်နှစ်ဖွား

စိတ်ကူးစိတ်သန်း ကောင်းမွန်၍ အနာဂတ်ရေး… ကိန်းများ ချမှတ်နိုင်လိမ့်မည်။ အ…





www.burmeseclassic.com

www.burmeseclassic.com



ညီလေးငယ်
(လယ်တော်)

# အမေသူရဿတီမယ်တော် နှင့်

## ကျွန်ုပ်တို့မိသားစု

စာရေးသူ၏ မိခင်ဘက်မှ မျိုးရိုးတွင် မိဘများလက်ထက်က ကိုးကွယ်ခဲ့သော အရာမှန်သမျှကို အထွေးဆုံး (အငယ်ဆုံး) သားသမီးများက အမွေအဖြစ် ဆက်ခံကိုးကွယ်ရသော အစဉ်အလာ ရှိပေ၏။ ထိုသို့ ဆက်ခံကိုးကွယ်ရာ၌ မိမိ၏ မိဘများ ကိုးကွယ်ခဲ့သည့် ဘုရားဆင်းတုတော်များအပြင် တခြားကိုးကွယ်ရာ အရာများပါ ပါဝင်ပါသည်။

ဤသို့ဖြင့် စာရေးသူ၏ မိခင်မှာ မိသားစုထဲတွင် အငယ်ဆုံးသမီးဖြစ်သောကြောင့် မိဘများ ကိုးကွယ်ခဲ့သည့် အရာများကို အမွေအဖြစ် ဆက်ခံကိုးကွယ်ခွင့် ရခဲ့ပါသည်။

ထိုသို့ ကိုးကွယ်ရာ အရာများတွင် ဘုရားဆင်းတုတော်များနှင့် တန်ခိုးကြီးဆရာတော်များ၏ ပုံတော်များ၊ ရုပ်ပွားတော်များအပြင် အမေသူရဿတီမယ်တော်၏ ရုပ်ပွားတော်ပါ ပါရှိခဲ့၏။

စာရေးသူတို့ လူမှန်းသိတတ်စအရွယ်ကတည်းက အမေသည် သူရဿတီမယ်တော်ကို စင်တစ်ခုအသေအချာပြု၍ ကျောင်းဆောင်ထဲထည့်ကာ ယုံကြည်သက်ဝင်စွာ ကိုးကွယ်သည်ကို တွေ့ရပါသည်။

အိမ်ဘုရားစင်နည်းတူ အမြဲမပြတ်ပန်း၊ ရေချမ်း၊ သစ်သီးများအပြင် အမွှေးနံ့သာများပါ ပက်ဖျန်းပေးတတ်သည်။ စာရေးသူတို့သည်လည်း မိခင်ကိုးကွယ်သည့် အရာဖြစ်၍ မည်သူမှ တိုက်တွန်းမှုမရှိဘဲ အမေသူရဿတီမယ်တော်ကြီးအား ကိုးကွယ်ခဲ့ကြပါသည်။

သို့သော် စာရေးသူ၏ ဖခင်ကြီးမှာ ဘုရားကိုသာ ကိုးကွယ်ပြီး အမေသူရဿတီမယ်တော်ကြီးအား ရှိခိုးနေခြင်း တစ်ခါမှ မတွေ့ရပေ။ သို့ပါသော်လည်း စာရေးသူတို့နှင့် အမေတို့ ကိုးကွယ်ခြင်းကိုမူ မပိတ်ပင် မတားဆီးဘူးပါ။ မိမိတို့ယုံကြည်ရာကိုးကွယ်ခွင့်ရှိသည်ကို လက်ခံထားပေး၏။

စာရေးသူတို့ ငယ်စဉ်က စာရေးသူ၏မိခင်ကြီးမှာ ဈေးသည်တစ်ဦး ဖြစ်သည်။ နေအိမ်ခြံ၌ ကုန်စိမ်းသီးနှံများ စိုက်ပျိုး၍ ဈေးသို့ သွားရောက် ရောင်းချခြင်းဖြစ်သည်။ စာရေးသူတို့၏ အမေရောင်းသော သီးနှံများမှာ ငရုတ်သီး၊ ခရမ်းသီး၊ ပဲသီး၊ မုန်ညင်း၊ ပန်းဂေါ်ဖီ စသည့် ရာသီပေါ် ကုန်စိမ်းသီးနှံများ ဖြစ်သည်။

စာရေးသူ၏မိခင်သည် အမြဲလိုလို ဈေးရောင်းသွားရန် (၁)ရက်အလိုနေ့နှင့် ဈေးရောင်းသွားသော နေ့တို့တွင် သက်သတ်လွတ် စားတတ်ပါသည်။

ထို့နောက် ဈေးရောင်းသွားခါနီးတွင် အမေသူရဿတီမယ်တော်အား ပန်း၊ ဆီမီး၊ ရေချမ်းနှင့် အမွှေးနံ့သာများဖြင့် ပူဇော်ပသပြီး ဈေးရောင်းကောင်းစေကြောင်း ဆုတောင်းတတ်၏။ ထိုသို့ အမေသူရဿတီ မယ်တော်ကြီးအား ဆုတောင်းမှုပြုပြီးမှ ဈေးထွက်တတ်ပါ





www.burmeseclassic.com

www.burmeseclassic.com

သည်။

အမေ၏ ပြောပြချက်အရ ထိုသို့ ဆုတောင်းမှုပြုပြီးမှ ဈေးထွက်ပါက ဈေး လွန်စွာ ရောင်းကောင်းကြောင်း၊ သီးနှံတူများကို ဈေးသည်နှစ်ဦး ဘေးချင်းကပ် ထိုင်ရောင်းသော်လည်း စာရေးသူ၏မိခင်ရောင်းသော သီးနှံများကိုသာ ဝယ်ယူတတ်ကြောင်း ပြောပါသည်။

ထို့ပြင် ကြာရှည်စွာ ထိုင်ရောင်းချစရာမလိုဘဲ သီးနှံများအားလုံး တခဏအတွင်း ရောင်းကုန်တတ်၏။ ရောင်းမကုန်သည့်နေ့ ရောင်းမကောင်းသည့်နေ့ မရှိခဲ့ပေ။

ထို့ကြောင့် အမေသည် အမေသူရဿတီမယ်တော်ကို ယုံကြည်သက်ဝင်စွာ ကိုးကွယ်သည့်အပြင် အမေသူရဿတီ မယ်တော်ကြီးက မိသားစုအား အမြဲစောင့်ရှောက်နေသည်ဟု ယုံကြည်ထားပါသည်။

စာရေးသူတို့မိသားစုမှာ တစ်ခါမှ ဆင်းရဲဒုက္ခများနှင့် မကြုံခဲ့ရဘူးပေ။ ရန်သူမျိုးငါးပါးနှင့် ကင်းဝေးပြီး မိသားစု ကျန်းမာ၊ ချမ်းသာစွာ နေထိုင်ရ၏။ တစ်မိသားစုလုံး အပြင်းအထန် နာမကျန်းဖြစ်ခြင်းများလည်း မရှိခဲ့ဘူးပေ။

ဤသည်ကိုလည်း စာရေးသူ၏ မိခင်က အမေသူရဿတီမယ်တော်ကြီးအား ကိုးကွယ်ခြင်းကြောင့် ဖြစ်သည်ဟု ဆိုပါသည်။

စာရေးသူမိခင်၏ ပြောပြချက်အရ စာရေးသူမိခင်တို့ ငယ်စဉ်က စာရေးသူမိခင်၏အမေ (စာရေးသူ၏ အဘွား) သည် ရွှေဆွဲကြိုးတစ်ကုံး ကျပျောက်ဖူး၏။ အလှူတစ်ခုသို့ သွားရောက်စဉ် ဝတ်ဆင်သွားရင်း ကျပျောက်ခဲ့ခြင်းဖြစ်သည်။

ဆွဲကြိုးမှာ နှစ်ကျပ်သားနီးပါးရှိပြီး



ထိုခေတ်က လွန်စွာ အဖိုးတန်၏။ စာရေးသူ၏အဘွားမှာ အလှူသို့ ဝတ်ဆင်သွားပြီး အိမ်ပြန်ရောက်သောအခါ ထိုရွှေဆွဲကြိုးမှာ ပျောက်ခြင်းမလှပျောက်သွားခဲ့ခြင်းဖြစ်၏။

အလှူတွင် ကျပျောက်သည်လော၊ လမ်း၌ကျခဲ့သည်လော၊ အိမ်ရောက်မှ ကျပျောက်သည်လော. စသည်ဖြင့် စဉ်းစားမရဘဲ ရှိနေခဲ့ပါသည်။ ဤသို့လျှင် နေရာအနှံ့ လိုက်လံရှာဖွေသော်လည်း လုံးဝမတွေ့ခဲ့ပါ။ စာရေးသူ၏ အဘွားမှာ စိတ်မကောင်းကြီးစွာဖြစ်၍ မစားနိုင်၊ မအိပ်နိုင်ပင် ဖြစ်ခဲ့ရပါသည်။

ပစ္စည်းပြန်တွေ့ရန်အတွက် နတ်ဆရာများ၊ ဗေဒင်ဆရာများဖြင့် မေးမြန်းကာ ကြိုးစား ရှာဖွေသော်လည်း အရာမထင်ဘဲ ရှိခဲ့ပါသည်။

ဤသို့ဖြင့် ပစ္စည်းပျောက်သွားသည်မှာ (၅)ရက်ပင် လင်းခဲ့ရပါတော့သည်။ နောက်ဆုံး၌ စာရေးသူ၏ အဘွားမှာ အမေ သူရဿတီမယ်တော်ကြီးအား အစဉ်ဝတ်ပြုနေကျအတိုင်း ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီးနှင့် အမွှေးနံ့သာများဖြင့် ပူဇော်ပြီး မိမိဆွဲကြိုးအား ပြန်တွေ့အောင် ကူညီပေးပါရန် နှုတ်မှ အသံထွက်ပြောဆို၍ အမေသူရဿတီ မယ်တော်ကြီးအား အကူအညီတောင်းခဲ့လေသည်။

ထူးခြားစွာပင် ပစ္စည်းပျောက်ပြီး (၆)ရက်မြောက်သောနေ့၌ စာရေး
၏ အဘွားမှာ အိမ်သိမ်းရင်း အဝတ်
ဗီရို၏ အောက်တွင် မိမိ၏ဆွဲကြိုးအာ
ပြန်တွေ့ခဲ့၏။ အဘွားသည် လွန်
ဝမ်းသာသွားပြီး အမေသူရဿ
မယ်တော်ကြီး ကူညီ၍ ပြန်တွေ့သည်
ဟု ယုံကြည်ကာ အမေသူရဿတီမယ်
တော်ကြီးအား ကျေးဇူးတင်မဆုံး ဖြ
ခဲ့ရပါတော့သည်။

ဆွဲကြိုးပျောက်သည့် နေ့ကတည်း
က အိမ်ထဲအိမ်ပြင် နေရာအနှံ့ လိုက်
ရှာဖွေခဲ့သော်လည်း လုံးဝမတွေ့ခဲ့
ယခုကဲ့သို့ အမေသူရဿတီမယ်တော်
ကြီးထံ အကူအညီတောင်းလိုက်မှသာ
ပြန်တွေ့ခဲ့ခြင်း ဖြစ်သည်ဟု စာရေး
၏ မိခင်က ပြောပြပါသည်။

ထိုအချိန်မှစ၍ စာရေးသူ၏ မိခင်
မှာ အမေသူရဿတီမယ်တော်ကြီး
အား ယုံကြည်သက်ဝင်စွာ ကိုးကွယ်
လာခဲ့ကြခြင်းဖြစ်ပါသည်။

ဤသို့ဖြင့် လွန်ခဲ့သော (၃)နှ
ကျော်ကာလက ဖြစ်ပေါ်ခဲ့သော အမေ
သူရဿတီမယ်တော်ကြီးနှင့် စာရေး
တို့မိသားစုအကြောင်းကို တင်ပြလို
သည်။

ထိုအချိန်က စာရေးသူတို့မိသားစု
ပင်မနေအိမ်ကြီးကို အသစ်ပြန်ဆော
ရန် ပြင်ဆင်ကြပါသည်။ အိမ်နေရာ
ပင်မနေအိမ်ကြီး ဆောက်ထားသော
မြေနေရာတွင် ပြန်လည် ဆောက်လု
လိုသောကြောင့် ပင်မနေအိမ်ကြီး
ဖျက်ကာ ခြံထဲတွင် ယာယီတဲထိုး
မိသားစု နေထိုင်ကြပါသည်။

ဘုရားစင်နှင့် အမေသူရဿ
မယ်တော်စင်များကိုလည်း ဖျက်
ပြီး ဗီရိုများပေါ်တွင် ယာယီထား
ကိုးကွယ်ခဲ့ကြပါသည်။





www.burmeseclassic.com

www.burmeseclassic.com

နေအိမ်သစ် ဆောက်လုပ်ပြီးစီးသောအခါ အိမ်ထောင်ပရိဘောဂပစ္စည်းများကို နေရာတကျ ပြန်ထား၍ အိမ်သစ်ပေါ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။

ထိုအချိန်က စာရေးသူ၏ မိခင်မှာ အခြားရွာမှ တရားစခန်းတစ်ခုတွင် (၁) လတိတိ တရားဝင်နေ၏။

စာရေးသူတို့မှာ နေအိမ်အသစ်ပေါ်တွင် ဘုရားစင်တစ်ခုပြုလုပ်ပြီး ဘုရားဆင်းတုတော်ကို ဘုရားစင်ပေါ်သို့ ပြောင်းရွှေ့စံထား၏။

ထို့နောက် စာရေးသူ၏ဖခင်မှာ အမေသူရဿတီမယ်တော်အား စံထားရန်စင်ကို မပြုလုပ်တော့ဘဲ အမေသူရဿတီမယ်တော်ကြီးအား ကျောင်းဆောင်ထဲမှ ထုတ်ကာ အိမ်၏ နံရံကပ်ဗီရိုပေါ်တွင် သာမန်ရှေးဟောင်းအရုပ်များ အလှထားသကဲ့သို့ တင်ထားလိုက်၏။

စာရေးသူ၏မိခင် ရှိပါက ထိုသို့ လုပ်ခိုင်းမည် မဟုတ်ပေ။

ဤသို့ဖြင့် အမေသူရဿတီမယ်တော်ကြီး ထိုသို့ထားရှိပြီး (၁၀)ရက်လောက်အကြာ၌ စာရေးသူတို့မိသားစုဝင်များမှာ တစ်ဦးပြီးတစ်ဦး နာမကျန်းဖြစ်ခဲ့သည်။ ထို့ပြင် လာဘ်လာဘများလည်း ပိတ်လာသဖြင့် မိသားစုမှာ စိတ်ချမ်းသာစွာ မနေရတော့ဘဲ ရှိနေပါ၏။ ဘာလုပ်လုပ် မအောင်မြင်သဖြင့် မိသားစုအချင်းချင်း ခိုက်ရန် ဖြစ်ပွားမှုများပါ ဖြစ်လာခဲ့သည်။

ဤသို့ဖြင့် စာရေးသူ၏မိခင်မှာ တရားစခန်း၌ တရားဝင်ပြီး ပြန်ရောက်လာစဉ် နေအိမ်၌ ဖြစ်ပျက်နေသော အကြောင်းစုံကို သိရှိပြီး အမေသူရဿတီမယ်တော်ကြီးအား ထားရှိထားပုံကို မြင်သွား၏။ အမေသူရဿတီမယ်တော်ကြီးအား ထိုသို့ထားရှိ၍ မိသားစု အဆင်မပြေခြင်း ဖြစ်မည်ကို အမေ ရိပ်စားမိခဲ့သည်။

ထို့နောက် စာရေးသူ၏မိခင်မှာ အမေ သူရဿတီမယ်တော်ကြီးအား ထိုသို့ထားရှိထားသော စာရေးသူတို့ကို လွှန်စွာစိတ်ဆိုးသွားပြီး အမေသူရဿတီမယ်တော်ကြီး စံထားရန်စင်ကို ကောင်းမွန်စွာပြုလုပ်၍ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးများနှင့် အမွှေးနံ့သာတို့ဖြင့် ပူဇော်ကာ တောင်းပန်လျှောက်ထားခဲ့ပါသည်။

ထူးခြားစွာပင် ထိုနေ့မှစ၍ စာရေးသူတို့မိသားစုမှာ ကျန်းမာရေးများပြန်လည်ကောင်းမွန်လာပြီး လာဘ်လာဘများ ယခင်ကဲ့သို့ ကောင်းမွန်လာခဲ့သည်မှာ ယနေ့ထက်ထိ ဖြစ်ပါသည်။

အမေ သူရဿတီမယ်တော်ကြီးအားလည်း ယနေ့ထိ စာရေးသူတို့နေအိမ်၏ ဘုရားစင်ဘေးတွင် စင်တစ်ခုအသေအချာပြု၍ ပူဇော်ကိုးကွယ်ထားဆဲဖြစ်ပါသည်။

**(ဖြစ်ရပ်မှန် ဖြစ်ပါသည်။)**

***စာရှုသူများအား အစဉ်လေးစားလျက်...***

**ညီလေးငယ် (လယ်တော်)**

# ကျောက်ကပ်

**ကျောက်တည် သက်သာ ပျောက်ကင်းဆေး**



အုန်းသီးနုနု တစ်လုံးကိုယူ၍ မျက်နှာဝကို ဖွင့်ပါ။ ထိုအထဲသို့ ကျောက်ချဉ် တစ်ပဲသားခန့် ထည့်၍ အဝကို ပြန်ပိတ်ပါ။

ထို့နောက် တစ်ညထားကာ မနက်တစ်ခွက်၊ နေ့လယ် တစ်ခွက်၊ ညတစ်ခွက်ကို လက်ဖက်ရည် အကြမ်းပန်းကန်လုံး တစ်ဝက်ခန့်စီ သောက်ပါ။

သောက်ခါနီးတွင် အုန်းသီးကို လှုပ်ပြီးမှ သောက်ပါ။ သုံးရက် ဆက်သောက်က ကျောက်ကြေကျ၏။

**ဤဆေးနည်းကို ပြောပြသော ဆရာကြီး ဦးလိုဝါး၏ သမီး ဒေါ်တင်အေးအား ကျေးဇူးတင်ရှိပါသည်။**

**ကျွန်းကုန်း ရဲကျော်ဦး**

www.burmeseclassic.com

# မြေလှန်သူနှ

ကတိမတည်သူတို့၏ နိဂုံး

ကာဘ သင်းမွှေး



စာရေးသူသည် ပင်စင်စားဖြစ်၍ အားနေသည်က တစ်ကြောင်း၊ သမီး အငယ် တာဝန်ကျသည့် ရွာကလည်း စိတ်မချရသည်က တစ်ကြောင်း ကြောင့် သမီး တာဝန်ကျရာရွာသို့ လိုက်နေရပါသည်။

သမီးသည် မူလတန်းပြဆရာမ အဖြစ် ကသာမြို့နယ်၊ ချောင်းဝရွာတွင် တာဝန်ကျပြီး (၂)နှစ်ကြာသော် ပြောင်းရွှေ့လျှောက်လွှာ တင်လိုက် သည်။

မိမိလိုရာ ကျောင်းအမည် မတပ်ဘဲ ကသာမြို့နယ်အတွင်းဟု ရေးသွင်းမိ လိုက်သဖြင့် သွားလာရေး လွယ်ကူ နေရာမှ သွားလာရေး မလွယ်ကူသော ချောင်ကျသော ရွာမဟုတ်ဘဲ ရွာ အမည်တပ်ထားသည့် ကြံခင်းများ အကြားတွင် ဆောက်ထားသည့် ရွှေပြည်သာ မူလတန်းကျောင်းသို့ ရောက်သွားပါသည်။

ပြောင်းရွှေ့မိန့် ကျလာမှ မပြောင်း၍ မဖြစ်ပါ။ ရွာတည်ရန် လျာထားသော် လည်း ယနေ့ထိ ရွာမတည်ဖြစ်သေးပါ။ ကြံခင်းပိုင်ရှင်များ၏ တဲများသည်

တစ်တဲနှင့်တ

တစ်ဖာလုံခန့် ဝေးကြပါသ

ကျောင်းဝင်

ကျောင်းဖြစ်မြေ

ရေးအတွက် ကမကထ ပြုလု

ကျောင်းဝင်းအဖြစ် ကြံခင်းကို ခ

ထားပြီး ငွေကုန်ကြေးကျ အမျာ

စိုက်ထုတ်ကာ အနစ်နာခံ၍ ဦ

ဆောင်ရွက်ထားသူ ဦးဝင်းနိုင်၏

နှင့် ကပ်လျက်ဖြစ်၍ အဆင်ပြေပါ

သည်။

ဖွင့်စကျောင်းဖြစ်၍ ကျောင်းအ

လည်း မခန့်၊ နေ့စားလပေးများလ

ခန့်ထားခြင်း မရှိသဖြင့် တစ်ယော

တည်း ဖြစ်နေသည်။ ကျေ

ကော်မတီထဲက သားချင်း တ

သူက ကူညီသင်ပေးသဖြင့် တော



www.burmeseclassic.com

www.burmeseclassic.com

သေးသည်။

ဦးဝင်းနိုင် ကိုယ်တိုင်ကလည်း ရွာဖြစ်စေချင်နေသူ၊ ကျောင်းဖြစ်စေချင်နေသူဖြစ်၍ အစစအရာရာ ကူညီပါသည်။ စာရေးသူသည် အားလျှင်အားသလို ရေနွေးကြမ်း(လက်ဖက်ရည်အခါ) သောက်ရင်း ဦးဝင်းနိုင်တို့ လင်မယားနှင့် စကားပြောကာ အပျင်းဖြေရပါသည်။

တစ်ချိန်က **"ယင်းခဲတော"**ဟူ၍ နာမည်ကြီးခဲ့သော်လည်း ယခုမူ ဘယ်ကိုကြည့်ကြည့် ကြံခင်းတွေချည်း ဖြစ်ကုန်ပါပြီ။

တစ်နေ့တွင် ဦးဝင်းနိုင်နှင့် စာရေးသူတို့ ရေနွေးကြမ်းသောက်နေစဉ် ဦးဝင်းနိုင်က စာရေးသူအား...

'ဘုရားကိုလိမ်၊ သံဃာကိုလိမ်လို့ သေရတယ်လို့ ပြောမလား၊ သူ့ဘာသာ အရက်သောက်လို့ သေတယ်လို့ ပြောမလား ဆရာကြီး ဖြေစမ်းပါဦး'

ဟု မေးလာသည်မှာ အောက်ပါ ဖြစ်ရပ်နှစ်ခုကို ရရှိလာပါသည်။ ရွာအမည်၊ လူအမည်များကို လွှဲထားပါသည်။

* * *

ကသာမြို့နယ်၊ ရွှေလီမြစ်ကမ်းပေါ်ရှိ ဆိပ်ငူရွာတွင် ဦးလှကျော်ကို နီးနားပတ်ဝန်းကျင်ရွာများက လူတိုင်း သိကြသည်။ ကျွဲနွား အရောင်းအဝယ် လုပ်ရာတွင် လည်းကောင်း၊ ဝက် အရောင်းအဝယ်လုပ်ရာတွင် လည်းကောင်း သူ မပါလျှင် မပြီးသလောက် ဖြစ်သည်။

ထုံးစံအတိုင်း အရက်ကိုလည်း ကြိုက်သေးသည်။ သူ့ဆွေမျိုးအသိုင်းအဝိုင်းကလည်း သူတို့ ဒေသမှာတော့ ချမ်းသာသော ထိတ်ထိတ်ကြဲများ ဖြစ်ကြသည်။

ထို့ကြောင့် နွားသတ်၊ ဝက်သတ်ပြီး အရက်ဝိုင်းဖွဲ့သောက်သည်ကို အားလုံး မကြိုက်ကြ။ သူ့ကိုလည်း ပြော၍မရ၊ လူက လူကတ်ကြီး သူ့အသိ သူ့အတတ် ဖြစ်သည်။

တစ်ခါသော် သံတောင်ရွာမှ နွားရိုင်း သွင်းချိန်လောက် ပြန်လာပြီး အိမ်ရောက်သော် ဗုန်းဗုန်းလဲပြီး ကိုယ်တွေ ပူကာ အပြင်းဖျားတော့သည်။ ကယောင်ကတမ်းတွေလည်း အော်သည်။ တောနေထုံးစံအတိုင်း တောမှီလာသည်၊ အပမှီလာသည်ဟု ပြောကြပြီး ပယောဂနည်းဖြင့်လည်း ကုကြသည်။ ဆေးဝါးလည်း ကုကြသည်။

ဆယ်ရက်လောက်ကြာမှ ထူထူထောင်ထောင် ဖြစ်လာသည်။ အရက်ကိုလည်း မသောက်တော့ပါ။ ကျန်းမာရေးကောင်းလာပြီး မူလ ပုံမှန်အတိုင်း ဖြစ်လာသောအခါ မန္တလေးသို့သွားပြီး ကြဲဖိုးငွေများရှင်းရန် ကြုံလာသည်။

မန္တလေးသို့ ရောက်လျှင် ထုံးစံအတိုင်း မဟာမြတ်မုနိဘုရားကြီးကို ဖူးရန် ပွဲစားအိမ်သို့ ရောက်နေကြသူများ အဖွဲ့လိုက် သွားကြသည်။

မဟာမြတ်မုနိဘုရားကြီးကို ဖူးမြော်ရသည်ဖြစ်၍ အလွန် ကြည်ညိုသော သဒ္ဓါစိတ်များ ပေါက်လာသည်။ ရွာမှ အတူသွားသူ အဖော်တစ်ယောက်ကိုလည်း...

'ငါ ဘုရားကြီးကို မြေကြီး လက်တစ်ဆုပ်နဲ့ အရက်မသောက်တော့ပါဘူးလို့ သစ္စာတိုင်ချင်တယ်၊ သစ္စာပြုတဲ့အတိုင်း မသောက်ဘူးဆိုရင် ကျန်းမာ ချမ်းသာပါစေပေါ့၊ သောက်မိရင် ဝဲကျပါစေပေါ့၊ ဒီလို လုပ်ချင်တယ်'

ဟု ပြောရာ သူနှင့် အဖော်ပါသူကလည်း စဉ်းစားရန် အတန်တန် တားပါသည်။ သို့သော်...

'မန္တလေးရောက်တုန်း လုပ်ကိုလုပ်ရမှ ငါ စိတ်ချမ်းသာမယ်'

ဟု ပြောပြီး မြေကြီးလက်တစ်ဆုပ်စာကို ပလတ်စတစ်အိတ်ကလေးနှင့် ထည့်ယူသွားသည်။

မဟာမြတ်မုနိဘုရားရှေ့ ရောက်သော် ဘုရားရှိခိုး၊ သရဏဂုံဆောက်တည်ပြီး ငါးပါးသီလ ခံယူသည်။ ပါလာသော မြေကြီးကိုလည်း လက်ဖြင့် ဆုပ်လျက် **"ယနေ့မှစ၍ အရက်ကိုလုံးဝမသောက်တော့ပါ၊ သောက်လျှင် ဝဲကျပါစေသား"**ဟူ၍ ကတိပြုကာ လက်ထဲတွင်ရှိသော မြေကြီးကို သက်သေထားခဲ့သည်။

ဘုရားကြီးဝင်းအပြင် ရောက်သော သက်သေထားခဲ့သော မြေကြီး လက်တစ်ဆုပ်ကို မြေကြီးပေါ်သို့ ဖြန့်ကြဲလိုက်သည်။ ဝမ်းသာပီတိတွေ ဖြစ်ပြီး တည်းခိုအိမ်သို့ ပြန်ခဲ့သည်။

ရွာသို့ ရောက်သောအခါတွင်လည်း မဟာမြတ်မုနိဘုရားကြီးတွင် မြေကြီးကို လက်ဖြင့်ဆုပ်၍ သစ္စာပြုခဲ့ကြောင်းကို ဂုဏ်ယူဝင့်ကြွားစွာ ပြောလေသည်။

ဦးလှကျော်သည် လုံးဝ အရက်မသောက်တော့သည်မှာ နှစ်,နှစ်နီးပါး ခန့်ကြာခဲ့ပါပြီ။ မသောက်ဖြစ်အောင်လည်း လုံးဝ ရှောင်ခဲ့သည်။ သို့သော် အရက်ကို ကြိုက်လာခဲ့သူ တစ်ယောက်အဖို့ အရက်သောက်ချင်စိတ်များ ဖြစ်လာတတ်ပါသည်။

အတတ်နိုင်ဆုံး ရှောင်ကြဉ်ခဲ့ပါသည်။**(စာရေးသူကိုယ်တိုင် ဆေးလိပ်မသောက်သည်မှာ နှစ်,နှစ်ဆယ်ကြာခဲ့ပြီ ဖြစ်သော်လည်း တစ်ခါတစ်ရံ အိပ်မက်ထဲတွင် ဆေးလိပ်သောက်သလိုမျိုး မက်တတ်ပါသေးသည်။)**

ဦးလှကျော်၏ ဘကြီးတော်သူ

www.burmeseclassic.com

သေဆုံးရာ ဦးလုကျော်ကိုယ်တိုင် ဦးဆောင်ရသူ ဖြစ်လာသည်။ ရွာထုံးစံအတိုင်း ဟင်းကြီး(ဝက်သား) ကျွေးနိုင်ရန် ဝက်ရှာရသည်။ နီးစပ်ရာ ရွာများသို့ သွားပြီး စိတ်ကြိုက်ရှာဝယ်ရသည်။

ဤတွင် သူကိုယ်တိုင် မနေသာတော့ မစွမ်းရင်းကလည်းရှိ၊ ကန်စွန်းခင်းကလည်းငြိ ဆိုသလို သောက်ချင်စိတ်များ ဖြစ်ပေါ်လာသည်။



မဟာမြတ်မုနိ ဘုရားကြီးထံမှာလည်း သစ္စာပြုထားသည်။ ဘယ်လိုဖြေရပါ့ဟု အကြံထုတ်ရာ မြေလှန်လျှင် ဖြေနိုင်သည်ဟု ဆုံးဖြတ်လိုက်သည်။

ထို့နောက် ဓားပြားဖြင့် မြေကြီးကို ရုပ်ပြီး ထိုးကော်လိုက်သည်။ ပြီးနောက်...

'မဟာမြတ်မုနိဘုရားကြီးထံတွင် သစ္စာပြုခဲ့သည်မှာ မှန်ပါသည်။ ယခု ဤမဟာမြေကြီးကို လှန်ချလိုက်ပြီဖြစ်၍ သစ္စာသည် ပြေပျောက်ပါစေသတည်း'

ဟုလည်း ပါးစပ်ကဆိုပြီး ဓားပြားပေါ်ရှိ မြေကြီးများကို လှန်ချလိုက်သည်။

ထို့နောက်...

'မြေလှန်ထားပြီးပြီဖြစ်လို့ အရက်သောက်လို့ရပြီ'

ဟု ပြောဆိုကာ ဘကြီး၏ ဆွမ်းကျွေးမပြီးမီကတည်းက စ၍ သောက်ပါတော့သည်။

မသောက်ခဲ့ရသည်မှာ ကြာခဲ့သောကြောင့်လား၊ ဝက်ဝမ်းတွင်းတွေနှင့် အမြည်းကောင်း၍လား သောက်ကောင်းကောင်းဖြင့် သောက်တော့သည်။

ဦးလုကျော်အား...

'ဘုရားကြီးထံ အရက်မသောက်ပါဘူးလို့ သစ္စာပြုထားပြီးမှ ဘာကြောင့်သောက်ရတာလဲ'

ဟု မေးသူတိုင်းကို...

**'ငါ မြေလှန်ထားပြီးပြီကွ'**

ဟု ဖြေပါသည်။

ဤသို့ဖြင့် မိုးလင်းမှ မိုးချုပ် သောက်လာသည်မှာ ခြောက်လခန့် ကြာသွားပြီဖြစ်သည်။ တစ်ညနေ နွားရိုင်းသွင်းချိန်လောက်တွင် သက္ကယ်ကျင်းရွာမှ သောက်ပြီး ဆိပ်ငူရွာသို့ စက်ဘီးစီး၍ ပြန်ခဲ့သည်။

"ငါ မမူးသေးဘူး ငါ မမူးသေးဘူး" သီချင်းစာသားလို "ငါ မမူးပါဘူးကွာ" ဟု စိတ်ကိုတင်းပြီး စက်ဘီးနင်းလာခဲ့သည်။ ဖြောင့်ဖြောင့်တန်းတန်း နင်းလာခဲ့သည်ဖြစ်၍ ကိုယ့်ကိုယ်ကိုယ် ကျေနပ်မိနေသည်။

ဆိပ်ငူရွာ ကုန်းအတက်တွင် စက်ဘီးပေါ်မှ ရုတ်တရက် လန်ကျသွား၍ တွေ့သူများက ဝိုင်းထမ်းပို့ကြ၍ အိမ်သို့ရောက်သွားသည်။ နောက်တစ်နေ့နံနက်တွင် ဦးလုကျော် ဆုံးသွားပြီဟူသော သတင်းသည် တစ်နယ်လုံး ပျံ့သွားပါတော့သည်။

'မဟာမြတ်မုနိဘုရားကြီးမှာ အရက်မသောက်တော့ပါဘူးလို့ မြေကြီး လက်တစ်ဆုပ်နဲ့ သစ္စာပြုခဲ့ပြီးမှ မြေလှန်ထားပြီဆိုပြီး အရက်သောက်တာ ဘုရားကြီးကို လိမ်လို့ ဖြစ်တာလား။ ဆရာကြီး ဘယ်လိုပြောမလဲ'

ဟု ဦးဝင်းနိုင်က မြေလှန်သူ၏ နိဂုံးအပြီး စာရေးသူအား မေးပါသည်။

'မြေလှန်သူရဲ့ နိဂုံးတော့ သိရပါပြီ။ သံဃာကို လိမ်တဲ့သူ့ရဲ့ နိဂုံးကိုလဲ ပြောပါဦး၊ ပြီးမှ တစ်ပေါင်းတည်း အဖြေရှာကြတာပေါ့'

ဟု စာရေးသူက ရှောင်လွှဲလိုက်ပါသည်။ ရေးစရာ ဇာတ်လမ်းတစ်ပုဒ်ကျန်နေသေးသည် မဟုတ်ပါလား။

* * *

ဦးဘကောင်းသည် ထီးချိုင့်မြို့နယ် တစ်ဖက်ကမ်းရှိ မြတောင်ရွာနားရှိ ပူကြီးကုန်းရွာမှ ကြံတောင်သူတစ်ဦး ဖြစ်ပါသည်။ မန္တလေးမြို့၊ ပုလိုင်းရပ်၊ (၉၀) လမ်း၊ ငါးဆူတိုက် အနောက်ပေါက်အနီးရှိ ကိုသိန်းအောင်+မသောင်းနီတို့၏ "သိန်းတိုးအောင်"ပွဲရုံတွင် ရောက်နေသည်။

ကိုသိန်းအောင်နှင့် မသောင်းနီတို့သည် မြတောင်သူ မြတောင်သားများ ဖြစ်ကြ၍ ခင်မင်ရင်းနှီးစွဲ ရှိသည့်အတိုင်း ကြံပွက်ရည် အရောင်းအဝယ်လုပ်ငန်း ဆက်စပ်လျက်ရှိသည်။

ထိုပွဲရုံတွင် ထီးချိုင့်မြို့မှ ရွှေပေါ်ကျွန်း ဆရာတော်ကြီးထံ သွားကြမည့် ယောက်ျားကြီးနှစ်ယောက်၊ မိန်းမကြီး (၃)ယောက်တို့နှင့် ဆုံကြသည်။

ယောက်ျားကြီး တစ်ယောက်နှင့်တော့ ရင်းရင်းနှီးနှီး မဟုတ်သော်လည်း သိကြသူများဖြစ်သည်။ ဆရာတော်ကြီး၏ ဂုဏ်သတင်းကိုလည်း ကြားဖူးနေသည်ဖြစ်၍ ကြုံတုန်း တစ်ခါရောက်ဖူးအောင် ရွှေပေါ်ကျွန်းသို့ လိုက်သွားခဲ့သည်။

ရွှေပေါ်ကျွန်းသို့ ရောက်သော် အနယ်နယ်အရပ်ရပ်မှ ဆရာတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ကို ဖူးတွေ့လာကြသူများကို တွေ့ရပြီး အံ့သြဘနန်း ဖြစ်မိလေသည်။ ယောက်ျားတွေကနည်းနည်း၊ မိန်းမတွေက များများဖြစ်သည်။

ယောက်ျားတွေထဲက ထက်ဝက်လောက်နီးပါးကလည်း ဆရာတော်ကြီးကို အရက်လှူကြသူများဖြစ်၏။ အမှန်က အရက်ဖြတ်ကြသူများ ဖြစ်သည်။

ဒါကို ဘုရားမှာ အရက်လှူသည်။ ဘယ်ဆရာတော်ကြီးဆီမှာ အရက်လှူသည်ဟု ပြောကြခြင်းဖြစ်သည်။ **(စာရေးသူအနေဖြင့် ဤသို့ အရက်လှူသည်ဟု ပြောခြင်းကို လုံးဝ မနှစ်သက်ပါ။)**

ဦးဘကောင်းသည် ရွှေပေါ်ကျွန်း ဆရာတော်ကြီးထံ အရက်မသောက်တော့ပါဟု ကတိပြုခဲ့ရာ ဆရာတော်ကြီးမှ တရားချီးမြှင့်ပေးခဲ့ပါသည်။ ဦးကြီးကုန်းရွာသို့ ပြန်ရောက်သော် အိမ်က ဇနီး၊ သားသမီးတို့အား ပြောပြသည်။ အရက် သောက်ဖော်သောက်ဖက်များကိုလည်း ပြောပြသည်။

သူကဲ့သို့ အရက်ဖြတ်ကြရန် တိုက်တွန်းပါသေးသည်။ အားလုံးက ဦးဘကောင်းအား စောင့်ကြည့်ရသေးတာပေါ့ဟူသော သဘောဖြင့် ပြုံးရုံသာ ပြုံးနေကြပါသည်။

အပေါင်းအသင်းတွေက အဆွယ်ကောင်းသည်ပဲဆိုဆို၊ မိမိစိတ်ကို မနိုင်သေးသလော့ "အမြည်းကောင်းလို့ တူနိုင်နဲ့တွေ့လို့ မလွှဲသာ မရှောင်သာ နည်းနည်းပါ"ဟူသော အကြောင်းချက်တွေကြောင့် သောက်ဖြစ်ရာမှ နောက်ဆုံး ဒုံရင်းဒုံရင်း ပြန်ဆိုက်ပါတော့သည်။

ဤသို့ဖြင့် ပထမအကြိမ် မအောင်



မြင်။ ဒုတိယအကြိမ် ရွှေပေါ်ကျွန်းသို့ မိသားစုလိုက် သွားကြပြီး အရက်ဖြတ်ခဲ့ပြန်ပါသည်။ ဒါလည်း ပြန်သောက်ဖြစ်ပြန်သည်။

တတိယအကြိမ်တော့ "အဟုတ်ကို မသောက်တော့ဘူးကွာ"ဟု ပြောပြီး ဆရာတော်ကြီးထံ အရက်ဖြတ်ခဲ့ပြန်သည်။ ဒါလည်း တစ်နှစ်ကျော်ကျော်လောက်တော့ ခံသေးသည်။ နောက်တော့ သောက်ဖြစ်တာပဲ ဖြစ်သည်။

တစ်ညတွင် ဦးဘကောင်းတို့ အပေါင်းအသင်းတစ်စု ကြံချက်ဖိုဖွင့် အထိမ်းအမှတ်အဖြစ် ကြက်သားကာလသားချက်ကို အမြည်းလုပ်ကာ အရက်သောက်ကြသည်။ ကြက်ခြေထောက်ကို ဓားနှောင့်နှင့် ထုထားသဖြင့် ခြေထောက်ရိုးက ကြေမွနေသည်။

ဦးဘကောင်းက ကြက်ခြေထောက်ရိုးကို ဝါးစားပြီး မျိုချလိုက်သည်။ ကြက်ခြေထောက်ရိုးတွင် ကပ်ပါသွားသော အရိုးက လည်ချောင်းမှာ ထောက်သွားသည်။ လက်ညှိုးနှင့် နှိုက်ထုတ်သော်လည်း အရိုးကို ဖိချလိုက်သလိုဖြစ်ပြီး ပိုတောင်စူးသွားသည်။

ညတွင်းချင်း ထီးချိုင့်ဆေးရုံရောက်သော် ဆရာဝန်များက လည်ပင်းကို ခွဲရမည်ဖြစ်၍ ကသာ(သို့မဟုတ်) မန္တလေးဆေးရုံ အရောက်သွားရန် မှာကြားလိုက်သည်။ ဦးဘကောင်းသည် ကြံတောင်သူကြီးပီပီ ငွေကြေးတတ်နိုင်သဖြင့် မြတောင်မှ ပွဲထောင်ကို စင်းလုံးငှားပြီး မန္တလေးဆေးရုံကြီးသို့ သွားပြသည်။

မန္တလေးဆေးရုံကြီးသို့ ရောက်ပြီး မကြာလိုက်ပါ။ အရိုးစူးသည့် ဒဏ်ရာက ပြင်းထန်သဖြင့် အနာဖြစ်ကာ အသက်ရှူလမ်းကြောင်းကို ပိတ်သွားပြီး အသက်ဆုံးသွားပါသည်။

* * *

'နှစ်ယောက်စလုံး ဘုရားကိုလိမ်၊ သံဃာကိုလိမ်လို့ အဖြစ်ဆိုးနဲ့ သေရတယ်လို့ ဆိုရမလား၊ သူ့ဘာသာ အရက်သောက်ပြီး မဆင်မခြင်ဖြစ်လို့ သေရတယ်လို့ ဆိုရမလား ဆရာကြီး ဖြေစမ်းပါ'

ဟု ဦးဝင်းနိုင်က မေးလာပါသည်။

'နှစ်ခုစလုံး ဟုတ်တယ်လို့ တိုတိုပဲ ဖြေလိုက်မယ်။ ပြီးတော့ ကံငါးပါးကို မလုံခြုံမှုတော့ အသေဆိုးနဲ့ သေရမှာ အမှန်ပဲ။ ပြောရမယ်ဆိုရင် ရှည်မှာစိုးလို့ ကျောင်းလဲဆင်းတော့မယ် တော်ကြစို့'

ဟု စာရေးသူက အဆုံးသတ်လိုက်ပါသည်။

'ပြောရမယ်ဆိုရင် အမေကို မီးရှို့သတ်တဲ့ လူတစ်ယောက်အကြောင်း ပြောချင်သေးတယ်'

ဦးဝင်းနိုင်က စကားကို ဆက်ချင်နေသေးသည်။ အမှန်က သူလည်း ကျောင်းဆင်းလျှင် သူ့သမီးကို ထမင်းကျွေးရပေဦးမည်။ မအားပါ။

'နားထောင်ပါ့မယ်။ နောက်ရက်မှ ဆက်ကြတာပေါ့'

ဟု စာရေးသူက အဆက်ဖြတ်ကာ ဦးဝင်းနိုင်တဲမှ ပြန်ခဲ့ပါသည်။

ကသာ သင်းမွှေး

www.burmeseclassic.com

ဆရာဦးလှကြည် (အောင်လံမြို့)၏ ရေးသားထားသော ၂၀၁၃ ခုနှစ်၊ ဖွန်လ အမှတ်(၃၂၃)၊ စာမျက်နှာ (၂၀၀)မှာ **"အမျိုးသမီးများ မီးယပ်ချမ်းရောဂါ အတွက် ဆေးတစ်လက်"**ကို ဖော်ပြထားရာ ဝါးခြမ်းမီးလှုံခြင်းဖြင့် ရောဂါ ပျောက်ကင်း သက်သာကြောင်းကို ရေးသားထားပါသည်။

အဲဒီမှာ နက္ခတ္တရောင်ခြည်၏ စာတည်းချုပ်ကိုယ်တိုင် အသုံးပြုရသောဝါးနှင့် အသုံးမပြုရသော ဝါးကို သိရှိပါက ဖော်ပြပေးရန် တောင်းဆိုလာပါသဖြင့် စာရေးသူ လေ့လာသိရှိထားသမျှကို ဆရာဦးလှကြည် (အောင်လံမြို့)၏ ဖြည့်စွက်ဆောင်းပါး အဖြစ် ရေးသားလိုက်ပါသည်။

အမျိုးသမီးများအတွက်

# မီးယပ်ချမ်းအတွက်

ဆေးနည်းတစ်လက်မှ ဝါးအသုံးပြုပုံ ဖြေကြားချက်



မီးယပ်ချမ်းရောဂါအတွက် ဝါးခြမ်းကို မီးလှုံခြင်းမှာ မည်သည့်ဝါးမဆို မီးလှုံ၍ရပါသည်။ မီးယပ်ချမ်းနှင့် ဝါးမီးသည် စာဖတ်သူတိုင်း မသိနိုင်သော စွမ်းအင်ထူးတစ်ခု ရှိနေသည်ဟု ထင်မြင်ယူဆမိပါသည်။

အဘယ်ကြောင့်ဆိုသော် စစ်ကိုင်းတိုင်းဒေသကြီး အထက်ဖျားရွှေဘိုခရိုင် ပတ်ဝန်းကျင်ဒေသများတွင် စာရေးသူ တွေ့မြင်ကြားသိခဲ့ဖူးသည်မှာ မည်သည့် ဝါးနှင့်မဆို ယက်ထားသော ခြင်းကြား (ကြီးကြီး/သေးသေး) အသစ်ဖြစ်စေ အဟောင်းဖြစ်စေ မီးရှို့ပြီး မီးဖိုကိုခွပြီး လှုံပေးပါက အနှစ်,နှစ်၊ အလ,လက မီးယပ်ချမ်းရောဂါပင် ပျောက်ကင်းကြောင်း သိရှိရသည်။

ထို့အတူ ခြင်းကြားမီးနှင့် မီးယပ်ချမ်းမှာ အင်္ဂဝိဇ္ဇာပညာအရ ကက်ကင်းမိနေကြောင်းကိုလည်း လေ့လာသိရှိရသည်။ ထို့ကြောင့်များ ခြင်းကြားမီးလှုံ၍ မီးယပ်ချမ်းပျောက်သလား မဆိုနိုင်ပါ။ ပမာပြရသော်...

**ခြင်းကြားမီး**

╳

**မီးယပ်ချမ်း**

ထိုသို့ ဂမ္ဘီရဆန်စွာ တွေ့ရှိရပါသည်။ ထို့ကြောင့် နက္ခတ္တရောင်ခြည် စာတည်းချုပ်၏ တောင်းဆိုချက်အရ ရေးသား ဖော်ပြပေးလိုက်ပါသည်။

မည်သည့်ဝါးဖြစ်စေ အသုံးပြု၍ရကြောင်း၊ ရွှေဘိုခရိုင် ပတ်ဝန်းကျင်ရွာများရှိ အဘိုးအဘွားများ ပြောသံအရ သိရှိရ ပါသည်။

မီးယပ်ချမ်းဖြစ်လျှင် ကွမ်းခြင်းအဟောင်း၊ ကြက်ခြင်းအဟောင်း၊ မည်သည့်ခြင်းမဆို (ဝါးဖြင့်ရက်ထား သော)ရအောင်ရှာပြီး ချက်ချင်းမီးရှို့ပြီး လှုံလိုက်ပါ။ သက်သာပျောက်ကင်းပါတယ်လို့ မြင်တွေ့ကြားသိရသည်ကို ဆရာ ဦးလှကြည်(အောင်လံမြို့)၏ ဆောင်းပါးကို ဖြည့်စွက် နောက်ဆက်တွဲအဖြစ် ရေးသား တင်ဆက်လိုက်ပါသည်။

ရသဂမ္ဘီရ ကျော်ဝင်းအောင်
*(ပြည်-ဆည်မြောင်း)*



www.burmeseclassic.com

www.burmeseclassic.com

မိုးကောင်းစေတီနှင့်

# ရတနာသိုက်

ဇော်ချစ်အောင်
(ရမည်းသင်း)



စာရေးသူနေထိုင်ရာ ရွာ၏ မြောက်က် (၃)ဖာလုံခန့်အကွာတွင် ဉာဏ်ော် (၁၅)တောင်ခန့်ရှိ မိုးကောင်းရားစေတီတစ်ဆူ ရှိပါသည်။ ထိုတီသည် မည်သည့်ခေတ်ကာလတည်းက တည်ထားခဲ့သည်ကို မည်သူမျှ ဂဃနဏ မပြောနိုင်ကြပါ။ ပျူခေတ်က တည်ခဲ့သော စေတီဟုတော့ ခန့်မှန်း၍ လူတိုင်းက ယုံကြည်ထားပါသည်။

အဘယ်ကြောင့်ဆိုသော် ပျူတို့ နေထိုင်သွားရာသည့် စေတီနှင့် မလှမ်းမကမ်းတွင် ရှိနေသည်။ ပျူသင်္ချိုင်းလည်း တွေ့ရှိရသည်။

စာရေးသူတို့ပိုင် ယာကွက်များနှင့် လယ်မြေများ ထွန်ယက်သည့်အခါ ပျူတို့ အသုံးအဆောင်များ ဖြစ်ကြသော အလွန်မာကျောသည့် အိုးကွဲများ၊ မြေဆေးတံအိုးများ အစရှိသဖြင့် ရှိစဉ်

www.burmeseclassic.com

တွေ့ရှိရသည်။

စာရေးသူတို့ရွာ မတည်ခင် နှစ်(၇၀) ကျော်ကာလက စေတီပရိဝုဏ်အတွင်းမှာ ဘုန်းတော်ကြီးကျောင်း ရှိခဲ့သည်။ ထိုကျောင်းဆရာတော် ပျံလွန်တော်မူပြီးနောက် (၃)နှစ်ခန့်အကြာတွင် စာရေးသူတို့ရွာ တည်တော့ မိုးကောင်းစေတီမှ ကျောင်းအား ရွာကို ရွှေ့၍ ရွာကျောင်းဆောက်ခဲ့လေသည်။

ဘုရားတွင် နှစ်ပေါင်း(၇၀)ကျော် မည်သည့် အဆောက်အအုံမျှ မရှိခဲ့ပါ။

ထို မိုးကောင်းစေတီတော်၏ အရှေ့ထိပ် လိုဏ်ဂူအတွင်းတွင် အင်္ဂတေဖြင့် ပြုလုပ်ထားသော တင်ပျဉ်ခွေ ရုပ်ပွားတော်၏ လက်ဖဝါးတော်ပေါ်တွင် ညာဏ်တော်(၁၀)လက်မခန့်ရှိ ကြေးဆင်းတုတော်တစ်ဆူ ထိုစဉ်အခါက ရှိခဲ့ဖူးပါသည်။ ထိုကြေးဆင်းတုတော် လေးသည် လွန်စွာ တန်ခိုးကြီးပါသည်။

မိုးကောင်းစေတီတွင်ခြင်းမှာ ကြေးဆင်းတုတော်လေးကြောင့် ဖြစ်လေသည်။ အမှန်တကယ်ပင် ရှေးက နှစ်ပေါင်းများစွာ ကြေးဆင်းတုတော်လေး ရှိစဉ် မိုးလေဝသ နှစ်စဉ် ကောင်းမွန်ခဲ့ပြီး ဆန်ရေစပါး ပေါကြွယ်ဝခဲ့ဖူးပါသည်။

ကြေးဆင်းတုတော် တန်ခိုးကြီးကြောင်းကို သိရှိသွားကြသော မသမာသူများက အစောင့်အရှောက် ကင်းမဲ့နေသော ကြေးဆင်းတုတော်အား ခိုးယူ ပင့်ဆောင်သွားကြလေသည်။

ယင်းအချိန်မှစ၍ စာရေးသူတို့ အရပ်တွင် ယနေ့အချိန်အထိ မိုးလေဝသ မှန်ကန်မှု မရှိတော့ပါ။

နှစ်စဉ် ဝါဆိုလဆန်း(၈)ရက်နေ့ ရောက်တိုင်း စေတီတော်အား စာရေးသူတို့ အောင်ချမ်းသာရွာ၊ ဘုရားကုန်း၊



အင်ပင်ကြီး၊ ငှက်သိုက် လေးရွာမှ လူများ စုပေါင်း၍ ဘုရားဆွမ်းကပ်ကြသည်။ မည်သူမျှ ဆွမ်းကပ်ပါမည်ဟု မဆော်ဩရဘဲ ရှေးကာလကတည်းမှ ယနေ့တိုင် နှစ်စဉ်မပျက် ဘုရားဆွမ်းကပ်ခဲ့ကြသည်။

ထိုနေ့ ထိုရက်တွင် အနည်းနှင့်အများ မိုးရွာသွန်းလေ့ ရှိသည်။ ဆွမ်းကပ်သည့်ရက်တွင် မိုးရွာသွန်းခြင်း မရှိပါက ထိုနှစ် မိုးလေဝသအခြေအနေ မကောင်းဟု မှတ်သားရပါသည်။ ဤသည်မှာ စေတီတော်၏ ထူးခြားချက် ဖြစ်လေသည်။

ဆွမ်းဆက်ကပ်ကြသော ဘုန်းတော်ကြီးများနှင့် လူပရိသတ်များ အရိပ်အာဝါသနည်းပါး၍ ဆွမ်းကပ်တိုင်း နှစ်စဉ် နေထိုင်ရေး အခက်အခဲ ဖြစ်ကြရလေသည်။

ဘုရားတွင် ဇရပ်တစ်ဆောင် ဆောက်လုပ်ကြမည်ဟု အကြံရလာကြကာ ယခုနှစ် ဆွမ်းမတင်မီ လေးရွာမှအလှူရှင်များ စုပေါင်း၍ ဇရပ်ဆောက်လုပ်ရန် မြေနေရာ သတ်မှတ်ကြလေသည်။

စာရေးသူ၏ ညီဝမ်းကွဲ လယ်မြေများသည် ဘုရားဝန်းကျင်နားမှာပင် ဖြစ်ပြီး ဘုရား၏ ဝေယျာဝစ္စတို့ကို သူတို့မိသားစုက ကမကထပြုလုပ်ကြသည်။

တစ်ရက်တွင် စာရေးသူ၏ ညီဝမ်းကွဲသည် ကိစ္စတစ်ခုကို မလုပ်နိုင်ကြောင်း သူ့အမေအား အကြောက်အကန် ငြင်းဆန်နေသည်ကို တွေ့လိုက်ရသည်။ ထိုကဲ့သို့ ခေါင်းမာစွာဖြင့် ငြင်းဆန်သည်ကို စာရေးသူ တစ်ခါမျှ မမြင်တွေ့ဖူးဘူးပါ။

နေရာတိုင်းမှာ ဒီကောင်လေးဟာ သွက်လက်ချက်ချာသလို နားလည်လွယ်သော၊ စိတ်သဘော နူးညံ့သော ကောင်လေးတစ်ယောက် ဖြစ်သည်ကို လူတိုင်း သိရှိထားကြသည်။ ယခုသူ့ အမေကို ဘာအကြောင်းကိစ္စကြောင့် ငြင်းနေတာလဲ သိချင်လာသည်။ အထူးအဆန်းဖြစ်နေ၍ စာရေးသူ ရောက်သွားတော့...

'မင်းညီကို ကြည့်ပြောပါဦးကွယ်'

ဟု အားကိုးတကြီးနှင့် အဒေါ်က စာရေးသူအား စစ်ကူတောင်းလာပါတော့သည်။

ထိုတော့မှ ညီတော်မောင် ဘာကြောင့် ငြင်းဆန်နေခြင်း ဖြစ်သည်ကို အောက်ပါအတိုင်း အဒေါ်ပြောပြ၍ သိလိုက်ရကာ ဤစာရေးသားရန် အကြောင်း ဖြစ်လာပါတော့သည်။

* * *

'ဇရပ်တိုင်ကျင်းတူးဖို့ အမေက ကျွန်တော့်ကို ခိုင်းနေတာ အစ်ကိုကြီး'

'ကုသိုလ်ရတဲ့ကိစ္စကို မင်းက ဘာကြောင့် ငြင်းနေရတာလဲ'

'အစ်ကိုကြီး မသိဘူး။ ကျွန်တော် ဘာကြောင့် ငြင်းနေတယ်ဆိုတာ အမေ သိပါတယ်ဗျာ။ ကုသိုလ်ရမယ်ဆိုတာ ကျွန်တော်သိတာပေါ့။ ဒါပေမယ့်...'

ကောင်လေးက စကားရှေ့ဆက်၍ ဆက်ပြောလာလေမလား ခေတန်ကြာ

www.burmeseclassic.com

စောင့်ကြည့်နေသေးသည်။ ရှေ့မဆက်တော့...

'လူတိုင်း အားတက်သရော လုပ်ကိုင်နေကြတဲ့အခါမှာ မင်းက မလုပ်ချင်ဘူး ပြောနေတယ်။ ဘုရားနဲ့ပတ်သက်ပြီး မင်းတို့မိသားစုက ရှေ့ကနေ ဦးဆောင်ဦးရွက်လုပ်လာခဲ့တာ ဒီကိစ္စကျမှ မလုပ်ဘူးဆိုရင် သူများတွေ ကြားရင်တောင် မကောင်းဘူးကွ'

'အကြောင်းရှိလို့ပါ အစ်ကိုကြီးရာ'

'ကဲ... ပြောစမ်းကွာ'

စိတ်မရှည်သံနှင့် မေးလိုက်တော့ သူ့အမေဘက် လှည့်ကြည့်သည်။ ဒေါ်လေးက...

'ဒီလိုကွယ့် မင်းဦးလေး ငယ်ငယ်က အဲဒီဘုရားမှာ သိုက်ဆရာနဲ့ သိုက်တူးခဲ့ဖူးတယ်။ သိုက်ဆရာဆိုလို့ အခြားမဟုတ်ဘူးကွယ့်။ မင်းတို့ဘကြီး (စာရေးသူ အမေ၏ အစ်ကိုဝမ်းကွဲ)နဲ့ မင်းဦးလေးတို့ ဘုရားမှာ သိုက်ရှိတယ်လို့ ဘယ်လိုက ဘယ်လို သိတယ်တော့ မပြောတတ်ဘူး။ ဘုရားရဲ့စနေထောင့်မှာ စည်းတွေတား၊ ပွဲတွေတင်၊ လက်ဖွဲ့တွေ၊ စလွယ်တွေ ဆောင်လို့ သိုက်တူးကြတာပေါ့။

အဲဒီအချိန်တုန်းက ဘုရားဝန်းကျင်မှာပဲ ချုံနွယ်ပိတ်ပေါင်းတွေ ရှိနေတော့ ရုတ်တရက် လူတွေ မမြင်နိုင်ကြဘူး။ ဘယ်သူမှမသိအောင် တိတ်တိတ်လေး တူးနေကြတာပေါ့ကွယ်။

အဲဒီအချိန်က ခုလို လူဦးရေကလဲ မများသေးတာက တစ်ကြောင်း၊ ဘုရားမှာ ဥစ္စာစောင့်တွေ ရှိတယ်လို့ လူတွေ ယုံကြည်နေကြတော့ တော်ရုံလူ မသွားခဲ့ကြဘူး'

(ယင်းဥစ္စာစောင့်များနှင့် စာရေးသူ၏ အဘိုးအဖြစ်အပျက်ကို အလျဉ်း



သင့်ပါက ရေးသားပါဦးမည်။) ***(စကားချပ်)***

'သူတို့နှစ်ယောက် သိုက်တူးကြတာ ဒူးသာသာလောက်ရှိတော့ အတွင်းထဲက "ဂုံး...ဂုံး...ဂုံး"နဲ့ လိုဏ်သံကြီး ကြားတော့ ရတနာတွေ တွေ့တော့မှာ သေချာတယ်ဆိုတဲ့ လောဘစိတ်တွေနဲ့ ဘာကိုမှ သတိမရကြတော့ဘဲ တူးကြတာပေါ့။

မနက်ခင်းကြီးမှာ မှောင်ရောင်ကြီး သူတို့အနားမှာ ဖြစ်လာတယ်လို့ နောက်တော့ ပြောပြတယ်။ တဖြည်းဖြည်းနဲ့ မှောင်မှောင်လာတော့ နှစ်ယောက်သား တွင်းပေါ်ကို တက်ပြီး ဘာလို့ မနက်ခင်းကြီး မှောင်လာတာလဲပေါ့။ မိုးရိပ်မိုးသားလဲ ကောင်းကင်မှာ မရှိဘူးတဲ့။ သံသယနဲ့ ကြောက်စိတ်တွေ ဖြစ်လာတယ်။

အခြေအနေ ပြောင်းလဲနေတာကို တွေးကြည့်နေတုန်းမှာပဲ "ခုနစ်ရက်ရှိရင် ခုနစ်ယောက်ခေါ်လာခဲ့"ဆိုတဲ့ အသံအောအောကြီး တွင်းထဲကနေ လိုဏ်ခေါင်းသံကြီးနဲ့ ပြောလိုက်တာကို သူတို့ကြားတော့ မနေရဲကြတော့ဘဲ နှစ်ယောက်လုံး ထွက်ပြေးကြတာပေါ့။

သိုက်ဆရာဖြစ်တဲ့ မင်းဘကြီး(ဝရိုး) ကတော့ ဘာမှမဖြစ်ပေမယ့် မင်းဦးလေးကျတော့ အိမ်ကိုလဲ ရောက်ရော သူ့ကိုယ်က လက်ဖွဲ့တွေ၊ စလွယ်တွေ၊ အဆောင်တွေကို ကြောက်ကြောက်လန့်လန့်နဲ့ အယောင်ယောင် အမှားမှားနဲ့ ဖြုတ်လဲချလိုက်ရော မင်းဦးလေးမှာ လက်နှစ်ဖက်လုံး မခံမရပ်နိုင်အောင် အကောင်းသားကြီးက ကိုက်ခဲလာပြီး လှုပ်လို့ မရတော့ဘူး။

စောစောက အကောင်းသားကြီးပဲ၊ ခုမှ ဖြစ်တာဆိုတော့ သိုက်တူးလို့ဖြစ်တာပဲ ဆိုတာ သိလိုက်တော့ အားကိုးတကြီးနဲ့ သူ့အမေကို ပြောပြတော့ မလုပ်ကောင်းတာကို လုပ်တာ၊ မိုက်လိုက်တာ ဆိုပြီး ဆူတာပေါ့။ တိုတို ပြောရရင်တော့ ရှေးတုန်းက ဒီသိုက်ကို တူးတဲ့သူတွေဟာ နေ့ခင်းကြီးမှာ မြေပြင်ကို ရေထင်ပြီးတော့ ကူးနေကြတယ်။

သူ့အမေက ကြားဖူးနားဝ ရှိထားတာမို့ သူ့သားကို ဘုရားပြန်ခေါ်သွားပြီးတော့ ဘုရားမှာ သဲလုံးအမျှ ခံခိုင်းခဲ့တယ်'

'သဲလုံးအမျှဆိုတာ ဘာလဲ ဒေါ်လေး'

'သဲလုံးအမျှဆိုတာ လက်ထဲမှာ သဲတွေ ဆုပ်ထားပြီးတော့ ဘုရားတပည့်တော်မှစ၍ နောင်သားစဉ်မြေးဆက် ယခုကဲ့သို့ ဘုရားတွင် လှူဒါန်းထားသော ရတနာသိုက် မဆိုထားနဲ့ ဘုရားပရိဝုဏ်အတွင်းမှာ မြေတူးဆွခြင်းပင် မပြုလုပ်တော့ပါ။ ပြုလုပ်ခဲ့ပါက လက်တွင်း၌ ရှိနေသော သဲပမာဏ ရှိတဲ့ ဖြစ်လာမယ့် သံသရာဘဝတိုင်းမှာ ကုသိုလ်တရားများ ကွယ်ပျောက်၍ မဟာအဝီစိငရဲကို ကျရပါစေသား သစ္စာပြုပါ၏လို့ သူ့အမေက ရှေ့ကတိုင်ပေး၊ နောက်က မင်းဦးလေးက လိုက်ဆိုခဲ့ရတယ်။ အဲဒီတော့မှ သူ့လက်တွေဟာ ချက်ချင်းပဲ အကောင်း

 (စာမျက်နှာ (၂၆၅) သို့)

www.burmeseclassic.com

www.burmeseclassic.com

# ရက္ခစိုးနဲ့

ကံကြီးမောင်
(ပုလဲ)



## စကားပြောကြရအောင်

ကျွန်တော့် ဦးရီးတော်ဖြစ်သူ ဆားလင်းကြီးမြို့၊ အမှတ် (၃)ရပ်ကွက်၊ ဘုရားကြီးကျောင်း ဆရာတော်ကြီး ချီးမြှင့်လိုက်တဲ့ ဂါထာမန္တန် အစီအရင်ကောင်းလေးတစ်ခု ဖြစ်ပါတယ်။

အစီအရင်လေးကတော့ လွယ်လွယ်လေးပါ။ စာရှုသူများ စမ်းသပ်လုပ်ဆောင်ကြည့်ကြပါ။ မိမိတို့ရဲ့ ထူးခြားမှု အတွေ့အကြုံကိုလဲ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ပြန်လည်တင်ပြပေးကြပါလို့ မေတ္တာရပ်ခံလိုက်ပါရစေ။

ဩော် မေ့နေလိုက်တာ ဦးရီးတော်ဘုန်းကြီး အထူးမှာလိုက်တာကတော့...

'မကြောက်နဲ့ ကြောက်ရင် မလုပ်နဲ့။ လိုတာကိုတောင်း၊ ဖြစ်နိုင်တာကိုပဲတောင်း၊ မဖြစ်နိုင်တာ မတောင်းနဲ့'

တဲ့။

အစီအရင်လေးကတော့ အောက်ပါအတိုင်းပါပဲ။

အာကာသဋ္ဌာ ဘုမ္မဋ္ဌာ စ၊
ရက္ခဋ္ဌာ စ ဒေဝတာ။
ကုဒ္ဒိမန္တော စ ယေ ဒေဝါ
မံ ပါလေန္တု ယထိစ္ဆိတံ။

ဟူသော ဂါထာကို ငွေပြား၊ ကြေးပြား၊ ဒန်ပြား၊ သတ္တုပြား၊ ထန်းရွက်၊ ပေရွက်၊ စက္ကူ စတဲ့ တစ်ခုခုမှာရေး။

ရက္ခစိုး ရှိမယ်ထင်သော သစ်ပင်တွင် ကပ်ထား၊ ချိတ်ဆွဲထားပါ။ ည (၁၀)နာရီမှ (၂)နာရီအတွင်း ထိုသစ်ပင်အောက်သွားပြီး အမွှေးနံ့သာတစ်တိုင်၊ ပန်းတစ်ပွင့်၊ ဆီမီးတစ်တိုင်ဖြင့် ပူဇော်ပြီး အထက်ပါဂါထာကို (ရ)ခေါက်ရွတ်ဆိုပါ။ (ရ)ရက်ပြည့်ရင် ရက္ခစိုးနဲ့တွေ့လိမ့်မယ်။ တွေ့ရင် မိမိလိုရာကို တောင်းပါ၊ အလှူခံပါလို့ အမိန့်ရှိလိုက်ပါတယ်။

ကျွန်တော့်ကိုယ်တွေ့ အနည်းငယ်ပြောပါရစေ။ သစ်ပင်အောက် သွားရောက်ရွတ်ဆိုနေစဉ် လေးရက် [illegible] ရက်၊ ခြောက်ရက်မြောက် ရော[illegible] သော ညများ၌ သစ်ပင်ပေါ်မှ ငှက်[illegible] များ ထပျံသလိုလို၊ သစ်ကိုင်းခြော[illegible] များ ကျိုးကျသလိုလို။ တကယ်[illegible] ငှက်များ ထပျံသလား၊ သစ်ကိုင်း[illegible] များ ကျိုးကျသလားတော့ မသိရ[illegible] ကျွန်တော် သိတာကတော့ အဲဒီအ[illegible]

www.burmeseclassic.com

မှာ ကျွန်တော် ဘာမှ မသိတော့တာပါဘဲ။

အဘယ်ကြောင့်ဆိုသော် 'ဝူး, ဝူး၊ ကျွတ်, ကျွတ်၊ ဖြောင်း,ဖြောင်း၊ ဖုတ်' ဆိုသော အသံကြားရုံနဲ့ ကျွန်တော့် ခန္ဓာကိုယ်ဟာ အဆတစ်ထောင်လောက်၊ မီးပုံးပျံလောက်ကြီးပြီး မြောက်တက်သွားပါတယ်။ သတိရလာတော့ တော်တော်စဉ်းစားယူရပါတယ်။

'ငါ ဘယ်ရောက်နေပါလိမ့်၊ သစ်ပင်ခြေရင်းမှာ'

'ငါ ဘာလုပ်နေပါလိမ့် ဂါထာလာရွတ်နေတာ'

ဒီအဖြေကိုပဲ (၁၀)မိနစ်လောက် စဉ်းစားယူရပါတယ်။ ရက္ခစိုးနဲ့ အခုအချိန်ထိ ထိပ်တိုက်မတွေ့ဖူးဘူးပါ။ သို့သော် အိပ်မက်ထဲမှာတော့ တွေ့ရပါတယ်။

ရုပ်ရှင်၊ ဗီဒီယို၊ ကာတွန်းတွေထဲကလို နတ်ဝတ်တန်ဆာတွေ၊ ခေါင်းစွပ်အချွန်အတက်တွေနဲ့တော့ မဟုတ်ပါ။ ဘိုးဘိုးအောင်ရုပ်တုလိုလို၊ ဖိုးသူတော်လိုလို၊ သာမန်လူလိုလိုပဲ။

**အထူး သတိထားရမှာကတော့** အသီးစားရတဲ့ သစ်ပင်မှာသွားပြီး စီရင်မိရင် အသီး လုံးဝမသီးတော့ပါ။ ကျွန်တော့်တိုက်ခန်း မြောက်ဘက်ကပ်လျက် ပိန္နဲပင်ကြီးနှစ်ပင်မှ ကျွန်တော် ဒီအစီအရင် ပြုလုပ်သောအရှေ့ဘက်က အပင်မှာ အသီး မသီးတော့၊ သီးပြန်ရင်လဲ အသီးမတင်တော့ပါ။

ဒီအစီအရင်လေးနဲ့ ဆက်စပ်ပြီး မကြာသေးခင်ကမှ ဆရာ ဦးမင်းသိမ်း ပြုစုသော 'နန်းစဉ်သုံး ဂါထာမန္တန်' ကျမ်းတွင် တွေ့ရှိရသော မှုကွဲအနည်းငယ်ကို ဆက်လက်ပြီး တင်ပြလိုပါတယ်။ အဲဒီ နန်းစဉ်သုံး ဂါထာမန္တန်ကျမ်း စာမျက်နှာ (၁၃၅)မှာ ဖော်ပြထားတာမှာ...

'အာကာသဋ္ဌာ ဘုမ္မဋ္ဌာ စ
ရက္ခဋ္ဌာစ ပဟိဒ္ဓိကာ။
ဣဒ္ဓိမန္တော စ ယေ ဒေဝါ
မံ ပါလေတု ပတိဋ္ဌိတာ။

ဂါထာကို ထန်းရွက်, ပေရွက်, စက္ကူ ရရာတွင် ရေး၍ ထိုဂါထာနှင့်ပင် (၃၇)အုပ်မန်းပြီး ရက္ခစိုးရှိသော သစ်ပင်မှာ ဆွဲထား၊ ကပ်ထားပါ။ (၇)ရက်ရှိပါက ရက္ခစိုးနှင့် စကားပြောရလိမ့်မည်။ မိမိအလိုရှိရာကို တောင်းဆိုပြောကြားနိုင်သည်'

လို့ တွေ့ရှိရပါတယ်။

အားလုံး လိုအင်ဆန္ဒ ကြံသမျှ အစစအောင်မြင်၍ သက်ရှည်ကျန်းမာ၊ စိတ်ချမ်းသာ သာသနာပြုနိုင်ကြပါစေ။

**ကံကြီးမောင် (ပုလဲ)**

စာမျက်နှာ (၂၄၃)မှ အဆက်

ပကတိ ဖြစ်သွားတယ်'

'ဒေါ်လေးက ဦးလေးကို မလုပ်ဖို့ မတားခဲ့ဘူးလား'

ဒေါ်လေးက ပြုံးပြီး...

'ဟဲ့... မင်းဦးလေးနဲ့ ဒေါ်လေးမှ မရကြသေးဘဲ'

'ဪ...'

ဒေါ်လေးစကားဆုံးတော့ ညီတော်မောင် ဘာကြောင့် ငြင်းတာလဲဆိုတာ သဘောပေါက်သွားသည်။ ငြိမ်ပြီး စဉ်းစားနေသည့် စာရေးသူကို ညီတော်မောင်က...

'အစ်ကိုကြီး... ကျွန်တော် ဇရပ်တိုင် ကျင်းမတူးသင့်ဘူး မဟုတ်လား'

'ဒီလိုရှိတယ်ကွ၊ ပြုလုပ်တဲ့ အလုပ်နဲ့ စိတ်စေတနာပေါ်မူတည်ပြီးတော့ ကုသိုလ်,အကုသိုလ်ဆိုတာ ဖြစ်တာ။ ရဟန်းရှင်လူ အေးချမ်းစွာ တည်းခိုနေထိုင်ဖို့ ဇရပ်ဆောက်လုပ်ကြတယ်။ ကောင်းမြတ်တဲ့အလုပ်၊ စင်ကြယ်တဲ့ ကုသိုလ်အလုပ်ကို လုပ်ခြင်းကြောင့် အကုသိုလ်ဖြစ်လား။ အဲဒါ မင်းဖြေကြည့်စမ်း'

သူ ထင်မှတ်မထားသော စာရေးသူ စကားကြားတော့ တွေဝေသွားပြီး အတန်ကြာမှ...

'ဒါတော့ ကုသိုလ်ဖြစ်တာပေါ့။ ဘယ်လိုလုပ် အကုသိုလ်ဖြစ်ပါ့မလဲ'

'အေး... ဟုတ်ပြီ၊ အဲဒီအထဲ မင်း ဝင်လုပ်ကိုင်ရင်ကောကွာ၊ ကုသိုလ် ဖြစ်မလား၊ အကုသိုလ်ဖြစ်မလား'

'ကုသိုလ်ပဲဖြစ်မှာပေါ့ ဒါပေမယ့်...'

စာရေးသူက သူ့ စကားဆက်ပြောခွင့်မပြုဘဲ လက်ကာပြထားလိုက်ပြီး...

'ဒီလိုဆိုရင် ကုသိုလ်အလုပ်ကို လုပ်ကြတာ လုပ်တဲ့အခြားသူတွေ ကုသိုလ်ရကြပြီးတော့ မင်းတစ်ယောက်တည်းကိုမှ အကုသိုလ် ဖြစ်ရရောလားကွာ'

ဆိုတော့မှ ညီတော်မောင် ပြုံးလာကာ...

'ကျွန်တော် လုပ်ပါ့မယ် အစ်ကိုကြီး'

ဟု ပြောပါတော့သည်။

ယခု တင်ပြခဲ့သော အဖြစ်အပျက်တို့သည် လွန်ခဲ့သော အနှစ်(၄၀)ကျော်က အမှန်တကယ် ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်မှန်များကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များအား တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

(ထို မိုးကောင်းစေတီအနီးတွင် သိုက်တူးခဲ့ကြသော စာရေးသူ၏ ဘကြီးနှင့် ဦးလေးတို့မှာ ယခု လူ့ လောကတွင် မရှိကြတော့ပါ။) ***စာကြွင်း***

**အေးချမ်းအောင် (ရမည်းသင်း)**



www.burmeseclassic.com

www.burmeseclassic.com



# ဝက်ဆော်ကိုက်ခံရသည်

ကျိန်ဆိုမှု၏ ဖြစ်ရပ်ဆန်း

ဝေစည် (ရွှေဘို)

လေရကား (၉၀)ရာခိုင်နှုန်းသော ငါး ကျရောက်သူတို့သည် ဝမ်းရေးအတွက် ပါဏာတိပါတကံများ ကျူးလွန်ခဲ့ကြ၍ ယခု ဆရာတော် ရှင်ဇဝန (မေတ္တာရှင် ရွှေပြည်သာ)မှ ရေးသားတော်မူပါသည်။ ဟောတော်မူပါသည်။ ထောင် ကျကြသူများတွင် ဝမ်းရေးကြောင့်ကျ ကြသူများက ပိုများပါသည်။

သူတစ်ပါးအသက်ကို သတ်၍ စီးပွားရှာခြင်းကြောင့် နောင်တမလွန် ကို ထားပါဦး။ ယခု ပစ္စုပ္ပန်ကာလမှာ ပင် သေသောအခါ ဝက်သတ်သမား က ဝက်လိုအော်ပြီး သေရခြင်း မသေ မီ ဝက်ကဲ့သို့ တလူးလူးတလိမ့်လိမ့်

သမုဒ္ဒရာ ဝမ်းတစ်ထွာ၊ ဝမ်းသမုဒ္ဒရာ အူတစ်အင်္ဂါဟု တင်စားပြောရလောက် အောင် ဝမ်းရေးအတွက် ရှာဖွေစား သောက်ကြရာတွင် အချို့မှာ လွယ်ကူ စွာ ရှာဖွေစားသောက်နိုင်သော်လည်း များသောအားဖြင့် ဆင်းရဲပင်ပန်းစွာ ဖြင့် နဖူးကချွေး ခြေမကျအောင် ရှာဖွေ လုပ်ကိုင်စားသောက်ကြရပါသည်။

ဝမ်းရေးအတွက် မတရားတာတွေ လုပ်ကြရ၊ ပြောကြရ၊ ကြံစည်ကြရ

www.burmeseclassic.com

အော်ဟစ်နေရခြင်းများကို မျက်မြင်ကိုယ်တွေ့များ ရှိကြပါသည်။

ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကပင်လျှင် စုန္ဒဝက်ထိုးသမားသည် မသေမီကပင် ဝက်ကဲ့သို့ အော်ဟစ်နေရကြောင်း ရဟန်းများက မြတ်စွာဘုရားရှင်အား လျှောက်ထားကြောင်း ဖတ်ရဖူးပါသည်။ နွားသတ်သမားတို့မှာလည်း ထိုနည်း နှင်နှင်ပါပေ။ မသေမီ ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားနေရစဉ် နွားဝမ်းခေါင်းသံကြီးဖြင့် အော်သကဲ့သို့ အော်ဟစ်နေရကြောင်း ကြားရ သိရပါသည်။

ဘာသာရေး စာစောင်များတွင်လည်း သံဝေဂ ယူစိမ့်သောငှာ ရေးသားကြသဖြင့် ဖတ်ရပေရာ စာဖတ်သူများ သံဝေဂယူပြီး တရားသဖြင့်နေထိုင်ကြကြောင်းကိုလည်း မျက်မြင်ကိုယ်တွေ့ရော၊ စာတွေ့ပါ ရှိနေပါသည်။

အထက်အညာဒေသ ကျေးရွာကြီးတစ်ရွာမှ ကိုလှစိန်သည် လယ်ယာများရှိသည့် တောင်သူကြီး ဖြစ်ပါသည်။ 'လယ်ချောင်းနား မယားဈေးသည်'ဟူသော အဆိုရှိရာ ကိုလှစိန်၏ လယ်များသည် ချောင်းနားနီးသဖြင့် ပဲယ်စိုက်စိုက်၊ ဂျုတ်၊ ကြက်သွန်၊ ငမ်း၊ ခရမ်းချဉ်စိုက်စိုက် ရေမရှားပါ။ ဇနီး ဒေါ်လှမြိုင်က မြို့ဈေးမှ ယ်ပြီး ရွာနီးချုပ်စပ်နှင့် ရွာတွင်းကို ...လည်ပြီး လက်လီလက်ကားပေး...သော ကုန်စုံဆိုင်ကိုပိုင်သူ ဖြစ်ပါသည်။

...မ်းရေးမပူရ၊ လှူရေးတန်းရေး ...က်မနေး၊ တစ်ဦးတည်းသော သား...အား ရွှေလိုဉပြီး လိုလေသေးမရှိ ...ပေးနိုင်ကြပါသည်။ သားလေး ...တန်းအောင်လျှင် မြို့ကျောင်းဘော်ဒါ ပို့ရပေမည်။ အဖေက မခွဲချင်၊ သားကတော့ အဖေနှင့်ခွဲနေချင်သည်။ အဘယ်ကြောင့်ဆိုသော်...

ကိုလှစိန်သည် စီးပွားရေးတောင့်တင်းသော်လည်း ဓားလှံတစ်ချောင်းနှင့် ဝက်သတ်ဝါသနာကြီးလှသည်။ အဖိုးအခမယူဘဲ ဝက်သတ်ပေးလေ့ရှိသည်။ တစ်ရံတစ်ခါသာ ဝက်သွေးခဲနှင့် ဝက်ကလီစာများ ယူလေ့ရှိသည်။ ထိုပစ္စည်းများကိုလည်း ကိုလှစိန်က သူ့အိမ်မယူရဲ၊ မယူဝံ့။ ဇနီး မလှမြိုင်နှင့် သား မောင်ညွှန့်ဝင်းတို့က ခါးခါးသီးသီး ငြင်းဆိုကြသည်။

'ကိုလှစိန်ရယ် တော် စားချင်ရင် မြို့ဈေးက ဝယ်ခဲ့ပါမယ်။ ကြိုက်တာပြောပါရှင်၊ ရှင်ဒီလို ဝက်လိုက်ပြီးထိုးသတ်တော့ အကုသိုလ်အလုပ်ပို့ မလုပ်ပါနဲ့ တောင်းပန်ပါရစေ'

ဟု ပြောရှာ၏။

သားလေး မောင်ညွှန့်ဝင်းက...

'အဖေရယ် သူများတွေက ပိုက်ဆံရချင်လို့ ဝက်သတ်ပေးရတာ။ အဖေက ပိုက်ဆံလဲ မယူဘဲ အလကားသတ်ပေးနေတာ။ အလကားသတ်ပေးလဲ ငရဲတော့ ကြီးမှာပါဗျာ၊ သားဖြင့် ဝက်အော်သံကြားတိုင်း ခေါင်းကြီးကကြီးကြီးသွားသလို၊ အူထဲက နာသလိုလို ဖြစ်လာတာပဲ။ အဖေ ဝက်မသတ်ပါနဲ့တော့ဗျာနော် အဖေ'

ဟု ဆိုပြန်၏။

အင်းမလှုပ် အဲမလှုပ်သော ကိုလှစိန်ကတော့ ဘယ်နေ့ ဝက်ပေါ်မတဲ့ဟု ကြားတာနှင့် ဓားလှံကို မြည့်နေအောင်သွေးပြီး အခမဲ့သတ်ပေးလိုက်ပြန်ပါ၏။ လက်ချိန်လက်ဆ ကောင်းလွန်းသဖြင့် ဝက်အော်သံပင် ကျယ်ကျယ်လောင်လောင် မကြားရဘဲ ဝက်ကသေသွားတော့၏။

သားလေး မောင်ညွှန့်ဝင်းက ကိုလှစိန်အား ပြောမရလို့ ရှက်ရှာလေသည်။

'အမေရယ် ဘာဖြစ်လို့များ ဒီဝက်သတ်တဲ့ အဖေ့ကို ယူခဲ့တာလဲဗျာ'

ဟု အမေ့ကို မေးမြန်းလေသော် ဒေါ်လှမြိုင် ငိုပွဲဆင်ရှာရပြီ။

မိဘများက အမျိုးမျိုး တားမြစ်သည့်ကြားက ယူမိသူ၊ မယူကြမိက ကိုလှစိန် ဝက်သတ်တတ်မှန်း ကြားလည်း မကြားဖူး၊ သိလည်း မသိလေခဲ့တော့ ယောက်ျားပီပီ ထောင်ထောင်မောင်းမောင်း၊ ပိုက်ဆံရှိ မိဘတွေ၏ သားမို့ဆိုပြီး ယူမှားခဲ့မိလေပြီ။

မလှမြိုင်နှင့် ရခါစက ဝက်ကလီစာ၊ ဝက်နားရွက်၊ ဝက်မြီး၊ ဝက်ခြေထောက်၊ ဝက်သွေးခဲများ တစ်မျိုးမဟုတ်တစ်မျိုး အိမ်ယူလာပြီး ကိုယ်တိုင်ချက်ကျွေးသည်။ ဝက်နားရွက်ကို စပါယ်ရှယ်သုပ်ပေးသည်။ ဘယ်သူက ပေးလိုက်တာ၊ ဘယ်ဝါကပေးလိုက်တာဟု ပြောသဖြင့် မလှမြိုင်က ယုံကြည်ပြီး အနည်းအပါးစားပြီး များများကိုတော့ ဆွမ်းလောင်းသည်။ တစ်ရွာတည်းနေသော ယောက္ခမများဆီ ပို့ပေးသည်။

ဤတွင်မှ ယောက္ခမ အဘွားကြီးက...

'ဟဲ့ မလှမြိုင် ဒီကောင် ဝက်သတ်ပြန်ပြီထင်တယ်။ ငါ အတန်တန် ပြောတဲ့ကြားက ပြန်လုပ်ပြန်ပြီ။ နောက်လာမပို့နဲ့နော် သူ့အဖေသိရင် အိမ်တောင် လာရမှာမဟုတ်ဘူး။ ဘယ့်နှယ်တော် ငွေမယူ ကြေးမယူနဲ့ သူများဝက် အလကားသတ်နေတဲ့ကောင် အစီစီကောင်အေ့'

ယောက္ခမအိမ်မှ ပြန်လာပြီး မလှမြိုင်က သူ့ယောက်ျားကို အကျိုးအကြောင်းပြောပြပြီး ဝက်မသတ်ဖို့

www.burmeseclassic.com

တောင်းပန်သော်လည်း...

'မဟုတ်ပါဘူးဟာ၊ ဖိုကို ဝက်သေကိုက်ရပါစေရဲ့'

ဟု စပ်ဖြီးဖြီးနှင့် ကျိန်ဆိုလိုက် ရာ...

'ကိုလှစိန် တော်က နွတ်ပါကြမ်းလာပြန်ပြီ၊ တော် မကြောက်ပေမယ့် ကျုပ်ကြောက်တယ်။ မကျိန်စမ်းပါနဲ့တော်'

ဟု ပြောရာ...

'ဟဲဟဲ နင် ယုံအောင် ကျိန်တာပါဟာ ဝက်ကသေပါပြီဆိုမှ ကိုက်ပါဦးမလား။ ဟား ဟား ဟား'

ဟု ရယ်ပွဲ ဖွဲ့လိုက်ပြန်ပါသည်။

မလှမြိုင်၏မျက်ရည်၊ သားလေးမောင်ညွန့်ဝင်းတို့၏ မျက်ရည်မိုးများဖြင့် အကြိမ်ကြိမ် မျက်ရည်ခံထိုးတောင်းပန်မှုကြောင့် ကိုလှစိန် ဝက်မသတ်တော့ဟု ယူဆနေကြသည်။

သူတို့ရွာရှိ ဝက်သတ်ရောင်းသောနေရာသို့ ကိုလှစိန် လုံးဝမရောက်တော့ဟု သိကြရ၍ သားအမိနှစ်ယောက် ဝမ်းသာနေကြသည်။ အိမ်တွင် ဝက်သားကိုပင် ဝယ်၍ ချက်စားခြင်း မပြုတော့။

သို့သော် ဝါသနာကြီးလှသော ကိုလှစိန်က သူတို့ရွာနှင့် လေး,ငါးမိုင်ဝေးသော ရွာသို့ အလှူလိုက်သွားလေရာ တောရွာသုံး ဝက်များကို ခြံဖြင့်လှောင်ထားပြီး လိုလျှင်လိုသလို သတ်ရခြင်း ဖြစ်ပါသည်။ အလှူလာပရိသတ်နှင့် ချက်ပြုတ်ပြီးဟင်း (ဝက်သားဒယ်ကြီးချက်)တို့က လောက်မည့်ပုံမပေါ်၊ ကျွေးရင်း ခါးပြတ်သွားနိုင်သည်။ ပရိသတ်ကို ဆိုင်းဖြင့် ညှိခံထားပြီး ဝက်ပေါ်ရန်ဖြစ်ရာ အသံတိတ်ဝက်သတ်တတ်သော ကိုလှစိန်အားအကူအညီတောင်းကြတော့သည်။

အစတော့ ကိုလှစိန်က ငြင်းဖို့



စိတ်ကူးမိပါသေးသည်။ သူ့မိန်းမအားနောက်များ ငါ ဝက်သတ်လျှင် ဝက်သေကိုက်ခံရပါစေဟု ကျိန်ခဲ့တာကိုလည်း သတိရမိနေပေသည်။ သို့သော်ဟင်းချက် ဖိုသူကြီးက...

'လုပ်ကွာ လှစိန်၊ ငါတို့က ချက်ရဦးမှာ'

ဟု လောဆော်ပြန်သဖြင့် အလှူအိမ် စပါးကျီဘေးမှ မှိန်းတစ်ချောင်းကောက်ဆွဲပြီး ဝက်ခြံတဲမှ သူတို့ လက်ညှိုးထိုးပြသော ဝက်သုံးကောင်ကိုတစ်ကောင်ပြီးတစ်ကောင် မှိန်းနှင့် ထိုးသတ်လိုက်တော့သည်။

နောက်ဆုံး ထိုးသတ်ရမည့် ဝက်မကြီးက မှိန်းကိုင်လာသော ကိုလှစိန်ကို စူးရှသော မျက်လုံးစိမ်းကြီးများနှင့်ကြည့်လိုက်သဖြင့် 'အောင်မာ နင်ကလား'ဟု ရေရွတ်ပြီး မှိန်းဖြင့် ထိုးခဲ့ရသည်။

ဝက်သေများကို ဖျာများပေါ်တွင်တင်ပြီး သင်တုန်းဓားများဖြင့် အမွှေးရိတ်ကြ၊ ဝမ်းခွဲကြ၊ ခုတ်ကြထစ်ကြလုပ်နေစဉ် ကိုလှစိန်က ထိုင်ငေးပြီးကြည့်နေမိသည်။ ပထမဆုံး နှစ်ကောင်ကို ခုတ်ကြ၊ အလေးချိန်မှတ်ကြဖြင့်လုပ်နေစဉ် နောက်ဆုံးအကောင်ကိုအမွှေးခြစ်ပြီး ရေဆွေးလောင်းချကြစဉ်ဖြူဖြူဖွေးဖွေး ဝက်သေမကြီးက ထရပ်ပြီး ပြေးတည့်ကာ ကိုလှစိန်၏ ကျောပေါ်တက်ပြီး ကုပ်ပိုးကို ကိုက်လိုက်ပါတော့သည်။

ကိုလှစိန် မြေပြင်သို့ ခေါင်းငိုက်စိုက်ကျသွားပါသည်။ အလွန်လျင်မြန်လှသော အိုးသူကြီးနှင့် ဝက်ဖျက်သမားများက ကိုလှစိန်အပေါ်မှ ဝက်မကြီးကို လုံနှင့်ထိုးကော်ချလိုက်ရာ ဝက်မကြီး ဖြုန်းခနဲ ကျလာပါတော့သည်။

ဝက်မက သေနေပါပြီ။ ဘယ်လိုကဘယ်လိုဖြစ်ပြီး တစ်ကိုယ်လုံး အမွှေးရိတ်ပြီး ရေနွေးလောင်းပြီးကာမှ ထပြေးပြီး ကိုလှစိန်ကို ကိုက်လိုက်ပါလိမ့်။ ဝက်မ၏ နှလုံးရော ကျောက်ကပ်ပါကိုလှစိန် ထိုးလိုက်သော မှိန်းကတိုက်ရိုက်ထိပြီးသား။ ဘယ်လိုဖြစ်ပါလိမ့်။ အလှူပွဲ ပျက်မှာစိုးသဖြင့် အုတ်အော်သောင်းတင်း မဖြစ်ရလေအောင်ကိုလှစိန်ကို လှည်းပေါ်တင်ပြီး တိုက်နယ်ဆေးရုံသို့ ပို့ကြရသည်။

ဝက်ကိုက်သောဒဏ်ရာမှ သွေးများက မြင်မကောင်းအောင် ထွက်နေသည်။ ပုဆိုးတစ်ထည်ဖြင့် စည်းထားသည့်ကြားက ထွက်လိုက်သည့် သွေးများ။

တိုက်နယ်ဆေးရုံရောက်၍ လူနာစာရင်းပေးနေစဉ်မှာပင် လှည်းပေါ်ကကိုလှစိန်က အင့်ခနဲ ညည်းလိုက်ပြီးအသက်ပါ ပါသွားတော့၏။

ကိုလှစိန်၏ ဇနီးနှင့်သားက စိတ်အဆင်းရဲဆုံးပင်။ သူတို့သားအမိ ယုံကြည်အောင် 'ဝက်သေကိုက်ရစေရဲ့'ဟု ကျိန်လို့ ဝက်သေကိုက်ခံရပြီး သေရလေခြင်းဟု ဖြေမဆည်နိုင်ကြ၊ သြော်ဝက်သေက ကိုက်ရတယ်လို့...။

**(ဖြစ်ရပ်မှန် ဖြစ်ပါသည်။)**

ဝေစည် (ရွှေဘို)



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တွေ့ဖူးသော ပုဂ္ဂိုလ်ထူး

ဆောင်း (သိဒ္ဓိရာဇာ)
နဝင်းမြို့တော်

# ဘိုးလောကေ

လူ့လောက လူ့ပတ်ဝန်းကျင်တွင် ထူးဆန်းထွေလာ အံ့သြစရာများစွာတို့ ရှိနေကြပါသည်။ လူတွေအကြောင်း၊ ပုဂ္ဂိုလ်အကြောင်းနှင့် အကြောင်းကိစ္စများစွာကို စိတ်ဝင်စားသူများ ရှိသလို ကိုယ်နှင့် မဆိုင်သလို နေတတ်ကြသူများဖြင့် ရောပြွမ်းနေသော လူ့အဖွဲ့အစည်းကြီး ဖြစ်လေသည်။ ကျွန်ုပ် ယခုတင်ပြမည့် အကြောင်းသည် ပုဂ္ဂိုလ်တစ်ယောက်၏ အကြောင်းကို တင်ပြမည် ဖြစ်ပါသည်။

လွန်ခဲ့သော **နှစ်နှပါင်း(၅၀)ကျော်လောက်**က ကျွန်ုပ်တို့မြို့တွင် အထင်ကရ နာမည်ရသော ပုဂ္ဂိုလ်ထူးတစ်ယောက် ပေါ်ပေါက်ခဲ့ပါသည်။ ယုံကြည် ကိုးကွယ်ကြသူများလည်း ရှိပါသည်။

ယခုခေတ် ဂိုဏ်းအဖွဲ့များ သုံးနှုန်းသည့် ပုဂ္ဂိုလ်ဆက်၊ ပဋ္ဌာန်းဆက်ရှိသူများ ဖြစ်မည်ထင်ပါသည်။ ထိုပုဂ္ဂိုလ်သည် ဦးလောကေ (သို့မဟုတ်) ဘိုးလောကေဟု အမည်ရပါသည်။ အချို့ကတော့ "**ဘလော**"ဟုပင် ခေါ်ကြပါသေးသည်။

## ဘိုးလောကေနှင့် ဖြစ်ရပ်ဆန်းများ

ဘိုးလောကေကို ယုံကြည်ကြသူများက လောကီကိစ္စ ပြီးမြောက်ပြီး ပေါက်မြောက် အောင်မြင်သွားသော ကျင့်စဉ်စခန်း ပြီးမြောက်သွားသည့် ပုဂ္ဂိုလ်ဟု အကြွင်းမဲ့ ယုံကြည်ကြပါသည်။

## ဈေးသူဈေးသားများနှင့် ဘိုးလောကေ

ဘိုးလောကေသည် လွန်ခဲ့သော နှစ်ပေါင်း(၅၀)ကျော် အခါကာလက ယခုမြို့မဈေးကြီး၏ အရှေ့မြောက်ထောင့် အပြင်ဘက် ဈေးပတ်လမ်းပေါ်တွင် ဖိုခုံလောက်ခဲ (၃)လုံး တည်ထားပြီး မြေဟင်းအိုးတစ်လုံးကို တည်ထားရှိပြီး အောက်က မီးမပြတ် ထိုးထားလေ၏။

ထိုအိုးထဲကို ခရမ်းသီး၊ ဘူးသီး၊ ငရုတ်သီး စသည့် သစ်သီးရော ဝလံပါ အစုံထည့်၏။ နောက် အသားသည်၊ ငါးသည်များထံမှ ယူလာခဲ့သော အသားစုံ၊ ငါးစုံလည်း ထည့်၏။ ဟင်းရွက်စုံလည်း ပါလေသည်။

ဆီ၊ ဆား၊ ငါးပိ၊ ငရုတ် စသည်တို့ကိုလည်း ထင်တိုင်း ထည့်ထားသော ဟင်းအိုးကြီး အမြဲလောက် ရှိနေတတ်ပါသည်။ ထိုစဉ်အခါက အနီးအနားမှာ





www.burmeseclassic.com

www.burmeseclassic.com

ရှိသော **''ရွှေမန်းပင်မင်း''**ဆိုင်တွင် စတည်းချတာ များပါသည်။

ဈေးထဲသို့ ဘိုးလောကေ ဝင်ပြီး သွားပြီဆိုလျှင် ဟင်းရွက်သည်များ ဖြစ်သော ကုန်စိမ်းသည်များ၊ ကုန်ခြောက်သည်များ၊ သားငါးရောင်းသော ဈေးသည်များက ပျော်ရွှင်မြူးထူးနေကြလေတော့၏။

ဘိုးလောကေက မည်သည့်ဆိုင်ကိုမဆို သူထင်တိုင်း နှိုက်ယူတတ်၏။ (သို့မဟုတ်) ကုန်ပစ္စည်းများကို ဆွဲယမ်းပြီး လွှင့်ပစ်ခြင်း၊ မှောက်သွန်ပစ်ခြင်းတို့ လုပ်တတ်၏။

ထိုသို့ အလုပ်ခံရမည်ကိုပင် ဈေးသည်များက ကြိုဆို မျှော်လင့်နေကြလေသည်။ ဘာကြောင့် မျှော်လင့်ရသလဲဆိုတော့ ဘိုးလောကေက ပစ္စည်းအချို့ နှိုက်ယူခြင်း၊ မှောက်သွန်ပစ်ခြင်းစသည်တို့ ပြုလုပ်မှုခံရသော ဈေးဆိုင်များတွင် ထိုနေ့မှာ ဆိုင်ပေါ်တင်ထားသည့် ကုန်ပစ္စည်းများကို အကျွတ်လာရောက် ဝယ်ယူခြင်းခံရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြခြင်း ဖြစ်လေ၏။

နေ့စဉ်နေ့တိုင်းလား ဆိုလျှင်တော့ နေ့တိုင်းမဟုတ်၊ ကုန်ပစ္စည်းများ သွန်မှောက်ခြင်း၊ နှိုက်ယူခြင်း ခံရလျှင် အတော်အတန် ရောင်းကောင်းလေ၏။ သူများထက် အဆများစွာ ပိုမိုရောင်းချကြရလေသည်။ လွှင့်ပစ်ခြင်းနှင့် ကုန်ပစ္စည်းများကို ရိုက်ချိုးခြင်း၊ ခွဲစိတ်ပစ်ခြင်း ခံရပါက ဆိုင်ကျွတ်အဝယ်ရောက်လာမြဲဟု ဆိုကြပါသည်။

တစ်ခါက ကိုယ်တွေ့ကြုံရပုံ

ကျွန်ုပ်သည် ညနေ(၅)နာရီလောက်တွင် ဈေးဆိုင်တန်း အပြင်ဘက်တန်း



မှ ဈေးဝယ်ပြီးအပြန်တွင် သံဖြူတန်းဟု အမည်တွင်သော လမ်းအရှေ့ထိပ်နားတွင် ချက်ပလက်(၃)တန်ကားခေါင်းတိုတစ်စင်းမှာ စက်နှိုးမရဘဲ ယာဉ်မောင်းမှာ အတော် အခက်တွေ့နေလေတော့၏။

ကျွန်ုပ် ကားအနီး ရောက်စဉ်တွင် ဘိုးလောကေမှာ ဘယ်က ရောက်လာလိုက်မှန်း မသိပါ။ ထိုယာဉ်မောင်းကို ဆူပူ ကြိမ်းမောင်းပြီး ဆဲဆိုလေတော့သည်။ နောက်…

'ယော့ကောင် မင်းက အိုင်ဘာဖြစ်ပြီး နတ်မှ မတင်ဘဲကိုးကွ။ ကိုယ့်ဟာကိုယ် သောက်ဖို့ကျတော့ ဖင်ထိုင်ခုံအောက်က သေတ္တာထဲမှာ ထည့်သိမ်းထားတယ်။ အခု အဲဒီပုလင်း ထုတ်ခဲ့ ငါ့ကိုပေး'

ဟု ပြောလေတော့၏။

ယာဉ်မောင်းမှာလည်း ကြောင်တောင်တောင်ဖြစ်နေရာ ဘိုးလောကေမှ ထပ်မံပြီး မာန်မဲ ဆဲဆိုနေလေသည်။ ထိုအခါကျမှ ဒရိုင်ဘာမှ ဘိုးလောကေပြောသည့်အတိုင်း အရက်ပုလင်းတစ်လုံးကို ယူပေးလိုက်လေသည်။ ထိုအရက်ပုလင်းကို အဖုံး အဆို့ဖွင့်ပြီး တစ်ခါတည်း မော့သောက်လိုက်၏။

အရက် ကုန်သွားသောအခါတွင် ပုလင်းကို လွှင့်ပစ်လိုက်ပြီး ဒရိုင်ဘာကို ကားပေါ်တက်စေပြီး မောင်းရန် အသင့်နေစေ၏။ ဘိုးလောကေမှ စက်ခေါင်းကို လက်ဝါးဖြင့် (၃)ချက်ပုတ်ပြီး ကားစက်နှိုးစေ၏။ ကားမှာ ယခင်က နှိုးမရသော ကားစက်မှာ ချက်ချင်းနိုးလာပြီး မောင်းနှင်သွားနိုင်ပါတော့သည်။

အပြောင်အပျက်ပြော၍
ခံရသည့်အဖြစ်

တစ်ခါက…

တောင်သူ တစ်ယောက်သည် ပြောင်းရိုးများကို တင်လာခဲ့ပြီး အိမ်ကို မောင်းနှင်လာခဲ့ရာတွင် လမ်း၌ ဘိုးလောကေနှင့် တွေ့လေ၏။ ဘိုးလောကေက မေးသည်၊ မထီလေးစားဖြင့် ပြောင်လှောင် ပြောဆိုလိုက်လေသည်။ ထိုအခါ ဘိုးလောကေက…

'အေး အေး မင်း အခု နွားတစ်ရှဉ်းက သန်မာထွားကျိုင်းတဲ့ နွားရှဉ်းတွေပေါ့။ မကြာခင်မှာ ဆိတ်လောက်ရှိတဲ့ နွားရှဉ်းကိုသာ ရှိတော့မှာ'

ဟု ပြောလိုက်ခြင်းကို ခံခဲ့ရလေသည်။

ထိုတောင်သူသည် (၆)လပင် မကြာလိုက်ပါ။ စီးပွားရေး အဆင်မပြေသဖြင့် လွန်စွာ ချောလှနေသော နွားရှဉ်းမှ လွန်စွာ သေးငယ်သော နွားပုကလေးများ တစ်ရှဉ်းနှင့် အလဲအလှယ်လုပ်ပြီး ရပ်တည်ရသည့် အဖြစ်ကို ကြုံရလေတော့သည်။ ထို



www.burmeseclassic.com

www.burmeseclassic.com

တောင်သူမှာ လွန်စွာ နောင်တရပြီး စိတ်မကောင်း ဖြစ်ရလေတော့၏။

ကျွန်ုပ် သိမြင်ခဲ့ရသော အကြောင်း ဖြစ်ရပ်မှန်ပါ။ ကာယကံရှင် တောင်သူ၏ အတိတ်ကံကြွေးလား (သို့မဟုတ်) ပုဂ္ဂိုလ်ကို ကျူးကျော် စော်ကား၍ ဖြစ်တာလားဆိုတာ အတပ်မပြော နိုင်သော်လည်း ထိုတောင်သူမှာ မူလ ရှိနေသော လူမှုဘဝ၊ စီးပွားရေးဘဝ တို့မှာ လုံးပါးပါးပြီး သွားကာ အနေ မလှ၊ အသေမလှ ဖြစ်သွားရလေ သည်။ တိုက်ဆိုင်မှုဆိုလျှင်လည်း ဘိုက်ပဲ တိုက်ဆိုင်လွန်းပါသည်။

## ဘိုးလောကေကို သတ်ပြီး ရေထဲ မျှောလိုက်ပြီ

ဘိုးလောကေကို ယုံကြည်သူများ နှင့် မယုံကြည်ကြသူတို့မှာ အကြီး အကျယ် ပြဿနာတက်ကြတော့ သည်။ သို့နှင့် မယုံကြည်ကြသူများမှ ကဲလွန်းသည်ဆိုပြီး ရောဝတီမြစ် အရှေ့ဘက်ကမ်းမှ အနောက်ဘက် ကမ်းရှိ တပည့်များရှိရာ ရွာသို့ လှေ ဖြင့် ကူးအသွားတွင် နောက်မှလိုက်ပြီး လှေချင်းကပ်ပြီးနောက် ဓားဖြင့် ခုတ် သတ်ကြလေတော့သည်။

ဓားဖြင့် (၃)ယောက်လောက်က ဝိုင်းခုတ်သတ်ပြီးမှ ရေထဲသို့ ပစ်ချ လိုက်လေတော့သည်။ ဒီတစ်ခါတော့ ကိစ္စပြီးရှင်းလိုက်ခြင်း ဖြစ်သည်ဟု အထစ်ချ ယုံနေကြလေတော့သည်။

ဘိုးလောကေကို ဓားနှင့် ခုတ်သတ် ပြီး ရေထဲ မျှောချလိုက်ပြီတဲ့ ဆိုသော သတင်းစကားမှာ ဝန်းကျင်တစ်ခွင်လုံး အောမီးပမာ ချက်ချင်း ပျံ့သွားလေ တော့သည်။

သို့ သတင်းပျံ့သွားချိန်မှာပင် ရေ ထဲ မျှောလိုက်ပြီဆိုတဲ့ နေရာနှင့်



(၉)မိုင်၊ (၁၀)မိုင်အဝေးလောက် ရှိ သော ကျွန်ုပ်တို့ နေထိုင်ရာမြို့ပေါ်တွင် ထုံးစံအတိုင်း. ဘလောတစ်ယောက် ဈေးထဲမှာ ပွဲကြမ်းလို့ ကောင်းနေပါ တော့သည်။ ဘိုးလောကေ ယုံကြည် ကြသူများကတော့ ''အဘက မသေ မပျောက် ဝိဇ္ဇာလေးယောက်ထဲမှာ အဘပါတယ်''ဟု ဝင့်ကြွားစွာ ပြော ကြလေတော့သည်။

## သမီးအလှူကို ကြွလာခဲ့ပါဆိုတဲ့ ဘလောကို ယုံကြည်သူ

ကျွန်ုပ်တို့မြို့နှင့် (၇)မိုင်လောက် အဝေးမှာရှိသော ကျွန်းရွာတစ်ရွာတွင် ဘိုးလောကေကို လွန်စွာ ယုံကြည် အားကိုးစွာဖြင့် ကိုးကွယ်ဆည်းကပ် သော အမျိုးသမီးတစ်ယောက် ရှိလေ သည်။

ထိုအမျိုးသမီးတွင် ရှင်ပြုရန် အတွက် သားအလှူလုပ်ရန် ရက်ရွေး ပြီး မဏ္ဍပ်ဆောက်ထားပြီး ဖြစ်လေ သည်။ ထိုအမျိုးသမီးကတော့ ဘလော ကို အလှူမီ ကြွလာပါရန် ပင့်ဖိတ် နေလေသည်။

အလှူ့ဒါယကာကတော့ သူ့ဇနီး ကို ''မင်း ပင့်နေလဲ အချိန်မီမှာ မဟုတ်ပါဘူးကွာ၊ နောက်နေ့မှာဆို ရင် အလှူဝင်တော့မှာ''ဟု ပြောလေ သည်။ အမျိုးသမီးကဝေ ယုံကြည် ချက်ကို မဖျက်၊ မလျှော့ဘဲ အဘ လာမှာဟု ပြောမြဲဖြစ်လေသည်။

ဘိုးလောကေ၏ တပည့်မမှာ အလှူမီ ဘလော ရောက်လာစေချင် နေသည်။ နောက်တစ်ခုက အလှူ ရက် ကပ်နေချိန်မှာ မိုးကလည်း အခုပင် ပြိုကြတော့မလို ညိုမည်းပြီး နေ၏။ အချိန်မရွေး ရွာနိုင်လေ၏။ အချိန်နီးလာလေ ရင်ခုန်ရလေ ဖြစ် တော့သည်။ ထိုနေ့ ညနေကဆိုလျှင် တောင်လေကလည်း တဖြူးဖြူးနှင့် မိုးမှောင်ကလည်း ကျနေသေးသည်။

'အဘ ရောက်လာပြီဟေ့'

ဟု အော်သံနှင့်အတူ ဘိုးလောကေ နောက်က လူလတ်ပိုင်း ယောကျ်ား (၂)ယောက်လည်း လှေလှော်သော လှော်တက်ကြီးများကို ထမ်းပြီး အလှူ အိမ်ထဲ ဝင်ရောက်လာလေတော့ သည်။

အလှူမဏ္ဍပ်ထဲမှာ ရှိသည့် ယောကျ်ားတွေက တက်ထမ်းလာ ကြသည့် အမျိုးသား(၂)ယောက်ကို မေးစမ်းကြည့်တော့ ရွာအရှေ့ဘက် မှာ လှေထားခဲ့ပြီး လာခဲ့တာဟု ပြော တော့သည်။ ရွာအရှေ့ဘက်တွင် ရေ လုံးဝမရှိ၊ ရိုးစွတ်ပင် ရှိသည် မဟုတ်ပါ။ ကိုင်းတောကြီးသာ ရှိနေ၍ ထူးဆန်းနေရလေတော့သည်။

လက်တွေ့သိချင်သူ လူတစ်စုက ရွာအရှေ့ဘက် လှေထားခဲ့သည် ဆိုသည့် နေရာကို သွားကြည့်ကြရာ အမှန်တကယ် လှေတစ်စင်းကို တွေ့ ရပါသည်။ ရေဆိုတာ လုံးဝမရှိပါ။ ကိုင်းတောကြီးသာ ဖြစ်ပါသည်။

ငြင်းမရအောင်အဖြစ်က ရှိနေပြန်



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ကိုင်းတောကြီးမှာ လှေသွားထား၍ စွတ်ကြောင်းကြီး ဖြစ်နေလေသည်။ လှေသမားနှစ်ယောက် ပြောသည်က လေကတိုက်၊ လှိုင်းကကြီးနှင့် အတော်ကို အားစိုက်လှော်ရတယ်ဟု ပြောသည်မှာ အမှန်ကိုပြောကြောင်း လက်ခံကြရတော့သည်။

အလှူ့ဒါယကာနှင့် အလှူ့အမတို့က တောင်းပန်၍ ဘိုးလောကေက...

'နင်တို့အလှူ မပျက်ပါဘူး။ ရေစက်ချပြီးအောင်တော့ မရှာပါဘူး။ ဒီနောက်တော့ ငါမသိဘူး'

ဟု ပြောထားသည့်အတိုင်း အလှူရေစက်ချပြီးသည်နှင့် သွန်ချလိုက်သလို မိုးကြီး သည်းထန်စွာ ရွာလေတော့သည်။

### အများကပြောတဲ့ ဘိုးလောကေ

ကျွန်ုပ်တို့မြို့နှင့် ကုန်စည် ကူးသန်းသွားလာနေသော မြို့တစ်မြို့တွင် မိသားစုတစ်စု ရှိ၏။ မိသားစု (၅) ယောက်မှာ ကလေး(၃)ယောက်နှင့် အစားကျပ်၊ အနေကျပ်၏။ ယောက်ျားက အလုပ်မည်မည်ရရ မရှိ။ မယားကတော့ သူလုပ်တတ်သည့် အသုပ်အနယ်တို့ကို ဖြစ်သလို ရောင်းရ၏။ အားကိုးတာက ဘလောပါ။

တစ်နေ့ နံနက်ခင်း ထိုအမျိုးသမီး ဆိုင်ခင်းပြီး အသုပ်တစ်ပွဲကို ဦးစွာပြင်၍ ဘလောကို အာရုံပြုလိုက်သည်။ ကွမ်းတစ်ယာညက်ခန့် အကြာမှာ ထိုဆိုင်ကလေးကို ဘိုးလောကေ ရောက်လာလေတော့သည်။

ဘာမပြော ညာမပြောနှင့် ခနော်ခနဲ့ စားပွဲခုံနှင့် ပန်းကန်ခွက်ယောက်များ အသုပ်ရောင်းရန် ပစ္စည်းအားလုံး သွန်မှောက်ပစ်ခြင်း၊ စားပွဲ့ကုလားထိုင်နှင့် ပန်းကန်များကို ရိုက်ခွဲ ချိုးဖဲ့



ပစ်လိုက်လေတော့သည်။ အမျိုးသမီးက မဟန့်မတား ထိုင်ပြီး အပြုံးမပျက် ကြည့်နေလေသည်။

ဘလော ထိုနေရာမှာ မရှိတော့၊ ထိုစဉ်က ''လင့်ရှိဗာ''အမျိုးအစား ကားတစ်စီး ရောက်လာ၏။ အမျိုးသမီးက ပစ္စည်းများ အပျက်အစီးတွေကို သုတ်သင်ရှင်းလင်းနေချိန် ဖြစ်သည်။ ကားပေါ်မှ ဆင်းလာသူ အသက်(၆၀)ကျော်အရွယ် လူကြီးက...

'မင်း အခုလို မဖြစ်စလောက် အသုပ်အနယ် မရောင်းနဲ့၊ ဆိုင်ကြီးကနားကြီးနဲ့ ထမင်းဆိုင်ထွက်တော့'

ဟု ဆိုပြီး ထိုခေတ်က (၁၀)ကျပ်တန် အသစ်ထုပ်တစ်ထုပ် ပေးသွားလေ၏။

(၁၀)ကျပ်တန် တစ်ထုပ်ဆိုတော့ တစ်ထောင်ပေါ့။ ထိုခေတ်အခါက ရွှေဈေးမှာ တစ်ကျပ်သား (၁၄၀)ကျပ်လောက် ပေးရသောခေတ်ဖြစ်၍ ငွေတစ်ထောင်၏ တန်ဖိုးကို မှန်းဆနိုင်လောက်ပါသည်။

ယခုတိုင် ကြီးကျယ်ခမ်းနားသော ဆိုင်ကြီးဖြစ်ကြောင်း ပြောကြပါသည်။ အံ့သြစရာတွေပါ။ နောက်တစ်ခုတော့

စာဖတ်သူတွေကို ကျွန်ုပ် ရေးသား တင်ပြပါဦးမည်။ လွန်ခဲ့သော နှစ် (၄၀)လောက်က ဖြစ်ပါသည်။ ကျွန်ုပ် သည် မိတ်ဆွေ ပွဲစားတစ်ယောက် အိမ်သို့ အလည်ရောက်နေချိန် ဖြစ် လေသည်။

ဆန်များ အခက်အခဲရှိနေ မော်တော်များဖြင့် အမြင်သန်သော ကုန်သည်များ မော်တော် စင်းလုံး ပြီး ကျွန်ုပ်တို့မြို့ကို ပြည်နှင့် အောက် ပုသိမ်၊ မြောင်းမြ၊ ဟင်္သာတတို့မှ သယ်ယူလာကြချိန် ဖြစ်သည်။

ကျွန်ုပ်၏မိတ်ဆွေ ပွဲစားအိမ်က ဆန်ကုန်သည်တစ်ယောက် ကျွန်ုပ် ရောက်နေစဉ် ဝင်လာလေ၏။ ပွဲစား နှင့် အလုပ်အကြောင်း ပြောကြပြီး သည်နှင့် ထွေရာလေးပါး စကားပြော ကြချိန်တွင် အမှတ်မထင် ဘလော အကြောင်းကို ထိုဆန်ကုန်သည် မေးလေတော့သည်။

'ဘိုးလောကေဆိုတာ ရှိသလား အတော် ထူးဆန်းတဲ့သူပဲ။ ကျွန်တော် မော်တော်ကို အခုချက်ချင်း ကမ်းက ခွာပြီး ညတွင်းချင်း ဆန်တော့ ဆဲဆိုပြီး ခိုင်းလိုက်တာနဲ့ ထွက်ခဲ့ တယ်'

ဟု စပြီး ပြောလေတော့သည်။

'ကျွန်တော်တို့ မော်တော်မှာ ဆန် ကလဲ တန်(၃၀)လောက် ပါတယ် မြို့ဆိပ်ကမ်းကို မကပ်ဘဲ အထက်နား အစွန်အဖျားမှာ ကပ်ကြတဲ့ မော်တော် တွေ ရှိတဲ့နေရာမှာ ကျွန်တော်တို့ မော်တော်လဲ အဖော် မော်တော်များ ရှိတဲ့ နေရာကို သွားဆိုက်ရတာပေါ့ ဗျာ။

ညနေ (၅)နာရီခွဲလောက် ရှပ်ပြာ အရပ်ပုပုနဲ့ ခေါင်းတုံးဆံပင်နဲ့ အထက် အောက် အညိုဝတ်နဲ့ လူတစ်ယောက်

www.burmeseclassic.com

က မော်တော်ပိုင်နဲ့ ကုန်သည်ကို မေးပြီး မော်တော်ပေါ် တက်လာ တယ်ဗျ။

ကျွန်တော်ကတော့ အလှူခံမယ် ထင်တယ်ပေါ့။ ဒါနဲ့ ကျွန်တော်နဲ့ တွေ့တော့ မင်းတို့မော်တော် အခု စက်နိုးပြီး ဆန်တော့၊ တစ်ညလုံး ဆန်တက်၊ လင်းတဲ့အခါကျမှ ရောက်တဲ့နေရာမှာ နားကြ၊ အခုထွက်'

ပြောလေတော့...

'ကျွန်တော်က ဘာဖြစ်လို့လဲ၊ အများလဲ နားနေကြတာပဲလို့ ပြောလိုက်ရော ဆဲတော့တာပါပဲဗျာ။

''မင်းတို့ပထွေးတွေက အဖမ်းလာနေပြီ။ မင်း အရင်းပြုတ်ချင်သလား''ဆိုပြီး မာန်မဲ ဝေါက်ငမ်းပြီးတော့လဲ ပြောသလို ဆဲလဲ ဆဲသေးတာဗျ။

'မင်းတို့ ပခုက္ကူကို သွားမှာမို့ ငါ သနားလို့ လာပြောတာ။ ပခုက္ကူရောက်ရင် ဘလော နဲ့ တွေ့ခဲ့တယ်။ ဘလောကြောင့် အန္တရာယ် လွတ်လာတာလို့ ပြော'

ပြောပြောဆိုဆိုနှင့် မော်တော်ပေါ်က ဆင်းသွားတယ်။

ဒါနဲ့ ကျွန်တော်လဲ အဆန်းတော့ အဆန်းပဲ။ မော်တော်ဆလင်ကို လှေ့လာတော့ ဒီလမ်းကို ကျွမ်းတဲ့ အကြောင်း ပြောတာနဲ့ ချက်ချင်း ဆန်တက်ခဲ့ပါတယ်'

ဟု ပြောပြပါသည်။

ထိုသို့ ဘိုးလောကေအကြောင်း ပြောသည့်အချိန်မှာ ကျွန်ုပ်တို့မြို့မှ ဘိုးလောကေ ပျောက်သွားပြီး သေသည်၊ ရှင်သည်ကို မသိရ၊ မကြားရတော့ပါ။ ဘိုးလောကေ၏ တပည့်များကတော့ ထွက်သွားတာဖြစ်ကြောင်း ပြောကြပါသည်။

ကျေးရွာတစ်ရွာတွင် ဘိုးလောကေ၏ ရုပ်အလောင်းကို ဂူသွင်း သဂြိုဟ်ထားရာတွင် စကားများကြ၍ နေရာ ရွှေ့ပြောင်းရန် ရုပ်အလောင်း သွင်းထားခဲ့သော ဂူကို ဖျက်ပြီး နေရာရွှေ့ရန် ပြင်ဆင်ရာတွင် ရုပ်အလောင်းမှာ ပျောက်ချင်းမလှ ပျောက်နေကြောင်းကိုသာ တွေ့ကြုံကြရကြောင်း ပြောကြပါတော့သည်။

ကျွန်ုပ်၏ ယခုတင်ပြချက်များသည် ကိုယ်တိုင် သိခဲ့မြင်ခဲ့သော အကြောင်းများနှင့် ခိုင်လုံသော အကြောင်းပြချက်များဖြင့် ဘလော၏ တပည့်သာဝကများ၏ အပြောကို စာဖတ်သူများအတွက် သုတရစေရန် ရည်ရွယ်ချက်ဖြင့် ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်၏ အယူအဆမှာ ဝိဇ္ဇာရေ ဂမ္ဘီရပညာသည် သာမန် ဖြစ်ရိုးဖြစ်စဉ်တို့၏ နယ်လွန်ကိစ္စဖြစ်၍ ထူးခြားဆန်းပြားမှုများစွာ ရှိနေခြင်းဟုသာ ဆိုချင်ပါတော့သည်။

***ကောင်းမှုကိစ္စမှန်သမျှ လိုလားတောင့်တတိုင်း ရရှိ ပြည့်စုံကြပါစေ။***

**အောင် (သိဒ္ဓိရာဇာ)**
**နဝင်းမြို့တော်**

# ဆီးရောဂါ

**သက်သာပျောက်ကင်းသည့် ဆေးတစ်နည်း**

'ပိုျလေးတို့အိမ်ဦး၊ ဆပ်သွားဖူးက တစ်ရုံ နှစ်ရုံ၊ ကျေးတွေကအုံ၊ မအုံပါနဲ့ ကိုရွှေကျေးရယ်၊ ပိုျတို့မောင် ရှင်လိင်ပြန်တော့၊ နားပန်ဖို့လေး'

ဆိုတဲ့ ကဗျာလေးကို စာရေးသူတို့ အိမ်နားက ကျောင်းသားလေး တစ်ယောက် သီဆိုသံ ကြားလိုက်ရတော့ ဆေးဆရာကြီး (ဦးစိန်ခို)ရဲ့ ဆီးရောဂါ ပျောက်ကင်းစေတဲ့ ဆေးနည်းကို သွားရောက် သတိရမိတယ်။

သူ့ရဲ့ဆေးနည်းက ဆပ်သွားဖူးပန်းကို နေလှန်းပြီး ညက်နေအောင်ထောင်းပါ။ အမှုန့်ဖြစ်သွားရင် ပျားရည်စစ်စစ်နဲ့မန်ကျည်းစေ့ခန့် အလုံးလေးတွေလုံးပါ။ အဲဒီအလုံး (၃)လုံးကို (၁)ရက်မှာ မနက်တစ်လုံး၊ နေ့လယ် တစ်လုံး၊ ညတစ်လုံး (၃)ရက် ဆက်တိုက် သောက်မယ်ဆိုရင် အမျိုးသားတွေ ဆီးကျောက်တည်တာ၊ **ဆီးအောင့်တာ၊ ဆီးကျဉ်တာ၊ ဆီး တစ်စက်တစ်စက်သွားတာ၊ ဆီးပူတာ** စတဲ့ ဆီးရောဂါနဲ့ ပတ်သက်တဲ့ ရောဂါတွေ သက်သာပျောက်ကင်းကြောင်း သိရပါတယ်။

ဒါကြောင့်မို့ ဆီးရောဂါ ပျောက်ကင်းစေရန် ရည်ညွှန်းပြီး လစဉ်လတိုင်း ဆေးဝါးဒါနပြုလုပ်နေတဲ့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း



ကတစ်ဆင့် ကုသိုလ်ယူလိုက်ပါတယ်။

**လွမ်းသစ္စာ (ကေတု)**

www.burmeseclassic.com



စကြဲတောင် သူတော်
(စဥ့်ကူးမြို့နယ်)

# ပရလောကသားတွေရဲ့

## ကူညီမစခြင်း ခံရသူ

စာရေးသူနေသည့် စကြဲတောင်၏ အနောက်ဘက်ကို လှမ်းမျှော်ကြည့်လိုက်သည့်အခါ အေးချမ်းသာယာလှသော ခူလယ်ရွာကလေးကို တွေ့ရပါမည်။ ခူလယ်ရွာကလေးမှာ ပရလောကသားများ၏ ကူညီစောင့်ရှောက်ခြင်းခံရသော အရီးသန်း၏ သတင်းကောင်းကို စာရေးသူ ကြားဖူးနေသည်မှာ ကြာနေပါသည်။ အရီးသန်းနှင့်တော့ ကိုယ်တွေ့ မျက်နှာချင်းဆုံပြီး မမေးမြန်းရသေးပါ။

ထို့ကြောင့် အရီးသန်းနှင့် တွေ့ချင်သည့်ဆန္ဒ ပြင်းပြခဲ့ပါသည်။ တစ်နေ့မှာ အရီးသန်းဟာ စာရေးသူနေသည့် စကြဲတောင်ပေါ် ရောက်လာပါသည်။

'အရီးသန်း ဘာလုပ်ရင်း လာတာတုံး'

'ဘုရားမှာ ဆွမ်းကပ်ရင်း ဦးသူတော့်ဆီ လာတာပါ'

'အတော်ပဲဗျာ ကျွန်တော်ကလဲ အရီးသန်းနဲ့ တွေ့ချင်နေတာ မေးစရာ



www.burmeseclassic.com

www.burmeseclassic.com

ရှိလို့'

'ဘာများ မေးမလို့တုံး ဦးသူတော်'

'အရီးသန်းရဲ့ တွေ့ဆုံပုံ ဖြစ်ရပ်ဆန်းကိုလေ။ အရီးသန်းကို တောင်ပိုင်ဘွားဘွားကြီးက မ,တာလိုလို၊ တောင်တော် အစောင့်အရှောက်တွေက မ,တာလိုလို ကြားလို့ပါ'

'ဩော်... အဲဒီဟာကို မေးချင်တာလား၊ တောင်ပိုင်ဘွားဘွားကြီးလား၊ အစောင့်အရှောက်တွေလား လို့တော့ အတိအကျ မသိဘူး။ ကျွန်မကို ကူညီမ,စတာတော့ ဟုတ်တယ်။ ကျွန်မ ခုလယ်ရွာထဲကနေ နွားလှည်းနဲ့ တောထဲကိုအသွား ဒီ စကြံတောင်ပေါ်ကနေ အဘွားကြီးတစ်ယောက် ဆင်းလာတာ အဝေးကနေ မြင်ရတယ်၊ အတော်ကလေးကြာတော့ ကျွန်မ နွားလှည်းရှေ့ ရောက်နေတယ်။ ကျွန်မကတော့ ဟင်းရွက်, ဟင်းသီးလိုက်ခူးနေတဲ့ အဘွားကြီး ထင်နေတာ။ အဲဒီအဘွားကြီးက ကျွန်မလှည်းနားရောက်တော့...

''ဟဲ့... ငါ့သမီး နွားလှည်းကို ခဏရပ်ပါဦး''

လို့ ပြောတယ်။ ကျွန်မလဲ နွားကြိုးကိုဆွဲပြီး ရပ်လိုက်တယ်။ အဘွားကြီးက ကျွန်မကို သေချာကြည့်ပြီး...

''ဟဲ့... ငါ့သမီး မျက်လုံးက ဘာဖြစ်နေတာတုံး''

လို့ မေးတယ်။

''မျက်စိကျိန်းနေတာပါအမေ။ မျက်စိကျိန်းနေတာ သုံး,လေးရက်လောက်ရှိနေပြီ''

အဘွားကြီးက သပြေတစ်ခက်ကို ချိုးပြီး....

''ငါ့သမီး အိမ်ကျရင် ဘုရားကန်တော့ပြီး ဒီသပြေခက်ကလေးကို ရေစိမ်ပြီး မျက်လုံးထဲကို မျက်စဉ်းခတ်လိုက်။



မကြာခင် မျက်စိကျိန်း ပျောက်သွားမယ်''

ဆိုပြီး ကျွန်မကို သပြေခက်ကလေး ပေးပါတယ်။ ကျွန်မလဲ ယူလိုက်တယ်။ နောက်ပြီး အဘွားကြီးက...

"ဩော်... ငါ့သမီးက ဆင်းရဲလိုက်တာကွယ် ရော့... ဒီဆန်ကလေးတွေ ယူသွား။ အိမ် ကျရင် ဆန်အိုးထဲထည့်ပြီး ရင်နှီးစားပေါ့ကွယ်"

ဆိုပြီး ဆန်ကလေး လက်တစ်ဆုပ်ပေးပါတယ်။ ကျွန်မကလဲ ယူလိုက်ပါတယ်။

''ကဲ... ကဲ၊ ငါ့သမီး သွားတော့။ အမေလဲ သွားတော့မယ်။ ရှေ့ကို တန်းတန်းသွား။ အမေ့ကို လှည့်မကြည့်နဲ့။ နောက်ကို လှည့်မကြည့်နဲ့''

လို့ ပြောရင်း အဘွားကြီးက သွားပါတယ်။ ကျွန်မလဲ နွားကြိုးကို လျှော့ပြီး တောကို မောင်းသွားတယ်'

'အဘွားကြီးက ဘယ်လို အင်္ကျီ အရောင်ကို ဝတ်ထားတာလဲ'

ဟု စာရေးသူက မေးရာ...

'အင်္ကျီက အဖြူရောင်၊ ခေါင်းပေါင်းထားတာက အညို၊ လုံချည်ကလဲ အညိုရောင်'

လို့ အရီးသန်းက ပြောပါသည်။ ရှေ့ဆက်ပြီး အရီးသန်းက ပြောပြသည်မှာ...

'တောထဲရောက်တော့ လမ်းမှာ ထူးထူးဆန်းဆန်း အဘွားကြီးနဲ့ တွေ့ခဲ့ပုံ၊ မျက်စိကျိန်းပျောက်အောင် သပြေတစ်ခက်ပေးလိုက်ပုံ၊ ရင်းနှီးစားဖို့ရာအတွက် ဆန်တစ်ဆုပ် ပေးလိုက်ပုံတို့ကို အဖေ, အမေတို့အား ပြောပြပါတယ်။

ခုလယ်ရွာထဲရောက်တော့ အိမ်နားနီးချင်းတွေလဲ ပြောပြတယ်။ နောက်ပြီး အိမ်ရောက်တော့ အဲဒီအဘွားကြီး ပေးလိုက်တဲ့ သပြေတစ်ခက်ကို ရေစိမ်ပြီး မျက်စဉ်းခတ်လိုက်တယ်။ ခဏလေးနေတော့ စူးပြီး နီရဲနေတဲ့ မျက်စိကျိန်းနေတာ ပျောက်သွားတယ်။ အိမ်နီးနားချင်းလူတွေက အံ့သြကြတယ်။

''ဟယ်... အဘွားကြီးပေးလိုက်တဲ့ သပြေခက်က စွမ်းလိုက်တာပါလားဟယ်''

နဲ့ ပြောကြတယ်။ ဆန်ကိုလဲ ကျွန်မက ဆန်အိုးထဲ မထည့်သေးဘဲ ပန်းကန်ပြားထဲထည့်ပြီး လူအများနဲ့ ဝိုင်းကြည့်နေကြတယ်။ ဆန်ကလေးတွေက ပန်းကန်ပြားထဲမှာ လှုပ်ရှလှုပ်ရှ ဖြစ်နေသလိုလို၊ တရွေ့ရွေ့နဲ့ သွားနေသလိုလို မြင်နေကြရတယ်။ လာကြည့်တဲ့ သူတွေကလဲ ဆန်ကို မသင်္ကာဖြစ်နေကြတယ်၊ ကျွန်မကလဲ ကြောက်တာနဲ့ ဆန်တွေကို ကြက်ကျွေးပစ်လိုက်တယ်။ ညကျတော့ ထူးထူးဆန်းဆန်း အဲဒီဆန်ပေးတဲ့ အဘွားကြီးက အိပ်မက်လာပေးတယ်'

စာရေးသူက ကြားဝင်က ''အိပ်မက်ထဲ ရွှေတွေလာယူလို့ ပြောတာလား'' ပြောတော့ အရီးသန်းက ရယ်ပြီးတော့...

'ဘယ်ဟုတ်မလဲ ဦးသူတော်ရယ် အိပ်မက်ထဲမှာ လာပြောတာက ''ငါပေးတဲ့ ဆန်တွေကို ဆန်အိုးထဲ မထည့်ဘဲနဲ့ ကြက်ကျွေးပစ်တယ်။ ညည်းက

www.burmeseclassic.com

တော့ မွဲရစ်ပေတော့'' လို့ ပြောသွားတယ်။

ဆန်ကို ဆန်အိုးထဲ ထည့်လိုက်ရင် စားလို့မကုန်၊ ရောင်းလို့မကုန် ဆန်တွေ ပွားနေမှာလို့ နောက်မှ သိရတယ်'

'မိုက်လိုက်တာ အရီးသန်းရယ်'

ဟု စာရေးသူက ပြောလိုက်ပါသည်။

'ဒါတွေတင် မကသေးဘူး၊ နှစ်ပိုင်းလောက်ကြာတော့ ဈေးဆိုင်ကနေ ကျွန်မ ဆီဝယ်လာတာ။ ဆီထည့်တဲ့ပုံးက အကြီးကြီး။ ကျွန်မက ဆီ ငါးပိဿာလောက်ပဲ ဝယ်လာတာ။ ဆီက အဲဒီပုံးပြည့်ဖို့ဆို သုံးလေးပိဿာလောက် ထည့်ရဦးမှာ။ အိမ်ရောက်တော့ ဆီပုံးကို အိမ်ပေါ်မတင်သေးဘဲ အိမ်အောက် ခဏချထားပြီး ရေချိုးသွားတယ်။

ရေချိုးက ပြန်လာတော့ ဆီပုံးကို အိမ်ပေါ်တင်မယ်လို့ ကြည့်လိုက်တော့ ဆီပုံးအပိတ်က ပွင့်ကျပြီး ဆီတွေက ဆူပွက်ဝေလျှံပြီး အောက်မြေပြင်ပေါ်ထိ စီးကျနေတယ်။ ကျွန်မကလဲ ကြောက်ပြီး...

''လာကြပါဦးတော့ ကျွန်မဆီပုံးကြီး ဘာဖြစ်မှန်း မသိဘူး''

လို့ ကုန်းပြီး အားကုန်အော်တော့တာပဲ။ အိမ်နီးနားချင်းတွေရော၊ ကျွန်မ အော်ပြီး ခေါ်သံကြားတဲ့သူတွေရော ပြေးလာကြတယ်။ ဝေလျှံပြီးကျနေတဲ့ ဆီပုံးကြီးကို အံ့သြပြီး ဝိုင်းကြည့်နေကြတယ်။

ခဏနေတော့ နားလည်တဲ့ လူကြီးတွေက ပြောတယ်။

''ဒါက ကြောက်စရာ မဟုတ်ဘူးဟ။ ဆီတွေပွားနေတာ၊ ဆီတွေဝေနေတာနင် ချမ်းသာအောင်လို့ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တွေက မ,နေတာဟ''



ဒါတင် မကသေးဘူး ဦးသူတော်ရဲ့၊ လပိုင်းလောက်ကြာတော့ အိပ်မက်ထဲမှာ ဆွဲပြားအဝိုင်းနှစ်ခု လာပေးတယ်။ ကျွန်မက ယူလိုက်တယ်။ နံနက်လင်းတော့ အိပ်မက်ထဲက ဆွဲပြားနှစ်ခုကို ကျွန်မ အမြန်ရချင်တဲ့စိတ်တွေ အလွန်ကို ပြင်းပြလာတယ်။

တစ်နေ့ကျ အိပ်မက်ထဲကအတိုင်း ဆွဲပြားနှစ်ခုကို ကောက်ရတယ်။ အဝိုင်းက အတော်လေးကြီးတယ်။ တစ်ဖက်က''နေ''၊ တစ်ဖက်က ''လ''လို့ ရေးထားတယ်။ ဆွဲပြားတစ်ခုကတော့ နန်းတော် အဆောက်အအုံကြီးပုံ ပါတယ်။ ဆွဲပြားနှစ်ခုလုံးက အဖြူရောင်တွေချည်းပဲ။ ကျွန်မက ရွှေလား၊ ငွေလား မသိတော့ နားလည်မယ့်သူတွေ လိုက်ပြတယ်။ ဘယ်သူကမှ အတိအကျ အဖြေမပေးကြဘူး။

နောက်ကျတော့ ရွာကနေ မန္တလေးကျောင်း လိုက်နေသူကို ပြလိုက်တယ်။ နောက်တော့ ရွာကကျောင်းသားက မန္တလေးက ဆွဲသည်တွေကို အိမ်ခေါ်လာတယ်။ ဆွဲသည်တွေက...

''အဒေါ်ကြီး ဆွဲပြားလေးတွေ ကျွန်တော်တို့ကို ပြပေးပါလား''

လို့ ပြောတော့ ကျွန်မက ပြလိုက်တယ်။ တစ်ယောက်ပြီးတစ်ယောက် အတော်လေး အချိန်ကြာအောင်ကြည့်ပြီး...

''အဒေါ် ဒီဆွဲပြားလေးနှစ်
ကျွန်တော်တို့ မန္တလေးယူသွားမယ်
နောက်မှ အကြောင်းပြန်ပါ့မယ်''

ကျွန်မကလဲ သဘောတူလိုက်
တယ်။ နောက်တစ်နေ့ကျ ဂုဏ်ပြု
စာလွှာတစ်ရွက် ရောက်လာတယ်
အဲဒီ ဂုဏ်ပြုစာလွှာ ခုထိရှိသေးတယ်
ဦးသူတော် ကြည့်ချင်ရင် ပြပေးမယ်

'နောက်ထပ် ဘာများ အိပ်မက်ပေး
ထားတာ ရှိသေးတုံး'

'ရှိသေးတယ် တောင်ပိုင်ဘွားဘွား
ကြီးလား၊ အစောင့်အရှောက်လား
တော့ မသိတတ်ဘူး။ ဒါ နင့်အတွက်
နောက်ဆုံးပေးမယ့် ပစ္စည်းပဲလို့ ပြ
တယ်'

'ဘာကြီးပြတာလဲ အရီးသန်း'

'ရွှေအကယ်ဒမီရုပ်ပုံလေး ပြတယ်
အဲဒီ ရွှေရုပ်တုကလေးက တစ်ထွာ
လောက်ရှိတယ်။ အခုချိန်ထိတော့
မရသေးဘူး။ ဘယ်တော့လောက်
ရမယ် မသိဘူး'

'မြန်မြန်ရချင်ရင် ဘုရားကို ပန်း
ဆီမီး၊ ရေချမ်းကပ်၊ မေတ္တာပို့ အမျှဝေ
ပြီး ''ကျွန်ုပ်အား စောင့်ရှောက်ကြကုန်
သော ကိုယ်စောင့်နတ်များ၊ နတ်
ကောင်းနတ်မြတ်များ ကျန်းမာ၊ ချမ်း
သာကြပါစေ၊ လိုအင်ဆန္ဒ အမြန် ပြည့်
စုံကြပါစေ''

လို့ မေတ္တာပို့၊ နောက်ပြီး ကိုယ်
လိုချင်တဲ့ဆုကို စိတ်ထက်သန်သန်
ဆုတောင်း၊ မကြာခင် အရီးသန်း လို
ချင်တာ ပြည့်စုံလာမှာပါ'

ဟု စာရေးသူက အကြံပြုလိုက်
သည်။

**စကြဲတောင် သူတော်**
**(စဉ့်ကူးမြို့နယ်)**



www.burmeseclassic.com

www.burmeseclassic.com

ဖားကန့်မြို့နယ်အတွင်းရှိ

# နမ့်စမ်းရွာလေး မှ

ထူးဆန်းအံ့ဩဖွယ်
ဖြစ်ရပ်ဆန်းများ (၁)

အေးမွန်ကျော်
(နမ္မတီး)



**'ဖားကန့်'**မြို့နှင့် (၁၀)မိုင်မျှဝေးသော **'နမ့်စမ်း'**ရွာလေးသည် သီးနှံများ စိုက်ပျိုးခြင်းနှင့် ရွှေတူးဖော်ရေး လုပ်ငန်းတို့ကို တွင်ကျယ်စွာ လုပ်ဆောင်နေသော ရွာလေးဖြစ်ပေသည်။ နမ့်စမ်း(၁)၊ နမ့်စမ်း(၂)၊ နမ့်စမ်း(၃) ဟူ၍ ရှိပြီး တစ်ရွာနှင့်တစ်ရွာ ဆက်လျက်ရှိပေသည်။

နမ့်စမ်း(၃)သည် ရွာဟု လွယ်လင့်တကူ ခေါ်ဝေါ်ပေမယ့် အမှန်တော့ အိမ်ခြေ (၅၀)ခန့်မျှရှိပြီး မြေစိုက်(၄)ခန်းတွဲ အ.မ.က ကျောင်းတစ်ကျောင်းလည်း ရှိပေသည်။ ဤကျောင်းမှ မူလတန်းအောင်ပြီး အလယ်တန်းကို တက်မည်ဆိုလျှင် ကျောင်းသူကျောင်းသားများဟာ မိုးတွင်းအခါ စက်လှေတွေနှင့် လုံးခင်းကျောင်းသို့ လာရသည်။ နမ့်စမ်းနှင့် လုံးခင်း (၄)မိုင်ခရီးရှိသည်။

အချို့ ငွေကြေးတတ်နိုင်သူများက လုံးခင်း၊ ဖားကန့် ဘော်ဒါဆောင်များမှာ ထားကြသည်။ မိုးတွင်းမှာ ကျောင်းတက်ရသည်မှာ အန္တရာယ်များသော်လည်း နွေနှင့်ဆောင်း၌မူ သွားလာရေး လွယ်ကူပေသည်။

ဤရွာမှာ နေထိုင်သူ တော်တော်များများသည် ရာသီအလိုက် သီးနှံစိုက်ပျိုးကြပြီး သီးနှံဖြစ်ထွန်းချိန်မှာမူ လုံးခင်း၊ ဖားကန့်၊ ဆိပ်မူ၊ ဟောင်ပါး စတဲ့ မော်များထိ ဈေးရောင်းသွားကြလေသည်။ အချို့မှာမူ အခင်းလုပ်ရာနေရာကို ရွှေများ တူးဖော်လုပ်ကိုင်ကြလေသည်။

ရွှေထွက်များသော ကျင်းရှိသလို ရွှေထွက်နည်းသော ကျင်းလည်းရှိပေသည်။ နမ့်စမ်းရွာများသို့ သွားလိုပါက ကုန်းကြောင်းနှစ်တန်၊ လှေကြောင်းနှစ်တန်ဖြင့် သွားရပြီး ပွင့်လင်းရာသီ၌မူ ရေခန်း၍ ဆိုင်ကယ်လမ်း၊ ကားလမ်းပေါက်ပြီး ကုန်စိမ်းဝယ်ကားများ အခင်းထဲထိသွား၍ ရလေသည်။

နမ့်စမ်း(၃)တွင် နေထိုင်ပြီး ရွှေလုပ်ငန်းလုပ်ကိုင်သူများအနက် ဦးထွန်းလှူ၊ ဒေါ်မြမေတို့မှာလည်း အပါအဝင် ဖြစ်လေသည်။ ဦးထွန်းလှူ၏ ရွှေကျင်းသည် လွှမ်းရစ်တောင်ခြေနားတွင် တည်ရှိပြီး အိမ်နှင့်လည်း မဝေးလှပေ။ ဦးထွန်းလှူတို့အဖို့ ကံအကျိုးပေးသည် မဆိုသာပေ။ သူများရွှေကျင်းတွေထက် ရွှေအကျအများဆုံး ဖြစ်လေသည်။

ထို့ကြောင့်လည်း နမ့်စမ်း(၃)တွင်

www.burmeseclassic.com

အိမ်ကြီးအိမ်ကောင်း ဆောက်လုပ်ထားပြီး လုံးခင်းတွင်လည်း တိုက်အိမ်ဝယ်ထားလေသည်။ (၈)တန်းကျောင်းသားသားကြီးတစ်ယောက်နှင့် (၅)တန်းကျောင်းသူ သမီးတစ်ယောက်သာ ရှိလေသည်။

ဦးထွန်းလူတို့ မိသားစုမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ရိုးသားအေးဆေးသော မိသားစုလည်း ဖြစ်ပေသည်။ စီးပွားရေးမှာလည်း အဆင်ပြေသည်မို့ သားနှင့်သမီးကို လုံးခင်းရှိ ဘော်ဒါဆောင်တစ်ခုတွင် ကျောင်းထားပေးလေသည်။

ထမင်းချက် စားဖိုမတစ်ယောက်၊ ဦးထွန်းလူ၏ တူတော်သူ မောင်ခိုင်နှင့် ရွှေကျင်းအလုပ်သမား (၁၀)ယောက်နှင့်သာ နမ့်စမ်း(၃)တွင် နေထိုင်လေသည်။ ရွှေများရောင်းရာမှာတော့ နမ့်စမ်းနှင့် (၄)မိုင်မျှဝေးသည့် လုံးခင်းရှိ ရွှေဆိုင်များတွင် သွားရောက်ရောင်းချလေသည်။


တစ်နေ့ ထုံးစံအတိုင်း မောင်ခိုင်ဦးစီးသော ကျင်းသားများ ရွှေလုပ်ရန်အတွက် သံတိုင်များနှင့် မြေများကို ဖြိုချကြရာ ကျင်းသားတစ်ယောက်၏ သံတိုင်ထိပ်ဖျားတွင် သွေးစသွေးနများ ကပ်ငြိပါလာရာ…

'ဦးလေး ဒီမှာ ကြည့်ပါဦးဗျ။ သံတိုင်မှာ သွေးတွေနဲ့ မြေကြီးအောက်က အကောင်တစ်ကောင်ကောင်ကို ထိုးမိပြီထင်တယ်'

ထိုကျင်းသား၏ ပြောသံအဆုံးမှာတော့ ဦးထွန်းလူမှ…

'အေး အရမ်းမလုပ်နဲ့ မောင်ခိုင်ရေ၊ မင်း ကြည့်ပြီး သေချာလုပ်ပါကွ။ ပြန်ပြီးတော့ မထိစေနဲ့ မြေကြီးကို သေချာဖော်ကြ'

ပြောလည်းပြော မိမိကိုယ်တိုင်



◆ မြွေကြီးအောက်မှရသော ယွန်းခွက်

လည်း ကျင်းနားသို့ဆင်းသွားပြီး အနီးကပ်ကြည့်နေလေသည်။ မောင်ခိုင်နှင့် ကျင်းသားများ ဖြည်းညင်းစွာ မြေဖော်နေကြရာ အတန်ငယ်တူးမိသော်…

'အမယ်လေး နည်းတဲ့မြွေကြီး မဟုတ်ဘူးဗျ'

ကျင်းသားတစ်ယောက် ထအော်ချိန် ကျန်သော ကျင်းသားများလည်း နောက်သို့ ရှဲသွားကြလေသည်။ ကြောက်မည်ဆိုလည်း ကြောက်စရာပင်။ လူကြီးလက်မောင်းလုံးခန့်ရှိသော စပါးအုံးမြွေကြီးတစ်ကောင်သည် ခွေရစ်လျက် ငြိမ်သက်စွာ ရှိနေသည်ကို တွေ့ကြရလေသည်။

ထိုမြွေကြီး၏ အမြီးမှာမူ သံတိုင်ဖျား၏ ထိုးမိဒဏ်ကြောင့် ပေါက်ပြဲနေပြီး သွေးများထွက်နေသော်လည်း ဒဏ်ရာကြောင့် လူးလွန့်ခြင်းမရှိဘဲ ငြိမ်သက်စွာရှိနေသည်မှာ အံ့သြစရာပင်။ ထိုမြွေကြီးကိုကြည့်၍ မောင်ခိုင်က…

'ဦးလေး မြွေကြီးက နည်းတဲ့မြွေကြီး မဟုတ်ဘူးဗျ။ လွှတ်လိုက်ရင်လဲ အန္တရာယ်ပြုမှာစိုးရတယ်။ ဘာလုပ်လိုက်ရမလဲ'

'အေးကွာ သတ်လိုက်'

ဦးထွန်းလူ၏ စကားအဆုံးမှာတော့ ကျင်းသားများ တစ်ယောက်တစ်ချက်ဝိုင်းနှက်လိုက်တာ မြွေကြီးခမျာ အသက် ဘယ်လိုထွက်သွားမှန်းပင် မသိလိုက်ချေ။ မြွေသေကြီးကို မောင်ခိုင်က သံတိုင်နှင့် နှစ်ယောက်လျှိမကာ ယူလိုက်လျှင်…

'ဟင် မြွေရဲ့အောက်မှာ အိုးလေးတစ်လုံးပါလား'

ဦးထွန်းလူက ပြောပြောဆိုဆိုပင် ထိုအိုးကလေးကို လှမ်းယူလိုက်ရာ…

'ဟ ဒီမှာလဲ လက်စွပ်ကလေး တစ်ကွင်းပါလား'

မှောက်နေသော အိုး၏အောက်တွင် ရေးဟောင်း ရွှေလက်စွပ်လေးတစ်ကွင်းကို ထပ်မံရရှိလိုက်လေသည်။

ဦးထွန်းလူအဖို့ ဒီနေ့ ထူးတော့ ထူးဆန်းနေတာ အမှန်ပင်။ ဦးထွန်းလူ ရွှေကျင်းလုပ်ခဲ့သော သက်တမ်းတစ်လျှောက် ဤကဲ့သို့ ထူးဆန်းမှုမျိုး မကြုံဖူးပေ။ တချို့ ကျင်းတွေမှာ ရှေးဟောင်းစစ်သည်ရုပ်တုများ၊ ပန်းကန်

www.burmeseclassic.com

ခွက်ယောက်များ၊ ဓားများ ရကြဖူးသော်လည်း ဦးထွန်းလူအဖို့ကတော့ ဤသည်မှာ ပထမဆုံးပင်။

လက်စွပ်ကလေးကလည်း သာမန်လက်စွပ်နှင့်မတူ၊ အနုပညာလက်ရာများဖြင့် ပန်းကနုတ်များ ဖော်ထားပုံမှာ လှပလွန်းလှပေသည်။ အလေးချိန်အားဖြင့် (၁)ကျပ်သားခန့် ရှိသည်။ လက်စွပ်ကို ဖုံးအုပ်ထားသော အိုးပုံသဏ္ဍာန်မှာ အမှန်၌မူ အိုးမဟုတ်ချေ။ လူကြီး လက်သီးဆုပ်မျှရှိသည့် ထန်းလက်ဖြင့် ပြုလုပ်ထားသော ရှေးလက်ရာ ယွန်းခွက်ကလေးပင် ဖြစ်ပေသည်။ သံထည်ပစ္စည်း မဟုတ်ဘဲနှင့် မြေကြီးအောက်မှာ အချိန်ကာလကြာမြင့်စွာ မဆွေးမမြည့်ဘဲ တည်ရှိနေတာ အံ့သြစရာပင်။

ဦးထွန်းလူနှင့် ကျင်းသားများသည် ထူးဆန်းသောမြွေကြီး၊ ယွန်းခွက်နှင့်တကွ လက်စွပ်တို့ကိုကြည့်ကာ ခေတ္တမျှ ငြိမ်သက်နေမိကြသည်။ တစ်ခဏမျှကြာသော် ဦးထွန်းလူက...

'ကဲ... ကဲ လုပ်စရာရှိတာလုပ်ကြ။ အဲဒီမြွေကြီးကို မစားကြနဲ့ ချောင်းထဲ မျှောပစ်လိုက်'

ယွန်းခွက်ကလေးနှင့် ရွှေလက်စွပ်ကို မိမိ၏ အိမ်ဆီသို့ ယူခဲ့လေသည်။ ဦးထွန်းလူမှာ မိမိ၏အိမ်ဆီသို့ ပြန်လာလာခဲ့ရသော်လည်း စိတ်က လေးသလို ခံစားရသည်။ တစ်စုံတစ်ခုကို လက်လွတ်ဆုံးရှုံးရသလို ရင်ထဲ၌ ဟာတာတာကြီး ဖြစ်နေမိသည်။

နေ့လယ် (၁)နာရီခန့်တွင် ဖားကန့်သို့ ဈေးဝယ်သွားနေသော ဇနီးဖြစ်သူ ဒေါ်မြမေ ပြန်ရောက်လာတော့ ထိုအကြောင်းကို ပြောပြပြီး လက်စွပ်နှင့်ခွက်ကလေးကို ပြလေရာ ဒေါ်မြမေက...

'ထူးတော့ ထူးဆန်းလိုက်တာနော်။ ကျွန်မလဲ တစ်ခါမှ အမျိုး မကြားဖူး မတွေ့ဖူးဘူး။ ပစ္စည်းနှစ်ခုကို သေချာသိမ်းထားနော်'

ထိုနေ့ညတွင် ဒေါ်မြမေမှာ ထူးဆန်းသောအိပ်မက်ကို ထိတ်လန့်ဖွယ်ရာ ကြုံတွေ့ရလေသည်။

'မမြမေ၊ မမြမေ ထစမ်းပါဦး'

မိမိအား လှုပ်နှိုးသလို ခေါ်နေသော အသံရှင်ကြောင့် ဒေါ်မြမေမှာ အိပ်မှုန်စုံမွှားနှင့် မျက်လုံးအစုံကို လက်နှင့် ပွတ်လိုက်ပြီး မျက်လုံးဖွင့်ကြည့်လိုက်ရာ...

'အို မြွေကြီးပါလား'

နှုတ်မှ လွှတ်ခနဲ ထွက်သွားပြီး လက်တစ်ဖက်ကလည်း အနားတွင် အိပ်ပျော်နေသည့် ခင်ပွန်းဖြစ်သူကို လှုပ်နှိုးနေမိသည်။ မြွေကြီးမှာ ဒေါ်မြမေ၏ ခုတင်ခြေရင်းတွင် မမှိတ်မသုန်သော မျက်ဝန်းများဖြင့် ရီဝေစွာ စိုက်ကြည့်နေရာမှ...

'သူ့ကို နှိုးနေလဲ အပိုပဲ။ ငါ့ ယောကျ်ားကို နင့်ယောကျ်ားက သတ်ခိုင်းတဲ့အတွက် နင့်ယောကျ်ားကိုလဲ ငါ ပြန်လာသတ်တာ'

ဟု ပြောလည်းပြော အိပ်နေသော ဦးထွန်းလူ၏ ခြေထောက်ကို မြွေကြီးက အားကုန်ပေါက်ချသည်နှင့် တစ်ပြိုင်နက် ဒေါ်မြမေလည်း မိမိခင်ပွန်းအတွက် စိုးရိမ်စိတ်ဖြင့် ဦးထွန်းလူ၏ ခြေထောက်ကို ဆွဲယူလိုက်ရာ မိမိ၏ လက်မောင်းရင်းတွင် ပူခနဲ ဝေဒနာတစ်ခု ခံစားလိုက်ရပြီး...

'အမယ်လေး ကယ်ကြပါဦးတော့'

ဟူသော အသံသည် အရုဏ်ဦးနှင့်အတူ ဦးထွန်းလူ၏ အိမ်ပေါ်မှ ပေါ်ထွက်လာခဲ့ပေသည်။

'မြမေ၊ မြမေ ဘာဖြစ်တာလဲ'

ဦးထွန်းလူ၏အသံကို ကြားမှ အိပ်မက်,မက်နေတာပါလားဟု မြမေသိလိုက်ရသည်။ မိမိ အိပ်မက်အကြောင်းကို ဦးထွန်းလူအား ပြောပြရာ...

'နေ့လယ်က ငါပြောပြတဲ့အကြောင်းကို စိတ်စွဲလို့ အိပ်မက်,မက်တာ နေမှာပါကွာ'

ဦးထွန်းလူက ဖျောင်းဖျစကားပြောပြီး ပြန်အိပ်သွားသော်လည်း မိမိမှာမူ အိပ်မက်အကြောင်းကို သတိရစိတ်ဖြင့် အိပ်၍မပျော်ဘဲ မိုးလင်းခဲ့ရလေသည်။

နံနက် (၇)နာရီအချိန်ခန့်၌ ဖြစ်သည်။

'ဦးလေးရေ ဒေါ်လေး မနိုးသေးဘူးလား။ စက်ပျက်နေလို့ လိုနေတဲ့ ပစ္စည်းတစ်ခု လုံးခင်းမှာ သွားဝယ်ရမှာ ပိုက်ဆံတောင်းမလို့ဗျ'

မောင်ခိုင်က ပြောလာရာ အိမ်အောက်ထပ် မီးဖိုဆောင်နံဘေးတွင် ဓားသွေးနေသော ဦးထွန်းလူက...

'အေးကွ ငါ သွားကြည့်လိုက်ဦးမယ်'

ပြောပြောဆိုဆို အိမ်ပေါ်ထပ်သို့ တက်သွားသော ဦးထွန်းလူက အိမ်ခန်းထဲ၌ အိပ်ပျော်နေသော ဒေါ်မြမေကို...

'မြမေ ထ... ထတော့ မိုးလင်းနေပြီ။ ဟိုမှာ မောင်ခိုင်ကို ပိုက်ဆံပေးလိုက်ဦး။ စက်ပစ္စည်း သွားဝယ်မလို့တဲ့'

'အင်း... ဟင်း... ဟင်း... ဟင်း ကျွန်မ မထနိုင်ဘူး ကိုထွန်းလူရယ်။ လက်တွေ တအားကိုက်ပြီး နာနေတာပဲ'

ပြောလည်းပြော သူမ၏ ဘယ်လက်မောင်းတစ်ဖက်ကို ဦးထွန်းလူအား ကိုင်ကာပြလိုက်ရာ...

'ဟင် မြမေ မင်းလက်မောင်းတွေ ရောင်နေပါလား။ ဘာဖြစ်ထားတာလဲ။



www.burmeseclassic.com

www.burmeseclassic.com

မနေ့ကလဲ အကောင်းကြီးပါ။ ဘာမှလဲ မထိခိုက်ထားပါဘူး'

'အို ကျွန်မ အိပ်မက်ထဲကအတိုင်းတော့ မှန်နေပြီပေါ့ရှင်။ ရှင့်ကိုပေါက်တဲ့မြွေကြီးကို ကျွန်မ လက်နဲ့ကာလိုက်တာ ကျွန်မကို ထိသွားတာနေမှာ'

ဒေါ်မြမေ၏ လက်မောင်းတစ်ဖက်မှာ လှုပ်ရှားလို့ပင်မရ။ ရောင်ကိုင်းနေချေပြီ။

'ဒုက္ခပါပဲကွာ။ ကဲ... ထ ငါတွဲကူမယ် လုံးခင်းဆေးရုံ သွားရအောင်'

ထိုနေ့က မောင်ခိုင်တို့ ရွှေကျင်းအလုပ်သမားများ ရွှေမလုပ်ရဘဲနှင့် ဒေါ်မြမေအတွက် လှေငှားဖို့ စီစဉ်ရ၊ ကားငှားဖို့ စီစဉ်ရနှင့် အတော် အလုပ်ရှုပ်သွားကြသည်။

ဒေါ်မြမေ၏ ရောင်နေသော လက်မောင်းကို ဆရာဝန်များနှင့် တိုင်ပင်၍ ဆေးကုသော်လည်း ဒဏ်ရာဟူ၍ တစ်စက်ကလေးမျှပင် မတွေ့ရသည့် ရောင်နေသော ဘယ်လက်မောင်းအတွက် ဆေးထိုး၊ ဆေးစား၊ လိမ်းသော်လည်း သက်သာလာခြင်း မရှိပေ။

(၅)ရက်ဆက်တိုက် နီးစပ်ရာ မြန်မာဆေး၊ အနောက်တိုင်းဆေးများနှင့် ကုသသော်လည်း အချည်းနှီးပင်။ ထိုအတောအတွင်း ဦးထွန်းလူ၏ ရွှေကျင်းတွင် နေ့စဉ်ပုံမှန်အတိုင်း မောင်ခိုင် ဦးစီး၍ ရွှေလုပ်ငန်းလုပ်ကြရာ တစ်နေကုန်သော်လည်း ရွှေ(၂၀)ပင် မရပေ။ ခါတိုင်းဆိုလျှင် ဦးထွန်းလူကျင်းမှ တစ်နေ့ကို ရွှေတစ်ကျပ်သားမှ သုံးကျပ်သားထိ ကျသည်။ ယခုမူ ရွှေမှာ အံ့သြစွာ အထွက်နည်းနေတော့သည်။

တစ်နေ့လုပ်၍ရသော ရွှေကိုရောင်းလျှင် အလုပ်သမားခ မပြေနှင့် ဆီဖိုးပင် မရချေ။ တစ်နေ့ပြီးတစ်နေ့ အရှုံး



များ ပြလာပြီး မိမိမှာရှိသည့် ရွှေများ၊ ငွေများ ကျင်းထဲသို့ ဆီဖိုး၊ ရိက္ခာဖိုးများ စိုက်ယုတ်ရသည်မှာ (၁၀)ရက်ရှိလာသော်လည်း ရွှေအကျက နည်းနေတုန်းပင်။

ဒီကြားထဲ ဒေါ်မြမေအတွက် ဆေးဖိုးကလည်း မနည်းတော့။ ရောင်နေတာကလည်း မလျော့သေး။ စီးပွားရေးကတစ်ဖက်၊ ဒေါ်မြမေအတွက် စိတ်ပူရသည်ကတစ်ဖက်ဆိုတော့ ဦးထွန်းလူ စိတ်တွေရှုပ်ထွေးနေရသည်။

နောက်ဆုံး ရောင်းချစရာ ရွှေမရှိတော့သည်နှင့် မြွေကြီးအောက်မှရသော ရွှေလက်စွပ်ကလေးကို သွားရောင်းလိုက်ရလေသည်။ စီးပွားရေးမှာ ဒီရေအလားကဲ့သို့ တစ်ဟုန်ထိုးကျဆင်းသွားလေပြီ။ ဒေါ်မြမေမှာလည်း သူမ၏လက်အတွက် နေ့တိုင်းငိုနေရသည်။ အချို့ကျင်းသားများမှာလည်း ရွှေမထွက်သည်နှင့် အလုပ်မှ ထွက်ကုန်သည်များလည်း ရှိသည်။

(၁၂)ရက်မြောက်နေ့တွင် ဦးတိုးလှိုင်ဟူသော အသက် (၇၅)နှစ်ရှိပြီဖြစ်သည့် လူကြီးတစ်ယောက်နှင့် ဦးထွန်းလူတို့ 'မင်းသီဟ' လက်ဖက်ရည်ဆိုင်တွင် ဆုံမိကြပြီး စကားစပ်မိစပ်ရာ ပြောကြရာမှ ဦးတိုးလှိုင်မှာ မော်ဟန်မှဖြစ်ပြီး ကုဋေမော်ရွာရှိ သမီးများဆီ အလည်လာကြောင်း၊

မော်ထဲရောက်၍ သမီးမှာ... ဘယ်ကို ပြောင်းသွားမှန်း... မသိ၍ သွားမိသွား... သွားနေရာမှ ဗိုက်... ဆာပြီး လုံးခင်း... လက်ဖက်ရည်... ဆိုင်သို့ ဝင်... ကြောင်းနှင့် အခု... ဦးထွန်းလူနှင့် တွေ့ကြောင်း... ပြောပြလေသည်။ ဦးထွန်းလူလည်း... မိမိ၏အကြောင်းကို ပြောပြမိရာ...

'အဲဒီအတွက် ဗိုလ်ူ ဘာမှမပူနဲ့ ဦးလေး... လုပ်ပေးမယ်။ ဖြစ်တဲ့နေရာကိုသာ ဦးလေး... ခေါ်သွား'

'တကယ်ပြောတာလား ဦးလေး... စိတ်ချ ဦးလေးကို ကျွန်တော့်အိမ် ခေါ်... သွားမယ်'

* * *

'ဒီနေရာပဲ ဦးလေး မြွေကြီးကိုတွေ့... တဲ့နေရာ မြွေကိုတော့ မစားကြ... ချောင်းထဲကို မျှောလိုက်ပြီ'

'အေး ဟုတ်ပြီ နွားနို့စစ်စစ် ဖန်ခွက်တစ်... ပေါက်ပေါက်ဆုပ်နဲ့ အောင်သပြေပန်း အ... တွေကို တစ်နာရီအတွင်း ရအောင်ရှာ... ပေတော့ ဒီနေရာကို ဘယ်သူမှ မလာ... ခြံလေးပါ ခတ်ထားလိုက်'

ဦးတိုးလှိုင်ဆိုသော လူကြီးပြော... သည့်အတိုင်း နွားနို့ရှာသူရှာ၊ သ... ပန်း ကောက်သူကောက်နှင့် ကျင်းသား... များ အလုပ်ရှုပ်နေကြသည်။ ဦးတိုးလှိုင်... ပြောသည့်အတိုင်း ပစ္စည်းများ... သည်နှင့် မြွေကြီးတွေ့သည့် နေရာ... တစ်ဝိုက်ကို ငှက်ပျောဖက်များခင်း... ပေါက်ပေါက်ဆုပ်များကြဲကာ နွား... ခွက်နှင့် သပြေပန်းထည့်ထား... အိုးတို့ကို အစီအရင်ချကာ ဦးတိုး... ၏ နှုတ်မှ (မည်သူမျှ မကြား... လေသံဖြင့် ရွရွရွတ်ဆိုနေပြီး) အ...



www.burmeseclassic.com

www.burmeseclassic.com

ကြာသော် ဦးတိုးလှိုင်မှ...

'အသင်မြွေမင်း အသင့်အား ရည်စူး၍ ကျွန်ုပ် မေတ္တာများပို့ အမျှလဲဝေပြီးပါပြီ။ နွားနို့နဲ့ပေါက်ပေါက်တို့ကိုလဲ တင်လှူပူဇော် ကျွေးမွေးပါတယ်။

အသင်မြွေမင်း လာရောက်ပြီး စားသုံးပါ။ ကျွန်ုပ်၏ တူသားများ မလိမ်မိုးမလိမ္မာလေးတွေ ပြုလုပ်ခဲ့တဲ့ အမှားများအတွက်လဲ သူတို့ကိုယ်စား ကျွန်ုပ် တောင်းပန်ပါတယ်။ ခွင့်လွှတ်တော်မူပါ'

တစ်ဆက်တည်းမှာပဲ အဘဦးတိုးလှိုင်က...

'ကဲ ငါ့တူ အိမ်ပေါ်မှာ သွားနေရအောင် အားလုံးခေါ်ခဲ့၊ သူတို့ကျေနပ်တယ်ဆိုရင် တစ်နာရီအတွင်း ငါ့တူရဲ့ နွားနို့ကုန်သွားစေရမယ်။ နွားနို့မကုန်ရင်တော့ မကျေနပ်သေးတဲ့သဘောပေါ့။ ကံစီမံရာပေါ့ဗျာ။

ကျုပ်ကတော့ ကျုပ်တတ်နိုင်သလောက်လုပ်ပြီးပြီ။ ကဲ လာကြ အိမ်ပေါ်မှာ သွားနားရအောင် ခဏနေမှ တစ်ခါ လာကြည့်တာပေါ့'

ဦးထွန်းလှူတို့ အိမ်ပေါ်တွင် ဦးတိုးလှိုင်နှင့်တကွ ကျောင်းသားများ ရေနွေးကြမ်းသောက်ရင်း စကားတပြောပြောနှင့် နေ,နေကြရာ အိမ်နှင့် မလှမ်းမကမ်းတွင်ရှိသော ကျောင်းဆီသို့လည်း မျက်လုံးများ ဝေ့ကာဝဲကာ တစ်ခါတစ်ခါ ရောက်သွားတတ်သေးသည်။ ဒီလိုနှင့် အချိန်တစ်နာရီကျော်မျှ ကြာသောအခါ အဘဦးတိုးလှိုင်က...

'ကဲ အားလုံး လိုက်ခဲ့ကြပေတော့ အခြေအနေ သွားကြည့်ရအောင်'

ကျောင်းနားသို့ အရောက်...

'ဟင် နွားနို့က တစ်စက်ကလေးမှ မရှိတော့ပါလား။ ပေါက်ပေါက်ကတော့ ကျန်သေးတယ်။ အဘ ဒါ ဘယ်လိုဖြစ်တာလဲဗျာ'

မောင်နိုင်၏အမေးကို ဦးတိုးလှိုင်က...

'ဒါဟာ ဝမ်းသာစရာပေါ့ကွား သူတို့ကျေနပ်တဲ့သဘောပေါ့။ မြမေရဲ့လက်လဲ မကြာခင် ကောင်းသွားလိမ့်မယ်'

ဦးထွန်းလှူက...

'ဦးလေး အဲဒီနွားနို့တွေက ဘယ်ရောက်သွားတာလဲဟင်၊ ခွေးတွေ၊ ကြောင်တွေလဲ မရှိ၊ ခွက်လဲမမှောက်ဘဲနဲ့ တစ်နာရီအတွင်း ယူသောက်သလို ကုန်သွားတာ အံ့သြစရာပဲနော်'

'ဒါတွေကို ရှင်းပြရင် ရှည်သွားလိမ့်မယ်။ မင်းတို့ နားလည်ထားရမှာက နောက်ခါ ဒီလိုမျိုး အဖြစ်အပျက် ကြုံလာရင် အဲဒီမြွေတွေကို ရိုက်မသတ်ဘဲ နေရာရွှေ့ပေးပြီး ဘေးလွတ်ရာကို လွှတ်လိုက်ပေါ့ကွယ်။ ဒါဆို အားလုံး အန္တရာယ်ကင်းတာပေါ့'

အဘ ဦးတိုးလှိုင်မှ ထိုသို့ ပြုလုပ်ပေးပြီး ထိုညမှာပင် ဦးထွန်းလှူတို့ အိမ်ကြီးပေါ်တွင် ကျောင်းသားများရော၊ ဦးတိုးလှိုင်နှင့် ဦးထွန်းလှူတို့ပါမကျန် တစ်စုတစ်ဝေးတည်း အိပ်ကြလေသည်။ ဒေါ်မြမေကိုတော့ အိမ်ခန်းထဲတွင် အိပ်စေသည်။ နံနက် (၄)နာရီ အချိန်ခန့်မှာတော့...

'မမြမေ၊ မမြမေ ထစမ်းပါဦး'

အိပ်မှုန်စုံမွှားနှင့် ဒေါ်မြမေက...

'ရှင်'ဟု ထူးလိုက်ပြီး ကြည့်လိုက်ရာ ယခင် သူမ အိပ်မက်,မက်ခဲ့သော မြွေကြီးသည် သူမနံဘေးတွင် ရှိနေပြီး...

'မမြမေ ငါ့ယောက်ျားအတွက် နင်တို့ကို ကလဲ့စားချေမလို့တဲ ဒါပေမယ့် နင့်ယောက်ျား ခေါ်လာတဲ့ လူကြီးက ငါ့ယောက်ျားအတွက် ကောင်းမှုကုသိုလ်တွေ လုပ်ပေးတဲ့အပြင် အစားအစာတွေလဲ ကျွေးလိုက်သေးတယ်။

အခု ငါ့ယောက်ျားလဲ ကောင်းတဲ့ဘဝကို ရောက်သွားပြီ။ ငါလဲ တခြားနေရာကို သွားတော့မယ်။ နင့်လက်လဲ မနက်မိုးလင်းရင် ကောင်းလာမှာပါ။ နင်တို့လဲ အလုပ်ကို ဆက်လုပ်ကြပေါ့'

ပြောပြောဆိုဆိုနှင့် မြွေကြီး ပျောက်သွားလေသည်။

ဒေါ်မြမေ၏ အခြေအနေကို မအိပ်ဘဲ အကဲခတ်ကာ နားစွင့်နေကြသော ဦးတိုးလှိုင်နှင့် ဦးထွန်းလှူမှာ မမြမေ တစ်ယောက် အိပ်ရာထက်တွင် ငုတ်တုတ်ထိုင်ကာ တစ်စုံတစ်ဦး ပြောစကားကို နားထောင်နေသည့်အလား ရှိနေသည်ကို တွေ့မြင်ကြရာ ဦးထွန်းလှူက...

'ဟဲ့ မြမေ ဘာဖြစ်တာလဲ'

ကိုယ်ကို ကိုင်ပြီး မေးမှ...

'ဟင် ကိုထွန်းလှူ ကျွန်မ ဟိုမြွေကြီးကို အိပ်မက်,မက်တာတော့ ကျွန်မတို့ကို ခွင့်လွှတ်တယ်တဲ့။ ကျွန်မလက်လဲ ပြန်ကောင်းလာလိမ့်မယ်တဲ့'

ဝမ်းသာအားရနှင့် အိပ်မက်အကြောင်း ပြောပြနေသော ဒေါ်မြမေသည် သူမလက်ကို အလင်းရောင်ဘက်သို့လှည့်၍ ကိုင်လိုက်ရာ အံ့သြစွာပင် ဒေါ်မြမေ၏လက်မှာ ယူပစ်သလို အကောင်းပကတိ ဖြစ်နေသည်ကို တွေ့ရလေသည်။ လင်မယားနှစ်ယောက် ဝမ်းသာအားရ ရှိနေသည်ကို အဘ ဦးတိုးလှိုင်က ခေါင်းတဆတ်ဆတ်ညိတ်၍ ပြုံးနေလေသည်။


**(ဝန်ခံချက် ။ ။ အမည်များ ပြောင်းထားသည်မှလွဲ၍ ဖြစ်ရပ်မှန် ဖြစ်ပါသည်။ လက်စွပ်မှာ မရှိတော့ပါ။ ယွန်းခွက်ကလေးမှာမူ ပိုင်ရှင်ထံ ခွင့်တောင်း၍ ဓာတ်ပုံရိုက်ယူခဲ့ပါသည်။ စာရေးသူ)**

**အေးမွန်ကျော် (*နမ္မတီး*)**



www.burmeseclassic.com

www.burmeseclassic.com



မောင်ကိုကို
(ကြေး/မြေ)

# မီးရထား သံလမ်းပေါ်မှ

## ပရလောကသားများ၏ ဆန္ဒ

ကျွန်တော် ဒီအကြောင်းတွေကို ရေးသားဖော်ပြချင်သည်မှာ အတော်ကြာခဲ့ပါပြီ။ မီးရထားသံလမ်းပေါ်ကပရလောကသားများအကြောင်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် မကြာခဏ ဖတ်ရသည့်အခါ ကျွန်တော်တို့ဒေသတွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ကလေးကိုလည်း စာဖတ်သူများ သိရှိစေချင်ပါသည်။

သို့သော် အမှန်တကယ် ဖြစ်ပျက်ခဲ့သော ဇာတ်လမ်းဖြစ်၍ ကာယကံရှင် မိသားစု၏ ခွင့်ပြုချက်မရဘဲ မရေးသားချင်ပါ။ သို့ဖြစ်၍ ကာယကံရှင် မိသားစုထံ ခွင့်ပန်ပြီး ဒီအဖြစ်အပျက်ကလေးကို ရေးသားဖော်ပြပေးလိုက်ပါသည်။

ကျွန်တော်တို့ဒေသသည် ရန်ကုန်–မန္တလေး မီးရထားသံလမ်းကြီး၏ဘေးတွင်ရှိသော ရွာကလေးပါ။ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်အတွင်းက သံလမ်းနှင့်ကပ်လျက် ရွာကလေးဖြစ်ပါသည်။

အချိန်ကာလအားဖြင့် ရန်ကုန်–မန္တလေးမီးရထားသံလမ်း နှစ်လမ်းမောင်းအပြိုင် ဖောက်ပြီးသောအချိန်။ မီးရထားများကို ဟိုအရင်အချိန်ကလို တစ်စင်းနှင့်တစ်စင်း ဘူတာတွင်ရပ်၍ ရှောင်စရာမလိုတော့ပါ။ အစုန်အဆန် ရထားများ လမ်းတွင်ရှောင်၍ မောင်းကြပါသည်။

ထိုအချိန်တွင် မီးရထားသံလမ်းဘေးတွင် သွားကြသူများ အလွန်အန္တရာယ်များပါသည်၊ အတတ်နိုင်ဆုံး သံလမ်းဘေးက ဝေးဝေးသွားကြပါသည်၊ မဖြစ်မနေသွားကြသူများလည်း အလွန်သတိထား၍ သွားကြပါသည်။

တစ်ရက်တွင် ကျွန်တော်တို့အိမ်ဘေးရှိ ဦးခင်သည် သူ၏အိမ်တွင်



www.burmeseclassic.com

www.burmeseclassic.com

မွေးထားသော ဝက်များ အစာကျွေးရာတွင် ဖွဲ၊ ဆန်ကွဲနှင့် ရောကျွေးရန်အတွက် ကန်စွန်းရွက်ကို ရွာ၏တောင်ဘက် သံလမ်းဘေးရှိ ရေကန်ကြီးတွင် သွားခူးပါသည်။ ခရီးကလည်း နည်းနည်းဝေးသောကြောင့် စက်ဘီးနှင့်သွားပါသည်။


ဦးခင်သည် သံလမ်းဘေးအတိုင်း စက်ဘီးနင်း၍သွားရာ မန္တလေးမှထွက်ခွာလာသော အမြန်ရထားကြီးသည် ဦးခင်ကို တိုက်သွားပါသည်။

ဖြစ်ပုံက ဒီလိုပါ။ ဦးခင်ကလည်း မြောက်ကနေတောင်ဘက်ကို စက်ဘီးနင်းနေသူ။ ရထားကလည်း မြောက်မှတောင်သို့သွားချိန်။ တောင်လေကလည်း တိုက်နေသောကြောင့် ဦးခင်နောက်က ရထားလာတာကို မကြားလိုက်ပါ။

ရထားကြီးကလည်း အရှိန်ခပ်ပြင်းပြင်းနှင့် မောင်းလာသောကြောင့် ဦးခင်အနားသို့ ရောက်သည့်အခါတွင် ရထားလာသည့် လေအဟုန်နှင့် ယပ်ပြီး ဦးခင် စီးလာသော စက်ဘီးသည် ရထားဘက်သို့ လဲပါသည်။

ရထားတွဲများနှင့်ရိုက်မိပြီး သံလမ်းဘေးသို့ ဦးခင်တစ်ယောက် လိမ့်ဆင်းသွားပါသည်။ ရထားနှင့် ရိုက်မိသောအရှိန်၊ သံလမ်းဘေးသို့ ကျသည့်အရှိန်တို့ကြောင့် ဦးခင်တစ်ယောက် နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားပါသည်။

ကျွန်တော်တို့ တစ်ရွာလုံးလည်း ဦးခင်ရထားနှင့်တိုက်မိကြောင်း ကြားရသည့်အခါ စိတ်မကောင်းကြပါ။ ဦးခင်တွင် မိန်းမနှင့်သားသမီး ငါးယောက်ရှိသည်။ ဦးခင်သည် မည်သည့်အလုပ်မဆို အလုပ်မရွေးပါ။ မိန်းမနှင့် သားသမီးများ စားဝတ်နေရေးအတွက်



သမ္မာအာဇီဝကျသော အလုပ်မှန်သမျှ အကုန်လုပ်ပါသည်။

တစ်ဖက်ကလည်း ရပ်ရေးရွာရေးတွင် အမြဲတမ်း ရှေ့တန်းက ပါဝင်ဆောင်ရွက်နေသူပါ။ ဒီလိုလူမျိုးတစ်ယောက် ရထားနှင့်တိုက်မိပြီး သေဆုံးကြောင်း ကြားရသောအခါ ကျွန်တော်တို့တစ်ရွာလုံး ကျန်ရစ်သူမိသားစုနှင့်ထပ်တူ စိတ်မကောင်းကြပါ။ ဦးခင်၏ ရုပ်အလောင်းမြေကျသည့်အထိ တစ်ရွာလုံး ဝိုင်းဝန်းကူညီပြီး လုပ်ကိုင်ပေးကြပါသည်။

ဤနေရာတွင် ကျွန်တော်ပြောပြချင်သော အကြောင်းကို ဖော်ပြပေးပါမည်။ ဦးခင်သေဆုံးသော ညမှာပင် ရွာထဲရှိ ကိုမောင်နိုင်ကို ဦးခင် ဝင်ပူးပါတော့သည်။ ကျွန်တော်လည်း ကြား,ကြားချင်း ကိုမောင်နိုင်အိမ်သို့ အပြေးသွားမိပါသည်။ ကိုမောင်နိုင်အိမ်သို့ ရောက်သောအခါ ရွာထဲရှိ လူကြီးလေး,ငါးယောက်ခန့် ရောက်နေပြီး ကိုမောင်နိုင်ကို ဝိုင်း၍ စကားများ ပြောနေကြပါသည်။

'မင်း ရွာထဲကို ဘယ်လိုဝင်လာတာလဲ'

'ကျွန်တော့်မိန်းမနဲ့ ကလေးတွေရှိတာပဲ။ တွေ့ချင်လို့လာတာ။ ညနေကရွာအပြင်ထွက်လာတဲ့ ကလေးတစ်ယောက်နောက်ကို လိုက်လာတာ'

'မင်းနဲ့ငါတို့က ဘဝခြားသွားပြီ၊ ပြန်ပါတော့။ ရွာထဲကလူတွေကို ဒုက္ခမပေးပါနဲ့။ မပြန်ဘူးဆိုရင် ပရိတ်ရေတွေနဲ့ ပက်ရလိမ့်မယ်'

'အဲဒီလိုတော့ မလုပ်ပါနဲ့။ ကျွန်တော့်သားအငယ်ဆုံးကို တွေ့ပြီးရင် ပြန်မှာပါ'

ထိုအခါ ရွာထဲရှိသော အဘကျော်ဆိုသော လူကြီးက လူငယ်တစ်ယောက်ကို ဦးခင်၏သားအငယ်ဆုံးကို မြန်မြန် သွားခေါ်ခိုင်းပါသည်။ သိပ်မကြာလိုက်ပါ။ သွားခေါ်သော လူရွယ်နှင့်အတူ ဦးခင်၏သားအငယ်ဆုံး မောင်ချစ် လိုက်လာပါသည်။ မောင်ချစ်အိမ်ထဲဝင်လာတယ်ဆိုရင်ပဲ ဦးခင်၏ဝိညာဉ်ဝင်ပူးနေသော ကိုမောင်နိုင်မှာ ငိုပါတော့သည်။

'သား မောင်ချစ်၊ မင်း အမေ့စကားကို နားထောင်၊ စာမေးပွဲတွေလဲ အောင်, အောင်ဖြေပါ။ အဖေက မင်းတို့နဲ့ ဘဝခြားသွားပြီ။ လိမ်လိမ်မာမာနေနော်'

မောင်ချစ်မှာ ဘာပြန်ပြောရမှန်းမသိ။ ကြောင်တောင်တောင်နှင့် ကိုမောင်နိုင်ကို ကြည့်နေပါသည်။ ကျွန်တော်တို့အားလုံးလည်း စိတ်မကောင်းကြပါ။ ရုတ်တရက်သေဆုံးရတာဖြစ်တာကြောင့် ဦးခင်တစ်ယောက် သားနှင့်မယားကို စိတ်စွဲပြီး ဒီဘဝကို ရောက်နေခြင်းဖြစ်ပါမည်။ ဦးခင်၏ကျန်သော သားသမီးများ ရောက်လာကြပြီး ဖခင်အတွက် စိတ်မကောင်းဖြစ်ကာ ငိုနေကြပါတော့သည်။

အဘကျော်မှ...

'မောင်ခင်ပြန်တော့။ အချိန်လဲ မရှိ

www.burmeseclassic.com

တော့ဘူး။ မင်းအတွက် ရက်လည် ဆွမ်းသွတ်ပြီး အမျှဝေပေးမယ်။ မင်း သာဓုခေါ်ပါ'

ထိုအခါ…

'ဘယ်သူ သာဓုခေါ်ရမှာတုံး။ ငါ ကျွတ်ချင်လို့ ဒီလူ့ စက်ဘီးကို ရထားဘက်ကို တွန်းလှဲ လိုက်တာ။ အခုကြမှ လာမလုပ်နဲ့'

ကျွန်တော်တို့တစ်တွေလည်း ထိတ်လန့်သွားပါသည်။ စကားပြောသံက ဦးခင်အသံ မဟုတ်တော့ပါ။ အသံဩ့ဩကြီးဖြင့် ကြားရတာပင် ကြောက်စရာကြီးပါ။

'မင်းဘယ်သူတုံး။ ရွာထဲကိုလာပြီး ဒုက္ခမပေးပါနဲ့။ ဘာလိုချင်လို့လဲ'

ဟု အဘကျော်မှ မေးလိုက်ပါသည်။

'ကျုပ်တို့ အဲဒီသံလမ်းပေါ် နေတာကြာလှပြီ။ နေတဲ့သူတွေ အများကြီးပဲ။ ကျုပ်က ကျွတ်တမ်းဝင်ချင်လို့ ဟိုလူ့ စက်ဘီးကို ရထားဘက်ကို တွန်းလှဲ လိုက်တာ။ တွန်းလှဲတုန်းက ကျုပ်ပဲ။ အခုကြမှ အကုန်ဝိုင်းပြီး ကျွတ်ချင်နေကြတာ။ ကျုပ်တို့ကို အမဲသားတစ်ပိဿာလောက် ချက်ကျွေးစမ်းပါ'

'အမဲသားတော့ မရဘူး။ ဒီပရိတ်ရေပဲ ရမယ်'

ဟုဆိုကာ အဘကျော်မှ ကိုမောင်ခိုင် ကိုယ်ပေါ်သို့ ပရိတ်ရေများ လောင်းချလိုက်ပါသည်။ ထိုအခါ ကိုမောင်ခိုင်မှ ''အား''ဟု တစ်ချက် အော်ပြီး လဲကျသွားပါသည်။ ဘေးမှ လူများကဝိုင်း၍ ထိန်းပေးကြပြီး သတိရလာအောင် ပြုစုပေးကြပါသည်။

ကိုမောင်ခိုင် သတိရလာသောအခါ သူ့အိမ်သို့ ရောက်ရှိနေသော လူအုပ်ကြီးကိုကြည့်ပြီး အံ့ဩပါသည်။ အဘကျော်မှ ''ဘာမှ စိတ်မပူနဲ့။ သူတို့အားလုံး ပြန်သွားပြီဖြစ်ကြောင်း''နှင့် ဦးခင်၏သားသမီးများကိုလည်း စိတ်မကောင်းမဖြစ်ကြရန် ပြောပါသည်။ ရက်လည်ဆွမ်းကျွေးပြုလုပ်၍ အမျှပေးဝေလိုက်ပါက ဦးခင်တစ်ယောက် သာဓုခေါ်ပြီး ကောင်းရာမွန်ရာဘဝသို့ ရောက်နိုင်ကြောင်း ပြောပြလိုက်ပါသည်။

ကျွန်တော်လည်း ကိုမောင်ခိုင်အိမ်မှ ပြန်လာပြီး အိမ်ရောက်သောအခါ စဉ်းစားမိပါသည်။ ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် မမြင်တွေ့ရသော သရဲ တစ္ဆေများ၊ ပရလောကသားများ အလွန် အင်မတန် ပေါများကြောင်း၊ မီးရထား သံလမ်းများပေါ်တွင်လည်း အများအပြားရှိနိုင်ကြောင်း စဉ်းစားမိပါသည်။

မီးရထားလမ်းများသည် ရှေးနှစ်ပေါင်းများစွာကပင် ပြေးဆွဲလျက်ရှိရာ ရထားပေါ်က ပြုတ်ကျသူများ၊ ရထားနှင့်တိုက်မိ၍ သေဆုံးကြသူများ ရထားသံလမ်းတစ်လျှောက် မည်သည့်နေရာမဆို ရှိနိုင်ပါသည်။

ထိုသူများသည် အချိန်ကာလကြာလာသောအခါ မိမိတို့နေရသော ဘဝမှ နောက်ဘဝတစ်ခုကို ရောက်အောင် နည်းအမျိုးမျိုးဖြင့် ကြိုးစားကြပေလိမ့်မည်။

ထို့ကြောင့် ရထားလာချိန်တွင် သံလမ်းဘေးသွားသူများ သတိထားသင့်ပါသည်။ ဦးခင်၏ အဖြစ်အပျက်ကို ကြည့်၍ မီးရထားသံလမ်းပေါ်က ပရလောကသားများ၏ဆန္ဒ မည်သို့ ရှိနိုင်ကြောင်း စဉ်းစားတွေးခေါ်မိပါတော့သည်။

**(ဖြစ်ရပ်မှန် ဇာတ်လမ်းအား အမည်များပြောင်း၍ ရေးသား ဖော်ပြထားခြင်း ဖြစ်ပါသည်။)**

**မောင်ကိုကို *(ကြေး/မြေ)***

**မည် သူ မ ဆို ပါ ဝင် ရေးသား နိုင်ပါသည်** …

*စာမူပို့ရန်* …

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
**အမှတ် ၂၃၃၊ (၂၉)လမ်း၊**
**ပန်းဘဲတန်းစာတိုက်၊**
**ရန်ကုန်မြို့။**
**ဖုန်း–၀၁ ၂၄၂၂၈၄။**



www.burmeseclassic.com

www.burmeseclassic.com

ဦးဗသန်းဆိုလျှင် အားလုံးက ကြောက်ရွံ့ ရိုသေ ချစ်ခင်ကြ၏။ ဦးဗသန်းသည် ဖျာပုံမြို့၏ စက်ရှင်တရားသူကြီးဖြစ်ပြီး သတ္တိရှိသူဖြစ်သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလတွင် တို့ဗမာအစည်းအရုံး၌ သခင်ဗသန်းအဖြစ် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်တာရာ၊ ဗိုလ်တောက်ထိန်တို့နှင့်အတူ တိုက်ပွဲဝင်ခဲ့သူဖြစ်သည်။

မျိုးချစ်စိတ်ဓာတ် ပြင်းထန်သူဖြစ်ပြီး မြန်မာလူမျိုးများကို အမြဲ ကူညီပံ့ပိုးသည်။ မြန်မာလူမျိုးများကို စွဲဆိုသော အမှုမှန်သမျှကို လျှော့ပေါ့စွာ အပြစ်ဒဏ်ပေး၏။ မြန်မာအားလုံးက ဦးဗသန်းကို ကယ်တင်ရှင်အဖြစ် အားထားကြသည်။

လွတ်လပ်ရေးရပြီးစ ကာလဖြစ်သော်လည်း တိုင်းပြည်မှာ ငြိမ်သက်မှု မရှိသေးပေ။ တောကြောင်အကြွင်းအကျန်များ ရှိနေသေး၏။ ဓားပြမှုများ၊ လုယက်မှုများ မကြာခဏ ဖြစ်ပွားသည်။ တစ်ညတွင် ဓားပြများသည် ဖျာပုံတစ်မြို့လုံးကိုစီးပြီး ဓားပြတိုက်ရန် စီစဉ်ကြသည်။ သတ်မှတ်သည့်ညတွင် အားလုံးက နေရာယူထားပြီးဖြစ်၏။ အချက်ပေးပါက ဓားပြတိုက်ရန် အဆင်သင့်ဖြစ်နေသည်။

အချက်ပေးမည် လုပ်သောအခါ ဦးဗသန်းတစ်ယောက် လမ်းလျှောက်ထွက်လာ၏။ အိမ်ရှေ့ရှိ ကန်ပေါင်ပေါ်တွင် အေးအေးဆေးဆေး အနားယူနေသေးသည်။ သတင်းရထားသော ဓားပြသားများက အိမ်များကို တံခါးပိတ်ပြီး အိမ်ထဲတွင် ငြိမ်သက်နေကြသည်။ ထိုအခါတွင် ဦးဗသန်းတစ်ယောက် ... ရှိသည်။ အိမ်ထဲသို့ တော်တော်နှင့် မဝင်သေးသဖြင့် ခေါင်းဆောင်လုပ်



တက္ကသိုလ် ဘုန်းနိုင်

# နတ်တို့၏ နှိပ်စက်ခြင်းအမှု

## ကင်းဝေးပါစေ

သူက စိတ်မရှည်တော့သဖြင့်...

'ဆရာကြီး ကျွန်တော်တို့ လုပ်စရာရှိတယ်။ အိမ်ထဲဝင်ပါတော့'

ဟု ပြောပြီး အိမ်ဝသို့ လိုက်ပို့ပေးလိုက်သည်။ အိမ်ထဲသို့ဝင်လိုက်သည်နှင့် တစ်မြို့လုံးကို ဓားပြတိုက်တော့သည်။ ခေတ်ပျက်သူဌေးများ၊ တိုင်းတစ်ပါးအလိုတော်ရိအိမ်များကို ပစ်မှတ်ထား၍ ဓားပြတိုက်ကြသည်။ ဓားပြအချို့ကို ဖမ်းမိသော်လည်း သက်သေအထောက်အထား မခိုင်လုံဟု အကြောင်းပြပြီး ပြန်လွှတ်ပေးသည်။

ဦးဗသန်းသည် အယုတ်အလတ် အမြတ်မရွေး အကူအညီပေး၏။ တစ်နေ့ ရွာတစ်ရွာတွင် လူသတ်မှုတစ်ခု ကျူးလွန်သည်။ ငွေတိုးပေးစားသော ချစ်တီးအမျိုးအနွယ်ကို အမြင်ကတ်၍ ရွာက ဝိုင်းပြီး သတ်လိုက်ခြင်းဖြစ်၏။ ဒီအမှုတွင် တစ်ရွာလုံးနှင့် ပတ်သက်မှုရှိနေသဖြင့် အမှုမှာ ကွင်းလုံးကျွတ်လွတ်သွား၏။ တရားခံများက ကျေးဇူးတင်သဖြင့် ရွာသို့ အလည်လာရန် ဖိတ်ခေါ်ကြသည်။ ဦးဗသန်းကလည်း ဗဟုသုတရရန်

www.burmeseclassic.com

အလို့ငှာ လည်ပတ်ရန် ဆုံးဖြတ်လိုက်သည်။

ရွာမှာ ပင်လယ်နှင့်နီးသည်။ တစ်ရွာလုံး၏ စီးပွားရေးလုပ်ငန်းမှာ ပုစွန်ခြောက်လုပ်ငန်းဖြစ်သည်။ ပုစွန်များကိုဖမ်းပြီး ပုစွန်ဖောင်များပေါ်တွင် အခြောက်လှန်းရ၏။ ပြီးနောက် ပုစွန်ခြောက်ပြုလုပ်ရ၏။ ရွာသူရွာသားများသည် မယ်တော်လေးပါးကို ပူဇော်ကြရသည်။ အရှေ့မယ်တော်၊ အနောက်မယ်တော်၊ တောင်မယ်တော်နှင့် မြောက်မယ်တော်ဟူ၍ မယ်တော်လေးပါးရှိရာ ပူဇော်ပသပါမှ ရေလမ်းတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး ပုစွန်များများ ဖမ်းမိသည်ဟု အယူအဆရှိကြ၏။

ဦးဗသန်း ရောက်လာသောနေ့တွင် တစ်ရွာလုံးက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြ၏။ ထိုနေ့တွင် မယ်တော်များအား ပူဇော်ပသပွဲ ပြုလုပ်နေသဖြင့် ရွာတွင် လူစည်ကားနေသည်။ မယ်တော်များအတွက် ပွဲများကို ပုစွန်ဖောင်ပေါ်တွင် ခမ်းခမ်းနားနား ပြင်ဆင်ထားသည်။ ဦးဗသန်းကိုလည်း ရွာသားများက အိမ်တိုင်းစေ့နီးပါး စားသောက်ဖွယ်များ လာပို့ပြီး ညှော်ခံကျွေးမွေးကြ၏။

စားသောက်ပြီး၍ ပြန်ရန် ဟန်ပြင်ချိန်တွင် ရွာသားများက မယ်တော်များပူဇော်ပွဲကို လှေ့လှော်သွားရန် တိုက်တွန်း၏။ ဦးဗသန်းက ယုံကြည်သူမဟုတ်သဖြင့် လှေ့လာချင်စိတ်မရှိ၊ အများက တိုက်တွန်းသဖြင့် အားနာစွာဖြင့် ပုစွန်ဖောင်ပေါ်သို့ တက်လိုက်၏။ နတ်ကတော်က ဖိနပ်ချွတ်၍တက်ရန် ပြောသောအခါ ဦးဗသန်းက တုံ့ဆိုင်းဆိုင်းဖြစ်သွားသည်။



ထိုအချိန်က အရာရှိများသည် ခြေအိတ်နှင့် ရှူးဖိနပ်များကိုသာ စီးကြ၏။ အလွယ်တကူ ချွတ်မရသည့်အပြင် အယုံအကြည်မရှိသည်က တစ်ကြောင်း၊ အာဏာရ တရားသူကြီးဖြစ်သည်က တစ်ကြောင်း တွန့်ဆုတ်မနေတော့ဘဲ ဖောင်ပေါ်သို့ ရဲတင်းစွာ ဖိနပ်စီး၍ တက်လိုက်သည်။ အားလုံးက အံ့အားသင့်စွာ ကြည့်နေကြချိန်တွင် ဦးဗသန်းက တရားပင် ဟောလိုက်သေး၏။

'ကိုယ်လုပ်မှကိုယ်ရမှာ၊ ဘယ်သူ့ကိုမှ အားမကိုးကြနဲ့။ တို့တစ်တွေ ဖက်ဆစ်ဂျပန်ကို အားကိုးမိလို့ ဒုက္ခရောက်ခဲ့သေးတယ် မဟုတ်လား။ နတ်ကိုလည်း အားမကိုးကြနဲ့ အချိန်ကုန်တယ်'

ရွာသားများက မျက်စိမျက်နှာပင်ပျက်နေသည်။ နတ်ကတော်အား တောင်းပန်သည့်အကြည့်ဖြင့် လှမ်းကြည့်ကြ၏။ နတ်ကတော်က မကျေမနပ်ဖြစ်သော်လည်း တရားသူကြီးဖြစ်နေသဖြင့် မပြောရဲပေ။ ထိုအချိန်က တရားသူကြီးဆိုလျှင် ဖိမ့်ဖိမ့်တုန်အောင် ကြောက်နေရသည်။

ဦးဗသန်းနေသောအိမ်မှာ နှစ်ထပ်တိုက်ဖြစ်၏။ ဖက်ဆစ်ဂျပန်ခေတ်တွင် တည်ဆောက်ထားသဖြင့် ထုထည်ကြီးမား၏။ အမြင့်မှာ ပေ(၃၀)ရှိသည်။

အပေါ်ထပ်တွင် ဦးဗသန်းနှင့် မိသား[…] နေ၏။ အောက်ထပ်တွင် အရေးပိုင်[…] မိသားစုနေ၏။ အပေါ်ထပ်သို့ အိမ်[…] အတွင်းမှ တက်ရသည်။ လှေကားကို[…] သံတိုင်များဖြင့် ဒေါင်လိုက် ကာရံထား[…]၏။ အောက်ထပ်ရှိ ညှော်ခန်းနှင့် ဘုရား[…] ခန်းကို လှေကားမှ လှမ်းမြင်နေရသည်[…] လှေကားထိပ်တွင် တံခါးရှိပြီး ဖိနပ်ချွတ်[…] ကို သုံးပေမျှထား၏။ အောက်ထပ်နှင့် အပေါ်ထပ်တက်သော တံခါးနှစ်ခုမှ[…] ကပ်လျက်ရှိပြီး ခေါက်တံခါးများ[…] တပ်ဆင်ထား၏။

ရွာမှပြန်လာပြီး တစ်ပတ်အကြာတွင်[…] ဖြစ်သည်။ ဦးဗသန်းသည် စာကြည့်[…] စားပွဲရှိ ကုလားထိုင်တွင် စာဖတ်နေ[…] စာဖတ်နေစဉ် အောက်ထပ်မှ ရေများ[…] တက်လာသည်။ မြစ်ရေတက်လာ[…] သကဲ့သို့ပင် အပေါ်ထပ်ကို ရောက်လာ[…]၏။ ကုလားထိုင်ထက်ဝက်မျှ မြှ[…] သွားသောအခါ ဦးဗသန်းသည်[…] စာကြည့်စားပွဲပေါ်သို့ တက်လိုက်သည်[…] နောက်ပြီး အလန့်တကြား အော်လိုက်[…]၏။

'ရေတွေ...ရေတွေ တက်လာ[…] တယ်။ ဟေ့ လုပ်ကြပါဦး'

အသံကြား၍ အိမ်ထဲမှ မိသား[…] အိမ်ရှေ့သို့ ပြေးထွက်လာကြ[…] ဦးဗသန်းအား စားပွဲပေါ်တွင် ရပ်[…] သည်ကို တွေ့လိုက်ရသည်။ ရေ[…] စက်မျှ မတွေ့ရပါ။ အဖြစ်အပျက်[…] မေးသောအခါ ရေတွေတက်လာ[…] ခုံပေါ်သို့ တက်နေရကြောင်း ပြော[…]

'ရေတွေ...ရေတွေ တက်[…] တယ်။ လုပ်ကြပါဦး'

'ရေတွေ...ရေတွေ တ[…] တယ်။ လုပ်ကြပါဦး'

ထိုသို့ဖြစ်ရပ်မျိုး မကြာခဏ [...]





www.burmeseclassic.com

www.burmeseclassic.com

နေသဖြင့် အနောက်တိုင်းဆေး၊ တိုင်းရင်းဆေးများနှင့် ဂရုစိုက်ကုသော်လည်း မပျောက်ပါ။ တပည့်များကလည်း ပယောဂဆရာများပင့်၍ ကုပေးသည်။ မထူးခြားလှပါ။ အိမ်သားများက စိုးရိမ်စွာဖြင့် မျက်ခြည်မပြတ် ဂရုစိုက်ကြည့်ရှုနေကြရ၏။

တစ်နေ့ နံနက်စောစော လက်ဖက်ရည်သောက်နေ၏။ မင်းစေဖြစ်သူ တပည့်က ရေနွေးကြမ်းငှဲ့ပေးလိုက်သည်။ ထိုစဉ် ''မြွေတွေ မြွေတွေ တက်လာပြီ'' ဟု အော်ပြီး နောက်ဖေးခန်းသို့ ဝင်ပြေးသည်။ မိသားစုက ဝိုင်းဆွဲထားသော်လည်း အတင်းရုန်းထွက်၏။ မြွေတစ်ကောင်မှ မရှိဘူးပြောမှ အိမ်ရှေ့သို့ ပြန်ထွက်လာသည်။ စိတ်ချောက်ချား၍ ဤသို့ဖြစ်ဟန်တူသည်ဟု အားလုံးက ကောက်ချက်ချကြ၏။ ကုသရန်နည်းလမ်း ရှာကြသည်။

ဆရာတော်တစ်ပါးကို ဆွမ်းပင့်၍ ကျွေးသည်။ ဆရာတော်က နတ်နှိပ်စက်ထားတာဟု ပြော၏။ ရေမန်းများတိုက်ပြီး ပရိတ်ကြိုးကို လည်ပင်းမှာ ဆွဲပေးသွားသည်။ တစ်ပတ်ကြာသည်အထိ ဘာမျှ မဖြစ်တော့ပါ။ သို့ရာတွင် တစ်နေ့၌...

'မြွေတွေလာတယ်၊ မြွေတွေလာတယ်။ ပြေးကြ'

ဟု အော်ပြီး အရှေ့လှေကားမှ ဆင်းပြေး၏။ အိမ်သားများက လိုက်ပြီးဆွဲကြသည်။ ဘာမြွေမှမတွေ့ရပါ။ လှေကားတစ်ဝက်ခန့် ဆင်းပြေးပြီးသောအခါ ရပ်သွားပြီး ညှိခန်းထဲသို့ လှမ်းကြည့်နေသည်ကို တွေ့လိုက်ရသည်။ ဖမ်းချုပ်ထားသော လက်များကို ဖယ်နိုင်းပြီး အရေးပိုင်၏ ညှိခန်းသို့



လိုက်ပို့ခိုင်း၏။ ညှိခန်းအရှေ့ဘက်ရှိ ဘုရားစင်ရှေ့၌ စားပွဲတစ်လုံးပေါ်တွင် ကန်တော့ပွဲများ ထိုးထားသည်ကို တွေ့ရသည်။

စားပွဲပေါ်တွင် ဉာဏ်တော် တစ်ပေမြင့်သော ဘုရားတစ်ဆူ ပူဇော်ထား၏။ ဘုရားရှေ့တွင် သာသနာပွဲတစ်ပွဲရှိ၏။ သာသနာပွဲဘေးတွင် ဘိုးတော်ပွဲနှစ်ပွဲ ထိုးထားသည်။ ဘုရားကို အမွှေးတိုင်၊ ဖယောင်းတိုင်များဖြင့် ပူဇော်ထား၏။ ပန်းအိုးများတွင် နှင်းဆီပန်း၊ သပြေပန်းနှင့် ငွေပန်းများ ကပ်လှူထား၏။ သောက်တော်ရေခွက် (၉)ခွက်နှင့် သစ်သီး(၉)မျိုးကိုလည်း ဆက်ကပ်လှူဒါန်းထားသည်။

ဦးဗသန်းသည် ကန်တော့ပွဲများ ထိုးထားသော ဘုရားစင်ရှေ့သို့ လျှောက်သွား၏။ လက်အုပ်ချီ၍ ပွဲများရှေ့တွင် ထိုင်ချလိုက်သည်။ အားလုံးက စိုးရိမ်စိတ်နှင့် လှမ်းကြည့်နေကြ၏။ ဘုရားကို ရှိခိုးလိုက်ပြီး ညာဘက်လက်ဝါးကို ဖြန့်ပေးလိုက်သည်။ ပြီးနောက် ခေါင်းညိတ်ပြ၏။ လက်ဝါးပေါ်တွင် ဘာမျှမရှိဘဲ ပါးစပ်ထဲသို့ ပစ်သွင်းလိုက်ပြီး စားပွဲမှ သောက်ရေခွက်ကို ယူသောက်ပြီးနောက် အိမ်ပေါ်သို့ ပြန်တက်သွားသည်။ အားလုံးက နောက်မှလိုက်သွားကြ၏။ ဦးဗသန်း တစ်ယောက် ရူးသွားပြီဟုသာ ထင်ကြသည်။

ဦးဗသန်း၏အခြေအနေကို စောင့်ကြည့်နေကြသည်။ ထိုနေ့မှစပြီး ပြန်လည်ကောင်းမွန်လာကြောင်း တအံ့တသြ တွေ့ကြရသည်။ အလုပ်များကိုလည်း ပုံမှန်လုပ်နေကျ ပြန်လုပ်၏။ တရားစီရင်ရေးကိုလည်း အမှားအယွင်းမရှိ ပြန်လည်လုပ်ကိုင်နိုင်ပြီဖြစ်သည်။ ဦးဗသန်း ပြန်လည်နေကောင်းလာသဖြင့် အားလုံးက ဝမ်းသာကြသည်။ အရေးပိုင်ကြီးက သူလှူဒါန်းထားသော ကန်တော့ပွဲများကြောင့် ဖြစ်သည်ဟု ဂုဏ်ယူဝင့်ကြွားလေ၏။ ဦးဗသန်းက သူတွေ့ခဲ့သော အဖြစ်အပျက်အလုံးစုံကို အောက်ပါအတိုင်း ပြန်ပြောပြသည်။

အိမ်ပေါ်သို့ တက်လာသောမြွေမှာ အကောင်(၁၀၀)မျှ ရှိ၏။ မြွေပွေး၊ မြွေဟောက်၊ ရေမြွေ အမျိုးစုံ၏။ ပေါက်ရန်ဟန်ပြင်သဖြင့် ကြောက်လန့်၍ အိမ်ရှေ့သို့ ဆင်းပြေးခဲ့မိသည်။ လှေကားတစ်ဝက် ရောက်သောအခါ ခေါ်သံကြား၍ သံတိုင်တွေအကြားမှ ဘုရားခန်းကို လှမ်းကြည့်လိုက်ရာ ကန်တော့ပွဲများဘေးတွင် သင်္ကန်းဝတ်ဘုန်းကြီးတစ်ပါးနှင့် တိုက်ပုံဝတ်ပုဂ္ဂိုလ်တစ်ဦးက လက်ရပ်ခေါ်နေသည်ကို တွေ့ရ၏။

ဘုရားစင်ရှေ့ ရောက်သောအခါ ဘုန်းကြီးမှာ သစ်ခေါက်ဆိုးသင်္ကန်းဝတ်ထားပြီး တောင်ဝှေးတစ်ချောင်းကို ကိုင်ထားသည်။ တိုက်ပုံဝတ်ပုဂ္ဂိုလ်မှာ ဆံပင်များရှည်ပြီး ရှုပ်ပွနေ၏။ ပနို တိုက်ပုံဝတ်ထားပြီး လည်ပင်းတွင်

www.burmeseclassic.com

ပုတီးတစ်ကုံး စွပ်ထားသည်။ အနီရောင်ပုဆိုးကွက်ကို ဝတ်ထားသည်။ သူ့ကိုကြည့်ပြီး တိုက်ပုံဝတ်ပုဂ္ဂိုလ်က ကြင်နာသောလေသံဖြင့် ပြောသည်။

'သားတော်ကြီးက တို့ရဲ့ အဆက်အနွယ်ဖြစ်တယ်။ သူတို့က သားတော်ကြီးကို နှိပ်စက်ထားကြတယ်လေ။ အခုအချိန်ကစပြီး သားတော် ဘာမှမဖြစ်တော့ဘူး။ ရော့ ဒီဆေးသုံးလုံးကို ပွဲတင်ထားတဲ့ ရေနဲ့ သောက်လိုက်'

ဟု ပြောပြီး လက်ဝါးထဲသို့ ဆေးသုံးလုံး ထည့်ပေး၏။ ဆေးမှာ ရွှေးစေ့သာသာရှိသည်။ ပွဲတင်ထားသော သောက်ရေခွက်နှင့် ဆေးသုံးလုံးကို သောက်ပြီးသည်နှင့် ပုဂ္ဂိုလ်များ ပျောက်ကွယ်သွားကြသည်။ ဤသို့ဖြင့် ရောဂါ ပျောက်ကင်းသွားကြောင်း ပြောပြ၏။ ပုဂ္ဂိုလ်ထူးများကို ဘယ်သူမှ မမြင်လိုက်ရကြောင်း သိလိုက်ရ၏။

ဆယ်ရက်မျှကြာပြီးနောက် ဦးဗသန်းသည် ပက်လက်ကုလားထိုင်တွင်ထိုင်၍ ဥပဒေစာအုပ်တစ်အုပ်ကို ဖတ်နေ၏။ ထိုသို့ ဖတ်နေစဉ် အိပ်ပျော်သွားပြီး အောက်ပါ အိပ်မက်ကို မက်နေ၏။

အရှေ့လှေကားမှ အမျိုးသမီး (၄) ယောက် တက်လာပြီး သူ့အရှေ့တွင် တန်းစီ၍ ထိုင်ကြ၏။ လေးယောက်စလုံးမှာ ဆံပင်များကို ထုံးထားရာမှ ဖြန့်ချလိုက်၏။ အားလုံးမှာ ဆံပင်ဖားလျားနှင့် ဖြစ်သည်။

(၄)ယောက်စလုံး လက်ဖဝါးများကို ဖြန့်လိုက်သောအခါ လက်ဖဝါးပေါ်တွင် ပုစွန်ဆိတ်တစ်ကောင်စီ ပေါ်လာ၏။ ပုစွန်ဆိတ်များကို ပါးစပ်ထဲသို့ ထည့်သွင်းလိုက်သောအခါ ခေါင်းတွင် စည်းပုံသဏ္ဍာန် အတက်ကလေးများ ပေါက်လာ၏။ ထို့နောက် နတ်အဝတ်အစားအသွင်သို့ ပုံပြောင်းသွား၏။



နတ်သမီးလေးဖော်က...

'မသိလို့လုပ်မိတာပါ။ ခွင့်လွှတ်တော်မူပါ'

ဟု ပြော၍ ကန်တော့ကြသည်။ ကန်တော့ပြီးသည်နှင့် ပြန်လည်ဆင်းသွားကြ၏။ ဤတွင်မှ ဦးဗသန်းလည်း အိပ်ရာမှ နိုးလာ၏။ အိပ်မက်ဖြစ်မှန်း သိလိုက်ရ၏။

ဦးဗသန်းသည် နတ်ယုံကြည်သူမဟုတ်၊ ဘုရားကိုပင် မှန်အောင်ရှိမခိုးသူ ဖြစ်၏။ ဤသို့ ဆန်းကြယ်သော ဖြစ်ရပ်များ တွေ့ကြုံလာသောအခါမှစ၍ အရေးပိုင်မင်း၏ အကူအညီရယူကာ ယုံယုံကြည်ကြည်ဖြင့် သာသနာပွဲများ၊ ဘိုးတော်ပွဲများ လှူဒါန်းခဲ့သည်။ နေ့စဉ် ဘုရားရှိခိုးသောအကျင့်ကိုပါ ရလာသဖြင့် အားလုံးက ပျော်ရွှင်မဆုံး ဖြစ်ရတော့သည်။

ပင်စင်ယူပြီးနောက် ဦးဗသန်းတို့မိသားစု ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာကြသည်။ ရတနာသုံးပါးကို ကြည်ညိုလေးစားသူဖြစ်ပြီး ဘာဝနာလုပ်ငန်းကို အချိန်ပြည့် လုပ်ကိုင်နိုင်ပြီဖြစ်သဖြင့် ဆေးတိုက်သွားသော ပုဂ္ဂိုလ်ထူးများကို ရှာဖွေရန် ဆုံးဖြတ်လိုက်သည်။ ဘုရားစုံဖူးရင်းနှင့် တစ်နေ့တွင် အောင်သိဒ္ဓိကုန်းရှိ ဓာတ်ပေါင်းစုစေတီသို့ ရောက်သွား၏။

ဓာတ်ပေါင်းစုစေတီတွင် အဘအောင်မင်းခေါင် (ဘိုးမင်းခေါင်)၏ ဓာတ်ပုံကို ကြည့်ကြည့်လင်လင် ပြ[illegible] ပြတ်သားသား တွေ့လိုက်ရသောအ[illegible] ဆေးပေးသွားသောပုဂ္ဂိုလ်မှာ အ[illegible] အောင်မင်းခေါင်ဖြစ်မှန်း သိရတေ[illegible] သည်။ ထိုစေတီသို့ အပတ်စဉ်သွား[illegible] ပုတီးစိပ်၊ ဘာဝနာပွားများခြင်းအလ[illegible] ကို လုပ်ခဲ့ရာ ဓာတ်လုံးတစ်လုံး ပေ[illegible] ပေါ်သို့ ကျလာခဲ့ဖူး၏။

သက်နှိုးဝတ်ရဟန်းအား ရှာဖွေ[illegible] ချွတ်စွတ်တူသော ရဟန်းများ မတွေ့[illegible] သဖြင့် မည်သည့်ပုဂ္ဂိုလ်ထူးဖြစ်မည်[illegible] မခန့်မှန်းနိုင်တော့၍ ဦးဗသန်း လ[illegible] လျှော့လိုက်၏။

ဥပုသ်နေ့တစ်နေ့တွင် ဗိုလ်တထော[illegible] ဘုရားတွင် ပုတီးစိပ်ရန် သွား[illegible] ဆံတော်တွင်းမှရှေ့၌ ပုတီးစိပ်ပြီးသေ[illegible] အခါ ဘုန်းတော်ကြီးတစ်ပါးက နော[illegible] ဘက်မှနေ၍ ဆေးဖိုးလှူဒါန်း[illegible] အလှူခံလာ၏။ ဦးဗသန်းက မော့[illegible] ငွေငါးရာကျပ် လှူဒါန်းလိုက်သ[illegible] ဘုန်းတော်ကြီးမှ ဆုများပေးသွ[illegible] ဘုရားထဲမှ ထွက်သွား၏။ ဘုန်းတေ[illegible] ကြီး၏ မျက်နှာတော်ကို မြင်ဖူးသလို[illegible] ရှိသဖြင့် စဉ်းစားကြည့်သောအ[illegible] ဆေးတိုက်သွားသော ဘုန်းကြီး[illegible] ခပ်ဆင်ဆင်တူနေ၏။ ဘုရားပြင်[illegible] ထွက်၍ ရှာကြည့်သောအခါ အ[illegible] အယောင်မျှပင် မတွေ့တော့ပါ။ ဆ[illegible] သွားသောအသံသာ ဦးဗသန်း[illegible] ထဲတွင် စွဲကျန်ရစ်ခဲ့သည်။

"ကျန်းမာပါစေ"

"ချမ်းသာပါစေ"

"နတ်တို့နှိပ်စက်ခြင်းမှ ကင်းဝေးပါ[illegible]" တဲ့။

**ဖခင် သခင်ဗသန်းအား ဤ[illegible] များဖြင့် ကန်တော့ပါ၏။**

**တက္ကသိုလ် အပန်[illegible]**

www.burmeseclassic.com



**နတ်မောက် လှမြင့်သစ်**

# ဟင်းစားရမည်

**စီးပွားဖြစ် မရပါ**

(၁၁–၁၂–၂၀၁၃) စနေနေ့တွင် ကျွန်တော်နှင့် ညီဖြစ်သူ မြေတိုင်းစာရေးကြီး ဦးဝင်းကျော်သူတို့သည် နတ်မောက်မြို့၏ အနောက်မြောက်ဘက် (၈)မိုင်ခန့်ဝေးသော “**ဇလုတ်ကြီးရွာ**”သို့ သွားခဲ့ကြပါသည်။

နံနက်(၇)နာရီခန့် သွားရန် ချိန်းဆိုထားသော်လည်း ကျွန်တော်၏ မော်တော်ဆိုင်ကယ်မှာ နံနက်စောစော အအေးပိုချိန်တွင် နှိုးမရ၊ အနှိုးထိုင်းနေသဖြင့် ကြန့်ကြာမှု ဖြစ်နေရပါသည်။ “တော်တော် အအိပ်ကြီးတဲ့ ဆိုင်ကယ်ပဲ”ဟု ဒေါသစိတ်ကို ဟာသတွေးတွေးပြီး ဖြေဖျောက်လိုက်ရပါသည်။

ဘယ်ခြေဖြင့် လေး,ငါးခါ ထပ်နင်းနှိုးသော်လည်း ကိုယ်တော်ချောဆိုင်ကယ်က လုံးဝမနိုးပါ။ ထိုအချိန်မှာပင်

www.burmeseclassic.com

တစ်လမ်းကျော်တွင် နေထိုင်သော ညီဖြစ်သူ မြေတိုင်းစာရေးက ကျွန်တော့်အိမ်သို့ ဆိုင်ကယ်ဖြင့် ဆိုက်ရောက်လာပါသည်။

'အစ်ကိုကြီးဆိုင်ကယ် အနှီးရခက်နေရင်လဲ ကျွန်တော့်ဆိုင်ကယ်နဲ့ပဲ နှစ်ယောက် စီးသွားလိုက်ရအောင်ပါ။ ကျွန်တော့်ဆိုင်ကယ် ကြွနိုင်ရေး စစ်ပြီးသား၊ လုပ်ပြီးသားပါ။ နောက်က စိတ်ချသာ စီးလိုက်ခဲ့ပါဗျာ'

'အေးကွာ၊ ဆိုင်ကယ်သာ မနိုးတယ် လူကို မနက်စောစော ချွေးပြန်နေပြီ။ သားကြီးရေ ဆိုင်ကယ်ကို ဆိုင်ပြကြည့်ဦး။ ကာဘာရိုက်တာ ဆေးရမှာဆိုရင်လဲ ဆိုင်ကို ဆေးခိုင်းလိုက်ပေါ့။ တကယ်ကိုပဲကွာ၊ ဆိုင်ကယ်ဆိုမှ ဆိုင်ကယ်။ ဆိုင်ကိုချည်း အကယ်ခိုင်းနေရတာပဲ'

ကျွန်တော်၏သားကြီး ကျော်စွာထက်ကို ဆိုင်ကယ်သွားရောက် ပြင်ရန် မှာကြားခဲ့ပြီး ညီဖြစ်သူ၏ဆိုင်ကယ်နောက်မှ ခွထိုင်စီးပြီး ဇလုတ်ကြီးရွာသို့ လိုက်သွားဖြစ်ခဲ့ပါတော့သည်။

* * *

**''ဈေးသာရွာ''**သို့ မရောက်မီ **''ပန်းတင်ရိုး''**ဖြတ်လမ်းမှ ညီဖြစ်သူက ဖြတ်မောင်းသည်။

'ညီလေး၊ ပန်းတင်ရိုးနတ်ကို ပန်းချိုးပြီး တင်ခဲ့ဦးမလား။ တော်ကြာ မကျေနပ်လို့ လမ်းမှာ တစ်ခုခုဖြစ်ပါဦးမယ်ကွာ'

'အပြန်မှာ မပျက်မကွက်တင်ပါ့မယ်လို့ တောင်းပန်ခဲ့ပါတယ်။ ရပါတယ်၊ ဘာမှမဖြစ်စေရပါဘူး'

ညီဖြစ်သူက အေးအေးဆေးဆေးပင် ပြောပြီး ဆိုင်ကယ်ကို ဂရုတစိုက် မောင်းနေပါသည်။



နတ်မောက်မြို့နှင့် ဈေးသာရွာကြားတွင် ''ပန်းတင်ရိုး''နတ်စင်ရှိသည်။ ရှေးဘိုးဘွား အစဉ်အလာကတည်းက စဉ်ဆက်မပြတ် တည်ထား ယုံကြည်ပန်းတင်ခဲ့သော နတ်စင်ဖြစ်ပါသည်။

ခရီးသွားခရီးလာ တောထဲတောင်ထဲ ယာခင်းသွားသူများသည် ပန်းတင်ရိုးအနီးရှိ တောပန်းတောင်ပန်းများကို ချိုးပြီး ပန်းတင်ရိုးနတ်စင်တွင် ပန်းဆက်သ တင်လေ့ရှိကြရာမှ အလေ့အထုံ ဖြစ်ခဲ့ပါသည်။

ယခုအထိပင် ပန်းတင်ရိုးနတ်စင်သည် အမြဲပင် ဘယ်အချိန်ကြည့်ကြည့် တောပန်းမျိုးစုံ ဝေနေပါသည်။ ပန်းတင်ရိုးနတ်စင်ကို ပန်းတင် (ပန်းဆက်) ပြီး သွားလာလုပ်ကိုင်သော လမ်းအလုပ်သည် အထူး အဆင်ပြေသည်ဟုလည်း ယုံကြည်ရင်းစွဲ ရှိကြပါသည်။ သို့အတွက် ညီတော်မောင်ကို သတိပေး မေးလိုက်မိရခြင်း ဖြစ်ပါသည်။

'ဒါနဲ့ ဇလုတ်ကြီးရွာမှာ ဘာကိစ္စအထူးရှိလို့လဲ ညီလေးရ၊ အခု မင်းကွင်းနင်းတာဝန်က ဇလုတ်ကြီးရွာအုပ်စုမှာလား'

'မဟုတ်ဘူး အစ်ကိုကြီး၊ ကျွန်တော် ကွင်းနင်းတာဝန်က မြောက်ပိုင်းထန်းပင်ကုန်းကြီး ရွာမှာပါ။ ဇလုတ်ကြီးကို အခုသွားရတာက အဲဒီရွာမှာ

ကျွန်တော့်မိတ်ဆွေ ကိုရန်ကင်းဆီမှာ နွားမ,မွေးဖက် ပေးထားတာ ရှိတယ်။ အဲဒီနွားမကြီးက ပေါက်ဖွားတာ နွားဗိုက်(၂)ကောင် ရှိနေပြီ၊ ကြီးတဲ့နွားဗိုက်က နိုင်းဖြစ်နေပြီ။ ငယ်တဲ့ နွားဗိုက်လေးက နို့ခွဲသာသာပဲ ရှိသေးတယ်။

ပင်ရင်း နွားမကြီးက အစားဖျင်းအစားညံ့နေလို့ ရောင်းပစ်ပြီး နောက်ကောင်းတဲ့နွားမ မွေးဖို့ ဝယ်ပေးနိုင်းတာ အဲဒါသွားကြည့်တဲ့ သဘောပါပဲ။ ကြီးတဲ့နွားရော ဘယ်လောက်ရောင်းရမလဲ၊ အကဲခတ်ရအောင်လို့ပါ'

'ဩော်... အေး အေး ကောင်းတယ်ကွာ၊ အရင်ရောက်ဖူးလား၊ ဟင်းရော ကျွမ်းရဲ့လား'

'ရောက်ဖူးပါတယ် အစ်ကိုကြီး၊ အရင် နှစ်ခေါက်ရောက်ဖူးပါတယ်။ ရောက်ဖူးရုံတင်မကဘူး၊ ရွာအရှေ့ဘက်က **''ဟင်းစားကန်''**မှာ ငါးများဖူးပြီးပြီ'

'ဟေ... ဘာကန်ကွ ပြန်ပြော ပါဦး'

ညီတော်မောင် ပြောလိုက်သော များကန်အမည်မှာ ထူးခြားနေသဖြင့် ပြန်မေးလိုက်မိပါသည်။

'ဟုတ်တယ် အစ်ကိုကြီးရ ဟင်းစားကန်တဲ့ဗျ။ အဲဒီကန်က တော်တော် ထူးခြားတယ်။ ရှေ့နားရိုးအ အကွေ့လေး ကွေ့လိုက်ရင် ရောက်ပြီ။ အစ်ကိုကြီး ကောင်းကောင်း ထားနော် ဂီယာကြီးနဲ့တက်ရမှာ'

ညီတော်မောင်မှ ဆိုင်ကယ်ဂီယာကို ပြောင်းပြီး လီဗာကာ ရိုးအတက်လမ်းကို သတိမောင်းတက်ရပါသည်။ ရိုးအ အနည်းငယ်မြင့်မောက်နေသည့် နွားလှည်းလမ်းဖြစ်သဖြင့် အ

www.burmeseclassic.com

သတိထားမောင်းရပါသည်။

ရှိုးအတက်အောင်မြင်ပြီး အနည်းငယ် မောင်းလိုက်သောအခါ ညီတော်မောင်ပြောသည့် ဟင်းစားကန်သို့ ရောက်ရှိခဲ့ပါသည်။

'ကဲ အစ်ကိုကြီး ခဏနားရင်း ဆေးလိပ်လေး ဘာလေး ဖွာဦးပေါ့ဗျာ။ ဒါ ဟင်းစားကန်ပဲ'

ဟင်းစားကန်ဟု ပြောသော ရေကန်ပေါင်ပေါ်တွင် ကျွန်တော်နှင့် ညီတော်မောင်တို့ ခေတ္တနားလိုက်ပါသည်။ ကန်ရေပြင်ကို ဖြတ်တိုက်လာသော လေနုအေးကို ရှူရှိုက်ရရာ လန်းဆန်းသွားရပါသည်။

ကန်မှာ အတော်လေးကျယ်ဝန်းပါသည်။ သစ်ရိပ်များ ကောင်းသည့်အပြင် ငါးများမှာလည်း တဗွမ်းဗွမ်း ပွက်နေပါသည်။ ဟိုနေရာက ပလုံ၊ ဒီနေရာက ပလုံ... ပလုံ... ပလုံနှင့် တောက်လျှောက် ငါးများပွက်နေရာ ဝါသနာပါသူများ လက်ယားနေမည်မှာ အမှန်ပင်။

'ငါးတော်တော် ပေါမယ့် ကန်ပဲကွ'

'ဟုတ်တယ် အစ်ကိုကြီး၊ ငါးကတော့ တကယ်ပေါတယ်၊ ဒါပေမယ့် စမ်းမျှားကြည့် ဟင်းစားပဲရမယ်။ စီးပွားဖြစ် ရောင်းစားဖို့အထိ မရဘူး။ ကန်စောင့်နတ်ကြီးတယ်လို့ ပြောတာပဲ အစ်ကိုကြီးရာ'

'ဟ... ဒီလောက်ငါးတွေ ပွက်နေတာ'

'ဟုတ်တယ် အစ်ကိုကြီး ဒါပေမယ့် မရဘူး။ ဟင်းစားပဲ ရမယ်၊ ဟင်းစားရဖို့တောင်မှ ကန်စောင့်နတ်ကို တောင်းပန်ပြီး မျှားမှ ရတယ်။ ပထမဆုံးရတဲ့ ငါးကိုလဲ ကန်စောင့်ကြီးကို ပသပါတယ်ဆိုပြီး ကောင်းကောင်းကို မြှောက်ပစ်လိုက်ရသေးတယ်ဗျ'



'မင်းဟာက ဟုတ်မယ် မထင်ပါဘူးကွာ။ ဒါတွေက ခေတ်နောက်ကျခဲ့ပြီ ထင်ပါတယ်ကွာ။ ငါးစာကောင်းကောင်းနဲ့ မျှားရင် ရ,ရမှာပေါ့ကွာ'

'မဟုတ်ဘူး အစ်ကိုကြီး၊ ကျွန်တော်နဲ့ ကိုလှိုင်စိုး လက်တွေ့စမ်းပြီးပြီ။ ကိုလှိုင်စိုးကလဲ လုံးဝ အယုံအကြည် မရှိဘူးဆိုတဲ့ လူပဲဗျ'

'ဟုတ်လား ဘယ်လိုစမ်းတာလဲ'

'ဒီလို အစ်ကိုကြီးရဲ'

* * *

'အဲဒါ လုပ်မလား ကိုလှိုင်စိုး'

'လုပ်မယ် မောင်ဝင်း၊ ငါ ဒါမျိုး အယုံအကြည်မရှိဘူး။ ငါးမျှားတံတင်မကဘူး ပိုက်တားဖို့ရော ယူခဲ့မယ်လေ။ ငါးရှိရင် တားပိုက်က မလွတ်ပါဘူးကွာ'

ဤသို့ဖြင့် တောင်းပန်ပြီး ငါးမျှားမှ ရသည်၊ အဦးဆုံးရသော ငါးကိုလည်း ပသတင်မြှောက်ရသည်၊ မျှား၍ ရလျှင်လည်း ဟင်းစားသာရသည်၊ စီးပွားဖြစ် ပေါပေါများများ ငါးမရဟုဆိုသော "ဟင်းစားကန်" ဆီသို့ တနင်္ဂနွေရုံးပိတ်ရက် တစ်ရက်တွင် မောင်ဝင်း ခေါ်ဝင်းကျော်သူနှင့် သူ့မိတ်ဆွေဆိုသူ ကိုလှိုင်စိုးတို့ သွားခဲ့ကြလေသည်။

ထိုနေ့က နံနက်(၈)နာရီခန့်ကတည်းက မောင်ဝင်းနှင့် ကိုလှိုင်စိုးတို့ ငါးမျှားတံ တစ်ယောက် ငါးချောင်းစီနှင့် မျှားသော်လည်း တစ်နေသာ ကုန်သွားခဲ့သည်။ ငါးတစ်ကောင် တစ်မြီးမှ မရချေ။

ပါလာသော ထမင်းချိုင့်ကို ဖွင့်စားပြီး ညနေစောင်းလာသောအခါ ပုလင်းပြားလေးကို ဖွင့်လိုက်ပြီး မော့လိုက်ကြသည်။

သုရာအရက်ကလေး ဝမ်းထဲရောက်သွားသောအခါ ကိုလှိုင်စိုး စိတ်တို့ ကြွလာသည်။ တစ်နေကုန် ငါးတစ်ကောင်မှ မရသည်ကို စိတ်ထဲမှာ မချင့်မရဲနှင့် မကျေမနပ် ဖြစ်လာရသည်။ ဘယ်သူ့ကို အပြစ်ဖို့ရမည်လဲ မပြောတတ်နိုင်အောင်ပင်။ အတော် ညနေစောင်းလာသောအခါ...

'ငါ့မှာ တားပိုက်ပါနေတာပဲကွာ ငါး တစ်ကောင်မှ မရလို့ကတော့ မဖြစ်ဘူး။ ရေထဲဆင်းပြီး ပိုက်ချမယ်၊ ပိုက်တားမယ်ကွာ'

'မလုပ်ပါနဲ့ ကိုလှိုင်စိုးရာ။ ဒီရေကန်က အစောင့်ကြီးတယ်၊ နတ်ကြီးတယ်လို့ ကျွန်တော် ကြားဖူးတယ်ဗျ။ တောင်းပန်ပြီး တောင်း မျှား၊ ပထမဆုံး ရတဲ့ငါးကိုလဲ တင်မြှောက်ပသမှ ငါးရတယ်တဲ့ဗျ။ ဒါတောင် ဟင်းစားလောက်ပဲ ရမယ်။ စီးပွားဖြစ် ဖုံးပေါလအောင် မရဘူးတဲ့။ ခင်ဗျား ပိုက်တားချင်ရင် တောင်းပန်ပြီး ပိုက်တား၊ ပိုက်ချ လုပ်ပါဗျာ'

မြေတိုင်းစာရေး မောင်ဝင်းမှ ထိုသို့ ပြောပြသည်ကို ကိုလှိုင်စိုး လက်မခံချေ။ အရက်အရှိန်နှင့် တဟားဟား ရယ်ကာ ဖွတ် ရေကန်ထဲ ဆင်းပြီး ပိုက်ချ၊ ပိုက်တား လုပ်လေတော့သည်။

'ဟား... ဟား... ဟား... ဟား ငါ ဒါတွေ အယုံအကြည် မရှိပါဘူးကွာ။



www.burmeseclassic.com

www.burmeseclassic.com

ငါးမျှားလာ၊ ပိုက်ချလာတာ အနှစ်သုံးဆယ်လောက် ရှိခဲ့ပါပြီကွ။ ဒီလိုတစ်ခါမှ မကြုံဖူးလို့ကို မယုံဘူး။ ကြည့်နေပါကွာ ပိုက်တားလိုက်ရင်လေး,ငါးပိဿာ ရစေရမယ်'

ပြောပြောဆိုဆိုပင် ကိုလှိုင်စိုးသည် ရေကန်ထဲသို့ဆင်းကာ သူ့တွင် အသင့်ပါလာသော တားပိုက်ကို စိတ်တိုင်းကျ ချလေသည်။

'ငါးမျှားတံတွေ သိမ်းလိုက်တော့ မောင်ဝင်း'

မောင်ဝင်းမှ ငါးမျှားတံများကို ရုပ်သိမ်းပြီး သစ်ပင်တစ်ပင်တွင် ထောင်ထားလိုက်ပါသည်။ ကိုလှိုင်စိုးမှာ စိတ်တိုင်းကျ ရေထဲတွင် ပိုက်ချ, ပိုက်တား ပြုလုပ်ပြီးနောက် ကန်ပေါင်ပေါ် ပြန်တက်လာကာ ပုလင်းပြားထဲမှ လက်ကျန် အရက်နှစ်ပက်ခန့်ကို တစ်ချက်တည်း မော့ချလိုက်လေတော့သည်။

* * *

ညနေမှိုင်းစ ခြောက်နာရီခွဲ၊ ခုနစ်နာရီခန့်တွင်...

'အား... အား အမေ့ လုပ်ပါဦး။ လုပ်ပါဦး။ ခွီး... ခွီး... ခွီး... ခွီး'

ကိုလှိုင်စိုးတစ်ယောက် လက်တွေခြေတွေ ကွေးကောက်ပြီး တခွီးခွီးနှင့် ပါးစပ်မှ အမြှုပ်များထွက်ကာ အကြောတက်သလို ဖြစ်နေလေတော့သည်။

'ဟာ... ဟား... ကိုလှိုင်စိုး ဘယ်လိုဖြစ်တာလဲ လုပ်ကြပါဦးဗျ၊ လာကြပါဦးဗျ'

မောင်ဝင်းမှ ကိုလှိုင်စိုး ရင်ဘတ်ကို ဖိနှိပ်ပေးပြီး အော်ဟစ် အကူအညီ တောင်းလေသည်။ ကံကောင်းသွားသည်ဟု ဆိုရပါသည်။ ဇလုတ်ကြီးရွာထဲမှ ခရီးပြန်နှစ်ယောက် ရောက်လာပြီး ကိုလှိုင်စိုးကို ခြေမချီး၊ လက်မခွကြား နှိပ်ပေး ပိုင်းဝန်းပြုစုပေးသဖြင့် ကိုလှိုင်စိုးမှာ အကြောတက် ရပ်သွားပြီး သတိပြန်လည်လာလေသည်။ ခရီးပြန်နှစ်ဦးက...

'ခင်ဗျားတို့နှစ်ယောက် တောင်းပန်ပသမှု မပြုဘဲ ကန်ထဲဆင်း ငါးမျှား ပိုက်တားလုပ်တယ်နဲ့ တူတယ်။ ဒီဟင်းစားကန်က မရဘူး အစောင့်ကြီးတယ်။

မယုံဘူးဆိုပြီး စမ်းရင် ခုလိုပဲ ချက်ချင်းကို ပြတာ။ ခင်ဗျား အခု တောင်းပန်လိုက်ပါ။ မတောင်းပန်ရင် လမ်းအပြန်မှာ ထပ်ဖြစ်လိမ့်မယ် မယုံမရှိနဲ့။ ကျုပ်တို့ ရွာက လူတွေ လက်တွေ့ စမ်းဖူးပေါင်းများပြီ မသေရုံတဲ့ ခံရတာ။ သူ့ပိုင်နက် သူ့ရေမြေမှာ မယုံလို့ မရဘူးဗျ။ သူ့စည်း သူ့ကမ်း လိုက်နာမှ အန္တရာယ်ကင်း ချောမောမှာပေါ့'

ထိုအခါမှပင် ကိုလှိုင်စိုးမှာ...

'ယုံပါပြီဗျာ၊ ယုံပါပြီ... ယုံပါပြီ တောင်းပန်ပါ့မယ်ဗျာ။ အခုပဲ တောင်းပန်ပါ့မယ်'

ဟု ဆိုကာ သူသိသမျှ၊ တတ်သမျှ၊ ကြားဖူးသမျှများ စုံအောင်ပင် တောင်းပန်တိုးလျှိုးပြီး ရေကန်ကြီးကို ရှိခိုးနေလေတော့သည်။

* * *

'ကျွန်တော်နဲ့ ကိုလှိုင်စိုး အဲသလို



လက်တွေ့ စမ်းဖူးကြုံဖူးပြီးပြီ အစ်ကိုကြီး'

'အေးကွ၊ ဒါဆိုရင် ဒီဟင်းစားကန်ဟာ တကယ်ကို အစောင့်ကြီး၊ နတ်ကြီးတယ် ပြောရမှာပဲ'

'ကြီးတာပေါ့ အစ်ကိုကြီးရာ။ ရွာထဲက လူတွေ ရေဆင်းခပ်ရင်ကို စိတ်ထဲက တောင်းပန်တိုးလျှိုးပြီးမှ ခပ်ကြရတာ။

အဲလိုမဟုတ်ရင် နောက်နေ့မှာ ဖျားသလိုလို နာသလိုလိုဖြစ်ပြီး အဖျားတာရှည်တော့တာပဲ။ ဆေးလဲမတိုး ဖြစ်ရတယ်။ အဲ... တောင်းပန်တိုးလျှိုးလိုက်ပြီဆိုရင်လဲ ချက်ချင်းယူပစ်သလို ပျောက်သွားတာပဲ'

'အေးကွာ၊ တကယ် ထူးခြားဆန်းကြယ်တဲ့ ကန်စောင့်ပါပဲကွာ။ ဘာပဲဖြစ်ဖြစ်လေ သူ့နယ်မြေ သူ့စည်းကမ်း လိုက်နာတာ အကောင်းဆုံး၊ အန္တရာယ်ကင်း ဘေးအရှင်းဆုံးပေါ့ကွာ။ ငါတို့လာပြီး ငါးမျှားဖြစ်ရင်လဲ တောင်းပန်ပသဖို့ မမေ့နဲ့ဟေ့'


'မမေ့ပါဘူး အစ်ကိုကြီးရာ။ အဲဒါ ပထမဆုံး လုပ်ရမယ့် အလုပ်ပဲဟာ ကျွန်တော်က လက်တွေ့ သိမြင်ကြုံဖူးပြီးသားပဲ။ ဟား... ဟား... ဟား... ဟား'

ထို့နောက် ကျွန်တော်တို့ညီအစ်ကို ဇလုတ်ကြီးရွာသို့ ဆိုင်ကယ် မောင်းနှင်ခရီးဆက်ခဲ့ကြပါတော့သည်။

**[ယုံကြည်ခြင်း၊ မယုံကြည်ခြင်းသည် မိမိ၏ စိတ်သဘောဆန္ဒ ဆုံးဖြတ်ချက်သာဖြစ်ပါသည်။ သို့သော် သူ့နယ်မြေ သူ့ဒေသ သူ့ဓလေ့ထုံးတမ်းစည်းကမ်းကိုမူ လိုက်နာလုပ်ဆောင်ရမည်သာ ဖြစ်ပါသည်ဟု ယူဆ၍...]**

**နတ်မောက် လှမြင့်သစ်**

www.burmeseclassic.com



ရောမြေ ကျော်ဝေ

# အမြန်ရထား နှင့်

## ချာန်ပျံ ရဟန်းတော်

လွန်ခဲ့သော ၁၉၉၇ ခုနှစ်၏ နွေဦး ရာသီ တပေါင်းလ၏ ရထားလိုက်ဘဝ တွင် တွေ့ကြုံခဲ့ရသော ကောင်းကင်ယံ က်က ရဟန္တာတစ်ပါးကို ရထားခုတ် မောင်းစဉ် ဖူးမြော်ခဲ့ရဖူးသော စာရေးသူ မိတ်ဆွေ **စက်ခေါင်းမှူး ဦးသန်း မြင့်နှင့် ဒုစက်ခေါင်းမှူး သန်းထွန်း မောင်**တို့၏ ပြောပြချက်ကို စာရေးသူ က်တမ်းတင်၍ ရေးသား ဖော်ပြရမည် ပါလျှင်...

စက်ခေါင်းမှူး ဦးသန်းမြင့်နှင့် ညှိဖြစ်သူ သန်းထွန်းမောင်တို့ သည် နွေတပေါင်း၏ ပူအိုက်သော နေ့တစ်နေ့တွင် (၁၈၂)အစုန်ရထား သွားရမည့်အစား (၁၈၁) အဆန်အမြန် ရထားတွင် စက်ခေါင်းမှူးနှင့် ဒုစက်ခေါင်း မှူးတို့သည် အရေးပေါ် ဆေးစစ်ခံရန် အတွက် ရန်ကုန်သို့ သွားရမည် ဖြစ် သဖြင့် ဟသ်ာတဘူတာတွင် လူလဲပေး ရလေသည်။

(၁၈၂)အစုန်ရထားကို လူလဲပေး ခြင်း မပြုတော့ဘဲ ဆက်လက်မောင်း နှင်စေပြီး ပုသိမ်မှ လာသော (၁၈၁) အဆန်ရထားကိုသာ ဦးသန်းမြင့်နှင့် သန်းထွန်းမောင်တို့ လူလဲရန်အတွက် ဟသ်ာတဘူတာတွင် စောင့်နေကြရ

www.burmeseclassic.com

လေသည်။

ထိုနေ့တွင် ရထားနောက်ကျ၍ လာသဖြင့် ည(၁၁)နာရီမှ ဆိုက်ရောက်ခြင်းဖြစ်သလို စက်ပြင်များ လိုအပ်သည်တို့ကို ပြုပြင်စစ်ဆေးပြီး ရထားသည် (၁၂)နာရီ သန်းခေါင်ယံတီတီ အချိန်တွင် ထွက်ခွာခဲ့ရလေသည်။

ဟသ်ာတမှ ကြံခင်းသို့ နွေတစ်ည၏ လသာသာကို အဖော်ပြုလျက် အမြန်ရထားကြီးသည် တဂျုံးဂျုံး၊ တဂျက်ဂျက်ဖြင့် အပူအပင်ကင်းမဲ့စွာ ခုတ်မောင်းလျက် ရှိလေသည်။

တစ်ဘူတာဝင် တစ်ဘူတာထွက်ဖြင့် ထွက်ခွာခဲ့ရသော ရထား၏ တွဲဆိုင်းနောက်ပိုင်းကို ညာဘက်မှ မောင်းနှင်ရသော စက်ခေါင်းမှူးဦးသန်းမြင့်က ရှေ့နောက်ကို မကြာခဏ ကြည့်ရသလို ဘယ်ဘက်တွင် တာဝန်ထမ်းဆောင်ရသော တပည့်ဖြစ်သူ သန်းထွန်းမောင်ကလည်း ရထားနောက်ပိုင်းကို မကြာခဏ ကြည့်ပြီး သတိပေးလျက် တွဲဆိုင်းများ ကောင်းမွန်စွာ လိုက်ပါလျက်ရှိဟု အော်ဆိုပြီး အသိပေးရပါသည်။

ရထားသည် တဲကြီးကုန်းဘူတာဝင်ခါနီးတွင် အလံမချိုးသဖြင့် (၁၅) မိနစ်ခန့် ခေတ္တစောင့်ဆိုင်းနေရသော အချိန်တွင် ကောင်းကင်ယံတွင် လ,သာသည်ထက် နှစ်ဆခန့် လင်းသော အလင်းရောင်တန်းကြီးကို သန်းထွန်းမောင်မှ မြင်တွေ့လိုက်ရသောအခါ လှေကားထစ်သဏ္ဍာန် တိမ်တိုက်ကို တစ်ထစ်ချင်း သပိတ်ပိုက်ပြီး ဆင်းလာနေသော ရှာန်ပုံရဟန်းတစ်ပါးကို ဖူးတွေ့ရသဖြင့် အားရဝမ်းသာစွာဖြင့် ဦးသန်းမြင့်ကို လက်ကုတ်ပြီး...



'ဆရာ အပေါ်မိုးကောင်းကင်ကို ကြည့်လိုက်ပါဦး။ ကြည်ညိုစရာ ရဟန်းတော်တစ်ပါး ရှာန်နဲ့ ကြွနေတာ တွေ့ရဲ့လား ဆရာ။ ဖူးရခဲ့တယ်၊ အားရအောင်ဖူး ဝအောင်သာဖူး ဆရာ'

ဟု ပြောသောအခါ ရထားတွဲပေါ်မှ ခရီးသည်တို့သည်လည်း အုတ်အော်သောင်းတင်းဖြစ်ကြပြီး စက်ခေါင်းမှ နောက်ဆုံးတွဲဆိုင်းအထိ ရထားလုပ်သားများပါမကျန် အမည်မသိရသော ရှာန်ပုံရဟန်းတော်ကို ဖူးတွေ့လိုက်ရလေတော့သည်။

ထိုရှာန်ပုံရဟန်းတော်သည် တရွေ့ရွေ့ဖြင့် အရှေ့အရပ်မှ ကြွမြန်းလာပြီး အနောက်အရပ်သို့ တဖြည်းဖြည်း ကောင်းကင်ယံတွင် ရှာန်ဖြင့် ကြွချီသွားသည်ကို ဖူးတွေ့ခဲ့ရသူအားလုံး ကျေနပ်ပီတိ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသည်မှာ ဗုဒ္ဓဘာသာဝင်တို့တွင် မဟုတ် လူမျိုးခြားတို့ပါတွေ့ရှိကြရသဖြင့် ပြောမဆုံးပေါင် တောသုံးတောင်ဆိုသည့်အလားပင်။

ရှာန်ပုံရဟန်းတော်ကို ဖူးတွေ့ရသောအချိန်သည် **နံနက်(၄)နာရီတီတီ**ဟု သန်းထွန်းမောင်က ပြောပါသည်။ သန်းထွန်းမောင်သည် ကချင်တိုင်းရင်းသားဖြစ်သော်လည်း ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သဖြင့် ယခုလို တာဝန်ဖြင့် သွားရင်းလာရင်း ရှာန်ပုံအရှင်သူမြတ်ကို ဖူးတွေ့ခဲ့ရသဖြင့် ဗုဒ္ဓဘာသာ၏ သာသနာထွန်းလင်းတောက်ပသည်ကို ပို၍ပင် ယုံကြည်မိလေတော့သည်။

စာရေးသူသည် DF- 1237 စက်ခေါင်းနှင့် စက်ပြင်တာဝန် ထမ်းဆောင်ရာတွင်၊ အတူပူးတွဲ၍ သွားလာခဲ့ရာတွင် စက်ခေါင်းမှူး ဦးသန်းမြင့်နှင့် ဒုစက်ခေါင်းမှူး သန်းထွန်းမောင်တို့၏ ရထားစက်ခေါင်းပေါ်တွင် ပြောပြခဲ့သော မှတ်တမ်းတစ်ခုကို ဇာတ်လမ်းပြု၍ သတိတရ ရေးသားဖော်ပြရခြင်းပင် ဖြစ်ပါသည်။

ယခင် ချူချာခဲ့သော ရထားစက်ခေါင်းသည် ရှာန်ပုံရဟန်းတော်ကို ဖူးတွေ့ခဲ့ရသောအချိန်မှစပြီး ရှော‌ရှော ရှူရှူဖြင့် ကြံခင်းဘူတာရောက်သည်အထိ ကောင်းမွန်စွာ သွားခဲ့သည်မှာ အံ့ဩစရာပင် ဖြစ်သည်ဟု စက်ခေါင်းမှူးကြီး ဦးသန်းမြင့်က ပြောပြခဲ့ပါသည်။

စက်ခေါင်းမှူးကြီး ဦးသန်းမြင့်သည် ဝန်ထမ်းဘဝမှ သက်ပြည့်ပင်စင်ဖြင့် အငြိမ်းစားယူသွားခဲ့ရာတွင် အစ... အရာရာ အဆင်ပြေ ချောမွေ့ပြီး တရားဘာဝနာများ လိုက်စား အားထုတ်နေသည်ဟု ကြားသိရပါသည်။ တပည့်ဖြစ်သူ သန်းထွန်းမောင်တစ်ယော... လည်း မိဘရပ်ထံသို့ ပြောင်းရွှေ့သွားသည်ဟု ကြားသိခဲ့ရပါသည်။

ရှာန်ပုံရဟန်းတော်ကို ဖူးတွေ့...

www.burmeseclassic.com



ဦးကျော်
(လှိုင်သာယာ)

# ငွေပြန်

တစ်ဆယ်ကျပ်တန် တစ်ရွက်

[၁]

'ဆိုက်ကားဆရာ... ဆိုက်ကား ဆရာ'

အနီးမှ တကြော်ကြော် အော်ခေါ်နေသည့် အသံကြောင့် ဆိုက်ကားပေါ်မှာ မျက်နှာကို ဦးထုပ်အုပ်ပြီး အိပ်မောကျနေသည့် မောင်မြင့်အောင်သည် ပြူးတူးပြဲတဲ ကျုံးထလိုက်သည်။

'ဆိုက်ကား အားတယ် မဟုတ်လား ကွယ်'

မိမိဆိုက်ကားကို လာရောက် ငှားရမ်းနေသည့် အသံရှင်ကို မောင်မြင့်အောင် ဂရုပြု ကြည့်မိလိုက်သည်။ ရှည်လျား နက်မှောင်သော ဆံကေသာကို ရှေ့မှာချကာ ဖက်ဖူးရောင် ဝမ်းဆက်ကို ဝတ်ထားသော ခပ်ရွယ်ရွယ် အမျိုးသမီး တစ်ယောက်ကို လှမ်းတွေ့လိုက်ရသည်။ အဆိုပါ အမျိုးသမီးသည် ဆိုက်ကား အနီးတွင် ရပ်တန့်ပြီး မောင်မြင့်အောင်

www.burmeseclassic.com

ထံမှ ထွက်လာမည့်အဖြေကို ငံ့လင့်နေသည်။

ယခုမှ မောင်မြင့်အောင်သည် ပတ်ဝန်းကျင်ကို မသိမသာ အကဲခတ်ကြည့်မိလိုက်သည်။ စောစောက မိမိတို့ ဆိုက်ကားဂိတ်တွင် ရှိနေကြသော ဆိုက်ကားနှစ်စီးမှာ ဘယ်အချိန်က ထွက်သွားမှန်းမသိ။ ဂိတ်တွင် မိမိ တစ်ဦးတည်းသာ ရှိနေတော့သည်။

'အစ်မကို ဘယ် လိုက်ပို့ပေးရမှာလဲ'

'အမျိုးသမီးဆေးရုံကို သွားချင်လို့ပါ။ ဟိုမှာ မွေးလူနာအတွက် စားစရာလေး သွားပေးချင်လို့ မကြာပါဘူး၊ ကြာလှ (၁၅)မိနစ်ပေါ့ကွယ်'

'ဟာ အဲဒီဘက်ကို ညဆိုရင်'

မောင်မြင့်အောင်၏ နှုတ်မှ ရုတ်တရက် ထွက်သွားသည့် စကားသံကြောင့် မိန်းမပျိုသည် အခြေအနေကို ရိပ်စားမိလိုက်သည့်အတွက်...

'အို့ကွယ် ဘာများ စိုးရိမ်စရာရှိလို့လဲ။ မမ တစ်ယောက်လုံး ရှိနေတာပဲ။ ပြီးတော့ မင်း ဆိုက်ကားကို အသွားအပြန်စီးပြီး ဒီဂိတ်ကို ပြန်လိုက်လာမှာပါ။ ကျသလောက် ပေးမှာပေါ့ကွယ်'

'ဪ အင်း ဟို...ဟို... ဘာကြောင့် ရယ်လို့ မဟုတ်ပါဘူး။ ဒီဂိတ်က ကျွန်တော်တို့ဆိုက်ကားတွေ ညဘက်ဆိုရင် အဲဒီဘက် သိပ်မလိုက်ကြတော့ဘူး'

'အင်း ခက်တော့တာပဲ။ ဒီက ငါ့မောင်မှ လိုက်မပို့ရင် မမအတွက် အခက်ပဲ။ ဟိုမှာ မွေးလူနာ မမအသိအတွက် စားစရာလေး သွားပေးချင်လို့'

မောင်မြင့်အောင်သည် တဒင်္ဂတွေဝေသွားသည်။ ယနေ့ညနေအိမ်က ထွက်လာကတည်းက ဈေးဦး မပေါက်သေးချေ။ ဈေးဦးမပေါက်သဖြင့် ယနေ့



ညပေးရမည့် အုံနာခ ငွေ (၇၅)ပြားမှာ အရေးကြီးနေသည်။ မောင်မြင့်အောင်သည် အုံနာခဆိုသည့် ကိစ္စကြီး ခေါင်းထဲ ရုတ်တရက် ဝင်လာသဖြင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ...

'အသွားအပြန်ဆိုရင် တစ်ကျပ်ခွဲကျမယ်နော်'

'အေးပါကွယ် ဘယ်လောက်ပဲ ဖြစ်ဖြစ် အစ်မပေးပါ့မယ်'

မိန်းမပျိုသည် ပြောပြောဆိုဆိုနှင့် မောင်မြင့်အောင်၏ ဆိုက်ကားပေါ်သို့ တက်ထိုင်လိုက်သည်။ မိန်းမပျို၏ ခန္ဓာကိုယ်မှ သင်းပျံ့သော ရနံ့ကြောင့် မောင်မြင့်အောင်၏ ရင်ထဲတွင် ကြက်သီးများ ဖြန်းခနဲ ထသွားသည်။

မောင်မြင့်အောင်သည် ဆိုက်ကားကို နင်းထွက်ရန် ချီတုံချတုံ ဖြစ်နေချိန်တွင် မိန်းမပျိုမှ...

'အို ဘာတွေ စဉ်းစားနေရတာလဲကွယ့်'

'ဘာမှ မဟုတ်ပါဘူးဗျာ'

ဟု ဆိုကာ မောင်မြင့်အောင်သည် ဆိုက်ကားကို အရှိန်ရစေရန် အနည်းငယ်မျှ တွန်းပြေး ပြေးလိုက်ပြီး ဆိုက်ကားပေါ်သို့ ခွထိုင်ကာ အရှိန်နှင့် နင်းထွက်သွားသည်။

မောင်မြင့်အောင်သည် ထိုစဉ်က ကင်းဘဲလ်လမ်းတစ်လျှောက် သူ့ဆိုက်ကားကို ခပ်သွက်သွက်လေး နင်းချလိုက်သည်။ ညအချိန်ကြောင့် တစ်လမ်းလုံး လူသွားလူလာနှင့် ကား အသွားအလာ ပြတ်လပ်နေသည့်အတွက် ဆိုက်ကားကို လွတ်လပ်စွာ နင်းသွားလိုက်သည်။

အမျိုးသမီးထံမှ လွင့်ပျံ့လာသော အမွှေးနံ့ကို တစ်ချက်တစ်ချက် သတိထားမိလိုက်သည်။ ထိုအမွှေးနံ့မျိုးကို မောင်မြင့်အောင် တစ်ကြိမ်မှ မရှူရှိုက်ခဲ့ဘူးသဖြင့် စိတ်ထဲတွင် ထိုအမျိုးသမီးအပေါ် သံသယစိတ်များနှင့် မယုံမရဲ ဖြစ်သွားသည်။

'နေပါဦးကွယ်၊ တစ်လမ်းလုံး မင်း ဘာတွေ စဉ်းစားနေတာလဲ'

ရုတ်တရက် မိန်းမပျို၏ အပြောကြောင့် မောင်မြင့်အောင်၏ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။

'ဘာမှ မစဉ်းစားပါဘူးဗျာ။ ဟို ကျွန်တော်က ဆိုက်ကားကို ညဘက်မှ နင်းရတော့ တစ်ခါတစ်ခါ အုံနာခတောင် ပေးစရာမရှိ ဖြစ်မိတာကို စဉ်းစားမိနေတာ'

မောင်မြင့်အောင်သည် သူ့ပါးစပ်ထဲ ရှိသည့် အကြောင်းအရာကို ပြောချ လိုက်သည်။

'ဪ ဒါများကွယ် အဆင်ပြေသွားမှာပေါ့။ ဟော ဆေးရုံတောင် ရောက်တော့မှာပဲ။ ကဲ ကဲ ဟိုရှေ့နား မှာပဲ ရပ်ပေးပါကွယ်။ မမဒီစားစရာ လေးကို မြန်မြန်သွားပို့လိုက်မယ် မကြာ ပါဘူး'

အမျိုးသမီးသည် ပြောပြောဆိုဆိုနှင့် မောင်မြင့်အောင်ကို ကျောခိုင်းကာ ဆေးရုံဝင်းအတွင်းသို့ ဝင်ရောက်သွား သည်။ မကြာခင်မှာ အဆိုပါ အမျိုး သမီးသည် အထုပ်တစ်ထုပ်ကို လက်မှ ဆွဲကာ ပြန်ထွက်လာပြီး ဆိုက်ကား



www.burmeseclassic.com

www.burmeseclassic.com

ပေါ်သို့ တက်ထိုင်လိုက်သည်။

'ဒီမှာ ဆိုက်ကားဆရာလေး မယကို ဟိုရှေ့က ဘုန်းကြီးကျောင်းကို ပို့ပေးစမ်းပါဦး'

'ဗျာ'

'အဲဒီဘုန်းကြီးကျောင်းမှာ မနက်ဖြန် အလှူရှိတယ်ကွယ့်။ အဲဒါ ဟောဒီမှာ ပါတဲ့ မုန့်ထုပ်ကို အချိုပွဲအတွက် သွားပေးချင်လို့ပါ။ အဲဒီအတွက် မင်း ဆိုက်ကားခကို ကျသလောက် မမ ပေးပါ့မယ်'

မောင်မြင့်အောင်လည်း မပို့လျှင် မဖြစ်တော့သည့် အခြေအနေကြောင့်...


'ဆိုက်ကားခ (၃)ကျပ်ခွဲတော့ ပေးရမယ်နော်'

'အေးပါ ပေးပါ့မယ်'

မောင်မြင့်အောင်သည် သူ့ဆိုက်ကားကို ဘုန်းကြီးကျောင်းရှိရာဘက်သို့ ခပ်သွက်သွက် နင်းသွားလိုက်သည်။ သိပ်ပြီး မနင်းလိုက်ရဘဲ ဘုန်းကြီးကျောင်းဝင်းရှေ့သို့ ရောက်သွားသည်။

ဆိုက်ကားကို ရပ်ပေးလိုက်စဉ် အဆိုပါ အမျိုးသမီးသည် ဘုန်းကြီးကျောင်းဝင်းအတွင်းသို့ လျှောက်လှမ်း ဝင်ရောက်သွားသည်ကို လှမ်းတွေ့လိုက်ရသည်။

မောင်မြင့်အောင်သည် ဘုန်းကြီးကျောင်းဘက်သို့ လှမ်းကြည့်လိုက်သည်။ ဘုန်းကြီးကျောင်း တစ်ခုလုံး မီးရောင်နှင့် ဝင်းထိန်နေပြီး ဘုန်းကြီးနှစ်ပါး တံမြက်စည်း လှည်းနေသည်ကို လှမ်းတွေ့ရသည်။ စိတ်ထဲကလည်း ဘုန်းကြီးကျောင်းဝင်းထဲ ထူးထူးခြားခြား မီးများ ထိန်လင်းနေသဖြင့် အလှူရှိသည်မှာ ဟုတ်လိမ့်မည်ဆိုသည့် အတွေးနှင့် သစ်ပင်ကြီးတစ်ပင်အောက်တွင် ယင်း၏ ဆိုက်ကားကို ထိုးဆိုက်



ထားလိုက်သည်။

မောင်မြင့်အောင်သည် စိတ်ချလက်ချစွာနှင့် ဆိုက်ကားပေါ် တက်မှိန်းနေလိုက်သည်။

[ ၂ ]

မောင်မြင့်အောင် ဆိုက်ကားပေါ် တက်မှိန်းနေရာမှ ဘယ်အချိန် အိပ်ပျော်သွားမှန်းမသိ။ အနားမှ မိမိ၏ အမည်ကို တကြော်ကြော် အော်ခေါ်နေသည့် အသံကြောင့် လန့်နိုးသွားသည်။

'မောင်မြင့်အောင် ထ၊ ထ ထစမ်း။ မင်းကွာ ဒီမှာ ဘယ်အချိန်ကတည်းက လာအိပ်နေတာလဲဟ။ ဟိုမှာ မင်းအုံနာ ဆိုက်ကားရှေ့ မင်းပါ ပြန်ရောက်မလာလို့ စိတ်ပူပြီး လူစုခွဲ လိုက်ရှာနေကြတာ။ တော်သေးတာပေါ့ကွာ။ မဟုတ်ရင် ရဲစခန်းတွေ၊ ဘာတွေတိုက်ချက်ဖွင့်ရတော့မှာ'

ထိုအချိန်ကျမှ မောင်မြင့်အောင်သည် ပတ်ဝန်းကျင်ကို သတိပြုမိလိုက်သည်။ ဘုန်းကြီးကျောင်းမှ ဘုန်းကြီးများပင် ဆွမ်းခံကြွနေသည်ကို လှမ်းတွေ့လိုက်ရသည်။ ယမန်နေ့ညက အလှူရှိသည်ဟု ထင်ခဲ့ရသော ဘုန်းကြီးကျောင်းဝင်းသည် ယခုတော့ တိတ်ဆိတ် ငြိမ်သက်နေသည်။

'အေးဗျာ။ ဒါ ဘယ်လိုဖြစ်တာလဲ မယသိဘူး။ ညက ခရီးသည်တစ်ယောက်ကို ဒီကို လိုက်ပို့ရင်း ကျုပ် ဒီနားတင် အိပ်ပျော်သွားတာ။ ခုဗျားတို့ လာနှိုးမှပဲ နိုးတော့တယ်'

မောင်မြင့်အောင်သည် ယမန်နေ့က သူ့အဖြစ်အပျက်ကို အစအဆုံး ပြောပြကာ အိမ်သို့ ပြန်ခဲ့သည်။ အိမ်သို့ရောက်လျှင် သူ့အား အသင့်စောင့်နေသော ဆိုက်ကားအုံနာလက်သို့ ဆိုက်ကားကို ပြန်အပ်လိုက်ပြီး...

'ကိုခွေးကြီးရယ် ဆိုက်ကားအုံနာခတော့ ဒီညနေ့မှသာ ပေါင်းယူတော့ဗျို့'

ဟု ဆိုကာ အိမ်ဘက်သို့ ထွက်လာခဲ့လေတော့သည်။

[ ၃ ]

ညနေဘက်တွင် ဆိုက်ကားနင်းရန် အတွက် ကင်းဘဲလ်လမ်းထိပ်ဘက်ရှိ ဆိုက်ကားဂိတ်သို့ ထွက်လာခဲ့သည်။ ဆိုက်ကားအုံနာ ကိုခွေးကြီးသည် မောင်မြင့်အောင်ကို လှမ်းမြင်လိုက်လျှင်...

'ဟေ့ မောင်မြင့်အောင်၊ မင်းပြောတော့ ညက တစ်ပြားမှ မရလို့ ဆိုက်ကားခတောင် မပေးနိုင်ဘူးဆို။ ရော့ ဒီမှာ ငွေ(၁၀)ကျပ်တန်၊ ဆိုက်ကားဆောက်အံထဲက တွေ့တာ'

'ဟင် ဟုတ်လား'

မောင်မြင့်အောင်သည် ကိုခွေးကြီး ပေးနေသည့် (၁၀)ကျပ်တန်လေးကို လှမ်းယူလိုက်သည်။ ပိုသေချာအောင် ပိုက်ဆံကို ဘယ်ညာလှန်ကြည့်လိုက်သည်။ (၁၀)ကျပ်တန်မှ (၁၀)ကျပ်တန် အစစ်။

'ကျေးဇူးပဲ ကိုခွေးကြီးရာ။ ခင်ဗျား အုံနာခ ယူထားလိုက်လေဗျာ'

'နောက်မှ ပေါင်းပေး၊ ပြန်အမ်းစရာ အကြွေလဲ ငါ့မှာမရှိဘူး'

မောင်မြင့်အောင်သည် ထို(၁၀)ကျပ်တန်ရွက်ကို ကိုင်ကာ ဆိုင်ကားဂိတ်နှင့်

www.burmeseclassic.com

မနီးမဝေး၌ ရောင်းချနေသော အကြော်သည် ဒေါ်သိန်းဆိုင်၌ အဆာပြေ အကြော်ဝယ်စားလိုက်သည်။

ထိုညတစ်ညလုံး မောင်မြင့်အောင်သည် ဆိုက်ကားနင်းပြီး နောက်တစ်နေ့အိပ်ရာမှထလျှင် သူ၏ အိပ်ကပ်ထဲ၌ ယမန်နေ့က (၁၀)တန်နှင့်အတူ တခြား ငွေများကိုပါ တွေ့နေရသဖြင့် အံ့သြသွားသည်။

အဘယ်ကြောင့်ဆိုသော် ညက တစ်ညလုံး ဆိုက်ကားနင်းခဲ့ရာ မည်သည့် ခရီးသည်ထံမှ ငွေ(၁၀)ကျပ်တန် မရခဲ့ခြင်းကို သတိရနေမိသည်။ နောင် မောင်မြင့်အောင်သည် ထို(၁၀)ကျပ်တန်အပေါ် သံသယရှိစွာနှင့် သတိထားနေမိသည်။

ထို(၁၀)ကျပ်တန်လေးနှင့် သုံးစွဲမိတိုင်း ထို(၁၀)ကျပ်တန် ငွေစက္ကူလေးသည် မိမိထံသို့ ပြန့်ပြန်ရောက်နေတတ်သည်။ ထိုအဖြစ်အပျက်ကို မိမိဆိုက်ကားဂိတ်မှ မည်သူ တစ်ဦး တစ်ယောက်မှ မပြောပြဖြစ်ဘဲ ထိမ်ချန်ထားခဲ့သည်။

ထိုသို့ဖြင့် မောင်မြင့်အောင်သည် ထို(၁၀)ကျပ်တန်လေးကို တစ်ပတ်ကျော်ကျော် သတိထား သုံးစွဲကြည့်သည့်အခါတိုင်း ထို(၁၀)ကျပ်တန်လေးသည် မိမိ၏ ပိုက်ဆံအိတ်ထဲသို့ ပြန်ရောက်နေတတ်ခြင်းပင်ဖြစ်သည်။

မောင်မြင့်အောင်သည် ထို(၁၀)ကျပ်တန် ငွေစက္ကူလေးအကြောင်းကို အမျိုးမျိုး လှည့်ပတ် စဉ်းစားနေမိသည်။ မည်သည့် အဖြေမှ မရသော်လည်း တစ်ခါက မိမိကြားဖူးခဲ့သည့် ငွေပြန်အကြောင်းကို သွားသတိရမိသည်။

ထိုငွေပြန်များသည် အမြဲတမ်း မိမိထံသို့ ပြန်ရောက်နေတတ်သည့် အကြောင်းကို စဉ်းစားမိလိုက်သည်။ ထိုငွေကိုလည်း တစ်ခါက ခရီးကြုံလိုက်ခဲ့သည့် အမျိုးသမီး ပေးခဲ့သည်ဟုသာ စိတ်ထဲ၌ မှတ်ထားလိုက်သည်။

တစ်နေ့ မောင်မြင့်အောင်သည် အဖော် အဆွယ်ကောင်းသဖြင့် သူ... ချင်း ဆိုက်ကားသမား တစ်ယောက်... အတူ အရက်ဆိုင်သို့ လိုက်သွား... ငွေ(၁၀)ကျပ်တန်နှင့် အရက်ဝ... သောက်လိုက်သည်။

နံနက်မိုးသောက် အိပ်ရာထလျှ... သတိရနေကျ ငွေ(၁၀)ကျပ်တန်... ကို အရင်ဆုံး ရှာဖွေကြည့်လိုက်သည်... ဘယ်မှ ရှာမတွေ့တော့။

ထိုအချိန်ကျမှ မိမိမှာ ပျောက်... သွားသော ငွေ(၁၀)ကျပ်တန်... အတွက် စိတ်မကောင်းကြီးစွာ ခံစား... မိသလို ထိုအတွက်လည်း နောင်တ... မဆုံးအောင် ရှိနေတော့သည်။

**ဦးကျော်(လှိုင်သာယာ)**

**(မှတ်ချက်။ ။ ဆိုက်ကားဆ... လေး မောင်မြင့်အောင်၏ ဖြစ်ရပ်မှ... ဖြစ်ပါသည်။)**

## စာမျက်နှာ (၂၇၄)မှ အဆက်

သော သူတို့သည် အသက်ရှည်ခြင်း၊ ချမ်းသာခြင်း၊ စိတ်သွားတိုင်း ကိုယ်ပါသော ချမ်းသာသုခနှင့် ပြည့်စုံသူများ ဖြစ်ကြသလို တရားထူးတရားမြတ်များလည်း ဆောလျင်စွာ ရတတ်ကြသူများဖြစ်ကြသည်ဟုတောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရက ပြောကြားခဲ့သည်ကို မှတ်သားနာယူဖူးခဲ့ပါသည်။

စာရေးသူတို့ မြန်မာနိုင်ငံတွင် ရဟန္တာအမြောက်အမြားပေါ်ထွန်းခဲ့သည်မှာ မရေမတွက်နိုင်ပါ။ ထျာန်ရသော ရဟန္တာများ ရှိခဲ့ကြသလို ဈာန်သမာပတ် မဝင်စားဘဲနှင့် ရုပ်ခန္ဓာ ဓာတ်ကြွင်းသော ရဟန္တာများ ရှိခဲ့ကြပါသည်။

အချို့ အချို့သော ဆရာတော်ကြီးများတို့သည် အနေကျစ်လျစ်၍ ရဟန္တာဟု မထင်မှတ်ရလေအောင် မိမိကိုဝတ်ကြီးဝတ်ငယ်ပြုသော တပည့်ရဟန်းများပင် မရိပ်မိကြပေ။ ထင်ပေါ်ကျော်ကြားမှုကို အလွန်ကြောက်ကြသည်။

ဈာန်ပုံ ရဟန်းတော်များသည်လည်း ကောင်းကင်ယံမှ ကြွတော်မူကြသည်မှာ ထင်ပေါ်ချင်လို့ မဟုတ်ကြပါ။ တိတ်ဆိတ်သော ညကာလအခါများတွင် လည်းကောင်း၊ သို့တည်းမဟုတ် နံနက်အလင်းရောင်မသန်းမီ အချိန်များတွင် လည်းကောင်း ကောင်းကင်ယံတွင် မြန်းကြွကြရာတွင် ကောင်းကင်ယံကို မော့ကြည့်သူတို့၊ ဖူးတိုက်သူတို့သာလျှင် တွေ့မြင်ဖူး... ရလေသည်။

စာရေးသူသည် ဈာန်ပုံရဟန်းတော် အရှင်သူမြတ်တို့... တွေ့ချင်၊ မြင်ချင်၊ ဖူးချင်ပါသည်။ ဆုလည်း တောင်းမိပါသည်... ယခုအချိန်အခါ အထိ မဖူးတွေ့ရသေးပါ။ ဆုတောင်းမပြည့်... သေးလို့ပဲ ဖြစ်မည်ထင်ရသည်။ ဆုမတောင်းပေမယ့် ဖူးတို... သူများ ဖူးမြော်ခဲ့ရသည်ကို သူတို့ပြောပြသဖြင့် စာရေး... ကိုယ်တိုင် ဖူးတွေ့ရသလို ပီတိ ဖြစ်မိပါသည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိတ်များသည်လည်း... စာရေးသူကဲ့သို့ပင် ဈာန်ပုံရဟန္တာကို ဖူးတွေ့ချင်ကြလိမ့်မည်... ထင်မိပါသည်။ ဖူးဖူးသူများလည်း အနည်းနှင့်အများတော့... ရှိကြမှာပါ။

မဖူးတွေ့ရသေးသူများ ဆုတောင်းကြပါ။ ဆုတောင်းပြည့်... ကြပါစေလို့လည်း ဤဆောင်းပါးဖြင့် ဆုတောင်းပေးလိုက်... သည်။

*(မြတ်စွာဘုရား၏ သာသနာရောင်ဝါ ထိန်လို့ လင်းစေသော...)*

**ရောမြေ ကျော်ဝေ**

www.burmeseclassic.com




မိတ္ထီလာမြို့နယ်၊ (...)ရွာမှ ဒေါ်ဘုမသည် အသက်(၅၄)နှစ်ရောက်မှ ကံပေါ်သည်ဟု ပြောရမည် ထင်သည်။ သမီးကြီးနှင့် သားငယ် မောင်နှမနှစ်ယောက်ပင် အိမ်ထောင်ရှင်များ ဖြစ်နှင့်ကြပါပြီ။ ဒေါ်ဘုမ ယခုမှ ကိုယ်ဝန်ထပ်ရခြင်း ဖြစ်သည်။

ဒေါ်ဘုမ ကိုယ်ဝန်ရခြင်းနှင့် ပတ်သက်၍ ရွာထဲတွင် အမျိုးမျိုး ပြောဆိုနေကြသည်။ အကောင်းဘက်မှ တွေးတောကာ ပြောဆိုသူများ ရှိသကဲ့သို့ အဆိုးဘက်မှ ပြောသူများလည်း မနည်းပေ။ အသက်(၅၄)နှစ်မှ ကိုယ်ဝန်ဆောင်ခြင်းသည် သာမန်ထက်တော့ ဆန်းနေသည်။ ထိုထက်ပို၍ ဆန်းသည့် အချက်တစ်ခုက ရှိနေပြန်ပါသည်။

ဒေါ်ဘုမသည် ကိုယ်ဝန်ရှိရာမှ (၅)လ



www.burmeseclassic.com

www.burmeseclassic.com

အတွင်း အိပ်မက် (၃)ကြိမ် မက်သည့် အိပ်မက်များသည် အတူတူပင် ဖြစ်နေပါသည်။ ထိုအိပ်မက်အကြောင်းကို မည်သူ့ကိုမျှ မပြောပြသေးပါ။ ခင်ပွန်းဖြစ်သူ ဦးခင်အောင်ကိုပင် မပြောမပြပါ။


ဦးခင်အောင်သည် ညက ထူးထူးဆန်းဆန်း အိပ်မက် မက်သည့်အကြောင်း ပြောပြသည်။ ဒေါ်ဘုမ မအံ့သြဘဲ မနေနိုင် ဖြစ်သွားရပါသည်။ အကြောင်းမှာ သူမ မက်ထားသည့် အိပ်မက်နှင့် တစ်ထပ်တည်း ဖြစ်နေ၍ ဖြစ်ပါသည်။

ထိုအိပ်မက်မျိုး လက်သည်ဒေါ်ဖွားတွင် တစ်ကြိမ်၊ လက်သည် ဒေါ်မြတွင် တစ်ကြိမ် မက်ထားပြန်ပါသည်။ ထိုအိပ်မက်အကြောင်း ထိုလေးဦးမှ လွဲ၍ မည်သူမျှ မသိသေးပါ။

ဒေါ်ဘုမ၏ ကိုယ်ဝန်သည် တစ်နေ့တခြား ကြီးထွားလာသည်။ အမြွှာဟု ထင်မှတ်ရလောက်အောင်ပင် ကြီးထွားသည်။ ထိုခေတ် ထိုအခါက ဆေးရုံဆေးခန်း ယခုလောက် မပေါ်များသေးပါ။ ဆေးရုံဆေးခန်းကိုလည်း ယခုခေတ်လောက် အားမကိုးသေးပေ။ အားမနာတမ်း ပြောရမည်ဆိုလျှင်တော့ ကျန်းမာရေးအသိ အတော်ပင် နည်းသေးသည်ဟု ပြောရပါမည်။

ဒေါ်ဘုမတစ်ယောက် ဗိုက်နာလာသည်၊ လက်သည် ဒေါ်ဖွားရော၊ ဒေါ်မြကိုပါ ပင့်ထားလိုက်သည်။ ဦးခင်အောင်၊ ဒေါ်ဘုမ၊ ဒေါ်ဖွား၊ ဒေါ်မြတို့ ပုံစံတူ မက်ထားသည့် အိပ်မက် မှန်မမှန် စောင့်ကြည့်ရပေဦးမည်။ အမှန်ဖြစ်နေပါကလည်း မကြောက်ရန် တိုင်ပင်ထားကြသည်။

ဒေါ်ဘုမသည် ဗိုက် အကြမ်းအရမ်းနာလာသည်။ လက်သည်နှစ်ဦး၏



ကူညီမှု၊ ဒေါ်ဘုမ၏ အားထုတ်မှုကြောင့် မွေးဖွားလာပါသည်။ အိပ်မက်ထဲက အတိုင်းပင် ဖြစ်သည်။ နောက်ထပ် သန္ဓေသား ကျန်နေသေးသည်။ ဆက်၍ ဗိုက်နာလာပြန်သည်။ နောက်ထပ် (၅)မိနစ်အကြာ ထပ်မံမွေးဖွားလာပြန်သည်။

ပထမမွေးဖွားသည်မှာ အမျိုးအမည် အတိအကျ ပြောပြ၍မရသည့် မြွေတစ်ကောင် ဖြစ်ပါသည်။ အဆိုပါ မြွေသည် မည်သူ့ကိုမျှ ရန်မလုပ်ပါ။ ဘယ်ကိုမှလည်း ထွက်မသွားပါ။ နောက်ထပ် မွေးဖွားသည်မှာ သားယောက်ျားလေးတစ်ဦး ဖြစ်သည်။ အစ်ကိုမြွေလေးသည် ညီလေး၏ဘေးတွင် နေသည်။ ညီငယ် နို့စို့ချိန်တွင် မိခင်က ခွက်နှင့် ခံထားပေးသော နို့ကို သောက်သည်။ (၇)ရက်ပြည့်မြောက်၍ မီးထွက်သောအခါ ထိုမြွေလေးသည် အိပ်မက်ထဲအတိုင်း ပျောက်ကွယ်သွားပါတော့သည်။ ယနေ့တိုင် မပေါ်လာတော့ပါ။

လူသားမိခင်မှ မြွေနှင့် လူသား ညီအစ်ကို [ညီအစ်ကိုဟု ပြောနိုင်ခြင်းမှာ အိပ်မက်(၆)ကြိမ်လုံး၏ တူညီချက်ကြောင့် ဖြစ်သည်။] တွဲ၍ မွေးဖွားခြင်းသည် ဆန်းကြယ်သည် မဟုတ်ပါလား။ လူ့လောကတွင် အချို့သော ကိစ္စများသည် စိတ်ကူးယဉ်ခြင်းထက်ပင် ဆန်းကြယ်နေတတ်ပါသည်။

ဤမျှ ဆန်းကြယ်သည်ကို ဆန်းကြယ်သည်ဟု မထင်လိုက်ပါနှင့်ဦး။ ထိုအချိန်မှစ၍ ဦးခင်အောင်+ဒေါ်ဘုမတို့သည် တစ်နေ့တခြား စီးပွားဥစ္စာ တိုး၍ တိုး၍ လာပါသည်။ ''ပေး၍မကုန် လှူ၍မခန်း''ဟူသော စကားနှင့်အညီ ဖြစ်သည်။

ညီငယ်သည် မည်သည့်မြွေ ကိုက်ကိုက် ဘာမျှမဖြစ်ခြင်းကလည်း ဆန်းကြယ်မှုတစ်ခုပင် ဖြစ်နေပြန်ပါသည်။ ညီငယ်သည် မြွေကိုက်သည့်ဒဏ်ရာဒဏ်ချက်များကို လက်နှင့် သပ်ချလိုက်လျှင် ချက်ချင်း ပျောက်ကွယ်သွားပါသည်။ တစ်ကြိမ်တစ်ခါမဟုတ် အကြိမ်ကြိမ်အခါခါ ဖြစ်သည်။ အခြားသူများ အကိုက်ခံရသည့် မြွေကိုက်ဒဏ်ရာကိုတော့ ဤသို့ လုပ်ပေးနိုင်စွမ်း မရှိပါ။

စာရေးသူ ငယ်စဉ်က ကြားသိခဲ့ရသော ဖြစ်ရပ်လေး ဖြစ်ပါသည်။ စာရေးသူသည် ဦးခင်အောင်+ဒေါ်ဘုမတို့ကိုတော့မမီလိုက်ပါ။ ညီငယ်ဖြစ်သူကိုတော့ တွေ့ဖူးပါသည်။ ညီငယ် မြွေကိုက်၍ မသေခြင်း၊ ဒဏ်ရာဒဏ်ချက်များ လက်နှင့် သပ်ချရုံဖြင့် ပျောက်ကင်းနိုင်ခြင်းတို့ကို စာရေးသူ တစ်ကြိမ် တွေ့ဖူးပါသည်။

ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ရခြင်း ဖြစ်သည်။ မြွေကိုက်၍ မသေသူသည် ယခုတော့ လူ့လောကတွင် မရှိတော့ပါ။ ကားမှောက်၍ သေဆုံးသွားပြီ ဖြစ်ပါသည်။

**(မှတ်ချက်။ ။ ဖြစ်ရပ်မှန်သော်လည်း အမည်များ လွှဲပြောင်းထားပါသည်။)**

**ထီလာကျော်**



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးပါ။
အမေကတော့
အညာသူ၊ အဖေက
အောက်အရပ်သား၊
အဖေရော အမေပါ
အမဲသားကြိုက်မှတော့ ကျွန်တော်
ကြိုက်တာ ဘာမှမဆန်း။ ငယ်စဉ်က
အမေသည် အမဲသားကို ပြုတ်ကျော်
လုပ်၍၊ အမဲနုပ်ချက်၍၊ အမဲခြောက်
ပြုလုပ်၍ ရေလဲနှင့် အမဲသားဟင်း
ချက် စွမ်းရည် ပြခဲ့သည်။

သဘ္ဘုတ္တ

# အဘဘိုးဘိုးအောင်နှင့်

## အမဲသားကြိုက်သူ

ကျွန်တော် ငယ်စဉ်က အကြောင်း ဖြစ်ပါသည်။ ရိုးသားစွာ ပြောရလျှင် ကျွန်တော် အမဲသားကို ကြိုက်သည်။ ကြိုက်သည်ဆိုရာတွင် စုံစုံမက်မက် ကြိုက်သည်ဟု ပြောရမည်။

ထို့ထက်ပြောရလျှင် နည်းနည်းလွန် သွားမလားမသိ "သေလုမျောပါး ကြိုက်သည်"ဟုပင် ဆိုရမည် ထင် သည်။

ကျွန်တော့်အဖေက လက်သမား

ဒါတင်လား မဟုတ်သေး၊ တရုတ် အမဲဟု ပြောသည့် ဝက်သားဟင်းချက် လည်း အမေက ကောင်းမှကောင်း။ အမေသည် တောင်ငူမြို့နှင့်နီးသော





www.burmeseclassic.com

www.burmeseclassic.com

ရေတာရှည်မြို့သူ။ ရေတာရှည် ဝက်အူချောင်းမှာ တစ်နိုင်ငံလုံး နာမည်ကြီးသည်။

ထိုဝက်အူချောင်းကို အမေက ကျွမ်းကျင်စွာ ထုတ်လုပ်နိုင်သည်။ ဒီတော့ မြန်မာအမဲ၊ တရုတ်အမဲများကို ကျွန်တော် ကြိုက်သည်။ ကျွန်တော်ကြိုက်သလို ကျွန်တော်တို့ တစ်မိသားစုလုံးလည်း ကြိုက်ခဲ့ကြသည်။

ကျွန်တော့်အကြောင်း ပြောရပါဦးမည်။ ကျွန်တော်သည် ငယ်စဉ်ကတည်းက ဘုန်းတော်ကြီးကျောင်းတွင် အနေများခဲ့သည်။ အတန်းကျောင်း တက်သော်လည်း ကျောင်းပိတ်ရက်များတွင် ဘုန်းကြီးကျောင်း၌သာ အနေများသည်။

ကျွန်တော်၏ မွေးဇာတိ မဒေါက်မြို့တံခွန်တိုင် ဘုန်းကြီးကျောင်းတွင် ကျွန်တော်ငယ်စဉ်က ဘုန်းကြီးစိန်ဟု လူသိများသော ဆရာတော်ကြီး ဦးဇာဂရ သီတင်းသုံးသည်။

ဆရာတော်ကြီးသည် ရှေးခေတ်က ဘုန်းတော်ကြီးများ၏ ထုံးစံအတိုင်း အလွန်ဩဇာညောင်းသည်။ တပည့်တပန်း၊ ရဟန်းသာမဏေများကို သာမက ဒါယကာ၊ ဒါယိကာမများကိုပါ တုတ်တုတ်မလှုပ်ဝံ့အောင် မီးသေသည်။

ကျွန်တော့်ကိုတော့ ဆရာတော်ကြီးက အလွန်ချစ်ခင်သည်။ ငယ်စဉ်က အသားဖြူဖြူ လူပုံသေးသေးနှင့် ကျွန်တော့်ကို ''ပိုးဖုံ့ပ်ဖြူ''ဟု ချစ်စနိုးခေါ်သည်။ ဆရာတော်ကြီး၏ ပွဲတော်ကျများကို ကျွန်တော် စားရလေ့ရှိသည်။

ဆရာတော်ကြီးက အင်္ဂရိတ်ထိုးသည်။ ကျွန်တော်က ဖားဖိုကြီးကို ကြိုးဆွဲပေးရသည်။ ဆရာတော်ကြီးက



ကျွန်တော့်ကို ပရိတ်ကြီး(၁၁)သုတ်လုံးရအောင် ကျက်ခိုင်းသည်။ ကျွန်တော်ကြိုးစားကျက်မှတ်သောကြောင့် အာဂုံရသည်။ ဆရာတော်ကြီးထံ ပြန်ပြရသည်။

ကျွန်တော် ငယ်ငယ်ကတည်းက ပရိတ်ကြီး(၁၁)ပုဒ်လုံး ဒိုးလိုမွှေအောင် ရသည်။ ကျွန်တော့်အဖေ၊ အမေများကလည်း ကျွန်တော် ဘုရားရှိခိုးတိုင်း ပရိတ်ကြီး(၁၁)သုတ် ရွတ်ဆိုခြင်း၊ ပုတီးစိပ်ခြင်းကြောင့် အလွန် သဘောကျနေကြသည်။ ဒါကြောင့်ပင် ကျွန်တော်ကြိုက်သော အမဲသားဟင်းကို ပိုလို့ချက်ကျွေးဖြစ်တော့သည်။

တစ်နေ့... ထိုတစ်နေ့သည် ကျွန်တော့်ဘဝကို ထူးခြား ပြောင်းလဲစေခဲ့သော တစ်နေ့ဟု ဆိုရပါမည်။

ထိုနေ့တွင် ကျွန်တော့်အဖေသည် မည်ကဲ့သို့ စိတ်ကူးပေါက်သည် မသိပါ။ ပိတ်ဖြူစင်ကြယ်ဝတ်ပြီး လည်တွင် ပုတီးကြီးဆွဲလျက် လက်ထဲတွင် ပြဒါးရှင်လုံးဟု ပြောသော အလုံးကြီးကိုင်ထားသည့် ဘိုးတော်ကြီးတစ်ပါးပုံ(မှန်ပေါင်သွင်းထားသည်)ကို ဈေးမှ ဝယ်လာခဲ့သည်။ ထိုပုံတော်ကို ဘုရားဆောင်ပေါ်တွင် တင်ထားခဲ့သည်။

'ဒါဘယ်သူလဲ အဖေ'

ဟု ကျွန်တော်က မေးကြည့်သည်။ အဖေက ''**ဘိုးဘိုးအောင်**''ဟု ပြောသည်။ ကျွန်တော်တို့ငယ်စဉ်က နဂါးနီသီချင်း၊ ဘိုးဘိုးအောင်သီချင်းတို့ ခေတ်စားသည်။

"ဝ"တစ်လုံး ဖျက်ပြန်တော့ နှစ်လုံးပေါ်လာသည်၊ နှစ်လုံးဖျက်ပြန်တော့ (၄)လုံးပေါ်လာသည်။ တစ်ဆက နှစ်ဆတိုးတာဟာလေ ကျွန်တော့်တို့ မြန်မာ့တန်ခိုးပါဗျ။ ဘိုးဘိုးအောင်တဲ့ တအောင်နဲ့ ပေါ်လာပြီ။

ဆိုသော သီချင်းသံကို ကြားရလေ့ရှိသည်။ ကျွန်တော် အဘဘိုးဘိုးအောင်ကို စိတ်ဝင်စားမိသည်။ ဘိုးဘိုးအောင်သည် တန်ခိုးကြီးသူ မဟုတ်ပါလော။

'ဘိုးဘိုးအောင်ကို ဘာလုပ်ဖို့ ဘုရားဆောင်မှာ ထားတာလဲ အဖေ'

ဟု ကျွန်တော် စူးစမ်းကြည့်မိသည်။

'ဘိုးဘိုးအောင်က တို့ကို ဘေးရန်က ကာကွယ်ပေးတယ်။ ပြီးတော့ စီးပွားတိုးတက်အောင် မ,နိုင်တယ်ကွ'

ဟု ပြောသည်။ အဖေက ဆက်ရှင်းပြသေးသည်။

'ဘိုးဘိုးအောင်ကိုင်ထားတဲ့ ပြဒါးရှင်လုံးဆိုတာက လိုတရတယ်ကွယ့်။ ဘိုးဘိုးအောင်ဆိုတာ သူတော်ကောင်း ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးပေါ့။ မင်းကို ချစ်တဲ့ ဆရာတော်ကြီးဦးစိန်လဲ ဓာတ်လုံးထိုးနေတာ ဘိုးဘိုးအောင်ကြီးလို ထွက်ရပ်ပေါက်အောင် လုပ်နေတာပေါ့'

ဟူ၍ ရှင်းပြသည်။

ကျွန်တော် အဘဘိုးဘိုးအောင်ကို စိတ်ဝင်စားသွားသည်။ ဘုရားရှိခိုးပြီးတိုင်း အဘဘိုးဘိုးအောင်ပုံတော်ကို ကန်တော့ခဲ့သည်။ စာမေးပွဲအောင်ဖို့ စာရဖို့ အမဲသားဟင်း ကောင်းကောင်းစားရဖို့ ဆုတောင်းခဲ့သည်။

* * *

ကျွန်တော် ဆုတောင်းမပြည့်ခဲ့။ ကျွန်တော်သည် ငယ်စဉ်ကာလ





www.burmeseclassic.com

www.burmeseclassic.com

ကတည်းက အဖေ၊ အမေ၊ အစ်ကို၊ အစ်မများနှင့် ရောနှော၍ မအိပ်ခဲ့ပါ။ သိတတ်စအရွယ်တွင် တစ်ကိုယ်တော်သာ အိပ်လေ့ရှိသည်။

ကျွန်တော် အိပ်သောနေရာမှာ ဘုရားဆောင်တော်ရှေ့တွင် ဖြစ်သည်။ ဘုရားရှိခိုး၊ ပရိတ်ရွတ်၍ ဂုဏ်တော်ပုတီးစိပ်ပြီးမှ ကျွန်တော် အိပ်မြဲဖြစ်ပါသည်။

ညက ကျွန်တော့်အိပ်မက်ထဲတွင် အဘဘိုးဘိုးအောင် ရောက်လာသည်။

'ငါ့မြေး မင်းက ဘုရားရှိခိုး ပရိတ်ရွတ် ပုတီးစိပ်တာကိုတော့ အဘိုးကြိုက်ပါရဲ့၊ ခက်နေတာက ငါ့မြေးဟာ အဘိုးရဲ့ ပုံတော်အောက်တည့်တည့်မှာ အိပ်ပြီး အဘိုးမကြိုက်တဲ့ အမဲသားတွေ စားနေတာပဲကွယ်။ ငါ့မြေး အမဲသားကို မစားပါနဲ့၊ စားရင် ပါးစပ်ထဲက သွေးတွေ ထွက်လာလိမ့်မယ်။ မစားပါနဲ့တော့ကွာ'

ဟူ၍ ပြောပြီး ပျောက်သွားသည်။ ကျွန်တော် အဘဘိုးဘိုးအောင်ကို ပိတ်ဖြူဝတ်စုံနှင့် သေသေချာချာ မြင်တွေ့ရသည်။

သူပြောသော စကားသံကိုလည်း နားတွင် ပီပီသသကြားခဲ့ရသည်။ သို့သော်လည်း ကျွန်တော် အမဲသားကို မစားဘဲ မနေနိုင်ခဲ့ပါ။

ထမင်းဝိုင်းတွင် အမဲသားကို ပြုတ်ကြော်ထားသော အမေ့လက်ရာ မဆလာနံ့သင်းသင်းကလေးနှင့် အမဲကြော်တုံးကလေးများက ကျွန်တော့်ကို ပြုံး၍ကြည့်နေသလိုလို ကောင်လေးတစ်ယောက် မစားရရှာဘူး၊ ရက်ဖွယ်လို့ ပြောနေသလိုပါပဲ။

ကျွန်တော်သည် အမဲသားကို ထုံးစံအတိုင်း အိပ်မက်ကို မသိကျိုးကျွန်ပြု၍ ပါးစပ်ထဲထည့်ပြီး အရသာခံကာ ဝါးစားလိုက်ပါသည်။ အဘပြော စကား



ကို သတိရနေသော်လည်း အမဲသားကို မစွန့်လွှတ်နိုင်ခဲ့ပါ။

ထမင်းစားပြီး (၁)နာရီလောက်ကြာသောအခါ ကျွန်တော် စားထားသော အမဲသားများသည် ဘယ်လိုဖြစ်သည်မသိ။ တအော့အော့နှင့် လေချဉ်တက်ရင်း အန်ထွက်လာကြသည်။ စလုံးစခု မည်းမည်းသဲသဲ အန်ဖတ်များသည် ရွံ့စရာဖြစ်သည်။

အမေက...

'သားလေး ရင်ပြည့်နေတယ်နဲ့ တူတယ်။ လျက်ဆားကို လျက်လိုက်'

ဆိုပြီး ပုလင်းထဲမှ လျက်ဆားကို စက္ကူပေါ်တွင် ပုံပေးသည်။ လျက်၍ သက်သာသလို ရှိသော်လည်း ကျွန်တော် ထပ်ပြီး အန်ပြန်သည်။

'ဟင် သွေးတွေပါလားကွယ်၊ ဘယ်လိုများ ဖြစ်ရတာပါလိမ့်'

ဟု အမေ စိတ်မချမ်းမသာ ရေရွတ်နေသည်။ ထိုနေ့က အမဲသားနှင့် ပတ်သက်သော ပထမသင်ခန်းစာကို ပေးခဲ့ကြောင်း ကျွန်တော်တစ်ယောက်တည်းသာ သိနေခဲ့သည်။

* * *

ထုံးစံအတိုင်း ညအိပ်ရာဝင်သည်နှင့် ဘုရားရှိခိုး ပရိတ်ရွတ်၊ ပုတီးစိပ်၊ မိဘများကို ကန်တော့၊ အဘဘိုးဘိုးအောင်ကိုလည်း ကန်တော့ခြင်းတို့ကို ပြုလုပ်ခဲ့သည်။

အဘဘိုးဘိုးအောင် လာပြန်ပြီ...

'လူလေး မင်းမင်း တော်တော်ဟုတ်တဲ့ကောင်ပဲ၊ မစားပါနဲ့ဆိုတာကို စားတယ်၊ နောက်နေ့ကျရင် မစားပါနဲ့တော့၊ မင်းစားရင် မင်းနှာခေါင်းထဲက သွေးတွေ ထွက်လာလိမ့်မယ်ကွယ့်'

ဟု ပြောပြီး ပျောက်သွားပြန်သည်။ ကျွန်တော် အကြီးအကျယ် စိတ်ညစ်သွားသည်။ အမဲသားကလည်း ကျွန်တော် မခွဲနိုင် မခွာရက် စွဲမက်ခဲ့သော "ငယ်ချစ်ဦး"မဟုတ်ပါလား။

နောက်တစ်နေ့ ထမင်းဝိုင်းတွင် အမဲနှပ်ဟင်း။ ဒီဟင်းကို ကြက်သွန်ဖြူချင်းတို့နှင့် ကြက်သွန်နီ အနှစ်များကို ငရုတ်သီးပွ ညက်စွာထောင်း၍ မဆလာနံ့ ကောင်းကောင်းနှင့် အမေ ချက်ထားခဲ့သည်။

ထို အမဲသားဟင်းရနံ့သည် ကျွန်တော့်ကို သွားရည်တမြားမြားနှင့် စိုရွှဲနေသော လျှာများကို ဖြစ်ပေါ်စေခဲ့သည်။ မအောင့်နိုင်သော ကျွန်တော် အမဲသားဟင်းကို စားပြန်ပါသည်။

စားနေတုန်းပင် နှာခေါင်းထဲမှ သွေးများ အတောင့်လိုက် ထွက်ကျလာသည်။ အင်း...ခက်ရလေပြီ။

ငါ ဘာလုပ်ရမလဲ။ အိပ်မက်ထဲက ဘိုးဘိုးအောင်အကြောင်းကို အဖေနှင့် အမေကို ပြောပြလျှင် အမဲသားဟင်းကို စားရတော့မည်မဟုတ်။ ကျွန်တော်သည် ဝေဒနာကိုသာ ကြိတ်မှိတ်ခံစားနေခဲ့သည်။ အဖေနှင့် အမေမှာ အဖြေမသိဘဲ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေကြသည်။

ကျွန်တော်တို့အိမ်တွင် နောက်ရက်

www.burmeseclassic.com

များ၌ အမဲသားဟင်းကို မချက်ဘဲ ငါးဟင်း၊ ဘဲဥ၊ ပဲဟင်းတို့ကို ချက်နေသဖြင့် အမဲသားဟင်းကို ကျွန်တော် တမ်းတမိသော်လည်း ကောင်းတောင်းတောင်းပင် ရှိနေသည်။

(၃)ရက်မြောက်နေ့တွင် ကျွန်တော့် ထက်ပင် အမဲသားကို ကြိုက်သော အဖေသည် အမဲပေါင်သားကို အတွဲလိုက်ဆွဲ၍ ဈေးမှ ပြန်လာသည်။ အမေက လက်စွမ်းပြသည်။ ကျွန်တော်ကတော့ ထုံးစံအတိုင်း သွားရည်တမြားမြား။

ထမင်းဝိုင်းတွင် အမဲသားကြိုက်သော ကျွန်တော်သည် မိုက်မဲစွာ အမဲသားဟင်းကို စားပြန်ပါသည်။ ဒီတစ်ခါတွင်တော့ နှာခေါင်းပေါက်ပြီး၍ နားပေါက်အလှည့် ရောက်လာပါသည်။ နားထဲမှ သွေးများ တစိမ့်စိမ့် ယိုစီးထွက်ကျလာသည်။

'ကျွန်မသားလေး သေပါတော့မယ်တော့'

ဆိုပြီး အမေငိုသည်။ အဖေရော အမေပါ ထမင်းတစ်ဝိုင်းလုံး ရှုတ်ရှုတ်သဲသဲ ဖြစ်သွားသည်။ ပျော်ရွှင်ဖွယ် မိသားစု ထမင်းဝိုင်း ပျက်ခဲ့ပြီ။

ဒီနေ့တွင်တော့ အဖေက ကျွန်တော့်ကို သတိပြုမိလာသည်။

'ငါ့သား မင်းအမဲသားနဲ့ မတည့်ဘူး။ မင်းကို မစားစေချင်လို့တော့ မဟုတ်ဘူး။ နောက်ရက်တွေမှာ မင်း အမဲသားကို လုံးဝမစားနဲ့ဖတော့နော်။ အမေကြီးကလဲ သားလေးအတွက် အမဲသားအစား တခြားစားစရာတွေ လုပ်ပေးပေတော့'

ဟု အမိန့်ပြန်တမ်း ထုတ်လိုက်ပါတော့သည်။

ကျွန်တော် စိတ်အလွန်ထိခိုက်သည်။ အဘဘိုးဘိုးအောင်ကြီးကို



လည်း စိတ်တိုမိသည်။ သူများ ကောင်းကောင်း စားချင်တာကို ဒီအဘိုးက ဘာကြောင့်များ တားရပါလိမ့်ဟု စိတ်အတွေးများနှင့် ပြစ်မှားမိခဲ့သည်။

ကျွန်တော်သည် အမဲသားနှင့် ရှင်ကွဲကွဲခဲ့ရလေပြီ။ အမဲသားဟင်းချက်သော နေ့များတွင် ကျွန်တော့်ကို အမေက ဘဲဥကြော်ပေးသည်။ ငါးကို ကြော်ပေးသည်။ မည်သို့ပင် ကျွေးကျွေး ကျွန်တော် ကျေနပ်တင်းတိမ်ခြင်း မရှိခဲ့ပါ။

ထိုနေ့က အမေရော အဖေပါ အိမ်တွင် မရှိကြပါ။ အမဲခြောက်များကို ဆီဆမ်း၍ ကြောင်အိမ်ထဲတွင် ထည့်ထားသည်ကို ချောင်းနေသော အမဲသားစားကြူးသူ ကျွန်တော် သတိရှိစွာ စောင့်ကြည့်သိထားခဲ့သည်။

လစ်သည်နှင့် အမဲခြောက်များကို နှစ်သက်ခုံမင်စွာ အားပါးတရ ခိုးစားမိသည်။

ကျွန်တော် ဘာကြောင့် ဤမျှ အမဲသားကြိုက်ခဲ့သည်ကို မိမိဘာသာ မသိနိုင်အောင် ရှိခဲ့သည်။ ထို့ကြောင့်ပင် ကျွန်တော်သည် အမဲသားကို သေလုမျောပါး ကြိုက်သည်ဟု တင်ပြပြောဆိုခဲ့ရခြင်း ဖြစ်ပါသည်။

အမဲခြောက်ကိုစားပြီး အဖေ သောက်သော ဓာတ်ဘူးထဲမှ နှပ်ထားသော လက်ဖက်ရည်ခါးကို အားပါးတရ တဖူးဖူးမှုတ်ရင်း သောက်နေခဲ့သည်။

ဒီတစ်ချီတွင်တော့ ပါးစပ်ထဲမှ သွေးလည်းမထွက်၊ နားထဲကလည်း မထွက် နှာခေါင်းထဲမှလည်း သွေးလည်းမထွက်ပါ။

သို့သော် ကျွန်တော် အလွန်ထိတ်လန့်စရာကောင်းသော ဖြစ်စဉ်တစ်ခုနှင့် တိုးခဲ့ပြန်ပါ၏။ ကျွန်တော်၏ သွားများကြားမှ သွေးနီများ တစိမ့်စိမ့် ယိုစီးထွက်လာခြင်း ဖြစ်ပါသည်။

မဖုံးနိုင် မဖိနိုင်သော ဝေဒနာကြောင့် မိဘများကို ပြောပြရသည်။ ဆေးခန်းသို့ နေ့စဉ်သွား၍ ဆေးထိုးကုသရသည်။ (၇)ရက်လောက်ကြာမှ ထိုရောဂါ ပျောက်သွားသည်။

ကျွန်တော်၏ အိပ်မက်ထဲသို့ အဘဘိုးဘိုးအောင် ရောက်လာခဲ့ပြန်သည်။

'ငါ့မြေး မင်းဟာ ဘဝဆက်များစွာက အမဲသား ကြိုက်ခဲ့တဲ့အတွက် မင်းကို အဘိုးက ခွင့်လွှတ်ပါတယ်ကွယ်။ အဘိုးက တားပေမယ့် ငါ့မြေးက မထိန်းသိမ်းနိုင်ခဲ့ဘူးလေ။ မဟိဒ္ဓိပုဂ္ဂိုလ်တွေဆိုတာ သတ္တဝါတွေကို အသက်အန္တရာယ်ဆိုးတွေ၊ ဘဝဆိုးတွေက လွတ်မြောက်ရအောင် ကယ်ဆယ်ကြဖို့ တာဝန်ယူကြရတယ်ကွယ့်။

ငါ့မြေးဟာ မဟိဒ္ဓိဓာတ် ရှိနေတဲ့လူမို့ အမဲသားကို မစားဖို့ အဘိုးက ဆုံးမတားမြစ်ရတာပါကွယ်။ အမဲသားကို ရှောင်ဖြစ်အောင် ရှောင်ပါ။ ငါ့မြေးမှာ သာသနာပြုဖို့ အကြောင်းတွေ ရှိတယ်ကွယ့်။

ဒီတစ်ခါ ငါ့မြေး ထပ်စားရင်တော့ မျက်လုံးအိမ်ထဲက သွေးစိမ်းရှင်ရှင် ထွက်လာလိမ့်မယ်။ ပြီးတော့ မျက်စိ ကွယ်သွားတော့မယ်။ အဘိုး နောက်ဆုံး ငါ့မြေးကို သတိပေးလိုက်ပါရဲ့ ငါ့မြေးရယ်'



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောပါလေတော့သည်။

ကျွန်တော် အလွန် ထိတ်လန့်တုန်လှုပ်ခြင်း အမှန်ဖြစ်ခဲ့ရသည်။ မျက်မမြင်ဘဝနှင့် တစ်သက်တာလုံး နေရမည်ကိုတွေးမိရင်း ကျွန်တော် အမဲသားကိုရှောင်ဖြစ်ခဲ့ပါသည်။ ယနေ့တိုင်ပင် အမဲသား၊ ဝက်သားတို့ကို ယောင်၍ပင် မတို့ထိဖြစ်တော့ပါ။



*　*　*

အမဲသားရှောင်ပြီး (၁)လခန့်အကြာတွင်...

ကျွန်တော် အိပ်ပျော်နေခိုက် အဘိုးအိုတစ်ယောက် ရောက်လာပြီး လှုပ်နှိုးသည်။ အိပ်မက်မဟုတ် တကယ်ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်။ ကျွန်တော်က အဘိုးအိုကို မြင်ဖူးသလိုလိုတော့ရှိသည်။ ဘယ်မှာ မြင်ဖူးမှန်း စဉ်းစားမရ။ အဘိုးအိုက...

'ငါ့မြေး မင်းကို ဆုချဖို့ အဘိုးရောက်လာတာကွယ့်၊ ငါ မင်းကို ရွှေအိုးပေးချင်လို့၊ ငါ့မြေး စားလဲစားပါ။ လှူလဲလှူပါ။ ငါ့မြေး အဘိုးနဲ့ လိုက်ခဲ့'

'ဟာ ကျွန်တော် မလိုက်ချင်ဘူး။ အဘိုး ပေးချင်ရင် ယူလာခဲ့ပေါ့။ ကျွန်တော် လှူပေးမယ်။ ကျွန်တော်ကတော့ လိုက်မယူချင်ဘူး'

ထိုညက မိုးတွင်းကာလ ညဥ့်နက်ပိုင်းဖြစ်သည်။ ဖားများ အုံးအင် အော်မြည်နေသည်။ ကျွန်တော်နှင့် အဘိုးအိုတို့ နှစ်ဦးသား ကျွန်ုပ်တို့အိမ် ဘုရားဆောင်ရှေ့တွင် စကားပြောနေကြခြင်းဖြစ်သည်။

ကျွန်တော်တို့တစ်အိမ်လုံး အိပ်မောကျနေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး မှိုးခေါ်ဖားအော်သံတို့အပ တိတ်ဆိတ်နေသည်။ လဆုတ်ပိုင်းဖြစ်၍ လရောင်မှုပျသာ သာနေသည်။ မိုးသားများတက်နေ၍ ညသည် မှုန်မှိုင်းနေသည်။ လရောင်က မလင်းတလင်းရှိသည်။

'ငါ့မြေးရယ် အဘိုးက ယူလာခဲ့ချင်ပါတယ်။ အဘိုးထက်ကြီးတဲ့ လူတွေက အဘိုးကို ခေါ်လာခိုင်းလို့ ခေါ်ရတာပါ။ ငါ့မြေး လိုက်သွားလာခဲ့ပါ။ ဘာအန္တရာယ်မှ မရှိစေရဘူး။ ငါ့မြေးက သူတော်ကောင်းမို့လဲ တို့က ပေးချင်တာပါ။ မင်းရရင် အလှူအတန်း လုပ်ပေးမယ်လို့လဲ ယုံကြည်လို့ပါကွာ'

ကျွန်တော်လည်း အဘိုးအိုစကားကြောင့် အားနာပါးနာ ဖြစ်မိသည်။ အဘိုးအိုနှင့်အတူ အိမ်ပေါ်မှ ဆင်းလိုက်ခဲ့သည်။

နောက်ဖေးဘက် ခြံစည်းရိုးကို မရောက်မီ ကျွန်တော့်စိတ်ထဲတွင် မသိုးမသန့် ဖြစ်လာသည်။ အိမ်ရှေ့က မထွက်ဘဲ နောက်ဖေးဘက်က ထွက်ရန် ပြင်နေသော အဘိုးအိုကို...

'ဘယ်ကိုသွားမှာလဲ အဘိုးရဲ့'

ဟု ကျွန်တော် မေးဖြစ်သည်။

အဘိုးအိုက လက်ညှိုးညွှန်၍ တစ်နေရာကို ပြသည်။ ကျွန်တော် တွေ့ပါပြီ။ ဖြောင့်ဖြူးနေသော သပြေပင်ကြီးတစ်ပင်နှင့် ကုက္ကိုပင် ညီနောင်တို့ရှိသော နေရာ။

ထိုနေရာအထိ လမ်းမကြီးမှာ ဖြောင့်ဖြူးညီညာနေသည်။ ထိုအပင်ကြီးများကို ကျွန်တော် ကောင်းကောင်းသိသည်။ ကျွန်တော် ထိုရွာသားများ သေလျှင် မြေမြှုပ်သင်္ဂြိုဟ်ရာ သုသာန်သချိုင်းကုန်းမြေ။

ကျွန်တော် ကြက်သီးမွေးညင်းထသည်။ ခေါင်းနားပန်း ကြီးသွားသည်။ အဘိုးအိုရှေ့မှဆောင်၍သွားရာ ခြံစည်းရိုးကို ကျော်သွားပြီ။ ကျွန်တော်က ခြံထဲမှာပင် တွေဝေစွာ ရပ်နေသည်။

'အဘိုး ကျွန်တော် မလိုက်တော့ဘူး။ အဘိုးတို့ပေးတဲ့ ရွှေအိုးကိုလဲ မလိုချင်ဘူး။ အဘိုးပြတဲ့ သွားမယ့်နေရာက လူသေမြှုပ်တဲ့ သင်္ချိုင်းကုန်းလေ။ ကျွန်တော် မလိုက်တော့ပါဘူးခင်ဗျား'

ကျွန်တော့်ကို ခေါ်၍ မရတော့ပြီမို့ အဘိုးအိုသည် ခေါင်းငိုက်စိုက်ချရင်း သပြေပင်ကြီးဘက်သို့ ထွက်သွားတော့သည်။ ကျွန်တော်လည်း အိမ်ပေါ် ပြန်တက်လာပြီး အိပ်လိုက်သည်။

မိုးစင်စင်လင်းမှပင် နိုးတော့သည်။ အိပ်မက်လိုလို တကယ်လိုလိုနှင့် ထူးဆန်းသော ဖြစ်စဉ်ကို အိပ်ရာမှ နိုးနိုးချင်း ပြန်သတိရလာသည်။

မျက်နှာသစ်ပြီးသည်နှင့် အိမ်နောက်ဖေးဘက် ခြံစည်းရိုးသို့ ထွက်ခဲ့သည်။ ညကတွေ့ရသော ညီညာဖြောင့်ဖြူးသည့် လမ်းမကြီးကို မတွေ့ရတော့။ ထိုအချိန်မှာ မိုးကာလဖြစ်၍ မြစ်မ်းရောင် စပါးကွင်းကြီးသည် ဟည်းထနေအောင် နေရာယူထားသည်။

*　*　*

ကြာပါပြီ။ ထိုဖြစ်ရပ်တို့မှာ ကျွန်တော် ယနေ့တိုင် မမေ့နိုင်သော အမှန်တကယ် ကြုံတွေ့ဖြစ်ပျက်ခဲ့ခြင်းများသာဖြစ်ပါသည်။ အသက်(၁၃)နှစ်သားလောက်က ကျွန်တော်၏ ထူးခြားသော အတွေ့အကြုံဟု ဆိုရပါသည်။

ယနေ့ကာလတွင် ကျွန်တော့်ဖေဖေ

www.burmeseclassic.com

မေမေတို့လည်း ကွယ်လွန်ကုန်ကြပြီး ညီအစ်ကိုမောင်နှမများလည်း အသီးသီး အိမ်ထောင်ရှင်များ ဖြစ်သွားကြပြီ။ ကျွန်တော်ကမူ အိမ်ထောင်မပြုဘဲ နေခဲ့သည်။

အသက်ပင် (၄၀)ကျော်စပြုပြီမို့ တရားဘာဝနာဘက်သို့သာ အာရုံရောက်နေခဲ့ပါပြီ။ ကျွန်တော့်ကို အဘဘိုးဘိုးအောင်သည် အိပ်မက်လမ်းညွှန်နှင့် စရဏကျင့်စဉ်များကို ပြပေးသည်။ အဘနှင့် ကျွန်တော် အိပ်မက်အဆက်အသွယ်ရှိခဲ့သည်။

ကျွန်တော် အမဲသားကို ဘာကြောင့် ကြိုက်ရသည်ကိုလည်း ငယ်စဉ်ကပင် အဘဘိုးဘိုးအောင်က ပြောပြခဲ့သည်။

အိပ်မက်တွင် အဘဘိုးဘိုးအောင်သည် ကျွန်တော် ငယ်စဉ်ကပင် အမဲသားကို ဘာကြောင့် ရှောင်နိုင်းခဲ့သည်ကို ပြောပြခဲ့သည်။

တစ်ညတွင် အိပ်မက်ထဲသို့ အဘဘိုးဘိုးအောင် ရောက်လာသည်။

'ငါ့မြေး မင်း တော်တော် တိုးတက်လာပြီပဲ။ မင်း လောဘလဲ သတ်နိုင်သားပဲကွာ။ မင်းကို သချိုင်းသိုက်က ပြန်ခေါ်ဖို့ စီစဉ်ကြတာကွယ့်။ မင်း အမဲသားမစားတော့ သူတို့ ထင်သလို လုပ်လို့ မရတော့ဘူး။ သီလစွဲ၊ သရဏဂုံမြဲပြီး ပုတီးစိပ်၊ ပရိတ်ရွတ်ဖတ်နေတဲ့ မင်းကို သူတို့ ဘယ်ချုပ်ကိုင်နိုင်ပါ့မလဲ လူလေးရာ။ မင်း အမဲသား ရှောင်လိုက်ပြီဆိုတော့ အဘိုးက စောင့်ရှောက်လို့ ရသွားပြီကွယ့်။ သူတော်ကောင်းအကျင့်တွေကို ဆက်ကျင့်ပြီး သာသနာ့အကျိုး သယ်ပိုးဖို့ ငါ့သား ကြိုးစားပေတော့ကွယ် သာဓု သာဓု သာဓု'

အဘိုး၏ ကြည်လင်ရွှင်ပျသော ပုံရိပ်သည် အိပ်မက်မှ ပျောက်ကွယ်သွားခဲ့ပါပြီ။ ဒီတော့မှ အဘဘိုးဘိုးအောင် ကျွန်တော့်ကို အမဲသား ဘာကြောင့် ရှောင်နိုင်းခဲ့သည်ကို ကောင်းစွာ သဘောပေါက်ရတော့သည်။ အဘကိုလည်း အကြိမ်ကြိမ် ရှိခိုးကန်တော့မိပါသည်။

*   *   *

ကျွန်တော်သည် အဘဘိုးဘိုးအောင်နှင့် ဓာတ်ပိုင်းဆိုင်ရာ ဆက်သွယ်မှုရှိပြီး ထူးခြားဆန်းပြားသော ဂမ္ဘီရအတွေ့အကြုံများ ပြောမကုန်နိုင် ကြုံတွေ့ခဲ့ရပါသည်။ ယခုအခါ အချိုးအကွေ့များလှသော ဘဝသံသရာ ခရီးကြမ်းကြီးမှ လွတ်မြောက်လမ်းကိုသာ တမ်းတမိတော့သည်။

သမထဝိပဿနာ အလုပ်တို့ကို အာရုံရှူးစိုက် ပွားများအားထုတ်ခဲ့ပါသည်။ ဘဝဟောင်းမှ မိမိ၏ ဖြစ်စဉ်များကိုလည်း ပြန်လည် သိမြင်နိုင်စွမ်းခဲ့ပါသည်။

ကျွန်တော် ဘာကြောင့် အမဲသား ကြိုက်ခဲ့ရသည်ကိုလည်း ပိုင်ပိုင်နိုင်နိုင် သိမြင်ခဲ့ပါပြီ။

ကျွန်တော့်နာမည် မောင်ပုည ဖြစ်ပါသည်။ နိဂုံးချုပ်တွင် မိတ်ဆက်ခြင်းနှင့် နှုတ်ဆက်ခြင်းတို့ကို တစ်ပြိုင်နက်တည်း ပြုလိုက်ပါသည်။

အထူး တင်ပြလိုသည်မှာ ကျွန်တော်သည် အမဲသားစားကြူးသူဘဝမှ လွတ်မြောက်ခဲ့ပါပြီ။ လူတိုင်းကိုလည်း အမဲသားစားခြင်းမှ ရှောင်ကြဉ်ကြပါရန် စေတနာကောင်းနှင့် အကြံပြုအပ်ပါသည်။

*မေတ္တာရည်လျက်...*

**သမ္မုတ္တ**

**(ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့၊ မြို့မ(၂)ရပ်မှ မောင်ပုည၏ ဖြစ်ရပ်မှန်ဇာတ်လမ်းကို ခံစားရေးဖွဲ့ပါသည်။)**

**နယ်မှ စာဖတ်ပရိသတ်များသို့...**

မိမိတို့ဒေသတွင်
အစိုးရ စာပို့တိုက်များနှင့်
ဆက်သွယ်၍ ရပါက
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းအား
မှာယူ နိုင်ပါသည်။
တန်ဖိုးပေးချေးယူစနစ်ဖြင့်
မှာကြားနိုင်ပါသည်။
နက္ခတ္တရောင်ခြည် မဂ္ဂဇင်း
တစ်အုပ်လျှင် ၂၃၀၀/ကျပ်
(နှစ်ထောင့်သုံးရာကျပ်နှုန်းဖြင့်)
မိမိတို့
လက်ဝယ် အရောက်
ပို့ဆောင်ပေးပါမည်။
(၃)လ၊ (၆)လ၊ (၉)လ
(၁၂)လ စသည့်
မိမိလိုသော လကို
ရေးသား၍
မှာကြားနိုင် ပါသည်။

မှာကြားရန် လိပ်စာ...

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်**
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂၉၀၄



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏငြိမ်းအောင်
(ခေတ္တ-ဟားခါး)

နှတ်လှည့်စားတာလား

# တောခြောက်တာလား

၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လအတွင်းက ဖြစ်ရပ်မှန်ဇာတ်လမ်းလေးတစ်ခု ဖြစ်ပါသည်။ အဲဒီအချိန်ကာလမှာ နိုင်ငံတော်၏ စီမံချက်ဖြင့် ဆည်မြောင်း တာတမံများ အင်တိုက်အားတိုက် လုပ်နေရသောအချိန် ဖြစ်ပါသည်။

နတ်မောက်မြို့နှင့် မြို့သစ်မြို့အကြားရှိပုလင်းရေလှောင်တမံ၊ ပုလင်းရွာနားရှိ ပုလင်းချောင်းကို ဆည်ဖို့၍ ရေလှောင်တမံ တည်ဆောက်နေချိန်၊ မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ်ဒေသဖြစ်၍ မိုးခေါင်သော အချိန်တွင် ရေမရသောကြောင့် လယ်ယာမြေများမှာ ပပ်ကြားအက်ပြီး သီးပင်စားပင်များ မဖြစ်ထွန်းပေ။

ထို့ကြောင့် ဆည်ရေကိုသာ အားထားနေရသော ကျေးလက် လယ်ယာမြေများအတွက် နိုင်ငံတော်မှ အကုန်အကျခံကာ ပညာရှင်များ၊ ဝန်ထမ်းအင်အား၊ အလုပ်သမား အများအပြားနှင့် ဆောင်ရွက်နေချိန်ပင် ဖြစ်ပါသည်။

လက်ထောက်ဦးစီးမှူး ဘဝနှင့် ကိုအောင် တစ်ယောက်လည်း အင်တိုက်အားတိုက် တာဝန်များ ထမ်းဆောင်နေဆဲကာလ၊ ဆည်ဖို့နေသော အချိန်တွင် **''ပုလင်းရေလှောင်တမံ''**ဟု စာလုံးကြီးများကို တမံစောင်းမှာ ရေးဖို့ အကြမ်းလျာထားမှုအား ပုလင်းရွာသို့ သွားရောက်ပြီး စာလုံးများ မြင်နိုင်လောက်သောနေရာမှ ကြည့်ရန် ရွာသို့ သွားရပါသည်။

ပုလင်းရေလှောင်တမံ အနီးဝန်းကျင်တွင်လည်း ဝမ်းဘဲအင်းရွာ၊ ငွေးပင်ရွာ၊ မန်ကျည်းရွာ စသည့် ရွာများ ပတ်ပတ်လည်ရှိရာ ဆည်ဖို့သည့် နေရာနှင့် သုံး,လေးမိုင်သာ ကွာဝေးပါသည်။ ယင်းရွာများမှ ဈေးသည်များလည်း ဆည်ထဲသို့ လာ၍ ဈေးရောင်းကြပါသည်။

အလုပ် လုပ်သော နေရာနှင့် မိမိနေထိုင်ရာ လိုင်းခန်းများမှာ ချောက်ကမ်းပါးလေးဘေးမှ ပတ်၍ လျှောက်ရသေးသည်။ နာရီဝက်လောက် သွားရပါသည်။

ထိုနေ့က ပုလင်းရွာမှ ညနေလေးနာရီလောက် နေမဝင်သေးမီ ခြေကျင်လျှောက်ပြီး အဖွဲ့လိုက် ပြန်လာခဲ့ကြပါသည်။ ရွာမှ ဆည်ဖို့သည့်နေရာသို့ နှစ်မိုင်ခန့် လျှောက်ရပါသည်။

တမံအခြေ ချောင်းဘေးတိုင်း

www.burmeseclassic.com

လျှောက်လာရင်း လမ်းတွင် အပေါ့သွားချင်၍ အဖွဲ့နောက်မှ ချန်ရစ်ကာ ချောက်ကမ်းပါးဘေးကပ်၍ သွားလိုက်ပါသည်။

ကိစ္စပြီး၍ ပြန်ရန် လမ်းဘက်သို့ ကြည့်လိုက်သောအခါ ကိုအောင် တစ်ယောက် မယုံနိုင်လောက်အောင် ဖြစ်သွားမိပါသည်။

သူ့ပတ်ဝန်းကျင်တစ်ခုလုံး အခိုးအငွေ့များ ရစ်သိုင်းကာ မြူနှင်းများ ကျလာသကဲ့သို့ မီးခိုးငွေ့လိုလို ဖြူဖြူများ၊ မှုန်ဝါးဝါးများကိုသာ မြင်ရပြီး ပြန်ရမည့်လမ်းကို မတွေ့တော့ချေ။ ရှေ့ကိုလည်း မမြင်ရ၊ နောက်ကိုလည်း မမြင်ရဘဲ အဖြူငွေ့များကသာ ပိတ်ဖုံးနေပါသည်။

ဘယ်လိုဖြစ်တာပါလိမ့်ဟု တွေးတောရင်း ရှေ့သို့ ဆက်လျှောက်လာခဲ့မိလေသည်။ တောတိုးသည့် လည်ရှည်ဖိနပ်ကြီး စီးထား၍ မြွေပါး ကင်းပါး မကြောက်ဘဲ ရှေ့ဆက်၍သာ ရမ်းသမ်းလျှောက်နေမိခြင်းပင် ဖြစ်ပါသည်။

တရွေ့ရွေ့နှင့် လျှောက်လာမိရင်း အတန်ကြာသောအခါ လက်မှ နာရီကို ကြည့်မိတော့ ည ကိုးနာရီထိုးနေပြီ။ ခုထက်ထိ မိမိတို့ ဝန်ထမ်းများနေသော နေရာသို့ မရောက်သေးပေ။ ဝန်ထမ်းလိုင်းခန်းများမှာ မီးစက်များဖြင့် မီးထွန်းထား၍ တော်တော်ဝေးဝေးကပင် မီးရောင်များကို မြင်နိုင်ပါသည်။

**"ငါ ဘယ်ရောက်နေပါလိမ့်"** ဟု တွေးမိရင်း ဘုရား တလိုက်မိပါသည်။ ထို့နောက် အကြံတစ်ခု ရလာကာ ကုန်းမြင့်အတိုင်း တက်ပြီး အပေါ်စီးက လှမ်းကြည့်လျှင် မီးရောင်မြင်ရသည့် နေရာအထိ သွားမည်ဟု အားတင်းကာ ကုန်းအတိုင်း တက်လာခဲ့၍ မှုန်ဝါးဝါးကြားမှ မိမိပတ်ဝန်းကျင်ကို ကြည့်မိလိုက်ပါသည်။

ထိုအခါ မိမိသွားမည့်လမ်းနှင့် ဆန့်ကျင်ဘက် မန်ကျည်းရွာသို့ သွားသော တောလမ်းပေါ် ရောက်နေကြောင်း ခန့်မှန်းမိပါသည်။ မန်ကျည်းရွာသို့ သဲတိုက်၊ ကျောက်တိုက် သွားသွားနေကျဖြစ်၍ ခန့်မှန်းမိခြင်းပင်။

မိမိသွားမည့် နေရာနှင့် လေး၊ ငါးမိုင် ဝေးသည့် ဤနေရာသို့ မည်သို့ ရောက်လာသည်မသိ။ ထိုအချိန် ကုန်းထိပ် တစ်နေရာ အရှေ့ဘက်တွင် မီးရောင်လိုလို အလင်းရောင်တစ်ခုကို မြင်လိုက်ရ၍ အားတက်သွားကာ မီးရောင်အတိုင်း လျှောက်လာခဲ့မိပါသည်။

တောင်ထိပ်မှ ချောက်ကမ်းပါးအတိုင်း အတည့်ဆင်းခဲ့ပါသည်။ မီးရောင် ပျောက်သွားမည် စိုးသောကြောင့် တစိုက်မတ်မတ်ကြည့်ကာ လျှောက်လာရာ ခြေသလုံးများ ကြွက်တက်ကာ မသယ်ချင်လောက်အောင်ပင် ဖြစ်လာခဲ့ပါသည်။

သို့သော်လည်း မီးရောင်လေးကို မျက်ခြည်ပြတ်သွားမည်စိုးကာ ဆက်လျှောက်လာခဲ့မိပါသည်။ ကုန်းပေါ် ရောက်သွားလိုက်၊ ချောက်ထဲ ရောက်သွားလိုက်နှင့် အားတင်း၍ လျှောက်လာကာ အတော်အတန် လျှောက်မိသောအခါ မီးရောင်လေးနှင့် နီးသည်ထက် နီးလာခဲ့ပါသည်။

အနားသို့ရောက်မှ သဲကွဲစွာ မြင်လိုက်ရသည်ကား ဆည်ဖို့သည့် တမံထိပ်တွင် တည်ထားသော ဆည်ဦးစေတီခေါ် မိုးကောင်းဘုရားစေတီတော်လေး ဖြစ်နေပါသည်။

ထိုအခါမှ ဝမ်းသာအားရ ဘုရားရင်ပြင်တော်ပေါ်တွင် ထိုင်နားကာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးပီပီ ဦးသုံးကြိမ်ချ ကန်တော့လိုက်ပါသည်။ ဘုရားကို ကန်တော့ပြီး ခေါင်းမော့လိုက်ပါသည်။

ထိုအခါ အံ့သြသွားရသည်က တစ်ချိန်လုံး မြူများ အုံ့ဆိုင်းသကဲ့သို့ ဖြစ်နေသော ဖြူဖြူအငွေ့များ မရှိတော့ဘဲ ကောင်းကင်တစ်ခုလုံး ကြည်လင်တောက်ပကာ ကြယ်ကလေးများ လင်းလက်နေသည်ကို တွေ့လိုက်ရပါသည်။

ထိုအခါမှ အဝေးသို့ လှမ်းမျှော်ကြည့်လိုက်ရာ မိမိတို့နေထိုင်ရာ လိုင်းခန်းများမှ မီးရောင်များကိုပါ မြင်တွေ့လိုက်ရပါသည်။

မီးစက်မီး မဖြုတ်ခင် အမြန်ရောက်အောင် ပြန်မှပဟု အားတင်း၍ ပြန်လာရာ မိမိအခန်းသို့ ည(၁၁)နာရီထိုး ပြန်ရောက်ပါသည်။

ထိုကဲ့သို့ ထူးဆန်းသော အဖြစ်အပျက်မှာ တောမှောက်ခြင်းကြောင့် ဖြစ်ခြင်းလော၊ ဒါမှမဟုတ် လမ်းတွင် အပေါ့သွားမိ၍ တောစောင့်နတ် မကြိုက်၍ လှည့်စားထားခြင်းလော မဝေခွဲနိုင်ပါ။

ဘုရား တန်ခိုးတော်ကြောင့်သာ ဘေးမသီ ရန်မခဘဲ ပြန်ရောက်ခဲ့ခြင်းပင် ဖြစ်ပါသည်။

**(ယင်းမိုးကောင်းစေတီမှာ ဘုရင်ကြီး ရှင်စောပု တည်ခဲ့သော ဘုရားဟု ကျောက်စာတွင် ထိုးထားကြောင်း ရွာလူကြီးများမှ ပြောပါသည်။ တန်ခိုးကြီးသော ဘုရားတစ်ဆူ ဖြစ်ပါသည်။ မိုးခေါင်သော အချိန်တွင် အဓိဋ္ဌာန်ဝင် ဆုတောင်းပါက မိုးရွာသွန်းသည်ဟု ကြားသိရပါသည်။)**

**မှတ်ချက်** ။ ။ **ကိုအောင်ကိုယ်တွေ့ဖြစ်ရပ်မှန် ဖြစ်ပါသည်။**

**ဝင့်ဝင့်အောင်**
**(ချောင်း-ဟား)**



www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်(သရက်)

ကျွန်တော် ကြုံတွေ့ခဲ့ရသည့်

# ကာလီမယ်တော်နှင့်

ဖြစ်ရပ်ဆန်း

[ ၁ ]

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ၊ အမှတ် (၃၂၉)၊ စာမျက်နှာ (၂၈၉) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် **ဆရာချစ်စံဖြိုး**၏ “**ကာလီမာနတ်ဘုရားနှင့် စာရေးသူဘဝ**”ကို ဖတ်လိုက်မိသည့်အခါ ကျွန်တော် ကြုံတွေ့ခဲ့ရသည့် ကာလီမယ်တော်အကြောင်းကို ရေးသားချင်စိတ်များ ပေါ်ပေါက်၍ လာခဲ့ပါသည်။

ကျွန်တော်သည် မဟာဂန္ဓာရီသမားတစ်ယောက် ဖြစ်သည်နှင့်အညီ အဓိဋ္ဌာန်ပုတီးကျင့်စဉ်များကို မကြာခဏ ဝင်ဖြစ်ခဲ့ပါသည်။

ထိုသို့ ဝင်ခဲ့ရင်းမှ တစ်ခါသော် သူငယ်ချင်းဖြစ်သူ ဟိန္ဒူဘုန်းကြီးကိုတင်မောင်နှင့်အတူ မေတ္တာသုတ်ကျင့်စဉ်ကို ဝင်ဖြစ်ခဲ့၏။

ဤနေရာတွင် မေတ္တာသုတ်ကျင့်စဉ်အကြောင်းကို အနည်းငယ် တင်ပြချင်ပါသည်။

မေတ္တာသုတ်ကျင့်စဉ် ဝင်ရောက်ရမည့်အချိန်မှာ **နံနက်စောစော ကျီးမနိုးမီ** ဖြစ်ပါမည်။

အဓိဋ္ဌာန်ကာလအတွင်း၌ သက်သတ်လွတ်စားရမည်။ အနည်းဆုံး ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းရပါမည်။

မူလကျင့်စဉ် ညွှန်ကြားချက်တွင် မေတ္တာသုတ် တစ်ပုဒ်ဆုံးမှ ပုတီးတစ်လုံးချရမည်လား၊ တစ်ပုဒ်လုံးထဲမှ တစ်ပိုဒ်သာထုတ်၍ ရွတ်ပွားရမည်လား မပါဝင်ပေ။

ကျွန်တော် စဉ်းစားကြည့်တော့

www.burmeseclassic.com

မေတ္တာသုတ်တစ်ပုဒ်ဆုံးမှ ပုတီးတစ်လုံး ချ၍ စိပ်သွားပါက အချိန်အတော် ကြာမည်ဖြစ်ပြီး ထိုင်နိုင်ဖို့လည်း မလွယ်ကူပေ။

ထို့ကြောင့် ကျွန်တော်သည် ဉာဏ်ကူ၍ မေတ္တာသုတ်တော်ကို (၄၅) ခေါက်သာ ပုတီးစေ့ဖြင့်မှတ်၍ အဓိဋ္ဌာန် ဝင်ဖြစ်ခဲ့ပါသည်။

မေတ္တာသုတ်ကျင့်စဉ် ဝင်ရောက်ပြီး သူတိုင်းသည် လာဘ်ပေါများခြင်း၊ မိတ်ကောင်းဆွေကောင်း တိုးပွား၍ လူနတ်တို့ ချစ်ခင်နှစ်သက်ခြင်း၊ ဘေးရန်အပေါင်းမှ လွတ်ကင်းခြင်း၊ ကောင်းစွာ အိပ်စက်ရ၍ ကောင်းသော အိပ်မက်တို့ကိုသာ မြင်မက်ရခြင်း စသော အကျိုးတရားတို့ကို ရရှိစေနိုင်ပါသည်။

ဤကား မေတ္တာသုတ်ကျင့်စဉ် အကြောင်းကို အလျဉ်းသင့်၍ အနည်းငယ်မျှ တင်ပြပေးခဲ့ခြင်း ဖြစ်ပါသည်။

အစက ဇာတ်လမ်းကို ပြန်ဆက်ရပါလျှင် ထိုမေတ္တာသုတ်ကျင့်စဉ်ကို ဟိန္ဒူဘုန်းကြီး ကိုတင်မောင်နှင့်အတူ ဝင်ကြရင်းမှ သူတို့၏ ဟိန္ဒူဘုရားကျောင်းသို့ မကြာခဏ ရောက်ဖြစ်ခဲ့ပါသည်။

ထို ဘုရားကျောင်းထဲတွင် ကျွန်တော်တို့ ဗုဒ္ဓဘာသာ၏ ဗုဒ္ဓမြတ်စွာ ဘုရားအပါအဝင် ဟိန္ဒူဘာသာ၏ နတ်ဘုရားများနှင့် မယ်တော်များကို လည်း ဖူးတွေ့ရပါသည်။

ကျွန်တော်သည် ထိုဘုရားကျောင်း သို့ရောက်တိုင်း ဗုဒ္ဓမြတ်စွာဘုရားကို ဦးစွာရှိခိုးဦးချ၏။ ပြီးမှ သူတို့၏ ဟိန္ဒူ နတ်ဘုရားများနှင့် မယ်တော်များကို ဦးချပါသည်။

တခြားနတ်ဘုရားများနှင့် မယ်တော် များကို ဦးချကန်တော့သည့်အခါ ဘာမျှ မထူးခြားပေ။ သာမန်အတိုင်းသာ ခံစား ရ၏။



ကာလီမယ်တော်ရှေ့သို့ ရောက်လျှင် ကျွန်တော်၏စိတ်တွင် ကာလီ မယ်တော်၏အကြောင်းကို သိချင်စိတ် များ တဖွားဖွား ပေါ်ပေါက်၍ လာတတ် ပါသည်။ ထို့အတူ ယင်း၏ တန်ခိုး ဣဒ္ဓိပါဒ် မည်မျှကြီးသည်ကိုလည်း သိချင်စိတ် ဖြစ်ပေါ်၍လာတတ်၏။

ထိုအဖြစ်မျိုးမှာ တစ်ခါမဟုတ်ပေ။ ထိုဟိန္ဒူဘုရားကျောင်းသို့ ရောက်သည့် အခါတိုင်း ထူးထူးခြားခြား ဖြစ်ပေါ် ခဲ့ရခြင်း ဖြစ်ပါသည်။

ထိုဖြစ်ရပ်အား သူငယ်ချင်းဖြစ်သူ ကိုတင်မောင်ကိုတော့ ဖွင့်မပြောဖြစ်ခဲ့ ပေ။ သာမန်ကိစ္စတစ်ခုဟူ၍သာ သဘောထားခဲ့ပါသည်။

ထိုသို့ နေလာရင်းမှ တစ်ညတွင် ထူးထူးခြားခြား အိပ်မက်တစ်ခုကို မြင်မက်ခဲ့ပါသည်။

အိပ်မက်ထဲတွင် ကျွန်တော် မရောက်ဘူးသော ဒေသတစ်ခုကို ရောက်နေ၏။ အရှေ့ အနောက် ဖြောင့်တန်းနေသော မြေနီလမ်းလေး တစ်ခုတွင် ကျွန်တော် လမ်းလျှောက် နေမိပါသည်။

ထိုသို့ လျှောက်လာရင်းမှ တစ်နေရာအရောက်တွင် ကျွန်တော် ဘက်သို့ လာနေသော ပုံရိပ်တစ်ခု တွေ့မြင်လိုက်ရ၏။ တဖြည်းဖြည်း နီးလာသောအခါ ပုံရိပ်မှာ ပီပြင်ထင်ရှားလာ၏ အုန်းဆွံရောင်မြင်းပုလေး တစ်ကောင်ပေါ်တွင် ဟိန္ဒူကုလားမလေးတစ်ဦး ပန်းနုရောင်အောက်ခံတွင် အပြာရောင် ပန်းပွင့်သေးသေး လေးများပါသော ဆာရီကို လွှမ်းခြုံထား၍ မြင်းပုလေးကို တင်ပါးလွှဲလေး စီးလာ

ကျွန်တော်သည် ထိုကုလားမလေး ကို ရုတ်တရက် ရန်သူထင်၍ စတင် တိုက်ခိုက်လိုက်ပါသည်။

ကျွန်တော်သည် သူ လာရာဘက် သို့ ညာလက်ကို ဆန့်တန်း၍ လက်ဝါး ကာထားပြီး ...ကို ရွတ်ဖတ်၍ ပစ်လွှတ် လိုက်၏။

သို့သော် ကုလားမလေးမှာ ဘာမျှ မဖြစ်ပေ။ တစ်ဖန် ...ဟု ရွတ်ဖတ်ကာ ပစ်လိုက်ပြန်၏။ ကုလားမလေးကား တုတ်တုတ်မျှ မလှုပ်ပေ။ ကျွန်တော် ဇောချွေးများပင် ထွက်လာ၏။

ဘာဖြစ်လို့ ဒီကုလားမလေးက ဘာမှဖြစ်မသွားတာလဲ။ ကျွန်တော် မတွေးတတ်တော့ပေ။

အနားရောက်လာသော ကုလား လေးမှာ ကျွန်တော့်ကို နားမလည် မသိတတ်သော ကလေးတစ်ယောက် ပါလားဟူသော အကြည့်ဖြင့် ကြည့် ကာ ပြုံးစစလေး လုပ်နေ၏။

ကျွန်တော် တိုက်ခိုက်တာကိုလည်း ဗွေယူပုံမရဘဲ နားလည် ခွင့်လွှတ်ထား ပုံရ၏။

ထိုသို့ကြည့်နေရင်းမှ ကျွန်တော့် ရှိ မြင်းပုလေးနှင့် ကုလားမလေး ရုတ်တရက် ပျောက်သွား၏။

ကျွန်တော် အံ့အားသင့်၍ လိုက်





www.burmeseclassic.com

www.burmeseclassic.com

ကြည့်သောအခါ ကုလားမလေးမှာ ကျွန်တော့်ရှေ့က ပေါ်လာလိုက်၊ နောက်က ပေါ်လာလိုက်နှင့် ဘေးပတ်ပတ်လည်တွင် ပေါ်လိုက် ပျောက်လိုက် ဖြစ်နေပါသည်။

ထိုခဏ၌ ကျွန်တော့်နားထဲသို့ အဝေးဆီမှ အသံတစ်ခု ပျံ့လွင့် ဝင်ရောက်လာပါသည်။

'အဲဒါ ကာလီမယ်တော်'

'ဟင်'

ဟု ကျွန်တော် အံ့ဩသွား၏။

'ကာလီမယ်တော် ဆိုပါလား'

ကျွန်တော် ဟိန္ဒူဘုရားကျောင်းတွင် ကြုံတွေ့ခဲ့ရသည့် ကာလီမယ်တော်မှာ ဤသို့ မဟုတ်ပေ။

မျက်နှာမှာ ကြောက်စရာကောင်းလှ၏။ ခုတော့ လှနစ်စွာမှပင် ချောမောလှပသည့် မျက်နှာလေးနှင့် ဖြစ်ပါသည်။

ကျွန်တော် စိတ်ထဲမှ...

'ခွင့်လွှတ်ပါ ကာလီမယ်တော် ရန်သူထင်ပြီး တိုက်ခိုက်မိတာပါ'

ဟု တောင်းပန်လိုက်ပါသည်။

ထို့နောက် ကျွန်တော် ဖျတ်ခနဲ လန့်နိုးသွားခဲ့ပါသည်။

[ ၂ ]

ဒီအိပ်မက်ကို တစ်ခါသာ မြင်မက်ခဲ့လျှင် ထားပါတော့။ ဒါ တိုက်ဆိုင်မှုတစ်ခုဟူ၍သာ ကျွန်တော် မှတ်ယူခဲ့ပါမည်။

ခုတော့ ထိုသို့ မဟုတ်ပေ။ နောက်တစ်ခါ တစ်မျိုးပြောင်း၍ ဒုတိယအကြိမ် မြင်မက်ခဲ့ပြန်ပါသည်။

ထိုအိပ်မက်မှာ...

ကျွန်တော်သည် ဟိန္ဒူဘုရားကျောင်းတစ်ခုရှေ့သို့ ရောက်နေ၏။ ဘုရားကျောင်းအတွင်းသို့ လှမ်းကြည့်မိသောအခါ မြူခိုးလိုလို၊ မီးခိုးငွေ့များ



လိုလို အခိုးအငွေ့များကြောင့် သဲသဲကွဲကွဲ မမြင်ရပေ။

ကျွန်တော်သည် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ပြီး ဤဟိန္ဒူဘုရားကျောင်းရှေ့သို့ ရောက်ရှိလာသည်က ဆန်းကြယ်နေပါသည်။

ကျွန်တော်သည် ရှေ့သို့ဆက်၍ ဝင်လာခဲ့ပါသည်။ တစ်နေရာအရောက်တွင် ထိတ်လန့်စရာမြင်ကွင်းက ဆီးကြိုနေပါသည်။

ထိုအရာကား ဘုရားကျောင်းအတွင်းဘက်မှ ကြီးမားသန်မာလှသော ခြင်္သေ့ကြီးနှစ်ကောင် မာန်ဖီဟိန်းဟောက်၍ ကျွန်တော့်ဆီ ပြေးလာခဲ့ခြင်းပင်။

'ဟောင်း'

'ဟောင်း'

ကျွန်တော်သည် "အောင်မလေး မြတ်စွာဘုရား"ဟု တ,လိုက်မိသည်။

နဂိုကတည်းက ကျွန်တော်သည် ခွေးဆိုလျှင် ခွေးပေါက်ခွေးငယ်လေးကအစ ကြောက်တတ်သူ ဖြစ်ပေရာ ယခုတော့ ခွေးပင်မဟုတ် ခြင်္သေ့ဖြစ်နေပါသည်။ ခြင်္သေ့တောင်မှ တစ်ကောင်တည်း မဟုတ်၊ နှစ်ကောင်ဖြစ်နေ၏။

ကျွန်တော်သည် အစဉ်အတိုင်း ကြောက်ဒူးတုန်၍ ချွေးပြန်နေပါသည်။ သို့ရာတွင် ခြင်္သေ့နှစ်ကောင် ကျွန်ုပ်ပေဟ့်အနီးသို့ ရောက်တော့ ကျွန်တော့်စိတ်၌ ကြောက်စိတ်များ လွင့်ပြယ်သွား၏။

ညာလက်သည်လည်း အလိုလို အပေါ်သို့ မြှောက်၍ လက်ဝါးဖြန့်လျက်သား ဖြစ်နေ၏။ ထိုဖြန့်ထားသောလက်ထဲသို့ ဇော်ဂျီများ ကိုင်ဆောင်သည့် ဆေးတောင်ဝှေးတစ်ချောင်းမှာ အလိုလို ရောက်လာခဲ့ပါသည်။

ထိုအချိန်တွင် ကျွန်တော်သည် ပိုမိုအားတက်သွားပြီး ရလာသည့် ဆေးတောင်ဝှေးဖြင့် ခြင်္သေ့နှစ်ကောင် ပြေးလာရာဘက်သို့ ချိန်၍ ဝှေ့ယမ်းလိုက်ပါသည်။

အံ့ဩစရာပါလေ ဆေးတောင်ဝှေးထိပ်မှ မီးရှူးမီးပန်းလို အလင်းတန်းများ ဖြာထွက်သွားပြီး ခြင်္သေ့နှစ်ကောင်လည်း ကြောက်လန့်တကြားဖြင့် လာရာလမ်းအတိုင်း ပြန်လှည့်၍ ပြေးဝင်သွားကြ၏။

ထိုမှ ဆက်၍ ကျောင်းထဲသို့ ဝင်ရောက်လာခဲ့ရာ ပန်းကနုတ်များဖြင့် အလှဆင်ထားသည့် ထိုင်ခုံပေါ်တွင် ဆာရီခြုံ ဟိန္ဒူကုလားမလေးတစ်ယောက်ကို တွေ့မြင်လိုက်ရပါသည်။ ကုလားမလေးမှာ ပန်းနုရောင်အောက်ခံတွင် အဖြူရောင်ပန်းပွင့်သေးသေးလေးများပါသော ဆာရီကို လွှမ်းခြုံထားပါသည်။

မျက်နှာမှာ လှပကျော့ရှင်း၍ လွန်စွာကြန့်ရှိလှ၏။ ပန်းနုရောင်နှုတ်ခမ်းလေးက ပုစွန်ဆီရောင်ပြေးကာ ပွင့်အာတော့မည့် ပန်းလေးပမာ နူးညံ့အိထွေး၍ နေပါသည်။

ကျွန်တော် မြင်ရုံဖြင့် မှတ်မိလိုက်ပေပြီ။

www.burmeseclassic.com

ဒါ ကျွန်တော် ဟိုတစ်ခါ မြင်မက်ခဲ့ဖူးသည့် အိပ်မက်ထဲက ကာလီမယ်တော်ဟူ၍ပင်။

ကာလီမယ်တော်က ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်ကာ ဘာမှ မပြောဘဲ ဘုရားကျောင်း၏ အနောက်မြောက်ထောင့်သို့ ခေါ်ဆောင်သွားပါသည်။

အနောက်မြောက်ထောင့်သို့ ရောက်သောအခါ ကြီးမားသော ရေကန်ကြီးတစ်ခုကို ကြာပန်းမျိုးစုံ ဖူးပွင့်ဝေဆာလျက် တွေ့မြင်လိုက်ရပါသည်။

ကာလီမယ်တော်က ရေကန်ကြီးကို လက်ညှိုးထိုးပြလျက်က ကျွန်တော်၏ ရှေ့မှ ဖျတ်ခနဲက ပျောက်ကွယ်သွားတော့၏။

[ ၃ ]

'အိပ်မက်ကတော့ အဲဒါပါပဲ ကိုတင်မောင်။ တစ်ခါတည်း မက်ခဲ့တယ်ဆိုရင်တော့ ကျွန်တော် မပြောပါဘူး။ ခုဟာက နှစ်ခါကို လာမက်နေတယ်။ နောက်ပြီး ကျွန်တော် မြင်မက်ခဲ့သလို ခင်ဗျားတို့ မယ်တော်တွေထဲမှာ မြင်းစီးထားတဲ့မယ်တော် ရှိသလား ကျွန်တော် အဲဒါ သိချင်တယ်ဗျာ'

ဟု ကျွန်တော်ပြောတော့ ကိုတင်မောင်က...

'လာဗျာ ကိုမိုး ကျွန်တော်တို့ အိမ်အပေါ်ထပ်ကို သွားရအောင်'

ဟု ဆိုကာ နှစ်ယောက်သား ကိုတင်မောင်တို့ အိမ်အပေါ်ထပ်သို့ တက်ခဲ့ကြ၏။ အပေါ်ထပ်ရောက်တော့ ကိုတင်မောင်က အခန်းတစ်ခုထဲ ဝင်သွားပြီး မကြာမီ လက်ထဲ၌ စာအုပ်ထူထူကြီးတစ်အုပ် ကိုင်ကာ ပြန်ထွက်လာ၏။

'ရော့ဗျာ... ကိုမိုး ခင်ဗျား တွေ့ခဲ့ရတဲ့ မယ်တော်ကို ဒီကျမ်းစာအုပ်ထဲမှာ ရှာကြည့်ပေတော့'



ဟု ဆိုကာကျွန်တော့်ကို စာအုပ်ကြီးအား ထိုးပေးပါသည်။

ကျွန်တော်သည် စာအုပ်ကြီးအား တစ်ရွက်ချင်းလှန်၍ ကြည့်မိ၏။ စာအုပ်၏ တစ်နေရာအရောက်တွင် အကောင်တစ်မျိုးစီကို စီးထားသည့် မယ်တော်ကိုးပါးပုံကို တွေ့လိုက်ရ၏။

ထိုအထဲတွင် ကျွန်တော် အိပ်မက်ထဲ၌ မြင်တွေ့လိုက်ရသည့် မယ်တော်ပုံကိုပါ မြင်းစီးနေလျက် တွေ့လိုက်ရပါ‌သည်။

'ဟာ...ဒီမှာတွေ့ပြီ ကိုတင်မောင် ကျွန်တော့်အိပ်မက်ထဲမှာ တွေ့ခဲ့တာ ဒီမယ်တော်ဗျ။ ဒီမယ်တော်က ဘယ်သူလဲဟင် ကိုတင်မောင်'

'အဲဒါ ခင်ဗျား တွေ့ချင်နေတဲ့ ကာလီမယ်တော်ပုံလေ။ မယ်တော်က တန်ခိုးရှင်ဆိုတော့ ပုံသဏ္ဍာန်အမျိုးမျိုးကို ဖန်ဆင်းနိုင်ပါတယ်။ ဒါကြောင့် အခုတွေ့ရတဲ့ မယ်တော်ကိုးပါးလုံးဟာလဲ ကာလီမယ်တော်တစ်ပါးတည်းပဲ။ ကျန်တာတွေက ကိုယ်ပွားဖန်ဆင်းထားတာပါ'

ဟု ဆိုပါသည်။

ကျွန်တော် လွန်စွာမှပင် အံ့သြမိပါသည်။

အိပ်မက်ထဲ၌ မြင်တွေ့ခဲ့ရသည့် ကာလီမယ်တော်ကို ယင်းတို့၏ ဟိ... ဘာသာရေး ကျမ်းစာအုပ်ထဲတွင် မြ... တွေ့လိုက်ရသည့်အခါ အိပ်မက်... ဆန်းကြယ်မှုကိုလည်း များစွာ အံ့သြ... ပေသည်။

ထို့အတူ ကျွန်တော် မရှင်းလ... သည့် အချက်တစ်ခုလည်း ရှိနေသေး... ၏။

ထိုအချက်မှာ ဟိန္ဒူဘုရားကျော... တွင် မြင်တွေ့ခဲ့ရသည့် ကာလီမ... တော်ပုံမှာ ကြောက်စရာ ကောင်းလှ... အိပ်မက်ထဲမှ ကာလီမယ်တော်... ကတော့ အဘယ်ကြောင့် ချော... လှပနေသလဲ ဟူ၍ပင်။

ဒီအကြောင်းကို ကျွန်တော် မျိုသ... မထားနိုင်၍ ကိုတင်မောင်ကို အား... နာဖြင့်ပင် မေးကြည့်မိပါသည်။

'ဒါနဲ့ ကိုတင်မောင် ကျွန်တော်... မရှင်းတာတစ်ခု ကျန်နေသေးလို့ မေး... ရစေ ခင်ဗျား စိတ်တော့မဆိုးပါနဲ့'

'ဟာ... ကိုမိုးကလဲ ကျွန်တော်... ခင်ဗျားက ညီအစ်ကိုလို နေလာကြတာ... ဘာလို့ စိတ်ဆိုးရမှာလဲ မေးမှာသာ... မေးစမ်းပါ'

'ဒီလိုဗျ... ကိုတင်မောင် ကျွန်တော် ခင်ဗျား... တို့ ဘုရားကျောင်းမှာ တွေ့ခဲ့ရတဲ့ ကာလီ... မယ်တော်ပုံက ကြောက်စရာကောင်း... အိပ်မက်ထဲမှာက ဘာလို့ ချောမောလှပ... ရတာလဲ'

'ဒါက ဒီလိုဗျ ကိုမိုး ကာလီမယ်တော်... ဇာတ်ကြောင်းကို ခင်ဗျား သိရရင် ရှင်းသွား... မှာပါ။ ကာလီမယ်တော် ဆိုတာက တန်ခိုး... လေ။ သူတို့ လောကမှာလဲ ရန်ဘက်ပြိုင်... ဘက်တွေ ရှိကြတယ်။

တစ်ခါမှာတော့ ကာလီမယ်တော်... သူရဲ့ ရန်သူတစ်ယောက်နဲ့ တိုက်ခိုက်ခဲ့... တယ်။ အဲဒီအခါ သူ့ရဲ့ရန်သူ ပြိုင်ဘက်က...



စာမျက်နှာ (၂၉၅) သို့

www.burmeseclassic.com

www.burmeseclassic.com



သုဒ္ဓ (နဝင်းမြို့)

# ကျီးပြို့နိမိတ်ပြခဲ့သည်

## အံ့ဩကြောက်မက်ဖွယ်ဖြစ်ရပ်

[ယခုရေးသားမည့် အကြောင်းကို မစတင်မီ နိဒါန်းပျိုးရန် လိုအပ်လာခဲ့ပါသည်။

**၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလထုတ် ဖြစ်သော နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို** ဖတ်ခဲ့ရာတွင် **စာမျက်နှာ(၃၁)**တွင် ဆရာစေန္ဒာမိုး(တောင်ငူ) ရေးသားတင်ပြခဲ့သည့် **"ကျီးပြို့နိမိတ်နှင့် ပတ်သက်၍ သိသူများမှ ဖြေကြားပေးပါရန်"** ဆောင်းပါးကို ဖတ်လိုက်ရတော့မှ ယခု ကျွန်ုပ် တင်ပြရေးသားမည့် အဖြစ်ဆိုးကို စာဖတ်သူ မိတ်ဆွေများအနေဖြင့် သုတတစ်မျိုးတော့ ရနိုင်မည်ဟု ယူဆပြီး ရေးသားတင်ပြလိုက်ခြင်း ဖြစ်ပါသည်။] ***စာရေးသူ။***

ယခုမှ ပြန်လည် ရေတွက်ခဲ့ပါလျှင် နှစ်ကာလတို့ပင် ကျော်လွန်လာခဲ့ပြီ ဖြစ်ပါသည်။ ကျွန်ုပ်တို့နေထိုင်ရာ ရပ်ကွက်သည် မြို့၏ အရှေ့မြောက် ယွန်းယွန်းထိပ်ဖျားမှာ တည်ရှိပါသည်။

ကျွန်ုပ်တို့မိသားစု နေထိုင်ရာ နေအိမ်နှင့် ရွှေချောင်းတံတားအမည်ရှိသော တံတားတစ်စင်းသည် ရွှေချောင်းဟု အမည်ရသော ချောင်းခြောက်တစ်ခု ရှိပါသည်။

ထိုချောင်းမှာ သဲချောင်းဖြစ်ပါသည်။ မိုးတွင်းကာလမှာဆိုလျှင် ချောင်းညာမှာ မိုးကောင်းပါက ထိုချောင်းအတိုင်း ချောင်းရေများ ကျလာမြဲဖြစ်သည်။ ရောဝတီမြစ်ထဲသို့ စီးဝင်မြဲလည်း ဖြစ်သည်။ ရောဝတီမြစ်၏ အနောက်ဘက်ကမ်းမှာ တည်ရှိပါသည်။

ထိုရွှေချောင်းတံတား၏ အရှေ့ထိပ်နှင့် အနောက်ဘက်ထိပ်၏ မြောက်ဘက်အရပ်တွင် သစ်တောဌာနမှ စံပြစိုက်ကွက်သစ်ပင်များ စိုက်ပျိုးထားသည့် စိုက်ကွက်မှာ ကာလ(၂၅)နှစ်ကျော်လာပြီဖြစ်၍ တောမှာ လုပနေကြပါပြီ။

ထို သစ်တောစံပြစိုက်ကွက်မှ အတွင်းဘက်မှာရှိသည့် သစ်ပင်တချို့မှာ မသမာသူများ၏ ခုတ်လှဲခြင်း ခံရပါသည်။

အနောက်ဘက်မှ စိုက်ကွက်မှာ တံတားပေါ်မှ မြောက်ကို ကြည့်မည်ဆိုလျှင် သစ်ပင်များဖြင့် ပြည့်ပိတ်နေပါသည်။ စံပြသစ်တောစိုက်ကွက်၏ တောင်ဖျားမှ အမြင်ဖြစ်ပါသည်။ အတွင်းမှာ ဘာရှိသည်ကို မမြင်နိုင်ပါ။

ထိုစိုက်ကွက်ထဲတွင် ရှင်သန်ကြီးထွားနေသော တောင်ဖျားမှာရှိသော အပင်များပေါ်တွင် ကျီးသတ္တဝါငှက်များ၏ ခိုနားရာ ဌာနသစ်ပင်များ ဖြစ်လာခဲ့ပါသည်။

ကျွန်ုပ်တို့ မြေလတ်ဒေသ၏ အတွေ့ အကြုံများအရဆိုရလျှင် မြစ်ကမ်းပါး



www.burmeseclassic.com

www.burmeseclassic.com

တွင် အပေါက်ဖောက်ပြီး နေကြသည့် ပျံလွှားငှက်ကလေးများသည် အလွန် ရေတက်ကြမ်းပြီး ရေကြီးမည့် နှစ်များတွင်ဆိုလျှင် အသိုက်ပြုလုပ်သော အပေါက်ကလေးများမှာ ကမ်းပါး၏ အမြင့်အပိုင်း ရေလွတ်ရာအထိ ပြုလုပ်ကြပါသည်။

နောက် စာဘူးတောင်းကလေးများ အသိုက်အမြဲ ပြုလုပ်ရာတွင် လေကြမ်းမည့်နှစ်တွင် အသိုက်အတွဲလိုက် ဘူးတောင်းကို သစ်ပင်၏ထိပ်တွင် မလုပ်တော့ဘဲ နိမ့်ရာအကိုင်းတွင် လုပ်ကြလေ၏။ မိုးကြီးမည်ဆိုသည့် နှစ်တွင် မိုးကာနေရာတွင် အသိုက် တည်ဆောက်ကြပါသည်။

အခြားသဘာဝ၏ သဘောတရားများကို ကြိုတင်သိ၍ ပြောကြသော သတ္တဝါ များစွာပင် ရှိပါသေးသည်။ ယခု ကျွန်ုပ် ရေးသားမည့်အကြောင်းသည် ကျီးပြိုနိမိတ်ဖြစ်၍ ကျီးနိမိတ်ကိုပင် ရေးသားတင်ပြလိုပါသည်။

**ကျီးသာသည့် နိမိတ်အရဆိုလျှင်** ဧည့်ကောင်းစောင်ကောင်း ရောက်လာခြင်း၊ အဝေးမှစာ စသည့် အကြောင်းကြားစာ မင်္ဂလာတို့ကို ကြားသိကြရမြဲဖြစ်ပါသည်။

**ကျီးပြိုခြင်းသည်** သူတို့၏ အမျိုးတူ ဇာတ်တူတစ်ကောင်ကို ဘေးဒုက္ခကြုံတွေ့သည့် အခါများတွင် ငယ်သံပါအောင် အော်မြည်ကြပြီး တောင်ပံယှက်မျှ ရှုပ်နေအောင် ပျံသန်းအော်ဟစ်ကြလေ၏။ ထိုအခါ၌လည်း ကျီးပြိုသည်ဟု ဆိုကြပြောကြပါသည်။

**ရန်လိုသောအခါ** ရန်သူနှင့် တိုက်ခိုက်ရာတွင်လည်း ရန်လိုခြင်း၊ ဒေါသကြီးသည့် အသံများဖြင့် ဝိုင်းအုံ ထိုးဆိတ်ကြမြဲလည်းဖြစ်သည်။ ထိုအခြင်းအရာကိုလည်း ကျီးပြိုသည်ဟု ဆိုကြပါသည်။

## အခါမဲ့ ကျီးပြိုခြင်းနှင့် ရက်ဆက် ကျီးပြိုခဲ့လျှင်

ပြီးခဲ့သော ၂၀၁၁ ခုနှစ်ထဲက ဖြစ်ပါသည်။ အထက်က ရေးသား ဖော်ပြခဲ့ပြီးဖြစ်သော ရွှေချောင်းတံတား၏ အနောက်ဘက်ထိပ် မြောက်ဘက်တွင် တည်ရှိနေသော သစ်တောထဲမှ အပင်များတွင် ကျီးသတ္တဝါငှက်များ ခိုနားညဥ့်အိပ်ရာ အသိုက်အမြုံ ဖြစ်နေခဲ့ပါသည်။

ကျွန်ုပ်အိမ်နှင့် ထိုနေရာ တံတားထိပ်တို့မှာ တစ်ဖာလုံခွဲ၊ နှစ်ဖာလုံ အဝေးလောက်သာ ရှိနေသဖြင့် တံတားပေါ်သွားနေသော ယာဉ်များ၏ အသံကိုပင် ကြားနေရပါသည်။

ကျွန်ုပ်သည် ကျန်းမာရေးအရ နံနက်တိုင်း လမ်းလျှောက်မြဲ ဖြစ်ပါသည်။ တစ်နှစ်လုံး နှစ်ပတ်လည် လျှောက်တာပါ။ ကျန်းမာရေး မကောင်းသည့်ရက်များနှင့် မိုးရွာသည့်ရက်များကိုသာ ရပ်နားခဲ့ပါသည်။

အသက်အရွယ်အရရော အဓိဋ္ဌာန်ကျင့်စဉ်များကြောင့် ကျွန်ုပ်မှာ နံနက်အရုဏ်နှင့် ညဥ့်အချိန်များတွင် နိစ္စဓူဝကျင့်ဝတ်နှင့် အဓိဋ္ဌာန်ကျင့်စဉ်ကြီးကို နေ့စဉ် မပျက်မကွက်ရအောင် ပြုလုပ်မြဲလည်းဖြစ်ပါသည်။

ဆရာစန္ဒာမိုး(တောင်ငူ)၏ ဆောင်းပါးဖတ်ပြီးတော့ ကျွန်ုပ်၏ နေ့စဉ်မှတ်တမ်းစာအုပ်များကို ရှာဖွေရပါပြီ။ ၂၀၁၁ နှစ်ပါသည့် မှတ်တမ်း (နေ့စဉ်မှတ်တမ်း)စာအုပ်ကို တွေ့ပြီဖြစ်၍ လအလိုက် ရှာဖွေလိုက်ပါသည်။ တွေ့ရပါပြီ။

## ထူးထူးခြားခြား အလန့်တကြား ကျီးပြိုခြင်းများ

၂၀၁၁ ခုနှစ်၊ ဇူလိုင်လဆန်း ပထ[...] ပတ်ထဲကစပြီး တံတားဘေး သစ်တော[...] တွင် မှီနေကြသော ကျီးသတ္တဝါငှက်[...] များမှာ ညဥ့်(၉)နာရီ၊ (၁၀)နာ[...] လောက်ခန့်တွင် တစ်ကြိမ်၊ သန်းခေါင်[...] ကျော်အလင်းဘက် (၂)နာရီ၊ (၃)နာ[...] အချိန်လောက်တွင် တစ်ကြိမ်ထိတ်လန့်[...] ဖွယ်ရာ ကျီးအုပ်ကြီး ပြိုလေတော့သည်[...] *[သတိထားတတ်သူများ သိနိုင်ပါသည်။]*

ကျီးအကောင်ရေ (၃၀၀)၊ (၄၀၀) လောက် အုပ်လိုက် အလန့်တကြား အိပ်တန်းမှထပြီး အော်ဟစ်သည် တစ်ခဲနက်အသံမှာ အထူးအဆန်း ဖြစ် နေခဲ့ပါသည်။

တစ်ခါတစ်ရံတွင်မူ တစ်ည[...] (၃)ခါ၊ (၄)ခါမျှလောက်ထိ ကျီးလန့်ပြီး အော်(ကျီးပြို)ခြင်း ဖြစ်ခဲ့ပါသည်[...] ရက်တစ်ရာလောက် ကြာပါပြီ။

ထိုသို့ကျီးပြိုနေခဲ့သည်ကို (၁၅)ရက် ခန့်လောက်ကြာလာတော့ ကျွန်ုပ်အနေ[...] ဖြင့် အထူးသတိထားမိပြီး ဘာရည်ရွယ်[...] ချက်မှ မရှိလေဘဲနှင့် "သေကုန်တော့ မှာပဲ" ဟု နှုတ်မှ ထုတ်၍ ပြောမိလေ[...]

ကျွန်ုပ်၏ဇနီးအားလည်း ဤ[...] လောက် ဖြစ်ပျက်နေခြင်းကို မကြိ[...] ကြောင်း၊ တစ်စုံတစ်ရာ အန္တရာယ် ဖြစ်လာနိုင်ဖွယ်ရှိကြောင်း မီးရေးထင်[...] ရေးကိုသာ စိုးရိမ်ပူပန်မိပါသည်။

လနှင့်ချီပြီး ကြာမြင့်လာလေတော့ ကျွန်ုပ်မှာ လွန်စွာ စိတ်လှုပ်ရှားခဲ့ရ[...] သည်။ ကျွန်ုပ်က ဝိဇ္ဇာရေကမ္ဘာရှိရသမား[...] တစ်ကြိမ်မက ဖြစ်ပျက်နေသည့် အတွက် မေတ္တာသုတ်ရွတ်၊ ပဋ္ဌာန်း ရွတ်ဖတ်ပူဇော် ကုသိုလ်အမျှဝေ[...] နိုင်တာလေးကို ကြိုးပမ်းလုပ်ဆောင်[...] ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

မှန်သောစကား ဆိုပါမည်။ ထိုဖြစ်စဉ်ကို မကြုံကြိုက်တော့ပါ။ ကျွန်ုပ် မကြုံကြိုက်သည့်အကြောင်းကို အိမ်သူသက်ထား ဇနီးကိုမှ လွဲပြီး သူများတကာ ပြောပြရန် ခဲယဉ်းလှပါသည်။

ပြောလျှင်လည်း ယုံကြည်မည့်သူ မရှိနိုင်ပါ။ ရှိလျှင်လည်း လွန်စွာ နည်းပါးမည်ဟု ယူဆပါသည်။

မူလကတည်းက ရေးသားမှတ်တမ်းတင်လေ့ရှိသော ကျွန်ုပ်အနေဖြင့် နေ့စဉ် ရေးသားသော မှတ်တမ်းပေါ်တွင်သာ ရေးသား ဖော်ပြလိုက်ရပါတော့သည်။ "ဘေးဒုက္ခရောက်ကြတော့မှာ"ဆိုသည့် အာရုံသည် မဖိတ်ခေါ်ရဘဲ အလိုလို ဝင်ရောက်နေခဲ့ပါတော့သည်။

ကျွန်ုပ်သည် ဒေသခံဖြစ်ပြီး ထိုရွှေချောင်း,ချောင်း၏ အနောက်ဘက်မှာရှိသော ရပ်ကွက်ဇာတိဖြစ်၍ **ကိုယ်တွေ့မျက်မြင် တင်ပြရလျှင် လွန်ခဲ့သော နှစ်(၅၀)ကျော်လောက်က ရွှေချောင်း ချောင်းရေကျသည်၊ ချောင်းလုံးပြည့်လျှံ ချောင်းမကျခဲ့သည်မှာ နှစ်ကာလ(၅၀)ကျော်၊ ခြောက်ဆယ်ရှိနေပါပြီ။**

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၁၇)ရက်လောက်ကစပြီး မုန်တိုင်းကြောင့် မမျှော်လင့်သော ဖြစ်ရပ်များကြုံနိုင်ကြောင်းနှင့် အန္တရာယ်ကင်းရာဒေသများ၊ နေရာများတွင် ရွှေ့ပြောင်းနေထိုင်ကြရန်နှင့် သတိပေးချက်များကို ရေဒီယိုနှင့် မြန်မာ့ရုပ်/သံတို့မှ မိနစ်ခြားအကြိမ်ကြိမ် သတိပေး ကြေညာနေပါပြီ။

အောက်တိုဘာ (၁၈)ရက်၊ (၁၉)ရက်များထိပင် ဖြစ်ပါသည်။ မိုးကလည်း မနားတမ်း ရွာနေခဲ့ရာ နေ့ဆက်ရက်ဆက်ပါ။

အောက်တိုဘာ(၁၉)ရက် ညကဆိုလျှင် မိုးသဲသဲမဲမဲ ရွာနေပါပြီ။ ကျွန်ုပ်မှာလည်း အိပ်မပျော်ခဲ့။ ညဉ့်နက်လာတော့ ချောင်းဘက်မှ အသံကြားနေရပါပြီ။ ချောင်းရေကျသံပင် ဖြစ်ပါသည်။

နံနက်ပိုင်း အလင်းပိုင်း ရောက်လာတော့ ချောင်းရေက လွန်လွန်မင်းမင်း လျှံတက်လာနေခဲ့ပြီး "ဝုန်း,ဝုန်း" ဆိုသည့် အသံများ ကြားလိုက်ရပါသည်။

ကျွန်ုပ်လည်း မိုးရွာနေစဉ် ထီးဆောင်းပြီး တာပေါင်ပေါ်မှာနေပြီး အသံကြားရာ ရွှေချောင်းတံတားဘက် ဦးတည်သွားခဲ့ပါသည်။

၁၉၇၃ ခုနှစ်လောက်က တည်ဆောက်ခဲ့သော ရွှေချောင်း ချောင်းကူး တံတားကြီး၏ တံတားတိုင်များ ကျိုးပြတ်ပြီး၊ အခန်းလိုက် ကျိုးပြတ်နေသော စိတ်မကောင်းစရာ မြင်ကွင်းကို မြင်တွေ့ရပါတော့သည်။

**လွန်ခဲ့သော နှစ်ပေါင်း(၁၀၀)လောက်က ယခု ၂၀၁၁ ခုနှစ်က ချောင်းရေကြီးခြင်းထက် (၂)ဆလောက်များသည့် ချောင်းကြီး တစ်ခါကျခဲ့မှုကြောင်း သိမီခဲ့သော အဘိုးအဘွားတို့က ပြောပြခဲ့ဖူးပါသည်။**

ယခု ဖြစ်စဉ်တွင်လည်း လူ(၂၀၀၀)လောက် အိုးမဲ့အိမ်မဲ့ဖြစ်ပြီး လူ(၂၀၀)ခန့်လောက် သေဆုံးခဲ့ရသည်။ ရင်နင့်ဖွယ်ရာအဖြစ်ဆိုးကြီးပါ။ တိုင်းသိပြည်သိ ဖြစ်ခဲ့သည့် ဖြစ်ရပ်မှန်တစ်ခုပါ။

ကျိုးပြိုနိမိတ်ကို ကိုယ်တိုင်မြင်တွေ့ခဲ့သည့်အကြောင်း ဖြစ်ရပ်မှန်ကို စာချစ်သူများ သုတရစေရန် ရေးသားတင်ပြလိုက်ရပါတော့သည်။

***ဘေးရန်ကင်းကွာ၍ ချမ်းသာကြပါစေ။***

သုဒ္ဓ(နဝင်းမြို့)

စာမျက်နှာ (၂၉၂)မှ အဆက်

တစ်ခါသတ်ရင် နှစ်ယောက်ဖြစ်၊ နှစ်ယောက်သတ်ရင် လေးယောက်ဖြစ်နဲ့ ပွားပွားလာသတဲ့။

ဒီအခါမှာ ကာလီမယ်တော်က နဂိုကစိတ်ကြီးသူ ဖြစ်လေတော့ သူ့ရဲ့ရန်သူကို နောက်ထပ် ပြန်ပေါ်မလာနိုင်အောင် သူ့ရဲ့တန်ခိုးနဲ့ စားပစ်လိုက်သတဲ့။

နောက်ဆုံးတော့ ကာလီမယ်တော်ဟာ သူ့ရဲ့ရန်သူကိုတော့ အနိုင်ရလိုက်ပါတယ်။ ဒါပေမယ့် မယ်တော်ရဲ့ မူလက ချောမောလှပမှုတွေကတော့ ပျောက်ကွယ်သွားပြီး အခု ကိုမိုး ဘုရားကျောင်းမှာ တွေ့မြင်ခဲ့ရတဲ့အတိုင်း ဖြစ်သွားခဲ့တာပါ။

ကိုမိုး အိပ်မက်ထဲမှာ တွေ့မြင်ခဲ့ရတဲ့ ကာလီမယ်တော်က မယ်တော်ရဲ့ မူလမျက်နှာ ဖြစ်လိမ့်မယ်'

ဟု ကိုတင်မောင် ရှင်းပြမှ ကျွန်တော့်စိတ်ထဲ ရှင်းလင်းသွားခဲ့ရပါသည်။

ကာလီမယ်တော်သည် ဟိန္ဒူဘာသာ၌ လွန်စွာ တန်ခိုးကြီးသည့် မယ်တော်တစ်ပါး ဖြစ်ပါသည်။

မည်သည့် ဘာသာဝင်ဖြစ်ပါစေ၊ မည်သည့်အခက်အခဲပဲကြုံကြုံ ကာလီမယ်တော်ထံ၌ **အုန်းသီးတစ်လုံး၊ ငှက်ပျောတစ်ဖီး၊ ပန်းသီး၊ သံပရာသီး၊ နှင်းဆီပန်းအနီ၊ အမွှေးတိုင်၊ ဖယောင်းတိုင်တို့ လှူဒါန်းပူဇော်၍ လိုရာဆုတောင်းပါက ပြည့်ဝနိုင်ကြပါသည်။**

နဂိုကတည်းက ထူးထူးဆန်းဆန်း အကြောင်းအရာတို့နှင့် အမြဲလိုလို ကြုံတွေ့ခဲ့ရသည့် မဟာဂန္ဓာရီလမ်းခရီးတွင် ကာလီမယ်တော်နှင့် ကြုံတွေ့ခဲ့ရခြင်းမှာလည်း ထူးတွေ့ဆန်းပြားသည့် အကြောင်းအရာတစ်ခု ဟူ၍သာ ကျွန်တော် ထင်မိပါတော့သည်။

မိုး(သရက်)



www.burmeseclassic.com

www.burmeseclassic.com



# ဘော်ကျင်းလမ်း

လွန်ခဲ့သော (၁၀)နှစ်ကျော်က စာရေးသူ၏တပည့်ရှိရာ အောင်လံမြို့နယ် ရဲဘော်ဟောင်းကျေးရွာသို့ ရောက်ရှိခဲ့ပါသည်။

တစ်နေ့သောအခါ စာရေးသူ၏ တပည့်ဖြစ်သူမှ အောင်လံမြို့တွင် သူ၏မိသားစု ဆွေမျိုးသားချင်းများရှိရာသို့ ခေါ်သွား၍ လိုက်ပါသွားပါသည်။ အောင်လံမြို့နယ် ကျေးရွာတစ်ရွာတွင် ဘုန်းကြီးပျံပွဲ ရှိနေပါသည်။ ဘုန်းကြီးပျံပွဲမှာ ဂိုဏ်းအုပ်ဘုန်းကြီးဖြစ်၍ စည်ကားသိုက်မြိုက်လှပါသည်။

ထိုဘုန်းကြီးပျံပွဲသို့ ကြွရောက်တော်မူကြသော သံဃာတော်အရှင်မြတ်များမှာလည်း မြောက်မြားလှပါသည်။ သံဃာတော်များ ဆွမ်းဘုဉ်းပေးပြီး လူညှိပရိသတ်ကိုလည်း ကျွေးမွေးဧည့်ခံပါသည်။

စာရေးသူတို့လည်း နံနက်စာ ထမင်းစားသောက်ပြီး သံဃာတော်သုံး,လေးပါး ဝိုင်းဖွဲ့ပြီး စကားပြောဆိုနေသော နေရာသို့ ရောက်ရှိသွားပါသည်။ သံဃာတော်များမှာ အဂ္ဂိရတ်အကြောင်း ပြောဆိုနေကြ၍ စာရေးသူတို့လည်း ဗဟိုသုတရရှိစေရန် ဝင်ရောက်နားထောင် နေကြပါသည်။

ဆရာတော်တစ်ပါးမှ ကိုယ်တွင်လွယ်ထားသော လွယ်အိတ်ထဲမှ ဓာတ်လုံးတစ်လုံးကို ထုတ်ယူပြသပါသည်။ အခြားသော သံဃာတော်များမှ ယင်းဓာတ်လုံးကို ကိုင်ကြည့်ကြပါသည်။ စာရေးသူတို့လည်း ဆရာတော်ထံခွင့်တောင်းပြီး ကိုင်ကြည့်ပါသည်။ ဆရာတော်မှ သံဓာတ်လုံးဖြစ်ကြောင်း၊ အလေးချိန် ငါးမူးသားရှိကြောင်း မိန့်ကြားပါသည်။

BURMESE CLASSIC .com

ထိုဆရာတော်မှပင် အိတ်ထဲမှ ဓာတ်လုံးတစ်လုံးကို ထုတ်ပြပြန်ပါသည်။ ဓာတ်လုံးမှာ ရွှေရောင်ဝင်းနေပါသည်။ ဓာတ်လုံးပိုင်ရှင်မှ **"ဒါ ဓာတ်လုံးမဟုတ်ပါဘူး ဘုရား၊ ဘော်ပါ ဘုရား"** ဟု လျှောက်ထားရာ အခြားသံဃာတော်များနှင့် စာရေးသူတို့ပါ အံ့ဩနေပါတော့သည်။

ဘော်ဖြစ်သည်ဟု ဆရာတော်ပြော၍သာ ယုံလိုက်ရသည်။ ရွှေဟုပင် အားလုံးက ထင်ကြပါသည်။ ထိုဆရာတော်မှ သံဓာတ်လုံး ထိုးထားသော လုံခွံနှင့် ဘော်ကို ကျင်းထားခြင်း ဖြစ်ကြောင်း မိန့်ကြားပါသည်။

အခြား သံဃာတော်များမှ ယင်းသံဓာတ်လုံးနည်းကို လှူနိုင်လျှင်လှူပါဟု အလှူခံကြပါသည်။ ဓာတ်လုံးပိုင်ဆရာတော်မှ အိတ်ထဲမှပင် သံဓာတ်လုံးထိုးနည်းကို ထုတ်ပေး၍ အခြားသံဃာတော်များ ကူးယူကြပါသည်။

စာရေးသူနှင့် တပည့်တို့ကလည်း ဆရာတော်များကို လက်အုပ်ချီကာ လျှောက်ထားတောင်းသဖြင့် ဓာတ်လုံးပိုင်ရှင် ဆရာတော်၏ ခွင့်ပြုချက်ဖြင့် စာရေးသူ၏တပည့်ဖြစ်သူမှ ကူးယူလိုက်ပါသည်။

ထို့ ဘော်ကျင်းလမ်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ အဂ္ဂိရတ်သုတေသီများနှင့် ပညာလိုလားကြသော စာဖတ်ပရိသတ်များ ဗဟုသုတ တိုးပွားစေရန် ဓာတ်လုံးပိုင်ရှင် ဆရာတော်၏ မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

| | |
|---|---|
| ဆေးဒန်း | (၂)ကျပ် (၈)ပဲသား |
| စိန်နီ | (၂)ကျပ် (၈)ပဲသား |
| ကန့် | (၂)ကျပ် (၈)ပဲသား |
| ဟင်္သပဒါး | (၂)ကျပ် (၈)ပဲသား |
| နာ | (၁၀)ကျပ်သား (အမှုန့်ပြု |

ဆေးအားလုံး လုံတွင်ထည့်၍ ဖော်... ဖွဲတစ်တင်းနှင့် (၃)ကြိမ်ဖုတ်၊ ကျိုတ်... ကြေပြာကျ၏။ ထိုကျိုတ်ကြေပြာနှင့် ဒန်(၁၀)ကျပ်သားကို ပေါက်၍ထိုး၊ ချော်... ထွက်၏။ ချော်ကို ယူထားပြီး ချော်(... ကျပ်သားကို သံ(၁)ကျပ်သားနှင့် အထက်အောက်ညှိ၍ ချော်ကုန်အောင် ထိုး။ ချော်ကုန်လျှင် သံအလေးချိန် တိုးမည်။

နှမ်းဆီတွင် သံလေးတင်အောင်... ဤနည်းအတိုင်းထိုး၍ သံ(၅)မူးသား... ကျန်လျှင် အထက်က ဒန်သေ(၄)... သား ကျွေး၍ ဘော်ကျင်း၊ ဘော်ဝါ... ဒန်သေ(၁၂)မတ်သား ကုန်အောင် ကျွေးလေ။ သံလေးတင်အောင် နှမ်း... တွင် ခါ၊ ထို့နောက် ရွှေ(၄)ပဲသား... ကျွေး၍ ဘော်ကျင်းလျှင် ကျွေး... ရွှေအတိုင်း ထွက်၏။

***ဆင်းရဲကင်းပျောက်***

***ချမ်းသာရောက်ကြပါစေ။***

ဝိဇ္ဇာမဟိဒ္ဓိ ဆရာဦးသန်းမြင့်

*(တိုင်းရင်းဆေး)*



www.burmeseclassic.com

www.burmeseclassic.com



ချိုးမောင်မောင်
(က.ပ.စ)

# ရွာကသစ်ပင်

အညာဒေသ၏ တောရွာကလေး
...င်ရွာ။ မှောင်နှင့်မည်းမည်း လမိုက်
...၏ သန်းခေါင်ယံအချိန်၊ အေးမြသော
...ာတောင်များ ဝိုင်းရံလျက်ရှိပြီး
ဆောင်းလေအေးနှင့်အတူ တိတ်ဆိတ်
ငြိမ်ချက်သား ကောင်းလှပေသည်။

ညဉ့်ငှက်အော်သံများမှအပ တိတ်ဆိတ်ငြိမ်သက်စွာ ရပ်တည်နေဆဲမှာပင် ခွေးနက်ကြီးတစ်ကောင်မှ ဆွဲဆွဲငင်ငင် "အူ ဟူး ဟူး အူး ဟူး ဟူး" ဟု အော်လိုက်သောအသံသည် ကြက်သီး ထစရာကောင်းနေပါတော့သည်။ ထိုခွေးအူသံနှင့် တစ်ဆက်တည်းမှာပင်...

'ဟေ့ လိုက်ကြဟေ့၊ လိုက်ကြ၊ ဘာကောင်ကြီးမှန်း မသိဘူးကွ။ မည်းမည်းကောင်ကြီး အရပ်ထောင်ထောင် မောင်းမောင်းကြီး'

'ဗျို့ သူကြီး သူကြီး မောင်းထုစမ်းပါဦး၊ ထစမ်းပါဦး သူကြီး'

ဟု ရွာသားတစ်ယောက်မှ လာအော်ပြောပါသည်။

သူကြီး ဦးသာခင်မှာ ဘာမသိ၊ ညာမသိ မောင်းထုလေတော့သည်။ "ဒူ ဒူ ဒူ"ဟူသော အသံများနှင့် တိတ်ဆိတ်ငြိမ်သက် နေသောရွာကလေးမှာ ငရဲပွက်သည့်ပမာ ဆူညံအော်ဟစ် နေကြပြီး တုတ်၊ ဓား၊ လှံများဆွဲကိုင်ပြီး အပြေးအလွှား ထွက်လာကြပါသည်။

သူကြီးမှာလည်း အိမ်ထဲမှ ဒရောသောပါး ပြေးထွက်လာပြီး...

'ဟေ့ကောင်ပွကြီး ဘာဖြစ်တာလဲကွ၊ ပြောကြစမ်းပါဦး'

ပွကြီးဆိုသော ရွာသားမှ...

'ကျုပ်တို့ အိမ်နားမှာ ခြေသံကြားလို့

www.burmeseclassic.com



ထကြည့်တော့ မည်းမည်းကောင်ကြီး တစ်ကောင် တွေ့လိုက်ရတယ်။ အရပ်မြင့်မြင့်နဲ့ မည်းမည်းထောင်ထောင် မောင်းမောင်းကြီး။ တောကောင်လား၊ တစ္ဆေလား၊ သရဲလား၊ မကောင်းဆိုးဝါးကောင်လား မသိဘူးဗျာ။ ဒါနဲ့ ကျုပ်လဲ ဓားဆွဲပြီးလိုက်တာ။ ပါးစပ်ကလဲ အော်ပေါ့ဗျာ။ တစ်ရွာလုံး မီးတုတ်များနဲ့အတူ ပွက်လောရိုက်သွားတာပဲဗျာ'

ထိုကဲ့သို့ ပွဲကြီးနှင့် သူကြီး ဦးသာခင်တို့ မေးမြန်းပြောဆိုနေကြစဉ် ရွာသားများလည်း တစ်ယောက်ပြီးတစ်ယောက် စုဝေးရောက်ရှိလာကြပါသည်။ ရွာသားတစ်ဦးမှ...

'သူကြီး ဒီကိစ္စ ဘယ်လိုလုပ်ကြမလဲ။ ကျုပ်တို့လဲ လိုက်ရှာကြတာ ဘယ်ပျောက်သွားမှန်း မသိဘူးဗျ။ တော်တော်လျင်တဲ့ကောင်ကြီးဗျာ'

ထိုအခါ သူကြီးမှ...

'အေး ငါလဲ ဘယ်လိုလုပ်ရမလဲကွာ။ တစ်ခါမှ ဒီလိုမျိုး မဖြစ်ဖူးဘူး။ တော်တော် ထူးဆန်းနေတယ်ကွ။ ဘုန်းကြီးငါးပါးလောက် ပင့်ပြီး အန္တရာယ်ကင်း ပရိတ်လေး ဘာလေး ရွတ်ခိုင်းဦးမှနဲ့ တူတယ်'

ထိုအခါ ရွာသားများက...

'ဟုတ်တယ်သူကြီး အန္တရာယ်ကင်း ပရိတ်ရွတ်ဖို့ ရွာဦးကျောင်း ဆရာတော်ကို လျှောက်ထားရမယ်'

ဟု ပြောကာ အသီးသီး ထွက်သွားကြလေတော့သည်။

ဤသို့ဖြင့် သူကြီးဦးသာခင် ခေါင်းဆောင်ကာ ဘုန်းကြီးငါးပါးပင့်၍ အန္တရာယ်ကင်း ပရိတ်တော်များ ရွတ်ဖတ်ကာ မကောင်းဆိုးဝါး နှင်ထုတ်ပွဲကြီးအား သံပုံးများတီး၍ မီးရှို့ကာ နှင်ထုတ်ကြလေသည်။

* * *

တဲအိမ်ကလေး တစ်ခုအတွင်းမှာတော့...

'အရီးလေး ဒီဆေးလေးကို ညကျရင် တစ်ခါ သောက်လိုက်နော်။ အရီးလေးက အအေးမိပြီး ဖျားတာပါ။ ဒီဆေးသောက်လိုက်ရင် ကောင်းသွားမှာပါ'

'ကျေးဇူးတင်လိုက်တာ ဆရာမလေးရယ်၊ အရီးလေးတို့မှာလဲ စီးပွားရေးက အဆင်မပြေတော့ ဆရာမလေးကို ဆေးဖိုးဝါးခ မပေးနိုင်ဘူး။ ဆရာမလေးကျေးဇူးကို ဘယ်လိုဆပ်ရမှန်း မသိဘူး။ ငါ့တူမကြီး ဘုန်းကြီးပါစေ။ အသက်ရှည်ပါစေတော်'

'အရီးလေးကလဲ ဆေးဖိုးဝါးခ ပြောရမယ့်လူတွေ မဟုတ်ပါဘူး။ အရီးလေးတို့ကို ကိုယ့်မိဘတွေလို သဘောထားပါတယ်။ ဒီတစ်ရွာလုံးဟာ ကျွန်မရဲ့ ဆွေမျိုးသားချင်းတွေပါ'

ထိုဆရာမလေးကတော့ ကျေးရွာဆေးပေးခန်းမှ သူနာပြုဆရာမလေး မြခက်ပင် ဖြစ်ပါသည်။ တစ်ရွာလုံးက လေးစားချစ်ခင်ရသော စေတနာရှင် သူနာပြုဆရာမလေးပါ။ တစ်ရွာလုံး ကလေး၊ လူကြီးမှအစ ဆရာမလေးကို ချစ်ခင်ကြပါသည်။

ဆရာမလေးကလည်း တစ်ရွာလုံးကို သွေးရင်းသားရင်းပမာ ပြုစုယုယ ကုသပေးပါသည်။ ဆေးကုသရာတွင်လည်း အခကြေးငွေအဓိက မထား သက်ကြီးရွယ်အိုနှင့် ဆင်းရဲသားများ အခမဲ့ ကုသပေးပါသည်။

ထိုဆရာမလေးမှာ အိမ်ထောင်မဲ့ အပျိုဖြစ်ပါသည်။ ဆရာမလေးသည် ဧရာဝတီတိုင်းဒေသကြီးမှ ဖြစ်ပြီး တာဝန်ကျရာ ဤရွာကလေးသို့ ရောက်ရှိလာသူ ဖြစ်ပါသည်။ ရုပ်ရည် သန့်ပြန့်၍ အချောအလှကြီး မဟုတ်သော်လည်း ကြည့်၍ကောင်းသူ လေးပါ။ ဝတ်စားဆင်ယင်ပုံမှာ မိန်းကလေးပီသစွာ ရိုးရိုးယဉ်ယဉ် ကျေးခြေရှိသူလေးပါ။

သူနာပြု ဆရာမလေး မြခက်သည် သူမ၏ ဆေးပစ္စည်းများကို သိမ်းဆည်းရင်းမှ...

'အရီးလေး ကျွန်မ ပြန်လိုက်ဦးမယ်နော်။ ကျွန်မလဲ ဟိုဘက်ရွာမှာ လူနာ ကြည့်စရာရှိသေးလို့'

'အေး အေးကွယ်၊ ငါ့တူမကြီး သွားလေရာ၊ လာလေရာ ခလုတ်မထိ ဆူးမငြိ၊ ဘေးမရှိပါစေနဲ့တော်'

ဟု ဆုပေးရင်းမှ...

'ဟေး အေးပုရေ ငါ့မြေး၊ ဆရာမလေးကို လိုက်ပို့ပေးလိုက်ပါကွယ်'

'ဟုတ်ကဲ့ အဘွား လိုက်ပို့ပေးပါမယ်'

ဆရာမလေး မြခက်မှာ ... သို့ ဆေးကုရန် ထွက်သွားပါ...

www.burmeseclassic.com



သည်။ တစ်ဖက်ရွာတွင် ဆေးကုသမှု များ ပြုလုပ်ပေးပြီး ပြန်ရန် အိမ်ပေါ်မှ အဆင်းတွင် အိမ်ရှင်အဘိုးကြီး၏ သား လေးမှာ သစ်ပင်လေးတစ်ပင်ကိုင်၍ အိမ်ခြံထဲသို့ ဝင်လာပါသည်။ ကိုင်ထား ရင်း ဝင်လာပြီး ဆရာမလေးကို ကြည့် ကာ...

'ဆရာမလေး ဒါ ဘာပင်လေးလဲ သိလား။ ကျွန်တော်တို့ တောထဲမှာ ငှက်ပစ်သွားရင်း တွေ့တာနဲ့ နုတ်လာ တာ'

ဆရာမလေး မြခက်လည်း အပင် ကလေးကို ကြည့်လိုက်၏။ အပင်က လေးမှာ ပင်စည်တုတ်တုတ်ကလေး ဖြစ်ပြီး အရွက် သုံး,လေးရွက်ခန့်ရှိပြီး လှုပ်နေပါသည်။ သက်ဝင်လှုပ်ရှားနေ သယောင် ရှိနေ၍ ဆရာမလေးမှာ စိတ်ဝင်စားစွာ ကြည့်နေပြီး....

'သားလေး ဆရာမကို ဒီအပင်လေး ပေးလိုက်ပါလားကွယ်၊ ဆရာမ စိုက် ထားချင်လို့ပါ'

ဟု တောင်းဆိုလိုက်ရာ အိမ်ရှင် အဘိုးကြီးမှလည်း...

'ငါ့သား ပေးလိုက်ပါကွာ။ ဆရာမလေး စိတ်ဝင်စားသွားပြီနဲ့တူတယ်။ အဘတို့လဲ တစ်ခါမှ မတွေ့ဖူးပါဘူးကွယ်။ အသက်ရှိနေ သလိုပဲ လှုပ်ရှားနေပုံ ကြည့်ပါလား။ ကဲ ကဲ ပေးလိုက်ကြကွယ်'

ဆရာမလေးလည်း အပင်ကလေး ကို ယူကာ အိမ်ရှင်အဘိုးကြီးအား နှုတ်ဆက်၍ ပြန်လာခဲ့တော့၏။ အိမ် ရောက်သောအခါ ဆရာမလေး မြခက် သည် အိမ်နောက်ဘက် ခြံစည်းရိုးနား ကပ်၍ ရေလောင်းကာ အပင်ကလေး ကို စိုက်ထားလိုက်လေသည်။

* * *

အပင်ကလေးစိုက်၍ . ဆယ်နှစ် လောက်အကြာမှာ အပင်ကြီးဘဝသို့ ကူးပြောင်းသွားလေပြီ။ ဆရာမလေး မြခက်တစ်ယောက် အသက်သုံးဆယ် ကျော်အရွယ် ရှိလာခဲ့လေပြီ။ ချစ်သူ ကြင်ဖော်အဖြစ် လက်တွဲရန် ကျောင်း ဆရာလေး စောနိုင်နှင့် သမီးရည်းစား ဘဝသို့ပင် ရောက်ခဲ့၏။

ကျောင်းဆရာလေး မောင်စောနိုင် မှာလည်း ဤရွာရှိ တပည့်များအပေါ် စေတနာအပြည့်ဖြင့် သင်ကြားပို့ချကာ လူမှုရေးကိစ္စနှင့် ရပ်ရွာအကျိုးကို ဦးဆောင်ဦးရွက်ပြုနေသူ တစ်ယောက် ပါ။

သူတို့နှစ်ယောက် ချစ်သူရည်းစား ဘဝမှ ဘဝကြင်ဖော်အဖြစ် လက်တွဲ ကြရန် ရွာသူရွာသားများမှလည်း သဘောတူ နှစ်သက်ကြည်ဖြူကြ သည်။ စိတ်ရောကိုယ်ပါ ရွာသူရွာသား များအတွက် ရှေ့တန်းတင်ကာ အကျိုး ပြုနေသူနှစ်ဦးအတွက် ကန့်ကွက်စရာ မရှိပေ။ သူတို့နှစ်ဦးမှာ ကိုယ်စီတာဝန် တွေ ပိနေသောကြောင့် လွတ်လွတ် လပ်လပ် တွေ့ဆုံ၍ ချစ်သူနှစ်ဦး ကြည်နူးချိန်မရကြပေ။

ကာလကြာမြင့်စွာ မြခက်ကိုယ်တိုင် စိုက်ပျိုးလာခဲ့သော အမည်မသိ သစ်ပင်ကလေးမှာလည်း ကြီးမားသော အပင်ကြီးဘဝသို့ ပြောင်းလဲလာချေပြီ။ ပင်စည်မှာ အောက်ပိုင်းရှုံး၍ အပေါ် ပိုင်းကြီးထွားကာ အရွက်၊ အကိုင်း၊ အခက်များ သိပ်မရှိပါ။ အရွက်များ မှာလည်း မုန်လာဥပင်အ_က်ကဲ့သို့ ရှိပြီး ပြောင်ချောချော အနေအထား ဖြစ်၏။

သစ်မခုတ်ရသော ကျမ်းအလိုအရ အောက်ပိုင်းရှုံး၍ အပေါ်ပိုင်းကြီးသော အပင်သည် သစ်ဘီလူးဟု ဆိုထားပါ သည်။ ထိုသစ်ပင်အားခုတ်၍ အိမ် ဆောက်မိပါက နေထိုင်သူမိသားစု အားလုံး အသက်ဆုံးရှုံးတတ်၏ဟု ကျမ်းစာအဆို ရှိပါသည်။

ထိုကဲ့သို့ ရှိနေသော အပင်သည် ဆရာမလေးမြခက်အတွက် ဘယ်လို ကံကြမ္မာဆိုးတွေ ဖြစ်လာမည်ကို ဆရာမလေးတစ်ယောက် သိနိုင်မည် မဟုတ်ချေ။

ရွာထဲမှလည်း ကလေး၊ လူကြီးပါ မကျန် မထင်မှတ်ဘဲ ပေါ်ပေါက်လာခဲ့ သော မကောင်းဆိုးဝါးကောင်ကြီး အကြောင်း ပြောမဆုံးအောင် ရှိနေပါ တော့သည်။

အမျိုးသမီးအုပ်စု ရေခပ်၊ ပျိုးနုတ်၊ ကောက်စိုက်၊ စပါးရိတ် စသည့် စုပေါင်းအဖွဲ့များ ကြုံလျှင်လည်း ထို အကြောင်း မပါမပြီးပေ။

'ဟဲ့ ကောင်မရယ်၊ ဟိုတစ်နေ့က ကိုကျော်ရသားလေး မည်းမည်းကောင် ကြီးတွေ့ပြီး သတိလစ်မေ့မြောသွား တာ အခုထိ ဖျားနေတုန်းပဲဟဲ့။ ကလေး က သတိမရတစ်ချက်၊ ရတစ်ချက် ဖြစ်နေတာ။ ကလေးက ကြောက် တယ်၊ ကြောက်တယ်နဲ့ လန့်လန့်ပြီး အော်နေတာတဲ့တော်'

'အဲဒီအကောင်ကြီးကလဲ ဆရာမ လေး အိမ်နားမှာပဲ ပျောက် ပျောက် သွားတယ်လို့ ရွာထဲကလူတွေ ပြောနေ ကြတယ်။ ဆရာမလေးကပဲ သိရဲမွေး

www.burmeseclassic.com

ထားသလို၊ စုန်းပညာတတ်သလို ပြောနေကြပြီ။ ဆရာမလေးတော့ သနားစရာပါပဲအေ။ ငါတော့ ရင်လေးပါတယ်'

ဟု စသည်ဖြင့် ပြောဆိုနေကြလေပြီ။

ထို မကောင်းဆိုးဝါးကောင်ဟု အမည်ရနေသော သတ္တဝါကြီးမှာလည်း တစ်နေ့တခြား သောင်းကျန်းလာပြီး တစ်ပတ်ခြား၊ နှစ်ပတ်ခြား တစ်ခါ တွေ့နေရပြီး ကလေး၊ လူကြီး မကျန် နေ့ည မအိပ်ရဲဖြစ်ကာ ရွာမှာ တုန်လှုပ်ချောက်ချားနေကြရသည်။

ရွာမှာလည်း ညအချိန် အလှည့်ကျ လှည့်ကင်း၊ စောင့်ကင်းများချကာ စောင့်ကြပ်နေကြရတော့သည်။ တစ်နေ့သော ညသန်းခေါင်ယံအချိန်လောက်တွင် အမျိုးသမီးတစ်ဦး စူးစူးဝါးဝါးအော်သံနှင့်အတူ ဆူညံသံများ ထွက်ပေါ်လာပါသည်။

'အောင်မယ်လေး လာကြပါဦးတော်၊ သရဲကြီး သရဲကြီး ကျွန်မအပေါ်သွားတာ မြင်လိုက်ရတယ် လာကြပါဦး'

ကင်းသမားများနှင့် ရွာသားများ ရောက်လာကြပြီး...

'ဘယ်မှာလဲ ဘယ်မှာလဲ'

'ဟိုဘက်ကို ပြေးသွားပြီး လိုက်ကြဟေ့ လိုက်ကြ'

ဟူသော အသံများနှင့် ဆူညံပွက်လောရိုက်သွားပါသည်။

'ငါ လုံနဲ့ ပစ်လိုက်တာ။ လုံကြီးစိုက်ဝင်သွားတယ်ကွ။ လုံကြီးတန်းလန်းနဲ့ ထွက်ပြေးသွားတာ။ တော်တော်မြန်တဲ့ကောင်ကြီးပဲ။ ဘယ်ရောက်သွားမှန်း မသိဘူးကွာ'

တောက်ခေါက်ရင်း ရွာသားတစ်ဦးက...



'ဒီနားက ဆရာမလေးအိမ်ခြံနားမှာ ပျောက်သွားတာကွ။ ဆရာမလေးခြံထဲ လိုက်ကြည့်ကြစမ်းကွာ။ ငါတော့ သိပ်မသင်္ကာဘူး'

ဆရာမလေးခြံထဲသို့ ဝင်ရောက်ရှာဖွေကြသောခါ ဘာမျှ မတွေ့ရ။ ဆရာမလေး စိုက်ထားသော အပင်ကြီးမှာလည်း မူလရှိမြဲအတိုင်း မတ်မတ်ကြီးပင်။ သို့ပါသော်လည်း ပင်စည်တွင်ရှိသော ဒဏ်ရာကြီးမှ သွေးများပမာ အရည်များ ထွက်ကျနေသော ဒဏ်ရာကြီးအား မည်သူမျှ သတိမထားမိကြပေ။

ထိုသို့ အုန်းအုန်းကျွက်ကျွက်နှင့် ဆူညံနေသော အသံများကြောင့် ဆရာမလေးမှာ အလန့်တကြားထလာပြီး...

'ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ'

ဟု လူအုပ်ကြီးကိုမေးသောအခါ ရွာသားများက ဆရာမလေးကို မယုံသင်္ကာ အကြည့်များဖြင့်...

'ဆရာမလေးခြံထဲကို မကောင်းဆိုးဝါးကောင်ကြီး ဝင်သွားလို့ လိုက်ရှာကြတာ။ ခုမတွေ့တော့ဘူး။ ဆရာမလေး ဘာမှ မသိချင်ယောင်ဆောင်ပြီး မေးမနေပါနဲ့။ ဆရာမလေးရဲ့ အကောင်ကြီးကို ထိန်းထားပေးပါ။

ရွာထဲမှာလဲ ဒီအကောင်ကြီးကြော[illegible] ကလေး၊ လူကြီးတွေ အထိတ်တလ[illegible] ဖြစ်နေကြပြီး အိပ်ကောင်းခြင်း မအိ[illegible] ရ၊ စားကောင်းခြင်း မစားရ ဖြစ်နေ[illegible] ပြီဗျ သိရဲ့လား။ ဒါ နောက်ဆုံးအကြိ[illegible] ဖြစ်ပါစေ။ နောက်မှ ကျုပ်တို့အ[illegible] မဆိုပါနဲ့ ဒါပဲ။ သွားကြမယ်ဟေ့ [illegible] ကြ'

ဟု ပြောဆို တောက်ခေါက်၍ ထွ[illegible] သွားကြပါသည်။

ဆရာမလေးမှာတော့ ဘာမျှ [illegible] ရှာဘဲ ငိုရှိုက်၍ ကျန်ရစ်ခဲ့ပါတော[illegible] သည်။ ရွာထဲမှာလည်း ဆရာမလေး[illegible] အောက်လမ်းပညာ တတ်ကြော[illegible] ပရလောကသား သရဲမွေးထ[illegible] ကြောင်း၊ သူ့ပယောဂကြောင့် ရွာထဲ[illegible] ကလေး၊ လူကြီး ရောဂါ ထူပြော[illegible] ကြောင်း ပြောဆိုသံများမှာ နား[illegible] အောင် ကြားနေရ၍ ဆရာမ[illegible] မြခက်မှာ ရှူမတတ် ခံစားနေရပါသည်[illegible] သူ့ချစ်သူ ကိုစောနိုင်မှာလည်း မည်[illegible] မျှ မတတ်နိုင်ရှာပေ။

ဆရာမလေး မြခက်ကို စုန်း[illegible] ထင်ကြေးပေးနေခြင်းမှာ ဆရာမ[illegible] အား အလိုမတူဘဲ အတင်းအ[illegible] ဆွဲလား၊ ရမ်းလား လုပ်၍ အရှ[illegible] အောင် လုပ်ခဲ့သော ထန်းရည်မူးသ[illegible] ကျောက်ခဲအား လက်စားချေသကဲ့[illegible] ဖြစ်သွားသော အကြောင်းတစ်ခု [illegible] သည်။

ထိုကဲ့သို့ စော်ကားခဲ့သော ကျော[illegible] ခဲမှာ ထန်းရည်မူး၍ ရန်ပွဲဖြစ်[illegible] ဓားထိုးခံရ၍ သေဆုံးသွားခဲ့ရသည်[illegible]

နောက်တစ်ယောက်က ချက်ကြ[illegible] ဆရာမလေးအိမ်ကို ညအချိန်မ[illegible] ဝင်ရောက်ပြီး စော်ကားရန် ကြံ[illegible] ရာ ဆရာမလေး အော်ဟစ်အကူအ[illegible] တောင်းရာ ချက်ကြီးမှ ထွက်[illegible]



www.burmeseclassic.com

www.burmeseclassic.com

လွတ်မြောက် သွားခဲ့ပါသော်လည်း နံနက်မိုးလင်းသောအခါ ချက်ကြီးမှာ ပိုးထိ၍ သေဆုံးနေသည်ကို တွေ့ကြရသောကြောင့် ဖြစ်ပေသည်။

ထိုအကြောင်းအရာများကို ကြည့်၍ ရွာသူရွာသားများ ကောက်ချက်ချလိုက်သည်မှာ ဆရာမလေးသည် စုန်းမ၊ သရဲတစ္ဆေမွေး၍ ခြောက်လှန့်နေသူအဖြစ် သတ်မှတ်လိုက်ကြခြင်း ဖြစ်ပေသည်။

ရွာသူရွာသားများ၏ ဗဟုသုတ အတွေ့အကြုံ နည်းပါးစွာ ယူဆစွဲများကြောင့် ဆရာမလေးမြခက်ခမျာ တစ်ရွာလုံး၏ ရန်သူအဖြစ်သို့ ရောက်ရှိသွားပါတော့သည်။

ထိုကဲ့သို့ ရန်ငြိုးဖွဲ့ခံရလေလေ မကောင်းဆိုးဝါးကောင်ကြီးမှာ ရွာထဲတွင် ပို၍သောင်းကျန်းလာလေတော့သည်။ ဆရာမလေး မြခက်မှာတော့ ပူဆွေးသောကရောက်၍ ငိုကြွေးရုံမှ တစ်ပါး ဘာမျှ မတတ်နိုင်ရှာပေ။

ကျောင်းဆရာလေး ကိုစောနိုင်မှာလည်း ချစ်သူအတွက် ရတက်မအေး ဖြစ်နေရရှာသည်။ ရွာထဲမှာလည်း ဘယ်လိုမှ စည်းရုံးပြောဆိုတောင်းပန်မရသဖြင့် အရှုံးနှင့် ရင်ဆိုင်ကာ ဖြစ်လာသည့် ပြဿနာကို ချစ်သူအတွက် အသက်စွန့်၍ ကာကွယ်ရန်သာ ဆုံးဖြတ်ချက် ချလိုက်ပါတော့သည်။ သို့နှင့် ကိုစောနိုင်နှင့် မြခက်တို့ တိုင်ပင်ရတော့သည်။

'မြခက် အချစ်လေးရယ်၊ ကိုယ်တော့ မင်းရဲ့အဖြစ်ကို မကြည့်ရက်နိုင်တော့ဘူးကွာ။ ကိုယ်တို့ ဒီည ဒီရွာက ထွက်ပြေးကြရအောင် နော် နော်။

တို့နှစ်ယောက်အတွက် တစ်နေ့နေ့၊ တစ်ချိန်ချိန်မှာ အန္တရာယ် ရှိလာနိုင်တယ်။ တို့နှစ်ယောက် ထွက်ပြေးပြီး မြို့မှာ အခြေချနေထိုင် ပေါင်းသင်းရအောင်နော်'

ထိုသို့ ဆရာလေးကိုစောနိုင် ပြောလိုက်သောအခါ မြခက်က သဘောတူ ခေါင်းညိတ်လိုက်ရင်းဖြင့်...

'ဒါဖြင့် အစ်ကို ဒီည လူခြေတိတ်ချိန်မှာ ဒီရွာက ထွက်ပြေးကြမယ်။ မြခက် အိမ်မှာ အဆင်သင့် လုပ်ထားမယ်နော်၊ အစ်ကိုလဲ ပြင်ဆင်စရာရှိတာ ပြင်ဆင်ထား။ အစ်ကို လာခေါ်တာနဲ့ လိုက်ခဲ့မယ်'

ထိုကဲ့သို့ ပြောဆိုပြီး ကိုစောနိုင်လည်း ထွက်ခွာသွားပါတော့သည်။ ထိုညအဖို့ ဆရာလေး ကိုစောနိုင်နှင့် မြခက်တို့အတွက် ကြမ္မာဆိုးဝင်လေသလား မသိပါ။ ညသန်းခေါင်မတိုင်မီ ဆရာလေး ကိုစောနိုင် လာခေါ်သဖြင့် မြခက်တို့ ရွာမှ ထွက်ပြေးရန် ပြင်ဆင်နေစဉ် ရွာထဲမှ...

'လိုက်ကြဟေ့ လိုက်ကြ၊ ရွာထဲက လူအကုန်ထွက်ကြဟေ့'

ဟု လှည့်ကင်းသမား အော်ဟစ်ဆူညံသံများကြောင့် ရွာသားများမှာ ဓား၊ လှံ ကိုယ်စီဖြင့် ထွက်လာကြတော့သည်။ ရွာလမ်းမကြီးအတိုင်း ပြေးထွက်လာကြပါသည်။

သူတို့ရှေ့မှ မည်းမည်းအကောင်ကြီးမှာလည်း တရိပ်ရိပ် ပြေးလွှားနေလေ၏။ နောက်မှ ဓား၊ လှံ၊ ဝါးချွန်များဖြင့် ပစ်ခတ်မှုကြောင့် တစ်ကိုယ်လုံးစိုက်ဝင်နေပေသည်။

ထိုအချိန်တွင် ကိုစောနိုင်၊ မြခက်တို့မှာ ရွာလမ်းမသို့ ရောက်နေချိန် ဖြစ်ပါသည်။ ကိုစောနိုင်မှာလည်း ငှက်ကြီးတောင်ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလေသည်။ မည်းမည်းအကောင်ကြီးမှာလည်း မြခက်တို့ခြံထဲသို့ ပြေးဝင်သွားလေတော့သည်။

နောက်မှ လိုက်လာသော ရွာသားများမှ...

'ခြံထဲဝင်သွားပြီဟေ့၊ လိုက်ကြ မလွတ်စေနဲ့။ တွေ့လို့ကတော့ အသေသတ်ပစ်ကြဟေ့'

ဟု ကြုံးဝါးသံများနှင့် ဆူညံနေတော့၏။

ခြံထဲရောက်သောအခါ မည်းမည်းအကောင်ကြီးအား ရှာမတွေ့တော့ပါ။ ရွာသားများလည်း ဒေါသတကြီးဖြင့်...

'ဆရာမ စုန်းမ၊ ကဝေမ ထွက်ခဲ့စမ်း၊ မင်းမွေးထားတဲ့ သရဲ တစ္ဆေကောင်ကြီးကော ထုတ်ပေး၊ ထွက်မလာရင် အိမ်ကို မီးနဲ့ရှို့ပစ်မယ်'

ဟု အော်ဟစ်ပြောဆိုနေရင်းမှ အိမ်ထဲသို့ ရွာသားများ ဝင်ကြည့်သောအခါ ဆရာမလေးအား မတွေ့ရတော့ပါ။ ထိုအခါ ရွာသားများမှာ ဒေါသထွက်ပြီး...

'ဒီစုန်းမ ထွက်ပြေးသွားပြီ၊ လိုက်ကြဟေ့ မလွတ်စေနဲ့၊ တွေ့တဲ့နေရာ အသေသတ်ပစ်လိုက်ကြဟေ့'

ဟု အော်ဟစ်ကာ ရွာလမ်းအတိုင်း လူခွဲ၍ လိုက်ကြလေသည်။

ရွာသားများကလည်း ဝင်လမ်း၊ ထွက်လမ်းများကို ပိတ်၍ လိုက်ကြသောအခါ ကိုစောနိုင်နှင့် မြခက်တို့အား ဝိုင်းမိကြတော့သည်။ ထိုအခါ ရွာသားများက...

'သြော် စုန်းမတို့စုံတွဲက ငါတို့ရွာကို ဒုက္ခပေးပြီး ထွက်ပြေးကြတော့မလို့ပေါ့လေ။ ဟား ဟား ဟား ဘယ်လွတ်လိမ့်မလဲကွ။ ဒီနေ့ဟာ မင်းတို့အတွက် သေနေ့စေ့ပြီလို့ အောက်မေ့ထားလိုက်တော့ဟေ့'

ဟု ပြောကာ ဓား၊ လှံများဖြင့် ဝင်ရောက် ထိုးခုတ်ကြလေတော့သည်။ ကိုစောနိုင်နှင့် မြခက်တို့တောင်း

www.burmeseclassic.com

ပန်ကြသော်လည်း ရွာသားများမှာ ဘီလူး၊ သရဲ စီးသကဲ့သို့ သတ်ဖြတ်ရန်သာ တောင်းဆိုနေကြသည်။

ကိုစောနိုင်လည်း ဘာမျှ မစဉ်းစားတွေဝေမနေတော့ဘဲ ကိုင်ဆောင်ထားသည့် ငုက်ကြီးတောင်ဓားဖြင့် ပြန်လည်ခုခံတိုက်ခိုက်လေတော့သည်။ ပါးစပ်မှလည်း...

'မြခက် ညီမလေး လွတ်အောင်ပြေးတော့။ အစ်ကိုတစ်ယောက်တည်း အသေခံပြီး ကာကွယ်ထားမယ် ပြေးတော့'

ဟု ဆိုကာ မြခက်အား တွန်းလွှတ်လိုက်ပြီး ဝင်ရောက်ထိုးခုတ်လာသော ဓား၊ လှံများကို ပယ်ထုတ်ပြီး ကျားသစ်တစ်ကောင်ပမာ ကျားဟု အော်ဟစ်ပြီး အတင်းဝင်ရောက် ထိုးခုတ်တိုက်ခိုက်လေတော့သည်။

'ချွင် ချွမ် ဗိုး ဖုစ်'

'အား ကဲကွာ သေကြစမ်း'

'အမယ်လေး သေပါပြီဗျ'

'ကဲကွာ လာခဲ့ကြစမ်း၊ မင်းတို့အားလုံးကို သချိုင်းကုန်း ပို့ပစ်မယ်'

ဟု ကြိမ်းဝါးပြီး အတင်းဝင်ရောက်ထိုးခုတ် သတ်ဖြတ်လိုက်သောအခါ ရွာသား ဆယ်ယောက်ခန့် သွေးသံတရဲရဲဖြင့် ညည်းတွားအော်ဟစ်သံများဖြင့် ဆူညံနေပါတော့သည်။

ကိုစောနိုင်မှာလည်း တစ်ရွာလုံးနှင့် တစ်ယောက် ဖြစ်နေ၍ ဝိုင်းဝန်းထိုးခုတ်ကြသောအခါ ဒဏ်ရာများ ရရှိထားလေပြီ။ ကိုစောနိုင်လည်း မည်းမည်းမြင်သမျှ ဝင်ရောက်ထိုးခုတ်သတ်ဖြတ်လေတော့သည်။

ထိုအချိန်တွင် ကိုစောနိုင်၏ နောက်ကျောသို့ လှံသွားတစ်ချောင်း ဝင်ရောက်ထိုးဖောက်သွားလေပြီ။ ကိုစောနိုင်လည်း ရှေ့သို့ မှောက်လျက်ကျကာ



သေဆုံးသွားလေပြီ။

မြခက်မှာလည်း ရွာသားများလက်မှ လွတ်အောင် မပြေးနိုင်ရှာဘဲ စုန်းမဟု အထင်လွဲကာ ရက်ရက်စက်စက် သတ်ဖြတ်ခြင်း ခံရလေတော့သည်။ ရွာထဲတွင်လည်း အလန့်တကြား ပြေးထွက်လာခဲ့ကြသောကြောင့် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများသာ ကျန်ရစ်ခဲ့ကြသည်။

ကလေးများမှာလည်း ကြောက်လန့်ပြီး ပြေးမိပြေးရာ ထွက်ပြေးရာမှ မီးခွက်အား ခလုတ်တိုက်ပြီး အိမ်များကို မီးစွဲလောင်ပါတော့သည်။ တစ်အိမ်မှ တစ်အိမ် မီးစွဲလောင်ရာ တစ်ရွာလုံး မီးဟုန်းဟုန်း တောက်နေတော့၏။

ကလေးများနှင့် တိရစ္ဆာန်များ မီးလောင်တိုက်သွင်းသကဲ့သို့ ဖြစ်ကာ ရွာလုံးကျွတ် ပျောက်ဆုံးသွားပါတော့သည်။ ကျန်ရစ်သူ ရွာသူရွာသားများမှာလည်း အရူးတစ်ပိုင်း ဖြစ်နေကြရှာသည်။

နံနက်မိုးသောက်သော် ဆရာမလေးအိမ်ခြံဝင်းထဲရှိ အပင်ကြီးမှာ မီးမလောင်ဘဲ ရှိနေ၏။ ပင်စည်တစ်ခုလုံးတွင် ဓား၊ လှံ၊ လေး၊ မြားများ စိုက်ဝင်နေသော ဒဏ်ရာများပမာ၊ သွေးစက်ပမာ အနီရောင်အရည်များ ထွက်ကျနေသည်ကို တွေ့ကြရလေသည်။

ထိုအဖြစ်အပျက်ကို ရွာဦးကျောင်းဆရာတော် ကြွရောက် ကြည့်ရှုတော်မူပြီးလျှင် ဤသို့ မိန့်ကြားလေသည်။

'ဒကာတို့ ဒီအပင်ဟာ သစ်ဘီလူးပင်ဖြစ်တယ်ကွယ်၊ ဘီလူးစောင့်ပြီး ညအချိန်ဆိုရင် အပြင်ထွက်လေ့ရှိတယ်၊ သူ့ကို စိုက်ပျိုးမွေးမြူထားတဲ့ သခင်ကို အမြတ်တနိုး စောင့်ရှောက်တယ်၊ သူ့သခင် စိတ်ဆင်းရဲအောင် မျက်ရည်ကျအောင်လုပ်ရင် သူက ကလဲ့စားချေတတ်တယ် ဒကာတို့'

ဟု မိန့်ကြားခဲ့သောအခါ ရွာသားများ သဘောပေါက်သွားလေတော့၏။

သို့ပါသော်လည်း အရာအားလုံးမှာ ပြင်၍မရသော အမှားများ ဖြစ်ခဲ့ပြီး၊ သောကဝေဒနာသာ ကျန်ရစ်ခဲ့ပါသည်။ သူတော်ကောင်းမလေး မြခက်နှင့် ကိုစောနိုင်တို့အတွက် တစ်ရွာလုံး ယူကျုံးမရ ဖြစ်ခဲ့ရသည်။

သူတို့ ကျူးလွန်ခဲ့သည့် အမှားကြောင့် တစ်ရွာလုံး ဒဏ်ခတ်ခံရပြီးလေသောအခါ ကျေးဇူးရှင်မလေး မြခက်နှင့် ဆရာလေး ကိုစောနိုင်တို့ကို ကောင်းမွန်စွာ သဂြိုဟ်ပေးလိုက်ကြပါသည်။ ရက်လည်ဆွမ်းသွတ်၍ အမျှအတန်းပေးဝေ၍ သာဓုခေါ်လိုက်ကြပါသည်။

တစ်ရွာလုံးမှာလည်း စိတ်မကောင်းခြင်းများစွာဖြင့် မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ရလေပြီ။ ထိုခဏမှာပဲ ရုတ်တရက် လျှပ်စီးလက်၍ မိုးသည်းထန်စွာ ရွာချလိုက်လေရာ မိုးရေနှင့် ရွာသားတို့၏ နောင်တမျက်ရည်များ ရောယှက်၍ ချောင်းစီးရပါတော့သတည်း။

***လောဘ၊ ဒေါသ၊ မောဟ ကင်းကြပါစေ။***

**မျိုးမောင်မောင် (က.ပ.စ)**



www.burmeseclassic.com

www.burmeseclassic.com

# နဂါးဆိုပါလား



မောင်နိုး
(ကျောက်မဲ)

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ(၁၈)ရက် တနင်္ဂနွေနေ့ထုတ် မြန်မာ့အလင်း သတင်းစာ၌ မိတ္ထီလာမြို့၊ ကန်သာ ကျေးရွာအုပ်စု၊ သဲကုန်းကျေးရွာအနီး ရွာမြောက်ဘက် ရေ,မရှိသည့် ရေအိုင် ငယ်တစ်ခုအတွင်းမှာ နဂါးသဏ္ဌာဝါ၏ အရိုးနှင့် ဆင်တူသည့် အရိုးစုနှစ်ခုကို ယင်းကျေးရွာသို့ အလည် ရောက်ရှိ နေသောလူငယ် (သာစည်မြို့နယ်၊ ရေဆင်းကျေးရွာနေ) မောင်လှထွန်းက ဩဂုတ်လ(၁၂)ရက်တွင် အမှတ်မထင် တွေ့ရှိကြောင်း၊ အရိုးမှာ အမြီးမပါဘဲ ဦးခေါင်းမှာ နဂါးသဏ္ဌာဝါ၏ ဦးခေါင်းနှင့် ချွတ်စွပ်တူကြောင်း အရိုးစုဓာတ်ပုံနှင့် တကွ ဖော်ပြထားသည်ကို ဖတ်လိုက်ရ သည့်အခါ ကျွန်ုပ် ငယ်စဉ်က ကြားခဲ့ဖူး သော နဂါးအကြောင်းကို သတိပြန်ရ လေ၏။'

ကျွန်ုပ် အနီးစခန်း မူလတန်း(၂-ထပ်)ကျောင်း၌ လေးတန်းတွင် ကျောင်းနေစဉ်(လွန်ခဲ့သော နှစ်ပေါင်း ၅၀-ခန့်)က ထိုရွာ၌ ကုန်စုံဆိုင်ဖွင့် ထားသော(အမည် မမှတ်မိတော့သော) ရှမ်းတိုင်းရင်းသူ အများက ကျွန်ုပ်၏ မိခင်(ကွယ်လွန်)အား ပြောပြခဲ့သော ထူးဆန်းသည့် မြွေတစ်မျိုးအကြောင်း ကို ပြန်လည် ပြောပြလိုပေ၏။

ထိုအဘွား (ရှမ်းတိုင်းရင်းသူ)မှာ စော်ဘွား တော်ကောက်သည်ကို မခံ ချင်သဖြင့် သားအဖနှစ်ဦး မြင်းကိုယ်စီ စီးပြီး (ပြင်ဦးလွင်မြို့အနီး) အနီးစခန်း သို့ ထွက်ပြေးလာစဉ် ဒုဋ္ဌဝတီမြစ်ကမ်း နဖူး တစ်နေရာအရောက်၌ သူတို့ ဦးခေါင်းအထက် နှစ်လံအကွာလောက် မှ မြွေတစ်ကောင်(အတောင်မပါဘဲ) ပျံဝဲလာကာ မြစ်အတွင်းသို့ သက်ဆင်း သွားသည်ကို မျက်ဝါးထင်ထင် တွေ့ မြင်ရကြောင်း...

နေရောင်ခြည်တွင် ဟင်္သပဒါးရောင် တောက်ပပြီး ပါးစပ်မှ မီးလျှံများ ထွက် နေသည်ကိုပါ တွေ့မြင်ရကြောင်း၊ တစ်တောင်ခန့်ရှည်ပြီး သွယ်လျလျ ဖြစ်ကြောင်း ပြောပြခဲ့ဖူးလေ၏။ ဤကား ထူးဆန်းသော **မြွေ(နဂါး)** အကြောင်း လက်တွေ့ မြင်တွေ့ခဲ့ဖူးသူ ၏ စကားတည်း။

စာပေထဲတွင်လည်း နဂါးအကြောင်း ကို ရှာဖွေကြည့်လျှင်...

www.burmeseclassic.com

ပထမ မိုးကုတ်ဆရာတော်ကြီး ဦးဝိမလ ပျံလွန်တော်မူခါနီးကာလ တံခါးလက်ကိုင်ကွင်း၌ နီသော အဆင်းရှိသည့် အမောက်ပါသော မြွေတစ်ကောင်ကို အဆိပ်နိုင်သော ဒကာ ဦးလှဘူးအား အသက်မသေအောင် ဆောင်ယူစေကာ ဘေးကင်းရာသို့ လွှတ်ချေပါဟု မိန့်တော်မူသဖြင့် သွားရောက်ဖမ်းယူသည့်အခါ မာန်ဖီနေသဖြင့် ဦးလှဘူးပင် ထိတ်လန့်မိလေ၏။ အရပ်အခေါ် **မြွေပြဒါး** ဖြစ်လေ၏။

တံခါးမှာ အလွန် ပြောင်ချောနေသဖြင့် ထိုမြွေ မည်သို့တက်နိုင်ကြောင်း စဉ်းစားမရအောင် ရှိလေ၏။ စင်စစ် ထိုမြွေသည် နဂါးပင်ဖြစ်လေ၏ဟု ရေးသားထားလေသည်ကို ဓမ္မာစရိယ ဦးဌေးလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ စာအုပ်တွင် ဖတ်ရှုနိုင်လေ၏။

နှိုင်းယှဉ် တွေးတောနိုင်စေရန် ရေးသားတင်ပြအပ်ပါသည်။

သို့သော် မြွေဖြစ်စေ၊ နဂါးဖြစ်စေ ကုန်း၊ ကြည်းနှင့်ရေတွင် ကျင်လည်သွားလာနိုင်သောကြောင့် အိုင်တွင် ရေမရှိလျှင် အခြားနေရာသို့ ပြောင်းရွှေ့သွားလာနိုင်ပါလျက် ပြောင်းရွှေ့ခြင်း မပြုဘဲ ရေခန်းသည့် အိုင်အတွင်း သေသွားသည့်တိုင်အောင် နေသွားသည်မှာ ထူးဆန်းလှပေ၏။

ထိုအရိုးအကြောင်း သတင်းစာတွင် ဖတ်ရှုပြီး မကြာခင် သတ္တဗေဒဌာနတစ်ခုက မျိုးစိတ်သစ်တစ်ခု ဖြစ်လေမည်လားဟု စူးစမ်းလေ့လာရန် လာရောက်ယူဆောင်သွားကြောင်း ဂျာနယ်တစ်စောင်တွင် ဖတ်ရပြန်လေ၏။

ယင်းဌာနက သုတေသနလုပ်ပြီးနောက် တွေ့ရှိသည်တို့ကို အများသိရှိအောင် ထုတ်ပြန်ပေးမည် ဆိုပါက ဗဟုသုတ လိုလားသူများ ဝမ်းမြောက်ကြမည့်အကြောင်း စိတ်ဝင်စားစွာ ရေးသားလိုက်ရပေသတည်း။

**မောင်နိုး(ကျောက်မဲ)**

## မှို အဆိပ်ရှိ မရှိ

### စမ်းသပ်နည်းတစ်နည်း



တစ်နေ့တွင် အိမ်နီးချင်းဖြစ်သူ ဘိုးလေး ဦးကြည်မြင့်တစ်ယောက် အဖြူရောင် မှိုပွင့်များ ရေဆေး သန့်စင်နေသည်ကို တွေ့ရသဖြင့် အနည်းငယ် စပ်စုကြည့်မိသည်။

'ဘိုးလေး ဘာမှိုတွေများ ချက်စားဖို့ ပြင်ဆင်နေတာလဲဗျ။ အဲဒီမှိုတွေက စားဖြစ်တဲ့ မှိုတွေရော ဟုတ်လို့လား'

'အစ်မကြီး လာပေးထားတဲ့ ပေမှိုတွေပါ။ စားဖြစ်ပါတယ်။ ကြည့်ပါလား ဒီမှာ **မားနဲ့ ဖြတ်တာလဲ မမည်းဘူး။ နို့ရည်လို အဖြူရောင် အစေးလဲ မထွက်ဘူး။** ဒီလိုဆို စားလို့ ဖြစ်တာပဲလေ'

'ဟုတ်တော့ ဟုတ်ပါတယ် ဘိုးလေးရယ်။ တော်တော်ကြာ အဆိပ်အတောက်တွေ ဖြစ်မှာစိုးလို့ သတိပေးရတာပါ'

'အေး မင်းတို့ လူငယ်တွေ ဗဟုသုတရအောင် မှိုနဲ့ပတ်သက်တဲ့လျှို့ဝှက်ချက်တစ်ခုကို စကားစပ်မိတုန်း ပြောရဦးမယ်။ ဒီလိုကွ ကိုယ် စားမယ့်မှိုမှာ အဆိပ်ရှိတယ်မရှိဘူးဆိုတာမသေချာလို့သံသယရှိနေရင် စမ်းသပ်တဲ့အနေနဲ့ မှိုကို ချက်ကတည်းက အိုးထဲမှာ ဆန်စေ့လေး၊ ငါးစေ့ ထည့်ချက်ရတယ်။

အဆိပ်မရှိရင် မှိုဟင်းနူးတာနဲ့ ထည့်ထားတဲ့ ဆန်စေ့တွေပါ နူးအိသွားလိမ့်မယ်ကွ။ အဲ မှိုမှာ အဆိပ်ရှိရင်တော့ မှိုဟင်းနူးပေမယ့် ဆန်စေ့တွေက မာခဲနေမှာပဲ။ အဲဒီလိုဆိုရင်တော့ အဲဒီမှိုဟင်းကို လုံးဝမစားတာ အကောင်းဆုံးပါပဲ။ ဒီနည်းလေးကို မှတ်ထားပေါ့'

'ဘိုးလေးရဲ့နည်းမျိုးတော့ တစ်ခါမှ မကြားဖူးသေးဘူး။ နည်းကောင်းလေး ဖြစ်လို့ မှတ်ထားပါ့မယ်ဗျာ။ ဒီနည်းလေးကို တခြားသူတွေပါ သိရအောင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲ ထည့်ရေးမယ်ဆိုရင်ကော ဘိုးလေးက ခွင့်ပြုမှာလား'

'ရပါတယ် ရေးပါ။ စာဖတ်သူတိုင်း သိသွားတော့ လက်တွေ့ အသုံးချနိုင်တာပေါ့ကွာ'

**သောင်းဟန်(ဗိုလ်ကုန်း)**



www.burmeseclassic.com